# ရှမ်းပြည်နယ်လွှတ်တော်

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

စတုတ္ထပုံမှန်အစည်းအဝေး

## ကျင်းပခြင်း

( ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့ထိ )

# မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး


(က) ပထမနေ့ စတုတ္ထပုံမှန် အစည်းအဝေးမှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၂

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ ၂

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း ၃

(၅) ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။ ၉

(၆) ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။ ၂၅

(၇) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၂၅

(က) ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ် ၂၆
အမှတ် (၂)၏" မြို့နယ်စည်ပင်သာယာရေး ရုံးတိုင်းတွင် အမှိုက်သိမ်းကား နှင့် ရေကားထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) " စည်ပင်သာယာနယ်နိမိတ် ၃၁
ပြင်ပရှိ ကျေးရွာများကို စည်ပင် နှင့် ပတ်သက်သော အခွန်များ ကောက်ခံခွင့် ရှိ/မရှိ " နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) " မြို့ဝင်ဘီးခွန်များ ကောက်ခံ ၃၄
ရာတွင် ဈေးနှုန်းများ သတ်မှတ် ထားခြင်း ရှိ/မရှိ' နှင့် စပ်လျဉ်း သည့် မေးခွန်း။

(ဂ) ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏

(၁) " ဒိုးပင် ရဲစခန်းအား ဟိုခို ၃၈
ကျေးရွာသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်း သည့် မေးခွန်း။

(၂) "မြို့နယ်များရှိ ကျွဲနွားများ အား တစ်ဖက်နိုင်ငံသို့ ခိုးထုတ်နေသည့် ကိစ္စ"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၄၂

(၃) "ပြည်နယ်အတွင်းရှိ တိုးဂိတ်များတွင် **CCTV** ကင်မရာများ တပ်ဆင်ခြင်း" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၄၅

(ဃ) ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ "တက္ကသိုလ်ပထမနှစ်ကျောင်းသူ/သားများ အတွက် ယာဉ်မောင်းနှင်ခွင့် ကဒ်တစ်ခုခု ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၄၉

(င) ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ "ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရှိ မြို့နယ်များကို မဟာဓာတ်အားလိုင်း ဝင်ရောက်ရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၅၂

(စ) ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ " မြို့နယ်များအတွင်း လိုအပ်လျက်ရှိသော အခြေခံပညာ ကျောင်းများကို စိစစ်လျက် မဖြစ်မနေ ဖွင့်လှစ်ခွင့် ရရှိရေး အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၅၄

(ဆ) ဦးအောင်ထွက်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ " နှစ်ရှည်လများ တောတွေ၊ နယ်တွေမှာ နေနေရတဲ့ ဝန်ထမ်းတွေနဲ့ မြို့ကြီးပြကြီးမှာ အနေကြာတဲ့ ဝန်ထမ်း များ ကိစ္စ" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၅၉

(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်စည်ပင် သာယာရေးအဖွဲ့များ ဥပဒေ(မူကြမ်း)အား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၆၂

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ်ကျေးရွာ ထင်းစိုက်ခင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေပြုရေး ဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာတင်သွင်းခြင်း။ ၇၈

(၁၀) ဦးစိုင်းလှဝင်း၊ မိုင်းပြင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " ရှမ်းပြည်နယ်အတွင်း ဆင်းရဲမှု လျော့ချပြီး လူနေမှု အဆင့်အတန်းမြင့်မားလာရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေး နိုင်မည့် နည်းလမ်းများ၊ ရှာဖွေဖော်ထုတ်လုပ်ကိုင် ပေးနိုင်ရန် လိုဦးမည်ဟု ယုံကြည်ယူဆမိသည် ၈၄

နှင့် အညီ သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းမှ အခြေခံဥပဒေပုဒ်မ (၁၈၈)အရ ဇယား(၂)ပါ ပြဋ္ဌာန်းထားသည့် ကဏ္ဍကြီး (၈)ရပ်မှ ပြည်သူ့အကျိုးပြုလုပ်ငန်း ဖော်ဆောင်ပေးမည့် ဥပဒေကြမ်းများ ရေးဆွဲ၍ ပြည်နယ်လွှတ်တော်သို့ တင်သွင်းသွားသင့် ကြောင်း ” အဆိုကို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

(၁၁) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ။ ၈၇

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(၁၂) ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ “ မြန်မာနှင့် တရုတ်သဘာဝဓာတ်ငွေ့သွယ်တန်းရာတွင် ရှမ်းပြည်နယ်အတွင်း ဖြတ်သန်းသွားသော Gas ပိုက်လိုင်းအတွက် Gas ရောင်းရငွေ၏ အမြတ် ၅ % ကို ရှမ်းပြည်နယ်ဘဏ္ဍာသို့ နှစ်စဉ်ပေးပါရန်နှင့် Gas မှ ဖြစ်ပေါ်လာမည့် အကျိုးအပြစ်များအတွက် နိုင်ငံတော်မှ မည်သို့ ဆောင်ရွက်ထားသင့်သည်ကို ရှမ်းပြည်နယ် ၈၇

အစိုးရမှ တိကျစွာ တောင်းဆိုပေးပါရန် ”
အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်
သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

(၁၃) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံ ဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ။ ၉၃

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည် စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(၁၄) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ၂၀၁၁-၂၀၁၂ လုပ်ငန်းဆောင်ရွက် ပြီးစီးမှု နှင့် ၂၀၁၂-၂၀၁၃ ဆောင်ရွက်မည့်လုပ်ငန်းများအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၉၄

(၁၅) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အောက်ဖော်ပြပါ ကိစ္စရပ် များနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း- ၁၀၆

(က) ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းအား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း။

(ခ) ၂၀၁၂-၂၀၁၃ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

(ဂ) ၂၀၁၃-၂၀၁၄ ခုနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းများ ပြုစုတင်ပြခြင်းအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

(ဃ) အကျဉ်းဦးစီးဌာန၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းထက် ကျော်လွန်၍ သုံးစွဲခဲ့သောအသုံးစရိတ်များအတွက် နောက်ကြောင်းပြန်ခွင့်ပြုမိန့် တောင်းခံခြင်းအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

(၁၆) အထက်ပါ ရှင်းလင်းတင်ပြခဲ့သော ကိစ္စရပ်များနှင့် ၁၁၉ စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(၁၇) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ၁၁၉ ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးဒုတိယနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

(ခ) ဒုတိယနေ့ စတုတ္ထပုံမှန် အစည်းအဝေးမှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၂၀

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၂၀

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၁၂၀

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း ၁၂၂

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်း ဝင်များက ဖြေကြားခြင်း - ၁၂၃

(က) ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏

(၁) " နောင်ချိုမြို့နယ်၊ လုံဝယ် ကျေးရွာတွင် လိုအပ်နေသော ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၂၃

ကန့်သတ်

၈၂

(၂) " နောင်ချိုမြို့နယ်၊ တောင်ရှည် ၁၂၅
တိုက်နယ်ဆေးရုံနှင့် သုံးဆယ်
တိုက်နယ် ဆေးရုံအတွက် လိုအပ်
နေသော ဓာတ်မှန်စက်များ
ရရှိရေး ဆောင်ရွက်ပေး နိုင်ခြင်း
ရှိ/မရှိ"နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ် ၁၂၆
အမှတ် (၂)၏ " ကျိုင်းခမ်းကျေးရွာ
တိုက်နယ်ဆေးရုံတွင် လစ်လပ်နေသော
ဆရာဝန်နေရာကို အစားထိုးခန့်အပ်ပေး
နိုင်ခြင်း ရှိ/မရှိ "နှင့် စပ်လျဉ်းသည့်
မေးခွန်း။

(ဂ) ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ် ၁၂၇
အမှတ် (၂)၏ " စည်ပင်သာယာမှ
အိမ်ခွန်များ ကောက်ခံသော နှုန်းထား
များကို တိတိကျကျ သိရှိလိုပါသည်။ "နှင့်
စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဒေါ်နန်းအက်စ်ကီးမိုး၊ လဲချားမြို့နယ်မဲဆန္ဒနယ် ၁၃၀
အမှတ် (၁)၏ " လဲချားမြို့နယ်အတွင်းရှိ
ပျက်စီးနေသော မြို့တွင်းလမ်းများ
အား မည့်သည့်အချိန်ကာလတွင်
ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်။"
နှင့် စပ်လျဉ်းသည့်မေးခွန်း။

ကန့်သတ်

| | | |
|---|---|---|
| (င) | ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ " **ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းရန်ပုံငွေကိစ္စ** " နှင့် စပ်လျဉ်းသည့် မေးခွန်း။ | ၁၃၃ |
| (စ) | ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ " **နမ့်ဆန်မြို့နယ်ရှိ ဝန်ထမ်းများအတွက်လည်း လစာ(၂)ဆ ရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ** " နှင့် စပ်လျဉ်းသည့်မေးခွန်း။ | ၁၃၉ |
| (ဆ) | ဦးမောင်ကျော်၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏" **တအာင်းတိုင်းရင်းသား စာပေယဉ်ကျေးမှုတိုးတက်ရေးအတွက် ခွင့်ပြုရန်ပုံငွေကို ရှမ်းပြည်နယ်အစိုးရ၏ ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်း ရေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိ။** " နှင့် စပ်လျဉ်းသည့်မေးခွန်း။ | ၁၄၁ |
| (ဇ) | ဒေါ်နန်းအက်စ်ကီးမိုး၊ လဲချားမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏ " **ပြည်နယ်အစိုးရမှ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ် များထံသို့ စာပေးပို့ရာတွင် စာအိတ် ပါ/မပါ သိရှိလိုပါသည်။** " နှင့် စပ်လျဉ်း သည့် မေးခွန်း။ | ၁၄၈ |

(ဈ) ဦးမောင်ကျော်၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် ၁၄၁ အမှတ် (၁)၏ " **တိုင်းရင်းသားများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်စေရန် ရှမ်းပြည်နယ်အစိုးရက မည်သို့မည်ပုံ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း။** " နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ်မဲဆန္ဒနယ် ၁၅၀ အမှတ် (၂)၏ " **လဲချားမြို့တွင် ဆည်မြောင်းဝန်ကြီးဌာနရုံး ဖွင့်လှစ်ပေးနိုင်ပါရန်** " နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဋ) ဦးစိုင်းလှဝင်း၊ မိုင်းပြင်းမြို့နယ်မဲဆန္ဒနယ် ၁၅၃ အမှတ် (၂)၏ " **မိုင်းပြင်းမြို့နယ်တွင် ရှိသော ရေအားလျှပ်စစ်စက်ရုံအား ပြန်လည်လွှဲပြောင်း လက်ခံရန် အစီအစဉ် ရှိ/မရှိ** " နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မြို့ပြစနစ်စည်ပင်သာယာရေး ၁၅၆ စီမံကိန်းအား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း။

၇။ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသော ၁၅၉
စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးအား ခန့်အပ်နိုင်ရန်
ပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုပေးပို့ထားသည့်
ပြည်နယ်ဝန်ကြီး၏ အမည်စာရင်းကို ဥက္ကဋ္ဌ မှ
ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။

၈။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပုဂ္ဂလိကယာဉ်များ ၁၆၀
စနစ်တကျ ပြေးဆွဲရေး ဥပဒေ(မူကြမ်း)အား
လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

၉။ ဦးစိုင်းလှဝင်း၊ မိုင်းပြင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ ၁၆၉
" ရှမ်းပြည်နယ်အတွင်း ဆင်းရဲမှုလျော့ချပြီး၊
လူနေမှု အဆင့်အတန်းမြင့်မားလာရေးအတွက်
တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု ပေးနိုင်မည့်
နည်းလမ်းများ၊ ရှာဖွေဖော်ထုတ်လုပ်ကိုင်ပေးနိုင်ရန်
လိုဦးမည်ဟု ယုံကြည်ယူဆမိသည်နှင့် အညီ
သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းမှ
အခြေခံဥပဒေပုဒ်မ (၁၈၈)အရ ဇယား(၂)ပါ
ပြဋ္ဌာန်းထားသည့် ကဏ္ဍကြီး(၈)ရပ်မှ ပြည်သူ့
အကျိုးပြု လုပ်ငန်းဖော်ဆောင်ပေးမည့်
ဥပဒေကြမ်းများ ရေးဆွဲ၍ ပြည်နယ်လွှတ်တော်သို့
တင်သွင်းသွားသင့်ကြောင်း " အဆိုကို လွှတ်တော်
ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

| | | |
|---|---|---|
| ၁၀။ | အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ | ၁၇၂ |
| ၁၁။ | ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " **မြန်မာနှင့် တရုတ်သဘာဝဓာတ်ငွေ့ သွယ်တန်းရာတွင် ရှမ်းပြည်နယ်အတွင်း ဖြတ်သန်းသွားသော Gas ပိုက်လိုင်းအတွက် Gas ရောင်းရငွေ၏ အမြတ် ၅ % ကို ရှမ်းပြည်နယ်ဘဏ္ဍာသို့ နှစ်စဉ်ပေးပါရန်နှင့် Gas မှ ဖြစ်ပေါ်လာမည့် အကျိုးအမြတ်များအတွက် နိုင်ငံတော်မှ မည်သို့ ဆောင်ရွက်ထားသင့်သည်ကို ရှမ်းပြည်နယ် အစိုးရမှ တိကျစွာ တောင်းဆိုပေးပါရန်** " အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ | ၁၆၂ |
| ၁၂။ | အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ | ၁၆၅ |
| ၁၃။ | ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အောက်ဖော်ပြပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း - | ၁၈၂ |

ကန့်သတ်



(က) ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းအား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း။

(ခ) ၂၀၁၂-၂၀၁၃ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေ စာရင်းအား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း။

(ဂ) ၂၀၁၃-၂၀၁၄ ခုနှစ် ရသုံးခန့်မှန်းခြေငွေ စာရင်းများ ပြုစုတင်ပြခြင်းအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

(ဃ) အကျဉ်းဦးစီးဌာန၏ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ပြီး ခန့်မှန်းခြေငွေ စာရင်းထက်ကျော်လွန်၍ သုံးစွဲခဲ့သော အသုံးစရိတ်များအတွက် နောက်ကြောင်း ပြန်ခွင့်ပြုမိန့် တောင်းခံခြင်းအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

၁၄။ ဦးအောင်ကျော်ညွှန့် ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ၏ " ပညာရေးဝန်ထမ်းများ မိမိတာဝန်ကို စဉ်ဆက်မပြတ် ကြိုးပမ်းအောင်မြင်နိုင်ရေး အတွက် ဆုပေးဒဏ်ပေးများဖြင့် ပြုလုပ်ဖော်ဆောင် သင့်ကြောင်း" အဆိုကို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၁၈၃

ကန့်သတ်

၁၅။ အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် ၁၈၆
မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံ
ဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေး
လိုသည့်လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း
တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၆။ ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ် ၁၈၇
(၂)၏ " **စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံ
ပြည်သူများအကြား ဖြစ်ပေါ်လာနိုင်သည့် လူမျိုးရေး
အသွင်ဆောင်မည့် ပြဿနာများ၊ ပဋိပက္ခများကို
ကြိုတင်ကာကွယ်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်
အစိုးရက စီစဉ်ဆောင်ရွက် ပေးထားနိုင်ပါရန်**"
အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်
သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

၁၇။ အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် ၁၉၃
မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံ
ဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၈။ ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " **ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၂) ၁။(ဃ)တွင် ပါရှိသော ယစ်မျိုးခွန် (အရက်ချက်) လိုင်စင် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်နိုင်ရေး"** အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၁၉၄

၁၉။ အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ။ ၁၉၇

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၂၀။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၉၈

(ဂ) တတိယနေ့ စတုတ္ထပုံမှန် အစည်းအဝေးမှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၉၉

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၂၀၀

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၂၀၁

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း ၂၀၁

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်း ဝင်များက ဖြေကြားခြင်း - ၂၀၃

(က) ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏

(၁) “ နောင်ချိုမြို့နယ်တွင်း ဘောလုံး၊ ခြံ ထိ ကြက်တိုက်ပွဲ လောင်းကစားများကို ပပျောက်သွားအောင် အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ ” နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၀၃

(၂) “ နောင်ချိုမြို့နယ် အတွင်း ပျက်စီးယိုယွင်းလာသည့် ဆည်(၆)ခုအား ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ” နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၁၀

(ခ) ဒေါ်နန်းအက်စ်ကီးမိုး လဲချားမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏

(၁) " ရှမ်းပြည်နယ်လွှတ်တော်မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏ Capacity Building တိုးတက်မြှင့်မားစေရန်အတွက် ဆောင်ရွက်ထားသည့် အစီအစဉ် ရှိ/မရှိ " နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၀၂

(၂) "လဲချားမြို့နယ်ရှိ မြို့မဈေးနှင့် ကပ်လျက်ရှိသော ပန်းခြံအားပျံကျဈေးသတ်မှတ် တည်ဆောက်ပေးနိုင်ရန်အတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက် ပေးမည်ကို သိရှိလိုပါသည်။" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၀၄

(ဂ) ဦးအားဖာ၊ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ " ကုန်တင်ယာဉ်ကြီးများ အသုံးပြု သွားလာနိုင်ရန် မြို့ရှောင်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၀၈

(ဃ) ဦးအောင်ကြည်ဝင်း၊ ညောင်ရွှေမြို့နယ် ၂၂၂
မဲဆန္ဒနယ်အမှတ်(၂)၏ " **ညောင်ရွှေမြို့နယ်၊ နမ့်ပန်ဈေးအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ**" နှင့် စပ်လျဉ်းသည့် မေးခွန်း။

( င) ဒေါ်တင်မေထွန်း၊ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏

(၁) " **တာချီလိတ်မြို့ပေါ်ရှိ လမ်းဆုံ၊ လမ်းခွနှင့် လူစည်ကားသော နေရာများတွင် မီးပွိုင့်များ တပ်ဆင်ပေးနိုင်ခြင်း ရှိ/မရှိ** " နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၂၄

(၂) " **တာချီလိတ်ခရိုင်၊ ပြည်သူ့ဆေးရုံကြီးအား ခုတင် (၅၀) မှ ခုတင် (၁၀၀)ဆန့် ဆေးရုံကြီး အဖြစ် တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသည်** " နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၂၃

( စ) ဦးစိုင်းလှဝင်း၊ မိုင်းပြင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ " **မိုင်းမန်းအေးစံရွာရှိ အစိုးရ မူလွန်ကျောင်းမှ အစိုးရ အလယ်တန်းကျောင်းသို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ** " နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၂၉

| | | |
|---|---|---|
| (ဆ) | ဦးအာပြာဟန်၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ " ပီကင်းတိုက်နယ်ဆေးရုံအား အမြန်ဆုံး ဖွင့်လှစ်ပြီး တာဝန်ခံဆရာဝန်စေလွှတ်နိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသည်။ " နှင့် စပ်လျဉ်းသည့် မေးခွန်း။ | ၂၃၁ |
| (ဇ) | ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ " လဲချားမြို့နယ်၏ ကျန်းမာရေး၊ ပညာရေးပိုမိုတိုးတက်ကောင်းမွန်လာစေရန် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ ဖြည့်ဆည်းဆောင်ရွက်ပေး နေပါကြောင်း သိရှိလိုပါသည်။ " နှင့် စပ်လျဉ်းသည့် မေးခွန်း။ | ၂၃၃ |
| (ဈ) | ဒေါ်တင်မေထွန်း၊ တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ " တာလေမြို့နယ်ခွဲတွင် ကျေးလက်ဘဏ်ခွဲ အဖြစ် ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသည် " နှင့် စပ်လျဉ်းသည့် မေးခွန်း။ | ၂၃၈ |

ကန့်သတ်

ပ

(ည) ဦးမောင်ကျော်၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏" **တအာင်းတိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီများ သက်တမ်းတိုးကြေး ကျပ်ငါးသိန်း ပေးသွင်းခြင်းမှ ကင်းလွတ်ခွင့်ရအောင် ကူညီပေးနိုင်ခြင်း ရှိ/မရှိ** " နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၄၀

( ဋ) ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏ " **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ် စာအုပ်ကို ပြန်ကြားရေး ဝန်ကြီးဌာနမှ ထပ်မံဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိ** "နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၄၃

( ဌ) ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏ " **ရပ်စောက်မြို့ရှိ မြို့မဈေးအနီးတွင် ရပ်စောက်မြို့မှ ယာဉ်လိုင်းများ ဂိတ်ဖွင့်ပြေးဆွဲခွင့် ရှိ/မရှိ** " နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၄၅

၆။ မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ ( Myanmar Parliamentary Union )တွင် ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌအား အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းခြင်းကို ရှမ်းပြည်နယ် လွှတ်တော်၏ သဘောတူညီချက် ရယူခြင်း။ ၂၄၄

ကန့်သတ်



၇။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ (ပတလ-ရှမ်း) နယ်မြေအတွင်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသည့် ဖွံ့ဖြိုးရေး လုပ်ငန်းများအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၂၄၉

၈။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မြို့ပြစနစ်ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း။ ၂၆၃

၉။ ဦးအောင်ကျော်ညွှန့်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁) ၏ “ **ပညာရေးဝန်ထမ်းများ မိမိတာဝန်ကို စဉ်ဆက်မပြတ် ကြိုးပမ်းအောင်မြင်နိုင်ရေးအတွက် ဆုပေးဒဏ်ပေးများဖြင့် ပြုလုပ်ဖော်ဆောင်သင့်ကြောင်း**” အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၂၇၁

၁၀။ အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့်ဘလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ ၂၇၇

၁၁။ ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ “ **စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ အကြား ဖြစ်ပေါ်လာနိုင်သည့် လူမျိုးရေးအသွင်ဆောင်မည့် ပြဿနာများ၊ ပဋိပက္ခများကို ကြိုတင်ကာကွယ်ပေး နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရက စီစဉ်ဆောင်ရွက်ပေးထားနိုင်ပါရန်**” အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၂၈၀

ကန့်သတ်

၁၂။ အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ၂၈၃
ဝန်ကြီးမှ ဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏
အဆုံးအဖြတ်ရယူခြင်း။

၁၃။ ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် ၂၈၈
(၂)၏ " **ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၂)
၁။(ဃ)တွင် ပါရှိသော ယစ်မျိုးခွန် (အရက်ချက်)
လိုင်စင် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်နိုင်ရေး**"
အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

၁၄။ အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ၂၈၈
ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်
ရယူခြင်း။

၁၅။ ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် ၂၉၃
(၁)၏ " **ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရမိသော
သစ်လုံးများ၊ သစ်ခွဲသားများ၊ ကိုင်းဖျားကိုင်းနား
များနှင့် သစ်ငုတ်တိုများကို ရှမ်းပြည်နယ်
အစိုးရ၏ ဘဏ္ဍာငွေရန်ပုံငွေအဖြစ် ပေးသွင်းရန်**"
အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်
သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

၁၆။ အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် ၂၉၅
မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံ
ဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေး
လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်
စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

ကန့်သတ်



၁၇။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး တတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၂၉၆

**(ဃ) စတုတ္ထနေ့ စတုတ္ထပုံမှန် အစည်းအဝေးမှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၉၇

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက် ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၂၉၈

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။ ၂၉၉

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း ၂၉၉

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်း ဝင်များက ဖြေကြားခြင်း - ၃၀၃

(က) ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏

(၁) " နမ့်တုတ်ကျေးရွာအုပ်စု၊ ဝမ်ဝုမ်ကျေးရွာပိုင်မြေများ၊ ကျွဲ၊ နွားစားကျက်မြေများ၊ စိုက်ပျိုးမြေနှင့် မူလကျေးရွာ ဟောင်းနေရာများအား အိုးအိမ် နေရာချထားပေးနိုင်ရေး" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၀၃

ကန့်သတ်

ကန့်သတ်

မ

(၂) “လဲချားမြို့နယ်၊ ရပ်ကွက်များတွင် ခေတ်နှင့် မလျော်ညီတော့သည့် မီးကင်းကြေး၊ အထွေထွေကြေးမြို့မ သက်သာကြေး စသည့် ကိစ္စရပ်များ အားလုံး ပပျောက်စေရေး” နှင့် စပ်လျဉ်းသော မေးခွန်း။ ၁၀၆

(ခ) ဦးအားဖာ၊ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)၏

(၁) “ကျိုင်းတုံမြို့အား လျှပ်စစ်မီး အပြည့်အဝပေးနိုင်ရန် အကြီးစား ရေအားလျှပ်စစ် ဓါတ်အားပေး စက်ရုံ(သို့မဟုတ်) ကျောက်မီးသွေး ဓါတ်အားပေးစက်ရုံ တည်ဆောက် ရန်အစီအမံများ ရှိ/မရှိသိလိုကြောင်း နှင့် အစီအစဉ်ရှိပါက မည်သည့် အချိန်ကာလတွင် စတင်ဆောင်ရွက် မည် ဖြစ်ကြောင်း”နှင့် စပ်လျဉ်းသော မေးခွန်း။ ၁၀၈

(၂) မိုင်းပြင်း-ကျိုင်းတုံ-တာချီလိတ် စသည့် မြို့ကြီးများကို ဖြတ်သန်း သွားသော ပြည်ထောင်စု လမ်းမကြီးရဲ့ လမ်းပိုင်းအချို့နှင့် ကျိုင်းတုံ-မိုင်းလား လမ်းမကြီး လမ်းပိုင်း အချို့တို့သည် အတော်ပြင်ပျက်စီးယိုယွင်း နေပါ သဖြင့် အချိန်မှီပြုပြင် ဖာထေးပေးရန် လိုအပ်နေပါသည်၊ ဒါကြောင့်အဆိုပါ ပျက်စီးယိုယွင်းနေသော လမ်းပိုင်း အချို့အား ပြုပြင်ဖာထေးပေးရန် အစီအမံများ ရှိ/မရှိ သိရှိလို ပါတယ်။ အစီအမံများရှိပါက မည်သည့်အချိန်ကာလတွင် စတင် ဆောင်ရွက်မည်ဖြစ်ကြောင်း နှင့် စပ်လျဉ်းသော မေးခွန်း။ ၁၁၁

ကန့်သတ်

ယ

(ဂ) ဦးစိုင်းခမ်းမှတ်၊ လားရှိုးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏

(၁) " သဘာဝဘေးအန္တရာယ်များအား ကြိုတင်ကာကွယ်ရေး စီမံချက်များ ထားရှိဆောင်ရွက်ခြင်း ရှိ/မရှိ " နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၀၃

(၂) " ရောဂါကပ်ဆိုးများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်ရေး ပညာပေးမှုများ၊ အခြားရောဂါများ မပြန့်ပွားရေးအတွက် ကာကွယ်ရေး စီမံချက်များ ထားရှိဆောင်ရွက်ခြင်း ရှိ/မရှိ" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၀၉

(၃) " လားရှိုးမြို့၌ ရေလွှမ်းသည့်ကိစ္စအတွက် ကယ်ဆယ်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး၊ ကျန်းမာရေး အတွက် ကြိုတင်ကာကွယ်ရေးများ မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါသည်။" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၁၃

(ဃ) ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ " **လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး ဥပဒေကြမ်းအား ရှမ်းပြည်နယ် လွှတ်တော်သို့ တင်သွင်း ဆောင်ရွက်မည့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။** " နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၂၃

၆။ ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ "**ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရမိသော သစ်လုံးများ၊ သစ်ခွဲသားများ၊ ကိုင်းဖျားကိုင်းနား များနှင့် သစ်ငုတ်တိုများကို ရှမ်းပြည်နယ်အစိုးရ၏ ဘဏ္ဍာငွေရန်ပုံငွေအဖြစ် ပေးသွင်းရန်** " အဆိုကို လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးခြင်း။ ၃၂၆

၇။ အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ ၃၃၁

၈။ ရှမ်းပြည်နယ် ကျေးရွာထင်းစိုက်ခင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပြင်ဆင်ချက်အဆိုများ တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ ၃၃၄

၉။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရှမ်းပြည်နယ် ကျေးရွာထင်းစိုက်ခင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုပေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၃၄၅

၁၀။ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီနှင့် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီဝင် ပြောင်းလဲ ဖြည့်စွက်တာဝန်ပေးအပ်ခြင်းအား လွှတ်တော်၏ သဘောတူညီချက် ရယူခြင်း။ ၃၄၆

၁၁။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ကျင်းပပြီးစီးခြင်း။ ၃၄၉

(င) ရှမ်းပြည်နယ်လွှတ်တော် သို့

- ဆုံးဖြတ်ခြင်း ၃၅၁
- မှတ်တမ်းတင်ခြင်း ၃၅၉
- ရှင်းလင်း တင်ပြခြင်း ၃၆၂

## ကန့်သတ်

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ပထမနေ့)မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်

စက်တင်ဘာ
( ၂၀၁၂ ခုနှစ်၊ ~~အောက်တို~~ဘာလ ၂၅ ရက် )

[ အင်္ဂါနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကို နံနက် (၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးရဲနိုင်အောင်၊ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ဆောင်ရွက်ပါသည်။ ]

### ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီအချိန် အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးအား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူ ပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

အခမ်းအနားမှူး။ ။အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား ။

ကန့်သတ်

၂

# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ပထမနေ့) အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ ကျင်းပတဲ့ ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၁၄၃)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၃၃) ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၃%)ရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ကျော်လွန်တဲ့ အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၃၆၊ နည်းဥပဒေ ၃၄ (ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၃၅)၊ နည်းဥပဒေခွဲ(ဂ) တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ် ။ [ ဩဘာသံများ ]

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ပထမနေ့) အစီအစဉ် ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၄)၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ်ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေပေး ထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

ကန့်သတ်

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၄၄)၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် တခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမွမ်းလှိုင်း၊ ကျေးသီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)**။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား- ကျွန်တော်ကတော့ ကျေးသီးမြို့နယ်၊ မဲဆန္ဒနယ် အမှတ်( ၂ )မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမွမ်းလှိုင်း ဖြစ်ပါတယ်။ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၂ )မှ ဦးစိုင်းသူရိန်ဦး သည် နိုင်ငံခြားလေ့လာရေးခရီး သွားရောက်နေပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား ( ၂၅ ・ ၉ ・ ၂၀၁၂)ရက်နေ့မှ ( ၂၈・ ၉ ・ ၂၀၁၂) ရက်နေ့အထိ ( ၄)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုင်းသူရိန်ဦး ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား . . .။

**ဦးဇော်ဇော် ၊ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)** ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား - ကျွန်တော်ကတော့ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၁ ) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော် ဖြစ်ပါတယ်။ ကွတ်ခိုင်မြို့နယ်၊

မဲဆန္ဒနယ်အမှတ် ( ၂ )မှ ဦးမြင့်လွင်သည် တရုတ်အာဆီယံခရီးစဉ်ကြောင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား ( ၂၅. ၉. ၂၀၁၂ ) ရက်နေ့မှ ( ၃၀. ၉ . ၂၀၁၂) ရက်နေ့အထိ (၆)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးမြင့်လွင်ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား . . . ။

**ဦးဇော်ဦး၊ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)** ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား - ကျွန်တော်ကတော့ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၁ )မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဦး ဖြစ်ပါတယ်။ လောက်ကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၁ )မှ ဦးပယ်စောက်ချိန် (ခ) ဘေဆော်ချိန်သည် ကျန်းမာရေးစစ်ဆေးမှု ခံယူနေပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား ( ၂၅. ၉ . ၂၀၁၂)ရက်နေ့မှ ( ၂၈ . ၉ . ၂၀၁၂) ရက်နေ့အထိ ( ၄)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးပယ်စောက်ချိန် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား . . . ။

**ဦးစိုင်းစံဖေ၊ မိုင်းရယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)**။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား - ကျွန်တော်ကတော့ မိုင်းရယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၁ )မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံဖေ ဖြစ်ပါတယ်။ မိုင်းရယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၂ )မှ ဦးစိုင်းလောင်(ဝ်)ခမ်းသည် ကိုယ်ရေးကိုယ်တာကိစ္စဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား

( ၂၅ . ၉ . ၂၀၁၂) ရက်နေ့မှ (၂၈. ၉. ၂၀၁၂) ရက်နေ့အထိ ( ၄ )ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုင်းလောင်(ဝ်)ခမ်းကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား . . .။

**ဦးကျော်တယ်ချန်၊ ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)** ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား - ကျွန်တော်ကတော့ ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၂ )မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်တယ်ချန် ဖြစ်ပါတယ်။ ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေရှောက်ရင်သည် ကျန်းမာရေးမကောင်း ပါသဖြင့် ယခု ကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား ( ၂၅ . ၉ . ၂၀၁၂) ရက်နေ့မှ (၂၈. ၉. ၂၀၁၂) ရက်နေ့အထိ ( ၄ )ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးဝေရှောက်ရင် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား . . .။

**ဦးစိုင်းစောလုံ၊ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)** ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား - ကျွန်တော်ကတော့ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၁ )မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစောလုံ ဖြစ်ပါတယ်။ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ် အမှတ်( ၂ )မှ ဦးစိုင်းမောင်ကြီးသည် လူမှုရေးကိစ္စရပ်များ ရှိပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား ( ၂၅ . ၉ . ၂၀၁၂) ရက်နေ့မှ (၂၈. ၉. ၂၀၁၂) ရက်နေ့အထိ ( ၄ )ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုင်းမောင်ကြီး ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား . . .။

ဗိုလ်မှူး/ဗိုလ်ကြီး သက်လွင်ဦး ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား -ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး/ ဗိုလ်ကြီး သက်လွင်ဦး ဖြစ်ပါတယ်။ တပ်မတော်သားကိုယ်စားလှယ်ဖြစ်သူ ဗိုလ်မှူးမင်းနေခြည်လင်းသည် ကျန်းမာရေးအခြေအနေကြောင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား( ၂၅ ・ ၉ ・ ၂၀၁၂)ရက်နေ့မှ ( ၂၈ ・ ၉ ・ ၂၀၁၂) ရက်နေ့အထိ ( ၄ )ရက် ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်မှူးမင်းနေခြည်လင်း ကိုယ်စားလေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား . . .။

ဗိုလ်မှူး မိုးကျော် ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား - ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမိုးကျော် ဖြစ်ပါတယ်။ တပ်မတော်သားကိုယ်စားလှယ်ဖြစ်သူ ဗိုလ်ကြီးအောင်သူဝင်း သည် ဆေးရုံတက်ရောက်နေပါသောကြောင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား ( ၂၅ ・ ၉ ・ ၂၀၁၂)ရက်နေ့မှ ( ၂၈ ・ ၉ ・ ၂၀၁၂) ရက်နေ့အထိ ( ၄ )ရက် ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်ကြီးအောင်သူဝင်းကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား . . .။

ဗိုလ်ကြီး အေးမင်းထိုက် ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား - ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးအေးမင်းထိုက် ဖြစ်ပါတယ်။ တပ်မတော်သားကိုယ်စားလှယ်ဖြစ်သူ ဗိုလ်ကြီးမျိုးမင်းထွန်းသည်

စစ်ဘက်ဆိုင်ရာသင်တန်း တက်ရောက်နေသောကြောင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား ( ၂၅ ・ ၉ ・ ၂၀၁၂)ရက်နေ့မှ ( ၂၈ ・ ၉ ・ ၂၀၁၂) ရက်နေ့အထိ ( ၄ )ရက် ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်ကြီးမျိုးမင်းထွန်း ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား . . .။

**ဦးစိုင်းနော်ခမ်း(ခ)တင်ထွန်းအောင်၊ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) ။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား - ကျွန်တော်ကတော့ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၁ )မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းနော်ခမ်း (ခ)တင်ထွန်းအောင် ဖြစ်ပါတယ်။ သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၂ )မှ ဦးစိုင်းအိုက်ပေါင်းသည် ကျန်းမာရေးစစ်ဆေးမှု ခံယူနေပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား ( ၂၅ ・ ၉ ・ ၂၀၁၂) ရက်နေ့မှ (၂၈・ ၉・ ၂၀၁၂) ရက်နေ့အထိ ( ၄ )ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုင်းအိုက်ပေါင်းကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား . . .။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားဖို့ ကျန်ရှိပါသေးလားခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုရန်

"သဘောတူပါသလားခင်ဗျား။"

**[ ၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေမှာ (၁၄၃)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ဦးရေ ( ၁၀)ဦး ရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၂) အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ပထမနေ့ တက်ရောက်မှု အခြေအနေတင်ပြချက်ကို

" အတည်ပြုပါသလားခင်ဗျား။ "

[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က **အတည်ပြုပါသည်။** ]

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်နယ် လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ [ **သြဘာသံများ** ]

၉

## ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်အရ ပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်လွှတ်တော်သို့ မိန့်ခွန်း ပြောကြားပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။

**ဦးစဝ်အောင်မြတ်၊ ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့။** အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်တို့ ဒီနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ပထမနေ့)မှာ ကျွန်တော့အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကို ရှမ်းပြည်နယ်အတွင်းမှာ ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီနေ့ ကျင်းပတဲ့ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ပထမအကြိမ် စတုတ္ထပုံမှန်အစည်းအဝေး (ပထမနေ့)မှာ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်ဥပဒေချုပ်နဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေလို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ စတင်တာဝန်ယူတဲ့ ပထမနှစ်မှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ အလားတူပဲ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်ကိုလည်း ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ယခု ဒီနှစ်မှာတော့

ဒုတိယအဆင့်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များမှာ နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထူးအလေးထား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တဖက်ကလည်း အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေ စိုးမိုးရေး ပြည်သူ့ဘဝ လုံခြုံရေးတို့ကို အရှိန်အဟုန်မပျက် တိုးတက်အောင်လည်း ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးတွေ ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ် တွေနဲ့ ပတ်သက်ပြီး ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှာ နေပြည်တော်မှာ ကျင်းပခဲ့တဲ့ အစည်းအဝေးအရ ကျွန်တော်တို့ နိုင်ငံရဲ့ ဖွံ့ဖြိုးမှု စီမံကိန်းရည်မှန်းချက်ဟာ GDP အနေနဲ့ တစ်နှစ်လျှင် ပျမ်းမျှ (၇. ၇) ရာခိုင်နှုန်း တိုးတက်ဖို့နဲ့ ပြည်သူများရဲ့ တစ်ဦးကျ Per Capital Income ဟာ (၁. ၇)ဆရရှိရန် ရည်မှန်း ထားသော်လည်း နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူတစ်ဦးချင်းရဲ့ ဝင်ငွေကို လက်ရှိအခြေအနေထက် (၃)ဆ တိုးတက်အောင် ကြိုးပမ်းမယ်လို့ ရည်မှန်းထားရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုကို (၅)နှစ်အတွင်းမှာ (၃)ဆ တိုးတက်အောင် လူ့စွမ်းအား၊ ငွေကြေးအရင်းအနှီးနဲ့ နည်းပညာပေါင်းစပ်ပြီးတော့မှ တိုးတက်အောင် ကြိုးစားသွားရမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား- လက်ရှိ နိုင်ငံတော်က အသုံးပြုနေတဲ့ ငွေကြေးအရင်းအနှီးထည့်ဝင်သုံးစွဲနိုင်မှု သုံးသပ်ချက်အရ

(က) နိုင်ငံတော်အရ-အသုံးစာရင်း (အစိုးရဘတ်ဂျက်) အကန့်အသတ်ရှိခြင်း။

(ခ) ပြည်ပအကူအညီအထောက်အပံ့၊ (Grant) နဲ့ ချေးငွေ (Loan) တွေ တိုးတက်ရရှိရန် လိုအပ်ခြင်း။

( ဂ) ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မြင့် တိုးတက်ရန်လိုအပ်ခြင်း တို့ကို အဓိက တွေ့ရှိရမှာ ဖြစ်ပါတယ်။

လက်ရှိ ငွေကြေးအရင်းအနှီး ထည့်ဝင်ရင်းနှီးနိုင်မှုပမာဏထက် (၂)ဆခန့် တိုးတက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်မှသာ အလုပ်အကိုင် အခွင့်အလမ်းနဲ့ ဝင်ငွေတွေ တိုးတက်လာပြီး နိုင်ငံတော်အစိုးရ ရည်မှန်းထားတဲ့ (၁)ဦး ချင်းဝင်ငွေ (၃)ဆကို ရရှိနိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ ဘတ်ဂျက်လိုငွေ ရှိနေပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုကလည်း အလုံးအရင်းနဲ့ ဝင်ရောက်မှု မရှိသေးမီကာလမှာ ပြည်သူများရဲ့ ဆင်းရဲမှုနှုန်းဟာ ၂၆ %မှ ၁၆% ရာခိုင်နှုန်းထိ လျှော့ချနိုင်ဖို့အတွက် တစ်နည်းအားဖြင့် ကမ္ဘာ့ကုလသမဂ္ဂရဲ့ ထောင်စုနှစ် ရည်မှန်းချက်ရောက်အောင် နိုင်ငံတကာအဖွဲ့အစည်းများရဲ့ အကူအညီ အထောက်အပံ့တွေလဲ လိုအပ်မှာ ဖြစ်ပါတယ်။

ဒီနေ့ နိုင်ငံတော်အစိုးရရဲ့ ပထမအဆင့် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာမှာ နိုင်ငံရေး စနစ်ပြောင်းလဲခြင်းနှင့် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးဆိုတဲ့ လုပ်ငန်းစဉ်တွေကို သိသာထင်ရှားစွာ ဆောင်ရွက်ခဲ့တဲ့ အတွက် နိုင်ငံတကာရဲ့ ယုံကြည်မှုတွေ ရရှိလာတာဖြစ်ပါတယ်။ နိုင်ငံတကာကလည်း အကူအညီအထောက်အပံ့များ ပေးအပ်လိုကြောင်း ကမ်းလှမ်းမှုတွေလည်း တိုးတက်လာခဲ့ပါတယ်။

အခုဆိုရင် နိုင်ငံတော်ရဲ့ ဒုတိယအဆင့်ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာကို နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြည်သူများရဲ့ လူမှုစီးပွားရေးဘဝ တိုးတက်ရေးအတွက် ကို ပြည်ပအကူအညီတွေ ချေးငွေ၊ ( Grant / Aid / Loan )၊ ရင်းနှီးမြှုပ်နှံမှု Investment တွေကို နိုင်ငံတော်က ဖိတ်ခေါ်ခဲ့ပြီးတော့မှ လုပ်ငန်းတွေ အကောင်အထည် ဖော်ဆောင်ရွက်တဲ့နေရာမှာတော့

(က) ကိုယ့်တိုင်းရင်းသားများ၏ အကျိုးစီးပွားမထိခိုက်စေရန်
( ခ) ကိုယ့်တိုင်းပြည်၏ ဂုဏ်သိက္ခာမထိခိုက်စေရန်
( ဂ) ကိုယ့်နိုင်ငံအချုပ်အခြာအာဏာကို မထိခိုက်စေရန်
(ဃ) သဘာဝပတ်ဝန်းကျင် မပျက်ယွင်းစေရန်

ဆိုတဲ့ မူဝါဒများ ချမှတ်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဖွံ့ဖြိုးဆဲနိုင်ငံတွေကို လေ့လာကြည့်မယ်ဆိုလျှင် အဲဒီနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ရည်မှန်းချက်များနဲ့ ဆင်းရဲမှုလျှော့ချရေးစတဲ့ ထောင်စုနှစ်ရည်မှန်းချက်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်ရဲ့ ဘတ်ဂျက် တစ်ခုတည်းနဲ့ မလုံလောက်တဲ့အတွက် နိုင်ငံတကာအကူအညီ၊ အထောက်အပံ့ (Grant / Aid )တွေ ချေးငွေ(Loan)နှင့် နည်းပညာတွေ အကူအညီရယူပြီး ဆောင်ရွက်ကြရတာဖြစ်ပါတယ်။ ဒီလိုရယူဆောင်ရွက်တဲ့အခါမှာ ကူညီထောက်ပံ့ကြတဲ့ နိုင်ငံများ၊ အလှူရှင်များအနေနဲ့ ၎င်းတို့ ကူညီထောက်ပံ့လိုတဲ့ ကဏ္ဍနှင့် နယ်မြေဧရိယာ ဦးစားပေးမှုတွေ၊ အစီအစဉ်အမျိုးမျိုး၊ ရည်ရွယ်ချက်တွေ အမျိုးမျိုး ရှိကြပြီးတော့ အကူအညီရယူတဲ့ နိုင်ငံကလဲ မိမိတို့ရဲ့ ဦးစားပေးကဏ္ဍနဲ့ နယ်မြေတွေကို မိမိတို့ရဲ့ ဖွံ့ဖြိုးမှု စီမံကိန်းနဲ့ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ (Reform Strategy) လုပ်ငန်းစဉ်တွေကို ဦးစားပေးအစီအစဉ်များနဲ့ အကျိုးရှိ ထိရောက်အောင် ရည်ရွယ်ပြီး ဆောင်ရွက်သွားကြရတာ ဖြစ်ပါတယ်။

ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ အကျိုးအမြတ်ပြန်ရချက်နည်းလို့ ရင်းနှီးမြှုပ်နှံမှု မပြုလုပ်ချင်တဲ့ ဒေသတွေ၊ အခွန်အခများတဲ့အတွက် အစိုးရဘတ်ဂျက် အကူအညီအထောက်အပံ့ကို ဦးစားပေးသုံးစွဲပြီး ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူတွေက စီးပွားရေးတွက်ချေကိုက်ပြီး ရင်းနှီးမြှုပ်နှံချင်တဲ့ နယ်မြေတွေမှာ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေနဲ့

ဆောင်ရွက်ဖို့ စဉ်းစားသွားရမှာ ဖြစ်ပါတယ်။ ချေးငွေတွေကိုတော့ အတိုးနှုန်း၊ ပြန်ဆပ်ရမဲ့ ကာလနဲ့ ဆောင်ရွက်မဲ့လုပ်ငန်းစီမံကိန်းတွေကို စီးပွားရေး တွက်ချေကိုက်မှု၊ အကျိုးအမြတ်ပြန်ဖော်နိုင်မှု၊ ချေးငွေပြန်ဆပ်နိုင်မှုဆိုတဲ့ အခြေအနေတွေနဲ့ စဉ်းစားရွေးချယ်ကြရမှာ ဖြစ်ပါတယ်။ စီးပွားရေးအရ ချက်ချင်း အကျိုးအမြတ်၊ ဖော်နိုင်သော်လည်းပဲ နိုင်ငံနဲ့ လူမျိုးအတွက် ရေရှည်အကျိုးရှိမဲ့ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ လမ်း၊ တံတား၊ ဆိပ်ကမ်း စတဲ့ အခြေခံ အဆောက်အဦတွေ၊ ဖွံ့ဖြိုးရေး လုပ်ငန်းတွေ မှာလည်း လိုအပ်ချက်အရ သုံးကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတကာ အတွေ့အကြုံပေါ် မှာ မူတည်ပြီးတော့မှ ထိရောက်တဲ့ နိုင်ငံခြားအကူအညီ အထောက်အပံ့တွေ စီမံခန့်ခွဲရရှိရန် အတွက်ကို နိုင်ငံတော် အစိုးရအနေနဲ့ နိုင်ငံခြားအကူအညီ၊ အထောက်အပံ့ စီမံခန့်ခွဲရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ အမျိုးသားစီးပွားရေးနဲ့ လူမှုရေးအကြံပေးကောင်စီတို့ကို ဖွဲ့စည်းခဲ့ပြီး နိုင်ငံခြားအကူအညီ အထောက်အပံ့ဆိုင်ရာ ကိစ္စရပ်တွေကို စီမံချက်တွေ စနစ်တကျ ရေးဆွဲပြီး စီမံခန့်ခွဲ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ကျွန်တော်တို့ ရှမ်းပြည်နယ် အစိုးရအနေနဲ့ မိမိတို့ရဲ့ ကဏ္ဍစီမံကိန်း၊ ဒေသန္တရစီမံကိန်းများနဲ့ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ လုပ်ငန်းစဉ်များနဲ့အညီ နိုင်ငံခြားအကူအညီ အသုံးပြုရန် လိုအပ်တဲ့ ဦးစားပေးကဏ္ဍများနဲ့ ဦးစားပေး နယ်မြေတွေကိုလည်း ချေးငွေရယူ ဆောင်ရွက်သင့်တဲ့ လုပ်ငန်းတွေအတွက်ကို ပြည်ထောင်စုဝန်ကြီး ဌာနများ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်များ ညှိနှိုင်းပြီး ကျွန်တော်တို့ ပြည်နယ်အတွင်းမှာ ရှိတဲ့ ပြည်သူလူထုအတွက် အကျိုးရှိ ထိရောက်မဲ့ လုပ်ငန်းတွေကို ဦးစားပေး ရွေးချယ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရှေးတုန်းကလို (Top Down)ခွဲဝေချထားမှုမျိုးနဲ့ ဆောင်ရွက်မှာ မဟုတ်ပဲ ကျွန်တော်တို့ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနဲ့ အညီ

တိုးတက်အောင် ဆောင်ရွက်တဲ့ ဦးစားပေးကဏ္ဍနဲ့ နယ်မြေတွေကို အောက်ခြေအဆင့်က စပြီး (Bottom - up Initiative ) လုပ်ငန်းစဉ်တွေနဲ့ ကိုယ့်ဒေသဖွံ့ဖြိုးဖို့ ကိုယ်တိုင်လှေ့လာကြံဆ ကြိုးပမ်းပြီး ကိုယ်လုပ်ချင်တဲ့ အစီအမံတွေကို ပြည်ထောင်စုအစိုးရထံ အသိပေးပြီး တင်ပြဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရအနေနဲ့လည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်များကို တင်ပြဆောင်ရွက်စေခြင်းဟာ ပြုပြင်ပြောင်းလဲရေး ကာလ ( Transition Period )မှာ အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖောင်ဒေးရှင်းတွေ ခိုင်မာအောင် အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းရမဲ့ ကာလတစ်ရပ်၊ အချိန်တစ်ရပ် လိုအပ်ချက်ကြောင့် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း အောက်ခြေအဆင့်ထိ ဆောင်ရွက်မှုများ အဆင်ပြေချောမွေ့ ခိုင်မာသွား တဲ့အခါမှာ အခြားနိုင်ငံများနည်းတူ နိုင်ငံတော်အဆင့်က လုပ်ရမဲ့အပိုင်း၊ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန များက လုပ်ရမဲ့အပိုင်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်များက လုပ်ရမဲ့အပိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများက လုပ်ရမဲ့အပိုင်းနဲ့ ခရိုင်အဆင့်၊ မြို့နယ်အဆင့်က လုပ်ရမဲ့အပိုင်းတွေ ဆိုပြီးတော့ သူ့အဆင့်နဲ့သူ အုပ်ချုပ်ရေး စီမံခန့်ခွဲမှု (Administrative Management System) တွေ ပြောင်းလဲတိုးတက် လာမှာ ဖြစ်ပါတယ်။

ပဉ္စမကာလတို (၅)နှစ်စီမံကိန်းရေးဆွဲ အတည်ပြုပြီးတဲ့နောက် နှစ် (၃၀) နှစ်ရှည်စီမံကိန်းကို ပြန်လည်သုံးသပ်ရေးဆွဲခြင်း လုပ်ငန်းတွေအပြင် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ( National Development Plan ) ကို

(က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲမှု လျှော့ချရေး စီမံကိန်း

( ခ) လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း

( ဂ) ရင်းနှီးမြှုပ်နှံမှု စီမံကိန်း

(ဃ) ကုန်သွယ်မှု ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း
(င) စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း
(စ) ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း
(ဆ) ဒေသန္တရစီမံကိန်းများ

စသည်ဖြင့် ကဏ္ဍအလိုက် စီမံကိန်းများဖြင့် ( Comprehensive Development Plan )တွေ ဆက်လက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုဝန်ကြီးဌာနတွေနဲ့ တိုင်းဒေသကြီး ပြည်နယ်အစိုးရ များကလည်း GDP တိုးတက်ရေးထက် ပြည်သူတစ်ဦးချင်း၊ တစ်အိမ် ထောင်ချင်းရဲ့ ဝင်ငွေ တိုးတက်ရေးနဲ့ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေး အတွက်ကို ပြည်သူလူထု ဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေး People Central Development လုပ်ငန်းတွေကိုလည်း ဦးစားပေးပြီးတော့မှ အစီအမံရှိရှိနဲ့ မြေပြင်မှာ အမှန်တကယ် တိုးတက်အောင် ဆောင်ရွက်ဖို့ လိုမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- အမျိုးသားအဆင့် သတ်မှတ်ဆောင်ရွက်လျက်ရှိတဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်အဆင့် လုပ်ငန်းကော်မတီ တွေမှာ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်များက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီးတော့မှ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အဖွဲ့ဝင်အဖြစ် ပါဝင်သော အဖွဲ့နဲ့ ဆောင်ရွက်နိုင်ဖို့အတွက်ကို ဖွဲ့စည်းပေးထားပြီး ဖြစ်ပါတယ်။ ဒါကို ပြည်နယ်လွှတ်တော်မှာ တင်ပြပြီး ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ(၈)ရပ်မှာ ပြည်နယ်ဝန်ကြီးတွေကို ဥက္ကဋ္ဌတာဝန်ပေးပြီး ဖွဲ့စည်းထားရာ သက်ဆိုင်ရာ

လုပ်ငန်းကော်မတီအလိုက် မိမိနယ်မြေဒေသအတွင်းမှာ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးကိုလည်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အနေနဲ့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်အတွင်းမှာ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကိစ္စများ အရေးကြီး လျက်ရှိရာ ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး လုပ်ငန်းများကိုလည်း ထိရောက်အောင် မြန်မာနိုင်ငံရဲတပ်ဖွဲ့များနှင့်အတူ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် အဓိက မဏ္ဍိုင်ကြီး (၃) ရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီနည်းလမ်းနှင့်အညီ စနစ်တကျ ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီသည် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြင့် တွဲဘက်မှသာ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်၊ နိုင်ငံတော်နှင့် နိုင်ငံသားများ တိုးတက်အောင် နိုင်ငံသားတိုင်း၊ ဝန်ထမ်းတိုင်းဟာ ဒီမိုကရေစီ ကျင့်စဉ်များနဲ့အတူ စိတ်ဓာတ်ကောင်းရန်၊ စည်းကမ်းကောင်းရန်နှင့် အချိန်ကို လေးစားတန်ဖိုးထားပြီး အကျိုးရှိစွာ အသုံးပြုရန်၊ ခေတ်မီ နည်းပညာများကို အသုံးပြုနိုင်ရန်အတွက် လူ့စွမ်းအား အရင်းအမြစ် ကောင်းများ၊ စုဆောင်းရရှိရန် ကိုယ့်တာဝန်ကိုယ်ကျေရန် လိုအပ်သကဲ့သို့ ဌာနအဖွဲ့အစည်းများအနေနဲ့လည်း ကောင်းမွန်သော အုပ်ချုပ်ရေး စနစ်ရဲ့ အနှစ်သာရတစ်ခုဖြစ်တဲ့ ဥပဒေနှင့်အညီ အုပ်ချုပ်စီမံခန့်ခွဲ တတ်သည့် အလေ့အထများကို တာဝန်ယူဆောင်ရွက်နေသူများအားလုံး ဂယနကနဲ့ ထဲထဲဝင်ဝင် သိရှိထားဖို့လည်း လိုအပ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ( Good Governance ESifh Clean Government ) ပေါ်ပေါက်လာစေရေး ဆောင်ရွက်လျက်ရှိရာမှာ ခေတ်စနစ်နှင့် လျော်ညီခြင်းမရှိသော ဥပဒေများကိုလည်း လွှတ်တော် အဆင့်ဆင့်မှာ ပြင်ဆင်လျက်ရှိပါတယ်။

နိုင်ငံခြားအကူအညီ အထောက်အပံ့ရယူရေးအပေါ် မူတည်ပြီး ထိရောက်စွာ အသုံးပြုလိုတဲ့ ဦးစားပေးကဏ္ဍနဲ့ ဦးစားပေးနယ်မြေတွေကို ရွေးချယ်ရာမှာ-

(၁) စီးပွားရေးဦးတည်ချက်အမြင်ရှုထောင့်မှ ဦးစားပေး ကဏ္ဍဟာ
- လယ်ယာစိုက်ပျိုးရေးကဏ္ဍတိုးတက်ရေး
- စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး
- ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ဦးစားပေး ဖြစ်ပါတယ်။

(၂) ကာလတိုင်းနှစ်စီမံကိန်းရဲ့ ကဏ္ဍ (၁၄)ခုအနက် ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး အရ အားအနည်းဆုံးကဏ္ဍတွေကို မြှင့်တင်ရန်အတွက်
- သစ်တောကဏ္ဍ
- လယ်ယာကဏ္ဍ
- စွမ်းအင်ကဏ္ဍတို့ဟာ ဦးစားပေးဖြစ်ကြပါတယ်။

(၃) ဒေသန္တရစီမံကိန်း ရှုထောင့်ကကြည့်ရင် အားနည်းတဲ့ တိုင်းဒေသကြီး/ပြည်နယ်များကို ဦးစားပေးနယ်မြေ ဒေသအဖြစ်
- ကယားပြည်နယ်
- ရှမ်းပြည်နယ်
- ဧရာဝတီတိုင်းဒေသကြီးတို့ဟာ ဦးစားပေးဖြစ်ကြပါတယ်။

(၄) ဆင်းရဲမှု ညွှန်းကိန်းရှုထောင့်ကကြည့်ရင် ဆင်းရဲမှု ညွှန်းကိန်းအမြင့်ဆုံးဖြစ်နေတဲ့ ဦးစားပေး နယ်မြေ ဒေသတွေကတော့
- ချင်းပြည်နယ်
- ကယားပြည်နယ်
- ကရင်ပြည်နယ်တို့ဟာ ဦးစားပေးများ ဖြစ်ကြပါတယ်။

(၅) ပြည်သူလူထုရဲ့ လူမှုစီးပွားရေး လိုအင်ဆန္ဒအရ ကြည့်ရင် ဦးစားပေးတွေက

- လျှပ်စစ်ကဏ္ဍ တိုးတက်ရေး
- ဆက်သွယ်ရေးကဏ္ဍတိုးတက်ရေး
- ငွေစုငွေချေးရဲ့ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ရေးတို့ဟာ ဦးစားပေး ဖြစ်ကြပါတယ်။

(၆) တိုင်းရင်းသားပြန်လည်စည်းလုံးညီညွတ်ရေး ရှုထောင့်က ကြည့်ရင် ဦးစားပေးနယ်မြေတွေ ကတော့

- ကချင်ပြည်နယ်
- ရှမ်းပြည်နယ်
- ကရင်ပြည်နယ်
- မွန်ပြည်နယ်
- ချင်းပြည်နယ်
- ရခိုင်ပြည်နယ်တွေပဲ ဖြစ်ပါတယ်။

ဒီအခြေအနေတွေကိုကြည့်ရင် နိုင်ငံခြားအကူအညီအထောက်အပံ့မူဝါဒအဖြစ် ဦးစားပေးဆောင်ရွက် လိုတဲ့ကဏ္ဍနဲ့ ဦးစားပေးဆောင်ရွက်လိုတဲ့ ကဏ္ဍနဲ့ ဦးစားပေးဆောင်ရွက်လိုတဲ့နယ်မြေတွေ ရွေးချယ်လျာထားခြင်း၊ အလှူရှင်နိုင်ငံအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ နိုင်ငံခြားအကူအညီ အထောက်အပံ့ ရရှိအသုံးပြုချိန်မှာ စဉ်ဆက်မပြတ်ကြီးကြပ်ခြင်း၊ အကျိုးရှိထိရောက်မှု တိုင်းတာခြင်းစတဲ့လုပ်ငန်းစဉ်တွေကို ဆက်လက်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ အကူအညီ အထောက်အပံ့ ရယူလိုတဲ့ လုပ်ငန်းစဉ်တွေကတော့

- ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့
- လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်တွေပဲ ဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေမှာ အရေးအကြီးဆုံးကတော့ ကျေးလျက်အစုအဖွဲ့၊ တောင်သူလယ်သမားတွေ ငွေကြေးလိုအပ်ချက် ဖြည့်ဆည်းပေးမဲ့ ငွေစုငွေချေးဘဏ်လုပ်ငန်း ဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ နိုင်ငံခြားအထောက်အပံ့ စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီနဲ့ အမျိုးသားစီမံကိန်းနှင့် လူမှုရေးအကြံပေး ကောင်စီတို့နဲ့ တွေ့ဆုံညှိနှိုင်းပွဲများ ကျင်းပပြီး (Aid Policy) အတည်ပြုခြင်း ( Donor Meeting )များ ကျင်းပရေးဆိုင်ရာစီမံချက်များ ရေးဆွဲခြင်း ( Development Plan) နဲ့ ( Reform Streatigy) အလှူရှင်နိုင်ငံ အဖွဲ့အစည်းများသို့ ရှင်းလင်းညှိနှိုင်း၍ အကူအညီ အထောက်အပံ့များ ရရှိရေးဆောင်ရွက်ခြင်းတို့ကို ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရဟာ ပြည်သူက ရွေးချယ်ထားတဲ့ ပြည်သူ့အစိုးရ ဖြစ်တဲ့အတွက် ပြည်သူရဲ့အကျိုးစီးပွား၊ ပြည်သူတွေရဲ့ မျှော်မှန်းချက်နဲ့ ပြည်သူတို့ရဲ့ဆန္ဒတွေကို အကောင်အထည်ဖော် ဆောင်ရွက်ပေးဖို့ တာဝန်ရှိပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- မြန်မာနိုင်ငံဟာ လူဦးရေ သန်း(၆၀)ကျော်ရှိတဲ့အတွက် သန်း(၆၀) ကျော်သော လူတစ်ဦးချင်းစီရဲ့ လိုအင်ဆန္ဒတွေဟာ အမျိုးမျိုးရှိကြမှာ ဖြစ်ပါတယ်။ သို့သော်လည်း နိုင်ငံသားအများစုရဲ့ တူညီတဲ့ဆန္ဒကတော့-

(၁) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနဲ့

(၂) တိုင်းရင်းသားအားလုံး လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေးဆိုတာ ဖြစ်ပါတယ်။ ပြည်နယ်အများစုရဲ့ဆန္ဒဟာ ကျွန်တော်တို့ အစိုးရရဲ့ ရည်မှန်းချက်၊ ရည်ရွယ်ချက် ဖြစ်ပါတယ်။

တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဟာ တစ်ခုနဲ့ တစ်ခု ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ ဆိုသလို အမှီသဟဲ ပြုနေပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှသာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှာ ဖြစ်သကဲ့သို့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုလည်း တိုင်းပြည် တည်ငြိမ်အေးချမ်းမှာ ဖြစ်ပါတယ်။

ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ဦးချင်းရဲ့ဝင်ငွေ တိုးတက်ရုံနဲ့ မပြီးပဲ ပြည်သူတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ နေထိုင်သွားလာစားသောက်ရေး၊ တရားဥပဒေရဲ့ အောက်မှာ လုံခြုံစွာနေထိုင်နိုင်ရေးတို့လည်း လိုအပ်မှာ ဖြစ်ပါတယ်။

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ပြီး-

(က) စိုက်ပျိုးရေးကို လက်ရှိအခြေအနေထက် ပိုမို၍ စိုက်ပျိုး ထုတ်လုပ်ရန်၊

(ခ) စက်မှုနိုင်ငံထူထောင်ရန်ဆိုပြီး ရည်မှန်းချက် (၂)ခု ချမှတ် ဆောင်ရွက်နေပါတယ်။

စိုက်ပျိုးရေးနှင့် ပတ်သက်ပြီး လက်ရှိအနေအထားထက် ပိုမို၍ စိုက်ပျိုးထုတ်လုပ်နိုင်မှသာ နောက်ထပ်တိုးလာမဲ့ လူဦးရေအတွက် စိတ်ချလက်ချ စားနိုင်ဝတ်နိုင်မှာ ဖြစ်ပါတယ်။ ကမ္ဘာ့လူဦးရေ တိုးတက်လာတာနဲ့အမျှ နိုင်ငံတိုင်းဟာ (Food Security)အတွက် အလေးထားပြီး ပြင်ဆင်စီမံမှုတွေ ပြုလုပ်နေပါတယ်။ ကျွန်တော်တို့လည်း ယခု လူဦးရေသန်း (၆၀)အတွက် စားရေး၊ ဝတ်ရေး၊ လုံလောက်နေသော်လည်း လူဦးရေသန်း (၁၀၀)ဖြစ်လာရင် ဖူဖူလုံလုံဖြစ်ဖို့အတွက် ယခုကတည်းက ကြိုတင်ပြင်ဆင်ထားပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လယ်ယာကဏ္ဍကို လက်ရှိအခြေအနေထက် ပိုမိုတိုးတက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ရပါမယ်-

(က) စိတ်ဓါတ်ပြောင်းရပါမယ်၊ " **ကိုယ့်အတွက်သာမက ကိုယ့်ရဲ့သားစဉ်မြေးဆက်ပါ လုံလုံလောက်လောက် စားနိုင်ဝတ်နိုင်အောင် ဒို့လုပ်ရမယ်** " ဆိုတဲ့ စိတ်ထားရမှာ ဖြစ်ပါတယ်။

( ခ) အမျိုးမျိုးဖြစ်နေတဲ့ လယ်ကွင်းပုံသဏ္ဍာန်တွေကို စာရင်းဇယားတိကျမှန်ကန်အောင် တစ်ဧကကွက်၊ နှစ်ဧကကွက် စသည်ဖြင့် ပြင်ဆင်ရပါမယ်၊ ကူန်ထုတ်လမ်းတွေ ပြုလုပ်ရပါမယ်၊ လယ်ကွင်းထဲအထိ ရေရောက်အောင် ရေမြောင်းတွေ ဖောက်လုပ်ပေးရမှာ ဖြစ်ပါတယ်။

( ဂ) အထွက်တိုးမျိုးတွေ စမ်းသပ်ထုတ်လုပ်ပြီး ပြောင်းလဲစိုက်ပျိုးရမှာ ဖြစ်ပါတယ်။

(ဃ) စက်မှုလယ်ယာအဆင့်ကို ကူးပြောင်းရပါမယ်၊ လယ်ယာလုပ်သားရှားပါးမှု၊ စရိတ်စက ကြီးမားမှု အလေအလွင့်အဆုံးအရှုံးနည်းပါးစေမှုတို့အတွက် စက်နဲ့ထွန်၊ စက်နဲ့ရိတ်သိမ်း နိုင်အောင် လယ်ယာကုန်ထုတ်အသင်းများ ထူထောင်ပြီး လုပ်ပေးရမှာ ဖြစ်ပါတယ်။

( င) သိပ္ပံနည်းကျ စနစ်တကျစိုက်ပျိုးခြင်းအားဖြင့် မျိုးအတွက် အကုန်အကျသက်သာစေတဲ့အပြင် အထွက်မှာလည်း သိသိသာသာ တိုးတက်စေတဲ့အတွက် သမရိုးကျ စိုက်ပျိုးနည်းတွေကို ပြောင်းလဲရမှာ ဖြစ်ပါတယ်။

ဒါကြောင့် တောင်သူလယ်သမားတွေကို ပညာပေးရပါမယ်၊ ယုံကြည်မှု ရှိအောင် စံနမူနာပြလက်တွေ့ စိုက်ပျိုး ရိတ်သိမ်းပြရပါမယ်။ ကိုယ့်ဒေသနဲ့ ကိုက်ညီတဲ့ အထွက်တိုးမျိုးတွေ ထုတ်လုပ်ပေးနိုင်အောင် မျိုးစေ့ထုတ်လုပ်တဲ့ ကုမ္ပဏီတွေ ထူထောင်ရပါမယ်။ တောင်သူလယ်သမားတွေရဲ့ အဓိကလိုအပ်ချက်ဟာ ငွေကြေးအရင်းအနှီးဖြစ်တဲ့အတွက် အစိုးရ၊ ပုဂ္ဂလိက ငွေစုငွေချေး၊ လယ်ယာကုန်ထုတ်သမအသင်းတို့နဲ့ ပူးပေါင်းပြီး ငွေကြေးအရင်းအနှီးလုံလောက်အောင် စီမံဖန်တီးပေးရမည့်အပြင် လယ်ယာထွက်ကုန်များ အပေါ်မှာ နစ်နာဆုံးရှုံးမှု မရှိရအောင် စီမံ ဖန်တီးပေးကြရမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအချက် အနေနဲ့ စက်မှုနိုင်ငံထူထောင်ရေး ဖြစ်ပါတယ်။ စက်မှုနိုင်ငံထူထောင်နိုင်မှ တိုင်းပြည်ဟာ ကြွယ်ဝချမ်းသာမှာ ဖြစ်ပါတယ်။ ဒီကနေ့ ဆင်းရဲနွမ်းပါးတဲ့နှုန်းဟာ (၂၆)ရာခိုင်နှုန်း ရှိနေပါတယ်။ ကုလသမဂ္ဂရဲ့ ထောင်စုနှစ် ရည်မှန်းချက်အရ ၂၀၁၅ ခုနှစ်မှာ (၁၆)ရာခိုင်နှုန်းသို့ လျှော့ချရမှာ ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေမှာ သွားအလုပ်လုပ်နေကြရတဲ့ တရားဝင်၊ တရားမဝင် ရွှေ့ပြောင်းအလုပ်သမားတွေ အများအပြား ဖြစ်နေပါတယ်။ ကိုယ့်နိုင်ငံမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ နည်းတဲ့အတွက် ဖြစ်ရတာ ဖြစ်ပါတယ်။ ကိုယ့်နိုင်ငံရဲ့ လုပ်အားတွေ ဆုံးရှုံးနေရခြင်း ဖြစ်ပါတယ်။ ကိုယ့်နိုင်ငံမှာသာ အလုပ်အကိုင်အခွင့်အလမ်းတွေ ရှိမယ်၊ လုပ်ခတွေ တန်းတူညီမျှစွာ ရမယ်ဆိုရင် ဒီအလုပ်သမားတွေဟာ ကိုယ့်နိုင်ငံကို ပြန်လာကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် ပထမအဆင့်အနေနဲ့ လူများများအလုပ်ရနိုင်တဲ့ အလုပ်ရုံ စက်ရုံတွေကို ဦးစားပေး ထူထောင်ရမှာ ဖြစ်ပါတယ်။ ( CMP ) စက်ရုံအလုပ်ရုံမျိုးတွေ လျှပ်စစ်ပစ္စည်းများ တပ်ဆင်တဲ့ အလုပ်ရုံစက်ရုံမျိုးတွေ၊ နည်းပညာသိပ်မပါလှဘဲ လွယ်လွယ်ကူကူနဲ့ များများ အလုပ်ရနိုင်မယ့် အလုပ်ရုံ စက်ရုံမျိုးတွေ ထူထောင်ဖို့ ပထမဦးစားပေးရမှာ ဖြစ်ပါတယ်။

ဒုတိယကတော့ တိုင်းပြည်မှာ ရှိတဲ့ ထွက်ကုန်တွေကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်တဲ့ အသေးစားနဲ့ အလတ်စားစက်ရုံမျိုးတွေ၊ ဥပမာ သစ်အခြောက်ထည် စက်ရုံအလုပ်ရုံများ၊ သားငါးအအေးခန်းများ၊ အသီးအနှံစည်သွတ်တဲ့ စက်ရုံအလုပ်ရုံများ၊ တာယာစက်ရုံ၊ ဆီချောစက်ရုံများ စသည်ဖြင့် ပြည်တွင်းမှာ ထွက်ရှိတဲ့ ထွက်ကုန်များကို တန်ဖိုးမြှင့်ပေးတဲ့ ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်ပေးမယ့် အလုပ်ရုံစက်ရုံမျိုးတွေ လိုအပ်မှာ ဖြစ်ပါတယ်။

တတိယကတော့ မော်တော်ကား အလုပ်ရုံစက်ရုံတွေ စက်ပစ္စည်း အစိတ်အပိုင်းထုတ်လုပ်တဲ့ စက်ရုံတွေ၊ သံ၊ ကြေးနီနဲ့ အန်တီမိုနီကဲ့သို့ ကိုယ့်ပြည်တွင်းမှာ ရှိနေတဲ့ အဖိုးတန်သတ္တုများကို အခြေခံတဲ့ ( Heavy Industry )တွေ၊ စက်မှုဇုန်တွေ ထူထောင်ရန် လိုအပ်မှာ ဖြစ်ပါတယ်။

စတုတ္ထအချက်ကတော့ ( IT ) နဲ့ ( Telecommunication) အလုပ်ရုံစက်ရုံတွေ၊ အဆင့်မြင့်နည်းပညာ အလုပ်ရုံစက်ရုံတွေ၊ ထူထောင်နိုင်ဖို့ ဖြစ်ပါတယ်။ Telecommunication ကို ကျေးလက်အထိ လွှမ်းခြုံနိုင်အောင် ကျယ်ကျယ်ပြန့်ပြန့်လုပ်ရန် လိုအပ်မှာ ဖြစ်ပါတယ်။ ဒီလို အလုပ်ရုံ စက်ရုံတွေမှာ အလုပ်လုပ်နိုင်ဖို့အတွက် Hand Labour အပြင် Skill Labour, Technical ပညာရှင်တွေ လေ့ကျင့်မွေးထုတ်ပေးနိုင်မယ့် သင်တန်းကျောင်းတွေကိုလည်း တစ်ချိန်တည်း တစ်ပြိုင်တည်းမှာ ထူထောင်သွားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ကျွန်တော်တို့ နိုင်ငံမှာ နိုင်ငံရေးအတွေးအခေါ်တွေ ကွဲပြားခြားနားမှုကြောင့် စိတ်ဝမ်းကွဲပြားမှုတွေ၊ အချင်းချင်းမသင့်မြတ်မှုတွေ၊ ရင်ကြားစေ့လို့မရနိုင်တဲ့ အကွဲအပြဲတွေဟာ သမိုင်းနဲ့ ချီပြီး ရှိခဲ့ပြီ ဖြစ်ပါတယ်။ ဒီလိုရှိခဲ့တဲ့အတွက် လူအုပ်စုဖွဲ့ပြီး ဆန္ဒပြမှုတွေ၊ အကြမ်းဖက်လုယက်သတ်ဖြတ်မှုတွေ၊ နိုင်ငံရေးမတည်မငြိမ်ဖြစ်မှုတွေ အကြိမ်ကြိမ် ဖြစ်ပွားခဲ့ရတာ ဖြစ်ပါတယ်။

နိုင်ငံရေးမှာ ( Unity and Diversity )လို့ဆိုတဲ့ သဘောတရားအတိုင်းပဲ သဘောထား တူညီတာတွေ ရှိသလို မတူညီတာတွေကိုလည်း လက်ခံရမှာ ဖြစ်ပါတယ်။ တူညီတာတွေကို တိုင်းပြည်နဲ့ လူမျိုးတွေအတွက် ပူးပေါင်းဆောင်ရွက်ပြီး မတူညီတာတွေကို စိတ်ရှည်သီးခံပြီး တဖြည်းဖြည်း တူညီသည် အထိ ညှိနှိုင်းရယူသွားမှာ ဖြစ်ပါတယ်။ ကျောခိုင်းနေကြတဲ့ အခြေအနေမှ မျက်နှာချင်းဆိုင်တဲ့ အခြေအနေဖြစ်အောင် ရင်ကြားစေ့တဲ့ အနေအထားမျိုးရောက်အောင် နိုင်ငံတော်မှ လက်တွေ့ကြိုးစား ဆောင်ရွက်နေပါတယ်။

ဒီကနေ့ နိုင်ငံတော် အစိုးရအနေနဲ့ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ဖွံ့ဖြိုးတိုးတက်အောင် ပြုပြင်ရေးလုပ်ငန်းစဉ် အနေနဲ့ ကြိုးပမ်း ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးအတွက် ပြည်သူလူထုရဲ့ သဘောထားတွေကို ဆွေးနွေးရယူခြင်းနည်းလမ်းနဲ့ အပြန်အလှန်ယုံကြည်လေးစားမှုတွေနဲ့ ပြည်သူလူထု တစ်ရပ်လုံး ညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေ များဟာ အရှိန်အဟုန်နဲ့ လျင်မြန်စွာ ပြောင်းလဲ တိုးတက်သွားမှာ ဖြစ်ပါတယ်။ အဲဒီလို စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ ကျင့်စဉ်မျိုးကို တစ်ဆင့်ပြီးတစ်ဆင့် အေးချမ်းတည်ငြိမ်စွာနဲ့ အသွင်ကူးပြောင်း နေတဲ့အချိန်မှာ ဒီမိုကရေစီခေတ်မှာ ပြည်သူ့ဆန္ဒဖော်ထုတ်တယ်ဆိုပြီး လမ်းမပေါ် လူအုပ်နဲ့ထွက် အစုအဝေးနဲ့ သွေးထိုးမှု ပါလာတဲ့အခါ မဖြစ်သင့်မဖြစ်ထိုက်တဲ့ ပြည်သူအများစုရဲ့ အသက်အိုးအိမ် လုံခြုံမှု ထိခိုက်တဲ့ ဖြစ်စဉ်အထိ ရုတ်ခြည်းပြောင်းလဲသွားတတ်တဲ့ ဖြစ်စဉ်နဲ့ သဘောသဘာဝကို ရင့်ကျက်ယဉ်ကျေးသော၊ တိုင်းပြည်တိုးတက်အောင် ညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်နိုင်သော၊ ကမ္ဘာ့အလယ်မှာ သားစဉ်မြေးဆက် ရပ်တည်နိုင်အောင် စွမ်းဆောင်ရည် ရှိသော လူမျိုးများအဖြစ် အစိုးရ၊ လွှတ်တော်၊ ပြည်သူအားလုံးနဲ့ စတုတ္ထမဏ္ဍိုင်တို့ ပူးပေါင်းပြီး ညီညီညွတ်ညွတ်နဲ့ ခိုင်ခိုင်မာမာ လက်တွဲကာကွယ် စောင့်ရှောက်သွားရမှာ ဖြစ်ပါတယ်လို့ ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ် ခင်ဗျား။ [ ဩဘာသံများ ]

## ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ပထမနေ့မှာ ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသွားသော မိန့်ခွန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ (၃၈)၊ ပုဒ်မခွဲ (ဂ)အရ ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ [ **သြဘာသံများ** ]

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်အရ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ် (၇)ဦးက မေးမြန်းသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။ ပထမဦးစွာ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဒေါ်နန်းခမ်းအေးက မေးခွန်းကိုမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး။ နမ့်တူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။**
လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနဲ့ ကြွရောက်လာကြတဲ့ လူကြီးမင်းများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့အခါ သမယဖြစ်ပါစေရှင်။ ကျွန်မကတော့ နမ့်တူမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နန်းခမ်းအေး ဖြစ်ပါတယ်ရှင်။

ကျွန်မ မြို့နယ်စည်ပင်သာယာရေးနဲ့ ပတ်သက်တဲ့ မေးခွန်းကို တတိယပုံမှန်အစည်းအဝေးကတည်းက တင်ထားပါတယ်။ ဒါပေမဲ့ တတိယပုံမှန်အစည်းအဝေးမှာသော်လည်းကောင်း၊ အထူးအစည်းအဝေးမှာသော်လည်းကောင်း၊ မေးမြန်းခြင်း မရခဲ့တဲ့အတွက်ကြောင့် ကျွန်မအနေနဲ့ စည်ပင်သာယာရေးဝန်ကြီးကများ ဒေသဖွံ့ဖြိုးရေး၊ တိုးတက်ရေးတွေအတွက် လုပ်ဆောင်နေလို့ အချိန်ပေးပြီး မဖြေနိုင်သလား၊ ဒါမှမဟုတ် ကျွန်မတို့ ရှမ်းပြည်နယ်ဟာ ဖွံ့ဖြိုးတိုးတက်တဲ့ ပြည်နယ်ဖြစ်ရမယ်ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ကြိုးစားနေလို့ပဲ ကျွန်မကို မဖြေပေးသေးတာလားဆိုပြီး ကျွန်မမှာ မေးခွန်းပေါင်း များစွာ ဖြစ်ခဲ့ရပါတယ်။

မြို့တော်သာယာသန့်ရှင်းလှပရေး၊ မြို့တော်များ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးဟာ စည်ပင်သာယာရေး ကဏ္ဍရဲ့ အဓိကပဲဖြစ်ပါတယ်။ ကျွန်မ ပထမဦးဆုံးအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးကို လာပြီး တက်ခဲ့စဉ်က တောင်ကြီးမြို့ရဲ့ အမှိုက်ကင်းစင်ပြီး သန့်ရှင်းသပ်ရပ်လှတာကို မြင်ပြီးတော့ စည်ပင်သာယာရေးဝန်ထမ်းများရဲ့ ကြိုးပမ်းမှုနဲ့ မြို့နယ်လူထုတွေရဲ့ ပူးပေါင်းပါဝင်ကူညီမှုကို စိတ်ထဲမှာ ချီးကျူးမိပါတယ်။ ကျွန်မရောက်ပြီး နောက်တစ်နေ့မနက် လမ်းထလျှောက်ကြည့်တဲ့ အချိန်မှာ စည်ပင်ဝန်ထမ်းတွေရဲ့ လမ်းမတစ်လျှောက်မှာ တာဝန်ကျေပွန်အောင် ထမ်းဆောင်နေတာကိုလည်း လေးစားစွာ တွေ့ရှိခဲ့ရသလို အမှိုက်ပုံးများကို မြို့နေလူထုက စနစ်တကျ စွန့်ပစ်ထားပေမဲ့လည်း ညပိုင်းမှာ ခွေးများရဲ့

မွေနှောက်ဖွလားမှုတွေကြောင့် အမှိုက်တွေ ပြန့်ကျဲပြီး မြို့ရဲ့အလှအပတွေ ညှိုးနွမ်းစေတာကို ကြည့်ပြီး အမှိုက်ပုံးတွေကို သည့်ထက်ကောင်းမွန်တဲ့ စနစ်နဲ့ မြို့တိုင်းမှာ ဘယ်လိုလုပ်ဆောင်သင့်သလဲဆိုတဲ့ အချက်ကို ကျွန်မ အဖြေရှာ နေမိပါတယ်။ ကျွန်မတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကနေပြီးတော့ အစိုးရအသစ် ပြောင်းလဲလာပြီးတဲ့နောက်ပိုင်းမှာ ကျွန်မတို့ ပြည်နယ်ဟာ ဆိုလျှင် အမှိုက်တွေ ကင်းစင်ကာ ဖွံ့ဖြိုးတိုးတက်တာကို တွေ့ရှိရပေမဲ့ အခြားသော မြို့တွေမှာ ဆိုလျှင် လမ်းကြိုလမ်းကြားတွေမှာ သော်လည်းကောင်း၊ မြို့လယ်ကောင်မှာ ရှိတဲ့အမှိုက်ပုံတွေ သော်လည်းကောင်း၊ အမှိုက်တွေဟာ လိုအပ်တာထက် ပိုပြီး ပွနေတာကို ကြည့်ခြင်းအားဖြင့် ကျွန်မဟာ နမ္မတူမြို့တစ်ခုတည်း မဟုတ်ပဲနဲ့ မြို့နယ်တိုင်းမှာ ရှိတဲ့ စည်ပင်သာယာရေးတိုင်းအတွက် ဒီမေးခွန်းကို မေးမြန်းခြင်းပဲ ဖြစ်ပါတယ်။

ကျွန်မ တောင်ကြီးဟိုတယ်ရဲ့ အပင်ကြီးတွေနဲ့ စိမ်းလန်းစိုပြေပြီး အမှိုက်ကင်းစင်နေတာကို ကြည့်ပြီးတော့ သာယာကြည်နူးမှုထက် လွမ်းမောဖွယ်ပိုပြီးခံစားမိပါတယ်။ အဲဒါဘာကြောင့်လဲဆိုတဲ့ အဖြေကို ကျွန်မစဉ်းစားကြည့်မိတဲ့အခါမှာ ကျွန်မတို့ ဒီတောင်ကြီးမြို့မှာ သော်လည်းကောင်း၊ မြို့တွေမှာသော် လည်းကောင်း၊ လိုအပ်တာထက် ပိုပြီးတော့ ပန်းပင်တွေ စိုက်ပျိုးမှု နည်းနေလို့ပါပဲ။ အဲဒီအဖြေဟာ ကျွန်မ တောင်ကြီးမြို့၊ မြို့တော်ခန်းမမှာ လုပ်တဲ့ ဆွေးနွေးပွဲကို သွားတက်တဲ့အချိန်မှာ မြို့တော်ခန်းမ အဝင်မှာ ရှိတဲ့ အုတ်ခုံမှာ တကယ့်ပန်းတွေ စိုက်ပျိုးနိုင်ခြင်း မရှိပဲနဲ့ လတ်တလောအသုံးပြုဖို့အတွက် ပန်းအတုတွေ တပ်ဆင်ထားတယ်။ သစ္စာပန်းတွေကို စိုက်ထားတာကို တွေ့ရှိရတဲ့အတွက်ကြောင့် ကျွန်မ အဖြေဟာ မှန်ကန်တယ်လို့ ယူဆမိပါတယ်။

ဒါကြောင့် စည်ပင်သာယာရေးဟာ မြို့တော်သန့်ရှင်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် တာဝန်ကျေပွန်အောင် ဆောင်ရွက်ဖို့ဆိုတာ အမှိုက်သိမ်း ကားနဲ့တင် မလုံလောက်ပဲနဲ့ ရေကားက မရှိမဖြစ်လိုအပ်နေတယ်ဆိုတဲ့ ကျွန်မအဖြေက ခိုင်လုံသွားပါတယ်။ ကျွန်မတို့ အဲဒီရေကားတွေကို

ဒီပန်းပင်စိုက်ပျိုးဖို့အတွက်သာ မကပဲနဲ့ ရေရှားပါးတဲ့၊ ရေဆက်သွယ်ဖို့ ခက်ခဲတဲ့ မြို့နယ်တွေမှာလဲ သာရေး၊ နာရေးကိစ္စတွေမှာ စည်ပင်အနေနဲ့ ပါဝင်ကူညီ ဆောင်ရွက်နိုင်တဲ့ အချက်ကလည်း အဓိကဖြစ်နေပါတယ်။

ဒါကြောင့် ကျွန်မအနေနဲ့ ဒီမေးခွန်းကို အထူးအစည်းအဝေး ကတည်းက မေးချင်ခဲ့ပါတယ်။ ဒါပေမဲ့ မေးခွင့် မရရှိခဲ့ပါဘူး။ အဲဒီအတွက် ကျွန်မ ဘာကိုထပ်ပြီး တွေ့ရှိသွားသလဲဆိုတော့ စည်ပင်သာယာရေး ရုံးရဲ့ နောက်ကျောမှာ ရှိတဲ့ တောင်ကြီးရဲ့ နောက်တစ်လမ်းမှာ ဆိုလျှင် ဝန်ထမ်းအိမ်ရာထဲမှာ (၁၀)ပတ်လည်လောက်ပဲ ဝေးကွာတဲ့နေရာတွေမှာ အမှိုက်တွေ ပုံနေတာကို ထပ်မံတွေ့ရှိခဲ့ရပါတယ်။ ပြီးတော့ ကျွန်မတို့ တောင်ကြီးမြို့ဟာ လမ်းလယ်မှာ စည်ပင်သာယာရေးဝန်ထမ်းတွေဟာ ကြိုးစားပြီးတော့ ဖွံ့ဖြိုးအောင်၊ သာယာလှပအောင် ဖန်ဆင်းထားပေမဲ့ ညနေပိုင်းလမ်းလျှောက်ကြည့်လိုက်တဲ့အချိန်မှာ ရေပုပ်၊ မြောင်းနံ့တွေနဲ့ 'ရ' စပြုနေတာကို ကျွန်မသတိပြုမိပါတယ်။

ဒါကြောင့် ကျွန်မက ကျွန်မတို့ ပြည်နယ်ကြီး သာယာဖွံ့ဖြိုး တိုးတက်ရေးအတွက် စည်ပင်သာယာတဲ့ ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ သာယာလှပဖို့အတွက် ကျွန်မအနေနဲ့ မြို့နယ်စည်ပင်သာယာရေးရုံး တိုင်းမှာ အမှိုက်သိမ်းကားနဲ့ ရေကားများ ထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးရဲ့

"မြို့နယ်စည်ပင်သာယာရေးရုံးတိုင်းတွင် မြို့တော် သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်သိမ်းကားနှင့် ရေကားမရှိသည့်မြို့များတွင် ထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်တွင် ထောက်ပံ့ပေးနိုင်မည်နှင့် မရှိပါကအဘယ့်ကြောင့် မပေးနိုင်သည်ကို သိရှိလိုပါသည်။" ဆိုသည့်မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်မှ ပြန်လည်ဖြေကြားသွားပါ့မယ်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးခွဲ လားရှိုးနှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် အမှိုက်သိမ်းယာဉ်၊ ရေသယ်ယာဉ်၊ တစ်ပါထော်လာဂျီ၊ ထော်လာဂျီများ ခွဲဝေချထားမှုမှာ လားရှိုးမြို့တွင် အမှိုက်သိမ်းယာဉ် (၈) စီး၊ ရေသယ်ယာဉ် (၅)စီး၊ တစ်ပါထော်လာဂျီ (၁) စီး၊ ထော်လာဂျီ (၄)စီး၊ သိန္နီမြို့တွင် အမှိုက်သိမ်းယာဉ် (၁)စီး၊ တစ်ပါထော်လာဂျီ (၁)စီး၊ ထော်လာဂျီ (၁) စီး၊ တန့်ယန်းမြို့တွင် အမှိုက်သိမ်းယာဉ် (၁) စီး၊ တစ်ပါထော်လာဂျီ (၁) စီး၊ ထော်လာဂျီ (၁) စီး၊ မိုင်းရယ်မြို့တွင် တစ်ပါထော်လာဂျီ (၁) စီး၊ ထော်လာဂျီ (၁) စီး၊ ကျောက်မဲမြို့တွင် အမှိုက်သိမ်းယာဉ် (၃) စီး၊ ရေသယ်ယာဉ် (၂)စီး၊ တစ်ပါထော်လာဂျီ (၂) စီး၊ ထော်လာဂျီ (၂) စီး၊ သီပေါမြို့တွင် အမှိုက်သိမ်းယာဉ် (၁) စီး၊ ရေသယ်ယာဉ် (၁)စီး၊ တစ်ပါထော်လာဂျီ (၂) စီး၊ ထော်လာဂျီ (၂) စီး၊ နောင်ချိုမြို့တွင် ရေသယ်ယာဉ် (၁)စီး၊ ထော်လာဂျီ (၂) စီး၊ နမ္မတူမြို့တွင် တစ်ပါထော်လာဂျီ (၁) စီး၊ ထော်လာဂျီ (၁) စီး၊ နမ့်ဆန်မြို့တွင် တစ်ပါထော်လာဂျီ (၁) စီး၊ ထော်လာဂျီ (၁) စီး၊ မိုးမိတ်မြို့တွင် ထော်လာဂျီ (၂) စီး၊ မဘိမ်းမြို့တွင် တစ်ပါထော်လာဂျီ (၁) စီး၊ မန်တုံမြို့တွင် တစ်ပါထော်လာဂျီ (၁) စီး၊ မူဆယ်မြို့တွင် အမှိုက်သိမ်းယာဉ် (၄) စီး၊ ရေသယ်ယာဉ် (၄)စီး၊ တစ်ပါထော်လာဂျီ (၃) စီး၊ ထော်လာဂျီ (၁) စီး၊ နမ့်ခမ်းမြို့တွင် အမှိုက်သိမ်းယာဉ် (၁) စီး၊ ရေသယ်ယာဉ် (၁)စီး၊ တစ်ပါထော်လာဂျီ (၂) စီး၊ ကွတ်ခိုင်မြို့တွင် အမှိုက်သိမ်းယာဉ် (၁) စီး၊ ရေသယ်ယာဉ် (၁)စီး၊

တစ်ပါထော်လာဂျီ (၂) စီး၊ ထော်လာဂျီ (၂) စီး၊ ကြူကုတ်မြို့တွင် တစ်ပါထော်လာဂျီ (၁) စီး၊ ထော်လာဂျီ (၂) စီး၊ မိုးကုတ်မြို့တွင် ထော်လာဂျီ (၁) စီး၊ ဟိုပန်မြို့တွင် အမှိုက်သိမ်းယာဉ် (၂) စီး၊ တာမိုးညဲမြို့တွင် ထော်လာဂျီ (၁) စီး၊ မန်ဟီးရိုးမြို့တွင် တစ်ပါထော်လာဂျီ (၁)စီး၊ မိုင်းငေါ့မြို့တွင် တစ်ပါထော်လာဂျီ (၁) စီး စုစုပေါင်း အမှိုက်သိမ်းယာဉ် (၂၂) စီး၊ ရေသယ်ယာဉ် (၁၅)စီး၊ တစ်ပါထော်လာဂျီ (၂၂) စီး၊ ထော်လာဂျီ (၂၄) စီးတို့ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အမှိုက်သိမ်းယာဉ်ရှိသော မြို့နယ် (၉)မြို့နယ်တွင် အမှိုက်သိမ်းယာဉ် (၂၂) စီးဖြင့်လည်းကောင်း၊ အမှိုက်သိမ်းယာဉ် မရှိသော မြို့နယ်များအနက် မြို့နယ် (၁၂)မြို့နယ်မှာ တစ်ပါထော်လာဂျီ (၈)စီး၊ ထော်လာဂျီ (၁၁)စီး တို့ဖြင့် လည်းကောင်း၊ အမှိုက်သိမ်းဆည်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါတယ်။ ရေသယ်ယာဉ်ရှိသော မြို့နယ် (၈)မြို့နယ်တွင် ရေသယ်ယာဉ် (၁၆)စီးဖြင့် မြို့သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါတယ်။ အထက်ပါမြို့နယ်များအနက် နမ့်ဆန်မြို့နယ်အား စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ထောက်ပံ့ငွေကျပ် (၇၀)သိန်းဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် တစ်ပါထော်လာဂျီ (၁)စီး ဝယ်ယူဖြည့်တင်းပြီး ဖြစ်ပါတယ်။

အမှိုက်သိမ်းယာဉ်နှင့် ထော်လာဂျီ ယာဉ်များ မရှိသော ကွမ်းလုံနှင့် ချင်းရွှေဟော်မြို့နယ်၊ ရေသယ်ယာဉ် မရှိသော တန့်ယန်း၊ မိုင်းရယ်၊ နမ္မတူ၊ နမ့်ဆန်၊ မိုးမိတ်၊ မဘိမ်း၊ ကြူကုတ်၊ မုံးကိုး၊ ကွမ်းလုံ၊ ဟိုပန်၊ တာမိုးညဲ၊ မန်ဟီးရိုး၊ ချင်းရွှေဟော်နှင့် မိုင်းငေါ့မြို့နယ်များအတွက် အမှိုက်သိမ်းယာဉ်နှင့် ရေသယ်ယာဉ်လိုအပ်ချက်များကို ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဘဏ္ဍာရေးနှစ် အလိုက် ဝယ်ယူဖြည့်တင်းပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ ဆက်လက်ပြီး မိုင်းတုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းဝင်းမြတ်ဦးက ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)** ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မိုင်ဆွန်ခလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီကိုယ်စားပြု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမြတ်ဦး ဖြစ်ပါတယ်။ ကျွန်တော်ကတော့ စည်ပင်နဲ့ ပတ်သက်တဲ့ မေးခွန်းများ အနည်းငယ် မေးမြန်းလိုပါတယ်။ စည်ပင်မှ တချို့သော ဝန်ထမ်းများမှာ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနဲ့ ညှိနှိုင်းပြီးတော့ စည်ပင်နယ်နိမိတ်ပြင်ပရှိ ကျေးရွာနဲ့ ကျေးရွာအုပ်စုတွေမှာ စည်ပင်နဲ့ ပတ်သက်တဲ့ ဆိုင်ခွန်တွေ၊ ဆောက်လုပ်ရေးခွန်တွေကို ကောက်ခံနေပါတယ်။

ဒါကြောင့် စည်ပင်သာယာနယ်နိမိတ်ပြင်ပရှိ ကျေးရွာများကို စည်ပင်နဲ့ ပတ်သက်တဲ့အခွန်များ ကောက်ခံခွင့် ရှိ/မရှိ သိရှိလိုပါတယ်။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။** မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမြတ်ဦး မေးထားတဲ့ "စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပရှိ ကျေးရွာများကို စည်ပင်နှင့် ပတ်သက်သော အခွန်များ ကောက်ခံခွင့် ရှိ/မရှိ" မေးခွန်းနှင့် ပတ်သက်၍ ဖြေကြားပေးသွားပါမယ်။

တည်ဆဲစည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၁၂ တွင် ကော်မတီသည် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြို့စည်ပင်သာယာရေး နယ်နိမိတ်တွင် ဖြစ်စေ၊ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပတွင် ဖြစ်စေ။ အောက်ပါအခွန်များကို စည်းကြပ်ကောက်ခံနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -

(က) အဆောက်အဦနှင့် မြေခွန်၊

(ခ) ရေခွန်၊ လမ်းမီးခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်၊ အများသုံးအိမ်သာခွန်၊

(ဂ) ယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များ၊ အိမ်မွေးခွေးများအပေါ် ကောက်ခံသည့် အခွန်

(ဃ) ပြင်ပမှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဝင်ရောက်ရပ်နားသော ယာဉ်များ၊ လူစီးနှင့် ဝန်တင် တိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

(င) ဤဥပဒေကခွင့်ပြုသည့် စည်ပင်သာယာရေးဆိုင်ရာ အခြားအခွန်များ။

တည်ဆဲစည်ပင်သာယာရေးအဖွဲ့များဥပဒေအရ မြို့နယ်အတွင်းရှိ ကျေးရွာများအားလုံးက စည်ပင်သာယာရေးအခွန်များ ကောက်ခံခွင့်ရှိသော်လည်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအားလုံးသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းသာ အခွန်အခ အကောက်များ စည်းကြပ်ကောက်ခံကြပါတယ်။ မြို့နယ်အတွင်း ကျေးရွာများရှိ ဈေးများ၊ အခွင့်အရေးလိုင်စင်များသာ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ် အတွင်းရှိ မြို့အသွင် ဖွံ့ဖြိုးတိုးတက်နိုင်သည့် ကျေးရွာများအား စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စည်ပင်သာယာရေး အဖွဲ့များဥပဒေပုဒ်မ (၉)၊ ပုဒ်မခွဲ (ပ)အရ ဝန်ကြီးဌာန၊ ဦးစီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် မြို့စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပရှိ ကျေးလက်ဒေသ တို့တွင် နယ်နိမိတ်ပိုင်းခြား သတ်မှတ်ကြေညာ၍ ယင်းနယ်နိမိတ်အတွင်း

ပုဂ္ဂလိကပိုင် အဆောက်အဦများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်းအတွက် ကြီးကြပ်ခ၊ စစ်ဆေးခများ ကောက်ခံခြင်း ဆောင်ရွက်ပါတယ်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ လုပ်ထုံးလုပ်နည်းနှင့် အညီ အဆင့်ဆင့် တင်ပြလျက် ဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီး ဌာနတို့၏ ခွင့်ပြုချက်၊ အမိန့်ကြော်ငြာစာများရယူဆောင်ရွက်ပါသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ နယ်နိမိတ်အတွင်းရှိ မြို့အသွင် ဖွံ့ဖြိုး တိုးတက်လျက် ရှိသည့်ကျေးရွာများအား စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ (၃)၊ ပုဒ်မခွဲ (ခ)အရ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြို့စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် ပုဒ်မ (၈၉)၊ ပုဒ်မခွဲ (ခ)အရ သတ်မှတ်ပြီး မြို့ပေါ်တွင် ဆောင်ရွက်လျက်ရှိသော စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် မြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ကောက်ခံလျက် ရှိသော အခွန်၊ အခ၊ အကောက်များ ကောက်ခံပါသည်။

ထိုသို့ကောက်ခံနိုင်ရန်အတွက် သက်ဆိုင်ရာ မြို့နယ်စည်ပင် သာယာရေးအဖွဲ့များမှ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်တင်ပြလျက် ဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနတို့၏ ခွင့်ပြုချက်၊ အမိန့်ကြော်ငြာစာများ ရယူ၍ အခွန်၊ အခ၊ အကောက်များ စည်းကြပ် ကောက်ခံခြင်း၊ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်လျက် ရှိပါတယ်။ သို့ဖြစ်ပါ၍ မြို့နယ်အတွင်းရှိ ကျေးရွာများတွင် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေအရ အခွန်၊ အခ၊ အကောက်များ ကောက်ခံခွင့်ရှိသော်လည်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် ဈေးများ၊ အခွင့်အရေးလိုင်စင်များ၊ သက်ဆိုင်ရာ အခွန်၊ အခ၊ အကောက်များအား စည်းကြပ်ကောက်ခံပါကြောင်း၊ စည်ပင်သာယာရေး အဖွဲ့များ ဥပဒေ ပုဒ်မ(၉)၊ ပုဒ်မခွဲ(ပ)အရ အတန်အသင့် ဖွံ့ဖြိုးတိုးတက်သော ကျေးရွာများအား နယ်နိမိတ် သတ်မှတ်ကြေညာ၍ နယ်နိမိတ်အတိုင်း

ဝန်ကြီးဌာန၊ ဦးစီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် ပုဂ္ဂလိကပိုင် အဆောက်အဦများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊ ကြီးကြပ်ခ၊ စစ်ဆေးခများ ကောက်ခံစည်းကြပ်ခြင်းများ ဆောင်ရွက်ပါကြောင်း၊ စည်ပင်သာယာရေး အဖွဲ့များ ဥပဒေပုဒ်မ (၃)၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ (၈၉)၊ ပုဒ်မခွဲ (ခ)တို့အရ မြို့အသွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကျေးရွာကြီးများအား မြို့စည်ပင် သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်၍ ဝန်ကြီးဌာန၊ ဦးစီးဌာနတို့၏ ခွင့်ပြုချက်ဖြင့်မြို့ပေါ်တွင် ကောက်ခံလျက် ရှိသော အခွန်၊ အခ၊ အကောက်များ ကောက်ခံစည်းကြပ်ခြင်း၊ မြို့ပေါ်တွင် ဆောင်ရွက်ပေးလျက် ရှိသော စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက် ပေးလျက် ရှိပါကြောင်းနှင့် ယခုအခါ စည်ပင်သာယာရေးဦးစီးဌာန ဖျက်သိမ်းပြီးဖြစ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်စည်ပင် သာယာရေး ဝန်ကြီးဌာနတို့၏ အတည်ပြု/ ခွင့်ပြုချက်များဖြင့် မြို့အသွင် ဖွံ့ဖြိုးတိုးတက် လာသော ကျေးရွာများအား စည်ပင်သာယာရေးနယ်နိမိတ် သတ်မှတ်ကြေညာခြင်း၊ အခွန်၊ အခ၊ အကောက်များ ကောက်ခံခြင်း၊ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းများ ဆက်လက် ဆောင်ရွက်မည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းဝင်းမြတ်ဦးက ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ကျွန်တော့်ရဲ့ ဒုတိယ မေးခွန်းကို ဆက်မေးမြန်းပါ့မယ်။ ရှမ်းပြည်နယ် အတွင်းရှိ မြို့နယ်အတော်များများမှာ မြို့အဝင် ဘီးခွန်များကို ကောက်ခံနေတာ တွေ့ရှိရပါတယ်။ ဒါပေမဲ့ တစ်မြို့နဲ့ တစ်မြို့ ကောက်ခံတဲ့

နှုန်းထားများ မတူညီတာကို တွေ့ရပါတယ်။ ဥပမာ တောင်ကြီးမြို့ရဲ့ ကျွန်တော့်လေးဘီးကားလေးဝင်လာတာ (၂၀၀) ကျပ်ပဲ ပေးရပါတယ်။ တုံတာမြို့နယ်ခွဲကျတော့ (၁၀၀၀)ကျပ် ပေးရပါတယ်။ မိုင်းဖြတ်မြို့ ကျတော့ (၇၀၀) ပေးရပါတယ်။ တာချီလိတ်၊ မယ်ယန်းဂိတ်ဖက် အဝင်က (၁၅၀၀)ပေးရပါတယ်။ လွယ်ကော်ခမ်းဂိတ်ဘက်အဝင်က ဘတ် (၁၀၀) (မြန်မာကျပ် ၂၇၀၀) ပေးရပါတယ်။

ဒါကြောင့်"မြို့အဝင် ဘီးခွန် ကောက်ခံရာမှာ မြို့ကြီးမြို့ငယ်အလိုက်၊ ယာဉ်ကြီး/ယာဉ်ငယ်အလိုက် ကောက်ခံရသော စျေးနှုန်းများ သတ်မှတ်ထားခြင်း ရှိ/မရှိ၊ ရှိပါက မည်ကဲ့သို့ သတ်မှတ်ထားသည်ကို သိရှိလိုပါတယ်။"

**ဥက္ကဋ္ဌ ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။** မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမြတ်ဦး၏ " **မြို့အဝင် ဘီးခွန်ကောက်ခံရာမှာ မြို့ကြီးမြို့ငယ် အလိုက်၊ ယာဉ်ကြီး/ယာဉ်ငယ်အလိုက် ကောက်ခံရသော စျေးနှုန်းများ သတ်မှတ် ထားခြင်း ရှိ/မရှိ၊ ရှိပါက မည်ကဲ့သို့ သတ်မှတ်ထားသည်ကို တိတိကျကျ သိရှိလိုပါသည်**" ဆိုသည့် မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်မှ ပြန်လည်ဖြေကြားပေး သွားပါမယ်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် စည်ပင်သာယာရေး အဖွဲ့များ ဥပဒေပုဒ်မ (၁၂)၊ ပုဒ်မခွဲ (ဂ)နှင့် (ဃ)တို့အရ မြို့စည်ပင် သာယာရေးနယ်နိမိတ်အတွင်းရှိ တစ်ဆက်တည်း (၁၅)ရက်ကျော်လွန် ထားရှိသည့် ဘီးတပ်ယာဉ်များအပေါ် ကောက်ခံသည့် ဘီးခွန်များကို

လည်းကောင်း၊ မြို့နယ်စည်ပင် သာယာရေးနယ်နိမိတ်အတွင်း ဝင်ရောက်လာသော ဘီးတပ်ယာဉ်များအပေါ် ကောက်ခံသည့်ဘီးကောက်များ ကိုလည်းကောင်း၊ ဥပဒေနှင့်အညီ သတ်မှတ်နှုန်းထားများအတိုင်း ကောက်ခံ ဆောင်ရွက်လျက်ရှိပါတယ်။ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်ပြင်ပမှ ဝင်ရောက်လာသော ဘီးတပ်ယာဉ်များအပေါ် ညဥ့်သန်းခေါင် (၁၂)နာရီမှ (၂၄)နာရီကြား ကာလကို ဘီးကောက်နှုန်း ထားဖြင့် ကောက်ခံပါသည်။ ဘီးကောက်များကို စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ယာဉ်တစ်စီးဝင်ရောက်လာသည့်အချိန်၌သာ ကောက်ခံပြီးနောက် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ထားရှိချိန်နှင့် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းမှ ပြန်လည် ထွက်ခွာသွားသောအခါ ၎င်းယာဉ်အပေါ်တွင် ထပ်မံကောက်ခံခွင့် မရှိပါ။ ထိုသို့ကောက်ခံနိုင်ရန် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ၎င်းမှ နယ်စပ်ရေးရာဝန်ကြီး ဌာနနှင့် ယခင်စည်ပင်သာယာရေးဦးစီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူ ရပါသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် စည်ပင်သာယာရေးဦးစီးဌာနတို့မှ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၈၉ (ခ)အရ အမိန့်ကြော်ငြာစာ (Notification)များထုတ်ပြန်၍ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့အလိုက် မြို့ဝင် ဘီးခွန် /ဘီးကောက်များ ကောက်ခံခွင့်ပြု ခဲ့ပါသည်။

မြို့ဝင်ဘီးကောက်များ ကောက်ခံရာတွင် မြို့ကြီး၊ မြို့ငယ် အလိုက်နှင့် ယာဉ်အမျိုးအစားအလိုက် ကောက်ခံသော နှုန်းထားများကို သတ်မှတ်ထားရှိပါသည်။ ဥပမာအားဖြင့်- တောင်ကြီးမြို့တွင် (၅)တန်နှင့် အထက် (၃၀၀)ကျပ်၊ (၃)တန်မှ (၅)တန်အတွင်း (၁၅၀)ကျပ်၊ (၁)တန်မှ (၃)တန်အထိ (၁၀၀)ကျပ်၊ (၁)တန်အောက် (၇၅)ကျပ်၊ လားရှိုးမြို့တွင် (၅)တန်နှင့်အထက် (၅၀၀)ကျပ်၊ (၃)တန်မှ (၅)တန်အတွင်း (၃၀၀)ကျပ်၊ (၁)တန်မှ (၃)တန်အထိ (၂၀၀)ကျပ်၊ (၁)တန်အောက် (၁၀၀)ကျပ်၊

မူဆယ်မြို့တွင် (၅)တန်နှင့်အထက် (၅၀၀)ကျပ်၊ (၃)တန်မှ (၅)တန်အတွင်း (၃၀၀)ကျပ်၊ (၁)တန်မှ (၃)တန်အထိ (၂၀၀)ကျပ်၊ (၁)တန်အောက် (၁၀၀)ကျပ်၊ မိုင်းတုံမြို့တွင် (၅)တန်နှင့်အထက် (၁၀၀၀)ကျပ်၊ (၃)တန်မှ (၅)တန်အတွင်း (၈၀၀)ကျပ်၊ (၁)တန်မှ (၃)တန်အထိ (၅၀၀)ကျပ်၊ (၁)တန်အောက် (၄၀၀)ကျပ် တို့ ဖြစ်ပါတယ်။

မြို့ဝင် ဘီးခွန်/ဘီးကောက်များ ကောက်ခံရာတွင် မြို့၏ ဒေသကာလအခြေအနေ အရ ယာဉ်ကြီး/ယာဉ်ငယ်အလိုက် အတန်းအစားခွဲခြား၍ သက်ဆိုင်ရာ အမိန့်ကြော်ငြာစာများတွင် နှုန်းထားများ သတ်မှတ်ပြီးဖြစ်ပါသည်။ အခြေအနေအရ မြို့ဝင် ဘီးခွန်/ဘီးကောက်နှုန်းထားများ ပြင်ဆင်ရန် လိုအပ်ပါက သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ထောက်ခံချက်နှင့်အတူ မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ တင်ပြပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ယခင်နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ စည်ပင်သာယာရေး ဦးစီးဌာနတို့၏ အတည်ပြုချက်များဖြင့် လည်းကောင်း ၂၀၁၂ -၂၀၁၃ ဘဏ္ဍာရေးနှစ်မှ အစပြု၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်စည်ပင်သာရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် လည်းကောင်း၊ ပြင်ဆင်သတ်မှတ်ပါသည်။ ဘီးခွန်အား သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများမှ ကောက်ခံပါသည်။ မြို့ဝင် ဘီးခွန် ကောက်ခံခြင်းလုပ်ငန်းအား အခွင့်အရေးလိုင်စင်အဖြစ် လေလံ တင်ရောင်းချပါသည်။ မြို့ဝင်ဘီးကောက် ကောက်ခံခြင်း လုပ်ငန်းလိုင်စင်စီ လုပ်ကိုင်သူများကိုလည်း လုပ်ငန်းမလုပ်ကိုင်မီ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ သတ်မှတ်နှုန်းထားများ အတိုင်းသာ ကောက်ခံဆောင်ရွက်ရန် ဝန်ခံကတိ စာချုပ်ပြုလုပ်စေပြီးမှသာ လိုင်စင်ချထား ဆောင်ရွက်စေလျက်ရှိပါတယ်။ မြို့နယ်စည်ပင်သာယာရေး အဖွဲ့များသည် မြို့ဝင်ဘီးခွန်/ဘီးကောက်များ ကြီးကြပ်ကောက်ခံရာတွင် ကားကြီးများ၊ ကားငယ်၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ နွားလှည်း၊ မြင်းလှည်း၊ တွန်းလှည်းတို့အား အမျိုးအစားအလိုက် ဝန်ကြီးဌာန၊ စည်ပင်သာယာရေး

ဦးစီးဌာနတို့မှ အတည်ပြုထားသည့် အမိန့်ကြော်ငြာစာပါ နှုန်းထားများ အတိုင်းသာ ကောက်ခံဆောင်ရွက်လျက် ရှိကြောင်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ အစပြု၍ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်း၊ နှုန်းထားများ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းတို့အား ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးတို့၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ အားလုံးကို အထူး ကျေးဇူးတင်ရှိပါတယ်။

ဥက္ကဋ္ဌ ။ ဆက်လက်ပြီး နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြက ပထမမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာတဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း လေးစားဂါရဝပြုပါကြောင်း ဦးစွာ ပြောကြားလိုပါတယ်။ ကျွန်တော်ကတော့ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ ကျင်းပတဲ့ အစည်းအဝေးမှာ ဒိုးပင်ရဲစခန်းကို ဟိုခိုကျေးရွာသို့ ပြောင်းရွှေ့ပေးရေးနဲ့ ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

နောင်ချိုမြို့နယ် မြောက်ပိုင်းမှာ ရှိတဲ့ ဒိုးပင်ရဲစခန်းဟာ ဟိုခိုကျေးရွာနဲ့ (၇)မိုင် အကွာမှာ တည်ရှိပါတယ်။ ဟိုခိုကျေးရွာဟာ ဈေးရှိတဲ့ ရွာဖြစ်ပြီး အလယ်တန်းကျောင်းခွဲ၊ ကျေးလက်ကျန်းမာရေးဌာန၊ ဘဝသစ်ထူထောင်ရေးစိုက်ခင်းများ ရှိသည့် အကျဉ်းဦးစီးဌာန ရှိသည့် အပြင် ပြင်ဦးလွင်-မိုးကုတ် ကားလမ်းပေါ်တွင် အုမ္မသီးလမ်းခွဲ၊ ဟိုခိုကတ္တရာလမ်းပေါ်မှာ တည်ရှိတဲ့ လမ်းဆုံကျေးရွာ (၁)ရွာ ဖြစ်ပါသည်။

ငှင်းအပြင် ဘန့်ဘေးကျင်း၊ ကျောက်ကြီး၊ ဒိုးပင်ကျေးရွာ အုပ်စုများနှင့် (၇)မိုင်စီ အကွာအဝေးတူညီသည့် ဗဟိုချက်မ ရွာလဲ ဖြစ်ပါတယ်။ ဟိုခိုတွင် ရဲစခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်းဖြင့် မြို့နယ်၏ အနောက်ဘက်ခြမ်း ဖြစ်သည့် အနောက်ကြူအင်း၊ သံဘို၊ သရက်ကုန်း ကျေးရွာအုပ်စုများအတွက်ပါ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို လက်လှမ်းမီမီ ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ နောက် မြို့နယ် အုပ်ချုပ်ရေး လုပ်ငန်းတွေ မှာလည်း အထောက်အကူပြုလာနိုင်မှာ ဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေးနှင့် မြို့နယ်အုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာ လက်ရှိ ဒိုးပင်မှာ ရှိတဲ့ ရဲစခန်းကို လမ်းပန်း ဆက်သွယ်ရေး အချက်အချာကျပြီး ဈေး၊ ကျောင်း၊ အစိုးရဌာနများ ပြည့်စုံသည့် ဟိုခိုကျေးရွာသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ် ရှိပါသလား။ မည်သည့်ကာလတွင် ဆောင်ရွက်ပေးပါမည်နည်း။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့အစည်းဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပဏာမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား- နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြရဲ့ ဒိုးပင်ရဲစခန်းအား တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချက်အချာကျပြီး ဈေး၊ ကျောင်း၊ အစိုးရဌာနများ၊ ပြည့်စုံသော ဟိုခိုကျေးရွာသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ မည်သည့်

ကာလတွင် ပြောင်းရွှေ့ပေးမည်ကို သိရှိလိုကြောင်း ဆိုတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး ကျွန်တော် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သူ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြရဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ဖြေကြားရရင် နောင်ချိုမြို့နယ်၊ ဒိုးပင်ရဲစခန်း အပိုင်နယ်မြေ အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း (၆၆၉. ၁၅)မိုင်ရှိပြီး ကျေးရွာအုပ်စုပေါင်း (၁၁)အုပ်စု၊ ကျေးရွာပေါင်း (၉၁)ရွာ၊ အိမ်ခြေပေါင်း (၄၀၅၆)အိမ်၊ လူဦးရေ (၄၀၀၈၆)ဦး ရှိပါတယ်။ လူမျိုးစုများအနေနဲ့ ရှမ်း၊ ဗမာ၊ ခနွ၊ လီရှော၊ တရုတ်နဲ့ ဝေါ ရခါးလူမျိုးများ နေထိုင်ပြီး စီးပွားရေးလုပ်ငန်းအနေနဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ အဓိကထား လုပ်ကိုင်ကြပါတယ်။ ကျန်းမာရေးအနေနဲ့ ကျေးလက်ကျန်းမာရေး ဌာနခွဲများ ရှိပြီး ဒိုးပင်ကျေးရွာ တွင် အလယ်တန်းကျောင်း (၁)ကျောင်း ရှိပါတယ်။ ဒိုးပင်ရဲစခန်းမှာ ယခင်က ဒိုးပင်ရွာနဲ့ (၄)ဖာလုံ ကွာဝေးသော တုလားကွဲကျေးရွာတွင် တည်ရှိပြီး ဒိုးပင်ကျေးရွာပြည်သူလူထု၏ တင်ပြချက်အရ ဒိုးပင်ကျေးရွာသို့ (၁၅-၆-၂၀၀၁) ရက်နေ့မှာ ပြောင်းရွှေ့ခဲ့ပြီး (ဃ)အဆင့် ရဲစခန်းတည်ဆောက်မှုအား မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ ဘဏ္ဍာငွေ ခွင့်ပြုခဲ့သဖြင့် (၁၅-၇-၂၀၀၇)ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ရာ (၁၆-၈-၂၀၀၈)ရက်နေ့မှာ ပြီးစီးခဲ့ပါတယ်။ ဒိုးပင်ရဲစခန်းမှာ မန္တလေး-လားရှိုးမှ (၂၅)မိုင်ခန့်သာ ကွာဝေးပြီး ပြင်ဦးလွင်-နောင်ချို ကားလမ်းဘေးတွင် တည်ရှိ၍ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ရဲစခန်းအပိုင် နယ်မြေများရှိ ကျေးရွာများသို့ နယ်မြေ အေးချမ်းသာယာရေးအတွက် အုပ်ချုပ်မှု လွယ်ကူခြင်း၊ ဆက်သွယ်ရေး လွယ်ကူခြင်း သွားလာမှု လွယ်ကူခြင်းတို့ကြောင့် လက်ရှိဒိုးပင်ရဲစခန်း တည်ရှိရာ ဒိုးပင်ရွာသည် စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးအနေဖြင့် အချက်အချာကျသော နေရာဖြစ်ပါတယ်။

ဟိုခိုကျေးရွာသည် လက်ရှိဒိုးပင်ရဲစခန်းနှင့် (၇)မိုင်ခန့်သာကွာဝေးပြီး ဟိုခိုကျေးရွာအုပ်စုမှာ ကျေးရွာ (၅)ရွာသာ ရှိသဖြင့် လူဦးရေ (၂၀၀၀)ခန့်၊ အိမ်ခြေပေါင်း (၄၅၀)၊ စာသင်ကျောင်းအနေနဲ့ တွဲဘက်အလယ်တန်းကျောင်း (၁)ကျောင်းသာ ရှိပါတယ်။ ဟိုခိုကျေးရွာအုပ်စုတွင် ဟိုခို၊ ကုန်းစံ ရဲဘက်စခန်း (၂)ခု ရှိပြီး၊ စီးပွားရေးလုပ်ငန်းအနေဖြင့် အများစုမှာ တာယာလုပ်ငန်း လုပ်ကိုင်ခြင်းဖြင့်သာ အသက်မွေးဝမ်းကျောင်း ပြုပါတယ်။ ဟိုခိုကျေးရွာအုပ်စုအား တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာ အေးချမ်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နေ့စဉ် ဒိုးပင်ရဲစခန်းမှ အင်အား (၁+၂)ဖြင့် လှည့်ကင်း၊ ရပ်ကင်း ဆောင်ရွက်ပေးလျက်ရှိပြီး အခါအားလျော်စွာ အင်အား ၁+၅ ဖြင့် နေ့၊ ည လှည့်ကင်း၊ ရပ်ကင်း ဆောင်ရွက်ပေးလျက် ရှိပါတယ်။

နောင်ချိုမြို့နယ် ဒိုးပင်ရဲစခန်းသည် ပဏာမသတင်းပေးတိုင်ချက်ရေးဖွင့်နိုင်သော "ဃ"အဆင့် ရဲစခန်း (၁)ခုဖြစ်ပြီး ၂၀၀၁ ပြည့်နှစ်က ဖွင့်လှစ်ထားသော ရဲစခန်းဖြစ်သည်။ ၎င်းရဲစခန်းအပိုင်နယ်မြေအတွင်းတွင်လည်း တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက် ပေးနိုင်သော စခန်း(၁)ခု ဖြစ်ပါတယ်။ ရဲစခန်းအသစ် ထပ်မံဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ဖွင့်လှစ်မည့် နယ်မြေဒေသရဲ့ နယ်မြေအခြေအနေနဲ့ အကျယ်အဝန်း၊ လူဦးရေ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် မှုခင်းဖြစ်ပွားမှု အခြေအနေအားလုံးကို သုံးသပ်ပြီး ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းစစ်ဌာနချုပ်တို့ရဲ့ ထောက်ခံသဘောတူညီချက်များဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ တစ်ဆင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ အဆင့်ဆင့် တင်ပြဆောင်ရွက်ရပါတယ်။

လက်ရှိ ဒိုးပင်ရဲစခန်းအား ဒိုးပင်ကျေးရွာတွင် ဆက်လက်ထားရှိခြင်းဖြင့် ၎င်း၏ အပိုင်နယ်မြေများအတွင်း ဟိုခိုကျေးရွာအုပ်စုအပါအဝင် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများကို လက်လှမ်းမှီ ဆောင်ရွက်နိုင်ခြင်း ပြည်သူလူထုမှလည်း

ပူးပေါင်း ဆောင်ရွက်နိုင်ခြင်း ပြင်ဦးလွင်- မိုးကုတ်ကားလမ်းဘေးတွင် တည်ရှိခြင်းတို့ကြောင့် သွားလာဆက်သွယ်မှု လွယ်ကူသဖြင့် ဒိုးပင် ရဲစခန်းအား လက်ရှိ ဒိုးပင်ကျေးရွာတွင်သာ ဆက်လက်ထားရှိခြင်းသည် ပိုမိုသင့်လျော်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ ။** နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကျော်မြက ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ကျွန်တော်တို့မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်တဲ့အတွက် ကျွဲ နွား များဟာလည်း တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင်မှာ အဓိက အားထားအသုံးပြုနေရတဲ့ လယ်လုပ်ကိရိယာများ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ (၄-၅)နှစ်က စပြီးတော့ တပ်မတော် ရိက္ခာအတွက် အကြောင်းပြပြီး ဆမ္ဘဆယ်ကျေးရွာ နွားပွဲဈေးကို အခြေခံပြီး (၁၀)ဘီးကားများဖြင့် တနေ့ ပျှမ်းမျှ (၅)စီး၊ အကောင် (၁၀၀)ခန့် မူဆယ်ဘက်ကို သယ်ယူလျက် ရှိနေပါတယ်။ ဒီနှစ် ဧပြီ လဆန်းပိုင်းမှာ တနေ့တည်း (၁၀)ဘီးကား (၃၅)စီးထိ သယ်ဆောင်ခဲ့ကြောင်း သိရှိရပါတယ်။ တစ်စီး (၁)စီး ကို နွားအကောင်ရေ (၂၀)နှုန်းနဲ့ တွက်မယ်ဆိုရင် တနေ့တည်း (၇၀၀/၈၀၀/၁၀၀၀)လောက် သယ်နေတာကို တွေ့ရှိရပါတယ်။ ဒီလောက် အကောင်ရေများပြားတဲ့ ကျွဲနွားတွေဟာ ကျွန်တော်တို့ နောင်ချိုမြို့နယ်မှာ မထွက်ရှိပါဘူး။ မန္တလေးတိုင်း မြို့နယ်များက နွားချောချောလှလှလေးတွေကို ဆမ္ဘဆယ်ကျေးရွာအနီးမှာ ရှိတဲ့ (၂)ဧက (၃)ဧက ကျယ်ဝန်းတဲ့ ခြံကြီးတွေမှာ သိုလှောင်ပြီးတော့မှ စုစည်းသယ်ဆောင်ကြခြင်း ဖြစ်တဲ့

အတွက် အမှန်အကန်ထက် အကြံအဖန်က ပိုများနေပါတယ်။ အခုဆိုရင် ဆမ္မဆယ် ကျေးရွာမှာ မဟုတ်တော့ပဲ နေရာပြောင်းပြီး ဘန့်ဘွေးကျေးရွာ အနီးမှာရှိတဲ့ ရေဝင်ဘက်ကို ပြောင်းပြီးသယ်ဆောင်တဲ့ အနေအထား ရှိနေပါတယ်၊ မြို့ကြီးထဲမှာ ကုမ္ပဏီ(၁)ခုရဲ့ ဆိုင်းဘုတ်နောက်မှာ အများကြီး လှောင်ထားပြီး ဆောင်ရွက်နေတာ သိရှိရပါတယ်။ ကျွဲ၊ နွားတွေကို နိုင်ငံတော်မှ အရေးကြီးကုန်ပစ္စည်းအဖြစ် ဥပဒေနဲ့ သတ်မှတ်ထားပြီး ဖြစ်ပါတယ်၊ တစ်နိုင်ငံလုံးမှာ မိမိတို့ လမ်းကြောင်းသာမကပဲ အခြား လမ်းကြောင်းတွေကလဲ နီးစပ်ရာ တဖက်နိုင်ငံကို ခိုးထွက်နေသည်များ ရှိနိုင်ပါတယ်။ ဒီကိစ္စကို လစ်လျူရှုထားရင် မြန်မာနိုင်ငံမှာ စိုက်ပျိုးရေး လုပ်ငန်းအတွက် အားထားရတဲ့ ကျွဲနွားများကို နောင်တွင် အရှပ် ရှေးပြရမည့် တိန်းမျိုး ဆိုက်ရောက်သွားနိုင်ပါတယ်။ ဆမ္မဆယ်မှ အလုံးအရင်းနဲ့ နေ့စဉ်သယ်ယူတဲ့ ကျွဲနွားတွေရဲ့ ကိစ္စနောက်ကွယ်မှာ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုသူတွေ လာဘ်ပေးလာဘ်ယူမှုတွေလည်း ပါဝင်လျက် ရှိတဲ့အတွက် နိုင်ငံတော်သမ္မတကြီး မိန့်ကြားထားသကဲ့သို့ ကောင်းမွန်တဲ့အစိုးရ (Good governmance )နဲ့ သန့်ရှင်းသောအစိုးရ (Clean Government )များ ပေါ်ပေါက်လာနိုင်ရေးအတွက် လိုအပ်သော အရေးယူမှုများ ဆောင်ရွက်ပေးရန် လိုအပ်နေပါတယ်။ ဆမ္မဆယ် ကျေးရွာမှာ ရှိတဲ့ နွားပွဲဈေးကို အခြေခံပြီး မိမိမြို့နယ်နှင့် မန္တလေးတိုင်းအတွင်း မြို့နယ်များမှာ ရှိတဲ့ ကျွဲနွားများအား (၁၀)ဘီးကားနဲ့ နေ့စဉ် အကောင်ရေ (၁၀၀)ခန့်မှ အကောင်ရေ (၇၀၀) (၈၀၀)အထိ မူဆယ်ဘက်မှ တဆင့် တစ်ဖက်နိုင်ငံသို့ ခိုးထုတ်နေတဲ့ကိစ္စကို အမြန်ဆုံးနဲ့ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်ပေးပါမည်လားဆိုတာ မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် **နယ်စပ်ရေးရာဝန်ကြီး**။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြရဲ့ “ **နောင်ချိုမြို့နယ်၊ ဆမ္မဆယ်ကျေးရွာရှိ နွားပွဲဈေးကို အခြေခံပြီး မိမိမြို့နယ်နှင့် မန္တလေးတိုင်းအတွင်း မြို့နယ်များရှိ ကျွဲနွားများအား (၁၀)ဘီးကားများဖြင့် နေ့စဉ်အကောင် (၁၀၀) အနည်းဆုံး မူဆယ်ဘက်မှ တဆင့် တဘက်နိုင်ငံသို့ ခိုးထုတ်နေသည့်ကိစ္စအား အမြန်ဆုံး ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်ပေးမည်လား** ” ဆိုတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး ကျွန်တော် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြရဲ့ မေးခွန်းနဲ့ ပတ်သက်၍ ဖြေကြားရရင် နောင်ချိုမြို့နယ်၊ ဆမ္မဆယ်ကျေးရွာတွင် စည်ပင်သာယာရေးအဖွဲ့မှ နွားပွဲဈေးလိုင်စင်များ ချမှတ်ပေးထားသည့် တရားဝင် နွားပွဲဈေးရှိပြီး နွားများ ရောင်းဝယ်မှုများ ပြုလုပ်လျက် ရှိပါတယ်။ နွားများအား မော်တော်ယာဉ်များဖြင့် သယ်ဆောင်မှုများ ရှိလျှင် သတ်မှတ်လိုင်စင်အထောက်အထား၊ မျှောစာ၊ သယ်ဆောင်ခွင့်၊ ထောက်ခံချက်၊ မည်သည့်အဖွဲ့အစည်းမှ သယ်ဆောင်သည် ဆိုသည်များကို သက်ဆိုင်ရာ တိ/မွေး/ကုဌာန၊ အခြားသက်ဆိုင်ရာများနှင့် ပူးပေါင်းစစ်ဆေးပြီး အထောက်အထား အချက်အလက်ပြည့်စုံပါက သယ်ဆောင်ခွင့်ပြုပါတယ်။ အထောက်အထား စာရွက်စာတမ်းများ မပြည့်စုံပါက ဥပဒေနှင့်အညီ ဆောင်ရွက်လျက် ရှိပါတယ်။ ဥပဒေနှင့်အညီ ဆောင်ရွက်လျက် ရှိရာမှာ

လက်တလောအနေဖြင့် (၁-၉-၂၀၁၂)ရက်နေ့မှာ ဆမ္မဆယ်ကျေးရွာ အနောက်ဘက် (၄)မိုင်ခန့်အကွာ သုံးဆယ်ကျေးရွာအုပ်စု၊ လွယ်ပင်ကျေးရွာရဲ့ အနောက်ဘက် ငွေတောင်တံတားအနီးမှာ နွားပြာဖြူ အထီး (၁၄)ကောင်၊ နွားရွှေနီ အထီး(၁)ကောင်၊ စုစုပေါင်း (၁၅)ကောင် ဖမ်းဆီးရမိတဲ့ အတွက် နောင်ချိုရဲစခန်း (ပ) ၇၀/၂၀၁၂၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေ ပုဒ်မ (၅)အရ အမှုဖွင့် စစ်ဆေးလျက် ရှိပါတယ်။ (၈-၉-၂၀၁၂)ရက်နေ့ကလည်း ဒိုးပင်ရဲစခန်းရဲ့ အနောက်ဘက် (၁၀)မိုင်ခန့်အကွာ ပြင်ဦးလွင်- မိုးကုတ်သွား ကားလမ်း မိုင်တိုင်အမှတ် (၂၆/၇ ) နဲ့ (၁၇/၁)အကြား ပျဉ်းမရွာအနီးမှာ နွားပြာဖြူ အထီး (၂၄)ကောင် ဖမ်းဆီးရမိတဲ့အတွက် (ပ) ၂၃/၂၀၁၂ အရ အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေ ပုဒ်မ (၅)အရ အမှုဖွင့် စစ်ဆေးလျက် ရှိပါတယ်။ ဒ့ါအပြင် ဌာနဆိုင်ရာများ ပူးပေါင်းစစ်ဆေးလျက် ရှိရာမှာ ပူးပေါင်းအဖွဲ့တွင် ပါဝင်တဲ့ ဌာနဆိုင်ရာများအနက် ဆောင်ရွက်မှု အားနည်းတဲ့ ဌာနဆိုင်ရာဝန်ထမ်းများကိုလည်းပဲ သက်ဆိုင်ရာ ဝန်ကြီးဌာနက ဝန်ထမ်း စည်းမျဉ်းစည်းကမ်းအရ အရေးယူ ဆောင်ရွက်လျက် ရှိပြီးတော့ ထိုက်သင့်တဲ့ ပြစ်ဒဏ်များ ပေးအပ်လျက် ရှိကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ ။ ဦးကျော်မြက တတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ကန့်သတ်

၄၆

မိမိတို့ လက်ရှိ အစိုးရလက်ထက်မှာ စစ်ဆေးရေးဂိတ်အားလုံးကို ဖျက်သိမ်းလိုက်တဲ့အတွက် အထူးသဖြင့် မော်တော်ယာဉ်များဟာ လွတ်လပ်စွာ ကုန်ပစ္စည်းများ သယ်ဆောင်ခွင့်ရနေပါတယ်။ အရင်တုန်းက ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာ နောင်ချိုအထိ (၁၆)ဂိတ်ခန့် ရှိပါတယ်။ တရားဝင် ကုန်ပစ္စည်းတွေမှာ တရားဝင်ကုန်ပစ္စည်းတွေပါသလို နိုင်ငံတော်ရဲ့ ဥပဒေနဲ့ မလွတ်ကင်းတဲ့ ပစ္စည်းများလည်း ပါဝင်နိုင်ပါတယ်။ ဥပမာ စစ်လက်နက်ပစ္စည်းများ၊ မူးယစ်ဆေးဝါးများ၊ တားမြစ်ထားသော အရေးကြီးကုန်ပစ္စည်းများ ဖြစ်ပါတယ်။ တရားမဝင်ပစ္စည်းများကို ခိုင်လုံတဲ့ သတင်းရရှိမှသာ သက်ဆိုင်ရာက ဖမ်းဆိုင်နိုင်တဲ့ အခြေအနေ ရှိပါတယ်။ ဥပဒေမဲ့ သယ်ဆောင်လာတဲ့ ကုန်ပစ္စည်းတွေကို ရှမ်းပြည်နယ် အတွင်းရှိ Toll gate (တိုးဂိတ်)များတွင် CCTV ကင်မရာများ တပ်ဆင် အသုံးပြုပြီး အခါအားလျော်စွာ တာဝန်ရှိ အဖွဲ့အစည်းများမှ စစ်ဆေး အရေးယူနိုင်လျှင် အများအတွက် အကျိုးရှိလာမှာ ဖြစ်ပါတယ်။ မော်တော်ယာဉ် တွေက ဥပဒေမဲ့ပစ္စည်းများ သယ်ဆောင်လာလျှင် စစ်ဆေးအရေးယူ နိုင်ရန် ပြည်နယ်အတွင်းရှိ သင့်တော်တဲ့ Toll gate (တိုးဂိတ်)များတွင် CCTV ကင်မရာများ တပ်ဆင်ပြီး စစ်ဆေးအရေးယူ ဆောင်ရွက်ပေး နိုင်ပါသလား?။ ဆောင်ရွက်ပေးမည် ဆိုပါက မည်သည့်ကာလတွင် စတင်နိုင်ပါမည်နည်းဟု မေးမြန်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြရဲ့ **"မော်တော်ယာဉ်များမှ ဥပဒေမဲ့ ပစ္စည်းများ သယ်ဆောင်လာပါက စစ်ဆေးအရေးယူ နိုင်ရန် အတွက် ပြည်နယ်အတွင်းရှိ Toll gate (တိုးဂိတ်)များတွင် CCTV ကင်မရာများ တပ်ဆင်ပြီး တာဝန်ရှိ အဖွဲ့အစည်းများမှ စစ်ဆေးအရေးယူပေးနိုင်ရန် ဆောင်ရွက်ပေးနိုင်ပါမည်လား။ ဆောင်ရွက်ပေးနိုင်မည် ဆိုပါက မည်သည့်ကာလတွင် စတင် နိုင်ပါမည်နည်း"** ဆိုတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး ကျွန်တော် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြရဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ဖြေကြားရလျှင် ရှမ်းပြည်နယ်အတွင်းမှာ အဓိကလမ်းပိုင်းများဖြစ်သော ကျိုင်းတုံ-တာချီလိတ် လမ်းပိုင်းအား သော်တာဝင်းကုမ္ပဏီမှ လည်းကောင်း၊ မန္တလေး-မူဆယ်လမ်းပိုင်းအား အေးရှားဝေါလ် ကုမ္ပဏီမှ လည်းကောင်း၊ တောင်ကြီး-မိတ္ထီလာလမ်းပိုင်းအား တောင်ပေါ်ဒေသ ဆောက်လုပ်ရေး ကုမ္ပဏီမှ လည်းကောင်း၊ တောင်ကြီး-နမ့်စန်လမ်းပိုင်းအား နေမင်းအောင် ကုမ္ပဏီမှ လည်းကောင်း BOT စနစ်ဖြင့် အသီးသီး တာဝန်ယူဆောင်ရွက်လျက် ရှိပါတယ်။ ယခုလက်ရှိ အခြေအနေမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) မန္တလေး-မူဆယ် လမ်းပိုင်းမှာ နောင်ချိုမှ မူဆယ်အထိ တိုးဂိတ် (၉)ခုရှိပြီး တိုးဂိတ် (၂)ခုမှာ CCTV ကင်မရာများ တပ်ဆင်ထားရှိပြီး ကျန်ဂိတ်များ တွင်လည်း တပ်ဆင်လျက် ရှိပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှာ ရှိတဲ့ ကျိုင်းတုံ-တာချီလိတ် ကားလမ်းပေါ်တွင်လည်း တိုးဂိတ် (၃)ခု ရှိပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)မှာ တိုးဂိတ်များ ဆောက်ရန် ဆောင်ရွက်လျက် ရှိပါတယ်။ ၎င်းတိုးဂိတ်များတွင်လည်း CCTV ကင်မရာများ တပ်ဆင်ရန် ဆောင်ရွက်လျက် ရှိပါတယ်။

နောင်ချို- မူဆယ်လမ်းပိုင်းမှာ မော်တော်ယာဉ်မျိုးစုံ အသွား/အပြန် (၁)ရက်လျှင် အများဆုံး အစင်း (၁၅၀၀)ကျော် ဖြတ်သန်းသွားလာလျက်ရှိပါတယ်။ (၆)ဘီးကားများနဲ့အထက် ယာဉ်ကြီးများမှာ (၁) ရက်လျှင် အများဆုံး အစင်း (၅၀၀)ကျော် ပါရှိပါတယ်။ ဖြတ်သန်းသွားလာလျက်ရှိသော ယာဉ်များကို မူဆယ်မြို့အနီးမှာ ရှိတဲ့(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ပြီး စနစ်တကျ စစ်ဆေးဆောင်ရွက်လျက် ရှိပါတယ်။ လမ်းပိုင်းတွေမှာလည်းပဲ သတင်းရရှိပါက ပူးပေါင်းအဖွဲ့များ ဖွဲ့စည်း၍ ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်လျက် ရှိပါတယ်။

ကျိုင်းတုံ-တာချီလိတ် လမ်းပိုင်းမှာ မော်တော်ယာဉ်မျိုးစုံ အသွား/အပြန်(၁)ရက်လျှင် အစင်း(၁၀၀)ကျော် ဖြတ်သန်းသွားလာလျက်ရှိပြီး၊ (၆)ဘီးကားနဲ့အထက် ယာဉ်ကြီးများမှာ (၁)ရက်လျှင် အများဆုံး အစင်း (၃၀)ကျော် ရှိပါတယ်။ ဖြတ်သန်းသွားလာလျက်ရှိသော ယာဉ်များအား တာချီလိတ်မြို့အနီး မယ်ရမ်းကျေးရွာမှာ နယ်စပ်ကုန်သွယ်ရေး ပူးပေါင်းဂိတ် ဖွင့်လှစ်၍ စနစ်တကျ စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ လမ်းပိုင်းများတွင်လည်း သတင်းရရှိပါက ပူးပေါင်းအဖွဲ့များဖွဲ့စည်း၍ ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်လျက် ရှိပါတယ်။

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျိုင်းတုံ-တောင်ကြီး လမ်းပိုင်းတွင် နေ့စဉ် (၁) ရက်လျှင် မော်တော်ယာဉ် မျိုးစုံ အများဆုံး အစင်း (၁၁၀)ကျော် ရှိပြီး (၆)ဘီးနှင့်အထက် မော်တော်ယာဉ် အစင်းအများဆုံး (၄၀)ခန့် ပါရှိပါတယ်။ ဖြတ်သန်းသွားလာသော ယာဉ်များအား ကွန်ဟိန်းမြို့နယ်၊ တာကော်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၊ လွိုင်လင်ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် တောင်ကြီးမြို့အဝင်သစ်တောပူးပေါင်း စစ်ဆေးရေးဂိတ်များဖြင့်လည်းကောင်း၊ မိတ္ထီလာ-တောင်ကြီးလမ်းပိုင်းမှာ နေ့စဉ် (၁)ရက်လျှင် မော်တော်ယာဉ် မျိုးစုံ အသွား/အပြန် အများဆုံး အစင်း (၇၀၀)ကျော်ရှိပြီး (၆)ဘီးနှင့်အထက် မော်တော်ယာဉ်အစင်း အများဆုံး (၃၀၀)ကျော် ရှိပါတယ်။ ဖြတ်သန်းသွားလာသော ယာဉ်များကို ကလောမြို့

အဝင်မှာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့နှင့် စနစ်တကျ စစ်ဆေးဆောင်ရွက် လျက်ရှိပါတယ်။ လမ်းပိုင်းများမှာလည်းပဲ သတင်းရရှိပါက ပူးပေါင်းအဖွဲ့များ ဖွဲ့စည်း၍ ရှောင်တခင်စစ်ဆေးခြင်းများ စနစ်တကျ ဆောင်ရွက်လျက် ရှိပါတယ်။ ဒီလိုရှာဖွေစစ်ဆေးတဲ့အခါမှာ မော်တော်ယာဉ် တစ်စီးအား စစ်ဆေးရှာဖွေရာမှာ အချိန်အားဖြင့် အနည်းဆုံး (၁)နာရီမှ အများဆုံး (၂)နာရီခန့် ကြာမြင့်မှာ ဖြစ်ပါတယ်။ ဒီလိုစစ်ဆေးဆောင်ရွက်မယ်ဆိုရင် တိုးဂိတ်တစ်ခုတွင် တစ်ရက်လျှင် မော်တော်ယာဉ် (၁၂)စီးမှ (၂၄)စီး အထိသာ ဆောင်ရွက်နိုင်မှာ ဖြစ်သော်လည်း မလိုလားအပ်ပဲ ခရီးသည်များ၊ ကုန်တင်ယာဉ်များ ကြန့်ကြာမှုနှင့် ကြုံတွေ့နေရမှာ ဖြစ်ပါတယ်။ ဒါကြောင့် တိုးဂိတ်များ အားလုံးတွင် မော်တော်ယာဉ်များ စစ်ဆေးရန်အတွက် လွှတ်တော်ကိုယ်စားလှယ် ကြီးများနှင့်တကွ ပြည်သူများမှ လိုအပ်ပါက ပူးပေါင်းစစ်ဆေးရေးအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေနဲ့ အသင့်ဆောင်ရွက်ထားရှိပါကြောင်း ပြန်လည်ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ ။** ဆက်လက်ပြီး နမ့်မွတူမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဒေါ်နန်းခမ်းအေးက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး၊ နမ့်မွတူမြို့နယ်မဲဆန္ဒနယ်မှတ် (၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးရှင်။ အခု ကျွန်မမေးမယ့် မေးခွန်းဟာလည်း တတိယအကြိမ် ပုံမှန်လွှတ်တော်အစည်းအဝေးမှာ တင်သွင်းထားတဲ့မေးခွန်းဖြစ်ပါတယ်။ တတိယအကြိမ် ပုံမှန်အစည်းအဝေးတွင် တန့်ယန်းမှ ကိုယ်စားလှယ် ဦးထွန်းထွန်းလွင်ရဲ့ မော်တော်ဆိုင်ကယ်များ လိုင်စင်လုပ်ဆောင်ချက်နဲ့ ပတ်သက်တဲ့အဆိုမှာ ကျွန်မတို့ နိုင်ငံမှာ ရှိနေတဲ့ ကျောင်းသူ/ကျောင်းသား တွေရဲ့ အခြေအနေကို ထည့်သွင်းဆွေးနွေးတင်ပြသွားပြီး ဖြစ်ပါတယ်။

ကျွန်မတို့ နိုင်ငံမှာ ဆိုလျှင် အသက် (၅)နှစ် အရွယ်မှာ ကျောင်းစနေပြီးတော့ (၁၅)နှစ်မှာ တက္ကသိုလ်ဝင်တန်းကို အောင်မြင်စွာ ဖြေဆိုကြရပါတယ်။ အသက် (၁၆)နှစ်မှာ ပထမနှစ် တက်ရမဲ့ ကျောင်းသူကျောင်းသားတွေ အနေနဲ့ ယာဉ်မောင်းနှင်ခွင့် ဆိုင်ကယ်လိုင်စင် မရှိတဲ့အတွက်ကြောင့် သော်လည်းကောင်း၊ ဖယ်ရီကားတွေရဲ့ အခက်အခဲကြောင့်သော် လည်းကောင်း၊ လိုင်စင်မရှိပဲနဲ့ မော်တော်ဆိုင်ကယ်တွေ စီးနင်းမောင်းနှင် ပြီးတော့ ကျောင်းတက်ခဲ့ရပါတယ်။ အဲဒီလို လိုင်စင်မရှိခြင်းကြောင့် ကျောင်းသူကျောင်းသားများဟာ ယာဉ်ထိန်းရဲများကို ကွေ့ပတ်ရှောင်ရှား ရခြင်းစတဲ့ ကိစ္စရပ်တွေကြောင့် မလိုအပ်ပဲ ဆိုင်ကယ်နဲ့ ပတ်သက်တဲ့ မတော်တဆ ထိခိုက်ဒဏ်ရာရမှုများဟာ ပိုပြီးတော့ များပြားနေပါတယ်။ ဒါကြောင့် ကျွန်မတို့ တက္ကသိုလ် ပထမနှစ် ကျောင်းသူ/ကျောင်းသားများ အတွက် ယာဉ်မောင်းနှင်ခွင့် ကဒ်တစ်ခုခု ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းကို မေးဖို့တင်ထားပေမဲ့လည်း အဲဒါအဆိုမှာ ထည့်ပြောရင်း ဆွေးနွေးပြီး ဖြစ်တဲ့အတွက်ကြောင့် ဒီမေးခွန်းကို မမေးတော့ပါကြောင့် တတိတအကြိမ် ပုံမှန်အစည်းအဝေးမှာ ပြောဆိုထားပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့တင်ပြချက်ကို ရှမ်းပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ထားပြီး ပြည်ထောင်စုအဆင့်ကို တင်ပြလိုကြောင့်လား၊ ဘာကြောင့်လဲမသိရပါပဲ ပထမနှစ် ကျောင်းသားတွေအတွက် ယာဉ်မောင်းနှင် ခွင့်ကဒ်ကို ပြည်ထောင်စုအဆင့်မှ ချမှတ်ပေးကြောင်း သိရပါတယ်။ အခုလို တက်ရောက်လာတဲ့ လူကြီးမင်းများအားလုံးကို သိသာထင်ရှားစွာ သိရှိနိုင်ဖို့အတွက် သက်ဆိုင်ရာမှ ဖြေကြားပေးဖို့ ကျွန်မ တင်ပြတောင်းခံရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ကန့်သတ်

၅၁

ဦးစိုင်းနော်ခမ်း(ခ) တင်ထွန်းအောင်၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား- မေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်တော် ဦးစိုင်းနော်ခမ်းမှ ဖြေကြားပေးပါမယ်။

လွှတ်တော်များမှ မေးခွန်းများ မေးမြန်းပေးပို့လာတဲ့အခါမှာ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ (၄၈)နာရီ(၂)ရက်အတွင်းမှာပဲ အဖြေများကို တိတိကျကျ မှန်မှန်ကန်ကန်နဲ့ ဖြေဆိုပြီးတော့မှ ပြန်လည် ပေးပို့ထားခြင်း ဖြစ်ပါတယ်။ ယခု နမ္မတူလွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ မေးခွန်းကိုလည်း (၁၄-၆-၂၀၁၂)ရက်နေ့မှာ ပေးပို့ထားပြီး ဖြစ်ပြီး၊ ယခု အနီးစပ်ဆုံးကျင်းပတဲ့ လွှတ်တော်အစည်းအဝေးမှာ ဖြေကြားရခြင်း ဖြစ်ပါတယ်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ၁၉၈၉၊ မော်တော်ယာဉ် နည်းဥပဒေ အခန်း (၄)၊ အပိုဒ် ၅၉(ဃ)အရ အသက် (၁၈)နှစ် ပြည့်ပြီးသူကိုသာ (က) ယာဉ်မောင်းလိုင်စင် ထုတ်ပေးပါသည်။ ယခုအခါမှာ ဖြေလျှော့တဲ့အနေဖြင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ (၃၀-၇-၂၀၁၂) ရက်နေ့မှာ ညွှန်ကြားချက် (၁၈/၁၂)ကို ထုတ်ပြန်ခဲ့ပါတယ်။ အသက် (၁၆)နှစ်ပြည့်ပြီး အမောင်းသင်လိုင်စင် ရယူပြီးသူများနှင့် အသက်(၁၇)နှစ်ပြည့် အမောင်းသင်လိုင်စင် ရရှိထားပြီးသူများ သတ်မှတ် ယာဉ်မောင်းသင်တန်း တက်ရောက်၍ စစ်ဆေးမှု ဖြေဆိုအောင်မြင်ပါက စက်စွမ်းအား (၁၁၀) စီစီနှင့်အောက် မော်တော်ဆိုင်ကယ် မောင်းနှင်ခွင့် လိုင်စင်ထုတ်ပေးရန် သတ်မှတ်ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ လိုင်စင် အမျိုးအစား သတ်မှတ်ချက်ကို (က)(၁) A1 ယာဉ်မောင်းလိုင်စင် သတ်မှတ်ပြီး လိုင်စင်အရောင်မှာ စိမ်းဝါရောင် ဖြစ်ကြောင်း၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး၏ မေးမြန်းချက်ကို ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ကန့်သတ်

၅၂

ဥက္ကဋ္ဌ ။ ဆက်လက်ပြီး မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဝင်းမြတ်ဦးက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ကျွန်တော်ကတော့ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမြတ်ဦး ဖြစ်ပါတယ်။ အခု ကျွန်တော် လျှပ်စစ်နဲ့ ပတ်သက်တဲ့ မေးခွန်းမေးမြန်းလိုပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ကျွန်တော်တို့ ရှမ်း(ရှေ့)မှာ တာချီလိတ် ကဲ့သို့သော စီးပွားရေးမြို့များ ရှိပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့ ဒုတိယမြို့တော်လို့ တင်စားရတဲ့ ကျိုင်းတုံမြို့ကြီး ရှိပါတယ်။ ထိုင်း၊ လာော၊ တရုတ်တို့နှင့် ထိစပ်နေတဲ့ နိုင်ငံရဲ့တံခါးဝမြို့များ ရှိပါတယ်။ ဒါပေမဲ့ ဝမ်းနည်းစရာ ကောင်းတာက ကျွန်တော်တို့ ရှမ်း(အရှေ့) မြို့နယ်များကို အခုအချိန်ထိ မဟာဓာတ်အားလိုင်း ဝင်ရောက်ခြင်း မရှိသေးပါဘူး။ ဝင်ရောက်ဖို့ အရိပ်အယောင်လည်း အခုထိ မတွေ့ရသေးပါဘူး။ ကျွန်တော်တို့ ရှမ်း(အရှေ့)မှာ လင်းတစ်လှည့် ပျက်တစ်လှည့်ရေအားလျှပ်စစ် အသေးစားတွေနဲ့ တစ်ညကို (၂)နာရီတောင် မနိုင်တနိုင်မောင်းနေရတဲ့ မီးများပဲ ရှိပါတယ်။ ဒီမီးစက်အိုများကလည်း သက်တမ်းက ကြာမြင့်လှပြီ ဖြစ်တဲ့အတွက် တစ်နှစ်ကို (၃/၄)လလောက်က ပျက်နေပါတယ်။ မြေပြန့်ဒေသတွေမှာ မဟာ ဓာတ်အားလိုင်း နေရာအနှံ့အပြား နေရာအနှံ့ နီးပါးဝင်ရောက်နေချိန်၊ နေပြည်တော်မှာ ညအချိန် အပ်တစ်ချောင်း ကျရင်တောင် ရှာလို့ရတဲ့ အချိန်မှာ ကျွန်တော်တို့ရှမ်းအရှေ့ကတော့ အမှောင်ထဲမှာပဲ ရှိနေပါသေးတယ်။ ကျွန်တော်တို့နိုင်ငံဟာ ပြည်ထောင်စု နိုင်ငံဖြစ်တဲ့အတွက် တောင်တန်းမြေပြန့် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရမယ်လို့ ကျွန်တော် နားလည်ယုံကြည်ထားပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မြို့နယ်များကို မဟာဓာတ်အားလိုင်း ဝင်ရောက်ရန် အစီအစဉ် ရှိ/မရှိ ၊ ရှိပါက မည်သည့်အချိန်တွင် ဝင်ရောက်မည်ကို တိတိကျကျ သိရှိလိုပါတယ်။

ကန့်သတ်

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှု လက်မှုဝန်ကြီး ။ လေးစားအပ်ပါသော ရှမ်းပြည်နယ် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး မင်္ဂလာအပေါင်းနဲ့ ခညောင်းပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သမေတ္တာပို့သ အပ်ပါတယ်။ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမြတ်ဦး၏ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့နယ်များကို မဟာဓာတ်အားလိုင်း ဝင်ရောက်ရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ဝင်ရောက်မည်ကို တိတိကျကျ သိရှိလိုပါသည် ဆိုသည့် မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်မှ ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် အသေးစားရေအားလျှပ်စစ် ဓာတ်အားပေးစက်များဖြင့် ဓာတ်အားပေးထားသော မြို့(၂) မြို့၊ တဘက်နိုင်ငံမှ ဓာတ်အားရယူဖြန့်ဖြူးပေးထားသော မြို့(၁)မြို့နှင့် ဒီဇယ်ဓာတ်အားပေးစက်များနှင့် ဓာတ်အားပေးဖြန့်ဖြူးပေးထားသော မြို့(၂၅)မြို့တို့အား လျှပ်စစ်ဓာတ်အား ပံ့ပိုးဖြန့်ဖြူးပေးလျက် ရှိပါတယ်။ အသေးစားရေအားလျှပ်စစ်ဖြင့် ဓာတ်အားပေးထားသော မြို့(၂)မြို့မှာ ကျိုင်းတုံမြို့တွင် နမ့်မိုနှင့် နမ့်လတ်ရေအားလျှပ်စစ်၊ မိုင်းဆတ်မြို့တွင် နယ်ပိုင်ရေအားလျှပ်စစ်စက်ရုံတို့ဖြစ်ပြီး၊ ၎င်းမြို့များ၌ မိုးတွင်းကာလတွင် (၂၄)နာရီ ဓာတ်အားရရှိပြီး နွေရာသီရေနည်းကာလတွင် အချိန်ပိုင်းသာ ဓာတ်အားဖြန့်ဖြူး ပေးနိုင်ပါတယ်။ ဒီဇယ်ဓာတ်အားပေးစက်များဖြင့် ဓာတ်အားပေးထားသော မြို့များမှာ ရရှိသော ဒီဇယ်ခွဲတန်းအပေါ် မူတည်၍ တစ်ညလျှင် (၃)နာရီခန့် ဓာတ်အားဖြန့်ဖြူးပေးထားပါတယ်။ တစ်ဘက်နိုင်ငံမှ ဓာတ်အားရယူထားသော မြို့တွင် ဓာတ်အားလုံလောက်စွာ ရရှိသဖြင့် တစ်နေ့စ်ပတ်လုံး (၂၄)နာရီ ဓာတ်အားဖြန့်ဖြူးပေးထားပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့နယ်များသို့ မဟာဓာတ်အားလိုင်းမှ ဓာတ်အားရယူ၍ ဓာတ်အားဖြန့်ဖြူးပေးရန် လောလောဆယ် အစီအစဉ် မရှိသေးပါ။ သို့သော်လည်း အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသော မိုင်းပျဉ်းမြို့နယ်ရှိ နမ့်ခ ရေအားလျှပ်စစ်စီမံကိန်းနှင့် မိုင်းတုံမြို့နယ်ရှိ အထက်သံလွင် မိုင်းတုံရေအား လျှပ်စစ်စီမံကိန်းများ ပြီးစီးသွားပါက မဟာဓာတ်အားလိုင်းကွန်ယက်နှင့် ချိတ်ဆက်ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့နယ်အသီးသီးအား ဓာတ်အား ဖြန့်ဖြူးပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင်က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင် ဖြစ်ပြီး ယနေ့ အစည်းအဝေးမှာ ရှမ်းပြည်နယ်အတွင်းမှာ ရှိတဲ့ မြို့နယ်များမှာ ဖွင့်လှစ် သင်ကြားလျက်ရှိတဲ့ အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့် ရရှိရေး အစီအစဉ် ရှိ/မရှိ မေးခွန်းမေးမြန်း သွားမှာ ဖြစ်ပါတယ်။

လက်ရှိနိုင်ငံတော်ရဲ့ ပညာရေးစနစ်အရ မြို့နယ်များမှာ အခြေခံ ပညာအထက်တန်းကျောင်း၊ အလယ်တန်း၊ မူလတန်းကျောင်းများအပြင် တွဲဘက် အထက၊ တွဲဘက် အလက၊ မူလွန်ကျောင်းများကို ခွင့်ပြုသင်ကြား ဆောင်ရွက်ပေးလျက် ရှိပါတယ်။ မြို့နယ်များမှာ လိုအပ်ချက်အရနဲ့

ကျောင်းသားမိဘများရဲ့ လိုချင်တောင့်တချက်များအရ အထက်တန်းကျောင်း မရှိသေးတဲ့နေရာများမှာ တွဲဘက် အထက၊ အလယ်တန်းကျောင်း မရှိသေးတဲ့နေရာများမှာ တွဲဘက်အလကနဲ့ မူလွန်ကျောင်းများကို အဆင့်မြှင့် တိုးမြှင့်ဖွင့်လှစ်ခွင့် ရရှိရေးအတွက် နှစ်စဉ်နှစ်တိုင်း စည်းကမ်း သတ်မှတ်ချက်များနဲ့အညီ လိုအပ်သော အချက်အလက်များ ကိုက်ညီသည့် ကျောင်းများကို အဆိုပြုတင်ပြနေကြတဲ့ ပညာရေးဌာနရဲ့ ဆောင်ရွက်ချက် ကိုလည်း တွေ့မြင်သိရှိခဲ့ရပါတယ်။

သက်ဆိုင်ရာပညာရေး ဝန်ကြီးဌာနနှင့်လည်း ဌာနရဲ့ စည်းကမ်းချက်များနှင့်အညီ လိုအပ်သည့် အချက်အလက်များ ကိုက်ညီတဲ့ အဆိုပြုချက်များအား ခွင့်ပြုဆောင်ရွက်ပေးလျက် ရှိပါသော်လည်း အချို့သော မြို့နယ်များမှာ အဆင့်မြှင့်ကျောင်း ဖွင့်လှစ်ခွင့် အဆိုပြုချက်တွေ အကြောင်းအမျိုးမျိုးကြောင့် ဌာန၏ စည်းကမ်းသတ်မှတ်ချက်များအနက် အဓိကအားဖြင့် ကျောင်းသားဦးရေ မပြည့်မီခြင်း၊ စသည့်အချက်ကြောင့် အဆိုပြုချက်များစွာအနက် အဆိုပြုချက်(၁/၂)ခု လောက်သာ ခွင့်ပြုချက် ရရှိခဲ့တာကို ကြားမြင်သိခဲ့ရပါတယ်။

ရှမ်းပြည်နယ်အတွင်းမြို့နယ်များမှာ မူလတန်းကျောင်းသာရှိပြီး မူလွန်ကျောင်း မရှိသဖြင့်လည်းကောင်း၊ မူလွန်ကျောင်းရှိပြီး တွဲဘက်အလက မရှိသဖြင့်လည်းကောင်း၊ တွဲဘက်အလက ရှိပြီး၊ အလကအဖြစ် ဖွင့်လှစ်ခွင့် မရှိသဖြင့်လည်းကောင်း၊ အလက ကျောင်းအဆင့်အဖြစ် ရှိပြီး တွဲဘက် အထက ကျောင်းအဆင့် ဖွင့်လှစ်ခွင့် မရှိသဖြင့် ပညာသင်ကြားခွင့်ကို လက်လွတ်ဆုံးရှုံးနေရတဲ့ ကျောင်းနေအရွယ်ကလေးအများအပြားရှိ နေပါတယ်။ အဓိကအားဖြင့် မိမိတို့ရဲ့နေထိုင်ရာ ကျေးရွာနဲ့ အနီးစပ်ဆုံး အကွာအဝေး(၂/၃)မိုင် ထက်ပိုပါက ကလေးသူငယ်များအတွက် နေ့စဉ်ကျောင်းသွားလာရေး အခက်အခဲ ရှိနေပါတယ်။ ပညာသင်ကြားရန် အတွက် ကျောင်းရှိရာ မြို့/ရွာများသို့သွားရောက်နေထိုင်မှသာ ပညာသင်ကြား နိုင်မှာ ဖြစ်တဲ့အတွက် သာမန်လက်လုပ်လက်စား လူတန်းစားများအတွက် ခက်ခဲတဲ့ကိစ္စတစ်ခု ဖြစ်နေပါတယ်။ ကျေးလက်နေပြည်သူများရဲ့ ကလေးငယ် များ၏ ပညာသင်ကြားခွင့် ဆုံးရှုံးမှုဖြစ်ပေါ်ရလျက် ရှိပါတယ်။

ကန့်သတ်

၅၆

ဥပမာအားဖြင့် ကျွန်တော်တို့ရဲ့ လင်းခေးမြို့နယ်မှာ ဆိုလျှင် လင်းခေးမြို့နယ်ရဲ့ မြောက်ဘက်ခြမ်းမှာ ရှိတဲ့ ဝမ်စစ်၊ နောင်လုံ၊ ဟိုက်အွေ့ ကျေးရွာအုပ်စုများမှာ မူလတန်းကျောင်းသာရှိပြီး မူလွန်ကျောင်း မရှိတဲ့ အတွက် (၄)တန်းအောင်ပြီးတဲ့ ကလေးတွေဟာ ကျောင်းပြီးသွားပြီ ဖြစ်ပါတယ်။ မြို့နဲ့ (၇)မိုင် ကွာဝေးတဲ့ မြို့ပေါ် အထက၊ အလက ကျောင်းကို လာရောက် တက်နိုင်ခြင်း မရှိတဲ့အတွက်ကြောင့် ဦးတည်ရာမဲ့ပြီးတော့ ရည်ရွယ်ချက် ကင်းမဲ့စွာနဲ့ ကျောင်းပြင်ပမှာ အရွယ်တိုင်အောင် ကြီးပြင်းလာခဲ့တာကို တွေ့ရှိရပါတယ်။ ကျောင်းနေအရွယ် ပညာသင်ကြားခွင့် မရရှိသေးတဲ့ အတွက်ကြောင့် အရွယ်ရောက်လာသည့်အခါ အလုပ်အကိုင် အတည်တကျ မရှိဘဲ မလိုလားအပ်တဲ့ အကျင့်စာရိတ္တ ပျက်ပြားမှု ဖြစ်လာခြင်း၊ မှားယွင်းတဲ့ အတွေးအခေါ် များကြောင့် လမ်းမှားသို့ ရောက်ရှိသွားနိုင်ခြင်း၊ အသက် မွေးဝမ်းကျောင်းပြုမှုအတွက် တဖက်နိုင်ငံသို့ သွားရောက်အလုပ်လုပ် မည်ဆိုတဲ့ ရည်မှန်းချက်ကိုသာ ထားရှိတာကို မျက်မြင်တွေ့ရှိ နေရပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်မှု ဆုံးရှုံးခြင်းများ ဖြစ်ပေါ်နေသည်လို့ ဆိုနိုင်ပါတယ်။ မြို့နယ်ရဲ့ လိုအပ်ချက်အရသော်လည်းကောင်း၊ ကျောင်းသားမိဘများရဲ့ တောင်းဆိုချက် အရသော်လည်းကောင်း၊ တစ်ဆင့်မြှင့် ကျောင်းများအဖြစ် ဖွင့်လှစ်ခွင့်ပြု ပေးပါရန် စိတ်အားထက်သန်လိုလားစွာ အဆိုပြုတင်ပြလာသော အဆိုပြုချက် များသည် ပညာရေးဌာန၏ စည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ဖြစ်သဖြင့်လည်းကောင်း၊ လိုအပ်သော ကျောင်းအဆောက်အဦများလည်း ရှိပြီး ဖြစ်သဖြင့်လည်းကောင်း၊ နိုင်ငံတော်အနေနဲ့လည်း ကုန်ကျစရိတ် သက်သာစွာဖြင့် ပညာရေး တိုးတက်မြင့်မားမှုကို ဆောင်ရွက်ပေးခြင်း ဖြစ်သော်လည်းကောင်း၊ နိုင်ငံ၏ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အထောက်အကူပြုနိုင်ရန်အတွက်သော်လည်းကောင်း၊ အမှန်တကယ် ခွင့်ပြုပေးသော အခြေခံကျောင်းများ ဖြစ်ပါတယ်လို့ ယူဆမိပါတယ်။

ကန့်သတ်

## ကန့်သတ်

### ၅၉

ရှမ်းပြည်နယ်အတွင်း သက်ဆိုင်ရာ မြို့နယ်များမှ အမှန်တကယ် လိုအပ်ချက်အရ အဆင့်မြှင့်ကျောင်း များအဖြစ် တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုရန် နှစ်စဉ် အဆိုပြုတင်ပြ ချက်များအပေါ် ပညာရေးဌာန၏ စည်းကမ်းချက်များ ဖြစ်သော ကျောင်းဝင်းနှင့် ကျောင်းအဆောက်အအုံ သတ်မှတ်ချက်များ၊ ကျောင်းသားဦးရေ မပြည့်သည့် ကန့်သတ်ချက်များကို လျှော့ပေါ့စဉ်းစားကာ အမှန်တကယ် တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုသင့်သော ကျောင်းများအတွက် ထောက်ခံ တင်ပြပေး စေလိုပါတယ်။ သို့မှသာ ရှမ်းပြည်နယ်၏ ပညာရေးမြှင့်တင်မှုကို ဆောင်ရွက်ပေးရာလည်း ရောက်မည် ဖြစ်ပါတယ်။ ကျောင်းနေအရွယ် ကလေးငယ်များရဲ့ အခြေခံပညာ မူလတန်း၊ အလယ်တန်းသာမက အနည်းဆုံး အခြေခံပညာအထက်တန်းရှိပညာသင်ကြားခွင့်ရရှိရေးအတွက် လွယ်လင့်တကူ ဆောင်ရွက်ပေးနိုင်မဲ့ အတိုင်းအတာအရ ပံ့ပိုးကူညီဆောင်ရွက်ပေးရမဲ့ အနေအထားဖြစ်နေပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအနေဖြင့် ပညာရေးဌာန၏ သတ်မှတ်ချက်၊ စည်းမျဉ်း စည်းကမ်းချက်များအရ ပြည့်မှီခြင်း မရှိပါ သော်လည်း မြို့နယ်များတွင် အမှန်တကယ် လိုအပ်ချက်နှင့် ကျောင်းသား မိဘများ၏ မျှော်လင့်တောင့်တချက်များအရ အဆင့်ဆင့် အဆိုပြုတင်ပြ လာချက်များ ရှိသည့်အခါတွင် လက်ကမ်းကြိုဆိုမှုပြုပြီး အားပေးအားမြှောက်ပြုကာ ကူညီပံ့ပိုးမှုအနေဖြင့် မြို့နယ်များအတွင်း လိုအပ်လျက်ရှိသော အခြေခံ ပညာကျောင်းများကို စိစစ်လျက် မဖြစ်မနေ ဖွင့်လှစ်ခွင့်ရရှိရေး ဦးစားပေး အစီအစဉ်ဖြင့် ထောက်ခံတင်ပြဆောင်ရွက်သွားနိုင်မည့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသဖြင့် ဖြေကြားပေးနိုင်ရန် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကန့်သတ်**

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါကြောင်းနဲ့ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလွင်၏ မေးခွန်းနဲ့ ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းလွင်၏ ရှမ်းပြည်နယ် အစိုးရအဖွဲ့ အနေဖြင့် ပညာရေးဌာန၏ သတ်မှတ်ချက်၊ စည်းကမ်းချက်များ အရ ပြည့်မီခြင်း မရှိပါသော်လည်း မြို့နယ်တွင် အမှန်တကယ် လိုအပ်ချက်နှင့် ကျောင်းသားမိဘပြည်သူများ၏ မျှော်လင့်တောင့်တချက်များ အရ အဆင့်ဆင့် အဆိုပြုတင်ပြချက် ရှိလာသည့်အခါတွင် လက်ကမ်းကြိုဆိုမှု ပြုပြီး အားပေးအားမြှောက်ပြုကာ ကူညီပံ့ပိုးမှု အနေဖြင့် မြို့နယ်များ အတွင်း လိုအပ်လျက် ရှိသော အခြေခံပညာကျောင်းများကို စိစစ်လျက် မဖြစ်မနေ ဖွင့်လှစ်ခွင့် ရရှိရေး ဦးစားပေးအစီအစဉ်ဖြင့် ထောက်ခံတင်ပြ တောင်းခံနိုင်မည့် အစီအစဉ် ရှိ/မရှိနှင့် ဆောင်ရွက်မည့် အခြေအနေအား ဖြေကြားဆောင်ရွက်ပေးပါရန် မေးမြန်းတင်ပြအပ်ပါသည် ဟူသော မေးခွန်းနှင့် ပတ်သက်၍ အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ရေး အတွက် ဌာန၏ သတ်မှတ်ချက်၊ ညွှန်ကြားချက်များအရ ပြည့်မီခြင်း ရှိသည့်ကျောင်းများ ကျောင်းသားအင်အားများသည့်ကျောင်းများအား ပညာရေးဝန်ကြီးဌာနမှ စိစစ်၍ ဆောင်ရွက်ပေးလျက် ရှိပါသည်။

ရှမ်းပြည်နယ်အတွင်း ဖွင့်လှစ်ထားသည့် အခြေခံပညာကျောင်း ပေါင်း (၅၂၃၈)ကျောင်းရှိသည့်အနက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ရှမ်းပြည်နယ်အတွင်း ကျောင်းအဆင့်တိုးမြှင့်နိုင်မှုမှာ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် အထက (၉)ကျောင်း၊ အထကခွဲ (၆)ကျောင်း၊

အလက (၂)ကျောင်း၊ အလကခွဲ (၃)ကျောင်း၊ အမက (၂)ကျောင်း၊ အမကခွဲ (၂၁)ကျောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် အထက (၃)ကျောင်း၊ အထကခွဲ (၄)ကျောင်း၊ အလကခွဲ (၁၈)ကျောင်း၊ အမက (၈)ကျောင်း၊ အမကခွဲ(၁၀၄)ကျောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် အမက(၁)ကျောင်း၊ အမကခွဲ(၃)ကျောင်း၊ စုစုပေါင်း ရှမ်းပြည်နယ်အတွင်း ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ကျောင်းပေါင်း (၁၈၄)ကျောင်းအား အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းဆိုတဲ့ ကာယစိတ္တ နှစ်ဖြာသော သုခနဲ့ တလုံးတဝတည်း ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ မေးမြန်းတင်ပြလိုတာကတော့ ဝန်ထမ်းအပြောင်းအရွှေ့ကိစ္စပဲ ဖြစ်ပါတယ်။ နမ့်ဆန်မြို့မှာ ရှိတဲ့ ဝန်ထမ်းများဟာ ဒေသခံ ဝန်ထမ်းတွေရှိသလို တခြားသော ဒေသမှ ပြောင်းရွှေ့လာတဲ့ ဝန်ထမ်းများလည်းပါဝင်ပါတယ်။ တခြားဒေသမှ ပြောင်းရွှေ့လာတဲ့ ဝန်ထမ်းဆိုသည်မှာ တချို့က ပထမဆုံး ဝန်ထမ်းစတင်ခန့်ထား၍ ရောက်ခြင်းလာခြင်း ရှိသလို ရာထူးတိုး၍ ရောက်လာခြင်းလည်း ရှိပါတယ်။ နောက်တစ်ခုက အပြစ်တစ်စုံတစ်ရာကြောင့် ပြောင်းရွှေ့ရောက်ရှိလာတဲ့ ဝန်ထမ်းတွေလည်း ပါဝင်လာတာကို တွေ့ရပါတယ်။

ဒီနေရာမှာ တင်ပြလိုတာက အပြစ်တစ်စုံတစ်ရာကြောင့် နမ့်ဆန်မြို့ကို ပြောင်းရွှေ့ပေးတယ်ဆိုတာ ကျွန်တော်တို့မြို့နယ်အတွက် လွန်စွာနစ်နာပါတယ်။ သာဓကတစ်ခု အနေနဲ့ ပြရမယ်ဆိုလျှင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ ရွာ(၁)ရွာက ကျောင်းဆရာမ(၁)ဦးဟာ အပြောအဆို၊ အမူအကျင့်၊ ဝတ်စားဆင်ယင်မှု လွန်စွာဆိုးရွားပြီး ရပ်ဓလေ့ ရွာဓလေ့နဲ့ ဖီလာဆန့်ကျင်နေတဲ့ အတွက် ရွာလူကြီးက တိုင်တန်းပြီး ဌာနဆိုင်ရာစစ်ဆေးမှုတွေ ပြုလုပ်ခဲ့ရတာ ရှိပါတယ်။ အဲဒီကျောင်းဆရာမရဲ့ ရာဇဝင်ကို ပြန်ကြည့်တဲ့အခါ ယခင်တုန်းကလည်း မြို့(၂)မြို့မှာ အလားတူ အမူအကျင့်တွေကြောင့် ပြဿနာတက်ပြီး အရေးယူခံနေရတဲ့ ဝန်ထမ်းဖြစ်ပြီးတော့ နောက်ဆုံးမှာ နမ့်ဆန်မြို့နယ်ကို ပြောင်းရွှေ့ပေးလာခြင်း ဖြစ်ပါတယ်။ မကောင်းရင် နမ့်ဆန်ပို့တဲ့သဘော ဖြစ်ပါတယ်။

နောက်တစ်ခုက ဝန်ထမ်းတွေရဲ့ အပြောင်းအရွှေ့ကိစ္စပဲ ဖြစ်ပါတယ်။ ဝန်ထမ်းဆိုသည်မှာ ထားရာနေ၊ စေရာသွား နိုင်ငံ့တာဝန်ကျေပွန်အောင် လုပ်ရမယ်ဆိုတဲ့ ခံယူချက်နဲ့ ဝန်ထမ်းလောကကို ရောက်ရှိလာကြတဲ့ နိုင်ငံသားကောင်းတွေ ဖြစ်ပါတယ်။ တချို့ဝန်ထမ်းတွေက ဝေးလံခေါင်ပါးပြီး သွားလာရေးခက်ခဲတဲ့နေရာမှာ နေရသလို တချို့ဝန်ထမ်းများက မြို့ကြီးပြကြီးမှာ နှစ်ရှည်လများ မပြောင်းမရွှေ့ပဲ ကျောက်ချသလို နေနေရတာလည်း တွေ့ရပါတယ်။ ဒီနေရာမှာ ပြောလိုတာက ဝန်ထမ်းဆိုတာက ခက်ခဲတဲ့ ဒေသမှာ အနစ်နာခံပြီး နေနေရသလို သတ်မှတ်တဲ့ နှစ်ပြည့်လို့ ပြောင်းရွှေ့ခွင့် တင်ကြတဲ့အခါမှာ တော်တော်နဲ့ မရနိုင်တာလည်း ဖြစ်နေတာ တွေ့ရပါတယ်။ တချို့ဝန်ထမ်းကျတော့ မြို့ကြီးပြကြီးမှာ ဘယ်လောက်ပဲ ကြာနေပါစေ၊ ဘယ်မှ မပြောင်းရပဲနေနေတာ တွေ့ရပါတယ်။ ဝန်ထမ်း ဆိုတာက ရေကြည်သောက်ပြီး မြက်နုပဲစားချင်ကြသလို ဘယ်သူကမှ ရေငန်သောက်ပြီး မြက်ခြောက် မစားချင်ကြပါဘူး။

ကန့်သတ်

၆၁

ဒါကြောင့် နှစ်ရှည်လများ တောတွေ၊ နယ်တွေမှာ နေနေရတဲ့ ဝန်ထမ်းနဲ့ မြို့ကြီးပြကြီးမှာ အနေကြာတဲ့ ဝန်ထမ်းများကို တလှည့်စီ တာဝန်ထမ်းဆောင်နိုင်စေခြင်း ရှိ/မရှိနဲ့ အထက်က ကျွန်တော်တင်ပြခဲ့သလို အပြစ်ရှိတဲ့ဝန်ထမ်းများကို မကောင်းရင် တောင်တန်းပို့တဲ့စနစ် အစား အခြားသော နည်းလမ်းဖြင့် ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ သိလိုကြောင်း မေးမြန်းခြင်းပဲ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား- နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွဏ်း၏ နှစ်ရှည်လများ တောတွေ၊ နယ်တွေမှာ နေနေရတဲ့ ဝန်ထမ်းတွေနဲ့ မြို့ကြီးပြကြီးမှာ အနေကြာတဲ့ ဝန်ထမ်းများကို တလှည့်စီ တာဝန်ထမ်းဆောင်စေနိုင်ခြင်း ရှိ/မရှိနဲ့ အပြစ်ရှိတဲ့ ဝန်ထမ်းများကို မကောင်းတောင်တန်းပို့စနစ်အစားအခြားသော နည်းလမ်းဖြင့် ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ ဟူသော မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဝန်ထမ်းများ ပြောင်းရွှေ့ခန့်ထားမှုနှင့် ပတ်သက်၍ လုပ်သက်ကြီးစဉ် အလိုက် တန်းစီ၍ မိမိဆန္ဒပြုရာနေရာဒေသကို ဦးစားပေးစဉ်းစား ဆောင်ရွက်ပေးခြင်း၊ မိသားစုအခက်အခဲအရ ဆောင်ရွက်ပေးခြင်း၊ ကျောင်းသား/ဆရာ အချိုးအရ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက် ပေးခြင်းတို့ကို ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်း မူဘောင်နှင့်အညီ ပြောင်းရွှေ့ ခန့်ထားဆောင်ရွက်ပေးလျက် ရှိပါတယ်။ အပြစ်ရှိသော ဝန်ထမ်းများကို မကောင်းတောင်တန်းပို့စနစ်ဖြင့် ဆောင်ရွက်ခြင်း မဟုတ်ပဲ ၎င်းတို့ကျူးလွန်သော အပြစ် အလိုက် ဒေသအနီးအဝေး လစ်လပ်ရာထူးနေရာပေါ် မူတည်၍ အပြစ်ပေးအရေးယူဆောင်ရွက်ရခြင်းသာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ကန့်သတ်

ကန့်သတ်

၆၂

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား - ယခုနေ့လည်စာ သုံးဆောင်ဖို့အတွက် အစည်းအဝေးကို ၁ နာရီ မိနစ် ၃၀ ခန့် ရပ်နားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး ။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- နေ့လည်ပိုင်း အစည်းအဝေးကို နေ့ခင်း(၁း၁၅)နာရီအချိန်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ။ အားလုံးကျေးဇူးတင်ပါတယ် ခင်ဗျား။

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ပထမနေ့)နေ့ခင်းပိုင်းအစီအစဉ်

**အခမ်းအနားမှူး ။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- မကြာမီအချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ပထမနေ့) နေ့ခင်းပိုင်းအစီအစဉ်အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ (မူကြမ်း)အား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ (မူကြမ်း)အား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ ၎င်းဥပဒေကြမ်းအား သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှာ ရှင်းလင်းတင်ပြပေးပါရန် ဖိတ်ခေါ်ပါတယ်။

ကန့်သတ်

**ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်ဖြစ်ပါတယ်။

ကျွန်တော် ဒီနေ့ ပြည်နယ်လွှတ်တော်မှာ ဆွေးနွေးတင်ပြမဲ့အကြောင်းအရာကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့က ရေးဆွဲလျက်ရှိတဲ့ ရှမ်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေနဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြခြင်းအစီအစဉ် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ ဥပဒေအကြောင်း ရှင်းလင်းတင်ပြခြင်း မပြုမီ စည်ပင်သာယာရေးဦးစီးဌာန ဖျက်သိမ်းမှု ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖြစ်ပေါ်လာမှု တည်ဆဲဖြစ်သော စည်ပင်သာယာရေးအဖွဲ့များ ဥပဒေဖျက်သိမ်းသည့် အခြေအနေများ၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ ဥပဒေရေးဆွဲဖို့ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ အကြံပြုချက်များ လမ်းညွှန်မှာကြားမှု အခြေအနေများကို အကျဉ်းချုံးဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရသစ် ပြောင်းလဲဖွဲ့စည်းပြီး နောက်မှာ ရှမ်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးခွဲများ အပါအဝင် မြို့နယ်၊ မြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့များ၏ ပြည်ထောင်စုဝန်ကြီးဌာနဖြစ်တဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဟာ နယ်စပ်ရေးရာဝန်ကြီးဌာနအဖြစ်လည်းကောင်း၊ စည်ပင်သာယာရေးဦးစီးဌာနအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအဖြစ်လည်းကောင်း၊ စည်ပင်သာယာရေးဘဏ်လီမိတက်သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဘဏ်အဖြစ်လည်းကောင်း၊ ပြောင်းလဲပြင်ဆင်

ဖွဲ့စည်းခဲ့ပါတယ်။ ယခင်က ပြဋ္ဌာန်းခဲ့ပြီး ယခုအချိန်အထိ တည်ဆဲဥပဒေဖြစ်တဲ့ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ(၅/၉၃)ဟာ လက်ရှိအခြေအနေမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုက်ညီမှု မရှိတော့တဲ့အတွက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဆိုင်ရာ ဥပဒေတစ်ရပ်ကို ပြန်လည်ပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်းရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရှမ်းပြည်နယ်စည်ပင်သာယာရေး အဖွဲ့များဥပဒေနဲ့ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (၁)ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၄)ခုအတွက် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကိုလည်း ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနတို့ဟာ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ အဖွဲ့ရုံးခွဲများ၊ မြို့နယ်၊ မြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့များ၏ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ကြီးကြပ်ဆောင်ရွက်သွားမှာ ဖြစ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့က ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနတို့၏ ပေါင်းစပ်ညှိနှိုင်းမှုနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဘဏ် ကိစ္စရပ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ စည်ပင်သာယာရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ ဥပဒေရေးဆွဲနိုင်ဖို့အတွက် နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်များနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ အကြံပြုချက်များ ပေးပို့လမ်းညွှန်ခဲ့မှု အခြေအနေကို ဆွေးနွေးတင်ပြလိုပါတယ်။ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဥပဒေ(မူကြမ်း)ရေးဆွဲနိုင်ရေးအတွက် နိုင်ငံတော်သမ္မတမှ အခြေအနေအရပ်ရပ်အား သုံးသပ်၍ လမ်းညွှန်ချက်များ ချမှတ်ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတရဲ့ လမ်းညွှန်ခဲ့တဲ့ အချက်တွေကတော့

(က) တိုင်းဒေသကြီး/ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်းတို့က မိမိတို့၏ ဥပဒေပြုခွင့်အရ စည်ပင်သာယာရေးဆိုင်ရာဥပဒေအား အမြန်ရေးဆွဲပြဋ္ဌာန်းစေပြီးမှ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် (၅/၉၃)ကို ရုပ်သိမ်းရန်၊

(ခ) တိုင်းဒေသကြီး/ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်းတို့က စည်ပင်သာယာရေး ဥပဒေ ရေးဆွဲရာတွင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သင့်သည့် အုပ်ချုပ်ရေးဆိုင်ရာ လမ်းညွှန်မှုများဖြစ်သော စည်ပင်သာယာရေးကော်မတီများကို ဝန်ထမ်းမဟုတ်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းရေး၊ ကော်မတီဝင်ရွေးချယ်မှု နည်းလမ်း၊ သို့မဟုတ် ရွေးချယ်တင်မြှောက်မှုနည်းလမ်းကို ကျင့်သုံးစေရေး စသည်တို့ကို သီးခြားလမ်းညွှန်ချက်ဖြင့် ဆောင်ရွက်ရန်၊

(ဂ) ပထမအဆင့်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ မည်သို့ရေးဆွဲသင့်သည်ကို မူချမှတ်ပေးရန် ပါဝင်သင့်သည့်မူဘောင်ချမှတ်ပေးရန်၊

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့မှအထက်ပါ မူဘောင်အတွင်း မိမိတို့ဒေသနှင့် ကိုက်ညီမည့်ဥပဒေကြမ်း ရေးဆွဲရန်၊

(င) ဥပဒေကြမ်းရေးဆွဲပြီးပါက ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ ပေးပို့၍ စစ်ဆေးစေရန်၊

(စ) ပြည်ထောင်စု ဥပဒေချုပ်ရုံးမှ စစ်ဆေးပြီးပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌထံသို့ ပေးပို့၍ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ/မညီ စိစစ်စေရန်၊

(ဆ) ဥပဒေ(မူကြမ်း)အား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မှ ဥပဒေအဖြစ် အတည်ပြုနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ရန်၊

တို့ဖြစ်ပါတယ်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးဆိုင်ရာ ဥပဒေ(မူကြမ်း) ပြုစုရေးနှင့် ပတ်သက်ပြီး ပါဝင်သင့်သော အချက်များအား ပြည်ထောင်စုရှေ့နေချုပ်ရုံးမှလည်း အကြံပြုချက်များ ထပ်မံ ညွှန်ကြားခဲ့ပါတယ်။ အကြံပြုချက် တွေကတော့

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စေရန်၊

( ခ) နိုင်ငံတော်မှ ချမှတ်သော မူဝါဒများ၊ ဦးတည်ချက်များ ညီညွတ်စေရန်၊

( ဂ) ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့များဥပဒေကို စံထား၍ မိမိဒေသ၏ ပကတိ အခြေအနေများနှင့် ကိစ္စရပ်များကို ဖော်ပြရန်၊

(ဃ) ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့များဥပဒေကို အခြေပြု၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် မူကြမ်းရေးဆွဲရာတွင် အခြားတည်ဆဲဥပဒေများနှင့် ဆန့်ကျင်မှု မရှိစေရန်၊

( င) ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့များဥပဒေတွင် မပါရှိသော်လည်း မိမိနယ်မြေဒေသ အနေအထားအရ လိုအပ်သော စည်ပင်သာယာရေးဆိုင်ရာကိစ္စများ ရှိပါက ထည့်သွင်းဖော်ပြရန်၊

( စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် နယ်နိမိတ် ထိစပ်လျက်ရှိသော အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များနှင့်စည်ပင်သာယာရေးကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် ပြဋ္ဌာန်းချက်များကို ဖော်ပြရန်၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ဝန်ကြီးဌာနများ တစ်ခုနှင့် တစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာနမှ အဖွဲ့အစည်းတစ်ခု၏ လုပ်ပိုင်ခွင့်များ ရောထွေးမှု မရှိစေရေးအတွက် သတိပြုရန်၊

(ဇ) နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ် စောင့်ရှောက်ရေးကို ဦးတည်ရန်၊

(ဈ) နိုင်ငံတော် တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြု ထိပါးစေမည့် အချက်များ မပါရှိရေးအတွက် ဂရုပြုရန်၊

(ည) နိုင်ငံတော်၏ ပကတိ အခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိစေရန်၊

(ဋ) အများပြည်သူများ၏ လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို မထိခိုက်စေရေးအတွက် ဂရုပြုရန်၊

(ဌ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား၊ အသုံးအနှုန်းများကို ရှောင်ကြဉ်ရန်၊

(ဍ) တိုင်းရင်းသားလူမျိုးစုအလိုက် အခြေခိုင်မာလျက်ရှိသော ဓလေ့ထုံးစံများကို ထိခိုက်မှု မရှိစေရန်၊

(ဎ) စည်ပင်သာယာရေးနှင့် စပ်ဆိုင်သော မူရင်းဆိုင်ရာ အချက် အလက်များ ပြည့်စုံစွာ ဖော်ပြရန်၊

(ဏ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား နည်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းရန်၊

(တ) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား အမိန့်ကြော်ငြာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းရန်

လို့ဖြစ်ပါတယ်။ ယခု လက်ရှိ တည်ဆဲဥပဒေဖြစ်တဲ့ စည်ပင်သာယာရေး အဖွဲ့များ ဥပဒေ (၅/၉၃)တွင် ပုဒ်မ (၈၉)ခု ပါရှိပါတယ်။ ရှမ်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကို မူဝါဒ၊ လမ်းညွှန်ချက်များနှင့် အညီ စည်ပင်သာယာရေးအဖွဲ့များဥပဒေ၊ (၅/၉၃)ကို အခြေခံပြီး ပြင်ဆင် ရေးဆွဲထားပါတယ်။ ကျွန်တော် ဦးဆောင်တဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဥပဒေပြုရေးကော်မတီဟာ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ(မူကြမ်း)ရေးဆွဲပြီး ဖြစ်ပါတယ်။ ဥပဒေ(မူကြမ်း)မှာ ပုဒ်မ (၉၃)ခု ပါရှိပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ လမ်းညွှန်ချက်နဲ့အညီ (၇-၉-၂၀၁၂)ရက်နေ့မှာ ပြည်ထောင်စု ရှေ့နေချုပ်ရုံးကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက အတည်ပြုချက် ရပြီးသည့်အခါ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်နယ်လွှတ်တော်မှာ တင်ပြပြီး အတည်ပြုချက်ရယူသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ စည်ပင်သာယာရေး အဖွဲ့များ ဥပဒေကို အသီးသီးရေးဆွဲပြီးလို့ ပြီးပြည့်စုံသည့်အချိန်မှာ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ ၅/၉၃ ကို ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက်နှင့် အတူ ရုပ်သိမ်းသွားမှာ ဖြစ်ပါတယ်။ ယနေ့ ပြည်နယ် လွှတ်တော်မှာ ကျွန်တော်တင်ပြမဲ့ ရှမ်းပြည်နယ်စည်ပင်သာယာရေး အဖွဲ့များ ဥပဒေ(မူကြမ်း )ကတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြတဲ့ ဥပဒေ (မူကြမ်း) ဖြစ်ပါတယ်။ ကျွန်တော် ရှင်းပြမဲ့ အချက်များကတော့ ယခုအချိန်ထိ တည်ဆဲဥပဒေဖြစ်တဲ့ စည်ပင်သာယာရေးအဖွဲ့များဥပဒေ (၅/၉၃)နှင့် ပြင်ဆင်ရေးဆွဲခဲ့တဲ့ ဥပဒေမူကြမ်း ကွဲပြားချက်များကို တင်ပြ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

**အခန်း(၁)၊ အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်နှင့် စပ်လျဉ်း၍** ဥပဒေပုဒ်မ(၁)မှာ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့များဥပဒေ သည် ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (၁)ခုနှင့် ဒေသ (၄)ခုတို့မှအပ ကျန်ဒေသအားလုံးမှာ အာဏာသက်ရောက်မှာ ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်ရေးဆွဲထားပါတယ်။

ဥပဒေပုဒ်မ(၂)တွင် ရှမ်းပြည်နယ်အတွင်းမှာ ပါရှိသော ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်၊ ဝန်ကြီး၊ ဝန်ကြီးဌာနများပါ စည်ပင်သာယာရေးအဖွဲ့ကို ကြီးကြပ်မှာ ဖြစ်တဲ့အတွက် ပြည်ထောင်စုဝန်ကြီးအဆင့်နှင့် ပြည်နယ်အဆင့်အကြီးအကဲများ အမည်ပြောင်းလဲ ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။

**အခန်း (၂)၊ ရည်ရွယ်ချက်များ အပိုင်းမှာတော့** စည်ပင်သာယာရေးအဖွဲ့များ လုပ်ငန်းဆောင်ရွက်တာနဲ့ ပတ်သက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းစေဖို့ ပြဋ္ဌာန်းပေးထားတာ ဖြစ်ပါတယ်။

**အခန်း (၃)၊ စည်ပင်သာယာရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊** ယခင်အခန်း(၂)နဲ့ ပတ်သက်လို့ ယခင်က ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနတို့ ကြီးကြပ်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ယခုဥပဒေမူကြမ်းမှာတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနတို့က ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ စည်ပင်သာယာရေးအဖွဲ့များ ဖွဲ့စည်းခြင်းကို ဆောင်ရွက်မှာဖြစ်တဲ့အတွက် ကြီးကြပ်ဖွဲ့စည်းမဲ့ အဖွဲ့အစည်းများ ပြင်ဆင်သတ်မှတ်ထားပါတယ်။

**အခန်း (၄)၊ ကော်မတီဖွဲ့စည်းခြင်း၊** ယခင်အခန်း (၃)နဲ့ ပတ်သက်လို့ ယခင်က စည်ပင်သာယာရေးကော်မတီကို ဖွဲ့စည်းခြင်း မပြုပဲ၊ မြို့နယ်၊ မြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့က ကော်မတီတာဝန်များကို တာဝန်ယူဆောင်ရွက်သွားခဲ့ပါတယ်။ ယခု ဥပဒေမူကြမ်းမှာတော့ မြို့နယ်စည်ပင်သာယာရေးကော်မတီကို နိုင်ငံသားအနည်းဆုံး (၅)ဦးမှ အများဆုံး (၉)ဦးအတွင်း ဖွဲ့စည်းသွားမှာ ဖြစ်ကြောင်း ဖြည့်စွက်ပြင်ဆင်သတ်မှတ်ထားပါတယ်။

**အခန်း(၅)၊ လုပ်ငန်းတာဝန်များ၊** ယခင် အခန်း (၄)နဲ့ ပတ်သက်လို့ ယခင်စည်ပင်သာယာရေးအဖွဲ့များ လုပ်ငန်းတာဝန်များနဲ့ ပြောင်းလဲမှု မရှိဘဲ ပုဒ်မခွဲ(ဆ)မှာ မီနီမတ်ကက် စတိုးဆိုင်များ အပါအဝင် ဖြည့်စွက်ထားပါတယ်။ ပုဒ်မခွဲ (ဍ)မှာ ကြက်၊ ဘဲ၊ ငါး ရောင်းချခြင်းကို ကြီးကြပ်ဖို့ ဖြည့်စွက်ချက် ဖော်ပြထားပါတယ်။ ပုဒ်ခခွဲ (ရ)မှာ ယာဉ်ရပ်နားစခန်းများ တည်ထောင်ခြင်းကို ကြီးကြပ်ဖို့ ဖြည့်စွက်ဖော်ပြထားပါတယ်။ ပုဒ်မခွဲ (ဝ)မှာ ဈေးနှင့် အခြားလုပ်ငန်းများ ဖျက်သိမ်းခြင်း၊ ဖျက်သိမ်းပြီး မြေနေရာများကို အခြားနည်းဖြင့် အသုံးပြုခြင်းကို ကြီးကြပ်ဆောင်ရွက်ဖို့ ဖြည့်စွက်ထားပါတယ်။ ပုဒ်မခွဲ (ဟ)ကတော့ ယခင် ၅/၉၃ ဥပဒေမှာ မပါရှိတဲ့ စီးပွားရေးကြော်ငြာဆိုင်းဘုတ်များကို ကြီးကြပ်ခြင်း တာဝန်ကို ဖြည့်စွက်ထားပါတယ်။

**အခန်း (၆)၊ ကော်မတီ၏ လုပ်ပိုင်ခွင့်များ၊** ယခင် အခန်း (၅)၊ ပုဒ်မ(၁၄)နဲ့ ပတ်သက်လို့ ယခင်ပြည်ထောင်စုဝန်ကြီး၏ ခွင့်ပြုချက်အစား ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမယ်လို့ ဥပဒေ(မူကြမ်း)မှာ ပြောင်းလဲ သတ်မှတ်ထားပါတယ်။

**အခန်း (၇)၊ အခွန်စည်းကြပ်ခြင်း၊ ကောက်ခံခြင်း၊** ယခင် အခန်း (၆)၊ ပုဒ်မ (၁၅)ဟာ ပြင်ဆင်ပြောင်းလဲခြင်း မရှိဘဲ ပုဒ်မ (၁၆)မှာ ယခင်က ပြည်ထောင်စုဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်အစား ပြည်နယ်အစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမယ်လို့ ပြင်ဆင်ရေးဆွဲထားပါတယ်။ ဒီနေရာမှာ စည်ပင်သာယာရေးနယ်နိမိတ်နဲ့ ပတ်သက်လို့ မြို့နယ်/မြို့နယ်ခွဲ စည်ပင်သာယာရေး နယ်နိမိတ်များ၊ မြို့စည်ပင်သာယာရေး နယ်နိမိတ်များ အားလုံး အကျုံးဝင်ပါတယ်။ မြို့နယ်/မြို့နယ်ခွဲ မခွဲခြားပဲ စည်ပင်သာယာရေး နယ်နိမိတ်အဖြစ်သာ သတ်မှတ်ရေးဆွဲခဲ့ပါတယ်။ အလားတူ ပုဒ်မ (၁၈၊ ၁၉၊ ၂၀၊ ၂၁) တို့က ယခင်ဥပဒေနဲ့ ပြဋ္ဌာန်းချက် ပြောင်းလဲ သတ်မှတ်ခြင်း မရှိဘဲ ယခင်အတိုင်း ပြဋ္ဌာန်းထားပါတယ်။

**အခန်း (၈)၊ စည်ပင်သာယာရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်း။** ယခင် အခန်း (၇) အပိုင်းမှာ ပုဒ်မ (၂၂)၊ ပုဒ်မခွဲ (စ)နှင့် (ဆ)တို့မှာ အဓိပ္ပါယ်ကို ပြည့်စုံအောင် ယခင်က ယင်လုံအိမ်သာ မပါတာကို ယင်လုံအိမ်သာ ဖြည့်စွက်ပြီး အနည်းငယ် ဖြည့်စွက်ပြင်ဆင်ထားပါတယ်။ ပုဒ်မ (၂၃)မှာ ယခင်အတိုင်း ဖြစ်ပြီး ပုဒ်မ (၂၄)၊ ပုဒ်မခွဲ (ဃ)မှာ ရေဆိုးများအား ပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်စေရန် စနစ်တကျ သန့်စင်ပြီး စွန့်ပစ်စေခြင်း အပိုင်ကို ပိုမိုပြည့်စုံအောင် ကြီးကြပ်နိုင်ဖို့အတွက် ဖြည့်စွက်ထားပါတယ်။ ပုဒ်မခွဲ (င)နှင့် (စ)မှာတော့ ယခင်က ယင်လုံအိမ်သာ တည့်ဆောက်ခြင်း ကြီးကြပ်ခြင်း မရှိတဲ့အတွက် ယင်လုံအိမ်သာ တည်ဆောက်ရေးလုပ်ငန်း ကြီးကြပ်နိုင်ဖို့ ထည့်သွင်းဖြည့်စွက်ထားပါတယ်။ ပုဒ်မ (၂၅)မှာတော့ ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော အပိုင်နှင့် ပတ်ဝန်းကျင်ထိခိုက်လာလျှင်ဆိုတဲ့ အပိုင်ကို ဖြည့်စွက်ပြင်ဆင်ထားပါတယ်။ ပုဒ်မ (၂၆)မှာ ယခင်က သုသာန်မြေ ပိတ်ထားစေခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်သိမ်းခြင်းများသာ ပါဝင်ပြီး စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးမြေနှင့် အခြားလုပ်ငန်းမြေများကို ကြီးကြပ်ဆောင်ရွက်ဖို့ မပါရှိတာကြောင့် အဖွဲ့ပိုင်ဈေးမြေနှင့် အခြားလုပ်ငန်း မြေများကို ကြီးကြပ်ဆောင်ရွက်နိုင်ဖို့ ပြင်ဆင်ဖြည့်စွက်ထားပါတယ်။ အခန်း (၈)မှာ စည်ပင်သာယာရေး နယ်နိမိတ်နှင့် ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်ကို အဓိကထားပြီး ကြီးကြပ်ဖို့ သတ်မှတ်ခဲ့ပေမဲ့ ယခု ဥပဒေမူကြမ်းထဲမှာတော့ မြို့နယ်/မြို့နယ်ခွဲ၊ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အားလုံးကြီးကြပ်နိုင်အောင် ပြင်ဆင် ရေးဆွဲထားပါတယ်။

**အခန်း (၉)၊ အန္တရာယ်များ စီမံခန့်ခွဲခြင်း၊** ယခင် အခန်း (၈)နဲ့ ပတ်သက်ပြီး ယခင်အတိုင်း ပြင်ဆင် ပြောင်းလဲမှု မရှိပဲ ရေးဆွဲထားပါတယ်။

**အခန်း (၁၀)၊ ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း၊** ယခင် အခန်း (၉)နဲ့ ပတ်သက်ပြီး ပုဒ်မ (၃၀)မှာ ကော်မတီသည် ဆီလျော်သည့်မြို့ပြဆို ကော်မတီဝင် တစ်ဦးဦးအား ကူးတို့လုပ်ငန်းကြီးကြပ်သူအဖြစ် တာဝန် ပေးအပ်နိုင်သည်ဆိုပြီး တိတိကျကျတာဝန်ပေးအပ်သည့်အပိုင်းကို ပြင်ဆင်ရေးဆွဲ ထားပါတယ်။ အခြားအချက်များကတော့ ယခင်ဥပဒေအတိုင်းပဲ ဖြစ်ပါတယ်။ ပုဒ်မ (၃၂)မှာ ပြည်နယ်/တိုင်း အကြီးအကဲအစား ညွှန်ကြားရေးမှူးက ကြီးကြပ်နိုင်ကြောင်း ပြင်ဆင်သတ်မှတ်ထားပါတယ်။ အခြားအချက် များကတော့ ယခင်အတိုင်းပဲဖြစ်ပါတယ်။ ပြင်ဆင်ခြင်း မရှိပါ။ ပုဒ်မ (၃၃၊ ၃၄၊ ၃၅၊ ၃၆)များမှာ ပြောင်းလဲပြင်ဆင်ရေးဆွဲခြင်း မရှိပဲ ယခင် အတိုင်းပဲဖြစ်ပါတယ်။ ပုဒ်မ (၃၇)မှာ ယခင် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်နယ်/တိုင်းဒေသကြီး တစ်ခုနှင့် တစ်ခု အငြင်းပွားမှုကို ဆုံးဖြတ်ခွင့် ရှိသော်လည်း ယခု ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က တာဝန်ယူဆောင်ရွက်ခြင်း မရှိနိုင်တော့သည့်အတွက် ပြည်ထောင်စု အစိုးရအဖွဲ့က ဆုံးဖြတ်နိုင်ကြောင်း ပြင်ဆင်ရေးဆွဲထားပါတယ်။ ဒီအချက်နှင့် ပတ်သက်ပြီး ဖြစ်သင့်/မဖြစ်သင့် ပြည်ထောင်စု ဥပဒေချုပ်ရုံးကို သုံးသပ်ပေးဖို့ တင်ပြထားပါတယ်။ ပုဒ်မ (၃၉)မှာတော့ ယခင်က စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အစား ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးက တာဝန်ယူ ကြီးကြပ်မှာ ဖြစ်သည့်အတွက် ပြည်နယ်စည်ပင်သာယာရေး ဝန်ကြီးက ကြီးကြပ်ဆောင်ရွက်မှာ ဖြစ်ကြောင်း ပြင်ဆင်ရေးဆွဲထားပါတယ်။

**အခန်း (၁၁)၊ တိရစ္ဆာန်များသတ်ဖြတ်မှုကို စီမံခန့်ခွဲခြင်း၊** ယခင် အခန်း (၁၀) ပုဒ်မ (၄၀)မှာ အသားရောင်းချခြင်းနှင့် ပတ်သက်၍ ကြက်၊ ဘဲ၊ ငါး အသားများ ရောင်းချခြင်းကို ကြီးကြပ်ဆောင်ရွက်ဖို့ ထည့်သွင်းရေးဆွဲထားပါတယ်။ ယခင်က ကြက်၊ ဘဲ၊ ငါး ရောင်းချခြင်းကို ကြီးကြပ်ခြင်း မရှိခဲ့ပါ။ ကြက်၊ ဘဲ၊ ငါး၊ အသားများ ရောင်းချခြင်းကို ပါဝင် သင့်/မသင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးကို တင်ပြလမ်းညွှန်မှု

ခံယူထားပါတယ်။ ပုဒ်မ(၄၁)မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိအစား မြို့နယ်အုပ်ချုပ်ရေးမှူးကို ပြင်ဆင်သတ်မှတ်ထားပါတယ်။ ပုဒ်မ(၄၂)မှာ ဝန်ကြီးဌာနကတော့ ပြည်ထောင်စုဝန်ကြီးဌာန မဟုတ်ပဲ ပြည်နယ်စည်ပင်သာယာရေး ဝန်ကြီးဌာနက ကြီးကြပ်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်ထားပါတယ်။ ပုဒ်မ(၄၃)၊ ပုဒ်မခွဲ(ခ)မှာလည်း ကြက်၊ ဘဲ၊ ငါး အသားရောင်းချခြင်းကို ကြီးကြပ်ရန် ပြင်ဆင်ရေးဆွဲထားပါတယ်။ ပါဝင် သင့်/မသင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးကို တင်ပြထားပါတယ်။

**အခန်း (၁၂)၊ ကြီးကြပ်ခြင်း၊** ယခင် အခန်း (၁၁)၊ ပုဒ်မ (၄၄)မှာ ယခင်ပြည်ထောင်စုဝန်ကြီးဌာန ဦးစီးဌာနတို့အစား ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနက စည်ပင်သာယာရေး အဖွဲ့များကို ကြီးကြပ်သွားမည်ဖြစ်သည့်အတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနများရဲ့ အမည်များ ပြင်ဆင်ထည့်သွင်း ရေးဆွဲထားပါတယ်။ အခြားအချက်များ ပြင်ဆင်ခြင်း မရှိပါ။ ယခင် အတိုင်းပဲ ဖြစ်ပါတယ်။

**အခန်း (၁၃)၊ အယူခံဝင်ခြင်း၊** ယခင် အခန်း (၁၂) ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးမှ တာဝန်ယူ ကြီးကြပ်မှာ ဖြစ်သည့်အတွက် ပြည်နယ်စည်ပင်သာယာရေး ဝန်ကြီးနှင့် ပြင်ဆင်သတ်မှတ်ထားပါတယ်။ ကျန်အချက်များကတော့ ယခင်ဥပဒေအတိုင်းပဲ ဖြစ်ပါတယ်။

**အခန်း(၁၄)၊ ဘဏ္ဍာရေး၊** ယခင် အခန်း(၁၃) ရှမ်းပြည်နယ်အစိုးရ အဖွဲ့နှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနမှ ကြီးကြပ်ဆောင်ရွက် ရမည့် အပိုင်းဖြစ်သည့်အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် ပြည်နယ် စည်ပင်သာယာရေးဌာနအမည်များ ပြောင်းလဲသတ်မှတ် ထားပါတယ်။

**အခန်း (၁၅)၊ ဝန်ထမ်းဖွဲ့စည်းပုံ** ယခင် အခန်း(၁၄)နဲ့ ပတ်သက်ပြီး ယခင် ပြည်ထောင်စုဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က တာဝန်ယူဆောင်ရွက်ရမှာ ဖြစ်သော်လည်း ယခုအချိန်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်စည်ပင် သာယာရေးဝန်ကြီးဌာနများက ဝန်ထမ်းရေးရာကိစ္စများကို ကြီးကြပ် ဆောင်ရွက်မှာ ဖြစ်သည့်အတွက် ဝန်ကြီးဌာနအမည်ဖြင့် ပြင်ဆင်သတ်မှတ်ခြင်း ဖြစ်ပါတယ်။ ပုဒ်မ(၅၉)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်စည်ပင် သာယာရေးဝန်ကြီးဌာန ဝန်ထမ်းရေးရာများ ဖွဲ့စည်း ဆောင်ရွက်သည့်အခါ ဝန်ထမ်းခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်းစသည့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်မှာ ဖြစ်သည့်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို တာဝန်သတ်မှတ်ဖို့ လျာထားခဲ့ခြင်း ဖြစ်ပါတယ်။

**အခန်း (၁၆)၊ ရံပုံငွေ ထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း၊** ယခင် အခန်း (၁၅) ကိစ္စရပ်များမှာ ရံပုံငွေ ထိန်းသိမ်းခြင်းကိစ္စရပ်များ၊ စာရင်းစစ်ဆေးခံခြင်း ကိစ္စရပ်များအား ပြည်နယ်စည်ပင်သာယာရေး ဝန်ကြီးဌာနက တာဝန်ယူ ကြီးကြပ်ဆောင်ရွက်မှာ ဖြစ်တဲ့အတွက် ပြည်နယ်စည်ပင်သာယာရေး ဝန်ကြီးဌာနအမည်ဖြင့် ပြင်ဆင်သတ်မှတ် ခဲ့ခြင်း ဖြစ်ပါတယ်။

**အခန်း(၁၇)၊ တားမြစ်ချက်များ၊** ယခင် အခန်း(၁၆)၊ ပုဒ်မ(၆၂)မှာ ယခင်က မြို့စည်ပင်သာယာရေး နယ်နိမိတ်ကို သတ်မှတ်ခဲ့ပြီး ယခု ဥပဒေမူကြမ်းမှာ မြို့နယ်/မြို့နယ်ခွဲ မြို့စည်ပင်သာယာရေး နယ်နိမိတ်ကို ရည်ရွယ်တဲ့အတွက် စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် ပြင်ဆင်သတ်မှတ် ခဲ့ပါတယ်။ ပုဒ်မခွဲ(ဂ)၊(ဃ)နှစ်ပိုဒ်ကတော့ စည်ပင်သာယာရေးအဖွဲ့များ အတွက် တားမြစ်ဖို့ လိုအပ်တဲ့အချက်(၂)ချက်၊ ဖြစ်တဲ့အတွက် ထည့်သွင်း ပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။ ပုဒ်မ(၆၃)က ပြောင်းလဲခြင်း မရှိပါ။ ပုဒ်မခွဲ (ဂ)မှာ အချက်အလက် ပိုပြည့်စုံအောင် နံစော်စေနိုင်သော အပိုဒ်ကို

ဖြည့်စွက်ထည့်သွင်းထားတာ ဖြစ်ပါတယ်။ ပုဒ်မ (၆၄)(၆၅)မှာ စည်းပင်သာယာရေး နယ်နိမိတ်သာ ပြောင်းလဲသတ်မှတ်ခဲ့ပြီး ပုဒ်မ (၆၄)၊ ပုဒ်မခွဲ (ဃ)မှာ ယာဉ်ရပ်နားစခန်း၊ လှေဆိပ်၊ လှည်းဆိပ်ကိုဖြစ်စေ အပိုဒ်ဖြည့်စွက်ထားပြီး အခြားအချက်အလက်များ ပြောင်းလဲခြင်း မရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပုဒ်မ (၆၆၊ ၆၇၊ ၆၈)များမှာ စည်းပင်သာယာရေးနယ်နိမိတ် ပြင်ဆင်သတ်မှတ်ခဲ့ပြီး ပုဒ်မ (၆၆)၊ ပုဒ်မခွဲ (က)မှာ ဘော်ဒါဆောင်၊ ခန်းမများ၊ အခန်းလိုက် ငှားသော အဆောက်အဦများ ဖြည့်စွက်ပြဋ္ဌာန်းခဲ့ပါတယ်။ ပုဒ်မခွဲ (ခ)မှာ ပုဂ္ဂလိက အိမ်ဆိုင်များ ပြဋ္ဌာန်းဖို့ လိုအပ်သည့်အတွက် ဖြည့်စွက်ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ (၆၇)၊ ပုဒ်မခွဲ (က) (ခ)များမှာ ပတ်ဝန်းကျင် ထိခိုက်စေနိုင်သော အပိုဒ် ပြဋ္ဌာန်းရန် လိုအပ်သည့်အတွက် ဖြည့်စွက်ပြဋ္ဌာန်းခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ပုဒ်မ (၆၉) (၇၀)မှာ စည်းပင်သာယာရေးနယ်နိမိတ် ပြင်ဆင်သတ်မှတ်ပြီး ပုဒ်မ (၆၉)၊ ပုဒ်မခွဲ (ဆ) အခြား ပုဂ္ဂလိက စီးပွားဖြစ် ဝန်ဆောင်မှု လုပ်ငန်းများကို တည်ထောင်လုပ်ကိုင်ခြင်း မပြုရန်အပိုဒ် ပြဋ္ဌာန်းရန် လိုအပ်တဲ့အတွက် ဖြည့်စွက်ပြဋ္ဌာန်းထားပါကြောင်း တင်ပြအပ်ပါတယ်။

**အခန်း (၁၈)၊ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်း၊** ယခင်အခန်း (၁၇)၊ စီမံခန့်ခွဲရေးဥပဒေများကို အမျိုးအစားခွဲ၍ ပြစ်ဒဏ်သတ်မှတ်ခြင်းကို ပုဒ်မ (၇၁)၊ ပုဒ်မခွဲ (က) (ခ) (ဂ) (ဃ)များ ပြဋ္ဌာန်းရန်လိုအပ်သည့်အတွက် ဖြည့်စွက်ပြဋ္ဌာန်းခဲ့ပြီး ယခင်ပုဒ်မ (၇၂)၊ (၇၃) အပိုင်းများ ပြောင်းလဲခြင်း မရှိပါကြောင်း တင်ပြအပ်ပါတယ်။

**အခန်း (၁၉)၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊** ယခင်အခန်း (၁၈)အပိုင်းမှာ ပုဒ်မ (၇၄)၊ (၇၅)မှာ ကော်မတီက ထုတ်ပြန်သည့် နည်းဥပဒေ၊ တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ထောင်ဒဏ် (၁)နှစ်နှင့် ကျပ် (၂)သိန်းထက်မပိုသည့် ပြစ်ဒဏ်ချမှတ်မှာ ဖြစ်ပြီး လိုက်နာမှု မရှိလျှင် တစ်နေ့ ငွေဒဏ် ကျပ် (၁၀၀၀၀)မှ ကျပ် (၅၀၀၀၀)အထိ

ချမှတ်သွားမှာ ဖြစ်ပါတယ်။ ပြစ်ဒဏ်ချမှတ်ချက် ဖြည့်စွက်ရန် လိုအပ်သည့်အတွက် ပုဒ်မ(၂)ခု ထပ်မံပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ ပုဒ်မ(၇၆)ကတော့ ယခင်ဥပဒေပြစ်ဒဏ်များအတိုင်း ဖြစ်ပြီး ယခင် ကျပ် (၅၀၀)မှ အများဆုံး ကျပ် (၅၀၀၀)အစား အနည်းဆုံးကျပ် (၅၀၀၀)မှ အများဆုံး ကျပ် (၅)သိန်းအထိ ဒဏ်ငွေတိုးမြှင့် သတ်မှတ်ခဲ့တာ ဖြစ်ပါတယ်။ ပုဒ်မ (၇၇)ကတော့ ယခင်ပုဒ်မ (၇၃)ဖြစ်ပြီး၊ ယခင်က ဒဏ်ကြေး အနည်းဆုံး ကျပ် (၁၀၀၀)မှ အများဆုံး ကျပ် (၁၀၀၀၀)အစား၊ အနည်းဆုံး ကျပ် (၅၀၀၀)မှ အများဆုံး ကျပ် (၁၀)သိန်းအထိ ဒဏ်ကြေးပြင်ဆင်သတ်မှတ်ထားပါတယ်၊ ကျန်ဥပဒေအချက်အလက်များ ပြောင်းလဲခြင်း မရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပုဒ်မ (၇၈)မှာ ယခင်ပုဒ်မ (၇၄)ဖြစ်ပြီး ယခင် ဒဏ်ငွေ အနည်းဆုံး ကျပ် (၂၀၀၀)မှ အများဆုံး ကျပ် (၂၀၀၀၀)အစား အနည်းဆုံး ကျပ် (၁၀၀၀၀)မှ အများဆုံးကျပ် (၁၀)သိန်းအထိ ငွေဒဏ်ပြင်ဆင်သတ်မှတ်ခြင်းမှ လွဲ၍ ကျန်အချက်အလက်များ ပြောင်းလဲခြင်း မရှိကြောင်း တင်ပြအပ်ပါတယ်။ ပုဒ်မ (၇၉)က ယခင်ပုဒ်မ (၇၅)ဖြစ်ပြီး ငွေဒဏ်အနည်းဆုံး ကျပ် (၁၀၀၀)မှ အများဆုံး ကျပ် (၁၀၀၀၀)အစား ငွေဒဏ်အနည်းဆုံး ကျပ် (၂၀၀၀၀)မှ အများဆုံး ကျပ် (၄)သိန်းအထိ ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။ ပုဒ်မ (၈၀)က ယခင် ပုဒ်မ (၇၆)ဖြစ်ပြီး တစ်နေ့လျှင် ငွေဒဏ် ကျပ် (၅၀)အစား ကျပ် (၅၀၀၀) ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။ ပုဒ်မ (၈၁)က ယခင်ပုဒ်မ (၇၇)ဖြစ်ပြီး တစ်နေ့လျှင် ငွေဒဏ် ကျပ် (၁၀၀)အစား ကျပ် (၁၀၀၀၀)ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။ ပုဒ်မ (၈၂)ကတော့ ယခင်ပုဒ်မ (၇၈)ဖြစ်ပြီး တစ်နေ့လျှင် ငွေဒဏ် ကျပ် (၂၀၀)အစား ကျပ် (၂၀၀၀၀)ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။ ပုဒ်မ (၈၃)ကတော့ ယခင်ပုဒ်မ (၇၉)ဖြစ်ပြီး ငွေဒဏ်အနည်းဆုံး ကျပ် (၂၀၀၀)မှ အများဆုံး ကျပ် (၂၀၀၀၀)အစား အနည်းဆုံး ကျပ် (၁၀၀၀၀)မှ အများဆုံး ကျပ် (၄)သိန်းအထိ ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။ ပုဒ်မ (၈၄) (၈၅) (၈၆)ကတော့ ယခင်ဥပဒေ ပုဒ်မအတိုင်းဖြစ်ပြီး ပြောင်းလဲမှု မရှိပါကြောင်း တင်ပြအပ်ပါတယ်။

အခန်း(၂၀)၊ အထွေထွေ၊ ယခင် အခန်း (၁၉) ပုဒ်မ (၈၇)မှာ ပြည်နယ်အတွင်းမှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်၊ ပြည်နယ်/တိုင်းဒေသကြီး တစ်ခုနှင့် တစ်ခု ဆက်စပ်ဆောင်ရွက်ရမည့် လုပ်ငန်း ဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည်ဟူ၍ ပြင်ဆင်ပြဋ္ဌာန်း ခဲ့ပါတယ်။ ယခင်ကတော့ ပြည်ထောင်စုဝန်ကြီးမှ တာဝန်ယူဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ပုဒ်မ (၈၈)မှာ ယခင်က ပြည်ထောင်စုဝန်ကြီးက တာဝန်ယူဆောင်ရွက်ခဲ့ပြီး ယခုဥပဒေကြမ်းမှာတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ ပုဒ်မ(၈၉၊ ၉၀၊ ၉၁) ကတော့ ယခင်အတိုင်းပဲဖြစ်ပါတယ်။ ပြင်ဆင်ပြောင်းလဲခြင်း မရှိပါဘူး။ ပုဒ်မ (၉၂)မှာ ယခင် ပြည်ထောင်စုဝန်ကြီး တာဝန်ယူလုပ်ဆောင်မည့် လုပ်ငန်းများကို ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးက ပြောင်းလဲဆောင်ရွက်မည်ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။ ပုဒ်မ (၉၃)မှာ ယခင် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေမှာ ရုပ်သိမ်းကြောင်း ဖြည့်စွက်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော်တင်ပြခဲ့တဲ့ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ပြည်ထောင်စု ရှေ့နေချုပ်ရုံးကို တင်ပြထားတဲ့ ဥပဒေမူကြမ်းပဲ ဖြစ်ပါတယ်။ ပြည်ထောင်စု ရှေ့နေချုပ်ရုံးက စိစစ်ပြီး အတည်ပြုချက် ရရှိလာပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို တင်ပြလျက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တဆင့် ပြည်နယ်လွှတ်တော်တွင် တင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်မှာ အတည်ပြုချက်ရပါက ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ (မူကြမ်း)အား အတည်ပြုထုတ်ပြန်သွားမည် ဖြစ်ပါကြောင်းနှင့် အသစ်ထုတ်ပြန်ပြီးတဲ့ ရှမ်းပြည်နယ်စည်ပင်သာယာရေး အဖွဲ့များ ဥပဒေနှင့်အတူ စည်ပင်သာယာရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။ [ ဩဘာသံများ ]

ကန့်သတ်

၇၈

**ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ရှမ်းပြည်နယ်ကျေးရွာထင်းစိုက်ခင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာတင်သွင်းခြင်း**

**ဥက္ကဋ္ဌ ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ ပဥ္စမနေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော ရှမ်းပြည်နယ် ကျေးရွာထင်းစိုက်ခင်း ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၃၃၊ ပုဒ်မခွဲ (ခ) အရ ဥပဒေပြုရေးဆိုင်ရာ ကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်း တင်ပြပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဦးမြတ်စိုး၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ဥပဒေပြုရေး ဆိုင်ရာကော်မတီအဖွဲ့ဝင်။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြ ပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးမြတ်စိုးပဲ ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော် တင်ပြအစီရင်ခံမယ့် ရှမ်းပြည်နယ်အစိုးရ သစ်တောရေးရာ ဝန်ကြီးဌာနမှ တင်သွင်းတဲ့ ရှမ်းပြည်နယ် ကျေးရွာထင်းစိုက်ခင်း ဥပဒေကြမ်း အဆိုပြုချက်များအပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန်အဆိုပြုချက်များ အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**နိဒါန်း**

ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပဉ္စမနေ့) (၁၅-၃-၂၀၁၂)ရက်နေ့တွင် ပြည်နယ်အစိုးရအဖွဲ့၊ သစ်တောရေးရာ ဝန်ကြီးဌာနမှ တင်သွင်းတဲ့ ရှမ်းပြည်နယ်ထင်းစိုက်ခင်း ဥပဒေကြမ်းကို ပြင်ဆင်အကြံပြုရန် ရှိပါက (၃၀-၅-၂၀၁၂)ရက်နေ့ နောက်ဆုံးထားပြီး တင်ပြရန် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ ပေးပို့ထားရှိပါတယ်၊

ဥပဒေကြမ်းကို (၂၄-၄-၂၀၁၂) ရက်နေ့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ အစည်းအဝေးတွင် အဖွဲ့ဝင်များအားလုံး ဆွေးနွေးပြီး လေ့လာတွေ့ရှိချက်၊ သဘောထားမှတ်ချက်နှင့် တင်ပြရန် အချက်များကို သဘောတူညီ ဆုံးဖြတ်ခဲ့ပြီး ဥပဒေကြမ်းပါ အဆိုပြုချက်များအပေါ် ပြင်ဆင်ရန် အဆိုပြုချက်များအား ဇယား နှင့် ယှဉ်တွဲပြုစုလျက် ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြအစီရင်ခံခြင်း ဖြစ်ပါတယ်။

**လေ့လာတွေ့ရှိချက်**

ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၈၈)၊ နောက်ဆက်တွဲ ဇယား (၂)၊ ပြည်နယ်ဥပဒေပြုစာရင်း ၄(ဃ)ပါ ကျေးရွာထင်းစိုက်ခင်းနှင့် စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံ ပုဒ်မ (၁၉၀)(က)အရ ပြည်နယ်သစ်တောရေးရာ ဝန်ကြီးက တင်သွင်းခြင်းဖြစ်သည်ကို တွေ့ရှိရပါတယ်။

ကျေးရွာထင်းစိုက်ခင်းမှာ သစ်တောရေးရာကိစ္စ ဖြစ်သည့် အလျောက် နိုင်ငံတော်၏ တည်ဆဲ ဥပဒေဖြစ်တဲ့ ၁၉၉၂ ခုနှစ်၊ သစ်တော ဥပဒေနှင့် ၁၉၉၅ ခုနှစ် သစ်တောနည်းဥပဒေများနှင့် ဆက်စပ်ပြီး ရေးဆွဲရမည့် ဥပဒေဖြစ်တာကို လေ့လာသိရှိရပါတယ်။

ဥပဒေကြမ်း၏ ပုဒ်မ (၂) (၄) (၆) (၉) (၁၀) (၁၃) (၁၉) (၂၄) (၂၅) (၂၆) (၃၀)(၃၂) (၃၃) (၃၆) ဖော်ပြချက်များမှာ စကားရပ်အချို့ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်သင့်သည့် အချက် (၁၇)ချက် ကို တွေ့ရှိရပါတယ်။

၎င်းအစီရင်ခံစာနှင့် ပူးတွဲတင်ပြထားရှိတဲ့ အဆိုပြုချက်ဇယားရဲ့ မူလဥပဒေကြမ်းမှာ အဆိုပြု ပြဋ္ဌာန်းချက် ကော်လံ (၃)၌ စကားရပ် ဖြည့်စွက်သင့်သော နေရာကို ကြယ်ပွင့်(*)အမှတ်အသား ပြ၍လည်းကောင်း၊ ပြင်ဆင်ရမည့်စကားရပ်ကို အောက်ခြေ၌ မျဉ်းသား ဖော်ပြထားရှိ၍ လည်းကောင်း ညွှန်ပြပြီး ယင်းတို့တွင် ဖြည့်စွက်ရမည့် စကားရပ်နှင့် ပြင်ဆင်ရမည့် စကားရပ်များကို ဇယား၏ ကော်လံ (၄)၌ ပြင်ဆင်ရန် အဆိုပြုချက်အဖြစ် ပြုစုဖော်ပြထားပါတယ်။

**သဘောထားမှတ်ချက်**

ဥပဒေကြမ်းသည် ရှမ်းပြည်နယ်အတွင်း ကျေးရွာထင်းစိုက်ခင်း ထူထောင်အသုံးပြုရန် ကိစ္စဖြစ်သော်လည်း သစ်တောရေးရာကိစ္စတွင် နိုင်ငံတစ်ဝှမ်းလုံး အာဏာသက်ရောက်ပြီး တည်ဆဲ ပြဋ္ဌာန်း ဥပဒေဖြစ်တဲ့ ၁၉၉၂ ခုနှစ် သစ်တောဥပဒေနှင့် ယင်းဥပဒေအရ ပြဋ္ဌာန်းထားရှိသော ၁၉၉၅ ခုနှစ်၊ သစ်တော နည်းဥပဒေများကို ဆက်စပ်သုံးသပ်ရမည် ဖြစ်ပါတယ်။

**တင်ပြချက်**

ဥပဒေကြမ်းတွင် အထက် စာပိုဒ် (၅)နှင့် (၆) ဖော်ပြပါ ပါရှိချက် နှင့် ရည်ညွှန်းပုဒ်မများ၌ ဖြည့်စွက်ရန်နှင့် ပြင်ဆင်ရန် အဆိုပြုချက် (၁၇)ရပ်တို့ကို ဇယား၏ ကော်လံ (၄) ဖော်ပြပါအတိုင်း အောက်ပါဖော်ပြပါ များကို ပြင်ဆင်ရန် သင့်ပါကြောင်း အဆိုပြုတင်ပြအပ်ပါတယ်-

(က) ပုဒ်မ ၂(က)၊ သစ်တောဥပဒေအရ ဖွဲ့စည်းသတ်မှတ်ထားတဲ့ ကြေညာထားတဲ့ စာသားကို ကြိုးဝိုင်းတောနှင့် ကြိုးပြင်တော၏ ရှေ့၌ ဖြည့်စွက်သင့်ပါတယ်။

(ခ) ပုဒ်မ ၂(ဃ)၊ သက်ဆိုင်ရာ၏ ခွင့်ပြုချက်အရ ဟူသော စာသားကို စိုက်ပျိုးတည်ထောင်၏ ရှေ့၌ ဖြည့်စွက်ရန်နှင့် သစ်တောစိုက်ခင်းစာသားအား ထင်းစိုက်ခင်းဟု ပြင်ဆင်သင့်ပါတယ်။

(ဂ) ပုဒ်မ ၂(င)၊ ကျေးရွာပိုင်လူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးပြီး ဟူသော စကားရပ်ကို သက်ဆိုင်ရာ၏ ခွင့်ပြုချက်အရ ကျေးရွာလူထုက ဟူ၍ ပြင်ဆင်ဖြည့်စွက်သင့်ပါတယ်။

(ဃ) ပုဒ်မ ၂ (ဈ)၊ ရှမ်းပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးအစား ပုဒ်ထီးကို ဖြုတ်၍ ၏ ဟု ဖြည့်စွက်သင့်ပါတယ်။

(င) ပုဒ်မ ၄၊ ထူထောင်လိုသူနှင့် သစ်တောဦးစီးဌာန အကြား၌ သစ်တောဥပဒေပါ အခြေခံမူများအရ ဟု ဖြည့်စွက်သင့်ပါတယ်။

(စ) ပုဒ်မ ၆ (ခ)၊ ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တော အတွင်း လျှောက်ထားခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာနအစား လျှောက်ထားခြင်းဖြစ်ပါက ပြည်ထောင်စုသဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီး ဌာနဟု ပြင်ဆင်သင့်ပါတယ်။

(ဆ) ပုဒ်မ ၉၊ ညွှန်ကြားရေးမှူးသည် ပြည်နယ်ဝန်ကြီး သို့မဟုတ် အစိုးရအဖွဲ့၏ စကားရပ်အစား ပြည်နယ်ဝန်ကြီး ထံမှ အစိုးရအဖွဲ့၏ဟု ဖြည့်စွက်သင့်ပါတယ်။

(ဇ) ပုဒ်မ ၁၀(က)၊ ကြီးကြပ်ရေးကော်မတီများကို ဖွဲ့စည်းပေးရမည်ဟု လည်းကောင်း၊ ပုဒ်မ ၁၀(ခ)(၅)ကို မြို့မမြို့ဖအစား ကျေးရွာဒေသခံ တိုင်းရင်းသား ကိုယ်စားလှယ် (၃)ဦး သို့မဟုတ် (၅)ဦး ဟူ၍ လည်းကောင်း၊ ပုဒ်မ ၁၀(ဂ) အပိုင်း(ခ)တွင် ဖော်ပြသည့် ပုဂ္ဂိုလ်များ ထဲက အစား ကြီးကြပ်ရေးကော်မတီဝင် ပုဂ္ဂိုလ်များ ဟူ၍လည်းကောင်း၊ ဖြည့်စွက်ပြင်ဆင် သင့်ပါတယ်။

( ဈ) ပုဒ်မ ၁၃၊ သစ်တောအရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-
(က)မှ (ဇ)အထိ ဖော်ပြချက်ပြီးလျှင် ဤတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေနှင့် ၁၉၉၅ ခုနှစ် သစ်တော နည်းဥပဒေပါ ကျေးရွာထင်းစိုက်ခင်း ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်လည်း လျော်ညီမှု ရှိရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

(ည) ပုဒ်မ ၁၉၊ အောက်ပါတို့ကို လိုက်နာဖို့ ဆောင်ရွက်ရန် တာဝန်ရှိသည် (က)မှ (စ)အထိ တာဝန်ရှိသည်ဟူသော ရေးသားဖော်ပြချက်မှ ဖို့ဟူသော စာလုံးကိုဖြုတ်၍ တာဝန်ရှိသည် (၂)ကြိမ် ထပ်မနေစေပဲ လိုက်နာ ဆောင်ရွက်ရန် တာဝန်ရှိသည် (က)မှ (စ)အထိ ဟူ၍ ပြင်ဆင်သင့်ပါတယ်။

( ဋ) ပုဒ်မ ၂၄(က)၊ ပုဒ်မ ၂၅ (က) တို့တွင် မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည် ဟူ၍(၂)ကြိမ် ထပ်ပြီး သုံးစွဲမည့်အစား စာအား ပိုမိုရှင်းလင်းစေမည့် ချမှတ်ထားသောအမိန့်၊ သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ချမှတ်သည့်နေ့မှ ဟူ၍ ပြင်ဆင်သင့်ပါတယ်။

( ဌ) ပုဒ်မ ၂၆၊ စိုက်ခင်းမြေကို တူးဆွခြင်းမပြုဟူသော စကားရပ်(၂)ခုကြားတွင် မီးပေါ်ဆစ္စာ အသုံးပြုခြင်းများ မပြုရဟု ဖြည့်စွက်သင့်ပါတယ်။

( ဍ) ပုဒ် ၃၀၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ် (၁)နှစ်အထိ ဖြစ်စေနှင့် ဒဏ်ငွေ (၁၀၀၀၀၀)အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်ဟု ပြင်ဆင်သင့်ပါတယ်။

( ပ ) ပုဒ်မ ၃၂ နှင့် ပုဒ်မ ၃၃၊ ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထောင်ဒဏ် (၁)နှစ် အထိဖြစ်စေ၊ ငွေဒဏ် ကျပ် (၁၀၀၀၀၀)အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်ဟု ပြင်ဆင်သင့်ပါတယ်။

(ဖ) ပုဒ်မ ၃၆(ခ)၊ ဖော်ပြချက်များအစား ဤဥပဒေ၏ အခန်း (၁၀)ပါ ပြစ်ဒဏ်များအရ တပ်ရိုက်သည့် ငွေဒဏ်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆုံးရှုံးနစ်နာသူတို့ကို နစ်နာကြေး အဖြစ် ထုတ်ပေးနိုင်ရန် သစ်တောဦးစီးဌာနသို့ ထုတ်ပေးနိုင်သည်ဟူ၍ ပြင်ဆင်သင့်ပါတယ်။

နိဂုံး

ရှမ်းပြည်နယ်ထင်းစိုက်ခင်းဥပဒေကြမ်းအပေါ် အထက်ပါအတိုင်း လေ့လာတွေ့ရှိချက်များအပေါ် ပြင်ဆင်အဆိုပြုချက် (၁၇)ချက်အား ဇယားဖြင့် ပြုစုပြီး ပူးတွဲ တင်ပြခြင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းမှာ သတ်ပုံသတ်ညွှန်း ချို့ယွင်းမှု ဥပမာ စီစစ် ၊ အဆောက်အဦး၊ စီးစစ်၊ အဆောက်အဦများကိုလည်းကောင်း၊ ဥပဒေရေးသားရာ၌ ပြန်လည်စိစစ်ပြုပြင်သင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

(ပ) ပုဒ်မ ၃၂ နှင့် ပုဒ်မ ၃၃၊ ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထောင်ဒဏ် (၁)နှစ် အထိဖြစ်စေ၊ ငွေဒဏ် ကျပ် (၁၀၀၀၀၀)အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်ဟု ပြင်ဆင်သင့်ပါတယ်။

(ဏ) ပုဒ်မ ၃၆(ခ)၊ ဖော်ပြချက်များအစား ဤဥပဒေ၏ အခန်း (၁၀)ပါ ပြစ်ဒဏ်များအရ တပ်ရိုက်သည့် ငွေဒဏ်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆုံးရှုံးနစ်နာသူတို့ကို နစ်နာကြေး အဖြစ် ထုတ်ပေးနိုင်ရန် သစ်တောဦးစီးဌာနသို့ ထုတ်ပေးနိုင်သည်ဟူ၍ ပြင်ဆင်သင့်ပါတယ်။

**နိဂုံး**

ရှမ်းပြည်နယ်ထင်းစိုက်ခင်းဥပဒေကြမ်းအပေါ် အထက်ပါအတိုင်း လေ့လာတွေ့ရှိချက်များအပေါ် ပြင်ဆင်အဆိုပြုချက် (၁၇)ချက်အား ဇယားဖြင့် ပြုစုပြီး ပူးတွဲ တင်ပြခြင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းမှာ သတ်ပုံသတ်ညွှန်း ချို့ယွင်းမှု ဥပမာ စီစစ် ၊ အဆောက်အဦး၊ စီးစစ်၊ အဆောက်အဦများကိုလည်းကောင်း၊ ဥပဒေရေးသားရာ၌ ပြန်လည်စိစစ်ပြုပြင်သင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဦးစိုင်းလှဝင်း၊ မိုင်းပြင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " ရှမ်းပြည်နယ်အတွင်း ဆင်းရဲမှု လျော့ချပြီး၊ လူနေမှု အဆင့်အတန်း မြင့်မားလာရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုပေးနိုင်မည့် နည်းလမ်းများ၊ ရှာဖွေဖော်ထုတ်လုပ်ကိုင်ပေးနိုင်ရန် လိုဦးမည်ဟု ယုံကြည်ယူဆမိသည်နှင့်အညီ သက်ဆိုင်ရာ ပြည်နယ် အဆင့် အဖွဲ့အစည်းမှ အခြေခံဥပဒေပုဒ်မ (၁၈၈)အရ ဇယား (၂)ပါ ပြဋ္ဌာန်းထားသည့် ကဏ္ဍကြီး(၈)ရပ်မှ ပြည်သူ့အကျိုးပြု လုပ်ငန်းဖော်ဆောင်ပေးမည့် ဥပဒေကြမ်းများ ရေးဆွဲ၍ ပြည်နယ်လွှတ်တော်သို့ တင်သွင်းသွားသင့်ကြောင်း " အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် **အဆုံးအဖြတ်ရယူခြင်း။**

ဥက္ကဋ္ဌ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု မိုင်းပြင်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးစိုင်းလှဝင်း၏ အဆိုကို တင်သွင်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ မိုင်းပြင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေလို့ မင်္ဂလာ စကားဖြင့် ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပြင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။

ယခု ကျွန်တော်တင်သွင်းမဲ့အဆိုကတော့ အများပြည်သူအတွက် တင်သွင်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အခု ကျွန်တော်တို့ ရှမ်းပြည်နယ် အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားများဟာ (၅. ၅)သန်း ရှိသော ပြည်သူလူထုများ ဖြစ်ပါတယ်။ အဲဒီ ပြည်သူလူထုအပေါင်းဟာ

ကန့်သတ်

၈၅

ရှမ်းပြည်နယ်အတွင်းမှာ မှီတင်းနေထိုင်သော အချို့ဟာ တောင်ပေါ်ဒေသ၊ အချို့ဟာ မြို့ပြဧရိယာအတွင်းမှာ အသီးသီးနေထိုင်ကြပါတယ်။ အဲဒီအထဲမှာ ပြန်ပြောင်းပြီး လေ့လာသုံးသပ်မည်ဆိုလျှင် ကျေးလက်ဒေသမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားများဟာ ခန့်မှန်းခြေ (၇၀)ရာခိုင်နှုန်းခန့်ရှိမယ်လို့ ယုံကြည်ပါတယ်။ မြို့ပြဒေသမှာဆိုလျှင် (၃၀)ရာခိုင်နှုန်းခန့် မှီတင်းနေထိုင်ကြပါတယ်။ တစ်ကြိမ်တစ်ခါတုန်းက အပြည်ပြည်ဆိုင်ရာ (UNDP) ကုလသမဂ္ဂမှ စစ်တမ်းများအရ ရှမ်းပြည်နယ်ရှိ ဆင်းရဲတဲ့မိသားစုမှာ တိုင်းရင်းသားပေါင်း (၁. ၈၂၁)သန်း ရှိတာကို လေ့လာတွေ့ရှိရပါတယ်။

ဆင်းရဲမှု လျှော့ချရေးအတွက် သမ္မတကြီး၏ လမ်းညွှန်မှုများအရ ရှမ်းပြည်နယ်အတွင်းမှာ အစိုးရအဖွဲ့ အသီးသီးမှ အဆင့်ဆင့် ဆင်းရဲလျှော့ချမှုကော်မတီအသီးသီးဖွဲ့ပြီး ယခုလက်ရှိအထိ ဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါပေမဲ့ ယခုလိုဆောင်ရွက်ရုံမျှနှင့် လုံလောက်မည်ဟု မယုံကြည့်မိသည့်အတွက် ဒီထက်မက ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူအပေါင်းတို့ရဲ့ လူမှုစီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကဏ္ဍအသီးသီးမှ ပြည်သူများရဲ့ လိုလားချက်များကို တစ်ဖက်တစ်လမ်းအထောက်အကူမှ ဖြစ်စေရန် ပြည်နယ်အဆင့်အဖွဲ့အစည်းမှ အခြေခံဥပဒေပုဒ်မ (၁၈၈)အရ ဇယား(၂)ပါ ကဏ္ဍကြီး (၈)ရပ်မှ ပြည်သူ့အကျိုးကို သယ်ပိုးမည့် အခန်းကဏ္ဍအသီးသီးကို ဥပဒေကြမ်းများ ရေးဆွဲပြီး ပြည်နယ်လွှတ်တော်သို့ တင်ပြဆောင်ရွက်သွားမည်ဆိုလျှင် နောင်လာမည့် ရှမ်းပြည်နယ်မှာ မှီတင်းနေထိုင်သည့် ရှမ်းပြည်နယ်၏ တိုင်းရင်းသားအားလုံး ကိုယ်စိတ်၏ ကျန်းမာခြင်း၊ ချမ်းသာခြင်းနှင့် ပြည့်စုံသွားလိမ့်မည်ဟု ယုံကြည်ပြီး ၄င်းအဆိုကို တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ ။** အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

ဦးညွန့်ဝင်း၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးညွန့်ဝင်း ဖြစ်ပါတယ်။

မိုင်းပြင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းလှဝင်း တင်သွင်းသွားတဲ့ အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးပဲ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ ။ ဦးစိုင်းလှဝင်း တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ " ရှမ်းပြည်နယ်အတွင်း ဆင်းရဲမှု လျော့ချပြီး၊ လူနေမှု အဆင့်အတန်း မြင့်မားလာစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု ပေးနိုင်မည့် နည်းလမ်းများ၊ ရှာဖွေဖော်ထုတ် လုပ်ကိုင်ပေးနိုင်ရန် လိုဦးမည်ဟု ယုံကြည် ယူဆမိသည်နှင့်အညီ သက်ဆိုင်ရာ ပြည်နယ် အဆင့်အဖွဲ့အစည်းမှ အခြေခံဥပဒေပုဒ်မ (၁၈၈)အရ ဇယား (၂)ပါ ပြဋ္ဌာန်းထားသည့် ကဏ္ဍကြီး(၈)ရပ်မှ ပြည်သူ့ အကျိုးပြု လုပ်ငန်းဖော်ဆောင်ပေးမည့် ဥပဒေကြမ်းများ ရေးဆွဲ၍ ပြည်နယ် လွှတ်တော်သို့ တင်သွင်းသွားသင့်ကြောင်း " ဖြစ်ပါတယ်။ အဆိုကိုလက် ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ဆန္ဒကို ရယူပါမယ်။ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က

"သဘောတူပါသလားခင်ဗျား။"

[ ၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။

၈၇

ဥက္ကဋ္ဌ ။ အဆိုကိုလက်ခံဆွေးနွေးဖို့သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးစိုင်းလှဝင်းရဲ့ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**( သို့မဟုတ် )**

**အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

ဥက္ကဋ္ဌ ။ မိုင်းပြင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်း တင်သွင်းတဲ့ အဆိုကို ၂၀၁၂ခုနှစ်၊ စက်တင်ဘာလ ၂၆ရက်နေ့( ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးပါမယ်။

ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေး ရပ်နားတဲ့အခါ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး၊ နမ့်တူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " မြန်မာနှင့် တရုတ်သဘာဝဓာတ်ငွေ့ သွယ်တန်းရာတွင် ရှမ်းပြည်နယ်အတွင်း ဖြတ်သန်းသွားသော Gas ပိုက်လိုင်းအတွက် Gas ရောင်းရငွေ၏ အမြတ် ၅ % ကို ရှမ်းပြည်နယ်ဘဏ္ဍာသို့ နှစ်စဉ်ပေးပါရန်နှင့် Gas မှ ဖြစ်ပေါ်လာမည့် အကျိုးအပြစ်များအတွက် နိုင်ငံတော်မှ မည်သို့ ဆောင်ရွက်ထားသင့်သည်ကို ရှမ်းပြည်နယ်အစိုးရမှ တိကျစွာ တောင်းဆိုပေးပါရန် " အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။**

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဒေါ်နန်းခမ်းအေး၏ အဆိုကို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာကြသော လူကြီးမင်းများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရှင်။ ကျွန်မကတော့ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နန်းခမ်းအေးဖြစ်ပါတယ်ရှင်။

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် ပတ်သက်ပြီး အဆို(၁)ခု တင်သွင်းသွားမှာ ဖြစ်ပါတယ်ရှင်။ ရခိုင်ကမ်းရိုးတန်း၊ ဘင်္ဂလားပင်လယ်အော်အတွင်းရှိ ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် (A1) နှင့်(A3)မှ သဘာဝဓာတ်ငွေ့များကို ဒေဝူး အင်တာနယ်ရှင်နယ် ကော်ပိုရေးရှင်းက (၁၉-၂-၂၀၁၁)မှာ စတင် တူးဖော်ထုတ်လုပ်လျက် ရှိပါတယ်။ အဲဒီလုပ်ကွက်မှ ထွက်ရှိတဲ့ ဓာတ်ငွေ့ (၁၂)ဘီလီယံ ကုဗပေကို တရုတ်နိုင်ငံသို့ နှစ်စဉ် ရောင်းချရန် စီမံကိန်းကာလနှစ်(၃၀)အတွက် ကတိကဝတ်ပြုထားကြောင်း သိရှိရပါတယ်ရှင်။

ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တို့ရှိ မြို့နယ် (၁၂)မြို့နယ်အတွင်းမှာ ရှိတဲ့ ကျေးရွာပေါင်း (၃၆၀)ခန့်ကို ဖြတ်သန်းသော ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းဟာ (၇၉၃)ကီလိုမီတာရှိကြောင်း သိရပါတယ်။ ဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းရာ တစ်လျှောက်မှာ အမြဲတမ်းသိမ်းမြေနှင့် ယာယီသိမ်းမြေဆိုပြီး (၂)မျိုးခွဲပြီး လျော်ကြေးပေးထားကြောင်း သိရှိရပါတယ်ရှင်။ အကျယ်မီတာ(၃၀) မြေနေရာနဲ့ ပန့်စခန်း၊ အလုပ်စခန်းတို့အတွက် အမြဲတမ်းသိမ်းယူခြင်း ဖြစ်ကြောင်း သိရပါတယ်။ မြေယာလျော်ကြေးငွေကို (၅)နှစ်စာပေးလျော်ထားတယ် ဆိုပေမဲ့ ရရှိတဲ့ ငွေကြေး နဲ့ ပြည်သူတွေ ကြုံတွေ့ရတဲ့ ဒုက္ခက မမျှနိုင်အောင် ဖြစ်နေပါတယ်။

သစ်တောမြေအဖြစ် ထိန်းသိမ်းထားတဲ့ ကြိုးဝိုင်းကြိုးမြင့်ကာကွယ်တောများဟာ ငှင်းစီမံကိန်းကြောင့် နေရာပြောင်းလဲခြင်း၊ မြစ်ကြောင်းပြောင်းရွှေ့ခြင်းများ ဖြစ်ပေါ်လျက် ရှိနေပါတယ်။ ဒီစီမံကိန်းကြောင့် မြန်မာနိုင်ငံတွင် မြေယာအခွင့်အရေးများ အလွဲသုံးစားပြုခြင်း ခံနေရပါတယ်။ ရှမ်းပြည်နယ်မှာ နယ်မြေ အေးချမ်းမှု မရှိခြင်းနဲ့ တချို့ပြည်သူများဟာ ဒေသကိုစွန့်ခွာသွားကြကြောင်းနှင့် ပိုက်လိုင်းနဲ့ ဒဏ်ရာဒဏ်ချက် တွေကြောင့် လယ်ယာကဏ္ဍလုပ်ကိုင်နိုင်တဲ့ပြည်သူတွေဟာ ယခင်နှစ်ကထက် သုံးပုံတစ်ပုံသာ ရှိတော့တာကို ဝမ်းနည်းစွာ သိရပါတယ်။ အဲဒါအပြင် သဘာဝဘေးအန္တရာယ်တွေကြောင့် သီးနှံတွေ ပျက်စီးဆုံးရှုံးမှု များစွာ ဖြစ်နေတာကို တွေ့ရှိရတဲ့အတွက်ကြောင့် ဒီပိုက်လိုင်းရဲ့ ဆိုးကျိုးကို မှန်းဆနိုင် ကြလိမ့်မယ်ထင်ပါတယ်ရှင်။

ဓာတ်ငွေ့ပိုက်လိုင်းအတွက် မြေယာလျော်ကြေးငွေကို (၃၈)ပေအတွက်သာ တွက်ချက်ပေးလျော် ထားသော်လည်းပဲ (၃၈)ပေကိုကျော်လွန်ပြီး မြေစာများကိုကျော်၍ပုံထားခြင်း၊ မြေစာများ ပိတ်ဆို့ခြင်းကြောင့် ရေကြောင်းပြောင်းရွှေ့၍ လယ်မြေများအတွင်း မြေစာနှင့် ကျောက်တုံးများ မျောပါလာသဖြင့် စိုက်ပျိုးထွန်ယက်မှု မပြုနိုင်ခြင်း၊ စီမံကိန်းမှ အသုံးပြုတဲ့ ယာဉ်ယန္တရားစက်များဟာ မူလရှိရင်း လမ်းကို အသုံးမပြုပဲနဲ့ လယ်ယာမြေများမှာ တာရိုးသဖွယ်လမ်းသစ်များ ပြုပြင်ဖြတ်သန်းခြင်းကြောင့် မူလရှိရင်းမြေများဟာ ကျောက်တုံးကျောက်ခဲတွေနဲ့ မစိုက်ပျိုးနိုင်အောင် ရှိနေတဲ့အပြင် တချို့သော လယ်ယာ သမားများဟာ လုံးဝလျော်ကြေးငွေ မရခြင်းတွေလည်း ရှိနေပါတယ်။

မူလ တိုင်းတာထုတ်လုပ်ပြီး လျော်ကြေးပေးထားတဲ့ ဓာတ်ငွေ့ပိုက်လိုင်း လမ်းကြောင်းကို အသစ်ပြောင်းပြီး ထပ်မံပြောင်းရွှေ့ ထုတ်လုပ်ထားခြင်းကြောင့် ပြည်သူများ ဒေသခံများ ထပ်မံ၍ ဆုံးရှုံးမှု နှင့် အတူကြုံတွေ့နေရပါတယ်ရှင်။ မန်တုံမြို့နယ်၊ နားလွေကျေးရွာမှာ လယ်မြေ (၇. ၂၅)ဧကဟာ စီမံကိန်းကြောင့် ရေလုံးဝ မရရှိသဖြင့် စိုက်ပျိုးနိုင်ခြင်း

မန်းကြောင်းနဲ့ ပေကျော်ကြေးငွေ လုံးဝမရကြောင်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ လိပ်မူပြီး (၁၀-၇-၂၀၁၂)မှာ တင်ထားပြီး ဖြစ်ပါတယ်။ ဝန်ကြီးချုပ်မှ ဆောင်ရွက်ရန် ညွှန်ကြားထားပေမဲ့လည်း ယနေ့ထိတိုင်အောင် ဖုံချုပ်ရေးမှ ဆောင်ရွက်ပေးခြင်း မရှိတဲ့အတွက်ကြောင့် ဤဓာတ်ငွေ့ပိုက်လိုင်းနဲ့ ပတ်သက်သော ပြည်သူများဟာ ဆင်းရဲတွင်းရောက်လျက်ရှိပါတယ်။ အကောင်းနဲ့ အဆိုးဟာ အမြဲတမ်း ဒွန်တွဲလျက် ရှိနေတယ်လို့ ဆိုထားပါသော်လည်း မိမိနိုင်ငံ အကျိုးထက် တခြားနိုင်ငံအကျိုးကို ပိုပြီးဖြစ်ထွန်းနေစေသော စီမံကိန်း များကို နိုင်ငံတော်အနေနဲ့ ပြန်လည် သုံးသပ်ဖို့ လိုအပ်နေပါတယ်။

ကျွန်မတို့ ရှမ်းပြည်နယ်မှာ ပြည်နယ်ရဲ့ အခွန်ကောက်ခံမှုကို ကြည့်မယ်ဆိုရင် ကျွန်မတို့ မြန်မာနိုင်ငံ လယ်ယာကဏ္ဍမှာ ပြည်ပလုပ်ငန်း များနဲ့ ရင်းနှီးမြှုပ်နှံမှုမှာ (၀.၄၅)ရာခိုင်နှုန်းသာ ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု အနည်းဆုံး ကဏ္ဍဖြစ်နေတဲ့အတွက်ကြောင့် ကျွန်မတို့ပြည်နယ်ရဲ့ ဘဏ္ဍာငွေ၊ အခွန်ငွေကို ခန့်မှန်းနိုင်လိမ့်မယ်လို့ ယူဆပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမှာ ရေနံနဲ့ သဘာဝဓာတ်ငွေ့ဟာ အများဆုံးဖြစ်ပြီး ၎င်းမှ ရတဲ့ အကျိုးအမြတ်ကို နိုင်ငံရဲ့ မည်သည့်အပိုင်းမှာ မည်သည့်ကဏ္ဍမှာ သုံးစွဲမယ်၊ ဘယ်ကဏ္ဍမှာ အထောက်အကူပြုမယ်ဆိုတာကို မသိရှိ ကြပါဘူး။ ဒါပေမဲ့ ဤအဆိုကို ဖြေကြားပေးမဲ့ လူကြီးမင်းအနေနဲ့ နိုင်ငံတော်မှာ ဘဏ္ဍာငွေရတယ်ဆိုတာ ရှမ်းပြည်ရတာနဲ့ အတူတူပါပဲလို့ ဖြေကြောင်းဖြေနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ တကယ်တမ်း ကျွန်မတို့ ဒီနိုင်ငံတော်က ချမှတ်ပေးတဲ့ ဘတ်ဂျက်နဲ့ ဓာတ်ငွေ့ပိုက်လိုင်းကြောင့် ပျက်စီးသွားရတာတွေကို အမှန်တကယ်ပြန်ပြီးတော့ ပြုပြင်မယ်ဆိုလျှင် ရရှိမဲ့ ဘတ်ဂျက်နဲ့ လုံးဝလုံလောက်မှု မရှိနိုင်တာကို သိရှိနိုင်ပါတယ်။ ဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းတဲ့ မြို့နယ်တွေမှာ ကျောင်းနဲ့ ဆေးရုံအချို့ကို တည်ဆောက်ထားတာကိုလည်း တွေ့ရှိရပါတယ်။ ဒါပေမဲ့ ရန်ကုန်မြို့၊ တောင်ဒဂုံမှာ ဖြစ်ခဲ့တဲ့ (၄)လက်မ ရှိတဲ့ပိုက်ကို မြေကော်စက်က တူးမိရာမှ ဓာတ်ငွေ့ပိုက်လိုင်းချင်းကြောင့် လူ(၃)ဦး သေဆုံးပြီး၊

ကာလတန်ဖိုးမြောက်မြားစွာ ဆုံးရှုံးရတာကို ကြည့်ပြီး ကျွန်မတို့ ရှမ်းပြည်နယ်မှာ (၃)ပေကျော် အချင်းရှိတဲ့ ပိုက်လိုင်း (၂)ခု ယှဉ်ထားတဲ့ ပိုက်လိုင်းမှာ မတော်တဆ ဓာတ်ငွေ့ပေါက်ခဲ့သည်ရှိသော် ရေနံယိုစိမ့်မှု ရှိခဲ့မည် ရှိသော် ကျွန်မတို့ ရှမ်းပြည်နယ်မှာ နေတဲ့ဒေသတွေမှာ ရွာလုံးကျွတ်၊ မြို့လုံးကျွတ် ဘေးအန္တရာယ်ကြီးများနဲ့ ကြုံတွေ့ရမည့်အပြင် လူမျိုးပါ ပျက်သုန်းနေတဲ့ အခြေအနေ ပြန်ရောက်နိုင်ပါတယ်။ Gas ပိုက်လိုင်း မြှုပ်နှံတဲ့အခါ တချို့ပိုက်လိုင်းများကို ပြန်လည်ပြုပြင် ဖာထေးပြီး အသုံးပြု ထားသည်ကိုလည်း တွေ့ရှိရပါတယ်၊ အဲဒီပိုက်လိုင်းများဟာ မည်သည့်ကာလ အတိုင်းအတာ သက်တမ်းအထိ ခံနိုင်ရည် ရှိမယ်ဆိုတာ နားလည်တတ်ကျွမ်း သော ပညာရှင်တွေနဲ့ စိစစ်သင့်ပါတယ်။

ကျွန်မတို့နိုင်ငံဟာ စနစ်ကျသော စီမံမှု၊ ဖွဲ့စည်းမှု၊ ညှိနှိုင်းမှု၊ ကွပ်ကဲမှုများ အားနည်းနေရုံသာမက မှန်ကန်သော မှတ်တမ်းပြုမှု၊ သုံးသပ်မှု၊ တို့ကို တိတိကျကျ လုပ်ဆောင်ရန် လိုအပ်နေပါပြီ။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ဇယား (၁)မှာ ပြည်ထောင်စုဥပဒေပြုနိုင်သည့်စာရင်း၊ နံပါတ်(၆) စွမ်းအင်၊ လျှပ်စစ်၊ သတ္တု၊ သစ်တော ကဏ္ဍ၏ (က)မှာ ရေနံ၊ သဘာဝဓာတ်ငွေ့နဲ့ ပြည်ထောင်စုဥပဒေအရ ဘေးအန္တရာယ် ဖြစ် လောက်အောင် လောင်ကျွမ်းစေတတ်သည်ဟု သတ်မှတ်ထားသော အခြား အရည်၊ အခဲ စသည်များကို ဥပဒေပြုခွင့် ရှိထားပါသော်လည်း ကျွန်မတို့ ရှမ်းနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ ပါထားခြင်း မရှိပါဘူး။ ဒါပေမဲ့ ကျွန်မတို့ ပြည်နယ်လွှတ်တော်မှာ စတုတ္ထ အကြိမ်မြောက် ကျင်းပပြီးတဲ့ ပြည်နယ်လွှတ်တော်အစည်းအဝေးကို ပြန်ပြီး သုံးသပ်ကြည့်မယ်ဆိုလျှင် ပြည်နယ်လွှတ်တော်က အတည်ပြုချက် ရရှိပြီးပေမဲ့ ဥပဒေအနေနဲ့ ဖော်ဆောင်နိုင်ခြင်း မရှိသေးတာကို စိတ်မကောင်းစွာ တွေ့ရှိရပါတယ်။

ပြည်ထောင်စု ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် နိုင်ငံတော် ဘတ်ဂျက် အနေနဲ့ မလုံလောက်နိုင်ပါဘူး

ဖွံ့ဖြိုးရေးစီမံကိန်းနဲ့ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ လုပ်ငန်းများကို အကောင်အထည်ဖော်ဖို့ဆိုတာ ကိုယ့်ဒေသကိုယ်တိုင် လေ့လာကြံဆပြီး ပြည်ထောင်စုထံ တင်ပြရမယ်လို့ ဝန်ကြီးချုပ် မိန့်ခွန်းမှာလည်း ပါရှိသွားပြီး ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်မ တင်ပြမဲ့ အဆိုဟာ အဆိုအနေနဲ့ ဆွေးနွေးနိုင်ခွင့် ရှိ/မရှိ ဖြေကြားမဲ့ လူကြီးမင်းအပေါ်မှာသာ မူတည်နေပါတယ်။ ဒါပေမဲ့ ကျွန်မတို့ ရှမ်းပြည်နယ်ရဲ့ အကျိုး ပြည်သူလူထု အကျိုးကို မျှော်မှန်းမယ်ဆိုလျှင် ကျွန်မတောင်းဆိုမဲ့ (၅)ရာခိုင်နှုန်းဟာ နည်းတောင်နည်းပါသေးပါလားဆိုပြီး သတိပြုမိမှာဖြစ်ပါတယ်။ အနာဂတ်ကာလအတွက်ပါ အန္တရာယ် ဖြစ်စေတဲ့ စီမံကိန်းကို ဖော်ဆောင်နေသလို အနာဂတ်ကာလအတွက်ပါ ကျရောက်လာမဲ့ ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ထားရန် ရေနံယိုစိမ့်လျှင်သော်လည်းကောင်း၊ သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ပေါက်ကွဲလျှင်သော်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနဲ့ လူနေမှုဘဝကို ထိခိုက်ဆုံးရှုံးစေခြင်းကို ကာကွယ်နိုင်ဖို့ သက်ဆိုင်ရာကုမ္ပဏီထံ အာမခံချက် တစ်ခုခု အခိုင်အမာ လုပ်ကိုင်ပေးဖို့ လိုအပ်နေပါတယ်။

သို့ဖြစ်ပါ၍ ဓာတ်ငွေ့ရောင်းရငွေ၏ နှစ်စဉ်အမြတ်ငွေ၏ ၅ ရာခိုင်နှုန်းကို ရှမ်းပြည်နယ်ဘဏ္ဍာသို့ နှစ်စဉ်ပေးပါရန်နှင့် ဓာတ်ငွေ့မှ ဖြစ်ပေါ်လာမည့် အကျိုးအပြစ်များအတွက် နိုင်ငံတော်မှ မည်သို့ဆောင်ရွက်ပေးထားသင့်တယ် ဆိုတာကို ရှမ်းပြည်နယ်အစိုးရမှ တိကျစွာတောင်းဆိုပေးပါရန်ဆိုတဲ့ အဆိုကို တင်သွင်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ ။ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ် ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဒေါ်အေးချိုစိန်၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** အားလုံးမင်္ဂလာပါ။ လေးစားအပ်တဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင် ယခု ဒေါ်နန်းခမ်းအေး တင်သွင်းသွားသော အဆိုကို ကျွန်မ ဖယ်ခုံမြို့နယ်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးချိုစိန်မှ ထောက်ခံတင်ပြအပ်ပါတယ်ရှင်။

ကန့်သတ်

၉၃

ဥက္ကဋ္ဌ ။ ဒေါ်နန်းခမ်းအေး တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **"မြန်မာနှင့် တရုတ်သဘာဝဓာတ်ငွေ့ သွယ်တန်းရာတွင် ရှမ်းပြည်နယ်အတွင်း ဖြတ်သန်းသွားသော Gas ပိုက်လိုင်း အတွက် Gas ရောင်းရငွေ၏ အမြတ် ၅ % ကို ရှမ်းပြည်နယ် ဘဏ္ဍာသို့ နှစ်စဉ်ပေးပါရန်နှင့် Gas မှ ဖြစ်ပေါ်လာမည့် အကျိုး အပြစ်များအတွက် နိုင်ငံတော်မှ မည်သို့ ဆောင်ရွက်ထားသင့်သည်ကို ရှမ်းပြည်နယ်အစိုးရမှ တိကျစွာ တောင်းဆိုပေးပါရန်"** ဖြစ်ပါတယ်။ အဆိုကိုလက် ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ဆန္ဒရယူပါမယ်။ အဆိုကိုလက်ခံဆွေးနွေး ရန် လွှတ်တော်က

"သဘောတူပါသလားခင်ဗျား။"

**[ ၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။

ဥက္ကဋ္ဌ ။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ကိုယ်စားလှယ် မရှိတဲ့အတွက် ဒေါ်နန်းခမ်းအေးရဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**( သို့မဟုတ် )**

**အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်း နိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

ကန့်သတ်

ဥက္ကဋ္ဌ ။ နမ့်တူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေး တင်သွင်းတဲ့ အဆိုကို ၂၀၁၂ခုနှစ်၊ စက်တင်ဘာလ ၂၆ရက်နေ့( ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးပါမယ်။

ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေး ရပ်နားတဲ့အခါ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ၂၀၁၁-၂၀၁၂ လုပ်ငန်းဆောင်ရွက် ပြီးစီးမှုနှင့် ၂၀၁၂-၂၀၁၃ ဆောင်ရွက်မည့်လုပ်ငန်းများအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

ဥက္ကဋ္ဌ ။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ၂၀၁၁-၂၀၁၂ လုပ်ငန်းဆောင်ရွက် ပြီးစီးမှု နှင့် ၂၀၁၂-၂၀၁၃ ဆောင်ရွက်မည့် လုပ်ငန်းများအား လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ရှင်းလင်းတင်ပြပေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း၊ စိတ္တသုခ၊ ကာယသုခ နှစ်ဖြာနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကြီးကြပ် ဆောင်ရွက်ပေးရတဲ့ ၂၀၁၁-၂၀၁၂ ရရှိတဲ့ ဘဏ္ဍာရန်ပုံငွေတွေနဲ့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှာ ဆောက်လုပ်ထားတဲ့ လမ်းတံတား ဆိုင်ရာကိစ္စများ၊ ၂၀၁၂-၂၀၁၃ မှာ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ရုံးမှ

အတည်ပြုထားတဲ့ ဘဏ္ဍာရန်ပုံငွေများနဲ့ ၂၀၁၂-၂၀၁၃ မှာ ပြည်ထောင်စုမှ ခွဲဝေရရှိတဲ့ ပြည်ထောင်စုလမ်းများမှာ ဆောင်ရွက်မဲ့ လမ်းတံတားများကို လွှတ်တော်ကိုယ်စားလှယ်များနဲ့ ရှမ်းပြည်နယ်လွှတ်တော်သို့ ရှင်းလင်းတင်ပြပေးသွားမှာ ဖြစ်ပါတယ်။

အားလုံးမင်္ဂလာပါ။ ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းမှာ ပြည်ထောင်စုမှ တာဝန်ယူဆောင်ရွက်မဲ့ လမ်း (၅၈)လမ်း၊ စုစုပေါင်းလမ်းမိုင် (၃၃၂၄ မိုင် ၄. ၅ ဖာလုံ) ဖြစ်ပါတယ်။ ပြည်နယ်မှ တာဝန်ယူဆောင်ရွက်မည့်လမ်း (၁၁၉)လမ်း ၊ စုစုပေါင်းလမ်းမိုင် (၃၁၁၀ မိုင် ၇. ၅ ဖာလုံ) ဖြစ်ပါတယ်။ BOT စနစ်ဖြင့် ဆောင်ရွက်နေသော လမ်းများကတော့ ပြည်ထောင်စု လမ်းမကြီးမှာ ပါဝင်ပြီး လမ်းပေါင်း (၈)လမ်းဖြစ်ပြီး မိုင်အားဖြင့် (၆၃၅) မိုင် ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာ ပြည်ထောင်စုဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည့်လမ်းများ အနေဖြင့် ရှမ်းပြည်နယ် (တောင်ကြီးဒေသ) မှာ (၂၂)လမ်း ရှိပါတယ်။ လမ်းမိုင် (၁၄၅၃)မိုင် ရှိပါတယ်။ ရှမ်းပြည်နယ် (ကျိုင်းတုံဒေသ)မှာ (၁၄)လမ်း ရှိပြီး လမ်းမိုင် (၈၇၃ မိုင် ၂ဖာလုံ) ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (လားရှိုးဒေသ)မှာ (၂၂)လမ်းဖြစ်ပြီး လမ်းမိုင် (၉၉၇ မိုင် ၇ ဖာလုံခွဲ) ဖြစ်ပါတယ်။ ပြည်နယ်မှ တာဝန်ယူဆောင်ရွက်ရမည့် လမ်းများမှာ တောင်ကြီးဒေသမှာ (၃၈)လမ်းဖြစ်ပြီး လမ်းမိုင် (၉၁၈)မိုင် ဖြစ်ပါတယ်။ ရှမ်းပြည်နယ် ကျိုင်းတုံဒေသမှာ (၁၄)လမ်းဖြစ်ပြီး လမ်းမိုင် (၃၈၂ မိုင် ၃ ဖာလုံ)ဖြစ်ပါတယ်။ လားရှိုးဒေသမှာ (၆၇)လမ်း ဖြစ်ပြီး လမ်းမိုင် (၁၈၁၀ မိုင် ၄ ဖာလုံ)ဖြစ်ပါတယ်။ BOT စနစ်ဖြင့် ဆောင်ရွက်နေသော လမ်းများကတော့ ရှမ်းပြည်နယ် တောင်ကြီးဒေသမှာ (၄) ခုရှိပြီး ကျိုင်းတုံဒေသမှာ (၁)ခုဖြစ်ပါတယ်။ လားရှိုးဒေသမှာ (၃) ခုဖြစ်ပါတယ်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရရှိရန်ပုံငွေနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံများကို (Power Point) ဖြင့် ရှင်းလင်းတင်ပြသွားပါမည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးဒေသလမ်းအနေဖြင့် ၂၀၁၁-၂၀၁၂ ရရှိငွေမှာ သန်းပေါင်း (၁၀၇၁၂. ၈၉၄)၊ အဆောက်အဦ အနေဖြင့် ကျပ်သန်းပေါင်း (၃၅၃)၊ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ သန်းပေါင်း (၄၈၈၅. ၄၇၅) သန်း ရရှိပါတယ်။ တောင်ကြီးဒေသအနေဖြင့် စုစုပေါင်း သန်းပေါင်း (၁၅၉၅၀. ၃၆၉)သန်း ရရှိခဲ့ပါတယ်။ ရှမ်းပြည်နယ် (လားရှိုးဒေသ)အနေဖြင့် လမ်းအတွက် သန်းပေါင်း (၅၀၄၉. ၉၀၁)၊ အဆောက်အဦအတွက် (၁၃၇. ၄၇၆)သန်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ (၇၁၃၇. ၈၈၇)၊ စုစုပေါင်း သန်းပေါင်း (၁၂၃၂၅. ၂၆၄) ရရှိခဲ့ပါတယ်။ ရှမ်းပြည်နယ် (ကျိုင်းတုံဒေသ)မှာ လမ်းအတွက် သန်းပေါင်း (၂၁၀၄. ၅)၊ အဆောက်အဦအတွက် (၄၃၉. ၂၀၆)သန်း၊ လေယာဉ်ကွင်း အတွက် (၃၄၉. ၆)၊ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ (၃၁၀၅. ၈၁၂)သန်း၊ စုစုပေါင်း (၅၉၈၉. ၅၁၈)သန်း ရရှိခဲ့ပါတယ်။ ရှမ်းပြည်နယ် တစ်ခုလုံး အတွက် သန်းပေါင်း (၃၄၂၆၆. ၁၅၁)သန်း ရရှိခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းများကတော့ မြေလမ်းမှ အမာခံလမ်းခင်းခြင်း မိုင်ပေါင်း (၇၀ မိုင် ၄ ဖာလုံ)ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မြေလမ်းမှ ကျောက်လမ်းခင်းခြင်း (၇ မိုင် ၃ ဖာလုံ) ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မြေသားလမ်းဖောက်လုပ်ခြင်းကို (၁ မိုင် ၆ ဖာလုံခွဲ) ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အမာခံလမ်းမှ ကျောက်လမ်းခင်းခြင်း (၁၁ မိုင် ၇ ဖာလုံ )ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အမာခံလမ်းမှ ကတ္တရာခင်းခြင်း လုပ်ငန်း (၅ မိုင် ၅ ဖာလုံ) ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျောက်လမ်းမှ ကတ္တရာခင်းခြင်း လုပ်ငန်း (၃၅ မိုင် ၀. ၅ ဖာလုံ) ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မူလ(၁၀)ပေအကျယ်လမ်းကို (၁၈) ပေအကျယ် ကတ္တရာလမ်း တိုးချဲ့ခြင်း (၄ မိုင် ၇. ၅ ဖာလုံ) ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မူလ (၁၆)ပေအကျယ်မှ (၃၄)ပေ အကျယ် မြေသားလမ်းတိုးချဲ့ခြင်း (၂၁၄ မိုင် ၇ ဖာလုံ) ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မြေသားလမ်း ဖောက်လုပ်ခြင်း (၆၃ မိုင် ၃ ဖာလုံ) ဆောင်ရွက်နိုင်ခဲ့ပါတယ်။

လမ်းပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများအနေဖြင့် မြေထိုးစက်ဖြင့် မြေညှိခြင်း လုပ်ငန်းများကို (၃၀၄ မိုင် ၅ ဖာလုံ)၊ ကျောက်လမ်းပျက်များ ပြန်လည်ပြုပြင်ခြင်း (၂၀၉ မိုင် ၅. ၅ ဖာလုံ)၊ ကတ္တရာလမ်းပျက်များ ပြန်လည်ပြုပြင်ခြင်း (၃၆၄ မိုင်) ဆောင်ရွက်နိုင်ခဲ့ပါတယ်။

တံတားလုပ်ငန်းများအနေဖြင့် ( ၅ ပေ Box Culvert ) တည်ဆောက်ခြင်း (၁၁၈)စင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း (၁၈၀)ပေအထက် (၂)စင်း၊ ၁၀၀ ပေနှင့် အထက် ၁၈၀ ပေအောက် (၂)စင်း၊ ၁၀ ပေနှင့် အထက် ပေ(၅၀) အောက် (၄၅)စင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သစ်တားတံတားများအနေဖြင့် ၁၀ ပေ နှင့်အထက် ၅၀ ပေအောက် (၄၉)စင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဘေလီတံတားတည်ဆောက်ခြင်းလုပ်ငန်းများကို (၄)စင်း တည်ဆောက်နိုင်ခဲ့ပါတယ်။ ပိုက်ပြွန်တံတား တည်ဆောက်ခြင်းတွင် Pipe Culvert ကို (၂၁၈)စင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဘေလီတံတား ပြန်လည်ပြုပြင်ခြင်းကို (၁၃)စင်းဆောင်ရွက်ပြီး သစ်တားတံတားများ ပြင်ဆင်ခြင်းကို (၃၂၁) စင်း ပြင်ဆင်ခဲ့ပါတယ်။ လေယာဉ်ကွင်း တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းအနေဖြင့် ကျိုင်းတုံဒေသမှာ ရှိတဲ့ မိုင်းဆတ်လေယာဉ်ကွင်းပြုပြင်ခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရရှိရန်ပုံငွေများမှာ တောင်ကြီး ဒေသမှာ ပြည်ထောင်စုလမ်းအနေဖြင့် ငွေလုံးငွေရင်း ကျပ်သန်းပေါင်း (၁၀၉၀၂. ၂၃၁)၊ အထူးပြင်ထိန်း ကျပ်သန်းပေါင်း (၆၈၉၆. ၈၂၀)၊ သာမန်ပြင်ထိန်း ကျပ်သန်းပေါင်း (၅၂၅. ၁၉၀)၊ ပြည်နယ်လမ်းအနေဖြင့် ငွေလုံးငွေရင်း (အဆောက်အဦ) ကျပ်သန်းပေါင်း (၂၈၀. ၉၀၆)၊ ပြင်/ထိန်း ကျပ်သန်းပေါင်း (၇၅၀၆. ၃၉၇)၊ ဖြစ်ပြီး စုစုပေါင်း တောင်ကြီး ဒေသ အနေဖြင့် သန်းပေါင်း (၂၆၁၁၁. ၅၄၄)သန်း ရရှိပါတယ်။

လားရှိုးဒေသ ပြည်ထောင်စုလမ်းအနေဖြင့် ငွေလုံးငွေရင်း ကျပ်သန်းပေါင်း (၆၂၁၇. ၇၃၀)၊ အထူးပြင်ထိန်း ကျပ်သန်းပေါင်း (၅၀၉၇. ၉၅၆)၊ သာမန်ပြင်ထိန်း ကျပ်သန်းပေါင်း (၄၂၇. ၃၅၉)၊ ပြည်နယ်လမ်း အနေဖြင့် ငွေလုံးငွေရင်း (အဆောက်အဦ) ကျပ်သန်းပေါင်း (၄၄၃. ၄၉၆)၊ ပြင်/ထိန်း ကျပ်သန်းပေါင်း (၁၂၈၄၈. ၄၉၁)၊ ဖြစ်ပြီး စုစုပေါင်း လားရှိုးဒေသ အနေဖြင့် သန်းပေါင်း (၂၅၀၃၅. ၀၃၂)သန်း ရရှိပါတယ်။

ကျိုင်းတုံဒေသ ပြည်ထောင်စုလမ်းအနေဖြင့် ငွေလုံးငွေရင်း ကျပ်သန်းပေါင်း (၆၁၄၉)၊ အထူးပြင်ထိန်း ကျပ်သန်းပေါင်း (၄၉၀၁. ၉၄၆)၊ သာမန်ပြင်ထိန်း ကျပ်သန်းပေါင်း (၃၃၃. ၈၉၇)၊ ပြည်နယ်လမ်းအနေဖြင့် ငွေလုံးငွေရင်း (အဆောက်အဦ) ကျပ်သန်းပေါင်း (၆၃၉. ၉၇၆)၊ ပြင်/ထိန်း ကျပ်သန်းပေါင်း (၁၂၈၃၈)၊ ဖြစ်ပြီး စုစုပေါင်း ကျိုင်းတုံဒေသ အနေဖြင့် သန်းပေါင်း (၂၄၈၆၂. ၈၁၉)သန်း ရရှိပါတယ်။ ရှမ်းပြည်နယ် တစ်ခုလုံးအနေဖြင့် ပြည်ထောင်စုလမ်းနှင့် ပြည်နယ်လမ်း စုစုပေါင်းရရှိငွေ သန်းပေါင်း (၇၆၀၀၉. ၃၉၅)သန်း ဖြစ်ပါတယ်။

ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများမှာ တောင်ကြီးဒေသ၊ တောင်ကြီးခရိုင်အနေဖြင့် သန်းပေါင်း (၁၈၂၆. ၉၃၁)သန်း ဖြစ်ပါတယ်။ ကတ္တရာခင်းခြင်းလုပ်ငန်း (၂၅ မိုင် ၇ ဖာလုံ)၊ သံကူကွန်ကရစ် တံတား (၁)စင်းဆောင်ရွက်ပါမယ်။ လွိုင်လင်ခရိုင်အနေဖြင့် သန်းပေါင်း (၃၃၉၈. ၄)သန်း ရပြီး ကတ္တရာခင်းခြင်း လုပ်ငန်း (၂၃ မိုင် ၄ ဖာလုံ)၊ အမာခံလမ်းခင်းခြင်း (၄)မိုင်၊ သံကူကွန်ကရစ်တံတား (၂၁)စင်း တည်ဆောက် ပါမယ်။ လင်းခေးခရိုင်မှာ ရရှိတဲ့ ရန်ပုံငွေ သန်းပေါင်း (၁၂၀၀)ဖြစ်ပြီး ကတ္တရာခင်းခြင်း (၁၈ မိုင် ၃. ၅ဖာလုံ)၊ ကျောက်တောင် မိုင်းခွဲ လမ်းချဲ့ခြင်း (ပေ ၂၆၀) သံကူကွန်ကရစ်တံတား (၁)စင်း ဆောင်ရွက်ပါမယ်။ အထူးစီမံကိန်းကြီး အဖွဲ့ (၃)မှ သန်း (၁၀၀) ရရှိပြီး တံတား (၁)စင်း တည်ဆောက်ပါမယ်။ အထူးစီမံကိန်းကြီးအဖွဲ့ (၅)မှ သန်းပေါင်း (၁၁၀၀)ရရှိပြီး၊ ကတ္တရာလမ်းခင်းခြင်း (၃)မိုင် ၊ အမာခံလမ်းခင်းခြင်း (၇)မိုင်၊ တစ်ကြောင်းထိုးမြေလမ်း

ဖောက်လုပ်ခြင်း (၃ မိုင် ၄ ဖာလုံ)၊ မြေသားလမ်း တာဘောင်ချဲ့ခြင်း (၅)ဖာလုံနှင့် သံကူကွန်ကရစ်တံတား (၁၆)စင်း တည်ဆောက်ပါမယ်။ လမ်းအထူးအဖွဲ့ (၁၃)က ရရှိသည့် ရန်ပုံငွေက သန်းပေါင်း (၁၈၀၂. ၈)ဖြစ်ပြီး ကတ္တရာလမ်းခင်းခြင်းက (၁၁ မိုင် ၀. ၅ ဖာလုံ)ဖြစ်ပါတယ်။ ကျောက်စီမြေကာန်ရံပြုလုပ်ခြင်း လုပ်ငန်း (၁)ခုပါ ပါတယ်။ မြေသားတာဘောင်ချဲ့ခြင်း (ကျင်း)အနေနဲ့ ကျင်းပေါင်း (၉၃၁၁၇)ကျင်း ဖြစ်ပါတယ်။ လေယာဉ်ကွင်းအထူးအဖွဲ့(၁)က (၅၁၃. ၆)သန်း ရရှိပြီး ကတ္တရာလမ်း (၄)မိုင်၊ ကျောက်တောင်မိုင်းခွဲခြင်းလုပ်ငန်း (၂၀၀)ပေ ဆောင်ရွက်ပါမယ်။ တံတားအထူးအဖွဲ့ (၉)က သန်းပေါင်း (၉၆၀. ၅)ရရှိပြီး တံတားကြီး (၅)စင်း တည်ဆောက်ပါတယ်။

ပြည်ထောင်စု ငွေလုံးဖြင့် ဆောင်ရွက်မည့်လုပ်ငန်း မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းမှာ သန်းပေါင်း (၃၂၆၂. ၈)သန်းဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်း (၂၃)မိုင်ဆောင်ရွက်ပါမယ်။ နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းကို သန်းပေါင်း (၂၀၀၀)ဖြင့် ကတ္တရာခင်းခြင်း လုပ်ငန်း (၂၁ မိုင် ၃. ၅ ဖာလုံ)၊ အမာခံလမ်းခင်းခြင်း (၅)မိုင်၊ ကျောက်တောင်မိုင်းခွဲခြင်း (၂၆၀)ပေ၊ မြေကာန်ရံပြုလုပ်ခြင်း (၃)ခု၊ သံကူကွန်ကရစ်တံတား (၁၇)စင်း တည်ဆောက်ပါမယ်။ ပျဉ်းမနား-ပင်လောင်းလမ်း သန်းပေါင်း (၉၆၀. ၅) ရရှိပြီး ကတ္တရာလမ်းခင်းခြင်း (၁ မိုင် ၀. ၅ ဖာလုံ)ဖြစ်ပြီး၊ ကျောက်စီမြေကာန်ရံ (၁)ခုဆောင်ရွက်ပါမယ်။ မြေသားတာဘောင်ချဲ့ခြင်း ကျင်းပေါင်း (၉၃၁၇၇)ကျင်း၊ တံတားကြီး (၂)စင်း ဆောင်ရွက်ပါမယ်။ မိုင်းပန်- မုံးထ-မုံးထော်လမ်း ကျပ်သန်းပေါင်း(၃၀၀) ရရှိပြီး အမာခံလမ်းခင်းခြင်း (၂ မိုင်)၊ တစ်ကြောင်းထိုးမြေလမ်း ဖောက်လုပ်ခြင်း (၃ မိုင် ၄ ဖာလုံ)ဆောင်ရွက်ပါမယ်။ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်လမ်း (၅၀၁)သန်း ရရှိပြီး ကတ္တရာလမ်းခင်းခြင်း (၇ မိုင် ၄ ဖာလုံ) ဆောင်ရွက်ပါမယ်၊ ဟန်မြင့်မိုရ်-မြို့ကြီး-ရှာငံ-အောင်ပန်းလမ်း ကျပ်သန်းပေါင်း (၈၀၀)ရရှိပြီး ကတ္တရာခင်းခြင်းလုပ်ငန်း (၁၁ မိုင် ၅ ဖာလုံ )ဆောင်ရွက်ပါမယ်။

ရွှေညောင်- ရပ်စောက်-မိုင်းသောက်-နမ့်ပန်လမ်း (၂၁၀. ၉၃၁) သန်း ရရှိပြီး ကတ္တရာလမ်းခင်းခြင်း (၃ မိုင် ၂ ဖာလုံ) ဆောင်ရွက်ပါမယ်။ လွိုင်လင်-ပန်ကေတု-သီပေါလမ်း သန်းပေါင်း (၁၉၅၂)သန်း ရရှိပြီး ကတ္တရာခင်းခြင်း (၁၄ မိုင် ၄ ဖာလုံ)၊ သံကူကွန်ကရစ်တံတားအစင်း (၂၀) တည်ဆောက်ပါမယ်။ အောင်ပန်း-ပင်းတယ-ရပ်စောက်လမ်းမှာ သန်း (၃၀၀)ရရှိပြီး ကတ္တရာလမ်းခင်းခြင်း (၃ မိုင် ၄ ဖာလုံ) ဆောင်ရွက်ပါမယ်။ မိုင်းနောင်- မိုင်းစံလမ်း သန်း (၂၀၀) ရရှိပြီး အမာခံ လမ်းခင်းခြင်း (၄)မိုင်၊ သံကူကွန်ကရစ် တံတား (၁)စင်း၊ တံတားကြီး (၁)စင်း ဆောင်ရွက်ပါမယ်။ ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-နောင်ချိုလမ်း (၁၅)သန်း ရရှိပြီး သံကူကွန်ကရစ်တံတား (၁)စင်း တည်ဆောက်ပါမယ်။ အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော်လမ်း သန်း (၁၀၀) ရရှိပြီး တံတား (၁)စင်း တည်ဆောက်ပါမယ်။ မိုင်းနောင်-မိုင်းရှုးလမ်း သန်း (၁၀၀)ရရှိပြီး တံတား (၁)စင်း တည်ဆောက်ပါမယ်။ ကွန်ဟိန်း-မိုင်းနောင်-ကျေးသီး-ပန်ကေတုလမ်း သန်း (၁၀၀) ရရှိပြီး သံကူကွန်ကရစ်တံတား (၁)စင်း တည်ဆောက်ပါမယ်။

ရှမ်းပြည်နယ်၊ ကျိုင်းတုံဒေသအနေနဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းမှာ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း (၉၅၅. ၇၄)သန်း ရရှိပါတယ်။ မိုင်းပြင်း-မက်မန်းလမ်း သန်း (၂၀၀) ရရှိပါတယ်။ ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်လမ်းက (၂၅၀)သန်း ရရှိပါတယ်။ ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်း သန်း (၅၀၀) ရရှိပါတယ်။ အင်ဂျင်နီယာမျှုးကြီးရုံး တိုးချဲ့ဆောက်လုပ်ခြင်း လုပ်ငန်းအတွက် (၁၆. ၄၀၁)သန်း ဖြစ်ပြီး မိုင်းယန်းမြို့နယ် အင်ဂျင်နီယာရုံး ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် (၂၈)သန်း ဖြစ်ပါတယ်။

မိုင်းဆတ်ခရိုင်အနေနဲ့ တာဆန်း-မိုင်းတုံ-မိုင်းဆတ်လမ်း သန်း (၅၀၀) ဖြစ်ပါတယ်။ မိုင်းတုံ-ပုံပါကျင်- ဘီပီ၀မ်းလမ်း သန်း (၂၅၀) ဖြစ်ပါတယ်။ ခရိုင်အင်ဂျင်နီယာမှူးကြီးရုံး၀င်း ၀န်ထမ်းအိမ်ရာ (၂)ခန်းတွဲ

ဆောက်လုပ်ခြင်း သန်း (၁၅. ၉၉၀)သန်း ဖြစ်ပါတယ်။ မြို့အင်ဂျင်နီယာမှူးရုံးဝင်း ဝန်ထမ်းအိမ်ရာ (၂)ခန်းတွဲ ဆောက်လုပ်ခြင်း သန်း (၃၃. ၃၇၅)သန်း ဖြစ်ပါတယ်။ လေယာဉ်ကွင်း အထူးအဖွဲ့ (၄)မှ ဆောင်ရွက်မည့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းအတွက် သန်းပေါင်း (၁၅၇၉)ဖြစ်ပါတယ်။ မိုင်းပြင်း-မက်မန်းလမ်းအတွက် သန်း (၃၀၀) ဖြစ်ပါတယ်။ တာဆန်း-မိုင်းတုံ-မိုင်းဆတ်လမ်းအတွက် သန်း (၅၀၀) ဖြစ်ပါတယ်။ ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်လမ်းအတွက် သန်း (၂၇၀) ဖြစ်ပါတယ်။ မိုင်းပန်-မုံးထ-မုံးထော်လမ်း အတွက် သန်း (၃၀၀) ဖြစ်ပါတယ်။ လမ်းမိုင်များပြီး ရရှိတဲ့ငွေများအနေနဲ့ ခရိုင်အလိုက်၊ လေယာဉ်ကွင်းအထူးအဖွဲ့များကို ဖြန့်ဝေပြီး တာဝန်ပေးထားခြင်း အားဖြင့် ရရှိတဲ့ရန်ပုံငွေကို လာမည့်နှစ်မှာ အပြီးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မိုင်းဖြတ်ခရိုင်အနေဖြင့် ခရိုင်အင်ဂျင်နီယာမှူးရုံး (၁)လုံး ဆောက်လုပ်ခြင်းအတွက် (၈၁. ၃)သန်း ဖြစ်ပါတယ်။ ခရိုင်အင်ဂျင်နီယာမှူး နေအိမ် (၁)လုံးဆောက်လုပ်ခြင်း (၄၇. ၈)သန်း၊ ခရိုင်အင်ဂျင်နီယာမှူး ရုံးဝင်းနေအိမ်ရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်း (၁၃. ၈၆)သန်း ဖြစ်ပါတယ်။ မိုင်းဖြတ်မြို့နယ် (၄)ခန်းတွဲ ဝန်ထမ်းအိမ်ယာ(၂)လုံး ဆောက်လုပ်ခြင်းအတွက် (၁၃၁. ၇)သန်း ဖြစ်ပါတယ်။ မိုင်းဖြတ်မြို့နယ် အငယ်တန်းအင်ဂျင်နီယာနေထိုင်ရန် နေအိမ်အတွက် (၈၀. ၈)သန်း ဖြစ်ပါတယ်။ မိုင်းဖြတ်မြို့နယ်အတွင်းမှာပဲ (၂)ခန်းတွဲ ဝန်ထမ်းအိမ်ရာ(၁)လုံး ဆောက်လုပ်ခြင်းအတွက် (၃၂. ၁၅)သန်း၊ မိုင်းယောင်းမြို့နယ် (၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၁)လုံးဆောက်လုပ်ခြင်းအတွက် (၆၅. ၈၅)သန်း၊ မိုင်းယုမြို့နယ်ခွဲ အင်ဂျင်နီယာနေအိမ် (၁)လုံးဆောက်လုပ်ခြင်းအတွက် (၂၆. ၉)သန်း၊ မိုင်းယုမြို့နယ်ခွဲ (၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်းအတွက် (၆၅. ၈၅)သန်း ဖြစ်ပါတယ်။ မိုင်းဖြတ်ခရိုင် အနေနဲ့ ခရိုင်အင်ဂျင်နီယာရုံးသည် ယခုမှ စတင်ဖွင့်လှစ်ခွင့်ရရှိတဲ့အတွက် အဆောက်အဦများ မရှိသေးတဲ့အတွက် ယခုနှစ်မှသာ ရုံးအဆောက်အဦများကို တည်ဆောက်ရခြင်း ဖြစ်ပါတယ်။

တံတားအထူးစီမံကိန်းအဖွဲ့ခွဲ (၃)အနေဖြင့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံလမ်းကို သန်းပေါင်း (၃၄၄. ၂၆)သန်းဖြင့် ဆောင်ရွက်ပါမယ်။ တံတားအထူးအဖွဲ့(၉)က မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းပေါ်မှာ ရှိနေတဲ့ (မိုင်းပြင်းတံတား/တုံတာတံတား)ကို သန်း (၂၀၀)ဖြင့် ဆောင်ရွက်ပါမယ်။ လားရှိုးဒေသ ကျောက်မဲခရိုင်အနေဖြင့် သီပေါ-မန်တုံ-နမ့်ဆန်လမ်းက သန်းပေါင်း (၁၀၀၀)ဖြင့် ဆောင်ရွက်ပါမယ်။ (၁၀)မိုင် အတွင်းမှာ အင်မတန်ဆိုးရွားစွာ ပျက်စီးနေတဲ့နေရာတွေကို သန်း(၁၀၀၀)ဖြင့် ဆောင်ရွက်ပါမယ်။ လွိုင်လင်-ပန်ကေတု-သီပေါလမ်းအနေဖြင့် (၁၃၈၆. ၇၃၀)သန်း ဖြစ်ပါတယ်။ နမ့်ဆန်-မန်စံလမ်း (၉၅၀)သန်း ဖြစ်ပါတယ်။ မိုင်းလုံမြို့နယ်ခွဲ အင်ဂျင်နီယာရုံးဆောက်လုပ်ခြင်း (၁၈. ၅)သန်း ဖြစ်ပါတယ်။ (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာအတွက် (၆၀. ၄)သန်း ဖြစ်ပါတယ်။ နမ့်ဆန်မြို့နယ်မှာ မြို့နယ်အင်ဂျင်နီယာ နေအိမ်အတွက် (၁၈. ၈၇)သန်း ဖြစ်ပါတယ်။ နမ့်ဆန်မြို့နယ် (၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာအတွက် (၆၂. ၇)သန်း ဖြစ်ပါတယ်။ လားရှိုးမြို့နယ်မှာ (၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာအတွက် သန်းပေါင်း (၅၄. ၈၀)သန်း ဖြစ်ပါတယ်။ မူဆယ်ခရိုင်အနေနဲ့ ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါလမ်းအတွက် သန်း (၂၀၀)ဖြစ်ပါတယ်။ ကြူကုတ်(ပန်ဆိုင်း)မြို့နယ်၊ အင်ဂျင်နီယာရုံး (၂၈. ၀၅၁)သန်း ဖြစ်ပါတယ်၊ ကြူကုတ်(ပန်ဆိုင်း)မြို့နယ် အင်ဂျင်နီယာရုံးဝင်း အတွင်း ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း (၅၄. ၈)သန်း ဖြစ်ပါတယ်။ ကွမ်းလုံခရိုင်အနေဖြင့် ကွမ်းလုံမြို့နယ် (၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း (၅၄. ၈)သန်း ဖြစ်ပါတယ်။ လောက်ကိုင်မြို့နယ် (၄) ခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း (၅၄. ၈)သန်း ဖြစ်ပါတယ်။

လမ်းအထူးအဖွဲ့ (၁)မှ ဆောင်ရွက်မည့် နမ့်ဆန်-မန်တုံလမ်း ဖြစ်ပါတယ်။ သန်းပေါင်း (၁၅၀၀)ဖြင့် ဆောင်ရွက်ပါမယ်။ အဆောက်အဦ အထူးအဖွဲ့ (၆)က ဆောင်ရွက်မည့် တွင်းငယ်-မိုးမိတ်လမ်း သန်းပေါင်း (၆၀၀)ဖြင့် ဆောင်ရွက်ပါမယ်။ တံတားအထူးအဖွဲ့ (၁၅)မှ ဆောင်ရွက်မည့် တွင်းငယ်-မိုးမိတ်လမ်း ကင်းချောင်းတံတားကို သန်း (၃၀၀)ဖြင့် ဆောင်ရွက်ပါမယ်။

တံတားအထူးအဖွဲ့ (၉)က ဆောင်ရွက်မည့် မယ်ဟန်-မိုင်းရယ်-ကျေးသီး လမ်းကို သန်း(၁၀၀)ဖြင့် ဆောင်ရွက်ပါမယ်။ အဆောက်အဦ အထူးအဖွဲ့(၅)မှ ဆောင်ရွက်မည့် ပြင်ဦးလွင်-မိုးကုတ်ဒေသအတွက် (၁၈၁)သန်းဖြင့် (၃၀)ပေအရှည် တံတားကို ဆောင်ရွက်ပါမယ်။

၂၀၁၂-၂၀၁၃ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တစ်ပြည်နယ်လုံးမှာ ကတ္တရာလမ်း သစ်ခင်းခြင်းလုပ်ငန်းကို (၉၉)မိုင် ဆောင်ရွက်ပါမယ်။ ဆောင်ရွက်ပြီးစီးမှု အသေးစိတ်ကို အချိန်ကို ငဲ့ညာသောအားဖြင့် မတင်ပြတော့ပါ။ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း (၀. ၅)ဖာလုံဖြစ်ပါတယ်။ မူလ (၁၂)ပေအကျယ် ကတ္တရာလမ်းအား (၁၁၃)မိုင် ဆောင်ရွက်ပါမယ်။ (၁၈)ပေအကျယ်ချဲ့ခြင်းကို (၂ ဖာလုံ)ဆောင်ရွက်ပါမယ်။ တစ်ကြောင်းထိုးလမ်းကို (၁ မိုင် ၁. ၅ ဖာလုံ) ဆောင်ရွက်ပါမယ်။ မြေသားလမ်းချဲ့ခြင်းကို (၁၁)မိုင် ဆောင်ရွက်ပါမယ်။ အမာခံလမ်းခင်းခြင်း (၄၇၆၅၄၂)ပေ၊ ကျောက်လမ်းခင်းခြင်း (၅၀ မိုင်)၊ ကျောက်တောင်မိုင်းခွဲခြင်း (၅၆ မိုင်)၊ Toe Wall ပြုပြင်ခြင်းကို (၇၄၂၂၂ ကျင်း)၊ ကျောက်စီမြေကာနံရံ (၁၅၂၇၀)ပေ၊ ကျောက်စီရေမြောင်း (၁၀၃၂၀၅) ပေ၊ သံကူကွန်ကရစ်တံတား (၅၂၆)စင်း၊ ရေပွန်တံတား တည်ဆောက်ခြင်း (၃၀)စင်း၊ ဘေလီတံတား (၅)စင်း၊ ဆောင်ရွက်သွားပါမယ်။ တောင်ကြီး ဒေသရဲ့ အသေးစိတ်စာရင်းကို အချိန်ကိုငဲ့ညာသော အားဖြင့် မတင်ပြ တော့ပါဘူး။ ယခုကျွန်တော်တင်ပြသည်များကို ကိုယ်စားလှယ်များ အနေဖြင့် လိုအပ်ပါက ရှမ်းပြည်နယ်လွှတ်တော်ရုံးတွင် ကော်ပီကူး ယူနိုင်ပါတယ် ခင်ဗျား။

ပြည်ထောင်စုငွေလုံးငွေရင်းဖြင့် ဆောင်ရွက်သော လုပ်ငန်းများမှာ မြေတောင်လမ်းချဲ့ခြင်း (၇၇၇၈၅) ပေ၊ ကျောက်တောင်လမ်းချဲ့ခြင်း (၇၀၄၀)ပေ၊ ကတ္တရာလမ်းခင်းခြင်း (၁၄ မိုင် ၃ ဖာလုံ)၊ အမာခံလမ်းခင်းခြင်း (၂၀ မိုင် ၅ ဖာလုံ)၊ ကျောက်လမ်းခင်းခြင်း (၂ မိုင် ၃ ဖာလုံ)၊ တစ်ကြောင်းထိုး လမ်းဖောက်လုပ်ခြင်း (၇ မိုင် ၃ ဖာလုံ)၊ ၂-၄ ခွဲကျောက် ၉လက်မထု၊

ကျောက်ရောမြေ ၃ လက်မထု ခင်းကြိတ်ခြင်း (၇ မိုင် ၅ ဖာလုံ)၊ ၂-၄ ခွဲကျောက် ၆လက်မထု၊ ကျောက်ရောမြေ ၁.၅ လက်မထု ခင်းကြိတ်ခြင်း (၄ မိုင် )၊ ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်း (၂၅၆၅)ပေ၊ (၅' × ၅' ×၂၄') Box Culvert တည်ဆောက်ခြင်း (၁၉)စင်း၊ (၅' × ၅' × ၃၀') Box Culvert တည်ဆောက်ခြင်း (၆)စင်း၊ (၄၀)ပေ သံကူကွန်ကရစ်တံတား (၁)စင်း၊ (၁၀)ပေ သံကူကွန်ကရစ် တံတား (၂)စင်း၊ (၃၀)ပေ ဘေလီတံတား (၁)စင်း၊ ကျောက်စီရေမြောင်း တည်ဆောက်ခြင်း (၁၀၉၈၀)ပေ၊ ၁၄၀ ပေရှည် သံကူကွန်ကရစ်တံတား (၂)စင်း ဆောင်ရွက်ပါမယ်။

မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းကို လမ်းအထူးအဖွဲ့ (၁၃)၊ လွိုင်လင်ခရိုင်နှင့် လေယာဉ်ကွင်းဆောက်လုပ်ရေးအထူးအဖွဲ့ (၁) တို့ဖြင့် (၃)ဖွဲ့ခွဲ၍ ဆောင်ရွက်နေပါတယ်။ ဟန်မြင့်မိုရ်-မြို့ကြီး-ရွာငံ-အောင်ပန်းလမ်းကို ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်ရှိ အင်ဂျင်နီယာများဖြင့် (၂)ပိုင်းခွဲ၍ ဆောင်ရွက်သွားပါမယ်။ ရွာငံမြို့နယ်အနေဖြင့် ရရှိတဲ့ ရန်ပုံငွေက သန်း (၈၀၀)ဖြစ်ပါတယ်။ ပင်းတယမြို့နယ်အနေဖြင့် ရန်ပုံငွေ (၁၁.၈၆)သန်းဖြင့် အထူးပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပါမယ်။ (၄၃)သန်းဖြင့် ပျက်စီးနေသော ကတ္တရာလမ်းပေါက်များကို ပြင်ဆင်ထိန်းသိမ်းသွားပါမယ်။

လွိုင်လင်-ပန်ကေတု-သီပေါလမ်းမှာ လွိုင်လင်ခရိုင်အနေဖြင့် ရရှိသည့် ရန်ပုံငွေမှာ သန်းပေါင်း (၁၉၅၂)သန်း ဖြစ်ပါတယ်။ အထူးပြင်ဆင်ထိန်းသိမ်းခြင်းအတွက် (၇၁၄.၈၅)သန်း၊ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ (၅၁.၁၂၅)သန်း ဖြစ်ပါတယ်။ စုစုပေါင်း သန်းပေါင်း (၂၇၁၇.၉၇၅) ဖြစ်ပါတယ်။ ကတ္တရာခင်းခြင်းလုပ်ငန်းဟာ (၁၄ မိုင် ၄ ဖာလုံ)ဖြစ်ပြီး ကျောက်စီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ် တံတား (၂၀)စင်း ဆောင်ရွက်သွားပါမယ်။

နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းကို လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်၊ အထူးစီမံကိန်းကြီးအဖွဲ့ခွဲ (၅) (၃)ဖွဲ့ခွဲ၍ ဆောင်ရွက်သွားပါမယ်။ ရရှိထားတဲ့ ရန်ပုံငွေများမှာ ငွေလုံးငွေရင်း (၂၀၀၀)သန်း၊ အထူးပြင်ဆင်ထိန်းသိမ်းခြင်း (၆၈၆. ၃၉)သန်း၊ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း (၅၃. ၆၁၀)သန်း ရရှိထားပါတယ်။ ကျောက်လမ်းမှ ကတ္တရာလမ်းသစ်ခင်းခြင်း (၇ မိုင် ၁. ၅ ဖာလုံ)၊ အမာခံလမ်းမှ ကတ္တရာလမ်းသစ်ခင်းခြင်း (၃ မိုင်)၊ မြေလမ်းမှ အမာခံလမ်းခင်းခြင်း (၅ မိုင်)၊ ကတ္တရာထပ်ပိုးလွှာတင်ခြင်း (၁၁ မိုင် ၂ ဖာလုံ)၊ မိုင်းခွဲလမ်းချဲ့ခြင်း (၄၆၀)ပေ၊ မြေကော်စက်ဖြင့် ရေမြောင်းတူးခြင်း (၃ မိုင် ၄ ဖာလုံ)၊ ၁၅ ပေ × ၂၈ ပေ သံကူကွန်ကရစ်တံတား (၁)စင်း၊ ၈ ပေ× ၃၀ ပေ သံကူကွန်ကရစ်တံတား (၁)စင်း၊ ၅ ပေ × ၃၀ ပေ သံကူကွန်ကရစ်တံတား (၁၅)စင်း၊ ၃၄ ပေ အကျယ်တာဘောင်ချဲ့ခြင်း (၅ ဖာလုံ)၊ ကျောက်စီမြေထိန်းနံရံ (၂၉၀)ပေ ဆောင်ရွက်ပါမယ်။

သစ်သားတံတားများ ကြမ်းခင်း၊ ဘီးလမ်း၊ လက်ရန်းများ အသစ်လဲလှယ်ခြင်း (၁၇)စင်း၊ နိမ့်ကျွံချိုင့်ခွက်ကြီးများအား ကျောက်သဲဖြင့် ဖြည့်ခင်းကြိတ်ခြင်း (၃ မိုင်)၊ မြေလမ်းမှ အမာခံလမ်း (၂ မိုင် ၄ ဖာလုံ)၊ မြင့်တက်နေသော အပိုင်းအားမြေညှိစက်ဖြင့် မြေထိုးညှိခြင်း (၁၆ မိုင် ၄ ဖာလုံ) ဆောင်ရွက်ပါမယ်။ သစ်သားတံတားလဲလှယ်ခြင်းနှင့် ပတ်သက်၍ ဆွေးမြေ့နေသော တံတားများကို စီမံကိန်းအနေဖြင့် ပေ (၅၀)အောက်တံတားများကို သံကူကွန်ကရစ်တံတားတည်ဆောက်ရန် ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ဆောင်ရွက်လျက် ရှိပါတယ်။

လားရှိုးဒေသ တာဝန်ယူဆောင်ရွက်မည့် လွိုင်လင်-ပန်ကေတု-သီပေါလမ်း ၁၀၂ မိုင် ၂ ဖာလုံမှ ၁၄၉ မိုင် ၂ ဖာလုံအထိ ဆောင်ရွက်မည့် လုပ်ငန်းများဖြစ်ပါတယ်။ ကတ္တရာခင်းခြင်း (၁၇ မိုင်)၊ ကတ္တရာရေပိတ်လွှာလောင်းခြင်း (၁၇)မိုင်ဖြစ်ပါတယ်။

ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါးလမ်း ၂-၄ ကျောက်ခင်းပြီး ၄ လက်မထုရရန် ၁၀၅. ၆ ကျင်း ဆောင်ရွက်ပါမယ်။ ၂-၄ ကျောက် ၄ လက်မထု နှစ်လွှာ ၁၂ ပေ အကျယ်ခင်းကြိတ်ခြင်း ၁၀၅၆ ကျင်း ဆောင်ရွက်သွားပါမယ်။ ကတ္တရာ ၁ လက်မထု ထုဝင်လောင်းခြင်း လုပ်ငန်းကို အပိုင်းအလိုက် ၁၂၆၇၂၀ စတုရန်းပေ ဆောင်ရွက်ပါမယ်။ ပထမထပ် ရေပိတ်ကတ္တရာလောင်းခြင်း ၁၂၆၇၂၀ စတုရန်းပေ ဆောင်ရွက်ပါမယ်။ မြေသားလမ်းပုခုံး ၃ ပေအကျယ် ခင်းခြင်း ၇၅၅ ကျင်း ဖြစ်ပါတယ်။

နမ့်မျှော်-မိုင်းယော်-မိုင်းကျက်လမ်း (၃၂)မိုင်ရှိပြီး အချို့နေရာများအား ကျောက်လမ်းခင်းခြင်း၊ ၄ မိုင်ခန့်အား ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်ပါမယ်။

ကျိုင်းတုံ-လွယ်မွေလမ်းသည် ကတ္တရာလမ်း ရှိထားပြီး ဖြစ်သည့်အတွက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း Box Culvert တည်ဆောက်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အောက်ဖော်ပြပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

(က) ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်း အား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း။

( ခ) ၂၀၁၂-၂၀၁၃ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း။

( ဂ) ၂၀၁၃-၂၀၁၄ခုနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းများ ပြုစုတင်ပြခြင်းအား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း။

(ဃ) **အကျဉ်းဦးစီးဌာန၏ ၂၀၁၂ - ၂၀၁၃ ခု ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်း ထက်ကျော်လွန်၍ သုံးစွဲခဲ့သော အသုံးစရိတ်များ အတွက် နောက်ကြောင်းပြန်ခွင့်ပြုမိန့် တောင်းခံခြင်း အား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။**

**ဥက္ကဋ္ဌ ။** လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လွှတ်တော်အစည်းအဝေးကာလသည် (၄)နာရီအထိဖြစ်သော်လည်းပဲ နောက်ထပ်တင်ပြရန် ကဏ္ဍတစ်ခု ရှိသေးတဲ့အတွက် အကယ်၍(၄)နာရီကျော်လွန်ခဲ့လျှင် ကြိုတင်ခွင့်တောင်းအပ်ပါတယ်။ နောက်ထပ် တင်ပြတဲ့အခါမှာ လွှတ်တော်သို့ တင်ပြမည့် အစီအစဉ်နှင့် ပတ်သက်၍ ကြာမြင့်မည့်အချိန်ကို လွှတ်တော်သို့ ကြိုတင်အကြောင်းကြားမှသာ ပိုမိုအဆင်ပြေမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၉၃၊ ပုဒ်မခွဲ (က)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၅၊ နည်းဥပဒေခွဲ (က)တို့အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ

(၁) ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၂-၂၀၁၃ခု ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်း၊

(၂) ၂၀၁၂-၂၀၁၃ ခုနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း၊

(၃) ၂၀၁၃-၂၀၁၄ ခုနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းများ ပြုစုတင်ပြခြင်း၊

(၄) အကျဉ်းဦးစီးဌာန၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း ထက်ကျော်လွန်၍ သုံးစွဲခဲ့သော အသုံးစရိတ်များအတွက် နောက်ကြောင်းပြန်ခွင့်ပြုမိန့် တောင်းခံခြင်း

တို့ကို လွှတ်တော်သို့ ပေးပို့လာပါတယ်။ ရှင်းလင်းတင်ပြပေးရန်အတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးအား ဖိတ်ခေါ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ဒုတိယ ဥက္ကဋ္ဌ၊ လွှတ်တော်ကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါးကျန်းမာ ချမ်းမြေ့ပြီး လိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကိုယ်စား ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်နဲ့ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေ စာရင်းများကို တင်ပြသွားမှာ ဖြစ်ပါတယ်။

၂၀၁၁ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ စပြီး ပြည်နယ် ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ရာတွင် အခြေခံမူအားဖြင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့အဖွဲ့အစည်းများဟာ ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းပြီး သုံးငွေများကိုလည်း ရသုံးခန့်မှန်းခြေ

ငွေစာရင်းလျာထားချက် ဘောင်အတွင်း တည်ဆဲ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမှာ ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများ၊ ၂၀၁၃-၂၀၁၄ ခုနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းများ၊ ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများ၏ သာမန်ငွေလုံးငွေရင်းနှင့် ကြွေးမြီ ရသုံးခန့်မှန်းခြေငွေစာရင်းများ၊ အခွန်ရငွေ၊ ခန့်မှန်းခြေရ ငွေစာရင်းများ၊ ရသုံးခန့်မှန်းခြေငွေစာရင်းများမှာ မပါဝင်တဲ့ ကြွေးမြီ၊ အပ်ငွေ၊ ယာယီ စသည့်စာရင်းများ၊ ဝန်ထမ်းစာရင်းများကို ဇယားပုံစံများနှင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအတွက် သတ်မှတ်ထားသည့် ပုံစံများနှင့် ရေးဆွဲပြုစုထားပါတယ်။

ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနဟာ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ၏ အရအသုံး ငွေစာရင်းများကို စုစည်းပေါင်းချုပ်၍ ပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲပြုစုပြီး ရှမ်းပြည်နယ် အစိုးရထံသို့ တင်ပြရပါတယ်။ ပြည်နယ်အစိုးရဟာ ပြည်နယ်လွှတ်တော်မှာ ဆွေးနွေးအကြံပြု ပြီးတဲ့ ပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွေကို ဘဏ္ဍာရေးကော်မရှင်သို့ ပေးပို့ရပါတယ်။ ဒါကတော့ ၂၀၁၂-၂၀၁၃ မူလခန့်မှန်းခြေနှင့် ပြုပြင်ပြီးခန့်မှန်းခြေအပေါ်မှာ တင်ပြထားခြင်း ဖြစ်ပါတယ်။ သာမန်ရငွေမှာ မူလခန့်မှန်းခြေ ကျပ်သန်းပေါင်း (၇၄၂၄၈. ၄၀) ဖြစ်ပြီး ငွေလုံးငွေရင်းမှာ မူလ လျာထားခြင်း မရှိပါဘူး။ သာမန်အသုံးစရိတ်မှာ ကျပ်သန်းပေါင်း (၁၁၃၃၆၉. ၁၅၉)ဖြစ်ပြီး ငွေလုံးငွေရင်း အသုံးစရိတ်မှာ ကျပ်သန်းပေါင်း (၉၅၁၉. ၉၄၆)ဖြစ်ပါတယ်။ ဒါကြောင့် မူလခန့်မှန်းခြေမှာ ထပ်မံလိုငွေ ကျပ်သန်းပေါင်း (၄၈၆၄၀. ၆၉၆)ဖြစ်ပါတယ်။

ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းမှာ သာမန်ရငွေ ကျပ်သန်းပေါင်း (၄၆၉၈၂. ၈၃၁)သန်း၊ ငွေလုံးငွေရင်း ရငွေ (၀. ၉၇၆)သန်း ဖြစ်ပါတယ်။ ငွေလုံးငွေရင်းရငွေဟာ စည်ပင်သာယာရေးမှ မတည်ပစ္စည်းများ ဖြစ်သည့် ဟောင်းနွမ်းသွားသော ကား၊ စက်ပစ္စည်းများ ရောင်းချခြင်းမှ ရငွေများ ဖြစ်ပါတယ်။

သာမန်အသုံးစရိတ်မှာ ပြုပြင်ပြီးခန့်မှန်းခြေမှာ (၉၂၆၀၅. ၀၆၉)သန်း ဖြစ်ပါတယ်။ ငွေလုံးငွေရင်း အသုံးစရိတ်အနေဖြင့် ကျပ်သန်းပေါင်း (၁၀၃၉၂. ၀၁)သန်း ဖြစ်ပါတယ်။ ဒါကြောင့် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းဟာ ကျပ်သန်းပေါင်း (၅၆၀၁၃. ၂၇၂)သန်း ဖြစ်ပါတယ်။

သာမန်ရငွေမှာ အဖွဲ့အစည်းများ၏ ရငွေများ၊ မိုဘိုင်းတယ်လီဖုန်းတိုးချဲ့ တပ်ဆင်ရေး စီမံကိန်းမှ ၂ ရာခိုင်နှုန်းရငွေများ၊ တရားရုံး၏ မော်တော်ယာဉ် ဒဏ်ကြေး ၁ ရာခိုင်နှုန်း ပေးသွင်းခြင်းများ ပါဝင်ပါတယ်။ တင်ပြပါဇယားက အခွန်အကောက်ရငွေမှာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ စည်ပင်သာယာရေး အဖွဲ့များ၏ ရငွေအမျိုးအစားများ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဌာနအဖွဲ့အစည်းများ၏ ပြုပြင်ပြီး ခန့်မှန်းခြေ အသုံးစရိတ်မှာ မူလခန့်မှန်းခြေနှင့် တူညီတဲ့ဌာနများ (၉)ခုဖြစ်ပါတယ်။ မူလခန့်မှန်းခြေ ထက်လျော့နည်းတဲ့ဌာနက (၂)ခုပါဝင်ပါတယ်။ မူလခန့်မှန်းခြေထက် ပိုတဲ့ဌာန (၁၃)ခု ရှိကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံတဲ့ အနေအထားဖြစ်ပါတယ်။ ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများသည် ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်းမှာ လုပ်ငန်းဆောင်ရွက် ရာတွင် ရသုံးခန့်မှန်းခြေ လျာထားချက်ဘောင်အတွင်း မိမိတို့နှင့်ဆိုင်ရာ အခွန်အကောက်နှင့် အခြားရငွေများကို အပြည့်အဝရရှိရန်၊ စီမံကြီးကြပ် ကောက်ခံရန်နှင့် အသုံးစရိတ်များကို ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျသုံးစွဲကြရန် အဓိကတာဝန် ရှိပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် မူလခွင့်ပြုထားသော ရန်ပုံငွေဖြင့် မလုံလောက်သည့် အတွက် ဖြည့်စွက် ခွင့်ပြုငွေအဖြစ် တောင်းခံရန်ရှိပါက မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စများ၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားစီမံကိန်းဥပဒေတွင် ပါဝင်ပြီး ရန်ပုံငွေ မလုံလောက်သည့်ကိစ္စများနှင့် ယခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက် ပြီးစီးနိုင်မည့် ကိစ္စများကိုသာ တင်ပြကြရန် ဖြစ်ပါသည်။

ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ သာမန်အသုံးစရိတ် အနေဖြင့် ကျပ်သန်းပေါင်း (၆၄၈၈. ၄၇၈)သန်း ဖြစ်ပြီး၊ ငွေလုံးငွေရင်းအသုံးစရိတ်အနေဖြင့် ကျပ်သန်းပေါင်း (၉၄၃. ၅၆၄)သန်း ဖြစ်ပါတယ်။ စုစုပေါင်း ဖြည့်စွက်ခွင့်ပြု တောင်းခံငွေ ကျပ်သန်းပေါင်း (၇၄၃၂. ၀၄၂) ဖြစ်ကြောင်း တင်ပြအပ် ပါတယ်။

ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းအတွက် ရှင်းလင်းချက်ကို တင်ပြ သွားပါမယ်။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှာ သာမန်အသုံးစရိတ် အနေဖြင့်(၁၇၃၀. ၈၆၄)သန်းဖြစ်ပြီး ငွေလုံးငွေရင်း အသုံးစရိတ်(၁၃၂. ၇၇၃) သန်း ဖြစ်ပါတယ်။ စုစုပေါင်း အသုံးစရိတ် (၁၈၆၃. ၆၃၇)သန်း ဖြစ်ပါတယ်။ တင်ပြတောင်းခံရတဲ့ ရှင်းလင်းချက်မှာ သာမန်အသုံးစရိတ်မှာ ဝန်ထမ်းများ တိုးချဲ့ဖွဲ့စည်းခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ ထောက်ပံ့ကြေးနှင့် ရုံးအသုံးအဆောင်အတွက် စရိတ်များ လျာထားခြင်း၊ အသစ်ထပ်မံရရှိထားတဲ့ မော်တော်ယာဉ် (၁၄)စီးအတွက် သယ်ယူစရိတ်၊ ခာတ်ဆီ၊ စက်ဆီစရိတ်နှင့် ပြင်ဆင်ထိန်းသိမ်းစရိတ်များအတွက် လျာထားခြင်း၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၏ လစာနှုန်း တိုးမြှင့်ခြင်းတို့ ပါဝင်ပါတယ်။ ငွေလုံးငွေရင်းအနေဖြင့် ဖယ်ခုံမြို့နယ်ရုံးအမိုးပြင်ဆင်ရန်၊ မက်မန်းငွေတိုက် ဆောက်လုပ်ရန်၊ ခြံစည်းရိုးကာရန်၊ ပအိုဝ်းကိုယ်ပိုင် ဒေသဦးစီးအဖွဲ့ရုံးနှင့် ဒေသဦးစီး ဥက္ကဋ္ဌနေအိမ် အုတ်မြစ်ချရန်တို့ ပါဝင်ပါတယ်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအနေဖြင့် သာမန်အသုံးစရိတ်မှာ (၈. ၂၆၁)သန်း ဖြစ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်မရှိပါ။ ရှင်းလင်းချက်မှာ လေယာဉ်စရိတ်၊ မီတာခနှုန်းထားနှင့် ခာတ်ဆီ၊ စက်ဆီ ဈေးနှုန်းများ မြင့်တက်လာခြင်းများအတွက် တင်ပြတောင်းခံခြင်း ဖြစ်ပါတယ်။

အကျဉ်းဦးစီးဌာနအနေဖြင့် သာမန်အသုံးစရိတ်မှာ (၉၉၅. ၇၈၂)သန်း ဖြစ်ပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ် မရှိပါ။ ရှင်းလင်းချက်မှာ ရှမ်းပြည်နယ် ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/ အလုပ် စခန်းတွင် ဂယ်လောင်းစိုက်ပျိုးရေး အလုပ်စခန်း (နောင်ချို)တိုးလာခြင်း။ အကျဉ်းသား/အချုပ်သားများ၊ ရဲဘက်ဝန်ထမ်းများ၏ ရိက္ခာကျွေးမွေးစရိတ်များ တိုးမြှင့်လာခြင်းကြောင့် ဖြစ်ပါတယ်။

စိုက်ပျိုးရေးဦးစီးဌာန သာမန်အသုံးစရိတ်မှာ (၁၆၆. ၂၄၄)သန်း ဖြစ်ပါတယ်။ စရိတ်ချီးမြှင့်ငွေ လုံလောက်မှု မရှိခြင်း၊ မော်တော်ယာဉ် ငှားရမ်းခများ လုံလောက်မှု မရှိခြင်းကြောင့် နောက်ထပ်ဖြည့်စွက် တောင်းခံရခြင်း ဖြစ်ပါတယ်။

သမဝါယမဦးစီးဌာန သာမန်အသုံးစရိတ်မှာ (၂၅. ၄၈၂)သန်း ဖြစ်ပါတယ်။ လစာနှင့် စရိတ်ချီးမြှင့်ငွေများအတွက် တောင်းခံခြင်း ဖြစ်ပါတယ်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအတွက် (၂. ၈၀၆)သန်း ဖြစ်ပါတယ်။ နိုင်ငံခြား ကိုယ်စားလှယ်စရိတ် လျာထားခြင်းနှင့် ပညာသင် ထောက်ပံ့ကြေး တစ်ဦးလျှင် ယခင် တစ်လ (၃၀၀)နှုန်းမှ ယခု (၁၈၀၀၀)နှုန်း တိုးမြှင့်ခြင်းကြောင့် ဖြစ်ပါတယ်။

ပျားလုပ်ငန်းဦးစီးဌာန သာမန်အသုံးစရိတ်မှာ (၂. ၀၃၂) ဖြစ်ပြီး ဝန်ထမ်း (၂)ဦးတိုး၍ လစာနှင့် စရိတ်လိုအပ်ခြင်း၊ နေ့စားဝန်ထမ်းများ အတွက် လုပ်အားခ၊ ပျားထွက်ပစ္စည်းများ သယ်ယူပို့ဆောင်ခနှင့် ဓာတ်ဆီ၊ စက်ဆီဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ဖြစ်ပါတယ်။

မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန သာမန်အသုံးစရိတ်မှာ (၃၁. ၈၆၅)ဖြစ်ပြီး အိမ်အကူ ဥယျာဉ်လုပ်သားများအတွက် လုပ်အားခများ ထည့်သွင်း မလျာထားခဲ့ခြင်း၊ နေအိမ်မရရှိသေးသော ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသဦးစီးအဖွဲ့ဝင်များ၏ နေအိမ်ငှားရမ်းခများအား မူလလျာထားငွေတွင် ထည့်သွင်းလျာထားမှု မရှိခြင်း တို့ ပါဝင်ပါတယ်။

အဆောက်အအုံနှင့် လမ်းတံတားပြင်ဆင်ထိန်းသိမ်းခြင်း သာမန်အသုံးစရိတ်မှာ (၃၂၆၅. ၈၁၀)သန်းဖြစ်ပြီး ဒေသဖွံ့ဖြိုးရေး ဆက်သွယ် သွားလာမှု လွယ်ကူချောမွေ့စေရေး ပေ (၅၀)အောက် သစ်သားတံတားများ နှင့် ပြွန်တံတားများအား အခိုင်အမာတံတားများအဖြစ် ပြုပြင် တည်ဆောက်ရေး၊ သဘာဝ ဘေးဒဏ်/မိုးဒဏ်ကြောင့် ပျက်စီးသွားသော လမ်း/တံတား ပြုပြင်ရေးမှာ အသုံးပြုမှာ ဖြစ်ပါတယ်။

ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် ငွေလုံးငွေရင်းအသုံးစရိတ်မှာ (၆၁၃. ၁၈၉)သန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ 'ခ' မြို့နယ်အဆင့်မှ 'က'အဆင့်မြို့နယ်သို့ တိုးမြှင့်သတ်မှတ်၍ ဝန်ထမ်းနေအိမ်များ၊ ရုံးသစ်များနှင့် ဂိုဒေါင်များ အသစ်တည်ဆောက်ရန် ဖြစ်ပါတယ်။

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနအနေဖြင့် ငွေလုံးငွေရင်းအသုံးစရိတ်မှာ (၈. ၁၉၂)သန်း ဖြစ်ပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရသုံးဦးစီးရုံးသစ်ဆောက်လုပ်ရန် ကုန်ကျစရိတ်၏ ၂၀% လျာထားခြင်း ဖြစ်ပါတယ်။

စီမံကိန်းရေးဆွဲရေးဦးစီးဌာန သာမန်အသုံးစရိတ် (၉၅. ၃၀၉)သန်း ဖြစ်ပြီး ဝန်ထမ်းများ တိုးမြှင့်ခန့်ထားခြင်းနှင့် ရာထူးတိုးများ ရှိလာခြင်း၊ ဝန်ထမ်းများ အပြောင်းအရွှေ့များလာခြင်း၊ တယ်လီဖုန်း မရှိသေးသောရုံးများအတွက် ခွင့်ပြုချမှတ်ပေးရန်၊ မီတာမရှိသေးသော မြို့နယ်ရုံးများအတွက် မီတာများ ချမှတ်ပေးရန်၊ မော်တော်ယာဉ် (၁၅)စီးနှင့် ဆိုင်ကယ်အစီး(၄၀)အား အသေးစားပြင်ဆင်ရန် တင်ပြတောင်းခံခြင်း ဖြစ်ပါတယ်။

အားကစားနှင့်ကာယပညာဦးစီးဌာန ငွေလုံးငွေရင်း အသုံးစရိတ်မှာ (၁၃. ၄၇၃)သန်း ဖြစ်ပြီး၊ ညောင်ရွှေမြို့နယ် အားကစားကွင်း၏ အုတ်တံတိုင်းသည် မိုးပြင်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးခဲ့ခြင်းအား ပြန်လည်ပြုပြင်ရန်၊ ပြည်နယ်ရုံးတွင် ရေသွယ်တန်းမှုလုပ်ငန်း ပါဝင်မှုမရှိ၍ ရေစင်နှင့် ရေလှောင်ကန်တည်ဆောက်ရန်၊ ရုံးသစ်ဖွင့်လှစ်ပြီးသော်လည်း ရုံးသုံးပရိဘောဂများ ပြုလုပ်နိုင်ခြင်း မရှိပါ၍ စားပွဲ၊ ကုလားထိုင်၊ ဘီဒိုနှင့် အစည်းအဝေးစားပွဲများ ပြုလုပ်ရန် ဖြစ်ပါတယ်။

စည်ပင်သာယာရေးအဖွဲ့အနေဖြင့် သာမန်အသုံးစရိတ်မှာ (၁၆၂. ၀၄)သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ်မှာ (၁၇၅. ၉၃၇)သန်း၊ စုစုပေါင်း အသုံးစရိတ် (၃၃၉. ၉၆၁)သန်း ဖြည့်စွက်ခွင့်ပြု တောင်းခံထားပါတယ်။ သာမန်အသုံးစရိတ်မှာ လစာနှင့် စရိတ်ချီးမြှင့်ငွေများ၊ ဓာတ်ဆီ၊ စက်ဆီများ ဈေးနှုန်းတိုးမြှင့်လာခြင်းနှင့် ပြင်ဆင်ထိန်းသိမ်း

စရိတ်များအတွက် တိုးမြှင့်တောင်းခံခြင်းတို့ ဖြစ်ပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ထပ်မံဆောင်ရွက်ရန်လုပ်ငန်းများ၊ ခရီးစဉ်လမ်းညွှန်ချက်များအရ လိုအပ်သည့် လုပ်ငန်းများအတွက် ဖြည့်စွက်တောင်းခံခြင်း ဖြစ်ပါတယ်။

ဝန်ကြီးဌာန၊ ဦးစီးဌာနများ နှင့် နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၂-၂၀၁၃ ခုနှစ် မူလခန့်မှန်းခြေမှာ ရငွေ (၆၄၆၅၄. ၅၀၃)သန်း ဖြစ်ပြီး၊ သုံးငွေ (၁၁၁၅၁၆. ၁၇၂)သန်း ဖြစ်ပါတယ်။ မူလခန့်မှန်းခြေလိုငွေမှာ ကျပ်သန်းပေါင်း (၄၆၈၆၁. ၆၉)သန်း ဖြစ်ပါတယ်၊ ပြုပြင်ပြီးတဲ့အခါ ကျွန်တော်တို့ရဲ့ လိုငွေဟာ (၅၄၃၈၀. ၈၁၈)သန်း ဖြစ်ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနတို့ ပါဝင်ပြီး လိုငွေသည် မူလခန့်မှန်းခြေ (၅၇၆၆. ၆၂၁)သန်းဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေ လိုငွေမှာ (၉၈၄၂. ၉၈၀)သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၁-၂၀၁၂ မူလခန့်မှန်းခြေ ပိုငွေ/လိုငွေ မရှိတော့ခြင်းဟာ ထောက်ပံ့ငွေ၊ ချေးငွေ ရရှိခဲ့ပြီးဖြစ်ခြင်းကြောင့် ဖြစ်ပါတယ်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနဲ့ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းမှာ ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၏ လိုငွေမှာ ကျပ်သန်းပေါင်း (၄၈၃၅၂. ၀၅၉)သန်းဖြစ်ပြီး ပြုပြင်ပြီးတဲ့အခါ ကျပ်သန်းပေါင်း (၅၅၈၁. ၇၄၇)သန်း ဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့၏ မူလခန့်မှန်းခြေ ပိုငွေဟာ ကျပ်သန်းပေါင်း (၂၂၈. ၂၈၈)သန်းဖြစ်ပြီး ပြုပြင်ခန့်မှန်းခြေ ပိုငွေဟာ (၃၂၇. ၆၇၃)သန်း ဖြစ်ပါတယ်။ နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများ၏ မူလခန့်မှန်းခြေလိုငွေဟာ (၅၁၆. ၉၂၅)သန်း ဖြစ်ပြီး ပြုပြင်ပြီးတဲ့အခါ (၁၂၅၉. ၁၉၈)သန်း လိုအပ်လာတာ ဖြစ်ပါတယ်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် စုစုပေါင်း မူလခန့်မှန်းခြေ လိုငွေသည် (၄၈၆၄၀. ၆၉၆)သန်းဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေ လိုငွေသည် ကျပ်သန်းပေါင်း (၅၆၀၁၃. ၂၇၂) တိုးတက်လာခြင်း ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေ သာမန်ငွေ ဖြစ်ပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ခန့်မှန်းခြေလိုငွေ (၈၅၆. ၉၄၁)သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မှတ်ချက်အနေဖြင့် အကျဉ်းဦးစီးဌာန၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ စပြီးတော့ ပြည်နယ် ငွေစာရင်းဘတ်ဂျက်မှ ပြည်ထောင်စုစာရင်းအဖြစ် တစ်ပေါင်းတည်း ရေးဆွဲခွင့်ပြုကြောင်း နိုင်ငံတော်သမ္မတရုံး၏ ၂၂-၈-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၂-၅/၇/သမ္မတရုံးစာအရ ရှမ်းပြည်နယ်အကျဉ်း ဦးစီးဌာနမှ ၇-၉-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၃၃၁၄/၁/ထောက် ၄ ဖြင့် တင်ပြထားတာ ဖြစ်ပါတယ်။

၂၀၁၃-၂၀၁၄ ခုနှစ်မှာ အကျဉ်းဦးစီးဌာန၏ ငွေစာရင်းသည် ပြည်ထောင်စုဘတ်ဂျက်ထဲမှာ ပါဝင်သွားတဲ့အတွက် ပြည်နယ်ဘတ်ဂျက်ထဲမှာ ထည့်သွင်းရေးဆွဲခြင်း မရှိတော့ပါ။ အခွန်အခရရှိတဲ့ ဌာနများမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ သစ်တော ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့များဖြစ်ပါတယ်။ အခွန်အခရရှိတဲ့ နေရာမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေဖြင့် ကောက်ခံမည့် အခွန်အမျိုးအစားများမှာ ယစ်မျိုးခွန်၊ မြေယာပေါ်ကောက်ခံသည့်အခွန်၊ ဓာတ်သတ္တုခွန် ဖြစ်ပါတယ်။ ပြန်ပေးငွေဆိုသည်မှာ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ကောက်ခံရရှိငွေ များကို စည်ပင်သာယာရေး အဖွဲ့သို့ အချိုးကျ ပြန်လည်ပေးသွင်းရသည့်ငွေ ဖြစ်ပါတယ်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အင်းအိုင်ခွန် ရရှိမှာ ဖြစ်ပါတယ်။ သစ်တောဦးစီးဌာနအနေဖြင့် သစ်တောများမှ ပစ္စည်းများထုတ်ယူခြင်းမှ ရရှိသော အခွန်ဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့ ရရှိသည့် အခွန်မှာ ပစ္စည်းခွန်၊ ဘီးခွန်တို့ ဖြစ်ပါတယ်။

ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် လိုငွေသည် (၈၇၁၇၄. ၅၂၀)သန်း ဖြစ်ပြီး စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် ပိုငွေ(၅၉၄. ၄၁၃)သန်း ဖြစ်ပါတယ်။ နိုင်ငံတော်ပိုင် အဖွဲ့အစည်းများ၏ လိုငွေသည် (၄၉၂၆. ၈၁၄) ဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့မှ ပိုငွေဖြင့် ပြန်ဖြည့်သည့်အခါ ၂၀၁၂-၂၀၁၃ ခုနှစ် လိုငွေသည် (၉၁၅၀၆. ၉၂၁)သန်း ဖြစ်ကြောင်းပြန်လည်တင်ပြခြင်း ဖြစ်ပါတယ်။

ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ ဌာန/အဖွဲ့အစည်းများသည် လုပ်ငန်းများ ဆောင်ရွက်သည့်အခါ ရသုံးမှန်းခြေ ငွေစာရင်း လျာထားချက်ဘောင်အတွင်းမှာ မိမိတို့နှင့် ဆိုင်ရာ အခွန်အကောက်နှင့် အခြားရငွေများကို အပြည့်အဝ ရရှိရန် စီမံကြီးကြပ်ကောက်ခံရန်နှင့် အသုံးစရိတ်များကို ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ သုံးစွဲသွားရန် အဓိက ပါရှိပါတယ်။ ယခုတင်ပြချက်များသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးကို တင်ပြပြီး အတည်ပြုချက် ရယူထားပြီး ဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် ရှမ်းပြည်နယ် လွှတ်တော်မှာ အတည်ပြုပေးနိုင်ဖို့ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက် ရရှိပြီးသည့်အခါ ပြည်နယ်အစိုးရမှ ပြည်ထောင်စု ဘဏ္ဍာရေး ကော်မရှင်ကို ဆက်လက်ပေးပို့ပေးရမှာ ဖြစ်ပါတယ်။

ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းအတွက် ပြည်ထောင်စု လွှတ်တော်မှ ၂၀၁၂-၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာခွဲဝေသုံးစွဲရေး ဥပဒေပြဋ္ဌာန်းပေးမှာ ဖြစ်ပါတယ်။ ၎င်းဥပဒေ၏ ပြဋ္ဌာန်းချက် အရ ပြည်နယ်လွှတ်တော်မှ ပြန်လည်အတည်ပြုပြီးပါက

ပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်၏ ယခုတင်ပြ တောင်းဆိုသည့် ဖြည့်စွက်ရန်ပုံငွေကို ၂၀၁၂-၂၀၁၃ ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကို အတည်ပြုလက်မှတ်ရေးထိုးပေးရမှာ ဖြစ်ပါတယ်။ ၎င်းဥပဒေအရ ရှမ်းပြည်နယ်ရသုံးခန့်မှန်းခြေ ငွေစာရင်း ဦးစီးဌာနမှ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံသည့် ဌာနများကို ဘဏ္ဍာရေး ခွင့်ပြုမိန့် တောင်းခံပေးပြီး မှသာလျှင် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံထားသည့် ဌာနများသည် အသုံးစရိတ်များကို သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ လက်မှတ်ရေးထိုးပြီးမှသာလျှင် သုံးစွဲခွင့် ရှိပါတယ်။ ထိုနည်းတူ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းတွေကို ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ ရသုံးဆိုင်ရာဥပဒေ ပြဋ္ဌာန်းပြီးပါက ပြည်နယ်လွှတ်တော်မှ အတည်ပြုပြီး ပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်၏ လာမည့် ၂၀၁၃ ခုနှစ် ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကို အတည်ပြု လက်မှတ်ရေးထိုးပေးရမှာ ဖြစ်ပါတယ်။ ၎င်းဥပဒေအရ ရှမ်းပြည်နယ် ရသုံးခန့်မှန်းခြေ ငွေစာရင်းဦးစီးဌာနမှ သက်ဆိုင်ရာ ဌာနများသို့ ဘဏ္ဍာရေး ခွင့်ပြုမိန့် ထုတ်ပြန်ပေးပြီး မှသာလျှင် ဌာနဆိုင်ရာများသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၏ အသုံးစရိတ်များကို သုံးစွဲ နိုင်မည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းအပေါ်မှာ လွှတ်တော်မှ သုံးသပ်ပြီး အတည်ပြုပေးနိုင်ရန် လေးစားစွာ တင်ပြအပ်ပါတယ်။

## ကန့်သတ်

### ၁၁၈

ဆက်လက်ပြီး ပြုပြင်ပြီးခန့်မှန်းခြေထက် ကျော်လွန်သုံးစွဲခဲ့တဲ့ အသုံးစရိတ်များ၏ နောက်ကြောင်းပြန် ခွင့်ပြုမိန့်တောင်းခံခြင်းကို တင်ပြပါမယ်။ ရှမ်းပြည်နယ် အကျဉ်းဦးစီးဌာန၏ ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ကျပ်သန်းပေါင်း (၁၄၇၀. ၂၈၉)သန်း တင်ပြခဲ့ပြီး အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးမှ သုံးစွဲရန်ခွင့်ပြုငွေကို ကျပ်သန်းပေါင်း (၁၉၂၉. ၀၉၆)သန်း သုံးစွဲခဲ့သည့်အတွက် ပို၍သုံးစွဲငွေ ကျပ်သန်းပေါင်း (၄၅၈. ၈၀၇)သန်း ဖြစ်နေပါတယ်။ သုံးစွဲငွေကျပ် (၁၉၂၉. ၀၉၆)သန်း အနက် ရှမ်းပြည်နယ်အတွင်းမှာ ရှိနေတဲ့ အကျဉ်းထောင်စခန်း (၁၂)ခုရှိ အကျဉ်းသား/အချုပ်သား/ရဲဘက်များ အတွက် ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် အကျဉ်းသားရိက္ခာဆန်ကြိုတင်စုဆောင်း ဝယ်ယူပေးငွေများ ပေးချေခြင်းဖြစ်ကြောင်းကို ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးချက်အစီရင်ခံစာမှာ ဖော်ပြထားပြီး ဖြစ်ပါတယ်။ အဲဒီအတွက် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့် မညီသော်လည်း ဌာနအတွက် အမှန်တကယ် ပေးချေခဲ့ရသော အသုံးစရိတ်များဖြစ်ခြင်း၊ အကျဉ်းဦးစီးဌာနအနေဖြင့် ပြည်နယ်ရသုံးခန့်မှန်းခြေငွေစာရင်းအား ပထမဆုံးရေးဆွဲပေးခဲ့ပြီးသော ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းဖြစ်ခြင်း၊ ခန့်မှန်းခြေထက် ကျော်လွန်သုံးစွဲခဲ့သော်လည်း ပြည်နယ်တစ်ခုလုံးခြုံ၍ သုံးသပ်ရပါက ရှမ်းပြည်နယ်၏ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေထက် ကျော်လွန်မှု မရှိခြင်းတို့ကြောင့် အကျဉ်းဦးစီးဌာနမှ ကျော်လွန်သုံးစွဲခဲ့သည့် သာမန်အသုံးစရိတ် (၄၅၈. ၈၀၇)သန်းအား နောက်ကြောင်းပြန် ခွင့်ပြုမိန့် ချမှတ်ပေးနိုင်ရေးအတွက် (၂၄-၉-၂၀၁၂)မှာ ကျင်းပပြုလုပ်တဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစည်းအဝေး အမှတ်စဉ်(၂၀/၂၀၁၂) ဆုံးဖြတ်ချက်အပိုဒ် ၈ (ခ)အရ အကျဉ်းဦးစီးဌာနမှ ကျော်လွန်သုံးစွဲခဲ့သော သာမန်အသုံးစရိတ် (၄၅၈. ၈၀၇)သန်းအား နောက်ကြောင်းပြန်ခွင့်ပြုမိန့် ချမှတ်ပေးနိုင်ရေး ကန့်ကွက်ရန် မရှိကြောင်း အတည်ပြုပြီးဖြစ်သည့်အတွက် ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့မှာ နောက်ကြောင်းပြန် ခွင့်ပြုမိန့် ချမှတ်ပေးနိုင်ပါရန် လေးစားစွာဖြင့် တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ [ ဩဘာသံများ ]

ကန့်သတ်

ကန့်သတ်

၁၁၉

**အထက်ပါ ရှင်းလင်းတင်ပြခဲ့သော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း**

ဥက္ကဋ္ဌ ။ အထက်ပါ ရှင်းလင်းတင်ပြခဲ့သော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ၂၀၁၂ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ ( ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးပါမယ်။

ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေး ရပ်နားတဲ့ အခါဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ပထမနေ့)ကို ရပ်နားပါမယ်။ အစည်းအဝေး(ဒုတိယနေ့)ကို စက်တင်ဘာလ (၂၆)ရက်နေ့ (ဗုဒ္ဓဟူးနေ့)နံနက် (၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပ သွားမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ [ **သြဘာသံများ** ]

**အခမ်းအနားမှူး။** ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွါပါမယ် ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

**[ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး(ပထမနေ့)ကို ညနေ(၁၅၅၀ )နာရီအချိန်တွင် ရပ်နားပါသည် ။ ]**

ကန့်သတ်

ကန့်သတ်

၁၂၀

# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# စတုတ္ထပုံမှန်အစည်းအဝေး(ဒုတိယနေ့)မှတ်တမ်း
# ၁၃၇၄ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
# ( ၂၀၁၂ခုနှစ်၊ ~~အောက်တိုဘာလ~~ ၂၆ ရက် )

စက်တင်ဘာ

[ အင်္ဂါနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်ကို နံနက် (၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးရဲနိုင်အောင်၊ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ဆောင်ရွက်ပါသည်။ ]

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီအချိန်အတွင်း ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးအား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူ ပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား ။

ကန့်သတ်

၁၂၁

# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး(ဒုတိယနေ့) အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

ဥက္ကဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်ကိုယ်စားလှယ်များ စီစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေ (၁၄၃)ဦး ရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို (၁၃၃)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၉၃)%ရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ် ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(က)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၃၄၊ နည်းဥပဒေ ပုဒ်မခွဲ(ခ)အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ (၃၅)(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ် ။ [ **သြဘာသံများ** ]

# ပြည်နယ်လွှတ်တော်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ် ကြေညာခြင်း

**ဥက္ကဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး(ဒုတိယနေ့)အစီအစဉ်ကိုပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ထံဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေပေးထားသော အစီအစဉ်များ အတိုင်း ဆက်လက်ကျင်းပ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

ကန့်သတ်

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၄၄၊ နည်းဥပဒေခွဲ(က) အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့်ထပ်မံပြီးတော့မှ ခွင့်ပန်ကြားဖို့ရှိရင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ် ။ထပ်မံခွင့်ပန်ကြားခြင်း မရှိတဲ့အတွက် ဒီကနေ့ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၄၃)ဦး၊ ယခင် ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦး ရှိပါတယ်။ ဒီကနေ့ ခွင့်ပန်ကြားသူမရှိပါ၊ စုစုပေါင်းခွင့်ပြုထားသူ (၁၀)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါ့မယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို -

"သဘောတူပါသလားခင်ဗျား။"

[ ၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

ပြည်နယ်လွှတ်တော်ကအတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေငြာ ပါတယ်။ [ သြဘာသံများ ]

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ပြည်နယ်လွှတ်တော်သို့လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခုပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၉)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင် တာဝန်ရှိပုဂ္ဂိုလ်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။ ပထမဦးစွာ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြကပထမမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မြ၊ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)** ။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း လေးစားဂါရဝပြုပါကြောင်း ဦးစွာပြောကြား အပ်ပါတယ်။ ကျွန်တော့်အနေနဲ့ လုံ့ဝမ်ကျေးရွာမှာကျေးလက်ကျန်းမာရေး ဆေးပေးခန်း ရရှိရေးအတွက် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား- နောင်ချိုမြို့နယ် လုံ့ဝမ်ကျေးရွာမှာ ကျေးရွာအုပ်စု ရွာတစ်ရွာဖြစ်ပြီးမှ နောင်ချိုမြို့နဲ့ (၁၀)မိုင်ခန့်ကွာဝေးပါတယ်။ ကျေးရွာအုပ်စုအတွင်း လုံ့ဝမ်၊ လုံ့ဆိုင်၊ ဆင်ရှား၊ မြင်းဖြူ၊ သပြေကုန်းကျေးရွာများ ပါဝင်ပါတယ်။ လုံ့ဝမ်ကျေးရွာမှာ ပညာရေးအနေနဲ့ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ရှိတဲ့ရွာတစ်ရွာ ဖြစ်ပါတယ်၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်တဲ့အတွက်လည်း

ကျေးလက်ကျန်းမာရေး ဌာနခွဲတစ်ခုရှိဖို့လိုအပ်ပါတယ်။ ဆေးပေးခန်းအတွက် လိုအပ်မယ့်အဆောက်အဦးကိုကျေးရွာအစီအစဉ်နဲ့လွန်ခဲ့တဲ့သုံးနှစ်လောက်ကပဲ ဆောက်လုပ်ထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လုံဝမ်ကျေးရွာမှာ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ဖို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်နဲ့ လိုအပ်နေတဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်ပေးရန် အစီအစဉ်ရှိပါ သလား? အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင်ပါမည်နည်း?။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား- ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ၏ ကျန်းမာရေးကဏ္ဍ ဆိုင်ရာ မေးခွန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေး ဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားပေးမှာ ဖြစ်ပါတယ်။ နောင်ချိုမြို့နယ်၊ လုံဝမ်ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် လိုအပ်နေသော ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် အစီစဉ်ရှိ/မရှိ ဟူသော မေးခွန်းနှင့် ပတ်သက်၍ နောင်ချိုမြို့နယ်၊ လုံဝမ်ကျေးရွာတွင် ကျေးလက် ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးနိုင်ရန် နောင်ချိုမြို့နယ်၊ ကျန်းမာရေး ဦးစီးဌာနမှူးရုံး၏ (၁၁-၇-၂၀၁၂)ရက်စွဲပါစာအမှတ် ၇၇၇/မကရ / ခရီးစဉ်ဖြင့် ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ စီမံကိန်းထံ တင်ပြထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးကျော်မြက ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မြ၊ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)** ။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား- နောင်ချိုမြို့နယ်မှာ (၂၅)ခုတင်ဆန့် ဆေးရုံတစ်ရုံ၊ (၁၆)ခုတင်ဆန့် တောင်ရှည်တိုက်နယ် ဆေးရုံတစ်ရုံ (၃၀)တိုက်နယ်ဆေးရုံတစ်ရုံ စုစုပေါင်း (၃)ရုံ ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။ တိုက်နယ်ဆေးရုံတွေမှာ ဆရာဝန်များရဲ့ ဆေးကုသမှု ကောင်းမွန်မှုကြောင့် ပြည်သူတွေက ဆေးရုံအပေါ်မှာ ယုံကြည်အားကိုးမှု များပြားလျက် ရှိပါတယ်။ တောင်ရှည်တိုက်နယ်ဆေးရုံနဲ့ သုံးဆယ်တိုက်နယ် ဆေးရုံတွေမှာ ဓါတ်မှန်စက်လိုအပ်လျက်ရှိပါတယ်။ လက်ရှိ အခြေအနေမှာ သုံးဆယ်တိုက်နယ် ဆေးရုံအတွက် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးမှ လျှပ်စစ်မီးရရှိနေပြီ ဖြစ်ပါတယ်။ တောင်ရှည်တိုက်နယ် ဆေးရုံမှာလည်း နောင်ချိုမြို့နယ်အတွင်း ၃၃ ကေဗွီဓါတ်အားခွဲရုံ ရရှိလာလို့ ရှိရင် လျှပ်စစ်မီးရရန် အခြေအနေပေးလာပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တောင်ရှည်တိုက်နယ်ဆေးရုံနဲ့ သုံးဆယ်တိုက်နယ်ဆေးရုံအတွက် လိုအပ်နေတဲ့ ဓါတ်မှန်စက်များရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ပါ မည်လား?။ အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်လဲ သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဆက်လက်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား- နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြ၏ နောင်ချိုမြို့နယ်၊ တောင်ရှည်တိုက်နယ်ဆေးရုံနှင့် သုံးဆယ်တိုက်နယ်ဆေးရုံအတွက် လိုအပ်နေသော ဓါတ်မှန်စက်များရရှိရေး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဟူသောမေးခွန်းနှင့် ပတ်သက်၍ တိုက်နယ်ဆေးရုံများအတွက် ပုံမှန်အားဖြင့် ဓါတ်မှန်စက်များ ထောက်ပံ့ပေးခြင်း မရှိပါ။ နောင်ချိုမြို့နယ် တောင်ရှည်တိုက်နယ် ဆေးရုံ အတွက် (၁၀၀)အမ်အေ ဓါတ်မှန်စက်တစ်လုံးအား ၅၀%ဗို့ဖြင့် ထောက်ပံ့ပေးရန် ကျန်းမာရေးဦးစီးဌာန၏ (၁၀-၉-၂၀၁၂)ရက်စွဲပါ စာအမှတ်၊ ကုသ ၄/ က-၈/ ၂၀၁၂ / ၁၂၄ ဖြင့် ဗဟိုဆေးသိုလှောင်ရေး ဌာနသို့အကြောင်းကြားထားပြီး ဖြစ်ပါသည်၊ နောင်ချိုမြို့နယ်၊ သုံးဆယ်တိုက်နယ် ဆေးရုံအတွက် ဓါတ်မှန်စက်ရရှိရေး တိုက်နယ်ဆရာဝန်မှ တင်ပြ တောင်းခံခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမြင့်စိုးနိုင်က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထအကြိမ်ပုံမှန် အစည်းအဝေးသို့ တက်ရောက်လာတဲ့ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ လိုက်ပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနိုင်ပဲ ဖြစ်ပါတယ်။ ရပ်စောက်မြို့နယ် ကျိုင်းခမ်းကျေးရွာရှိ တိုက်နယ်ဆေးရုံတွင် တာဝန်ကျလျက်ရှိသော ဆရာဝန်မှာ ပြောင်းရွှေ့သွားပါသဖြင့် ဆရာဝန်နေရာ လစ်လပ်လျက် ရှိပါတယ်။ ၎င်းလစ်လပ်လျက်ရှိသော ဆရာဝန်နေရာတွင် အစားထိုးခန့်အပ် ပေးနိုင်ခြင်း ရှိ/မရှိ နဲ့ ရှိပါက မည်သည့်အချိန်တွင် ခန့်အပ်ပေးနိုင်မည် ဆိုသည်ကို သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား- ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင့်စိုးနိုင်၏ ရပ်စောက်မြို့နယ်၊ ကျိုင်းခမ်းကျေးရွာအုပ်စု၊ ကျိုင်းခမ်းကျေးရွာတွင် တာဝန်ကျဆရာဝန်သည် လာရောက်တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိသည့်အတွက် ဆရာဝန်တစ်ဦး လစ်လပ်နေပါသည်။ ၎င်းဆေးရုံအတွက် လစ်လပ်နေသော ဆရာဝန်နေရာကို အစားထိုးခန့်အပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသည်ဟူသော မေးခွန်းနှင့် ပတ်သက်၍ ကျိုင်းခမ်းတိုက်နယ် ဆေးရုံအတွက် လစ်လပ်လျက်ရှိသော ဆရာဝန်တစ်ဦး ခန့်ထားပေးနိုင်ရန် ရှမ်းပြည်နယ် ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူးရုံး၏ (၈-၈-၂၀၁၂)ရက်စွဲပါစာအမှတ်၊ ၃/၄/စရဝ (၂၁၂၁)ဖြင့် လည်းကောင်း၊ (၁၇-၉-၂၀၁၂)ရက်စွဲပါစာအမှတ် ၃/၄ /စရဝ (၂၅၄၅)ဖြင့် လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနသို့ တင်ပြထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဝင်းမြတ်ဦးက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်တဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမြတ်ဦး ဖြစ်ပါတယ်။ ကျွန်တော်က စည်ပင်နဲ့ ပတ်သက်တဲ့ မေးခွန်းလေးတစ်ခု မေးမြန်းလိုပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်ရှိ

မြို့နယ်များမှာ တစ်မြို့နှင့် တစ်မြို့ ဖွံ့ဖြိုးမှုခြင်း၊ စီးပွားရေးတိုးတက်မှုခြင်း မတူညီကြပါဘူး။ ဒါကြောင့် စည်ပင်သာယာမှ အိမ်ခွန်များ ကောက်ခံရာတွင် အိမ်ကြီး၊ အိမ်ငယ်လိုက် ခွဲခြားထားခြင်း ရှိ/မရှိ၊ မြို့ကြီး၊ မြို့ငယ်အလိုက် ခွဲခြားထားခြင်း ရှိ/မရှိ၊ ရှိပါက ကောက်ခံတဲ့နှုန်းထားများကို တိတိကျကျ သိရှိလိုပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမြတ်ဦး၏ စည်ပင်သာယာမှ အိမ်ခွန်များ ကောက်ခံရာတွင် အိမ်ကြီး၊ အိမ်ငယ်အလိုက် ခွဲခြားထားခြင်း ရှိ/မရှိ၊ မြို့ကြီး၊ မြို့ငယ်အလိုက် ခွဲခြားထားခြင်း ရှိ/မရှိ၊ ရှိပါက ကောက်ခံသော နှုန်းထားများကို တိတိကျကျ သိရှိလိုပါသည် ဆိုသည့် မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော်ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်က ပြန်လည်ဖြေကြား သွားပါမယ်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က၊ ဃ၊ င)တို့အရ မြို့စည်ပင်သာယာရေး နယ်နိမိတ်နှင့် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိမြို့နှင့်မြို့အသွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကျေးရွာနယ်နိမိတ်များကို မြို့စည်ပင်သာယာရေး နယ်နိမိတ်အဖြစ် သတ်မှတ်လျက် အိမ်ခွန်အပါအဝင် ပစ္စည်းခွန်များ စည်းကြပ်ကောက်ခံပါတယ်။ ပစ္စည်းခွန်တွင် အဆောက်အဦနှင့် မြေခွန်၊ လမ်းမီးခွန်၊ ရေခွန်၊

အမှိုက်နှင့် အညစ်အကြေးခွန် များ ပါဝင်ပါတယ်။ အဆောက်အအုံနှင့် မြေခွန်ကို အထွေထွေအခွန်ဟုခေါ်ပြီး၊ ကျန်အခွန်များကို ဝန်ဆောင်ခွန် (Service Tax)ဟုခေါ်ပြီး၊ ၎င်းအခွန်အားလုံးကို ပစ္စည်းခွန်ဟုခေါ်ပါသည်။ ယင်းသို့ပစ္စည်းခွန်များ စည်းကြပ် ကောက်ခံရန်အတွက် ကောက်ခံမည့် အဆောက်အဦအမျိုးအစား တည်နေရာ၊ အကျယ်အဝန်းပေါ် မူတည်၍ တစ်နှစ်စံငှားရမ်းခန့်မှန်းဦးစွာ သတ်မှတ်ပါသည်။ တစ်နှစ်စံငှားရမ်းခန့်မှန်းထား ဆိုသည်မှာ ထိုအဆောက်အဦးအား လက်ရှိကာလ၊ ဒေသ အခြေအနေအရငှားရမ်းမည်ဆိုပါက ရရှိနိုင်မည့် တစ်နှစ်စံငှားရမ်းခကို လျာထားသတ်မှတ်၍ ပစ္စည်းခွန်ကောက်ခံပါတယ်။ စံနှုန်းသတ်မှတ်ထားသည့် ငှားရမ်းခ ပစ္စည်းခွန် ကောက်ခံမည့် နှုန်းထားများအား တစ်နှစ်စံငှားရမ်းခအပေါ် အခြေခံ၍ ပုဂ္ဂလိကအဆောက်အအုံနှင့် မြေခွန်အား တစ်နှစ်စံငှားရမ်းခ၏ ၁၀% ထက်မပိုသော နှုန်းဖြင့် လည်းကောင်း၊ အစိုးရအဆောက်အအုံနှင့် မြေခွန်အား ၅% ထက်မပိုသောနှုန်းဖြင့် လည်းကောင်း စည်းကြပ်ပါသည်။ ပုဂလိက အဆောက်အအုံနှင့် မြေခွန် သတ်မှတ်ရာတွင် ပြည်သူလူထုဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးနှင့် အဖွဲ့ဘဏ္ဍာငွေ ဆုံးရှုံးနစ်နာမှု မရှိစေရေး ချင့်ချိန်၍ တစ်နှစ်စံငှားရမ်းခ၏ ၁၀% အတွင်း သင့်လျော်သလို ရာခိုင်နှုန်းသတ်မှတ်လျက် စည်းကြပ်ပါသည်။ ကျန် ဝန်ဆောင်ခွန်များအား သက်ဆိုင်ရာ မြို့နယ် စည်ပင်သာယာရေး အဖွဲ့လိုက် ဝန်ဆောင်မှု ပေးနိုင်မှုအပေါ် မူတည်၍ ဝင်ငွေနှင့် အသုံးစရိတ်မျှတစေရန် ရာခိုင်နှုန်းသတ်မှတ် စည်းကြပ်ပါမည်။ ( ဥပမာ- ရပ်စောက်မြို့တွင် အဆောက်အအုံနှင့် မြေခွန်၅%၊ လမ်းမီးခွန်၄%၊ ရေခွန်၅%၊ အမှိုက်နှင့် အညစ်အကြေးခွန် ၄% ဖြစ်ပါတယ်။) ယင်းသို့ပစ္စည်းခွန် ကောက်ခံရန်အတွက် တစ်နှစ်စံငှားရမ်းခ သတ်မှတ်ချက် အဆောက်အဦပေါ် တွင် ကောက်ခံမည့်အခွန်အမျိုးအစားနှင့် ကောက်ခံမှု ရာခိုင်နှုန်းသတ်မှတ်ချက် တစ်နှစ်အတွက် ကျသင့်သည့် အခွန်ငွေစသည့် စာရင်းများစုစည်း၍ အဆင့်ဆင့်တင်ပြလျက် ဦးစီးဌာန၊ ဝန်ကြီးဌာနများသို့

တင်ပြပါမည်။ ဦးစီးဌာန၊ ဝန်ကြီးဌာနတို့မှ စစ်ဆေး၍ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အတွက် ပစ္စည်းခွန်ကောက်ခံရန် အမိန့်ကြော်ငြာစာအား ထုတ်ပြန်ပေးပါမည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ ယင်းအမိန့်ကြော်ငြာစာပါ နှုန်းထားသတ်မှတ်ချက်များနှင့် အညီသာ ကောက်ခံရပါမည်။ ကောက်ခံရာတွင် သာမန်အားဖြင့် တစ်နှစ်လျှင်နှစ်ကြိမ်ခွဲ၍ ကောက်ခံပါမည်။ တစ်နှစ်တစ်ကြိမ် ကောက်ခံခြင်းလည်း ရှိပါမည်။ သို့ဖြစ်၍ အဆောက်အအုံနှင့် မြေခွန်ကောက်ခံရာတွင် အဆောက်အအုံအမျိုးအစား ခွဲခြားသတ်မှတ်ခြင်း၊ တည်နေရာနှင့် အကျယ်အဝန်း ခွဲခြားသတ်မှတ်ခြင်း၊ တစ်နှစ်စံငှားရမ်းခ သတ်မှတ်၍ ကောက်ခံခြင်းစသည်ဖြင့် ပြည်သူလူထုဝန်ထုပ်၊ ဝန်ပိုးမဖြစ်စေရန် ချင့်ချိန်သတ်မှတ် စည်းကြပ်ကောက်ခံလျက် ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ အားလုံးကျေးဇူးအထူး တင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းအက်(စ်)ကီးမိုးက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းအက်(စ်)ကီးမိုး၊ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ယနေ့ အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များအားလုံး (မိုက်ဆွန်ခ)မင်္ဂလာပါလို့ နှုတ်ဆက်ပါရစေရှင်။ ကျွန်မကတော့ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းအက်(စ်)ကီးမိုး ဖြစ်ပါတယ်ရှင်။ ဒီနေ့ကျွန်မ လဲချားမြို့နယ်အတွက် မြို့တွင်းလမ်းကိစ္စနှင့် ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းလိုပါတယ်ရှင်။ လဲချားမြို့နယ်အတွင်းရှိမြို့တွင်းလမ်းများမှာ လွန်စွာမှ ပျက်စီး ယိုယွင်းနေသည်ကို တွေ့နေပါတယ်ရှင်။ လမ်းများ ပျက်စီးယိုယွင်းခြင်းကြောင့် ယခုမိုးရာသီတွင် ကျောင်းတက်နေကြသော ကျောင်းသားသူငယ်များအတွက် အထူးခက်ခဲ

နေပါသည်။ ထို့ကြောင့် လဲချားမြို့နယ်ပြည်သူများအထူးသဖြင့် ကျောင်းသားလူငယ်များအတွက် အဆင်ပြေချောမွေ့နိုင်စေရန်အတွက် လဲချားမြို့နယ် မြို့တွင်းလမ်းများအား မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးနိုင်မည်နှင့် မည်သည့်အချိန်ကာလတွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။** အားလုံး မင်္ဂလာပါ။ လဲချားမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)၊ ဒေါ်နန်းအက်(စ်)ကီးမိုင်၏ လဲချားမြို့နယ်အတွင်း ပျက်စီးနေသော မြို့တွင်းလမ်း၊ အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူ လူငယ်များ ကျောင်းတက်ချိန် အဆင်ပြေချောမွေ့စေရန် မြို့တွင်းလမ်းများအား မည်သည့် အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် ဖြေကြား ပေးပါမည်။ လဲချားမြို့သည် အကျယ်အဝန်းဧရိယာ (၁. ၆၀) စတုရန်းမိုင်ကျယ်ဝန်း၍ မြို့တွင်းလမ်းစုစုပေါင်း (၅၃)လမ်းရှိပြီး၊ ကတ္တရာလမ်း(၂)မိုင်နှင့် (၁. ၇၂)ဖာလုံ၊ ကျောက်လမ်း (၅)မိုင်နှင့် (၄. ၉၉)ဖာလုံ၊ မြေသားလမ်း (၄)မိုင်နှင့် ၃. ၄၁ ဖာလုံ၊ စုစုပေါင်း (၁၂)မိုင်နှင့် (၂. ၁၂) ဖာလုံ ရှိပါတယ်။ လဲချားမြို့ပေါ်တွင် အခြေခံပညာအထက်တန်းကျောင်း (၁)ကျောင်း၊ မူလတန်းကျောင်း(၄)ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း(၅)ကျောင်း ရှိပါတယ်။ လဲချားမြို့ အခြေခံပညာအထက်တန်းကျောင်းသည် အမှတ်(၄)ရပ်ကွက်၊ အနော်ရထာလမ်းသွယ်တွင် တည်ရှိပြီး ၎င်းလမ်းမှာ တောင်၊ မြောက်သွယ်တန်းထားသော ကတ္တရာလမ်းဖြစ်၍ ၎င်းလမ်းနှင့်ထောင့်မှန်ကျ သွယ်တန်းလျက်ရှိသော ဗထူးလမ်း၊ နောင်ယိမ်းလမ်း၊ စစ်စံတွန်းလမ်း၊ ဦးအောင်မြတ်လမ်း၊ နိဗ္ဗာန်လမ်းတို့သည်လည်း ကတ္တရာလမ်းများ

ဖြစ်ပြီး၊ မြို့တွင်းအဓိကလမ်းမကြီးဖြစ်သော ဗိုလ်ချုပ်လမ်းနှင့် တစ်ဆက်တည်းရှိသော လမ်းများ ဖြစ်ပါသည်။ အခြေခံပညာမူလတန်းကျောင်း(၄)ကျောင်းမှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် လျှိုင်လင်-ပန်ကေတု-သီပေါလမ်းပေါ်တွင် တည်ရှိပြီး အဆိုပါလမ်းအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၁-၂၀၁၂ခု ဘဏ္ဍာရေးနှစ်တွင် မြို့တွင်းလမ်း (၁)မိုင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ၂၀၀၄/၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်အကြီးအကဲ ခရီးစဉ်လမ်းညွှန်ချက်အရ လဲချားမြို့တွင်းလမ်းများဖြစ်သော အနော်ရထာလမ်း၊ စစ်စံထွန်းလမ်း၊ မင်္ဂလာလမ်း၊ ဘုရင့်နောင်လမ်း၊ ဗထူးလမ်း၊ ဦးအောင်မြတ်လမ်း၊ နောင်ယိန်းလမ်း၊ တပင်ရွှေထီးလမ်း၊ စုစုပေါင်းလမ်း(၈)လမ်း အရှည်(၂)မိုင်အား နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းအား ဆောင်ရွက်ခဲ့ပါတယ်။ လဲချားမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဝင်ငွေရဲ့လျာထားချက်မှာ (၄၆၁)သိန်း ဖြစ်ပြီး၊ မြို့ပြလမ်းတံတားတည်ဆောက်ခြင်း လုပ်ငန်းအား ဝင်ငွေ၏ ၂၇% ငွေကျပ်(၁၂၄. ၄၇)သိန်း၊ မြို့ပြလမ်းတံတား မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းအား ဝင်ငွေ၏ ၈% ငွေကျပ်(၃၆. ၈၈)သိန်း၊ ကျေးလက်လမ်းတံတား တည်ဆောက်ခြင်း လုပ်ငန်းအား ဝင်ငွေ၏၈% ငွေကျပ်(၃၆. ၈၈)သိန်း၊ ကျေးလက်ရေပေးရေးတိုးချဲ့လုပ်ငန်းအား ဝင်ငွေ၏ ၇% ငွေကျပ်(၃၂. ၂၇)သိန်း ဖြင့် လုပ်ငန်းများလျာထားလျက် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ လဲချားမြို့နယ် စည်ပင်သာယာရေး အဖွဲ့၏ ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ်ဝင်ငွေလျာထားချက်မှာ ၄၈၅သိန်းဖြစ်ပြီး၊ မြို့ပြလမ်းတံတား တည်ဆောက်ခြင်း လုပ်ငန်းအား ဝင်ငွေ၏ ၂၇%၊ ဝင်ငွေကျပ်(၁၃၀. ၉၅)သိန်း၊ မြို့ပြလမ်းတံတား မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းအား ဝင်ငွေ၏ ၃% ငွေကျပ် (၁၄. ၅၅)သိန်း၊ ကျေးလက်လမ်းတံတားတည်ဆောက်ခြင်း လုပ်ငန်းအား ဝင်ငွေ၏၁၃% ငွေကျပ်(၆၃. ၀၅)သိန်း၊ ကျေးလက်ရေပေးရေးတိုးချဲ့ လုပ်ငန်းအား ဝင်ငွေ၏ ၇% ငွေကျပ်(၃၃. ၉၅)သိန်းဖြင့် လုပ်ငန်းများ အကောင်အတည်ဖော် ဆောင်ရွက်ရန် လျာထားပြီး ဖြစ်ပါတယ်။

လဲချားမြို့နယ် စည်ပင်သာယာရေး အဖွဲ့အနေဖြင့် မြို့တွင်းလမ်းများ ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ်အထိ မြို့ပြလမ်းများရေရှည် ကြံ့ခိုင်ရေး လုပ်ငန်းစီမံချက်အား ရေးဆွဲထားရှိပြီး ၂၀၁၂-၂၀၁၃ခု ဘဏ္ဍာရေးနှစ်တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ (၅၂၅၀)စတုရန်းပေ၊ ကျောက်ခင်းလမ်း အပိုင်းလိုက် ပြုပြင်ခြင်း (၄၇၆၂)စတုရန်းပေ၊ ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ်တွင် ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း (၁၂၇၈၀)စတုရန်းပေ၊ ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်တွင် မြို့တွင်းလမ်းများ ကတ္တရာလမ်းပေါက်ဖါထေးခြင်း (၂၅၀၀)စတုရန်းပေ၊ ကျောက်လမ်း အပိုင်းလိုက်ပြုပြင်ခြင်း၊ (၄၀၀၀)စတုရန်းပေ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်းပြုပြင်ခြင်း (၁၂၀၀၀)စတုရန်းပေအား အဖွဲ့ရန်ပုံငွေဖြင့် ပြုပြင်ဆောင်ရွက်နိုင်ရေးလျာထား ရေးဆွဲပြီး ဖြစ်ပါတယ်။ လဲချားမြို့တွင်းလမ်း များအား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများအား ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းတိုင်းတာတွက်ချက်၍ လဲချားမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဘဏ္ဍာရေးနှစ်အလိုက် ပြုပြင်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား အပ်ပါတယ်။ အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင်မှ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ အစည်းအဝေးမှာ နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့်

နှစ်စဉ်ဆောင်ရွက်လျက်ရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများရဲ့ ခွင့်ပြုရန်ပုံငွေနဲ့ ပတ်သက်တဲ့မေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ယခင်နိုင်ငံတော် အစိုးရလက်ထက်ကတည်းက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းရန်ပုံငွေနဲ့ ကျေးလက်ဒေသများအတွက် -

(က) လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်း၊ စိုက်ပျိုးရေရရှိခြင်း လုပ်ငန်း၊

(ခ) လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း၊ လမ်းတံတား ဆောက်လုပ်ပြုပြင်ဆင်ထိန်းသိမ်းခြင်း၊ ကျေးလက်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း၊

(ဂ) လူမှုရေးဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေးကျောင်းများနှင့် ကျေးလက်ကျန်းမာရေး စသည့်လုပ်ငန်းများကို နှစ်စဉ်ခွင့်ပြု ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါတယ်။

<u>ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းရဲ့ အဓိကရည်ရွယ်ချက် (၃)ချက်</u> ဖြစ်တဲ့ -

(၁) ကျေးလက်တွင်နေထိုင်သော ပြည်သူများ စီးပွားရေးနဲ့ လူမှုရေး အဆင့်အတန်းမြင့်မားလာစေရန်၊

(၂) လူအများ၏ အကျိုးကို မျှော်ကိုး၍ လူအများက စိတ်ပါ ဝင်စားစွာဖြင့် ကိုယ်ပိုင်ငွေအား၊ ပစ္စည်းအား၊ ကိုယ်ပိုင်ကာယ၊ ဉာဏစွမ်းအားတို့ ပူးပေါင်းဆောင်ရွက်လာစေရန်၊

(၃) နိုင်ငံသားတိုင်း၏ ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ထူးကိုယ်ချွန် ကိုယ့်ဝန်ကို ထမ်းစိတ်ဓါတ်ဖြင့် သာယာဝပြောသော ဘဝကို မိမိတို့ကိုယ်တိုင်ဖန်တီးလိုစိတ် ဖြစ်လာစေရန်စသည့် အချက်များနှင့် ဆောင်ရွက်ခဲ့ရတာဖြစ်ကြောင်း လေ့လာ သိရှိရပါတယ်။

ကန့်သတ်

၁၃၅

နိုင်ငံတော်မှ ပံ့ပိုးငွေနှင့် အတူ မိမိဘက်မှ လုပ်အား၊ ပစ္စည်း၊ ငွေကြေးထည့်ဝင်မှုနှင့် ဆောင်ရွက်သည့်လုပ်ငန်းဖြစ်ကာ အမှန်တစ်ကယ် လိုလားစွာနဲ့ တင်ပြပြီး ဆောင်ရွက်နိုင်ခဲ့သော မြို့နယ်များနဲ့ ကျေးရွာနေ လူထုများအတွက် အမှန်တစ်ကယ် လက်တွေ့အကျိုးရှိ ထိရောက်သော လုပ်ငန်းများဖြစ်ကြောင်း တင်ပြလိုပါတယ်။ ယခင်နိုင်ငံတော် အစိုးရ လက်ထက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့အတွက် ကျပ်သိန်း(၁၀၀)စီဖြင့် ရှမ်းပြည်နယ် တစ်ခုလုံးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနှစ်စဉ် ကျပ်သိန်းသုံးရာခွဲဝေပြီး ဆောင်ရွက်ခဲ့တယ်လို့ သိရှိရပါတယ်။ သို့ပါသော်လည်း ယခင် ၂၀၁၁-၁၂ခု ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်တစ်ခုလုံးအတွက် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း(၁၅၀)ကျော် မျှသာ ရရှိသဖြင့် မြို့နယ်များတွင် လုပ်ငန်း အဆိုပြု တင်ပြထားသော်လည်း ခွင့်ပြုရန်ပုံငွေ မရရှိ၍ လုပ်ငန်းဆောင်ရွက်နိုင်ခြင်း မရှိကြောင်း သိရှိခဲ့ရပါတယ်။ ယခင်ခွင့်ပြုရန်ပုံငွေ ပမာဏဖြင့်ပင် ရှမ်းပြည်နယ်အတွင်း မြို့နယ်စုံလင်အောင် လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း မရှိတဲ့အတွက် ရှမ်းပြည်နယ်အတွက် ယခင်ကရရှိခဲ့သော ခွင့်ပြုရန်ပုံငွေ ပမာဏထက်ပိုမိုမှသာ ပြည်နယ်အတွင်း မြို့နယ်များအားလုံးသို့ ကျေးလက် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရံပုံငွေကိစ္စသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ် တစ်ခုဖြစ်သည့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးရေးအတွက်လည်း အထောက်အကူပြုသော ကိစ္စရပ်ဖြစ်နေပါသဖြင့် ၂၀၁၂-၁၃ခု ဘဏ္ဍာနှစ် အတွက် အဆိုပြုတင်ပြတောင်းခံသည့် အခြေအနေနှင့် နောင်လာမည့် ဘဏ္ဍာနှစ်များတွင် ခွင့်ပြုရန်ပုံငွေအား ယခင် ပမာဏထက်လျှော့နည်းခြင်း မရှိဘဲ ပိုမိုခွင့်ပြုချက်ရရှိနိုင်ရေး ဆောင်ရွက်ပေးသွားနိုင်မည့် အခြေအနေအား သိရှိလိုတဲ့အတွက် မေးမြန်း တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး၊** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တစ်ကွ ဒုတိယ ဥက္ကဋ္ဌ၊ လွှတ်တော်ကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပြီး လိုအင်ဆန္ဒများ ပြည့်ဝကြပါ စေလို့ ဦးစွာဆုတောင်း မေတ္တာပို့သ ဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင်မှ ရှမ်းပြည်နယ်အနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ရန်ပုံငွေကိစ္စသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ် တစ်ခုဖြစ်တဲ့ ကျေးလက်လူမှု စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုသော ကိစ္စရပ်လည်း ဖြစ်နေပါသဖြင့် ၂၀၁၂-၂၀၁၃ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် အဆိုပြုတင်ပြတောင်းခံမည့် အခြေအနေနှင့် နောင်လာမည့် ဘဏ္ဍာနှစ်များတွင် ခွင့်ပြုရန်ပုံငွေအား ယခင်ကထက် လျှော့နည်းခြင်းမရှိဘဲ ပိုမိုခွင့်ပြုချက် ရရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်မည့် အခြေအနေအား သိရှိလိုပါကြောင်း မေးခွန်းနှင့် စပ်လျဉ်းပြီး ကျွန်တော့်အနေနဲ့ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်ကိုပြည်နယ်ဝန်ကြီးချုပ်၏ ဦးဆောင်လမ်းညွှန်ချက်နှင့် အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာ ဝန်ကြီးများတို့ကို လုပ်ငန်းစဉ်အလိုက် တာဝန်ပေးအပ်ထားသကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှလည်း ကြီးကြပ်၍ စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းနဲ့ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများမှ တာဝန်ခံ၍ ကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အတွက် ပြည်နယ်အစိုးရအဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေး ဖောင်ဒေးရှင်းမှ ငွေကျပ်(လေးထောင်ရှစ်ရာတစ်ဆယ့် လေးသိန်းခုနှစ်သောင်းငါးထောင်)ကျပ်နဲ့ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများထံ ကျပ်သိန်းပေါင်းတစ်ထောင်ကို စုစုပေါင်း ကျပ်သိန်းပေါင်း (ငါးထောင်ရှစ်ရာတစ်ဆယ့်လေးသိန်းခုနှစ်သောင်းငါးထောင်)ကျပ်ကို ကျွန်တော်တို့ ခွဲဝေထုတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းမှာ ရှိနေတဲ့မြို့နယ်များအတွက် အင်းဝဘဏ်မှ ကျပ်သိန်းပေါင်း (ငါးသောင်းငါးထောင်)ကိုလည်း အောက်ပါအစီအစဉ်အတိုင်း ထုတ်ချေး ဆောင်ရွက်ခဲ့ပါတယ် -

(က) "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း အတွက် ကျပ်သိန်းပေါင်း (တစ်သောင်း)၊

(ခ) "ပအိုဝ်း" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွက် ကျပ်သိန်းပေါင်း (တစ်သောင်းငါးထောင်)၊

(ဂ) "ဓနု" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွက် ကျပ်သိန်းပေါင်း(တစ်သောင်း)၊

(ဃ) "ကိုးကန့်" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွက် ကျပ်သိန်းပေါင်း (တစ်သောင်း)၊

(င) "ပလောင်" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွက် ကျပ်သိန်းပေါင်း (တစ်သောင်း)

စုစုပေါင်း ကျွန်တော်တို့ ကျပ်သိန်းပေါင်း(ငါးသောင်းငါးထောင်)ကို ထုတ်ချေးပြီး ဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်း ပါဝင်ခြင်းမရှိတဲ့ ခရိုင်(၁၁)ခုမှ မြို့နယ်များသို့ ၂၀၁၂-၁၃ခုနှစ်

ဘဏ္ဍာရေးနှစ်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စု ဘတ်ဂျတ်မှ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ငွေစာရင်းသို့ ထည့်ဝင်ခွင့်ပြုငွေ ကျပ်သိန်းပေါင်း (တစ်သောင်း)ကိုလည်း လယ်ယာထုတ်ကုန်လုပ်ငန်း အတွက် ကျပ်သိန်းပေါင်း(၅၇၅၀. ၂)သိန်းနဲ့၊ မွေးမြူရေးနဲ့ သားငါးလုပ်ငန်း အတွက် ကျပ်သိန်းပေါင်း(၃၇၇၆. ၅)သိန်း၊ စုစုပေါင်း ကျပ်သိန်းပေါင်း အသေးစားငွေစုငွေချေး လုပ်ငန်းအတွက် ကျပ်သိန်း(၃၃၅)နဲ့ စုစုပေါင်း ကျပ်သိန်းပေါင်း (၉၇၂၆၁. ၇)ထုတ်ချေးပေးပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများနှင့် တိုင်းရင်းသားရေးရာဝန်ကြီးများအား တာဝန်ခံ၍ ပြည်နယ်အစိုးရ ရန်ပုံငွေမှ ကျပ်သိန်းပေါင်း(၅၈၁၄၇၅၀၀၀)၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် အင်းဝဘဏ်မှ ထုတ်ချေးပေးငွေကျပ်သိန်းပေါင်း (၅၅၀၀၀)နဲ့ ပြည်ထောင်စု ဘတ်ဂျတ်မှ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေစာရင်းသို့ ထည့်ဝင်ငွေ ကျပ်သိန်းပေါင်း (၁၀၀၀၀) စုစုပေါင်း ကျပ်သိန်းပေါင်း (ခုနှစ်သောင်းရှစ်ရာဆယ့်လေးသိန်းခုနှစ်သောင်းငါးထောင်)ကျပ်တို့ကို ထုတ်ချေးပေးနိုင်ခဲ့ပါကြောင်းနဲ့ လာမည့်၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်မှာလည်း ထပ်မံပြီးထုတ်ချေးပေးသွားမှာ ဖြစ်ပါကြောင်း၊ ယခုလက်ရှိ လင်းခေးမြို့နယ်အတွက်ကိုလည်း သိန်းပေါင်း(၁၀၀၀) ထုတ်ချေးပေးတာရှိတဲ့အတွက် လောလောဆည် လာရောက်ထုတ်ယူခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြား အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွန်းက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွန်း၊ နမ့်စန်မဲဆန္ဒနယ်အမှတ်(၂)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တစ်ကွ လုပ်ဖော်ကိုင်ဖက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းဆိုတဲ့ စိတ္တသုခ၊ ကာယသုခနဲ့ ပြည့်စုံကြပါစေလို့ ရှေးဦးစွာ ပဏာမ မေတ္တာပို့ရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ 'ပလောင်'အုပ်ချုပ်ခွင့်ရဒေသ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်း တင်ပြလိုတာကတော့ ကျွန်တော်တို့နမ့်စန်မြို့နယ်ဟာ မြောက်ဘက်မှာ မန်တုံမြို့နယ်နှင့် နယ်နိမိတ်ခြင်း စပ်ဆက်လျက် ရှိပါတယ်။ ကျောက်မဲမြို့နယ်မှ (၇၆)မိုင်ကွာဝေးပြီး မြေသားကားလမ်းဖြစ်တဲ့အတွက် နွေရာသီမှာ ဖုန်ထူပြီး၊ မိုးရာသီမှာ ရွှံ့ဗွက်တွေ ပြည့်နှက်နေလို့ ကားများသွားလာရတာ လွန်စွာခဲယဉ်းလှပါတယ်။ မိုးဖြိုင်ဖြိုင် ရွာတဲ့ ဂျူလိုင်လလောက်ကစပြီး မိုးကုန်တဲ့ထိ ကာလမှာတော့ ကားလမ်းဟာတောင်ပြိုကျမှု ရှိတဲ့အတွက် လမ်းသားပဲ့ကျလို့ လမ်းခရီး ပြတ်တောက်မှုများ မကြာခဏဖြစ်လေ့ရှိပြီး (၇၆)မိုင်ခရီးကို နေ့ချင်းပေါက် မရောက် နိုင်အောင် ကြုံတွေ့ကြရပါတယ်။ တောင်ပေါ်မြို့တစ်မြို့ဖြစ်တဲ့ အားလျော်စွာ 'ပလောင်'လူမျိုးတို့ နေထိုင်ရာဒေသ ဖြစ်တဲ့အတွက် လက်ဖက်တစ်မျိုးတည်းကိုသာ ဝမ်းစာအဖြစ် လုပ်ကိုင်ကြရပြီး စီးပွားရေး ချောင်လည်သူ နည်းပါးပါတယ်။ တောင်ကုန်း၊ တောင်တန်းများပေါ်မှာ တည်ရှိတဲ့အတွက် ကျေးရွာချင်းဆက်လမ်းများ နည်းပါးပြီး မြေသားလမ်းများ ဖြစ်တဲ့အတွက် မိုးရာသီမှာ တောင်ပြိုမှုဖြစ်လေ့ရှိတာကြောင့်၊ မြို့နယ် ကျေးရွာများ မကြာခဏ အဆက်အသွယ်ပြတ်တောက် လေ့ရှိပါတယ်။ ဒါကြောင့် ကျေးရွာများမှာ တာဝန်ကျနေတဲ့ ဝန်ထမ်းများဟာ မြို့ကို လာပြီး လစာထုတ်ယူဖို့ အင်မတန် ခဲယဉ်းလှပါတယ်။ ကျွန်တော်တို့ မြို့လေးဟာ သာယာလှပတဲ့ တောင်ပေါ်မြို့လေး ဖြစ်ပေမဲ့ တကူးတကလာရောက်မှ ရောက်တဲ့ ကုန်းတွင်းပိတ် မြို့လေးဖြစ်ပြီး၊ အခြားဒေသကနေ ပြောင်းရွှေ့

ရောက်ရှိလာတဲ့ တာဝန်ထမ်းဆောင်ကြသော ဝန်ထမ်းများဟာ နမ့်စန်မြို့ကို ရွှေ့ထွက်တဲ့မြို့လို့တင်စားခေါ် ဝေါ်ကြပါတယ်။ အမှန်ကတော့ သူတို့တွေပါလာတဲ့ စုဆောင်းလာတဲ့ ရွှေငွေ၊ လက်ဝတ်လက်စားတွေကို နမ့်စန်ရောက်မှ သုံးစရာမလောက်လို့ ရောင်းချစားသောက်ကြရတာကို တင်စားပြောဆိုတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နမ့်စန်မြို့နယ်ဟာ လစာနှစ်ဆရရှိတဲ့ မန်တုံမြို့နယ်နဲ့ ထိစပ်လျက်ရှိပြီး ဒေသစီးပွားရေးဖြစ်တဲ့ လက်ဖက်လုပ်ငန်းလည်း အတူတူ ဖြစ်ပါတယ်။ သွားလာဆက်သွယ်ရေးလည်း ခက်ခဲတာ အတူတူ ဖြစ်ပါတယ်။ ဒါကြောင့် သယ်ယူပို့ဆောင်စရိတ်ကြီးမြင့်မှုကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ဝန်ထမ်းများအနေနဲ့ အလူးအလဲခံခဲ့ရတာ နှစ်ပေါင်းကြာမြင့် နေပါပြီ။ ဒါကြောင့် ဝန်ထမ်းများအတွက် လစာနှစ်ဆရရှိတဲ့ မန်တုံမြို့နဲ့နည်းတူ နမ့်စန်မြို့နယ်ရှိ ဝန်ထမ်းများအတွက်လည်း လစာနှစ်ဆ ရရှိရေး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းဖြင့် မေးမြန်း တင်ပြခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တစ်ကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းမှ ဝန်ထမ်းများအတွက် လစာနှစ်ဆရတဲ့ မန်တုံမြို့နယ်နည်းတူ နမ့်စန်မြို့နယ်ရှိ ဝန်ထမ်းများအတွက် လစာနှစ်ဆ ရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ကျွန်တော့်အနေနဲ့ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာရှိမြို့နယ်များအနက် ဒေသစရိတ်ခံစားခွင့်ရှိတဲ့ မြို့နယ်များသတ်မှတ်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရမှ ပြည်ထောင်စု ပြည်ထဲရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြ ဆောင်ရွက်ရပါတယ်။ သို့ပါ၍ နမ့်စန်မြို့နယ် ဒေသစရိတ်ခံစားခွင့်ရှိသည့် မြို့နယ်အဆင့် သတ်မှတ်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရမှ ပြည်ထောင်စု ပြည်ထဲရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမောင်ကျော်က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်ကျော်၊ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** မင်္ဂလာပါ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် တစ်ကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဂါရဝပြုပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ “ပလောင်” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်စန်မြို့နယ် အမှတ်(၁) မဲဆန္ဒနယ်မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကျော်(ခ) ဦးထွန်းကျော် ဖြစ်ပါတယ် ခင်ဗျား။ ဥက္ကဋ္ဌကြီး ခင်ဗျား- အစီအစဉ်(၅) အပိုဒ်ခွဲ(ဆ)မှာ တအာင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုတိုးတက်ရေး အတွက် ခွင့်ပြုရန်ပုံငွေကို ရှမ်းပြည်နယ်အစိုးရ၏ ရသုံးမှန်းခြေစာရင်းတွင် ထည့်သွင်းရေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိ၊ အစီအစဉ်(၅) (ဈ)မှာ တအာင်းတိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီများ သက်တမ်းတိုးကြေး (၅)သိန်းပေးသွင်းခြင်းမှ ကင်းလွတ်ခွင့်ရအောင် ကူညီပေးနိုင်ခြင်း ရှိ/မရှိ လို့ဖော်ပြထားပါတယ်။ ဒီနေရာမှာ ဒီအစီအစဉ်မှာ ဖော်ပြထားတဲ့ မေးခွန်းနဲ့ ကျွန်တော် တင်ပြတဲ့ မေးခွန်းအနည်းငယ်ကွဲလွဲနေပါတယ် ခင်ဗျား။ ကျွန်တော် တင်ပြထားတဲ့ မေးခွန်းက နမ့်စန်မြို့နယ်မှာ ရုံးစိုက်ထားတဲ့ တအာင်းစာပေယဉ်ကျေးမှု ဗဟိုကော်မတီကို အကြောင်းပြုပြီးတော့ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့အားလုံးအတွက် မေးထားတဲ့ မေးခွန်း

ဖြစ်ပါတယ် ခင်ဗျား။ တအာင်းတိုင်းရင်းသား စာပေယဉ်ကျေးမှု တစ်ခုတည်း အတွက် မေးမြန်းတဲ့မေးခွန်း မဟုတ်ကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ ကျွန်တော့်ရဲ့ မေးခွန်းဟာလည်း အကြောင်းအရာတစ်မျိုးတည်းဖြစ်ပြီးတော့ တစ်ဆက်တစ်စပ်တည်းဖြစ်တဲ့ မေးခွန်းများ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေကြားတဲ့အခါမှာ ဝန်ကြီးဌာနတစ်ခုထက်ပိုပြီးတော့ ဖြေကြားဖို့ လိုအပ်ရင်လည်းလိုအပ်သလို ဖြေကြားပေးဖို့ တင်ပြအပ်ပါတယ်။ သို့သော် ကျွန်တော် မေးမြန်းတဲ့အခါမှာ မေးခွန်းအမှတ်(၅) (ဆ)နဲ့ (ဈ)ဟာ တစ်ခုနဲ့ တစ်ခု ဆက်စပ်နေတဲ့အတွက် မေးခွန်းကို တစ်ဆက်တစ်စပ်တည်း မေးမြန်း ခွင့်ပြုပါ ခင်ဗျား။ ဥက္ကဋ္ဌကြီး ခင်ဗျား- မြန်မာနိုင်ငံ တအာင်းစာပေနှင့် ယဉ်ကျေးမှုဗဟို ကော်မတီမှာ ၁၉၇၂ခု၊ ဖေဖော်ဝါရီလမှာ စတင်ဖွဲ့စည်းပြီး နမ့်ခန်မြို့မှာ ရုံးစိုက်ကာ တအာင်းတိုင်းရင်းသားများရဲ့ စာပေ၊ ယဉ်ကျေးမှုကိစ္စကို ဆောင်ရွက်နေတဲ့ လူမှုရေးအဖွဲ့အစည်း ဖြစ်ပါတယ်။ တအာင်းစာပေနှင့် ယဉ်ကျေးမှုညီလာခံကိုလည်း (၄)နှစ်တစ်ကြိမ်ကျင်းပ ခဲ့ပါတယ်။ တိုင်းရင်းသား စာပေယဉ်ကျေးမှုနှင့် ပတ်သက်ပြီး (၁၇)ကြိမ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားမှာ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကလည်းကောင်း၊ ၁၉၇၄ခု ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၂၁)၊ အပိုဒ်ခွဲ(ခ)မှာလည်းကောင်း၊ တိုင်းရင်းသား များရဲ့ စာပေနှင့် ယဉ်ကျေးမှုကို လွတ်လပ်စွာဆောင်ရွက် ပိုင်ခွင့်ပြု ထားပါတယ်။ နိုင်ငံတော်အကြီးအကဲက မိန့်ကြားတာလည်း မိန့်ကြားတာပဲ။ အခြေခံဥပဒေမှာ ပြဋ္ဌာန်းတာလည်း ပြဋ္ဌာန်းတာပဲ။ ဒါပေမဲ့ ကျောက်မဲမြို့မှာ ကျင်းပမဲ့ ၁၉၈၆ ခုနှစ်၊ ပဉ္စမအကြိမ် ညီလာခံမကျင်းပနိုင်အောင် အာဏာပိုင် အဖွဲ့က ဟန့်တားခဲ့ပါတယ်။ အသင်းအဖွဲ့ မှတ်ပုံတင်မရှိတာကို အကြောင်းပြ ပါတယ်။ အဲဒါကြောင့် အသင်းအဖွဲ့မှတ်ပုံတင် ရရှိရေး ကြိုးစားဆောင်ရွက် လိုက်တာ ၁၉၉၆ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ မှတ်ပုံတင်အမှတ် (၁၇၉၃)နဲ့ ခွင့်ပြုခဲ့ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီး ခင်ဗျား- တိုင်းရင်းသားစာပေ တစ်ခုခုတတ်ရုံနဲ့ ဆရာဝန် မဖြစ်နိုင်ဘူး၊ အင်ဂျင်နီယာ မဖြစ်နိုင်ဘူး၊ ညွှန်ကြားရေးမှူးချုပ် မဖြစ်နိုင်ဘူးဆိုတာကို ကျွန်တော်တို့ တိုင်းရင်းသားတွေ သိပါတယ်။ ထိန်းသိမ်းရုံ သက်သက်ဖြစ်ပါတယ် ခင်ဗျား။ ဘာကြောင့် ထိန်းသိမ်း ရသလဲဆိုရင် ဘာသာဗေဒပညာရှင်များရဲ့ လေ့လာမှုအရ ကမ္ဘာပေါ်မှာ ဘာသာစကားပေါင်း(၆၅၀၀၀)ခန့်ကနေ ယနေ့ကမ္ဘာပေါ်မှာ ဘာသာ စကားပေါင်း(၃၅၀၀)ပဲ ကျန်ပါတော့တယ်။ ကျန်တာတွေကတော့ အကုန်လုံး ကွေလွင့်ပျောက်ဆုံးခဲ့ကုန်ပါပြီ။ ကွေတာကလည်း သစ်သီး ကြွေသလိုမဟုတ်ဘူး သစ်သီးကြွေတာက သစ်ပင်အောက်မှာ အဲ့ဒီသစ်သီးတွေကို မြင်နိုင်သေးတယ်။ ကြယ်ကြွေတာက ကမ္ဘာမြေကိုမရောက်ခင် အလင်းတန်းဟာ ပျောက်ကွယ်ခဲ့ပါတယ်။ ဖြစ်တဲ့ပျက်တဲ့သဘောကိုလည်း ကျွန်တော်တို့ တိုင်းရင်းသားတွေ လက်ခံပါတယ်။ ဒါပေမဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အစစအရာရာ ချွတ်ခြုံကျနေတဲ့ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးစုငယ်တွေက အချိန်မတိုင်ခင် ကြွေလွင့်သွားမှာကို သိပ်ပြီး ကြောက်ပါတယ် ခင်ဗျား။ ဒါဟာ မျက်ကန်းမျိုးချစ် မဟုတ်သလို အကြောင်းမဲ့ အတ္တကြီးတာလည်း မဟုတ်ပါဘူး။ ဘဝတဏှာပဲ ဖြစ်ပါတယ်။ သဘာဝတရားလည်း ဖြစ်ပါတယ်၊ ရှင်သန်ရပ်တည်ချင်ပါတယ်၊ ဒါ့ကြောင့်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ ပုဒ်မ(၂၂)၊ ပုဒ်မခွဲ(ဂ)မှာ နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။ အခန်း(၈) ပုဒ်မ(၃၅၄)၊ အပိုဒ်ခွဲ(က)မှာလည်း တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့် တစ်မျိုး (သို့မဟုတ်) တိုင်းရင်းသား အချင်းချင်းကိုသော်လည်းကောင်း၊ အခြားဘာသာ သာသနာကိုသော်လည်းကောင်း ထိခိုက်နစ်နာမှု မရှိစေပဲ မိမိချစ်ခင်မြတ်နိုးသည့် ဘာသာစကား၊ စာပေယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်းများ လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့် ရှိသည်လို့ပြဋ္ဌာန်းထားပါတယ်။ အားရလိုက်တာ ကျွန်တော်တို့တိုင်းရင်းသားများရဲ့

မျှော်လင့်ချက် ရောင်ခြည်ပဲဖြစ်ပါတယ်။ ဒါပေမဲ့ အသင်းအဖွဲ့ဖွဲ့စည်းခွင့် လက်မှတ်သက်တမ်း လဲလှယ်ခြင်းအတွက် နမ့်စန်မြို့ မြန်မာ့စီးပွားရေးဘဏ်မှာ (၁၄-၃-၂၀၁၂)ရက်စွဲပါချလံအမှတ်(၅)ဖြင့် ငွေ(၅)သိန်းပေးသွင်းခဲ့ ရပါတယ်။ စာပေယဉ်ကျေးမှုက ဘယ်စာပေယဉ်ကျေးမှုကော်မတီ မဆို ပုံမှန်ဝင်ငွေရှိတဲ့ စီးပွားရေးအဖွဲ့အစည်း မဟုတ်ပါ။ လူထုရဲ့ သဒ္ဓါသမျှသော အလှူငွေနဲ့ ရပ်တည်နေခြင်းသာ ဖြစ်ပါတယ်။ အဲ့ဒါကြောင့် ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းက -

(၁) တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများ သက်တမ်းတိုးကြေး ကျပ်(၅)သိန်း ပေးသွင်းခြင်းမှ ကင်းလွတ်ခွင့်ရအောင် ကူညီပေးနိုင်ခြင်း ရှိ/မရှိ၊

(၂) တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေး အတွက် ခွင့်ပြုရန်ပုံငွေကို ရှမ်းပြည်နယ်အစိုးရက ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းရေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိ၊

(၃) တိုင်းရင်းသားများ၏ စာပေယဉ်ကျေးမှုတိုးတက်စေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့က မည်သို့မည်ပုံ စီစဉ်ဆောင်ရွက် ထားသည်ကို သိရှိလိုကြောင်း။

မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်ကိုယ်စားလှယ် ဦးမောင်ကျော်က အပိုဒ်(ဆ)နဲ့ အပိုဒ်(ဇ)ပါ မေးခွန်းများကို တစ်ပြိုင်တည်းမေးမြန်းသွားပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီမေးခွန်းတွေကို ပြန်လည်ဖြေကြားဖို့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကဏ္ဍအလိုက် တာဝန်ယူတဲ့ ပုဂ္ဂိုလ်များက တာဝန်ယူဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကျော်မှ တအာင်းတိုင်းရင်းသားများ လူမျိုးတစ်မျိုးတည်း မဟုတ်ဘဲ တိုင်းရင်းသား လူမျိုးများ အားလုံးအတွက် ရည်ရွယ်၍ မေးမြန်းချက်ပါ တင်ပြထားတာ ဖြစ်ပါတယ်။ ဒီယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွင့်ပြုရန်ပုံငွေကို ရှမ်းပြည်နယ်အစိုးရရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းပါ ထည့်သွင်းရေးဆွဲရေး အစီအစဉ် ရှိ/မရှိ၊ အဲ့ဒီ ကဏ္ဍနှင့် ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

တိုင်းရင်းသား စာပေယဉ်ကျေးမှု တိုးတက်ရေး အတွက် ဒီခွင့်ပြုရန်ပုံငွေသည် ပြည်ထောင်စုဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းထဲမှာ ပါဝင်ပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စု ဘတ်ဂျတ်မှာ ပါဝင်ပါတယ်။ ထို့အတွက် တိုင်းရင်းသားစာပေယဉ်ကျေးမှု တိုးတက်ရေးအတွက် ခွင့်ပြုရန်ပုံငွေကို ရှမ်းပြည်နယ်အစိုးရရဲ့ ရသုံးခန့်မှန်းခြေ ငွေစာရင်းမှာ ထည့်သွင်းရေးဆွဲပေးရန် အစီစဉ်မရှိပါကြောင်း၊ ထည့်သွင်း ရေးဆွဲ၍လည်း မရပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ။** နောက်မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့မှ ကဏ္ဍအလိုက် တာဝန်ယူထားတဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကဆက်လက် ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမောင်ကျော်၏ မေးခွန်းအမှတ်စဉ်(၃)ဖြစ်တဲ့ တိုင်းရင်းသားများ၏ စာပေယဉ် ကျေးမှုဖွံ့ဖြိုးတိုးတက်စေရန် ရှမ်းပြည်နယ်အစိုးရက မည်သို့မည်ပုံ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း ဟူသော မေးခွန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်သည် တိုင်းရင်းသားလူမျိုးပေါင်း (၃၀)ကျော် စုပေါင်းနေထိုင်သော ပြည်နယ်ကြီးတစ်ခုဖြစ်ပါတယ်၊ ရှမ်းပြည်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၅)ခုနှင့် တိုင်းရင်းသားရေးရာဝန်ကြီး(၇)ဦး ခန့်အပ်ပြီး တိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှုများသာမက ဒေသဖွံ့ဖြိုးရေးများအတွက်ပါ စီမံဆောင်ရွက်လျက် ရှိပါသည်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ (တောင်ပိုင်း)နှင့် (မြောက်ပိုင်း)တို့တွင် ယဉ်ကျေးမှုပြတိုက်များ ထားရှိ၍ သက်ဆိုင်ရာ ဒေသအတွင်း နေထိုင်ကြသည့်တိုင်းရင်းသားလူမျိုးစုများ၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ စာပေများကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လျက် ရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥဒေ ပုဒ်မ(၂၂)(က)တွင် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်ဟုလည်းကောင်း၊ အခြေခံဥပဒေ ပုဒ်မ (၂၂)(ခ)တွင် တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေး စားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်ပေးမည်ဟု ပြဋ္ဌာန်းထားပါသည်။ ယင်း ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်နှင့် အညီ သက်ဆိုင်ရာဒေသများတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ စာပေနှင့် ယဉ်ကျေးမှုအသင်းများ ဖွဲ့စည်းဆောင်ရွက်ခွင့် ပြုနေခြင်းသည် အခြေခံဥပဒေပါ တိုင်းရင်းသားတို့ အရေးကို အလေးထားဆောင်ရွက်ခြင်းလည်း ဖြစ်ပါသည်။ ရှမ်းပြည်နယ် အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ ရိုးရာဓလေ့၊ ထုံးတမ်းအစဉ်အလာများဖြစ်သည့် တန်ဆောင်တိုင်ပွဲတော်၊ မီးပုံးပျံ

ပွဲတော်၊ မီးပဒေသာလှည့်လည် ပူဇော်ခြင်း၊ မသိုးသင်္ကန်းယက်လုပ် ပူဇော်ခြင်း၊ အင်းလေးဖောင်တော်ဦး ပွဲတော်များ၊ ရိုးရာလှေလှော် ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးနိုင်ခြင်းဖြင့်လည်း တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာများကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက် ရှိပါသည်။ ယခုနှစ်တွင် ကျင်းပသည့် (၁၉)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အဆို၊ အက၊ အရေး၊ အတီး များကိုလည်း ထည့်သွင်းပါဝင် ယှဉ်ပြိုင်စေခြင်းဖြင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက် ရှိပါသည်။ ပြောင်းလဲလာသော ခေတ်စနစ်နှင့် အညီ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်၊ အမွေအနှစ်ကောင်းများကို ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်ပေးရာတွင် ပြိုင်ပွဲများသာမက ကွင်းဆင်းလေ့လာ၍ မှတ်တမ်းတင် ဆောင်ရွက်ခြင်းဖြင့်လည်း ရိုးရာယဉ်ကျေးမှုများ မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ ဒိုတာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် တိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှုအသင်းများ ဖွဲ့စည်း ဆောင်ရွက်စေခြင်း၊ ယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများ မပျောက်ပျက်အောင် ပြိုင်ပွဲများနှင့် ရိုးရာပွဲတော်များ ကျင်းပပြုလုပ်စေခြင်းဖြင့် တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်စေရန် အားပေး ဆောင်ရွက်လျက် ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လဲချားမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းအက်(စ်)ကီးမိုးက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းအာကာ(စ်)ကီမိုး၊ လဲချားမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။**

မင်္ဂလာပါ။ ကျွန်မနန်းအာကာ(စ်)ကီးမိုးမှ ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းပါ့မယ် ရှင်။ ကျွန်မ မေးမြန်းချင်တဲ့ မေးခွန်းကတော့ ပြည်နယ်အစိုးရမှ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များထံသို့ စာပေးပို့ရာတွင် စာအိတ် ပါ/မပါ သိရှိလိုပါသည်ဆိုသည့် မေးခွန်းကိုမေးမြန်း လိုပါတယ်။ အဘယ်ကြောင့် မေးမြန်းလိုတာလည်းဆိုတော့ ကျွန်မ (၂-၆-၂၀၁၂) ရက်နေ့တွင် လဲချားမြို့နယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံမှ စာနှစ်စောင် လက်ခံရရှိခဲ့ပါတယ် ရှင်။ ၎င်းစာနှစ်စောင်မှာ လဲချားမြို့နယ်၊ ခမရ(၅၁၅)တပ်ရင်းမှ ပေးပို့လာတဲ့ စာတစ်စောင် ဖြစ်ပြီးတော့မှ နောက်တစ်စောင်မှာ ရှမ်းပြည်နယ်အစိုးရရုံးမှ ပေးပို့လာသော စာတစ်စောင် ဖြစ်ပါတယ် ရှင်။ ရှမ်းပြည်နယ်အစိုးရရုံးမှ ပေးပို့လာသော စာမှာ (၉-၅-၂၀၁၂)ရက်စွဲပါစာအမှတ်၊ ၃၈၅၆ / ၁-၂၀၃ / အစရ(ရှမ်း) ဖြစ်ပါတယ် ရှင်။ အဲ့ဒီစာနှစ်စောင်ရဲ့ ထူးခြားချက်မှာကတော့ ခမရ(၅၁၅)မှ ပေးပို့လာသော စာမှာ စာအိတ်ထည့်ထားပါသော်လည်း ရှမ်းပြည်နယ်အစိုးရထံမှ ပေးပို့လာသောစာမှာ စာအိတ်မပါရှိသည်ကို တွေ့ရှိရပါတယ် ရှင်။ ၎င်း စာအိတ်ထဲထည့်ထားသော စာတစ်စောင်နှင့် စာအိတ်မပါသော စာနှစ်စောင်စလုံးကို ပူးတွဲ၍ စတာပလာဖြင့် ပတ်လည်ရိုက်ပြီးတော့ ကျွန်မ လက်ခံရရှိ ခဲ့ပါတယ် ရှင်။ ၎င်းကိစ္စမှာ ရှမ်းပြည်နယ်အစိုးရထံမှ စာအိတ်ထည့်ရန် မေ့လျော့မှုလား၊ ဒါမှမဟုတ် စာပေးပို့ရာ လမ်းတစ်လျှောက်တွင် လုံခြုံမှု မရှိလို့လား ဆိုပြီးတော့၊ လုံခြုံမှုမရှိ၍ စာဖောက်ဖတ်ခံရခြင်းလားဆို၍ သို့လောသို့လောများစွာဖြင့် ကျွန်မဝေခွဲမရ ဖြစ်နေရပါတယ်။ အကယ်၍ ရှမ်းပြည်နယ်အစိုးရထံမှ စာအိတ်ထည့်၍ ပေးပို့ခဲ့သည် ဆိုပါက လွှတ်တော်ကိုယ်စားလှယ်များထံ ပေးပို့သော စာမှာ လုံခြုံမှု လုံးဝမရှိတော့ပါ။ အကယ်၍ စာအိတ်ထည့်လေ့မရှိသော သဘာဝဖြစ်နေပါက မည်သည့်စာဖြစ်စေ၊ လူတစ်ဦး၏ ကိုယ်ရေးကိုယ်တာပါ အခွင့်အရေးအရ စာအိတ်ထည့်၍ ပေးပို့စေလိုကြောင်း အကြံပြုတင်ပြရင်းနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ် ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ် ရှင်။

ကန့်သတ်

၁၄၉

ဥက္ကဋ္ဌ။ ဒီမေးခွန်းနဲ့ ပတ်သက်လို့ ပြည်နယ်အစိုးရအဖွဲ့မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးရဲနိုင်အောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးရဲနိုင်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လဲချားမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းအက်(စ်)ကီးမိုးရဲ့ ပြည်နယ်အစိုးရမှ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များထံသို့ စာပေးပို့ရာတွင် စာအိတ် ပါ/မပါ သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်လို့ ပြန်လည် ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးမှာ ရုံးစာများကို ရုံးတွင် ခန့်အပ်တာဝန်ပေးထားသော စာပို့ဝန်ထမ်းမှ သက်ဆိုင်ရာရုံးများသို့ စာပို့မှတ်တမ်းစာအုပ်တွင် မှတ်ပုံတင်ပြီး စာ၏ လုံခြုံမှု အဆင့်အတန်းပေါ် မူတည်၍ စာအိတ်ဖြင့် သော်လည်းကောင်း၊ စာအိတ်ပေါ်တွင် ချိတ်ပိတ်၍ သော်လည်းကောင်း ပေးပို့လျက် ရှိပါတယ်။ ပြည်နယ်ရုံးစိုက်ရာဒေသနှင့် အလှမ်းကွာဝေးပြီး ရုံးဝန်ထမ်းစာပို့မှ ကိုယ်တိုင်ပေးပို့၍ မရနိုင်သော ရုံးများနှင့် လူပုဂ္ဂိုလ်များထံသို့ စာတိုက်မှ မှတ်ပုံတင်ပြီး စာများပေးပို့လျက် ရှိပါတယ်။ ရုံးအချင်းချင်း ဆက်သွယ်ရေး နည်းလမ်းအရ မြန်ဆန်စေရန် အတွက် ဖက်(စ်)ဖြင့်ပေးပို့သော စာများသာလျှင် စာအိတ်မပါပဲ ပေးပို့ခြင်း ရှိနိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လဲချားမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇေယျက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ အားလုံးပဲ မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ လဲချားမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇေယျ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ လဲချားမြို့၊ ဆည်မြောင်းဦးစီးဌာနရုံး ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ လဲချားမြို့ အနောက်တောင်ဘက်ရှိ နမ့်တောင်းချောင်းဆည်မှ တစ်ဆင့် မြို့ဝင်ရေချောင်း အဖြစ် မြို့တွင်းသို့စီးဆင်းနေသော မြို့ဝင်ရေချောင်းဟာ တိမ်ကောပြီးတော့ ခမ်းခြောက်လာလျက် ရှိနေပါတယ်။ အဆိုပါမြို့ဝင်ရေချောင်းသည် လဲချားမြို့၏ မရှိမဖြစ် အရေးပါသော အသက်သွေးကြော ရေချောင်းတစ်ခုလည်း ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် မြို့နေလူထုများ၏ လုပ်အားပေးစံနစ်ဖြင့် ပြုပြင်မွမ်းမံထိန်းသိမ်းလာခဲ့ရာ ပြောင်းလဲလာသော ခေတ်စံနစ်အရ လုပ်အားပေး ဆင့်ဆို၍ ထိန်းသိမ်းရန်မသင့်တော်သော အခြေအနေသို့ ပြောင်းလဲလာခဲ့ပြီ ဖြစ်ပါတယ်။ ယခင် ခေတ်အဆက်ဆက် အုပ်ချုပ်ရေးပိုင်း ကဏ္ဍများမှ ရေခွန်၊ မီးခွန်များ လစဉ်၊ နှစ်စဉ်ကောက်ခံ၍ ထိန်းသိမ်းစရိတ် စုဆောင်းလာခဲ့သော်လည်း ယခုအခါ အဆိုပါ ကောက်ခံလာသော ရန်ပုံငွေများသည် မည်သူ့လက်ထဲတွင် မည်သည့်စာရင်း ခေါင်းစဉ်ဖြင့် အသုံးပြုသည်ကိုလည်း မသိရှိရပါ။ ယခုအချိန်တွင် မြို့မှ၊ ကျေးရွာအုပ်စုမှ လယ်သမားများနှင့် ရပ်ကွက်နေလူထုများ ကိုယ့်အားကိုယ်ကိုးစံနစ်ဖြင့် ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ နည်းစနစ် မမှန်ခြင်း၊ အခိုင်အမာပြုပြင် တည်ဆောက်မှု နည်းစနစ်များ ကျွမ်းကျင်မှုမရှိခြင်းတို့ကြောင့် ရေချောင်းများ နိမ့်ကျခြင်းများ၊ မြောင်းရိုး၊ ချောင်းရိုးများ အိကျပြိုပျက်ခြင်းများကြောင့် မြို့တွင်းသို့ ရေအလုံအလောက် ရရှိရန် မလွယ်ကူတဲ့ အခြေအနေသို့

ရောက်ရှိနေပါပြီ။ သို့ပါ၍ ၎င်းမြို့ဝင် ရေချောင်းအား စဉ်ဆက်မပြတ် ရေစီး၊ ရေလာကောင်းမွန်စေရေးနှင့် ရေပေးဝေမှု စီမံခန့်ခွဲနိုင်ရေးအတွက် လယ်ယာနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မြို့နယ်ရုံးများ ဖွင့်လှစ်ပြီးတော့ ဆောင်ရွက်ပေးမယ်ဆိုပါက လဲချားမြို့တွင်း၌ ၎င်းဆည်ရေသောက် ခြံများ၊ လယ်များ၊ အခြားသော ရေအရင်းအမြစ်များ တိုးချဲ့ပြုပြင်ပြီး လယ်ယာမြေလုပ်ကွက်များ ထပ်မံ၍ တိုးတက်များပြားလာနိုင်မှာ ဖြစ်ပါသဖြင့် လဲချားမြို့မှာ ဆည်မြောင်းဝန်ကြီးဌာနရုံး ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် ထိုကိစ္စရပ်အား မည်ကဲ့သို့ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်၊ မည်သည့် အချိန်ကာလတွင် ဆောင်ရွက်ဖြေရှင်းပေးနိုင်မည်ကို တိကျစွာ သိရှိလိုပါကြောင်း လေးစားစွာ မေးခွန်းမေးမြန်း အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သ အပ်ပါတယ်။ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် လဲချားမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးစိုင်းကျော်ဇေယျ မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူမှ ဖြေကြားမှာ ဖြစ်ပါတယ်။

လဲချားမြို့ အနောက်တောင်ဘက်ရှိ နမ့်တောင်းချောင်းသည် ချောင်းဆည်မှ တစ်ဆင့် မြို့ဝင်ရေချောင်းဖြင့် မြို့တွင်းသို့ စီးဆင်းနေသော မြို့ဝင်ချောင်းရေသည် တိမ်ကောခမ်းခြောက်လာသဖြင့် ၎င်းမြို့ဝင်ချောင်းအား စဉ်ဆက်မပြတ် ရေစီးရေလာ ကောင်းမွန်စေရေးနှင့် ရေပေးဝေမှု

စီမံခန့်ခွဲနိုင်ရေးအတွက် လယ်ယာနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မြို့နယ်ရုံးများ ဖွင့်လှစ်ပြီး ဆောင်ရွက်ပေးမည်ဆိုပါက လဲချားမြို့တွင်းနှင့် ၎င်းဆည်ရေသောက်များ၊ ခြံများ၊ အခြားသော ရေအရင်းအမြစ်များ တိုးချဲ့ပြုပြင်ပြီး လယ်ယာမြေလုပ်ကွက်များ ထပ်မံ၍တိုးတက်များပြား လာနိုင်မည် ဖြစ်သဖြင့် လဲချားမြို့နယ်တွင် ဆည်မြောင်းဝန်ကြီးဌာနရုံး ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် ထိုကိစ္စရပ်အား မည်ကဲသို့ဖြည့်ဆည်းဆောင်ရွက် ပေးနိုင်မည်နည်း၊ မည်သည့်အချိန်ကာလတွင် ဖြေရှင်းဆောင်ရွက်ပေး နိုင်မည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းနှင့် ပတ်သက်၍ လဲချားမြို့ အနောက်တောင်ဘက်ရှိ နမ့်တောင်းဆည်သည် ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားခြင်း မဟုတ်ပါ။ ကျေးရွာမှ ထိန်းသိမ်းထားသော ဆည်တစ်ခု ဖြစ်ပါသည်။ ၎င်းဆည်မှာ ကွန်ကရစ်ဆည်ဖြစ်ပြီး ၁၉၈၀ ခုနှစ်မှာ တည်ဆောက်ပြီးစီးခဲ့ခြင်း ဖြစ်ကြောင်း သိရှိရပါတယ်။ ဆည်တည်နေရာမှာ ၁လက်မ ၁မိုင်စကေး မြေပုံညွှန်းအရ ၉၃ / ဂျီ / ဆည်-၁(၁၃၈၇၄၈) ဖြစ်ပါတယ်။ ၎င်းချောင်းရေဆင်း ဧရိယာမှာ ၅၂ စတုရန်းမိုင်ရှိပါတယ်။ ရေစီးဝင်ရေမှာ ၂၆၀၀ ကုဗပေပါစက္ကန့် ဖြစ်ပါတယ်။ အကျိုးပြုဧရိယာမှာ လယ်ဧက ၁၅၂၀ဧက ဖြစ်ပြီး အခြားသီးနှံများလည်း စိုက်ပျိုးနိုင်ကြောင်း သိရှိရပါတယ်။ ဆည်အခြေအနေမှာ အလျား ၆၀ ပေ၊ အမြင့် ၃ ပေရှိ ကွန်ကရစ်ဆည် ဖြစ်ပြီး ရေတံခါးရွက် အရွယ်အစားမှာ ၃ပေ၊ ၅ပေ(၁၂)ချပ် ပါရှိပါတယ်၊ ရေတံခါးပြုပြင်ရန် လိုအပ်ပါတယ်။ ၎င်းဆည်၏ အောက်ဘက်တွင် သစ်ရိုက် ကျောက်ဖြည့် ဆည်များဖြစ်တဲ့ ကိုနောင်လုံဆည်၊ ဇီးကုန်းဆည်၊ ကုန်းတပ်ဆည်နှင့် ကုန်းယောင်ဆည်များ ရှိပါတယ်။ ၎င်းဆည်အားလုံးကို ပြုပြင်ရန်လိုအပ်ပါတယ်။ ၎င်းသည် မြို့ရေပေးသော တူးမြောင်းလည်း ရှိပါတယ်။ (၁)၎င်းတူးမြောင်းကို သဲနုံးဆည်ခြင်း၊ မြောင်းပုံစံကျ ပြန်လည် ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ပါတယ်။ အထက်ပါ လုပ်ငန်းအားလုံး ဆောင်ရွက်နိုင်ရန်အတွက် ပွင့်လင်းရာသီမှာ ကွင်းဆင်း စစ်ဆေးပြီး အသေးစိတ်တိုင်းတာတွက်ချက်မှုများ ဆောင်ရွက်၍ ခန့်မှန်း ကုန်ကျစရိတ်တွက်ချက်ရန် လိုအပ်ပါတယ်။ တိုင်းတာ တွက်ချက်ပြီးပါက

ခန့်မှန်းကုန်ကျစရိတ်များအား ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတောင်းခံရရှိပါက လုပ်ငန်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ လွိုင်လင်မြို့တွင် ဆည်မြောင်းဦးစီးဌာန၊ ဦးစီးအရာရှိရုံး ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။ လဲချားမြို့နယ်အတွင်း ဌာနမှထိန်းသိမ်းထားသော ဆည်ကန်၊ တမံများ မရှိသော်လည်း လွိုင်လင်မြို့မှ ၃၂ မိုင်သာ ကွာဝေးသဖြင့် လွိုင်လင်မြို့ ဦးစီးအရာရှိရုံးမှ အုပ်ချုပ်မှုနယ်မြေအတွင်းသို့ လုပ်ငန်းများအား ကြီးကြပ်ဆောင်ရွက် နိုင်ပါကြောင်း လောလောဆည်တွင် လဲချားမြို့နယ်တွင် ဆည်မြောင်းဦးစီးဌာန အရာရှိရုံး ဖွင့်လှစ်ရန် အစီအစဉ် မရှိသေးပါကြောင်း ပြန်လည်ဖြေကြား အပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တစ်ကွပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အပေါင်းတို့ ခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပြင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်း ဖြစ်ပါတယ် ခင်ဗျား။ အခုကျွန်တော်တို့ မိုင်းပျဉ်းမြို့နယ်မှာ ဆိုလို့ရှိရင် ကျွန်တော်တို့ အလှည့်နဲ့ အသုံးပြုနေရာမှ အော်တိုတယ်လီဖုန်းရရှိရေး အတွက် ဆိုပြီး ကျွန်တော်တို့ ကျိုင်းတုံမှာရှိတဲ့ ပြည်နယ်ဆက်သွယ်ရေးရုံးကို တင်ပြတဲ့နေရာမှာ အကယ်၍များ ခင်ဗျားတို့ မိုင်းပျဉ်းမြို့နယ်မှာ လိုအပ်တဲ့ ရေအားလျှပ်စစ် တည်ဆောက်ပေးမည်ဆိုလို့ရှိရင် ကျွန်တော်တို့ တာဝန်ခံ အော်တိုတယ်လီဖုန်းချပေးမယ် ဆိုပြီးတော့ ရှိခဲ့တဲ့အတွက် ကျွန်တော်တို့ မိုင်းပျဉ်းမြို့မှ ပြည်သူများရဲ့ ဆန္ဒသဘောအရ ကျွန်တော်တို့ ရန်ပုံငွေ ကောက်ခံပြီးတော့ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပေး

ခဲ့ပါတယ်။ အဲဒီ တည်ဆောက်ပြီးနောက် ၂၀၀၉ မေလမှာ စတင်လည်ပတ်နိုင်ခဲ့ပြီးတော့ ၂၀၀၉ ဇူလိုင်လကစပြီးတော့ သက်ဆိုင်ရာကနေပြီးတော့ အော်တိုတယ်လီဖုန်းကို စပြီးတော့ချပေးခဲ့တဲ့အတွက်ကြောင့် မိုင်းပျဉ်းမြို့နယ်မှာ ဇူလိုင်လကစပြီး ဖုန်းအသုံးပြုနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲ့ဒီ ရေအားလျှပ်စစ်မှာ တာဘိုင်စက်အမျိုးအစားဖြစ်ပြီးတော့ ကီလို ၂၀ တပ်ဆင်ထားခြင်း ဖြစ်ပါတယ်။ မကြာခင်မှာပဲ အဲ့ရေအားလျှပ်စစ်ကို သက်ဆိုင်ရာ ပြည်နယ်ဆက်သွယ်ရေးရုံးကို လွှဲပြောင်းလက်ခံ ဖို့ဆိုပြီးတော့ တင်ပြခဲ့ပါတယ်။ ဒါပေမဲ့လည်း သက်ဆိုင်ရာပြည်နယ်ကနေ ခင်ဗျားတို့ပဲ ဆက်လက်ပြီးတော့ တာဝန်ယူပေးပါဆိုပြီးတော့ အကြောင်းကြားလာတဲ့အတွက် ဆက်လက်ပြီး အခုရက်နေ့ထိတိုင် ကျွန်တော်တို့ မိုင်းပျင်းမြို့မှ ပြည်သူလူထုတွေ သုံးနှစ်တိတိ ဒီစက်ရုံကိုပဲ ဆက်လက်ပြီးတော့ ထိန်းသိမ်းပြုစု ဆောင်ရွက်ထားခဲ့ခြင်း ဖြစ်ပါတယ်။ အဲ့ဒီစက်ရုံမှာဆိုလို့ရှိရင် မိုင်းပျင်းမြို့နဲ့ တစ်မိုင်ကျော်ကျော် အဝေးမှာရှိတဲ့အတွက် အစောင့်ခရယ်၊ ပြုပြင်ခရယ်၊ နောက်စက်ပြုပြင်ခ စသည်များဖြင့် တစ်နှစ်တစ်နှစ်ကို သိန်းသုံးဆယ် ကုန်ကျတာ ဖြစ်ပါတယ်။ အဲ့ဒါကို ကျွန်တော်တို့ သုံးနှစ်တိုင်တိုင် ကျခံပြီးဖြစ်တဲ့အတွက် ယခုအခါမှာ ပြည်သူလူထုတွေက လက်ကိုင်ဖုန်းသုံးစွဲလာတဲ့အတွက် ဒါကို စိတ်ဝင်စားမှုလည်း နည်းပါတယ်။ အဲ့ဒီအတွက်ကြောင့် တစ်နှစ်တစ်နှစ်ကို ထိန်းသိမ်းစောင့်ရှောက်ရမည့် စရိတ်က အင်မတန်မှ ဒုက္ခရောက်တဲ့ အနေအထားလေး ရောက်ရှိနေတဲ့အတွက်ကြောင့် အဲ့ဒါကို အစည်းအဝေး ခေါ်ပြီးတော့ ဒီဖုန်းငှားရမ်းအသုံးပြုတဲ့ ဖုန်းပိုင်ရှင်များကို ခေါ်ပြီးတော့ စည်းဝေးတဲ့နေရာမှာ သက်ဆိုင်ရာ ပြည်သူလူထုကနေပြီးတော့ ဒါကို ဖြစ်နိုင်လို့ရှိရင် သက်ဆိုင်ရာ အဖွဲ့အစည်းကိုပြန်လည်အပ်နှံပေးပါ ဆိုပြီးတော့ ဆန္ဒပြုတဲ့အတွက် ကြောင့် အခုလိုဒီလွှတ်တော်မှာ ကျွန်တော်တင်ပြခြင်း ဖြစ်ပါတယ်။ ထို့အတွက် ကြောင့် အဲ့ဒီရေအားလျှပ်စစ်စက်ရုံကို လက်ခံဖို့ အစီအစဉ် ရှိ/မရှိ တင်ပြခြင်း ဖြစ်ပါတယ်။ အကယ်၍များ လက်ခံမယ်ဆိုလို့ရှိရင် ဘယ်အချိန်မှာ လွှဲပြောင်း လက်ခံရရှိမည်ကို တင်ပြခြင်း ဖြစ်ပါတယ်။ အားလုံးပဲ ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး။** အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး အောင်မြင်မှု အပေါင်း သရဖူဆောင်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ မေတ္တာပို့သ အပ်ပါတယ်။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း၏ မိုင်းပျဉ်းမြို့နယ်တွင်ရှိသော ရေအားလျှပ်စစ်စက်ရုံအား ပြန်လည် လွှဲပြောင်းလက်ခံရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။ အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် လွှဲပြောင်းလက်ခံမည်ဖြစ်ကြောင်း သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်နဲ့ စက်မှုလက်မှု ဝန်ကြီး ဦးစိုင်းထွန်းရင်မှ ဖြေကြား ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းပျဉ်းမြို့သည် ကျိုင်းတုံ-တောင်ကြီး ပြည်ထောင်စု ကားလမ်းမပေါ်တွင် တည်ရှိပြီး ရပ်ကွက်(၃) ရပ်ကွက်၊ မီးအသုံးပြုသူ(၄၆၃)ဦးအား နေ့စဉ် ည(၆)နာရီမှ (၉)နာရီထိ (၃၀၀) ကေဗွီအေကိုလာ ဓါတ်အားပေးစက်ဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဓါတ်အားဖြန့်ဖြူးပေးလျက် ရှိပါတယ်။ မိုင်းပျဉ်းမြို့တွင်ရှိသော (၂၀)ကီလိုဝပ် ရေအားစက်ရုံမှာ မိုင်းပျဉ်းမြို့ အော်တိုတယ်လီဖုန်းရုံးအတွက် ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ဆောက်ထားသော စက်ရုံဖြစ်ပြီး၊ စက်အင်အားသေးငယ်ပါသဖြင့် အော်တိုတယ်လီဖုန်းရုံးအတွက် လျှပ်စစ်ဓါတ်အားပေးနိုင်ပြီး၊ မိုင်းပျဉ်းမြို့

မီးသုံးသူ (၄၆၃)ဦးအား လျှပ်စစ်ဓါတ်အားဖြန့်ဖြူးပေးနိုင်မည် မဟုတ်ပါ။ ဆက်သွယ်ရေးလုပ်ငန်းအတွက်သာ အသုံးပြုသော စက်ရုံဖြစ်သဖြင့် ဆက်သွယ်ရေးလုပ်ငန်းသို့ လွှဲပြောင်းပေးပါက ပိုမိုသင့်လျော်မည် ဖြစ်ပါသည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ယနေ့အချိန်တွင် လျှပ်စစ်ဓါတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများအား ပုဂ္ဂလိက ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်ပြုရန် စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ မိုင်းပျင်းမြို့တွင်ရှိသော (၂၀)ကီလိုဝပ် အသေးစား ရေအား စက်ရုံအား ဝန်ကြီးဌာနနေဖြင့် လွှဲပြောင်းလက်ခံရယူရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မြို့ပြစနစ် စည်ပင်သာယာရေး စီမံကိန်းအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

ဥက္ကဋ္ဌ။ ဆက်လက်ပြီးတော့မှ အစီအစဉ်(၆)ဖြစ်ပါတယ်။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရမှ မြို့ပြစနစ် စည်ပင်သာယာရေး စီမံကိန်းအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းတင်ပြပေးရန် ဖိတ်ခေါ် ပါတယ်။

ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။ အားလုံး မင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ ဒီနေ့လွှတ်တော်ကို ရှင်းလင်းတင်ပြသွား မှာကတော့ ရှမ်းပြည်နယ် မြို့ပြစနစ် စည်ပင်သာယာရေး စီမံကိန်း လုပ်ငန်းများ၊ လက်ရှိလုပ်ဆောင်နေတဲ့ ဆက်လက်ပြီး လုပ်ဆောင်သွားမယ့် စီမံကိန်းလုပ်ငန်းများအကြောင်းကို အချိန်ကို ငဲ့ကွက်သောအားဖြင့် အကျဉ်းချုပ် ကျွန်တော် ရှင်းလင်းတင်ပြ သွားပါမယ်။ ရှမ်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့ မြို့ပြစနစ်စီမံကိန်းလုပ်ငန်းတွေ အနေနဲ့ လက်ရှိ ဆောင်ရွက်နေတဲ့ လုပ်ငန်းများ ဖြစ်ပါတယ်။ အမှန်ဆို ကျွန်တော်တို့ လားရှိုးမြို့မှာ မန်ဆူဈေး အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းတွေ ဒါကလည်း တာမိုးညဲ ပြည်သူ့စစ် ကြီးကြပ်မှုကော်မတီနဲ့ ကျွန်တော်တို့ ပေါင်းစပ်ပြီးတော့ စာချုပ်ချုပ်ဆောင်ရွက်နေပါတယ်။ နောက်တစ်ခါ လားရှိုးမြို့မှာဘဲ နားမခေါ် အဝေးပြေး ယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်း လုပ်ငန်းကို ရှိုင်းနင်းမြန်မာကုမ္ပဏီလီမိတက်နဲ့ဒါ ဆက်လက်လုပ်ငန်း ဆောင်ရွက်နေပါတယ်။ နောက်မူဆယ်မြို့ မြို့ပတ်လမ်း ကွန်ကရစ်လမ်း အဆင့်မြင့်တင်ခြင်းလုပ်ငန်းကိုလည်း ကျွန်တော်တို့ သိန်းသန်းချီ ဆောက်လုပ်ရေး ကုမ္ပဏီနဲ့ ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ လုပ်ငန်း ဖြစ်ပါတယ်။ တာချီလိတ်မြို့ အာရှကားကြီးကွင်းက ခေတ်မီကားကြီးကွင်း တည်ဆောက်ခြင်းလုပ်ငန်းကိုလည်း မင်းခေတ်သစ် သတ္တုတူးဖော်ရေး ကုမ္ပဏီနဲ့ လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းဖြစ်ပါတယ်။ တောင်ကြီးမြို့ မြို့မဈေး အပေါ်ဆုံးထပ်မှာ စူပါမားကတ် ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက် နေပါတယ်။ ဒါကလည်း ပေါင်းစည်းမြန်မာ အစုအဖွဲ့ ကမ္ဘာကုမ္ပဏီနဲ့ ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ နောက်တစ်ခါ တာချီလိတ်မြို့ ရွှေမြေသာယာ ပုဂ္ဂလိကဈေး တည်ဆောက်ခြင်း လုပ်ငန်းကိုလည်း ဒေါ်နန်းကျင်မွေးနဲ့ ဒေါ်ယဉ်မိုးခိုင်တို့ သူတို့ ကုမ္ပဏီနဲ့ ဆောင်ရွက်နေတဲ့ လုပ်ငန်းများ ဖြစ်ပါတယ်။ နောက်ပြီးတော့ ရှမ်းပြည်နယ် မြို့ပြစနစ် စည်ပင်သာယာရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်မဲ့ လုပ်ငန်းတွေ

အစီအစဉ် ဖြစ်ပါတယ်။ ဆက်လက် ဆောင်ရွက်မဲ့လုပ်ငန်းတွေ ကတော့ တာချီလိတ်မြို့မှာ ဟိန်းလင်းစံ ပုဂ္ဂလိက ရေပေးရေးလုပ်ငန်း၊ ဟိန်းလင်းစံ ကုမ္ပဏီနဲ့ ဆက်လက်ဆောင်ရွက် လုပ်ဆောင်သွားမဲ့ စီမံကိန်းလုပ်ငန်း ဖြစ်ပါတယ်။ နောက်မူဆယ်မြို့ အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်း လုပ်ငန်း ဒါလည်း သိန်းသန်းချီဆောက်လုပ်ရေးကုမ္ပဏီနဲ့ ဆက်လက် ဆောင်ရွက်သွားမဲ့ စီမံကိန်းလုပ်ငန်းများ ဖြစ်ပါတယ်။ နောက် တောင်ကြီးမြို့ ကုန်ခြောက်၊ သားငါးဈေးအဆင့်မြှင့်တင်ခြင်း လုပ်ငန်းကိုလည်း ကျွန်တော်တို့ အောင်ဇမ္ဗူသီဟကုမ္ပဏီနဲ့ ရွှေခေတ်အောင်ကုမ္ပဏီတို့ နှစ်ခုနဲ့ ကျွန်တော်တို့ လုပ်ဆောင်သွားဖို့ရှိပြီးတော့ ဒီကုမ္ပဏီနှစ်ခုနဲ့ ကုမ္ပဏီတစ်ခုကို ပေးဖို့အတွက် နောက်ကြောင်းရာဇဝင် ပြန်လိုက်ပြီးတော့ လုပ်ငန်း စီစစ်ဆောင်ရွက်နေပါတယ်။ ဒါဆောင်ရွက်မယ့် လုပ်ငန်းများ ဖြစ်ပါတယ်။ နောက်တစ်ခါ တောင်ကြီးမြို့ စဝ်စံထွန်းဈေး တည်ဆောက်ခြင်းလုပ်ငန်း ကိုလည်း တင်ဒါခေါ် ယူဆောင်ရွက်ဆဲ ဖြစ်ပါတယ်။ နောင် တာချီလိတ်မြို့ မြို့မဈေးအဆင့်မြှင့်တင် လုပ်ငန်းကိုလည်း တင်ဒါရွေးချယ် ဆောင်ရွက် နေပါတယ်။ နောက်ဒီမှာ ဇယားမှာမပါတာ နောက်တစ်ခုကတော့ ဆက်လက် ဆောင်ရွက်ရမယ့် လုပ်ငန်းတွေကတော့ တောင်ကြီးမှာ အဆင့်မြင့်ဟိုတယ် ကွန်ဒိုဖန်းရှင်း စည်ပင်သာယာနဲ့ ပေါင်းစပ်ပြီးတော့ ဟိုတယ်ကွန်ဒိုဖန်းရှင်း တစ်ခုဆောက်ဖို့ လျာထားပါတယ်။ ဒါတွေကတော့ လက်ရှိဆောင်ရွက် နေတဲ့စီမံကိန်းလုပ်ငန်း(၆)ခုနဲ့ ဆက်လက်ပြီး ဆောင်ရွက်မယ့် စီမံကိန်းလုပ်ငန်း(၆)ခုကို ကျွန်တော် အသေးစိတ် ရှင်းလင်းခြင်း ဖြစ်ပါတယ်။ ကုမ္ပဏီတစ်ခုချင်းရဲ့ ဆောင်ရွက်မယ့် တည်ဆောက်ရေး လုပ်ငန်းတွေကတော့ အချိန်ကို လေးစားတဲ့အားဖြင့်၊ အချိန်ကိုငဲ့ကွက်တဲ့အားဖြင့် အသေးစိတ် မရှင်းလင်းတော့ပါဘူး။ အခြေအနေအရ သိရှိလိုတဲ့ အချက်တွေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကျွန်တော့်ရုံးခန်းကိုလာပြီးတော့ လာရောက်ပြီး ဆွေးနွေးလိုရင်လည်း ရပါတယ်။ အားလုံးကို ကျွန်တော်ကြိုဆိုပါတယ်။ မှတ်တမ်းဓါတ်ပုံများကို ကျွန်တော်တို့ Power Point ဖြင့် တင်ပြသွားမှာ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ရှိပါတယ်။

ကန့်သတ်

၁၅၉

**ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသော စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးအား ခန့်အပ်နိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်က အဆိုပြု ပေးပို့ထားသည့် ပြည်နယ်ဝန်ကြီး၏ အမည်စာရင်းကို ဥက္ကဋ္ဌ မှ ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ။** အစီအစဉ်(၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသော စီမံကိန်းနှင့် စီးပွားရေးနေရာ၌ မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေးမှ လက်ထောက်အထွေထွေမန်နေဂျာ၊ ဦးအောင်မောင်းအား တာဝန်ပေးအပ်ရန် နိုင်ငံတော်သမ္မတက ခွင့်ပြုပါသော်လည်း ရှမ်းပြည်နယ်လွှတ်တော်၏ သဘောတူညီချက် မရရှိခဲ့ပါသဖြင့် နိုင်ငံတော်သမ္မတရုံး၏ (၁၃-၅-၂၀၁၁) ရက်စွဲပါစာအမှတ်၊ ၄၃၂/၁/ဂ သမ္မတရုံးစာအရ အသစ်တစ်ဦးထပ်မံ တာဝန်ပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ အကြောင်းကြားလာပါတယ်။ သို့ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသည့် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး နေရာ၌ တာဝန်ပေးအပ်ရန် ပြည်နယ်ဝန်ကြီးချုပ်က ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့် ၏ အမည်စာရင်းကို လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဖွဲ့စည်းပုံအခြေခံပုဒ်မ (၂၆၄)၊ ပုဒ်မခွဲ(ဂ)အရ ဦးအောင်ကျော်ညွန့်အား အတည်ပြု တာဝန်ပေးအပ်ရန် လွှတ်တော်ရဲ့ ဆန္ဒကိုရယူပါ့မယ်။ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့် အား ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ရန် လွှတ်တော်ကိုယ်စားလှယ်များမှ -

"သဘောတူပါသလား ခင်ဗျား။"

**[ ၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

သဘောမတူသည့် ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။ ( မရှိပါ )

ဥက္ကဋ္ဌ။ သဘောမတူသည့် ကိုယ်စားလှယ် မရှိသည့်အတွက် ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်အား ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးအဖြစ် တာဝန်ပေးအပ်ရန် အတည်ပြုဖြစ်ကြောင်းကြေငြာပါတယ်။

[ သြဘာသံများ ]

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲရေး ဥပဒေ(မူကြမ်း)အား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေမူကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** အားလုံးပဲ မင်္ဂလာပါ ခင်ဗျား- လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ္တသုခ၊ ကာယသုခနှစ်ဖြာနဲ့ ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးစိုင်းနော်ခမ်း(ခ)တင်ထွန်းအောင် ဖြစ်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၁၈၈)အား ရည်ညွှန်း၍ ဥပဒေပြုခြင်းဆိုင်ရာ ဇယား-၂ အပိုဒ်၆၊ အပိုဒ်၇၊ အပိုဒ်ခွဲ (ဂ)အရ ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေကြမ်းကို သတ်မှတ်ထားသော နည်းလမ်းများနှင့် အညီ ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းပါသည်။ လွှတ်တော်ရဲ့ တန်ဖိုးရှိတဲ့ အချိန်ကို ငဲ့ညှာသောအားဖြင့် ကြိုတင်ဥပဒေ စာအုပ်များကို ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် လေ့လာပြီး လုပ်ထုံးလုပ်နည်း ဥပဒေများနဲ့အညီ ဆွေးနွေးခြင်း၊ ဥပဒေကြမ်းကော်မတီသို့ တင်သွင်းခြင်း လုပ်ငန်းများ ကို လွှတ်တော်ကိုယ်စားလှယ်များက ဆောင်ရွက်နိုင်ရန် ဖြန့်ဝေပေးထားတာဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ [ သြဘာသံများ ]

ဥက္ကဋ္ဌ။ ကိုယ်စားလှယ်များ ခင်ဗျား။ ယခု နေ့လည်စာ သုံးဆောင်ရန် အတွက် အစည်းအဝေးကို (၁)နာရီခွဲခန့် ရပ်နားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွါပါပြီ။ နေ့လည်ပိုင်း အစည်းအဝေး အချိန်ကို နေ့ခင်း(၁)နာရီအချိန်မှာ စတင်မှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွါနိုင်ပါပြီ ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ဒုတိယနေ့)နေ့ခင်းပိုင်းအစီအစဉ်

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး (ဒုတိယနေ့)နေ့ခင်း အစီအစဉ်များကို ကျင်းပပြုလုပ်တော့မှာ ဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူ ပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့ အစီအစဉ်(၉)ကို ခေတ္တထားပြီးတော့မှ အခုအစီအစဉ်(၁၀)ကို ဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ အစီအစဉ်(၁၁)ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ "မြန်မာနှင့်တရုတ်သဘာဝဓာတ်ငွေ့ သွယ်တန်းရာတွင် ရှမ်းပြည်နယ်အတွင်း ဖြတ်သန်းသွားသော Gas ပိုက်လိုင်းအတွက် Gas ရောင်းရငွေ၏ အမြတ် ၅ % ကို ရှမ်းပြည်နယ်ဘဏ္ဍာသို့ နှစ်စဉ်ပေးပါရန်နှင့် Gas မှ ဖြစ်ပေါ်လာမည့် အကျိုးအမြတ်များအတွက် နိုင်ငံတော်မှ မည်သို့ ဆောင်ရွက်ထားသင့်သည်ကို ရှမ်းပြည်နယ်အစိုးရမှ တိကျစွာ တောင်းဆို ပေးပါရန် " အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးဖို့ဖြစ်ပါတယ်။ ဒေါ်နန်းခမ်းအေး နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ မြန်မာနှင့် တရုတ်သဘာဝဓါတ်ငွေ့ သွယ်တန်းရာတွင် ရှမ်းပြည်နယ်အတွင်း ဖြတ်သန်းသွားသော Gas ပိုက်လိုင်းများအတွက် Gas ရောင်းရငွေ၏ အမြတ်၅%ကို ရှမ်းပြည်နယ် ဘဏ္ဍာသို့ နှစ်စဉ် ပေးပါရန်နှင့် Gas မှ ဖြစ်ပေါ်လာသည့် အကျိုးအမြတ်များ အတွက် နိုင်ငံတော်မှ မည်သို့ဆောင်ရွက် ထားသည်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တိကျစွာတောင်းဆိုပေးရန်ဆိုတဲ့ အဆိုနဲ့ စပ်လျဉ်းပြီးတော့မှ လွှတ်တော် ကိုယ်စားလှယ် တစ်ဦးက ဆွေးနွေးဖို့ အမည်စာရင်း ပေးထားပါတယ်။

အဆိုကို ဆွေးနွေးဖို့ရာအတွက် နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ထွက်းကို ဖိတ်ခေါ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တစ်ကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းဆိုတဲ့ ကာယစိတ္တနှစ်ဖြာသော သုခနဲ့ တစ်လုံးတစ်ဝတည်း ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ 'ပလောင်'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်း ဖြစ်ပါတယ်။ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး၏" မြန်မာနှင့် တရုတ် သဘာဝဓါတ်ငွေ့နှင့် ရေနံသွယ်တန်းရာတွင် ရှမ်းပြည်နယ်အတွင်း ဖြတ်သန်းသွားသော Gas ပိုက်လိုင်းအတွက် Gas ရောင်းရငွေ၏ အမြတ် ၅%ကို ရှမ်းပြည်နယ်အစိုးရ၏ ဘဏ္ဍာသို့ နှစ်စဉ်ပေးပါရန်နှင့် Gas မှ ဖြစ်ပေါ်လာသည့် ဆိုးကျိုးများအတွက် နိုင်ငံတော်မှ မည်ကဲ့သို့ ဆောင်ရွက်ထားသင့်သည်ကို ရှမ်းပြည်နယ်အစိုးရမှ တိကျစွာ တောင်းဆို ပေးပါရန်" အဆိုနှင့် ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ လုပ်ဖော်ကိုင်ဖက် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ကမ်းရိုးတန်း ကျောက်ဖြူမြို့နယ် မှ ထွက်ရှိတဲ့ ရေနံနှင့် သဘာဝဓါတ်ငွေ့များကို နိုင်ငံတော်အစိုးရမှ တရုတ်ရေနံ ကုမ္ပဏီကို နှစ်စဉ်ရေနံဓါတ်ငွေ့ ၁၂ ဘီလီယံကုဗပေခန့် ပိုက်လိုင်း(၅)လိုင်းဖြင့် သွယ်တန်းရောင်းချရန် ရည်ရွယ်ထားကြောင်း သိရှိရပါတယ်၊ လက်ရှိမှာလည်း ၄င်း ပိုက်လိုင်းများကို နေ့မအား၊ ညမနား စက်ယန္တရားကြီးများဖြင့် တောတွေဖေါက်၊ တောင်တွေ ထွင်းပြီး လုပ်ကိုင်နေတာကို တွေ့ရပါတယ်။ ဖြတ်သန်းသွားတဲ့ လယ်တွေ၊ ယာတွေ၊ စိုက်ခင်းတွေအတွက် ၅နှစ်စာ လျော်ကြေးပေးထားကြောင်းလည်း သိရပါတယ်။ ဒီပိုက်လိုင်းလုပ်ငန်း အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့တွေကိုလည်း မည်သည့်ခံစားခွင့်မျိုး မပေးဘဲ

တောတောင်တွေမှာ ဆင်းဆင်းရဲရဲနဲ့ လုံခြုံရေးပေးနေတာကိုလည်း တွေ့ရပါတယ်။ ကျွန်တော်တို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် သီးခြားပေးထားတဲ့ လုံခြုံရေး ရဲတွေတောင် မနားရဘဲနဲ့ အလှည့်ကျ လုံခြုံရေး ပေးနေရပါတယ်။ ရေနံပိုက်လိုင်း ဖြတ်သန်းသွားတဲ့ မြို့နယ်များ ဖြစ်တဲ့ နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ နမ္မတူ၊ မန်တုံ၊ နမ့်ခမ်း အရှည်အားဖြင့် ၂၇၀ ကီလိုမီတာခန့်ခရီးအတွက် မြို့နယ်များရဲ့ လမ်းတွေလည်း ယန္တရားကြီးများကြောင့် ဒီနှစ်ပိုင်းမှာ တော်တော်လေးကို ပျက်စီးနေတာ တွေ့ရပါတယ်။ ပြီးတော့ အဲ့ဒီသဘာဝ ဓါတ်ငွေ့တွေကို ကျွန်တော်တို့ ပြည်တွင်းမှာ ဈေးကြီးပေးပြီး ဝယ်သုံးနေရပါတယ်။ Gas မီးဖိုတစ်လုံးအတွက် Gas တစ်အိုးလျှင် ငွေကျပ် ၂၅၀၀၀/-ခန့် ဝယ်သုံး နေရတဲ့ အခြေအနေမှာ ရှိပါတယ်။ ခွဲတမ်းစာအုပ်ရတဲ့ ပုဂ္ဂိုလ်ကြီးများ အတွက်တော့ တစ်အိုးလျှင် ငွေကျပ် ၈၀၀၀/-သာ ပေးနေရကြောင်း သိရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ရှမ်းပြည်နယ်ရှိ ပြည်သူများသည် ၄င်းသဘာဝဓါတ်ငွေ့ပိုက်လိုင်း ချောမောစွာပြီးမြောက်ရေးအတွက် အစစအရာရာ အနစ်နာခံ ပေးဆပ်နေရတဲ့ အလျောက် ရှမ်းပြည်နယ်အစိုးရ အတွက် Gas ရောင်းရငွေ ၅%ကို တိုက်ရိုက်တန်းစွာ ရရှိသင့်ပါကြောင်းနှင့် အကယ်၍ Gas ပိုက်လိုင်းကြောင့် ဖြစ်ပေါ်လာမည့် အသက်အိုးအိမ် စည်းစိမ်ပျက်စီးဆုံးရှုံးမှုများအတွက် နိုင်ငံတော်မှ မည်ကဲ့သို့ ဆောင်ရွက် ထားရှိသင့်သည်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တိကျစွာတောင်းဆို ပေးနိုင်ပါရန် ဆိုသည့် နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေး၏ အဆိုကို လေးလေး၊ နက်နက်ထောက်ခံပါကြောင်း အဆို တင်သွင်း အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ [ ဩဘာသံများ ]

ဥက္ကဋ္ဌ။ အဆိုနှင့် စပ်လျဉ်းပြီး ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှုလက်မှု ဝန်ကြီး။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ပါကြောင်းနဲ့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း မေတ္တာပို့သ အပ်ပါတယ်။ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နန်းခမ်းအေး၏ "မြန်မာနှင့်တရုတ် သဘာဝဓါတ်ငွေ့ သွယ်တန်းရာတွင် ရှမ်းပြည်နယ်အတွင်း ဖြတ်သန်းသွားသော Gas ပိုက်လိုင်းအတွက် Gas ရောင်းရငွေ၏ အမြတ်၅%ကို ရှမ်းပြည်နယ် ဘဏ္ဍာသို့ နှစ်စဉ်ပေးပါရန်နှင့် Gas မှဖြစ်ပေါ်လာမည့် အကျိုး၊ အပြစ်များ အတွက် နိုင်ငံတော်မှ မည်သို့ဆောင်ရွက်ထားသင့်သည်ကို ရှမ်းပြည်နယ် အစိုးရမှ တိကျစွာ တောင်းဆိုပေးပါရန်" ကိစ္စနှင့် ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ် ပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့် စက်မှုလက်မှု ဝန်ကြီး၊ ဦးစိုင်းထွန်းရင်မှ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ယေဘူယျအားဖြင့် နိုင်ငံတော်မှ ထွက်ရှိသော သယံဇာတ တစ်မျိုးမျိုး ကိုဖြစ်စေ၊ ပြည်ထောင်စုအတွင်းရှိ နယ်မြေအပိုင်းခြား တစ်ခုခုကိုဖြစ်စေ၊ ပြည်ထောင်စု၏ အကျိုးစီးပွားအတွက် အသုံးပြုပါက သက်ဆိုင်ရာ ဒေသအား သင့်တင့်မျှတသော ခိုင်ကြေး ရယ်ရိုက်တီဖီး သတ်မှတ်ပေးရန် နိုင်ငံတော်မှ စဉ်းစားထားလျက် ရှိပါတယ်။ မြန်မာ-တရုတ် ရေနံသဘာဝ ဓါတ်ငွေ့ပိုက်လိုင်း၏ မြန်မာနိုင်ငံအတွင်း ပိုက်လိုင်းဖြတ်သန်းခ Right of way အား နိုင်ငံတော်မှ ရယူထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်း ဖြတ်သန်းသွားသော မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓါတ်ငွေ့ ပိုက်လိုင်း အပိုင်းအတွက် ထိုက်သင့်သော အချိုးတစ်ရပ်အား ရှမ်းပြည်နယ် အစိုးရသို့ လွှဲပြောင်းပေးအပ်ရန် နိုင်ငံတော်မှ စဉ်းစားသုံးသပ်လျက် ရှိပါကြောင်းနှင့် အဆိုပါ ကိစ္စနှင့် ပတ်သက်၍ ဆောင်ရွက်မှု တိုးတက်မှု အခြေအနေအား အနီးစပ်ဆုံး ကျင်းပမည့် လွှတ်တော်သို့ အသိပေးတင်ပြသွားမည် ဖြစ်ပါတယ်။

သဘာဝဓါတ်ငွေ့ Gas မှာ သွယ်တန်းထားသော ပိုက်လိုင်းအတွင်းမှသာ ဖြတ်သန်းသွားခြင်း ဖြစ်၍၊ သဘာဝပတ် ဝန်းကျင်တွင် မည်သည့် အကျိုး၊ အပြစ်မျှ ဖြစ်ပေါ်ရန် မရှိပါကြောင်းနှင့် တစ်စုံတစ်ရာ သက်ရောက်မှု တစ်ခုခုကြောင့် ပိုက်လိုင်းကျိုးပေါက်ပြီး သဘာဝဓါတ်ငွေ့ယိုစိမ့်မှု ဖြစ်ပေါ်လာပါက အမြန်ဆုံးပြုပြင်နိုင်ရန် ခေတ်မှီ နည်းပညာ (Super Visory Control and Data Aquision STATA) စနစ်ဖြင့် စောင့်ကြည့်ထိန်းချုပ်ရန် စီမံဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ သို့သော် ပြည်နယ် ဥပဒေပြုစာရင်းဇယားနှစ်တွင် မပါဝင်ပဲ ပြည်ထောင်စု ဥပဒေပြု စာရင်းဇယားသစ်တွင်သာ ပါဝင် ပါသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုမှ ဤသို့ဖြေကြားပေးသည့်အတွက် ယခုအဆိုအစား မေးခွန်းသို့ ပြောင်းလဲမှတ်တမ်းတင်သင့်ပါ ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။ [ **သြဘာသံများ** ]

**ဥက္ကဋ္ဌ။** ဒေါ်နန်းခမ်းအေးအနေနဲ့ တင်ပြဖို့ရှိရင် တင်ပြ နိုင်ပါတယ်။

**ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ ရှင်။ အခုလို ဖြေကြားပေးပါသော လျှပ်စစ်နဲ့ စက်မှုလက်မှု ဝန်ကြီး ကိုလည်း အထူးပဲ ကျေးဇူးတင်ရှိ ပါတယ်။ ကျွန်မတို့နိုင်ငံတင် မဟုတ်ပါဘူး ဘယ်နိုင်ငံမဆို၊ မည်သည့် နိုင်ငံမဆို ပြီးပြည့်စုံတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ လက်ကိုင်သုံးစွဲနိုင်ခြင်း ဆိုတာ မရှိနိုင်သေးပါဘူး။ ကျွန်မတို့ ဇယား(၁)မှာလည်း ပါပြီး၊ ကျွန်မတို့ ပြည်နယ် ဇယား(၂)မှာ မပါဘူး၊ ဆိုပေမဲ့ ကျွန်မတို့ ပြည်နယ်ရဲ့ ဖွံ့ဖြိုး တိုးတက်မှုဟာ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုပါပဲ။ ကျွန်မတို့ ပြည်နယ်ရဲ့ ဆုတ်ယုတ်မှုဟာ နိုင်ငံရဲ့ ဆုတ်ယုတ်မှုပါဘဲ။ ဒါကြောင့်ဒီ ကျွန်မတို့

နိုင်ငံအတွက် Gas က ပိုင်စီးမှု ဖြစ်နိုင်တယ်၊ မဖြစ်နိုင်ဘူး ဘယ်လောက်ပဲ ကျွမ်းကျင်တဲ့ နည်းပညာတွေနဲ့ စောင့်ကြည့်ထိန်းကျောင်းထား နေပေမဲ့ ဥပမာ- ရန်ကုန်လို ဖြစ်လာခဲ့မယ် ဆိုလို့ရှိရင် ကျွန်မတို့ ဘယ်အတိုင်းအတာထိ ဖော်ဆောင်ပေးနိုင်မလဲ၊ အန္တရာယ်ကို မမြင်ခင် ကတည်းက ကျွန်မတို့က ကြိုတင်ပြင်ဆင်သင့်တယ်လို့ ကျွန်မမြင်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ ရှမ်းပြည်နယ်လူထုအတွက် တစ်ကယ်လည်း အရေးပါတယ်၊ ပြီးတော့ ကျွန်မ တင်ပြသွားတဲ့အထဲမှာ ဥပဒေပြုဖို့ဆိုတာ ကျွန်မ မပါရှိပါဘူး။ ရှမ်းပြည်နယ်အစိုးရမှ တိကျစွာ တောင်းဆိုပေးထားပါရန် ဆိုပြီးတော့ ပါရှိထားခြင်းပဲ ဖြစ်ပါတယ်။ အကယ်၍ နိုင်ငံတော်အနေနဲ့ ဥပဒေမူကြမ်း တစ်ရပ်အနေနဲ့သာ တင်ခဲ့ပါ။ အဲ့ဒီချိန်မှသာ ခွင့်ပြုနိုင်မယ် ဆိုလို့ရှိရင် ကျွန်မတို့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခန်း၁၂ ပုဒ်မ ၄၃၃နဲ့ ၄၃၄မှာ ပြဋ္ဌာန်းချက်အတိုင်း ရှမ်းပြည်နယ်လွှတ်တော် ကနေပြီးတော့ စွမ်းဆောင်သင့်ပါတယ်လို့ အကြံပြု ဆွေးနွေးချင်ပါတယ် ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဒီအဆိုနဲ့ ပတ်သက်ပြီးတော့မှ ခုနတာဝန်ရှိတဲ့ ပြည်နယ်ဝန်ကြီးကနေပြီးတော့မှ ဒီအဆိုကို မေးခွန်းအဖြစ် ပြောင်းဖို့ အတွက် ဒါဦးတည်ပြီးတော့ အကြံပြုသွားပါတယ်။ မေးခွန်းအဖြစ် ပြောင်းဖို့အတွက် ဒေါ်နန်းခမ်းအေး အနေနဲ့ ဘယ်လိုဆန္ဒရှိပါသလဲ။

**ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ခုနက ကျွန်မ ဖြေဆိုသွားပြီးတဲ့ အတိုင်းပါဘဲ။ ဒီကိစ္စဟာ အင်မတန် အရေးကြီးတဲ့ ကိစ္စဖြစ်တဲ့အတွက်ကြောင့် မေးခွန်းဆိုတာထက် ကျွန်မ ရှမ်းပြည်နယ်အတွက် တစ်ကယ်လည်း ထိရောက်နိုင်တဲ့ ပြည်ထောင်စုက အသိအမှတ်ပြုနိုင်တဲ့ ဥပဒေတစ်ရပ်ကိုဘဲ ကျွန်မချမှတ် ပေးစေချင် ပါတယ်။ ကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ ဒါဖြင့် ဒီအဆိုကို အတည်ပြုဖို့အတွက် လွှတ်တော်ရဲ့ ဆန္ဒကို ရယူသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒေါ်နန်းခမ်းအေး၊ နမ့်တူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ တင်သွင်းသည့် အဆိုနဲ့ စပ်လျဉ်းပြီး ဒီအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူမတူ၊ လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါ့မယ်။ အဆိုကို အတည်ပြုရန် -

"သဘောတူပါသလား ခင်ဗျား။"

**[ ၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

ဥက္ကဋ္ဌ။ သဘောမတူတဲ့ ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ဒေါ်နန်းခမ်းအေး နမ့်တူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ တင်သွင်းတဲ့ "မြန်မာနှင့် တရုတ် သဘာဝဓါတ်ငွေ့ သွယ်တန်းရာတွင် ရှမ်းပြည်နယ်အတွင်း ဖြတ်သန်းသော Gas ပိုက်လိုင်းအတွက် Gas ရောင်းရငွေ၏ အမြတ် ၅%ကို ရှမ်းပြည်နယ်ဘဏ္ဍာသို့ နှစ်စဉ်ပေးပါရန်နှင့် Gasမှ ဖြစ်ပေါ်လာသည့် အကျိုးအပြစ်များအတွက် နိုင်ငံတော်က မည်သို့ဆောင်ရွက်ထားသင့် သည်ဆိုသည့်အဆိုကို ရှမ်းပြည်နယ်အစိုးရမှ တိကျစွာတောင်းဆို ပေးရန်" ဆိုတဲ့အဆိုနဲ့ ပတ်သက်ပြီး အဆိုကို အတည်ပြုကြောင်း ကြေငြာပါတယ်။ [ **သြဘာသံများ** ]

ဦးစိုင်းလှဝင်း၊ မိုင်းပြင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ "

**ရှမ်းပြည်နယ်အတွင်း ဆင်းရဲမှု လျော့ချပြီး၊ လူနေမှု အဆင့်အတန်း မြင့်မားလာရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးနိုင်မည့် နည်းလမ်းများ၊ ရှာဖွေဖော်ထုတ်လုပ်ကိုင်ပေးနိုင်ရန် လိုဦးမည်ဟု ယုံကြည်ယူဆမိသည်နှင့်အညီ သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းမှ အခြေခံဥပဒေပုဒ်မ (၁၈၈)အရ ဇယား(၂) ပါ ပြဋ္ဌာန်းထားသည့် ကဏ္ဍကြီး(၈)ရပ်မှ ပြည်သူ့အကျိုးပြုလုပ်ငန်း ဖော်ဆောင်ပေးမည့် ဥပဒေကြမ်းများ ရေးဆွဲ၍ ပြည်နယ်လွှတ်တော်သို့ တင်သွင်းသွားသင့်ကြောင်း "** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းလှဝင်း၊ မိုင်းပျင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ ရှမ်းပြည်နယ်အတွင်း ဆင်းရဲမှုလျော့ချပြီး၊ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် တစ်ဘက်တစ်လမ်းမှ အထောက်အကူပြုပေးနိုင်မည့် နည်းလမ်းများ ရှာဖွေ ဖော်ထုတ်၊ လုပ်ကိုင်ပေးနိုင်ရန် လိုဦးမည်ဟု ယူဆမိသည်နှင့် အညီ၊ သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းမှ အခြေခံဥပဒေ ပုဒ်မ ၁၈၈အရ၊ ဇယား(၂)ပါ ပြဋ္ဌာန်းထားသည့် ကဏ္ဍကြီး(၈)ရပ်မှ ပြည်သူ့အကျိုးပြုလုပ်ငန်း ဖော်ဆောင်ပေးနိုင်မည့် ဥပဒေကြမ်းများ ရေးဆွဲ၍၊ ပြည်နယ်လွှတ်တော်သို့ တင်သွင်းသွားရန် သင့်ကြောင်း အဆိုနှင့် စပ်လျဉ်းပြီး၊ ဆွေးနွေးဖို့အတွက် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက အမည်စာရင်း ပေးထားပါတယ်။ ဆွေးနွေးဖို့ ဖိတ်ခေါ် ပါတယ်။

၁၇၀

ဦးညွန့်ဝင်း၊ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တစ်ကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးညွန့်ဝင်း ဖြစ်ပါတယ်။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းရဲ့ ရှမ်းပြည်နယ်အတွင်း ဆင်းရဲမှု လျော့ချပြီး၊ လူနေမှု အဆင့်အတန်း မြင့်မားလာရေးအတွက် တစ်ဘက်တစ်လမ်းမှ အထောက်အကူ ပြုနိုင်မည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်နိုင်ရန် လုပ်ကိုင်ပေးနိုင်ရန် လိုဦးမည်ဟု ယုံကြည်ယူဆသည်နှင့် အညီ၊ သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းမှ အခြေခံဥပဒေ ပုဒ်မ(၁၈၈)အရ ဇယား(၂)ပါ ပြဋ္ဌာန်းထားသည့် ကဏ္ဍကြီး(၈)ရပ်မှ ပြည်သူ့အကျိုးပြု လုပ်ငန်း ဖော်ဆောင်ပေးနိုင်မဲ့ ဥပဒေကြမ်းများ ရေးဆွဲ၍၊ ပြည်နယ်လွှတ်တော်သို့ တင်သွင်းသွားသင့်ကြောင်း အဆိုကို ကျွန်တော်အနေနဲ့ ထောက်ခံတင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၁၈၈)အရ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်သည် ဇယား(၂)တွင် ဖော်ပြထားသော တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ် ဥပဒေပြု စာရင်းပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်တစ်ဝန်းလုံးအတွက် သော်လည်းကောင်း၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် တစ်စိတ်တစ်ဒေသအတွက် သော်လည်းကောင်း၊ အာဏာသက်ရောက်စေရန် ဥပဒေခွင့်ပြု ရှိသည်နှင့် အညီ ပြဋ္ဌာန်းထားပါသည်။ အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၁၈၈)ကို ရည်ညွှန်းထားသည့် ကဏ္ဍကြီး(၈)ခုမှာ (၁) ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ၊ (၂) စီးပွားရေး ကဏ္ဍ၊ (၃) စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ (၄) စွမ်းအင်၊ လျှပ်စစ်၊ သစ်တောနှင့် သတ္တုကဏ္ဍ၊ (၅) စက်မှု၊ လက်မှုကဏ္ဍ (၆) ပို့ဆောင်ရေး ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ၊ (၇) လူမှုရေး ကဏ္ဍနဲ့ (၈) စီမံခန့်ခွဲရေးကဏ္ဍဟူ၍ ဖော်ပြထားပါတယ်။

## ကန့်သတ်

၁၇၁

လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ် တစ်ဝန်းလုံးတွင် မှီတင်းနေထိုင်ကြတဲ့ လူဦးရေပေါင်း (၅.၅)သန်း ရှိသည့်အနက်၊ ၇၀%ဟာ ကျေးလက်နေတောင်သူ လယ်သမားများသာ ဖြစ်ကြပါတယ်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံပြီး အသက်မွေး ဝမ်းကျောင်းပြုကာ မိသားစုများနှင့် အတူ အေးချမ်းစွာ နေထိုင်လာခဲ့ကြသည်ကို တွေ့ရှိနေရပါသည်။ အဆိုပါ လုပ်ငန်းများကို မိရိုးဖလာနည်းစနစ်ဖြင့် လုပ်ကိုင်စားသောက်ကြသဖြင့် ကြီးပွားတိုးတက်မှု မရှိသလောက်၊ လျော့လာတွေ့ရှိ နေရပါတယ်။

သို့ဖြစ်ပါ၍ ကဏ္ဍကြီး(၈)ခု ရှိသည့်အနက်မှ စိုက်ပျိုးရေးနှင့် မွေးမြူရေး ကဏ္ဍကြီးတွင် ပါဝင်တဲ့ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများကို လည်းကောင်း၊ အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေး လုပ်ငန်းများကို လည်းကောင်း၊ ဓါတ်မြေဩဇာနှင့် စနစ်တကျသုံးစွဲရေး နှင့် သဘာဝမြေဩဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး လုပ်ငန်းများကို သော်လည်းကောင်း၊ စိုက်ပျိုးရေးချေးငွေနှင့် စုငွေလုပ်ငန်းများကို လည်းကောင်း၊ တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသော ဆည်မြောင်း၊ တာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေးရေ ရရှိရေးလုပ်ငန်းများကို သော်လည်းကောင်း၊ ရေချိုငါးလုပ်ငန်းများကို လည်းကောင်း၊ ပြည်ထောင်စုက ပြဋ္ဌာန်းထားသည့် ဥပဒေနှင့် အညီ မွေးမြူရေးနှင့် စနစ်တကျ ထိန်းသိမ်းရေးလုပ်ငန်းများကို လည်းကောင်းစတဲ့ လုပ်ငန်းများကို ခေတ်မှီနည်းစနစ်ဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဖော်ဆောင်ပေး နိုင်မယ့် ဥပဒေကြမ်းများ ရေးဆွဲ၍ ပြည်နယ်လွှတ်တော်သို့ တင်သွင်း သွားသင့်ကြောင်း၊ ယင်းအဆိုကို ထောက်ခံဆွေးနွေးရင်းနဲ့ နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။[ ဩဘာသံများ ]

**ဥက္ကဋ္ဌ။** ဦးစိုင်းလှဝင်း၏ အဆိုနှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်မှ ပြန်လည်ဆွေးနွေး ပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။

## ကန့်သတ်

**ဦးမောင်မောင်၊ ပြည်နယ်ဥပဒေချုပ်။** လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တစ်ကွ၊ ယနေ့ လွှတ်တော်အစည်းအဝေးကို တက်ရောက်လာတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော် ဦးမောင်မောင်က ရှမ်းပြည်နယ်ဥပဒေချုပ် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော် ရှင်းလင်းတင်ပြရမဲ့ ကိစ္စကတော့ ဦးစိုင်းလှဝင်း တင်ပြတဲ့ အဆိုပြုချက်နဲ့ ပတ်သက်ပြီးတော့ ဦးစိုင်းလှဝင်းက ရှမ်းပြည်နယ်အတွင်း ဆင်းရဲမှုလျှော့ချပြီး၊ လူနေမှုအဆင့်အတန်းမြင့်မားလာရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးမည့်နည်းလမ်းများ ရှာဖွေ၊ ထုတ်လုပ်၊ လုပ်ကိုင်ပေးနိုင်ရန် လိုအပ်မည်ဟု ယူဆမိသည်နှင့်အညီ သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းမှ အခြေခံ ဥပဒေပုဒ်မ (၁၈၈)၊ ဇယား(၂)အရ ပြဋ္ဌာန်းထားသည့် ကဏ္ဍကြီး(၈)ရပ်မှ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ဖော်ဆောင် ပေးမည့် ဥပဒေကြမ်းများ ရေးဆွဲ၍၊ ပြည်နယ်လွှတ်တော်သို့ တင်သွင်းသွားသင့်ကြောင်း အဆို ဖြစ်ပါတယ်။ ဦးစိုင်းလှဝင်း တင်ပြထားတဲ့ ဥပဒေပုဒ်မ (၁၈၈)ကို ရှေးဦးစွာ ကျွန်တော် ရှင်းလင်းလိုပါတယ်။ ပုဒ်မ(၁၈၈)မှာ အင်္ဂါရပ်(၃)ခုရှိပါတယ်။ ဒါက ဘာလဲဆိုလို့ရှိရင် ပြည်နယ်လွှတ်တော်ကနေပြီးတော့ ဥပဒေများ ပြဋ္ဌာန်းရပါတယ်။ ဒီလိုဥပဒေများ ပြဋ္ဌာန်းတဲ့အခါမှာ ဇယား(၂)မှာ ပါတဲ့ကဏ္ဍ(၈)ရပ် ဥပဒေ(၄၅)မျိုးကနေပြီးတော့ ပြဋ္ဌာန်းခွင့် ရှိပါတယ်၊ တတိယ အချက်အနေနဲ့ ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေဟာ ပြည်နယ် တစ်ဝန်းလုံးမှာ ဖြစ်စေ၊ ပြည်နယ်၏ အစိတ်အပိုင်း တစ်ခုမှာဖြစ်စေ အာဏာတည်စေရန် ပြဋ္ဌာန်းလို့ရတာ တစ်ကြောင်း၊ ပုဒ်မ(၁၈၈)က ပြဋ္ဌာန်းထားပါတယ်။ အခုမနေ့က ပြည်နယ်စည်ပင်ဝန်ကြီး တင်ပြထားတဲ့ စည်ပင်သာယာရေး ဥပဒေမူကြမ်းမှာ ကျွန်တော်တို့ ပုဒ်မ(၁)မှာ ဖော်ပြထားပါတယ်။ အဲ့ဒါဟာ ဘာလဲဆိုလို့ရှိရင် ရှမ်းပြည်နယ်၊ စည်ပင်သာယာရေး အဖွဲ့များ ဥပဒေဟာ ပုဒ်မ(၅၆)အရ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ(၅၆)အရ သတ်မှတ်ထားတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေ၊ တိုင်းတွေမှာ ရှမ်းပြည်နယ်အတွင်း မှာရှိတဲ့ ဒေသ(၄)ခုနဲ့ တိုင်း(၁)ခုလျှင်သာ

အာဏာသက်ရောက်စေခြင်း မရှိစေရဆိုပြီးတော့ ကျွန်တော်တို့ ထည့်သွင်း ရေးဆွဲထားပါတယ်။ ဤသဘောဟာ ပုဒ်မ(၁၈၈)ကို ကျွန်တော်တို့ မှီငြမ်းပြုပြီးတော့ ရေးထားတာ ဖြစ်ပါတယ်။ နောက်တစ်ခါ အထက် အဖွဲ့အစည်းတွေကလည်းပဲ ဒီကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တိုင်းတွေကို သီးခြား စည်ပင်သာယာရေးအဖွဲ့များ ဥပဒေနဲ့ရေးဆွဲရန် ညွှန်ကြားတဲ့ အတွက်ကြောင့် ဒီလိုကျွန်တော်တို့ ကန့်သတ်ပြီးတော့ ရေးဆွဲခြင်း ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဦးစိုင်းလှဝင်း တင်ပြတဲ့ အချက်အနက်မှ တစ်ချက်အနေနဲ့ ကျွန်တော်ရှင်းလိုတဲ့ဟာကတော့ ဒီတိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်အဆင့် အဖွဲ့အစည်းများ ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ ဒီတိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ(၂)(ဇ)မှာ ဖော်ပြထားပါတယ်။ ဒီပြည်နယ်အဆင့် အဖွဲ့အစည်း ဟာ(၄)ခု ရှိပါတယ်။ အဲ့ဒါဟာ ဘာလဲဆိုလို့ ရှိရင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ဖြစ်ပေါ်တဲ့ပြည်နယ်အစိုးရအဖွဲ့၊ နောက် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ဖြစ်ပေါ်တဲ့ ပြည်နယ်တရားလွှတ်တော်၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ဖြစ်ပေါ်တဲ့ ပြည်နယ်စာရင်းစစ်ချုပ်နဲ့ ဒီပြည်နယ်လွှတ်တော် ကနေပြီးတော့ သတ်မှတ်ထားတဲ့ ကော်မတီတွေ၊ အဖွဲ့တွေဟာ ပြည်နယ် အဆင့် ဖြစ်ပါတယ်။ အဲ့ဒီတော့ ပြည်နယ် အဆင့်(၄)မျိုးကနေပြီးတော့ မိမိတို့နဲ့ သက်ဆိုင်ရာ၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဥပဒေပြု ပိုင်ခွင့် ရှိကြောင်း ပုဒ်မ(၁၉၀)(က)မှာ ကျွန်တော်တို့ ပြဋ္ဌာန်းထားပါတယ်။ ပြည်နယ်အဆင့်ဝင် မဟုတ်သော်လည်းပဲ ပုဒ်မ(၁၉၁)အရ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များကလည်းပဲ ဥပဒေပြုပိုင်ခွင့်၊ ဥပဒေကြမ်း ရေးဆွဲပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထား ပါတယ်။ သို့သော်လည်း ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် အနေနဲ့ အစိုးရအဖွဲ့က တင်သွင်းတဲ့ ဒေသဆိုင်ရာ စီမံကိန်းကိစ္စရပ်တွေ နောက်တစ်ခါ ဘာလဲဆိုလို့ရှိရင် ငွေစာရင်း၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်တွေ၊ အခွန်အတုတ် ဆိုင်ရာကိစ္စရပ်တွေ သုံးခုမှလွဲလို့ ကျန်တဲ့ဥပဒေပါ ပြဋ္ဌာန်းတဲ့ ဥပဒေကြမ်းများ တင်သွင်းခွင့်

ရှိကြောင်း ရှင်းလင်းလိုပါတယ်။ နောက်တစ်ချက်က မကြာခင် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်နေ့က ပြည်ထောင်စု ဥပဒေက ပြဋ္ဌာန်းထားတဲ့ ဥပဒေတစ်ရပ် ရှိပါတယ်။ ဒီဥပဒေတစ်ရပ်ဟာ ဆိုလို့ရှိရင် အသေးစား ချေးငွေလုပ်ငန်း ဥပဒေ ဖြစ်ပါတယ်။ အသေးစားချေးငွေ ဥပဒေမှာ ရည်ရွယ်ချက်(၈)ခု ရှိပါတယ်။ ရည်ရွယ်ချက်(၈)ခုမှာ (၃)ခုဟာ ခုနတုန်းက အဆိုရှင် တင်သွင်းထားတဲ့ ကိစ္စရပ်တွေ ထည့်သွင်းပြီးတော့ ရည်ရွယ်ချက်မှာ ဖော်ပြထားပါတယ်။ အဲ့ဒီဥပဒေရဲ့ ရည်ရွယ်ချက်ကတော့ အခြေခံလူတန်းစားများ၏ ဆင်းရဲမှုလျှော့ချရေး၊ အခြေခံလူတန်းစား၏ လူမှုရေး ပညာရေး၊ ကျန်းမာရေး နှင့်စီးပွားရေး အခြေအနေများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးစေရန်ဆိုပြီးတော့ ရည်ရွယ်ချက်(၈)ရပ်အနက် (၃)ရပ်ကို ကျွန်တော်တို့ ကောက်နှုတ်တင်ပြ ဆွေးနွေးလိုပါတယ်။ ဒီရည်ရွယ်ချက်(၃)ရပ်နှင့် အညီ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဥပဒေကြမ်း(၂)ခု ကျွန်တော်တို့ တင်သွင်းခဲ့ပါတယ်။ တစ်ခုကတော့ ဘာလဲဆိုရင် ကျွန်တော်တို့ မနေ့က ဆွေးနွေးသွားတဲ့ ကျေးရွာထင်းစိုက်ပျိုးရေး ဥပဒေကြမ်း ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းဟာ ရည်ရွယ်ချက်(၃)ခုနဲ့ ကျွန်တော်တို့ ရေးဆွဲထားတာ ဖြစ်ပါတယ်။ နောက်တစ်ခုက ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေကြမ်းကိုလည်း ရည်ရွယ်ချက်(၃)ခုနဲ့ ကျွန်တော်တို့ အစိုးရအဖွဲ့ ကနေပြီးတော့ ရေးဆွဲထားတာ ဖြစ်ပါတယ်။ တစ်ချက်ပြောလိုတာက ကျွန်တော်တို့၊ ကျွန်တော့်အတွေ့အကြုံတစ်ခုကို ကျွန်တော်တင်ပြ လိုပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ပအိုဝ်းတိုင်းရင်းသားပါ။ ပအိုဝ်းတိုင်းရင်းသားအတွက် အင်းခေါင်းဆည်ဘက် ထွက်တဲ့နေရာမှာ ပန်းဇုန်ဆိုတဲ့ဟာလေး တည်ထားပါတယ်။ ကျွန်တော်တို့ ပအိုဝ်းသားတစ်ယောက် အနေနဲ့ ပြောရမယ်ဆိုလို့ရှိရင် ပအိုဝ်းအိမ်တွေ တော်တော်များများ မှာ မြေလွတ်ကွက်လပ်တွေမှာ ပန်းစိုက်ပျိုးပါတယ်။

ပန်းကို ကျွန်တော်တို့က ရောင်းတဲ့အခါမှာ ဘူတာရုံက လာလာဝယ်မှ ဘူတာရုံက တင်ပေးမှ ကျွန်တော်တို့ ရောင်းရပါတယ်။ ကျန်တဲ့ဥစ္စာက အိမ်မှာ ဘုရားတင်တယ်၊ နောက်လက်ဆောင် ပေးတယ်။ ဒီဟာနဲ့ပဲ ပြီးသွားပါတယ်။ အဲ့ဒီပန်းဇုန်လေး ပေါ်လာတဲ့အခါမှာ ဒီပန်းဇုန်က ဘာလဲဆိုလို့ရှိရင် စုစည်းတင်ပြရရင်တော့ ရန်ကုန်ကို အချိန် မြန်ရောက်အောင် ဆောင်ရွက်ထားပါတယ်။ ရန်ကုန်ကို ရောက်တဲ့အတွက်ကြောင့် နယ်တွေ ပြန့်သွားပြီး၊ ဒီဟဲဟိုးကထွက်တဲ့ ပန်းတွေဟာ နိုင်ငံခြားကို ရောက်သွားတယ် ဆိုတာ တွေ့ရှိရပါတယ်။ လွန်ခဲ့တဲ့ နှစ်လ၊ သုံးလလောက်က ကျွန်တော်တို့ ရှမ်းပြည်နယ်၊ အစိုးရအဖွဲ့ကို ဟဲဟိုးမြို့၊ နန်းကုန်းရပ်မှာ အာလူးနဲ့ ပတ်သက်ပြီးတော့ အစုအဝေး သူတို့ လုပ်ချင်ပါတယ်။ မြေနေရာပေးပါဆိုလို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ လွန်ခဲ့တဲ့ နှစ်လကျော်ကျော်လောက်က မြေနေရာချပေး ပါတယ်။ ဒီလိုပဲ အလားတူ ကြက်သွန်တို့ ပဲလိပ်ပြာတို့ ဆိုတာလည်း ဒီလိုအစုလိုက် ကျွန်တော်တို့ဒီ ဖြစ်ပေါ်လာတယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။ ဒီနေရာမှာ ကျွန်တော်ပြောလိုတာက ကျွန်တော်တို့ဒီ ပန်းစိုက်ခင်းက ပန်းတွေကိုလှိုင်လှိုင် ကျွန်တော်တို့ရောင်း နိုင်၊ ပို့နိုင်တာဟာ ဒီအဖွဲ့ရဲ့ ဖွဲ့စည်းပုံ၊ အဖွဲ့ရဲ့ လုပ်ဆောင်ချက်၊ အဖွဲ့ရဲ့ တင်ပို့မှု၊ အဖွဲ့ရဲ့ ရောင်းချမှု၊ ပြန်ကြည့် မယ်ဆိုရင် ဥပဒေ မရှိပါဘူး။ စည်းမျဉ်း Ragulation ဆိုတာ မရှိပါဘူး။ ရှိတဲ့ဥစ္စာလေး ကျွန်တော် သွားတွေ့တာ ဘာလဲဆိုရင် ဖန်တီးနိုင်မှု စွမ်းအားဆိုတာ အဲ့ဒီမှာ ကျွန်တော်သွား တွေ့ပါတယ်။ အဲ့ဒေါကြောင့် ကျွန်တော် တင်ပြချင်တာ ရှိပါတယ်။ ဟိုးပြီးခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်မှာ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ဘန်ကီမွန်း ပြောသွားတာ ရှိပါတယ်။ အဲ့ဒါ ဘာလဲဆိုလို့ရှိရင် အဓိပတိ(၄)ပါး ဖြစ်ပါတယ်။ အဓိပတိ(၄)ပါးဆိုတာ ဆန္ဒာအဓိပတိ၊ ဝီရိယအဓိပတိ၊ စိတ္တာအဓိပတိ၊ ဝိမင္ဂာအဓိပတိဆိုပြီး အဓိပတိ(၄)ပါး ရှိပါတယ်။ အဲ့ဒီဟာ အဓိပတိ(၄)ပါးပေါ် ဆန္ဒစိတ်ရှိတယ်၊ ဝီရိယရှိတယ် ဒါတွေနဲ့ ပြည့်စုံမယ် ဆိုလို့ရှိရင် တော်ရုံတန်ရုံ အလုပ်ကိစ္စ၊ တော်ရုံတန်ရုံ ရည်မှန်းချက်က

အောင်မြင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ရိုးသားစွာ ကျွန်တော် တင်ပြလိုတာက ဒီလိုအဆိုပြုချက်ဟာ အဆိုတစ်ရပ်အနေနဲ့ လက်ခံ စဉ်းစား စရာအကြောင်း မရှိဘူးလို့ ရိုးသားပွင့်လင်းစွာ ကျွန်တော် တင်ပြလိုပါတယ်။ နောက် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် လေ့လာထားတာလေးတစ်ချက် ကျွန်တော် ပြောချင်ပါတယ်။ အဆိုဟာ အဆိုတင်ပြီးတဲ့အခါမှာ ကျွန်တော် ကြည့်နေတာက သတင်းစာထဲ ဖတ်ရတာပါ။ အဆိုကို မှတ်တမ်းတင် ထားတာ ရှိပါတယ်၊ တစ်ကယ့် တစ်ကယ် အဆိုဆိုတာက သူက Follow Up လုပ်ရပါတယ်။ အဆိုဟာ ဒီအတိုင်းရပ်မနေရပါဘူး။ အဆိုဟာ တစ်ခု Admister လုပ်ဖို့ တစ်ခု Move လုပ်ဖို့ စတင်တဲ့ကိစ္စရပ် ဖြစ်ပါတယ်။ အဲ့တော့ အဆိုကို ကျွန်တော်တို့က လက်ခံပြီးလို့ရှိရင် ဒါကို ကျွန်တော်တို့က ဘာလဲဆိုရင် ဥပဒေပြုပေး ရမှာလား။ ဥပဒေပြုပေးရမယ်ဆိုရင် ဥပဒေ အငယ်စားကို ကျွန်တော်တို့က ပြုပေးရမှာလား။ ဒါမှမဟုတ် ဒီဥပဒေကို ပြုတဲ့အခါမှာ ကျွန်တော်တို့ လက်ရှိ ရှိနေတဲ့ ဥပဒေတွေ၊ နောက်တစ်ခါ ဘာလဲဆိုလို့ရှိရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ကျောရိုးတွေကို ထိခိုက်မှု ရှိ/မရှိ ဒါတွေလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အဆိုတင်သွင်းတဲ့ အခါမှာ မိမိရဲ့အဆိုဟာ လက်ရှိ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရကော၊ နောက်လက်ရှိဥပဒေအရရော ဒီဘယ်လို အနေအထားမျိုး ရှိတယ်ဆိုတာ အစတွက်ချက်ပြီးတော့ အဆိုတင်သွင်းသင့်တယ် ဆိုတာ ကျွန်တော်ရိုးသားစွာနဲ့ အကြံပေး လိုပါတယ်။ နောက်တစ်ခု ပြောချင်တာက ကျွန်တော်တို့ အစိုးရအဖွဲ့မှာ ဝန်ကြီးတွေဟာ ဥပဒေပြုဖို့ မကြာခဏ ကျွန်တော့်ကို တိုက်တွန်းရ ပါတယ်။ တိုက်တွန်းပါတယ်။ ကျွန်တော် ခုနတုန်းက လျှပ်စစ်ဝန်ကြီးလည်း သိပ်မကြာခင်မှာ လျှပ်စစ်နဲ့ ပတ်သက်တဲ့ Hydro Power နဲ့ ပတ်သက်ပြီးတော့ ဥပဒေကြမ်းတွေ ကျွန်တော်တို့ လုပ်နေပါတယ်။ လေ့လာနေပါတယ်။ ဆောင်ရွက်နေပါတယ်။ နောက် လွှတ်တော် တစ်ပတ်ကျော်လောက်မှာ ကျွန်တော်တို့ ဒီဥပဒေကြမ်းကို

တင်သွင်းနိုင် မယ်လို့ မှန်းဆပါတယ်။ အဲ့တော့ ဒီဥပဒေကြမ်းတစ်ခုကို ကျွန်တော်တို့က စီစဉ်နေတဲ့ ကာလတွေမှာ ကျွန်တော်တို့က ဘာပြုရလဲ ဆိုရင် ချိန်ထိုးရတယ်။ ဒီလက်ရှိ ဥပဒေအရ ကျွန်တော်တို့အဆို၊ ကျွန်တော်တို့တင်မယ့်ဥပဒေကြမ်းနဲ့ပြိုထွေးမှု လိုက်လျောမှု ရှိလား/မရှိလား ဆိုတာ အဓိကစဉ်းစားပါတယ်။ ဥပမာပေါ့ ကျွန်တော်တို့ မနေ့ကအခု လွှတ်တော်မှာ တင်သွင်းတဲ့ ပုဂ္ဂလိကယာဉ်များ စနစ်တကျဖွဲ့စည်းရေး ဥပဒေဆိုတာ ကျွန်တော်တို့မှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ဥပဒေတို့ နည်းဥပဒေတို့ အခြား ဥပဒေတွေရှိတယ်။ ဒီကျောရိုးကဒါ မဖြတ်သေးဘူး။ ကျောရိုးမဖြတ်ရင် ဒါအတည်ပဲ။ အတည်ဖြစ်တဲ့အတွက်ကြောင့် ဒီဥပဒေနဲ့ ပတ်သက်ပြီး ဆွဲတဲ့အခါမှာ ဒီဟာတွေကို သွားပြီးတော့ မထိခိုက်အောင်၊ ဒါတွေကိုသွားပြီးတော့ မပြုအောင် ကျွန်တော်တို့က အလေးထားပြီး စဉ်းစားရ ပါတယ်။ ဒါကြောင့်မို့လို့ အဆိုတစ်ရပ်ကို ထည့်သွင်းစဉ်းစားလို့ ကိုယ်ကပုံဖော်ဖို့ဆိုလို့ရှိရင်၊ လက်ရှိဖွဲ့စည်းပုံ အခြေခံဥပဒေ ပါကျောရိုးများနဲ့ အဓိကသတ်မှတ်ချက်များနဲ့ လက်ရှိ ကျွန်တော်တို့ တည်နေဆဲ ဥပဒေများနှင့် ညီညွတ်ခြင်း ရှိ/မရှိ ဆိုတဲ့ ဥစ္စာတွေကို နည်းနည်းလေးအလေးထားပြီး ဆောင်ရွက်စေလိုကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူး အများကြီး တင်ပါတယ်။

[ ဩဘာသံများ ]

ဥက္ကဋ္ဌ။ ရှမ်းပြည်နယ်၊ အစိုးရအဖွဲ့ဝင်မှ ရှင်းလင်း တင်ပြပြီးတဲ့နောက်မှာ ဒီအဆိုကို ကျွန်တော်တို့ အဆိုအနေနဲ့ မဟုတ်ပဲနဲ့ ဒါအဲလို့ ဦးဆောင်၊ ဦးတည်ပြီးတော့မှ ဆွေးနွေးသွားတာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဦးစိုင်းလှဝင်း အနေနဲ့ ဒီအဆိုနဲ့ ပတ်သက်ပြီးတော့မှ တင်ပြဖို့ ရှိရင်တင်ပြဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ မိုင်းပျင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့် အနေနဲ့တင်သွင်းရခြင်းဖြစ်တဲ့ အကြောင်းအရင်းက ဘာလဲဆိုတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့၊ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပေါင်းစုံတို့ရဲ့ လူနေမှုအဆင့်အတန်းဟာ ဘာလို့ဆိုရင် ကျွန်တော်တို့ ငယ်ငယ်ကတည်းက ဒီဒေသမှာ မွေးဖွားခဲ့ပါတယ်။ ဒီဒေသမှာ ကြီးပြင်းခဲ့ပါတယ်ဆိုတော့ ပကတိ အရှိုးခံနဲ့ ကျွန်တော်တို့ ကြည့်မယ် ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ တစ်ကယ်ပဲ ရှမ်းပြည်နယ်မှာ ဆင်းရဲမွဲတေမှုက အင်မတန်များပြားပါတယ်။ ဆိုတော့ကား ဥပမာ- ကျွန်တော်အနီးစပ်ဆုံး မိုင်းပျင်းမြို့နယ်မှာ နေထိုင်တဲ့ တစ်ယောက်ပါ။ အဲ့မိုင်းပျင်းမြို့နယ်မှာ ဆိုလို့ရှိရင် ကျွန်တော်တို့ တိုင်းရင်းသားပေါင်းစုံ ရှမ်း၊ လားဟူ၊ အာခါ၊ လွယ်လစသည်ဖြင့်ပေါ့ ကျန်တဲ့ဟာ အများကြီးရှိပါတယ်။ ကျွန်တော်တို့ မြန်မာတို့ဘာတို့ အဓိကပေါ့။ ဒါပေမဲ့ အများဆုံး ကျွန်တော်တို့ လူဦးရေ ၆၀၀၀၀ ကျော်ထဲမှာ ဆိုလို့ရှိရင် ရှမ်းက သုံးပုံတစ်ပုံ၊ လားဟူက သုံးပုံတစ်ပုံ နောက်ကျန်တဲ့ တိုင်းရင်းသားပေါင်းစုံက သုံးပုံတစ်ပုံရှိပါတယ်။ အဲ့ထဲမှာ ၆၀၀၀၀ ထဲမှာ ကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ မိုင်းပျင်းမြို့နယ်မှာ လူဦးရေက ၁၀၀၀၀ အောက် ဒီလောက်ပဲရှိပါတယ်။ အဲ့ ၁၀၀၀၀ အောက်လောက်ပဲ စားဝတ်နေရေး ဘာညာ၊ အဆင့်အတန်း နည်းနည်းပဲ ရှိပါတယ်။ မဆိုစလောက်ပါ။ ကျွန်တော်တို့ မိုင်းပျင်းမြို့က တစ်ကယ်တမ်း၊ တော်တော်ဆင်းရဲတဲ့ မြို့နယ်တစ်ခုပါ။ ဒါပေမဲ့ မြို့အနေအထားလေးနဲ့ သူဟာသူတော့၊ အသင့်အတင့်တော့ နေထိုင်လို့ ရပါတယ်။ ဒါပေမဲ့ ကျန်တဲ့ ကျေးရွာအုပ်စု(၃၁)အုပ်စုထဲမှာ ကြည့်လိုက်မယ် ဆိုလို့ရှိရင်၊ ကျွန်တော်တို့ တိုင်းရင်းသားပေါင်းစုံက အင်မတန်မှ ဆင်းရဲကြ ပါတယ်။ မိုင်းပျင်းမြို့နယ်ထဲမှာ ဘာဖြစ်လဲဆိုလို့ရှိရင် လယ်မြေက တစ်ကယ်တမ်းကျတော့ အရင်တုန်းက၊ တစ်ချိန် တစ်ခါတုန်းက တိုင်းတာချက်အရပေါ့ ၄၀၀၀ကျော်၊ ၅၀၀၀တောင်

မပြည့်ရှာပါဘူး။ ကျုန်တဲ့ဟာကို စားသောက်ရေး အတွက် တောင်ယာ ခုတ်ထွင်ပြီးတော့ လုပ်ကိုင်စားရတဲ့ မြို့နယ်တစ်ခုပါ။ အင်မတန်လည်း ဆင်းရဲတဲ့ မြို့နယ်ပါ။ ဆိုတော့ကာ ဒါကိုကြည့်ပြီးတော့ အကယ်၍များ ဒီပုဒ်မ(၁၈၈)အရ ကျွန်တော်က ဥပဒေပညာရှင်တော့ မဟုတ်ပါဘူး ခင်ဗျား။ ဒါပေမဲ့ ကျွန်တော်လည်း ဒီအခြေခံဥပဒေကို ကြည့်ရင်းကြည့်ရင်းနဲ့ ဘယ်အပိုဒ်က ဘာဖြစ်သင့်သလဲ။ ဒါကျွန်တော့်ရဲ့ မိုင်းပျင်းမြို့နယ် အနေအထားလေးကို ကျွန်တော်နမူနာ ယူပြီးတော့ တစ်ခြား မြို့နယ်များ မှာလည်း ထို့နည်းတူစွာပဲ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ မှီတင်းနေထိုင် ကြတဲ့ တိုင်းရင်းသား အဲဒီလိုပဲ ရှိလိမ့်မယ်လို့ ကျွန်တော် ယုံကြည်မိပါတယ်။ ခံစားမိပါတယ်။ အဲ့ဒီအတွက်ကြောင့် ဒီဥပဒေအရဆိုလို့ရှိရင် အကယ်၍များ ကျွန်တော်တို့ သက်ဆိုင်ရာ ပြည်နယ်ပုဂ္ဂိုလ်များ၊ ပြည်နယ်ဝန်ကြီးများ ဒါမှမဟုတ်လည်း ခုန ကျွန်တော်တို့ ဥပဒေပညာရှင်၊ ဥပဒေချုပ်က ဆွေးနွေးသွားသလိုပဲ သက်ဆိုင်ရာ ပြည်နယ်အဆင့် အသီးသီး အထက် ကနေပြီးတော့ ကိုယ်တတ်နိုင်သလောက်နဲ့ ကိုယ့်ရဲ့ပညာ အဆင့်အတန်းနဲ့ ဖြစ်နိုင်ချေ ရှိလို့ရှိရင် ကျွန်တော်လည်း တိတိကျကျတော့၊ ကျွန်တော်လည်း ဖွင့်ဆိုထားတဲ့ အခြေခံဥပဒေအရ ကျွန်တော် သိသလောက် ဖွင့်ဆိုထားတဲ့ အနက်အဓိပ္ပါယ်နဲ့ ရေးခြင်း ဖြစ်ပါတယ်။ နောက်ဘာညာဆိုတာ မရှိပါဘူး။ ကျွန်တော် အရိုးခံတင်ပြခြင်း ဖြစ်ပါတယ်။ အကယ်၍များ ကျွန်တော်မှားသွားတယ် ဆိုလို့ရှိရင်လည်း ခွင့်လွှတ်ပါလို့ ကျွန်တော် တောင်းပန်ပါတယ်။ ဒါပေမဲ့ ကျွန်တော် သဘောရိုးကတော့ ဘယ်လိုပဲဖြစ်ဖြစ်၊ အရင်းခံတင်ပြထားတဲ့ အတိုင်းပဲ တစ်ကယ်တမ်း အဲဒီလိုမျိုး၊ တစ်ကယ့်မြေခံ၊ ရေခံ၊ တိုင်းရင်းသားအားလုံးအတွက်ပါ။ အကယ်၍များ ကျွန်တော့် အနေနဲ့ ဒီအဆိုလေးကိုတော့ ဖြစ်နိုင်တဲ့ ကဏ္ဍ(၈)ရပ်ထဲက တစ်ခုခု အကျုံးဝင်ပြီဆိုရင်လည်း ဒီအကျုံးဝင်တဲ့ ဒီလုပ်ငန်း ဥပဒေကြမ်းလေးကို ရေးဆွဲပြီးတော့ တင်ပြစေချင်တဲ့ သဘောပါ။ အားလုံးလို့လည်း ကျွန်တော် မဆိုလိုပါဘူး။ ကျွန်တော်တို့ တိုင်းရင်းသားတွေအပေါ်မှာ

အကျိုးဖြစ်မဲ့လုပ်ငန်းတွေ ဆိုလို့ရှိရင်၊ ဥပဒေနဲ့ ရေးဆွဲပြီးတော့ လုပ်သွားမယ် ဆိုလို့ ရှိရင် ဒီဥပဒေတွေနဲ့ သူ့ရဲ့အကျိုးဆက်များကြောင့် မှီတင်းနေထိုင်တဲ့ တိုင်းရင်းသားအားလုံးရဲ့ အကျိုးအတွက်ပါ။ အဲဒီ အတွက်ကြောင့် ကျွန်တော့်ဆန္ဒလေးကတော့ ခုန ကျွန်တော် တင်ပြသွား သလိုပါပဲ ဒါကိုဖြစ်နိုင်ခြေရှိတဲ့ ကဏ္ဍထဲမှ သင့်တင့်လျောက်ပတ်မဲ့ အကျိုး လုပ်ငန်းများကို ကျွန်တော်တို့ သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများဖြစ်စေ၊ တစ်ခြား ပြည်နယ်အဆင့်မှ ဖြစ်စေ၊ တတ်အားသရွေ့ နောက် ဥပဒေ ပညာရှင်များက နေပြီးတော့၊ ဦးဆောင်ဦးရွက် ပြုပြီးတော့ ရေးဆွဲသွားမယ် ဆိုလို့ရှိရင် ဒါတွေဟာ ကျွန်တော်တို့ ရှမ်းပြည်နယ်အတွက် အင်မတန်မှ အကျိုးရှိလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ရင်းနဲ့ ကျွန်တော်ပြောခွင့်ရတာ အားလုံးလည်း ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်း တင်သွင်းခြင်းနဲ့ ပတ်သက်လို့ အနည်းငယ် တင်ပြချင်တာ ရှိပါတယ်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ၊ ဇယား(၂)ပါ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အဖွဲ့ကသာ တင်သွင်းခွင့် ရှိတဲ့ ဥပဒေကြမ်း(၃)ခုမှ အပ၊ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို လွှတ်တော်ကိုယ်စားလှယ် များကလည်း၊ လွှတ်တော်သို့တင်သွင်းခွင့်ရှိကြောင်း ပြဌာန်းထားပါတယ်။ ပြည်နယ်အဆင့် အစိုးရအဖွဲ့ဝင်ကသာ တင်သွင်းခွင့်ရှိတဲ့ ဥပဒေများကတော့ (၁) တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်၏ ဘဏ္ဍာငွေ အရ/အသုံး ဆိုင်ရာ ဥပဒေကြမ်း၊ (၂) တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ဒေသန္တရ စီမံကိန်း ဥပဒေကြမ်း၊ (၃) တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အကောက်ခွန် ဆိုင်ရာ ဥပဒေကြမ်းတို့ ဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၂)ပါ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို လွှတ်တော်ကိုယ်စားလှယ်များကလည်း ရေးဆွဲတင်သွင်းဖို့ တာဝန်ရှိတာကို ကျွန်တော့်အနေနဲ့ အလျဉ်းသင့်လို့ဖော်ပြလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်

များဟာ ဥပဒေပြုခြင်းနဲ့ ဆက်စပ်နေသူများ ဖြစ်ကြတဲ့အတွက် မိမိကိုယ်တိုင် ဥပဒေကြမ်းမပြုနိုင်လျှင်၊ မပြုတတ်လျှင် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပြီးတော့မှ ၎င်းတို့၏ အကူအညီဖြင့် ဥပဒေကြမ်း ဖြစ်ပေါ်ရေးအတွက် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ တည်ဆဲ ဥပဒေကို လေ့လာပြီးတော့မှ ပြည်နယ်အတွက် အကျိုး မဖော်ဆောင်နိုင်သော ဥပဒေ၊ ပြည်သူများရဲ့ အကျိုးစီးပွါးကို ကာကွယ် စောင့်ရှောက်မှု မပေးနိုင်သော ဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း စသည်တို့ကို ဆောင်ရွက်ဖို့ တာဝန်ရှိပါတယ်။ ဒါကြောင့်မို့လို့ ခုန ဦးစိုင်းလှဝင်း တင်သွင်းတဲ့ အဆိုနဲ့ စပ်လျဉ်းပြီးတော့မှ ကျွန်တော်တို့ လွှတ်တော်အနေနဲ့ ဒီအဆိုကို မှတ်တမ်းတင်ထားဖို့ အကြံပြုပါတယ်။ ဦးစိုင်းလှဝင်း တင်သွင်းသော အဆိုကို မှတ်တမ်းတင်ဖို့ လွှတ်တော် ကိုယ်စားလှယ်များက -

"သဘောတူပါသလား ခင်ဗျား။"

[ ၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့ အတွက် ဦးစိုင်းလှဝင်း တင်သွင်းသော ရှမ်းပြည်နယ်အတွင်း ဆင်းရဲမှု လျှော့ချပြီး၊ လူနေမှု အဆင့်အတန်း မြင့်မားလာစေရေး အတွက်၊ တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုပေးနိုင်မည့် နည်းလမ်းများ ရှာဖွေ၊ ဖော်ထုတ်၊ လုပ်ကိုင်ပေးနိုင်ရန် လိုဦးမည်ဟု ယူဆမိသည်နှင့် အညီ၊ သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းများမှ အခြေခံ ဥပဒေပုဒ်မ(၁၈၈)၊ ဇယား(၂)ပါ ပြဋ္ဌာန်းထားသည့် ကဏ္ဍကြီး(၈)ရပ်မှ ပြည်သူ့အကျိုးပြုလုပ်ငန်း ဖော်ဆောင် ပေးမည့် ဥပဒေကြမ်းများ ရေးဆွဲ၍၊ ပြည်နယ်လွှတ်တော်သို့ တင်သွင်းသွားသင့်ကြောင်း အဆိုကို လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေငြာပါတယ်။ [ သြဘာသံများ ]

ကန့်သတ်

၁၈၂

# ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အောက်ဖော်ပြပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး(ပထမနေ့)မှာ ရှင်းလင်းတင်ပြခဲ့သော ငွေစာရင်းကိစ္စ(၄)ရပ်နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်း ပေးပို့လာခြင်း မရှိသည့်အတွက် ယခု လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးက တင်သွင်းသည့်

(၁) ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန အဖွဲ့အစည်းများ၏ ၂၀၁၂-၂၀၁၃ခု ဘဏ္ဍာရေးနှစ် အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်း၊

(၂) ၂၀၁၂-၂၀၁၃ခု ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း၊

(၃) ၂၀၁၃-၂၀၁၄ခု ရသုံးခန့်မှန်းခြေငွေစာရင်းများ ပြုစု တင်ပြခြင်း၊

(၄) အကျဉ်းဦးစီးဌာန ၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် တွင် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း ထက်ကျော်လွန်၍ သုံးစွဲခဲ့သော အသုံးစရိတ်များ အတွက် နောက်ကြောင်း ပြန်ခွင့်ပြုမိန့် တောင်းခံခြင်းတို့ကို အတည်ပြုရန် လွှတ်တော်က -

"သဘောတူပါသလား ခင်ဗျား။"

[ ၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

ဥက္ကဋ္ဌ။ လွှတ်တော်က သဘောတူသည့်အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ ရှင်းလင်းတင်ပြခဲ့သော ကိစ္စရပ်(၄)ခုကို လွှတ်တော်က အတည်ပြုကြောင်း ကြေငြာပါတယ်။ [ **သြဘာသံများ** ]

ဦးအောင်ကျော်ညွှန့် ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ၏ " **ပညာရေး ဝန်ထမ်းများ မိမိတာဝန်ကို စဉ်ဆက်မပြတ် ကြိုးပမ်းအောင်မြင် နိုင်ရေးအတွက် ဆုပေးဒဏ်ပေးများဖြင့် ပြုလုပ်ဖော်ဆောင် သင့်ကြောင်း** " အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွှန့်က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ညွှန့်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ဒီကနေ့ ကျွန်တော်တို့ လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တစ်ကွ လွှတ်တော် ကိုယ်စားလှယ်အပေါင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ ပထမနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)က ဦးအောင်ကျော်ညွှန့် ပဲဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော် တင်သွင်းရတဲ့ အဆိုကတော့ ပညာရေးဝန်ထမ်းများ မိမိတာဝန်ကို စဉ်ဆက်မပြတ် ကြိုးပမ်းအောင်မြင် နိုင်ရေးအတွက်၊ ဆုပေး၊ ဒဏ်ပေး များဖြင့် ပြုလုပ်ဖော်ဆောင်သင့်ကြောင်း အဆိုကို တင်သွင်း သွားမှာ ဖြစ်ပါတယ်။ ဒီအဆိုကိုလည်း လွှတ်တော်ကိုယ်စားလှယ်များက ဝိုင်းဝန်းပြီးတော့ ဆွေးနွေးကြပါလို့လည်း ကျွန်တော့်အနေနဲ့ အလေးအနက်ထား တိုက်တွန်းလိုပါတယ်။ အဆိုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ နိုင်ငံရဲ့ ပညာရေးကဏ္ဍဟာ အင်မတန်မှ အရေးကြီးတဲ့ ကာလရောက်နေပါပြီ။

ဒီလိုအချိန်မှာ သားကောင်းရတနာတွေ ပေါ်ထွန်းဖို့ လူတော်လူကောင်းတွေပေါ်ထွန်းဖို့ရာ အရေးကြီးတာက ကျွန်တော်တို့ ပညာရေးဝန်ထမ်းတွေက အဓိကဖြစ်ပါတယ်။ ဒါကြောင့်မို့ ပညာရေးဝန်ထမ်းတွေကလည်း လက်ရှိ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ထဲမှာ အမြောက်အမြားပါတဲ့အတွက် အားလုံးပဲ သိရှိကြပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ အခုလိုမျိုး ပညာရေးဝန်ထမ်းတွေရဲ့ သင်ကြားမှု၊ သင်ယူမှု၊ လုပ်မှုကိုင်မှုတွေဟာ တစ်ကယ်ပဲ လေးလေးနက်နက်ထိုက်သင့်တဲ့ ဆုပေး၊ ဒဏ်ပေး စနစ်တွေကို ကျင့်သုံးမှသာ ဤလုပ်ငန်းဟာအောင်မြင်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့ အခုလိုမျိုး ဒီကိစ္စကိုဆွေးနွေး၊ ဒီအဆိုကို ဆွေးနွေးရခြင်းဟာ ဒီနေ့ထိကျွန်တော်တို့ ပညာရေးဟာ ပါတီစုံဒီမိုကရေစီ ဖြစ်ပြီးတဲ့ နောက်ပိုင်း ယနေ့ထိဟာ ပီပီပြင်ပြင် ပြုလုပ်ပေးနိုင်တဲ့လုပ်ငန်း မဟုတ်သေးပါဘူး။ ဒါကြောင့်မို့ ဒီကိစ္စနှင့် ပတ်သတ်ပြီးတော့ ဆုပေး၊ ဒဏ်ပေးတယ်ဆိုရင် စီစဥ်ကြီးကြပ်ပြီးပေးရတာ ဖြစ်တဲ့အတွက် စီစစ်ရေးအဖွဲ့ ကြီးကြပ်တဲ့အဖွဲ့တွေကလည်း ကျွန်တော်တို့ အောက်ခြေထိဆင်းပြီးတော့ သေချာလုပ်ပြီးတော့ လက်ရှိတစ်ကယ်တော်တဲ့ တစ်ကယ်ပညာရေးဝန်ထမ်းတွေကို တစ်ကယ်ဆုပေးပြီးတော့ တစ်ကယ်မတော်တဲ့ ပုဂ္ဂိုလ်တွေကို ပြီးခဲ့တဲ့နေ့က မနေ့က ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ပြောသလို မကောင်းတောင်တန်းပို့ ဆိုတဲ့ပုံစံမျိုး မဖြစ်ပဲနဲ့ တစ်ကယ်ပဲ ထိုက်ထိုက်တန်တန် ပြစ်ဒဏ်ပေးခြင်း ဒါမျိုးတွေကိုလည်းပဲ ကျွန်တော့်အနေနဲ့ လုပ်စေချင်ပါတယ်၊ ဒီကနေ့ထိ ကျွန်တော်တို့ ပညာရေးကဏ္ဍမှာ ရပ်စောက်မြို့နယ်အနေနဲ့ ကြည့်မယ်ဆိုလို့ရှိရင် ဆုပေးတယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ကျောင်းသားမိဘကော်မတီ ပညာရည်ချွန်ဆုနှင်းသဘင်မှာပဲ ဆရာ၊ ဆရာမတစ်ယောက်ကို ပေးတဲ့ဆုက ကျောင်းတက်ရက်မှန်ဆု၊ ပြီးရင်ကျွန်တော်တို့ ဆယ်တန်းအောင်လို့ ဒီထွက်သွား တဲ့သင်နိုင်တဲ့ဆရာမဆု၊ ဒီလောက်ပဲကျွန်တော်တို့အနေနဲ့ သိပါသေးတယ်။ ဒီထက်မကပညာရေးဝန်ထမ်းများကို ပေးနိုင်မယ်ဆိုရင်

ကျွန်တော်တို့လူတော်၊ လူကောင်းတွေထွက်တဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာကနေ ပါဝင်ပြီး အားဖြည့်နိုင်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ထင်မိတဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီအဆိုကို ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးဌာနကို တိုက်တွန်းကြောင်း ကျွန်တော့်အနေနဲ့ တင်သွင်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ [ **ဩဘာသံများ** ]

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲ မင်္ဂလာပါ ခင်ဗျား။ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးအောင်ကျော်ညွန့် တင်သွင်းသွားတဲ့ ပညာရေးဝန်ထမ်းများ မိမိတာဝန်ကို စဉ်ဆက်မပြတ် ကြိုးပမ်းအောင်မြင်နိုင်ရေးအတွက် ဆုပေး၊ ဒဏ်ပေးများဖြင့် ပြုလုပ်ဖော်ဆောင်သင့်ကြောင်း အဆိုကို ကျွန်တော် ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနိုင် က ထောက်ခံပါတယ် ခင်ဗျား။ အားလုံးပဲ ကျေးဇူးတင်ပါတယ်။

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ဦးအောင်ကျော်ညွန့် တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွား ပါတယ်။ အဆိုမှာ ပညာရေးဝန်ထမ်းများ မိမိတာဝန်ကိုစဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နိုင်ရေးအတွက် ဆုပေး၊ ဒဏ်ပေးများဖြင့် ပြုလုပ်ဖော်ဆောင်သင့်ကြောင်းဖြစ်ပါတယ်။ ယခုအဆိုကိုလက်ခံဆွေးနွေးရန် သင့်မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါ့မယ်။ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်များက -

"သဘောတူပါသလား ခင်ဗျား။"

**[ ၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

**ဥက္ကဋ္ဌ။** အဆိုကိုလက်ခံဆွေးနွေးရန် သဘောမတူသည့်ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။ အဆိုကိုလက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ် မရှိသည့်အတွက် ဦးအောင်ကျော်ညွန့်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေငြာပါတယ်။ [ သြဘာသံများ ]

**ဥက္ကဋ္ဌ။** အဆိုကို ၂၀၁၂ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်၊ ကြာသပတေးနေ့မှာ ဆွေးနွေးပါ့မယ်။ ဆွေးနွေးမဲ့ ကိုယ်စားလှယ်များ အနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ညနေပိုင်းမှာ ပြည်နယ် လွှတ်တော်ရုံး၊ ဒုတိယ ညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " **စီးပွားရေး လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများအကြား ဖြစ်ပေါ်လာ နိုင်သည့် လူမျိုးရေးအသွင်ဆောင်မည့် ပြဿနာများ၊ ပဋိပက္ခ များကို ကြိုတင်ကာကွယ်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ် အစိုးရက စီစဉ်ဆောင်ရွက်ပေးထားနိုင်ပါရန်** " အဆိုကို တင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေးမှ အဆိုတစ်ခုထပ်မံတင်သွင်းဖို့ ရှိပါတယ်။ တင်သွင်း ပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တစ်ကွကြွရောက်လာကြသော လူကြီးမင်းများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံတဲ့ အခါသမယ ဖြစ်ပါစေ ရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် နန်းခမ်းအေး ဖြစ်ပါတယ် ရှင်။

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး မှာ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများအကြား ဖြစ်ပေါ်လာ နိုင်မယ့် လူမျိုးရေးအသွင်ဆောင်တဲ့ ပြသနာများနဲ့ ပတ်သက်တဲ့ အဆို တစ်ခုတင်သွင်းမှာဖြစ်ပါတယ်။ ကျွန်မဟာ ကျွမ်းကျင်အောင်မြင်တဲ့

စီးပွားရေး လုပ်ငန်းရှင်တစ်ယောက် မဟုတ်သလို၊ ပညာရှင်တစ်ယောက် မဟုတ်တဲ့အတွက်ကြောင့် စီးပွားရေးလုပ်ငန်းရှင်များနဲ့ ဒေသခံပြည်သူများ အကြား ဖြစ်ပေါ်နေတဲ့ပဋိပက္ခများစွာအတွက် အရိုးရှင်းဆုံးနည်းနဲ့သာ နှိုင်းယှဉ်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်မနောက်ကြောင်းပြန်ဖော်ထုတ် တင်ပြခြင်း မဟုတ်ပါဘူး။ နမ္မတူမြို့နယ်၊ နားဆိုင်းကျေးရွာအုပ်စုမှာ ၂၀၀၅ခုနှစ်မှာ DMC ကုမ္ပဏီကနေပြီးတော့ ရော်ဘာစိုက်ပျိုးခြင်း စတင်ဖို့အတွက် ဦးပိုင်ရှိပြီး မြေလွတ်၊ မြေရိုင်း မဟုတ်ဘဲ စိုက်ပျိုးနေလျက်ရှိ နေတဲ့ မြေကွက်ပေါင်း မြောက်များစွာကိုသိမ်းယူခဲ့ပါတယ်။ ပုံစံ(၁၀၅) မြေပုံဟာ ပိုင်ဆိုင်မှုအထောက်အထားတစ်ရပ် မဟုတ်ဘဲ လုပ်ကွက်တစ်ခုရဲ့ နယ်နိမိတ်အပိုင်းအခြားနဲ့ မြေအမျိုးအစား၊ မြေဧရိယာ၊ ဧကအကျယ်အဝန်း တို့ကို ဖော်ပြထားပြီး အများအကျိုးအတွက် သိမ်းခွင့်ရှိတယ်လို့ ဆိုထားပါ သော်လည်းပဲ အများပြည်သူကောင်းကျိုးအတွက် မဟုတ်ဘဲ ကုမ္ပဏီ တစ်ခုတည်းရဲ့ အကျိုးကို သာဖြစ်ပေါ်စေတာကို တွေ့ရှိရပါတယ် ရှင်။ မြေသိမ်းယူခံရစဉ်က ဦးပိုင်ရှိပြီးသော ဒေါ်မြ အိမ်ကိုပင် ကုမ္ပဏီမှ လူအင်အား(၁၀)ယောက်ကျော်ခန့်မှ လည်ပင်းကို ကြိုးကွင်းစွပ်ပြီး နားဆိုင်း ရထားသံလမ်းတစ်လျှောက်မှာ ဆွဲခေါ်ခြင်း ခံရတဲ့ ဖြစ်ရပ်လည်း ရှိခဲ့ပါတယ်။ ဦးပိုင်ရှိပြီး လက်ရှိစိုက်ပျိုးနေတဲ့ ဒေါ်မြအိမ်ကဲ့သို့ ခြံရှင်ကိုပင် ရန်ပြုတဲ့ ကုမ္ပဏီရဲ့ရန်ကို ကြောက်ပြီးတော့ ဒေသခံအချို့ဟာ ကျေနပ်ခြင်း မရှိဘဲနဲ့ မြေယာများကိုလက်လွှတ်ခဲ့ရပါတယ်။ အဲဒါကို ကြည့်ခြင်း အားဖြင့် ကျွန်မတို့နိုင်ငံရဲ့ တရားဥပဒေစိုးမိုးမှုမရှိခြင်း စီးပွားရေး လုပ်ငန်းရှင်များအပေါ် ပိုပြီးတော့ အလေးထားတဲ့ အတွက်ကြောင့် ဒေသခံတွေဟာအဲဒီဒဏ်တွေကို ခံစားနေရခြင်းဖြစ်ကြောင်း ပြောကြား လိုပါတယ်။ အဲစဉ်ကကုမ္ပဏီ ကနေပြီးတော့ သူတို့နဲ့ အကျိုးတူလုပ်ဆောင်မယ် ဆိုလို့ရှိရင် ရော်ဘာပင်တွေကြားမှာ ရာသီသီးနှံများ စိုက်ပျိုးခွင့်ပြု မယ်လို့ဆိုတဲ့ အတွက်ကြောင့် စိုက်ပျိုးရန်မြေမရှိတော့ပါသော ဒေသခံအချို့ဟာ ကုမ္ပဏီနဲ့အကျိုးတူ ဆောင်ရွက်ခဲ့ ရတာလည်းရှိခဲ့ပါတယ်။ အကျိုးတူ

ဆောင်ရွက်ရန် စာချုပ်လုပ်ထားပါသော်လည်း ရေရှည်မှာထိုမြေများကို လက်လွှတ်ဆုံးရှုံးရမဲ့ အခြေအနေမျိုးပဲဖြစ်နေပါတယ်။ ရွာနဲ့ တစ်မိုင်သာဝေးတဲ့နေရာမှာ စတင်စိုက်ပျိုးရန်ခွင့်ပြု ထားပါသော်လည်းပဲ ရွာနဲ့တစ်ဆက်တည်း စိုက်ပျိုးထားတဲ့အပြင် ၁၉၄၁ခုနှစ်ကတည်းက ရှိနေပါတဲ့ ကျေးရွာချင်း ဆက်လမ်းအနက် မိုင်ဝက်ခန့်ကို ကုမ္ပဏီက ကျော်ခင်းထားပြီး၊ ၎င်းတို့ ကုမ္ပဏီပိုင်လမ်းများသဖွယ် ပြုမူနေတာလည်း တွေ့ရှိရပါတယ်။ အဲဒီလမ်းဟာရွာနဲ့ကပ်နေတဲ့အတွက်ကြောင့် ကျေးရွာကနေပြီးတော့ အဲဒီလမ်းကိုခြံစည်းရိုးကပ်ဖို့ ပြောထားပါသော်လည်းပဲ ခြံစည်းရိုးကပ်ခြင်းမရှိတဲ့အပြင် ရောဘာပင်များကိုလမ်းနဲ့ကပ်လျက်စိုက်ပျိုးထားတဲ့ အတွက်ကြောင့် ရွာသားများနဲ့အဆင်မပြေမှုများ၊ ပြဿနာများစွာဖြစ်ပေါ် နေလျက်ရှိပါတယ်။ ခြံစည်းရိုးကာရံထားခြင်းမရှိဘဲ လမ်းနဲ့ ကပ်လျက်စိုက်ထားတဲ့အတွက်ကြောင့် ရော်ဘာပင်တွေကို ကျွဲ၊ နွားများ မတော်တဆ ဝင်ရောက်ထိခိုက်မိရင်သော်လည်းကောင်း၊ ကျွဲ၊ နွားများ ဝင်ရောက်တိုက်မိခဲ့ရင်သော်လည်းကောင်း၊ တစ်ပင်သောင်းချီပြီးတော့ ပေးလျော်ခိုင်းခြင်း၊ မတရားဒဏ်ငွေများတပ်ခြင်း၊ ဒဏ်ငွေများမပေးဆောင်နိုင်ပါက ကျွဲ၊ နွားများသိမ်းယူခြင်းအထိ ရှိနေခဲ့ပါတယ်။ ခြံစည်းရိုးကာရံထားခြင်းမရှိတဲ့အတွက်ကြောင့် ကုမ္ပဏီ အလုပ်သမားများနှင့် ရွာသားများရဲ့ ပြဿနာကို အုပ်ချုပ်ရေးပိုင်းအထိတင်ပြပြီး ဖြေရှင်းဖို့ တောင်းဆိုခဲ့ပေမဲ့လည်း အောင်မြင်ခြင်း မရှိခဲ့ပါဘူး။ အရင်းမဲ့ ရွာသားအချို့ဟာ မိမိတို့ဝမ်းစာရေးအတွက် ကုမ္ပဏီထံမှာ အလုပ်သမားတွေအဖြစ် လုပ်ကိုင်နေရပါတယ်။ DMC ကုမ္ပဏီနဲ့ ပတ်သက်တဲ့ကိစ္စအဝဝကို ၁၅-၃-၂၀၁၂ မှာ တစ်ကြိမ်ဒေသခံရွာသားများနဲ့ ကုမ္ပဏီဝန်ထမ်းများ သင့်မြတ်ခြင်း မရှိဘဲ၊ လူမျိုးရေး ပဋိပက္ခအသွင် ဆောင်နေတဲ့ကိစ္စကို ၂၆-၄-၂၀၁၂မှာတစ်ကြိမ် ဝန်ကြီးချုပ်ထံ တင်ပြပြီး ဖြစ်ပါတယ်။ သက်ဆိုင်ရာမှ ယခုထိတိုင် လုပ်ကိုင်ပေးတာ မရှိသေးတာကိုလည်း တွေ့ရှိရပါတယ် ရှင်။ DMC ကုမ္ပဏီဟာ ရယူပြီးတဲ့မြေ ၁၉၉၇ကေကို

တစ်ကာယ်စိုက်ပျိုးခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေးသင့်တဲ့အပြင် ဒေသခံများ စိုက်ပျိုးလုပ်ကိုင်နေသော မြေနေရာများကို မချန် ကုမ္ပဏီများကို မြေချပေးနေမှုအား စီစစ်သင့်ပါတယ်။ ယခုလိုကျွန်မတို့ အစိုးရရဲ့ ပြည်သူများအပေါ် အလေးထားမှု မှန်ကန်စွာရပ်တည်နိုင်လိမ့်မယ်လို့ ပြည်သူတွေက မျှော်လင့်ပြီး ၎င်းမြေနေရာများကို ပြန်လည်ရယူလိုပါကြောင်း ဒေသခံများမှ တင်ပြလာပါတယ်။ ဒါ ကျွန်မဒေသမှာ ဖြစ်ပျက်တဲ့ အဖြစ်အပျက်လေး တစ်ခုကို ကျွန်မတင်ပြခြင်းပဲဖြစ်ပါတယ်။ ဒါပေမဲ့များစွာသော အဖြစ်အပျက်တွေကို ကြည့်မယ်ဆိုလို့ရှိရင် အလားတူသော တစ်ခြားသော စီးပွားရေးလုပ်ငန်းတွေမှာလည်း ဒေသခံအပေါ် နည်းအမျိုးမျိုးနဲ့ ပြဿနာ တွေကျရောက်နေတာကို တွေ့ရှိရပါတယ်။ ကမ္ဘာ့စီးပွားရေး ဆက်နွယ်မှုဖြစ်တဲ့ ယနေ့မျက်မှောက်ခေတ်တွင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖြစ်စဉ်နဲ့ ပူးတွဲလိုက်ပါရန် လိုအပ်နေပါတယ်။ အဲဒီ ဖြစ်စဉ်မှာ ပြည်သူလူထုတစ်ရပ်လုံးက ပါဝင်နိုင်ဖို့က ပိုပြီးအရေးကြီး နေပါတယ်။ စီးပွားရေးလုပ်ငန်းရှင်များဟာ နိုင်ငံ့အကျိုး၊ ဒေသအကျိုးအတွက် မည်မျှပင်ဆောင်ရွက်နေသည်ဟု ဆိုစေကာမူ ၎င်းတို့အတွက် အကျိုးအမြတ်မရှိဘဲနဲ့ လုပ်ဆောင်ကြမဲ့ လူတွေ မဟုတ်ပါဘူး။ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များရဲ့ ဒဏ်အပြင် ယခုလို ပြည်ပရင်းနှီးမြုပ်နှံမှုများဝင်လာမယ့် အချိန်မှာ ဒေသခံပြည်သူများကို ကာကွယ်ပေးဖို့ဟာ ကျွန်မတို့ ရှမ်းပြည်နယ်အနေနဲ့အရေးတကြီး လုပ်ဆောင်ဖို့လိုအပ်လျက်ရှိနေပါတယ်။ မြန်မာနိုင်ငံမှာ နိုင်ငံခြားရင်းနှီးမြုပ်နှံမှုများအတွက် တည်ငြိမ်သော အာမခံချက် ရရှိရေးအပြင် ရင်းနှီးမြုပ်နှံမှုများအား ထိန်းချုပ်ကန့်သတ်နိုင်မယ့် ဥပဒေများ အဆင်သင့်ဖြစ်စေရေးကိုသာ အရေးကြီးတယ်လို့ ကောက်ချက်ချနေတာထက် ကျင့်ဝတ်လိုက်နာတဲ့ ရင်းနှီးမြုပ်နှံမှုတွေကြောင့် ဒေသခံပြည်သူတွေအပေါ် ကျရောက်လာမယ့် ဆိုးကျိုးတွေကို ရေရှည်ကာကွယ်ပေးနိုင်ဖို့က ပိုပြီး လိုအပ်တဲ့ အတွက်ကြောင့် ဖြစ်နိုင်မယ်ဆိုရင် ကျွန်မတို့ရှမ်းပြည်နယ်မှာ တင်သွင်းတဲ့

အဆိုများကို ပြည်သူကရွေးကောက်တင်မြှောက်ထားတဲ့ ကိုယ်စားလှယ်များဆိုတာ ပြည်သူ့အသံများ ဖြစ်တဲ့အတွက်ကြောင့် ပြည်သူ့အသံများကို များစွာ ဖော်ပြပေးဖို့ လိုအပ်နေပါတယ်။ သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းရှင်များနဲ့ ဒေသခံပြည်သူများအကြား ဖြစ်ပေါ်လာနိုင်မယ့် လူမျိုးရေးအသွင်ဆောင်မဲ့ ပြဿနာများ၊ ပဋိပက္ခများကိုကြိုတင်ကာကွယ်ပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရက စီစဉ်ဆောင်ရွက် ထားနိုင်ပါရန် ဆိုတဲ့အဆိုကို တင်သွင်းအပ်ပါတယ်ရှင်။ ကျေးဇူးတင် ပါတယ် ရှင်။

[ **ဩဘာသံများ** ]

**ဥက္ကဋ္ဌ။** ကျွန်တော်တို့ လွှတ်တော်အစည်းအဝေးတွေမှာ မေးခွန်းတွေ မေးမြန်းတယ်၊ အဆိုတွေ တင်သွင်းတယ် နောက်ပြီးတော့ ဥပဒေကြမ်းတွေ တင်သွင်းတာ ရှိပါတယ်။ အဲဒီတော့ ဒီလိုတင်သွင်းတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ တင်သွင်းတဲ့အခါဖြစ်စေ၊ အကြံပြု ဆွေးနွေးတဲ့အခါဖြစ်စေ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်တဲ့ဘာသာ အယူအဆ မထားရှိဘဲ နိုင်ငံ့အကျိုး၊ ပြည်နယ်အကျိုး၊ ပြည်ထောင်စုအကျိုးကို မျှမျှတတဖြစ်စေရေးအတွက် အဓိကထားပြီးတော့ ဆောင်ရွက်ဖို့ ကျွန်တော့်အနေနဲ့ အကြံပြုပါတယ်။ နောက်ပြီးတော့မှ ဆွေးနွေးတဲ့အခါမှာလည်း ပုဂ္ဂိုလ်ရေးနဲ့ ပတ်သက်တဲ့ အသုံးအနှုန်းတွေ ကုမ္ပဏီကို ထိခိုက်စေမယ့် ဖော်ပြချက်တွေ မပါရှိဖို့ဆိုတာကို ကျွန်တော့်အနေနဲ့ ပထမနေ့ကတည်းက တင်ပြဖို့ ရှိပါတယ်။ ဒါပေမဲ့ ပထမနေ့က အစီအစဉ်များတဲ့အတွက် ကျွန်တော့်အနေနဲ့ ဒါတွေကို တင်ပြခွင့် မရှိခဲ့ပါဘူး။ ယခု အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်ရှိပါက ဆက်လက် ဆောင်ရွက်ပါ။

## ၁၉၂

**ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တစ်ကွ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေလို့ ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းကျော် ဖြစ်ပါတယ်။ အခု နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ဒေါ်နန်းခမ်းအေး တင်ပြထားတဲ့ အဆိုကို ကျွန်တော် ထောက်ခံပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ မြို့နယ်မှာလည်းပဲ ဒီအတိုင်း ကုမ္ပဏီနဲ့ ဒေသခံပြည်သူတွေ ဖြစ်ပျက်နေတဲ့ပြဿနာများ ရှိပါတယ်။ ဖြစ်ပျက်ခဲ့တဲ့အတိုင်းပဲ ကျွန်တော်တို့ ပြည်ထောင်စုအဆင့် အသီးသီး ကိုလည်း တင်ပြပါတယ်။ ဒါပေမဲ့ ဒီနေ့ ဒီအချိန်ထိလာရောက် ဖြေရှင်း ပေးခြင်း မရှိသေးပါဘူး။ **ဥပမာ-** ကျွန်တော်တို့ ကျောက်မဲမြို့နယ်၊ ပန်ဝိုးကျေးရွာအုပ်စုမှာရှိတဲ့ ပန်သပြေရွာမှာဆိုရင် တောင်သူတွေပိုင်တဲ့ လယ်ထဲ မှာကို မက်ကနေးတီးယားပင်တွေ ဝင်ရောက်စိုက်ပျိုး နေတာ တွေရှိပါတယ်။ အဲ့ဒီကိစ္စ တောင်သူတွေ ကျွန်တော်တို့ ဆီမှာ အကြိမ်ကြိမ် လာပြီးမှ အကူအညီတောင်း ကြပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ မြို့နယ်အဆင့်၊ ခရိုင်အဆင့်မှာလည်း ဖြေရှင်းပေးနိုင်ခွင့်၊ ဒီနေ့ အထိ မရသေးပါဘူး။ အဲ့ဒီလိုဘဲ ဒီကျွန်တော်တို့ ကျောက်မဲမြို့နယ် အနီးတစ်ဝိုက်မှာ ရှိတဲ့မြေတွေ၊ တောင်သူတွေအမြဲတမ်း လုပ်ကိုင် စားသောက်နေတဲ့ ဒီယာမြေတွေအပေါ် ကိုလည်း ကုမ္ပဏီကြီးတွေ ကနေပြီးတော့မှ ဝင်ရောက်ပြီးမှ စိုက်ပျိုးတယ်၊ သိမ်းယူတဲ့ကိစ္စတွေ အများကြီး ရှိခဲ့ပါတယ်။ အဲ့ဒါကြောင့်မို့ ကျွန်တော်တို့ ဒီကနေ့ ဒေါ်နန်းခမ်းအေး တင်ပြထားတဲ့အဆိုကို ကျွန်တော်တို့ ရှမ်းပြည်နယ် လွှတ်တော် အထက်မှာ ဆွေးနွေးသင့်ပါကြောင်း ကျွန်တော် ထောက်ခံ အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ [ ဩဘာသံများ ]

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ။**

**(သို့မဟုတ်)**

**အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။**

ဥက္ကဋ္ဌ။ ဒေါ်နန်းခမ်းအေး တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွား ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်များနဲ့ ဒေသခံပြည်သူများ အကြားဖြစ်ပေါ်လာနိုင်သည့် လူမျိုးရေး အသွင်ဆောင်သည့် ပြဿနာများ၊ ပဋိပက္ခများကို ကြိုတင်ကာကွယ်ပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရက စီစဉ်ဆောင်ရွက်ပေးထားနိုင်ရန် ဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံဆွေးနွေးဖို့ သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါ့မယ်။ အဆိုကို လက်ခံဆွေနွေးရန် လွှတ်တော်ကိုယ်စားလှယ်များက -

"သဘောတူပါသလား ခင်ဗျား။"

**[ ၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

ဥက္ကဋ္ဌ။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိသည့်အတွက် ဒေါ်နန်းခမ်းအေးရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေငြာပါတယ်။ [ သြဘာသံများ ]

**ဥက္ကဋ္ဌ**။ ယင်းအဆိုကို ၂၀၁၂ခုနှစ်၊ စက်တင်ဘာလ၊ ၂၇ရက်၊ ကြာသပတေးနေ့ မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့ အခါ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " **ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၂) ၁။ (ဃ)တွင် ပါရှိသော ယစ်မျိုးခွန် (အရက်ချက်) လိုင်စင် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်နိုင်ရေး** " အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ**။ အစီအစဉ်(၁၈) ဖြစ်ပါတယ်။ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းစိန်ဝင်း၏ အဆိုကို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းစိန်ဝင်း ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၁၈၈)၊ ဇယား(၂)၊ (၁)(က)တွင် ပါရှိသော ယစ်မျိုးခွန်အရက်ချက် လိုင်စင်လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်နိုင်ရေးအတွက် အဆိုတင်သွင်းခြင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် အရက်ချက်လိုင်စင်ကို ကျေးရွာအုပ်စုတစ်ခုလျှင် လိုင်စင်တစ်ခုပေးထားပြီး တစ်ဦး၊ တစ်ယောက်က ကိုင်ဆောင်

ထားခြင်း စနစ်ဖြစ် နေပါသည်။ ၎င်းလိုင်စင်ကို ကိုင်ဆောင်ထားသော သူနှင့် နားလည်မှု သဘော ညှိနှိုင်းပြီး လိုင်စင်ပွား၍ စုပေါင်း အခွန်ပေးသွင်း နေသည်ကို တွေ့ရပါသည်။ တစ်ချို့နေရာတွင် ၎င်းလိုင်စင် ကိုင်ဆောင် ထားသောသူက သူ့လိုင်စင် အာဏာနှင့် နားလည်မှု သဘောဆို၍ အခွန်များစွာ ကောက်ခံနေသည်ကိုလည်း တွေ့ရပါသည်။ အခွန်များကို ပြည်နယ်ဘဏ္ဍာငွေခွန်အတွက် နစ်နာဆုံးရှုံးနေသည်ဟု သုံးသပ် ယူဆမိပါသည်။ ဥပမာ- သီပေါမြို့နယ်တွင် အရက်ချက်လိုင်စင်(၁၆)ခု လုပ်ပိုင်ခွင့် ပေးထားကြောင်း တွေ့ရှိရပါသည်။ သီပေါမြို့နယ်၊ နမ့်လမ်းကျေးရွာအုပ်စုတွင် လိုင်စင်တစ်ခုတရားဝင်ရရှိထားပြီး သို့သော်လည်း CS2 ခေါ် တစ်ပိုင်တစ်နိုင် အရက်ချက်နေရာပေါင်း ၃၀ကျော် တည်ရှိနေတာကို တွေ့ရပါသည်။ ယခင်နှစ်များတွင် လိုင်စင်တစ်ခုသာ ပေးထားသော်လည်း နားလည်မှု သဘောဖြင့် တရားမဝင် အရက်ချက် နေရာပေါင်း ၃၀ ကျော်ခန့်ချက်နေ ခဲ့ပါသည်။ အရက်ချက် လုပ်ငန်း သက်တမ်းမှာလည်း နှစ်(၂၀)ကျော်ခန့် ရှိခဲ့ပါပြီ။ လိုင်စင် ကိုင်ဆောင် ထားသော သူဆီကို စုပေါင်းအခွန်ပေးသွင်းခဲ့သည်ဟု သိရှိရပါသည်။ ယခုနှစ်တွင် ၎င်းလိုင်စင်ခွန်နှင့် ပတ်သက်၍ ပြဿနာများဖြစ်ပေါ်ပုံမှာ လိုင်စင်ကိုင်ဆောင်ထားသောသူသည် လိုင်စင်မရှိသည့်သူအပေါ်ကို တစ်ဦးလျှင် ၃၂၀၀၀ဝိ/-ကျပ်ပေးသွင်း နိုင်မှသာပေးချက်မည်ဟု သူ့ကိုယ်သူ အခွန်လုပ်ထုံးလုပ်နည်း ထုတ်ပြန်တာကို တွေ့ရှိရပါသည်။ ပေးသွင်းခြင်း မရှိဘဲ ချက်နေလျှင် လိုင်စင်ကိုင်ဆောင်ထားသော သူက သက်ဆိုင်ရာ ဌာနကို တိုင်တန်းပြီး ခရိုင်အုပ်ချုပ်ရေးမှူးမှ တစ်လအတွင်း ဖျက်သိမ်းရမည်ဟု စာထုတ်ပြန်ထားသည်ကိုလည်း တွေ့ရပါသည်။ ၎င်း ဖြစ်စဉ်ကို နှစ်ရှည်ကြာ အရက်ချက်ခဲ့သည့်သူများမှာ အလုပ်လက်မဲ့ ဖြစ်သွားနိုင်သည်ကို တွေ့ရပါသည်။ ၎င်းပြဿနာကိုလည်း အကြီးအကျယ် ပြဿနာ တက်လာနိုင်သည်ကိုလည်း ယူဆမိပါသည်၊ အရက်ချက် လုပ်ငန်းများ ကိုပေါများစွာချက်လုပ်ပိုင်ခွင့် မပေးသင့်ကြောင်းလည်း သိရှိမိပါသည်။

သို့သော်လည်း ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများသည် မိမိ၏ မိသားစုတစ်နှစ်စာ စားသုံးရန်အတွက် မုံညင်းချဉ်တည်ခြင်း၊ မုံလာပန်းပွင့် အချဉ်တည်ခြင်း၊ ဆီတိုဖူး တည်ခြင်းများတွင် မပါမဖြစ် အရက်ကို ထည့်ရ ပါသည်။ ထို့ကြောင့် အရက်ကို အိမ်တွင်းစားသုံးဖို့ ထုတ်လုပ်ခြင်းတွင် အမှန်တစ်ကယ်လိုအပ်ပါသဖြင့် ကုန်ထုတ်လုပ်ငန်းပေါ်တွင်ကြည့်ပြီး အရက်လိုင်စင်စီကို ချပေးသင့်ပါသည်။ အရက်ချက်ရာတွင်လည်း ဆန်အရက်သည် ဆန်ကို(၇)ရက်(၈)ရက်စိမ်ပြီးမှ ချက်ယူနိုင်သည်။ သို့သော်ယနေ့မှာ မြေသြဇာရောသုံးပြီး တစ်ရက်အတွင်း စိမ်၍ ချက်ယူ နေသည်ကိုလည်းတွေ့ရပါသည်။ ၄င်းရရှိမည့် အရက်သည် ကျန်းမာရေးကို များစွာထိခိုက်နိုင်ကြောင်း စိုးရိမ်မိပါသည်။ ထို့ကြောင့် အရက်ချက် နေရာများတွင် အရက်များကိုသက်ဆိုင်ရာဌာနက မကြာခဏ ကွင်းဆင်း စီစစ်ပေးပြီး ထိရောက်စွာအရေးယူနိုင်ရန်လည်း လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ အရက်ချက်လိုင်စင် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဖြည့်စွက် နိုင်ရန်နှင့် အရက်ချက် လုပ်ငန်းနှင့် ပတ်သက်၍ထိုက်သင့်သည့် ပြည်နယ်ဘဏ္ဍာဝင်ငွေခွန်အခွန်အဖြစ် သတ်မှတ်ပြီးအရက်ချက်လုပ်ငန်း ကို စနစ်တကျ ချက်လုပ်ရန်နှင့် ပတ်သက်သည့် စည်းမျဉ်း၊ စည်းကမ်း လုပ်ထုံးလုပ်နည်း ဥပဒေများကို ရှမ်းပြည်နယ်အစိုးရက ပြင်ဆင်ဖြည့်စွက် ပြုလုပ်ပြဋ္ဌာန်းပေးနိုင်ပါက ပြည်သူများအတွက် သင့်တော်မည် ဖြစ်ကြောင်းနှင့် ပြည်နယ်အတွက်လည်း များစွာ အကျိုးရှိမည်ဖြစ်ကြောင်း အဆို တင်သွင်းအပ်ပါသည်၊ ကျေးဇူးတင်ပါတယ်ခင်ဗျား။[ သြဘာသံများ ]

ဥက္ကဋ္ဌ။ ဒီအဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်ရှိပါက ဆက်လက် ဆောင်ရွက်ပါ။

**ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တစ်ကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ဦးစိုင်းခမ်းကျော် ဖြစ်ပါတယ်။ သီပေါမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းစိန်ဝင်း တင်သွင်းအပ်တဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေဇယား(၂)၊ (၁)(က)တွင်ပါရှိသော ယစ်မျိုးခွန်အရက်ချက် လိုင်စင် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်နိုင်ရေးအဆိုကို လွှတ်တော်ထဲမှာ ဆွေးနွေးနိုင်ရန်အတွက် ထောက်ခံတင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ [ **သြဘာသံများ** ]

**ဥက္ကဋ္ဌ။** ဦးစိုင်းစိန်ဝင်း တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၂)၊ (၁)(က)တွင်ပါရှိသော ယစ်မျိုးခွန် အရက်ချက်လိုင်စင် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်နိုင်ရေး ဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါ့မယ်။ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က -

"သဘောတူပါသလား ခင်ဗျား။"

[ **၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။** ]

**ဥက္ကဋ္ဌ။** အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံ ဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးစိုင်းစိန်ဝင်းရဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေငြာပါတယ်။ [ **သြဘာသံများ** ]

ကန့်သတ်



**ဥက္ကဋ္ဌ။** အဆိုကို ၂၀၁၂ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့ ကြာသပတေးနေ့မှာ ဆွေးနွေးပါ့မယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့ အခါ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

**ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ်**
**ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး**
**(ဒုတိယနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး(တတိယနေ့)**
**ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (ဒုတိယနေ့)ကို ရပ်နားပါ့မယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(တတိယနေ့)ကို မနက်ဖြန် ၂၀၁၂ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့မှာ ကျင်းပသွားမှာ ဖြစ်ကြောင်း ကြေငြာပါတယ်။ [ **သြဘာသံများ** ]

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး(ဒုတိယနေ့)ကို ညနေ(၁၄၂၅)နာရီအချိန်တွင် ရပ်နားပါသည် ။ ]

ကန့်သတ်

၁၉၉

**ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**

**စတုတ္ထ ပုံမှန်အစည်းအဝေး(တတိယနေ့)မှတ်တမ်း**

**၁၃၇၄ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်**

**( ၂၀၁၂ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက် )**

**[ ကြာသပတေးနေ့ ]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်ကို နံနက် (၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးရဲနိုင်အောင်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန က ဆောင်ရွက်ပါသည်။ ]

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ မကြာမီအချိန်တွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(တတိယနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်ကြီးများ သတ်မှတ်ထားသောနေရာမှာ နေရာယူပေးကြပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ကိုယ်စားကြီးများ ခင်ဗျား။ ကျွန်တော် ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာနနဲ့ ရွှေပါရမီ ကျန်းမာရေးဖော်ဒေးရှင်တို့ ပူးပေါင်းပြီး ကျန်းမာရေးအာလှူတော် မင်္ဂလာဖွင့်ပွဲ အခမ်းအနားကို အင်းလေးဒေသ ညောင်ရွှေမြို့ကို စက်တင်ဘာလ ၂၉ ရက်နေ့ နံနက်(၀၉၀၀)နာရီမှာ ကျင်းပပြုလုပ်မှာဖြစ်ပါတယ်။ အကယ်၍

ကျွန်တော်တို့ အဆိုပါနေ့မှာ မိမိတို့သက်ဆိုင်ရာဒေသများသို့ ပြန်လည်ထွက်ခွါခြင်း မရှိသေးတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကြီးများအနေနဲ့ အဆိုပါ ကျန်းမာရေးအာလျှုတော်မင်္ဂလာဖွင့်ပွဲအခမ်းအနားကို တက်ရောက်ပေးနိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါတယ်။ အခမ်းအနားကို သွားရောက်ဖို့အတွက် (၂၉)ရက်နေ့ နံနက်ခင်းမှာ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ သွားလာရေးလွယ်ကူစေဖို့အတွက် မော်တော်ယာဉ်များလည်း စီစဉ်ပေးမှာ ဖြစ်ကြောင်း ကြိုတင်အသိပေး တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပြီ ခင်ဗျား ။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား ။

**ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (တတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီအဖွဲ့၏ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၄၃)ဦး ရှိသည့်အနက် ဒီကနေ့အစည်းအဝေးကို (၁၃၂)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏(၉၂.၃%)ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်တဲ့ ကိုယ်စားလှယ် ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(က)၊ တိုင်းဒေသကြီးနှင့်

ကန့်သတ်

၂၀၁

ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄၊ နည်းဥပဒေ ပုဒ်မခွဲ(ခ)အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ(ဂ)တို့အရ အစည်းအဝေး စတင်ကြောင်း ကြေညာပါတယ် ။ [ ဩဘာသံများ ]

## ပြည်နယ်လွှတ်တော် အစည်းအဝေး(တတိယနေ့) အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေပေးထားသော အစီအစဉ်များ အတိုင်းဆက်လက် ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များအား မိမိကိုယ်တိုင် သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း ခွင့်ပန်ကြားမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ကန့်သတ်**

**၂၀၂**

**ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ လဲချားမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇေယျ ဖြစ်ပါတယ်။ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းမြင့် သည် **'ကျန်းမာရေး မကောင်းပါသဖြင့်'** ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် (၂၇. ၉. ၂၀၁၂)နေ့ (၁)ရက်အား အစည်းအဝေးတက်ရောက် ခွင့်ကင်းလွတ် ခွင့်ပြုပေးနိုင်ပါရန် ဦးထွန်းမြင့် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (တတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေ(၁၄၃)ဦး၊ ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦး၊ စုစုပေါင်း ခွင့်ပြုထားသူ(၁၁)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို -

"အတည်ပြုပါသလား ခင်ဗျား။"

[ ၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေငြာ ပါတယ်။ [ **သြဘာသံများ** ]

**ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးက မေးမြန်းသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းမှ တာဝန်ရှိ ပုဂ္ဂိုလ်က ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြက ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း လေးစားဂါရဝပြုကြောင်း ဦးစွာပြောကြားလိုပါတယ်။ ကျွန်တော်အနေနဲ့ ဒီကနေ့ မေးခွန်းမှာ နောင်ချိုမြို့နယ်အတွင်း လောင်းကစားဝိုင်းများနဲ့ ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ နောင်ချိုမြို့မှာ တစ်လုံးနှစ်လုံးသုံးလုံး လောင်းကစားဝိုင်းများ ပြန်လည် ခေါင်းထောင်လာနေပါတယ်။ အများသိကြတဲ့အတိုင်း တစ်လုံးဆိုတာ ဘောလုံးလောင်းကစားခြင်း၊ နှစ်လုံးနဲ့သုံးလုံး ဆိုတာ ချဲထီလောင်းကစားခြင်းများ ဖြစ်ပါတယ်။

လက်ရှိ အစိုးရသစ်မတက်လာမှီအချိန်က မိမိတို့ မြို့နယ်မှာ တစ်လုံးနှစ်လုံးသုံးလုံးများအပြင် ဂျင်ဝိုင်းများ၊ ဂုံးဂင်းဝိုင်းများ၊ ဖဲဝိုင်း များဟာ အမိန့်ရသဖွယ်ဘုရားပွဲကအစ၊ အသုဘအဆုံး တရုန်းရုန်း(၁၂)ပွဲ သမားများ အလုပ်ဖြစ်နေကြပါတယ်။ အစိုးရသစ်တက်လာတဲ့ အချိန်တွင် (၁၂)ပွဲ သမားအများစုမှာ "ကောင်းရောင်း၊ ကောင်းဝယ်"ဖက်လိုင်း ပြောင်းသွားကြသဖြင့် အများပြည်သူများမှာ စိတ်ချမ်းသာခဲ့ကြ သော်လည်း နှစ်လုံး၊ သုံးလုံးလုပ်သည့် ချဲထီဒိုင်တစ်ဦးမှာမူ မြို့လယ်ကောင်တွင် ယနေ့အချိန်ထိ "ပန်းပန်လျက်"ကျန်ရှိနေပါတယ်။ ပို၍ အကျဉ်းတန် အရုပ်ဆိုးသည်မှာ ၄င်းချဲထီဒိုင်မှာ နိုင်ငံ့ဝန်ထမ်းဖြစ်နေခြင်း ဖြစ်ပါတယ်။ မြို့နယ်အဆင့်က အရေးမယူသဖြင့် ခရိုင်မှ ဆင်းပြီးဖမ်းဆီးခဲ့ရာတွင်လည်း အဖျားအနားဖြစ်သည့် ချဲရောင်းသူ အမျိုးသမီးလေးများသာ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးခံ သွားခဲ့ပါတယ်။

မြို့နယ်အုပ်ချုပ်ရေးရုံးစိုက်ရာ မြို့တွင် ယင်းကိစ္စကို မသိကျိုးကျွံပြု ထားသည့်အတွက် မိမိတို့ ရှမ်းပြည်တွင် ယခင်က အလေ့အထ မရှိသည့် ကြက်တိုက်လောင်းကစားမှုများပါ တိုးပွားလာခဲ့ပါတယ်။ မီးရထားဘူတာရုံနှင့် မလှမ်းမကမ်း ရပ်ကွက်အတွင်း ကြက်တိုက်ပွဲကို လပြည့်လကွယ်နေ့များတွင် ပြုလုပ်နေရာ အလျော်အစား ကျပ်သိန်း(၅၀)ကျော် အထိရှိသည့် ကြေးကြီးဝိုင်း ဖြစ်နေသော်လည်း အရေးယူမှု မရှိပါ။ မြို့နှင့် မလှမ်းမကမ်းဈေးရှိသည့် ကျေးရွာများတွင် ယခင်ကရပ်နားထားခဲ့သည့် လောင်းကစားဝိုင်းများ ပြန်လည်လှုပ်ရှားခေါင်းထောင်နေသည်ကို အများပြည်သူများက စိတ်မချမ်းမြေ့ဖွယ် ဖြစ်နေရပါတယ်။ ကောင်းမွန်သောအုပ်ချုပ်ရေး

(Good Governance)၊ သန့်ရှင်းသောအစိုးရ(Clean Government) ဖြစ်လာအောင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် လမ်းညွှန်ကြီးကြပ်နေသည့်ကာလတွင် အရေးယူဆောင်ရွက်မှု မရှိသည်မှာ "မျိုးကောင်းမျိုးသန့် ဒီမိုကရေစီသစ်ပင်လေး"ကို လူကြီးများကိုယ်တိုင် ရေလောင်းပေါင်းသင်နေချိန်တွင် ကြီးထွားလာသည့် ပေါင်းမြက်များကို မြို့နယ်တွင် တာဝန်ရှိသူများက မရှင်းလင်းဘဲ ပစ်ထားသလို ဖြစ်နေပါတယ်။

ဒုစရိုက်မှုများ ပေါ်ပေါက်လာစေပြီး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးစီမံချက်ကို ထိခိုက်စေသည့် နောင်ချိုမြို့မှ ဘောလုံး၊ ချဲထီ၊ ကြက်တိုက်ပွဲ လောင်းကစားများကို ပပျောက်သွားအောင် အရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါတော့ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နောင်ချိုမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြရဲ့ မေးမြန်းထားတဲ့ နောင်ချိုမြို့နယ်အတွင်း ဒုစရိုက်မှုများပေါ်ပေါက်လာစေပြီး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးစီမံချက်ကို ထိခိုက်စေသည့် နောင်ချိုမြို့မှ ဘောလုံး၊ ချဲထီ၊ ကြက်တိုက်ပွဲ လောင်းကစားများကို ပပျောက်သွားအောင် အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိဆိုသည့် မေးခွန်းနှင့် စပ်လျဉ်းပြီး ကျွန်တော် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး အောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နောင်ချိုမြို့နယ်အတွင်းတွင် လောင်းကစားမှု ပပျောက်ရေး အတွက် ပညာပေးသတင်းထုတ်ပြန်ခြင်း၊ သတင်းစုဆောင်းခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း၊ ဖမ်းဆီးအရေးယူခြင်း၊ ထိရောက်ဟန့်တား လောက်သည့် အပြစ်ဒဏ်ရရှိအောင် ဆောင်ရွက်ခြင်း၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဟူ၍ အပိုင်း(၅)ပိုင်းဖြင့် စီမံချက်ရေးဆွဲ၍ ဆောင်ရွက်လျက် ရှိပါတယ်။

ပညာပေးထုတ်ပြန်ရာမှာ လောင်းကစားမှုကြောင့် ပြည်သူများ အကျင့်စာရိတ္တယိုယွင်းလာမှု၊ ဖောက်လွဲဖောက်ပြန်ဖြစ်ပေါ်လာမှု ၊ ရာဇဝတ်မှုခင်းများ ဖြစ်ပေါ်လာမှု၊ မိမိနှင့် ဆက်စပ်လျက်ရှိသော မိသားစု ဆွေမျိုးများအတွင်း လူမှုရေးသိက္ခာကျဆင်းမှု၊ နိုင်ငံစီးပွားရေးလုံခြုံမှုကို ထိခိုက်စေမှု၊ နိုင်ငံတော်၏ စီးပွားရေးကို ကျောင်းသားထုအတွင်း မျက်ဝါး ထင်ထင်သိမြင်လာအောင် ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ခြင်း၊ ဇာတ်လမ်းဖန်တီး ထုတ်လုပ်ပြသခြင်းတို့ကို ပြုလုပ်ရေးအတွက် သတင်းမီဒီယာဌာနများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်လျက် ရှိပါသည်။ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် လောင်းကစားမှုကြောင့် ဖြစ်ပေါ်လာသည့် မှုခင်းဖြစ်ရပ် များကို ရှုခင်းရှုထောင့်ဖြစ်ရပ်မှန်မှုခင်း၊ မှုခင်းဂျာနယ်တို့တွင် ထည့်သွင်းရန်၊ စာသင်ကျောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ အများပြည်သူတို့နှင့် ဆိုင်သော အဆောက်အဦတို့တွင် လောင်းကစားမှုကြောင့် ဒုက္ခရောက်ရသည့် ဖြစ်စဉ်များနှင့် ဆိုးကျိုးများကို ဥပဒေပြဋ္ဌာန်းချက်များနှင့် ပေါင်းစပ်၍ တရားဥပဒေဆိုင်ရာ ဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း ပညာပေးဟောပြောမှုများကို အခါအားလျော်စွာ ပြုလုပ်သွားရန်၊ ပညာပေးဆောင်ပုဒ်များကို အများပြည်သူဆိုင်ရာ ဈေး၊ လမ်းဆုံလမ်းခွ၊ ဘူတာစသည့် လူစည်ကားရာနေရာများတွင် ကြေငြာရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

သတင်းစုဆောင်းခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းတွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများမှ မိမိအပိုင်နယ်မြေများတွင် ချဲထီ၊ နှစ်လုံးထီလေးကောင်ဂျင်၊ ဖဲနှင့် အခြားလောင်းကစားဝိုင်းများ အမြဲပြုလုပ်လေ့ရှိသော နေရာများ၊ အမြဲလောင်းကစားသူများ၊ ဒိုင်များကို မိမိ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ ပြည်သူ့စစ်၊ ပြည်သူ့စွမ်းအားရှင်၊ ရပ်မိ/ရပ်ဖများထံမှ သတင်းစုံစမ်းထောက်လှမ်းရယူ၍ မှတ်တမ်းပြုစုထားရန်၊ သတင်းရရှိထားသော နေရာများကို မျက်ခြေမပြတ် စောင့်ကြပ်ကြည့်ရှု ဆောင်ရွက်လျက် ရှိပါသည်။

ဖမ်းဆီးအရေးယူရာတွင် သတင်းစုဆောင်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းအပိုင်းတွင် အရေးယူရန် အခြေအနေ ပေါ်လာသည်နှင့် တစ်ပြိုင်နက် အသင့်စုဆောင်းထားသည့် ပူးပေါင်းအင်အားများဖြင့် ဝိုင်းဝန်းပိတ်ဆို့ ဖမ်းဆီးရန်၊ အရေးယူရာတွင် ဥပဒေပြဋ္ဌာန်းချက်ပါ လုပ်ထုံးလုပ်နည်းများနှင့် အညီ တိတိကျကျလိုက်နာရေးကို လစ်ဟာမှု မရှိအောင် သတိပြုရန်၊ လောင်းကစားမှုဖြင့် ကျော်ဇောသတင်းရှိသော်လည်း ၎င်းအား ဖမ်းဆီးရမိမှု မရှိပါက မြန်မာနိုင်ငံရဲ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် ညှိနှိုင်း၍ ခြေချုပ်နှင့် ခံဝန် ဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ထိရောက်ဟန့်တားလောက်သော ပြစ်ဒဏ်ရရှိအောင် ဆောင်ရွက်ရာတွင် ပြစ်မှုကျူးလွန်သူများအား ထိရောက်ဟန့်တားလောက်သော ပြစ်ဒဏ်ပေးနိုင်ရန် အမှုတည်ဆောက်မှု ခိုင်မာခြင်း၊ သက်သေထွက်ဆိုချက် မှန်ကန်သော အမှုများတွင် ပြစ်မှုကျူးလွန်သူများအား ဒေသအုပ်ချုပ်မှု အဖွဲ့အစည်းများထံ တင်ပြ၍ ဥပဒေအရာရှိ၊ တရားသူကြီးတို့နှင့် ညှိနှိုင်း၍ အချိန်နှင့် တပြေးညီဆောင်ရွက်လျက် ရှိပါသည်။

ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရာတွင် ချဲထီ၊ နှစ်လုံးထီအမျိုးအစားမှာ အရပ်သားများသာမက ဝန်ထမ်းများအတွင်း၌ ကျယ်ကျယ်ပြန့်ပြန့်လွှမ်းခြုံနေသည့်အတွက် ဥပဒေအရ အရေးယူ ဆောင်ရွက်

ရခြင်းထက် ဌာနဆိုင်ရာအကြီးအကဲများမှတဆင့် ထိန်းကျောင်း ပြုပြင်မှုဖြင့် ရပ်တန့်သွားပါက အကောင်းဆုံးနည်းလမ်းဖြစ်၍ တိုင်း/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ကာ ဥပဒေပြဌာန်းချက်ဖြင့် ဝန်ထမ်းများ၏ အန္တရာယ်ကို ပိုမိုပြင်အောင် သိရှိလာရေးအတွက် ချပြဆွေးနွေး ဆောင်ရွက်လျက် ရှိပါသည်။

နောင်ချိုမြို့နယ်အတွင်း၌ ဖမ်းဆီးအရေးယူဆောင်ရွက်မှု အပိုင်းအနေဖြင့် ၂၀၁၁ခုနှစ်အတွင်း ချဲထီ၊ နှစ်လုံးထီ လောင်းကစားမှု(၁)မှု၊ ၂၀၁၂ခုနှစ် ဩဂုတ်လအထိ ချဲထီ၊ နှစ်လုံးထီလောင်းကစားမှု(၁)မှုနှင့် ဖဲလောင်းကစားမှု(၁)မှုတို့ကို အရေးယူဆောင်ရွက်ခဲ့ပါသည်။ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် လောင်းကစားမှု ပပျောက်ရေး တားဆီးနှိမ်နင်းရေး အဖွဲ့၊ ပညာပေးရေးနှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၊ လောင်းကစားမှု ကျော်ဇောသတင်းရှိသူများ စာရင်းကောက်ယူရေးအဖွဲ့၊ လောင်းကစားမှု ကျော်ဇောသတင်းရှိသူများ စာရင်းမှန်ကန်မှုရှိစေရေးအတွက် စာရင်း စိစစ်ကြပ်မတ်ဆောင်ရွက်ရေးအဖွဲ့စသည့် အဖွဲ့များကို မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူး(နောင်ချို၊ ဒိုးပင်၊ ဘန့်ဘွေးရဲကင်း)၊ ဥပဒေအရာရှိ၊ ဦးစီးအရာရှိ (လဝက)၊ ဒုဦးစီးမှူး(ထွေ/အုပ်)၊ ပညာရေးမှူး၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ NGO များပူးပေါင်း ပါဝင်သည့် ကြီးကြပ်မှု ကော်မတီကို ဒုရဲမှူးဝင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်၍ မြို့နယ်ထွေ/အုပ်၊ မြို့နယ်ဥပဒေရုံး၊ မြို့နယ်လဝက၊ မြို့နယ်ပညာရေး၊ မြို့နယ်ပြန်/ဆက်၊ မြို့မိမြို့ဖ(၂)ဦး ပါဝင်၍ အရန်မီးသတ်တပ်ဖွဲ့တို့မှ ကြီးကြပ်ဆောင်ရွက်လျက် ရှိပါသည်။

ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများ၏ လစဉ်ပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေးများတွင် မြို့နယ်အတွင်းလောင်းကစားမှု ပပျောက်ရေးအတွက် စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်ရေး လစဉ်ချပြဆွေးနွေးဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု ၊

အုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စွမ်းအားရှင်များ ပူးပေါင်း၍ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများအတွင်း ဘောလုံး၊ နှစ်လုံးထီ၊ သုံးလုံးထီ(ချဲထီ)၊ ဖဲဝိုင်းများ၊ ဂျင်ဝိုင်းများ၊ ကြက်တိုက်ပွဲများ အပါအဝင်မည်သည့်လောင်းကစားမှု ပြုလုပ်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက် ရှိပါသည်။

ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများမှ မိမိရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာအတွင်း သာရေး၊ နာရေး၊ ဘာသာရေးနှင့် အခမ်းအနားများတွင် မည်သည့်လောင်းကစားမှုဆောင်ရွက်ခြင်း မပြုစေရေး အထူးစိစစ်ကြပ်မတ် ဆောင်ရွက်သွားရန်နှင့် လောင်းကစားများ ပြုလုပ်ဆောင်ရွက်ကြောင်း စိစစ်တွေ့ရှိရပါကလည်း ဥပဒေအရ လုပ်ထုံးလုပ်နည်းနှင့် အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၂-၂-၂၀၁၂) ရက်စွဲပါစာအမှတ်၊ ၃ / ၁ - ၄ /ဦး ၅(၁၂၈၈)ဖြင့် လည်းကောင်း အကြောင်းကြားထားရှိပြီး မိမိရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသို့ စဉ်ဆက်မပြတ် ချပြဆွေးနွေးမှာကြားလျက် ရှိပါသည်။

မြို့နယ်အတွင်း လောင်းကစားမှုပပျောက်ရေး လုပ်ငန်းများအား နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့် အညီ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ စဉ်ဆက်မပြတ်စိစစ် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် နောင်ချိုမြို့နယ်တွင် သာမက ပြည်နယ်အတွင်းရှိ ကျန်မြို့နယ်များတွင်လည်း လောင်းကစားခြင်း ကင်းစင်ပပျောက်ရေးအတွက် လောင်းကစားမှု ကင်းစင်ပပျောက်ရေးကြီးကြပ်မှုကော်မတီများ ဖွဲ့စည်း တာဝန်ပေးအပ်ဆောင်ရွက်ပြီးကြပ်မတ်စွာဖြင့် ဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ကန့်သတ်

၂၁၀

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးကျော်မြ အား ဒုတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကျွန်တော့်အနေနဲ့ နောင်ချိုမြို့နယ်အတွင်း ပျက်စီးယိုယွင်းလာသည့် ဆည်(၆)ခုအား ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ နောင်ချိုမြို့နယ်အတွင်း စပါးအပါအဝင် သီးနှံများစိုက်ပျိုးရာတွင် အထောက်အကူဖြစ်စေရန် အောက်ပါဖွံ့ဖြိုးရေးဆည်လေးများကို တည်ဆောက်ခဲ့ရာကာလ ကြာမြင့်လာပြီဖြစ်သဖြင့် ပျက်စီးယိုယွင်းမှုများ ရှိလာပါတယ်။ သုံးဆယ်ကျေးရွာအုပ်စုအတွင်းရှိ ဝက်ခေါင်းဆည်၊ ပိန္နဲကုန်းဆည်၊ ကန့်နီဆည်၊ အထက်ကြူအင်းကျေးရွာအုပ်စုရှိ ကျွဲတပ်ဆည်၊ ညောင်ထောက်အုပ်စုအတွင်းရှိ မြင်းကျဒိုးဆည်၊ ဥာဏ်တောကျေးရွာအုပ်စုအတွင်းရှိ ဖါသွန်းကျေးရွာအနီးရှိ ချောင်းကြီးဆည်တို့ ဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးစီမံချက်အထောက်အကူပြုသည့် အထက်ဖေါ်ပြပါဆည်များအား ပြုပြင်ပေးရန် အစီအစဉ်ရှိပါသလား? အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးပါမည်နည်း? မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ကန့်သတ်

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါတော့ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါကြောင်းနဲ့ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးကျော်မြ မေးမြန်းထားသည့် မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီး ဦးစိုင်းဆာလူ မှ ဖြေကြားမှာ ဖြစ်ပါတယ်။

မေးထားတဲ့ မေးခွန်းကတော့ နောင်ချိုမြို့နယ်အတွင်း ပျက်စီးယိုယွင်းလာသည့် သုံးဆယ်ကျေးရွာအုပ်စုအတွင်းရှိ ဝက်ခေါင်းဆည်၊ ပိန္နဲကုန်းဆည်၊ ကန့်နီဆည်၊ အထက်ကြူအင်းကျေးရွာအုပ်စုရှိ ကွဲတပ်ဆည်၊ ညောင်ထောက်အုပ်စုအတွင်းရှိမြင်းကျဒိုးဆည်၊ ဥာဏ်တောကျေးရွာအုပ်စုအတွင်း ဖါသွန်းကျေးရွာအနီးရှိ ချောင်းကြီးဆည်များမှာ ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားသော ဆည်/ကန်များ မဟုတ်ပါ။ ကျေးရွာဖွံ့ဖြိုးရေးဆည်များသာဖြစ်သည့်အတွက် ဆည်မြောင်းဦးစီးဌာနမှ လက်တလောပြုပြင်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် လွှတ်တော်ကိုယ်စားများ၏ တင်ပြချက်အပေါ် ပျက်စီးမှုများအား အသေးစိတ် ကွင်းဆင်းတိုင်းတာပြီးပါက ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)သို့ ဆက်လက်တင်ပြပေးသွားမည်ဖြစ်ပြီး၊ ခွင့်ပြုချက်ရရှိပါက ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းအက်စ်ကီးမိုးက ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းအက်စ်ကီးမိုး၊ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** အားလုံး မင်္ဂလာပါ ရှင်။ ကျွန်မကတော့ လဲချားမြို့နယ်မဲဆန္ဒနယ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းအက်စ်ကီးမိုး ဖြစ်ပါတယ် ရှင်။ ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များအတွက် Capacity Building တိုးတက်မြှင့်မားလာစေရန် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်ဟု သိရှိခဲ့ရပါတယ်။ ထို့ကြောင့် ရှမ်းပြည်နယ်လွှတ်တော်မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် Capacity Building တိုးတက်မြှင့်မားလာစေရန် ဆောင်ရွက်ထားသည့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ် ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ် ရှင်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းခမ်းမှတ်၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စိတ်နှစ်ပါး ချမ်းသာနှစ်ဖြာသော သုခပြည့်ဝပါစေကြောင်း ဆုမွန်ကောင်း ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းအက်စ်ကီးမိုး မေးမြန်းတဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ Capacity Building တိုးတက်မြှင့်မားလာစေရန်အတွက် ဆောင်ရွက်ထားသည့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။ ဆိုတဲ့ မေးခွန်းနဲ့ ဆက်လျဉ်းပြီးတော့ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဖြစ်သူ ကျွန်တော် ဦးစိုင်းခမ်းမှတ် က ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော် အပါအဝင် လွှတ်တော်ရဲ့ သက်တမ်းဟာ အခုဆိုရင် (၁)နှစ်နဲ့ (၈)လရှိပြီဖြစ်ပါတယ်။ အားလုံးသိရှိပြီး ဖြစ်တဲ့အတိုင်း လွှတ်တော်ကိုယ်စားလှယ်များဆိုတာ အလွှာပေါင်းစုံ၊

အဖွဲ့အစည်းပေါင်းစုံနဲ့ နယ်ပယ်အသီးသီးက ပုဂ္ဂိုလ်များဖြစ်ကြတဲ့အညီ ပြည်သူများ၏အကျိုးကို ထိရောက်အောင်မြင်စွာ ဖော်ဆောင်နိုင်ရေး အတွက် လွှတ်တော်ကိုယ်စားလှယ်များရဲ့ Capacity Building လွှတ်တော်ကိုယ်စားများရဲ့ အရည်သွေးအရည်ချင်း တည်ဆောက်ပေးဖို့ ဆိုတာ အမှန်လိုအပ်လျက် ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အရည်ချင်းအရည်သွေးများကို မြှင့်တင်ပေးခြင်းဖြစ် လွှတ်တော်အတွင်းနဲ့ လွှတ်တော်ပြင်ပလုပ်ငန်းများကို ဆောင်ရွက်ရာမှ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် အညီမှန်ကန်စွာ အကောင်အထည်ဖော်နိုင်မှာဖြစ်သလို အဖွဲ့အစည်း များနဲ့ ထိန်းညှိရေး Chack and Balance ဆောင်ရွက်ရာမှာလည်း အဆင်ပြေချောမွေ့မှာ ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ် များအား ရက်တိုသင်တန်းပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက် ပေးခြင်း၊ အခြားဒေသမှ လွှတ်တော်ကိုယ်စားလှယ်များနဲ့ နည်းနှော ဖလှယ်ခြင်းဖြင့် လုပ်ငန်းများဟာ ဆောင်ရွက်သင့်တဲ့ကိစ္စရပ်များ ဖြစ်ပါတယ်။ ဒါတွေကို ဆောင်ရွက်နိုင်ဖို့အတွက် အထက်အဖွဲ့အစည်းများ ဖြစ်ကြတဲ့ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသား လွှတ်တော်တို့ရဲ့ ကော်မတီများနဲ့ အဖွဲ့ဝင်များထံမှ နည်းပညာပိုင်း ဆိုင်ရာ အကူအညီနဲ့ ဆောင်ရွက်တဲ့အချိန်မှာ ဆောင်ရွက်ရာမှာ ကုန်ကျသုံးစွဲမယ့် ငွေကြေးရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ ရှမ်းပြည်နယ်လွှတ်တော်မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အတွက် Capacity Building တိုးတက်မြှင့်မားစေရန် ဆောင်ရွက် ပေးဖို့ အစီအစဉ်ရှိပါကြောင်း ပြောကြားလိုပါတယ် ခင်ဗျား။

ပြီးခဲ့တဲ့ ၂၀၁၂ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့က ပြည်နယ်လွှတ်တော် စည်းဝေးခန်းမမှာ ပြုလုပ်တဲ့ ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် UNDP နဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ တိုင်းရင်းသားလူမျိုးအရေးဆိုင်ရာကော်မတီဝင်များ တွေ့ဆုံဆွေးနွေးပွဲမှာ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် Capacity Building

ဆိုင်ရာအကူအညီရရှိရေး လွှတ်တော်ကိုယ်စားလှယ်များ နိုင်ငံတစ်ကာ အတွေ့အကြုံ လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးနိုင်ရန်နဲ့ လွှတ်တော်ရုံးအတွက် စာကြည့်တိုက်ထူထောင်ရာမှာ အကူအညီ ရရှိရေး တို့ကို ဆွေးနွေးညှိနှိုင်းထားပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အရည်အချင်း၊ အရည်အသွေးမြှင့်ရေးအတွက် Capacity Building ကို အခြေအနေပေးလာသည်နှင့် အမျှ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ [ သြဘာသံများ ]

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဒေါ်နန်းအက်စ်ကီးမိုး အား ဒုတိယ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းအက်စ်ကီးမိုး၊ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ကျွန်မရဲ့ ဒုတိယ မေးခွန်းကတော့ လဲချားမြို့နယ်အတွက် ပျံကျဈေး တည်ဆောက်ဖို့ ဖြစ်ပါတယ် ရှင်။ လဲချားမြို့နယ်ရှိ မြို့မဈေးကြီးတွင်ရှိသော ပျံကျဈေးသည်များအတွက် ရောင်းချရန်နေရာ လုံးဝမရှိပါ။ ဈေးကြီး၏ ဘေးကပ်လျက်ရှိနေသော ဗထူးလမ်းနှင့် ဘုရင့်နောင်လမ်းမ လမ်းဘေး ဝဲယာတစ်လျှောက်တွင် နေရာချ၍ ရောင်းချနေတာကို တွေ့ရှိရပါတယ် ရှင်။ ၄င်း လမ်းဘေးဝဲယာတစ်လျှောက်တွင် ဈေးသည်များရောင်းချ နေရခြင်းဖြစ် ဈေးဝယ်သူများ၊ ကုန်တင်ယာဉ်ကြီး/ငယ်များ၊ မော်တော် ဆိုင်ကယ်များနဲ့ ဈေးဝယ်သူများ မကြာခဏတိုးမိတိုက်မိနဲ့ ပြဿနာများ ဖြစ်နေပါသည်၊ မြို့မကြီးနဲ့ ကပ်လျက်ရှိသော ပန်းခြံကြီးသည် ကျဉ်းမြောင်းသော မြေနေရာ အကျယ်အဝန်းအရလည်းကောင်း၊ မြို့အနေအထားအရ ပန်းခြံဆောက်လုပ်ရန် သင့်လျော်သော မြေရာမဟုတ်သည်က တစ်ကြောင်း၊ ထိုပန်းခြံ တည်ဆောက်သည်ထက် ပိုမိုသင့်လျော် ဆောင်ရွက်သင့်သော ဆင်းရဲမွဲတေမှုလျော့ချရေး၊ ဝင်ငွေတိုးပွားရေးနှင့် လူမှုစီးပွား

ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအား ဖော်ဆောင်သောအားဖြင့် ပွဲကျဈေးဆိုင်များ တည်ဆောက်ပေးမည်ဆိုပါက ပိုမိုသင့်လျော်သည်ဟု ထင်မြင်ယူဆမိပါသည်။ (၉. ၇. ၂၀၁၂)ရက်နေ့တွင် ဈေးသူဈေးသားများ ပူးပေါင်း၍ စည်ပင်ဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် လွှတ်တော် ဥက္ကဋ္ဌထံသို့ စာပေးပို့ထားခဲ့သည်ကိုလည်း သိရှိရပါတယ်။ ထို့ကြောင့် ၄င်းပန်းခြံကြီးအား မြို့နယ်နှင့် ပိုမိုသင့်လျော်လိုက်ဖက်သည့် နေရာသို့ ရွှေ့ပြောင်းသတ်မှတ်ပေးနိုင်ပါရန်နှင့် ၄င်းပန်းခြံကြီးအစားတွင် လဲချားမြို့နေပြည်သူများ အထူးသဖြင့် ပွဲကျဈေးသူ/ဈေးသားများအား ပိုမိုအဆင်ပြေစေရန် ပွဲကျဈေးသတ်မှတ်တည်ဆောက်ပေးနိုင်ပါရန်အတွက် မည်သို့စီစဉ်ဆောင်ရွက်ပေးမည်နှင့် မည်သည့် အချိန်ကာလတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ် ရှင်။ ကျေးဇူးတင်ပါတယ် ရှင်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးတူးမောင်၊ စည်ပင်သာယာရေး ဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ကျန်းမာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ။ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းအက်စ်ကီးမိုးရဲ့ လဲချားမြို့ရှိ မြို့မဈေးနှင့် ကပ်လျက်ရှိသော ပန်းခြံအား ပွဲကျဈေးသတ်မှတ် တည်ဆောက်ပေးနိုင်ရန်အတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းနှင့် စပ်လျဉ်းသည့် မေးခွန်းအား ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေး ဝန်ကြီး ဦးတူးမောင်မှ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

လဲချားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြသီတာပန်းခြံ မြေနေရာအား လဲချားမြို့သူ/မြို့သားများအတွက် စားဝတ်နေရေး အထောက်အပံ့ ဖြစ်စေနိုင်ပြီး၊ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းအဖြစ် ဆောင်ရွက်နိုင်ရေး ပွဲကျဈေးတန်းအဖြစ် သတ်မှတ်ချထားပေးပါရန် ပွဲကျရောင်းချသူ ဒေါ်နန်းမြစိန်ပါ (၂၁၉)ဦးမှ (၉. ၇. ၂၀၁၂)ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ထံသို့ တင်ပြခဲ့ပါသည်။ လဲချားမြို့နယ်ရှိ မြို့မဈေးနှင့် ကပ်လျက်ရှိသော အဖွဲ့ပိုင်မြသီတာပန်းခြံမှာ (၁. ၀၆၀)ဧက ရှိပါသည်။ မြို့မဈေးနှင့် ကပ်လျက်ရှိပါသဖြင့် မြသီတာပန်းခြံနေရာတွင် ပွဲကျဈေးဖွင့်လှစ်ပါက ပွဲကျဈေးအဖြစ် ပိုမိုသင့်လျော်မည် ဖြစ်ပါသည်။ အဖွဲ့ပိုင် မြသီတာပန်းခြံမှာ အများပြည်သူ စိတ်လက်အပန်းဖြေ အနားယူရန်အတွက် တည်ဆောက်ထားသော ပန်းခြံဖြစ်ပါသဖြင့် ပန်းခြံ နေရာအစားရရှိမှသာ မြသီတာ ပန်းခြံနေရာတွင် ပွဲကျဈေးတည်ဆောက် နိုင်မည် ဖြစ်ပါသည်။

ပွဲကျဈေးရောင်းချနေသူများအား စိစစ်ရာ ပွဲကျဈေးသည်များ ရောင်းချသည့် နေရာမှာ မြို့မဈေးမြောက်ဘက်အနော်ရထာလမ်းနှင့် ဘုရင့်နောင်လမ်းကြား၊ ဗထူးလမ်း တစ်လျှောက်တွင် ဖြစ်ပြီး ပွဲကျဈေးသည် (၇၅)ဦး ခန့်သာရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ ပွဲကျဈေးရောင်းချချိန် နံနက်(၀၅း၀၀)နာရီမှ နံနက်(၁၀း၀၀)နာရီထိ ဖြစ်ပါသည်။ ဒေါ်နန်းမြစိန် ပါ(၂၁၉)ဦး၏ တင်ပြစာအပေါ် စိစစ်ရာတွင်လည်း အမှန်တကယ်ပွဲကျ ဈေးရောင်းချသူ(၇၅)ဦးခန့်သာဖြစ်ပြီး၊ ကျန်လူများမှာ ပွဲကျဈေး နေရာ ရရှိလို၍ တင်ပြသူများသာဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ လက်ရှိ ပွဲကျဈေးရောင်းချသူများ ပိုမိုအဆင်ပြေစေရန်အတွက်လည်းကောင်း၊ မြို့မဈေးပိုမိုစည်ကားစေရန်အတွက်လည်းကောင်း လက်ရှိရောင်းချနေသော ဈေးသည်(၇၅)ဦးခန့်အတွက် ပန်းခြံနှင့် မြို့မဈေး အရှေ့ဘက်ကြားလမ်း မြေနေရာတွင် (၅×၅)ပေပတ်လည် ကျောချင်းကပ် ဆိုင်ခန်း(၇၆)ခန်း ဆောက်လုပ်ရန် လဲချားမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စီစဉ်ဆောင်ရွက်

ခဲ့ပါသည်။ ပွဲကျဈေးတန်းဆောက်လုပ်ရေးနှင့် ပတ်သက်၍ လဲချားမြို့နယ် အုပ်ချုပ်ရေးမှူး၏ သဘောထားမှတ်ချက်တောင်းခံခဲ့ရာ လဲချားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပွဲကျဈေးတန်းဆောက်လုပ်မည့် နေရာအား မြို့နယ်စည်ပင်သာယာရေး ကြီးကြပ်မှုအဖွဲ့များ၊ မြို့ပေါ် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် အတူ အဆိုပါ မြေနေရာအား (၂၇. ၈. ၂၀၁၂) ရက်နေ့တွင် ကွင်းဆင်းစစ်ဆေး ခဲ့ပါသည်။ ကွင်းဆင်းစစ်ဆေးချက်အရ ၄င်း မြေနေရာတွင် ပွဲကျဈေးဆိုင်ခန်းပြုလုပ်လိုက်ပါက လမ်းပိတ်ပြီး မီးဘေးအန္တရာယ် စိုးရိမ်ရခြင်း၊ ဗိုလ်ချုပ်လမ်းဘေးနှင့် လည်းကောင်း၊ မြသီတာပန်းခြံနှင့် လည်းကောင်း ကပ်လျက်ရှိနေပြီး၊ မြို့သန့်ရှင်း သာယာလှပရေးအတွက် အနှောင့်အယှက်ဖြစ်နိုင်ခြင်းတို့ကြောင့် ဆိုင်ခန်းများ တည်ဆောက်ရန် မသင့်ကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိဌာနမှ သဘောထား မှတ်ချက်ပြု ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ပွဲကျဈေးသည်(၇၅)ဦးခန့် ဈေးရောင်းချနိုင်စေရန်၊ မြို့မဈေးပိုမိုစည်ကားလာစေရန်၊ မြို့သန့်ရှင်းသာယာလှပစေရန် ရည်ရွယ်၍ လဲချားမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပွဲကျဈေးသည်(၇၅)ဦးခန့်အား မြို့မဈေးနှင့် မြသီတာပန်းခြံကြားလမ်းနေရာတွင် ပွဲကျဈေးတန်းနေရာ ချထားပေးရန် စီစဉ်လျာထားခဲ့သော်လည်း ဒေသအာဏာပိုင်၊ လွှတ်တော် ကိုယ်စားများနှင့် ရပ်မိရပ်ဖများမှ ပန်းခြံနှင့် ကပ်လျက်သတ်မှတ် မြေနေရာတွင် ပွဲကျဈေးတန်းပြုလုပ်ရန် မသင့်ကြောင်း သဘောထား မှတ်ချက်ပြုထားခြင်းတို့ကြောင့် ပွဲကျဈေးတန်းနေရာချထားပေးရန် အစီအစဉ်အား လဲချားမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရပ်ဆိုင်း ထားမည် ဖြစ်ပါကြောင်းနှင့် အဖွဲ့ပိုင် မြသီတာပန်းခြံနေရာတွင် ပွဲကျဈေး တည်ဆောက်နိုင်ရန် အစားထိုးမြေနေရာရရှိရေး အတွက် လွှတ်တော် ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ မြို့ပေါ်ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြ

စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပန်းခြံအစားထိုး မြေနေရာ ရရှိပါက လက်ရှိ ပန်းခြံနေရာတွင် ပျံကျဈေး တည်ဆောက်နိုင်ရေး လုပ်ထုံးလုပ်နည်းနှင့် အညီ အဆင့်ဆင့်တင်ပြလျက် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံး အတူးကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားဖါက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအားဖါ၊ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ် ခင်ဗျား။ ဒီကနေ့ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးကြီးမှာ ကျွန်တော် မေးမြန်းတင်ပြလိုသည့် မေးခွန်းကတော့ ကုန်တင်ယာဉ်ကြီးများ ကျိုင်းတုံမြို့တွင်းထဲ ဖြတ်သန်းသွားလာခြင်း မပြုစေပဲ၊ ကုန်တင်ယာဉ်ကြီးများ သီးခြားအသုံးပြုနိုင်တဲ့ မြို့ရှောင်လမ်းဖောက်လုပ်စီမံပေးနိုင်ရန် အစီအစဉ် ရှိ/မရှိသိရှိလိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ကျွန်တော်တို့ ကျိုင်းတုံမြို့ဟာ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် စသည်မြို့ကြီးများကို ဖြတ်သန်းသွယ်တန်းသွားတဲ့ ပြည်ထောင်စု လမ်းမကြီးပေါ်မှာတည်ရှိနေတဲ့ မြို့ကြီးတစ်မြို့ ဖြစ်ပါတယ်။ ဒါကြောင့် မိတ္ထီလာ-တောင်ကြီးပြီးတော့ ကျိုင်းတုံမြို့ကိုဝင်လာတဲ့ ယာဉ်ကြီး/ယာဉ်ငယ်များ တာချီလိတ်ကနေပြီးတော့ ကျိုင်းတုံမြို့ထဲသို့ ဝင်လာတဲ့ ယာဉ်ကြီး/ယာဉ်ငယ်တွေ ညအိပ်ရပ်နားရတဲ့ မြို့တစ်မြို့၊ ခရီးထောက်ရပ်နားရသော့ မြို့လည်း ဖြစ်ပါတယ်။ အဆိုပါယာဉ်ကြီး/ယာဉ်ငယ်များဟာ ကျိုင်းတုံမြို့တွင်းထဲကို ဝင်ရောက်လာတဲ့အခါမှာ ကျိုင်းတုံမြို့၊ မြို့မဈေးကြီးရဲ့ အနောက်ဘက် မြို့ပတ်လမ်းကနေ ဖြတ်သန်းသွားလာခဲ့ကြပါတယ်။

အဲဒီကျိုင်းတုံမြို့၊ မြို့မဈေးကြီးရဲ့ အနောက်မြို့ပတ်လမ်းဟာ နဂိုကတဲ့က မြို့သူ/မြို့သားများ ၄င်းအသုံးပြုနေကြတဲ့ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်များ၊ ထော်လာဂျီများ၊ ၄င်းအပြင် ကျောင်းသူ/ကျောင်းသားများ သွားလာဖြတ်သန်းရတဲ့ လမ်းမကြီးလဲဖြစ်တဲ့ အတွက် အဲဒီလမ်းမကြီးအတွက် ကုန်တင်ယာဉ်ကြီးများ ဝင်လာတဲ့ အချိန်မှာ အဲဒီမှာ စည်ကားကျပ်ညပ်ပြီးတော့ မကြာခဏပဲ ယာဉ်ကြော ပိတ်ဆို့မှုများ ပြည်သူလူထုများ ရင်ဆိုင်နေရပါတယ်။ ဒါကြောင့်မို့လို့ ကုန်တင်ယာဉ်ကြီးများက မြို့တွင်းလမ်းကို ဝင်ရောက်အတွင်းပြုခြင်း မပြုစေပဲ ကုန်တင်ယာဉ်ကြီးများ သီးသန့်အသုံးပြု ဖြတ်သန်းသွားလာနိုင်တဲ့ လမ်းအတွက် မြို့ရှောင်လမ်း စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလမှာ ဆောင်ရွက်ပေးနိုင်မည်ကို မေးမြန်း တင်ပြချင် ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးတူးမောင်၊ စည်ပင်သာယာရေး ဝန်ကြီး။** လေးစား အပ်ပါတော့ လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားဖါ၏ ကုန်တင်ယာဉ်ကြီးများ အသုံးပြု သွားလာနိုင်ရန် မြို့ရှောင်လမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။ နှင့် စပ်လျဉ်းသည့် မေးခွန်းအား ကျွန်တော် ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ စည်ပင်သာယာရေး ဝန်ကြီး ဦးတူမောင်မှ ဖြေကြား ပေးသွားမှာ ဖြစ်ပါတယ်။

ကျိုင်းတုံမြို့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ တာချီလိတ်မြို့ အပါအဝင် အခြား မြို့များနှင့် ဆက်သွယ်ရာတွင် အဓိက အချက်အချာကျသော မြို့ဖြစ်ပြီး၊ တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီးပေါ် တွင် တည်ရှိသည့်အတွက် တာချီလိတ်မြို့မှ ဝင်ရောက်လာသော ကုန်တင်ယာဉ်ကြီးများသည် မြို့မဈေး အနောက်ဖက်လမ်းမှ နောင်ရေးလမ်း၊ ရပ်တော်မူဘုရားလမ်းတို့မှတဆင့် တောင်ကြီးလမ်းပေါ်ရှိ အဝေးပြေး ယာဉ်ရပ်နားစခန်းသို့ လည်းကောင်း၊ တောင်ကြီးမြို့မှ ဝင်ရောက်လာသော ကုန်တင်ယာဉ်ကြီးများသည် မြို့မဈေး အနောက်ဖက်လမ်းမှ နောင်ရေးလမ်း၊ မြို့မဈေးအနောက်ဖက်လမ်းတို့ကို ဖြတ်၍ တာချီလိတ်မြို့သို့ လည်းကောင်း နေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိပါသည်။ ကျိုင်းတုံမြို့၊ မြို့ရှောင်လမ်းအား တောင်ကြီးလမ်းပေါ်ရှိ အဝေးပြေး ယာဉ်ရပ်နားစခန်းမှ ဟွေခါး၊ ဟွေပွန်ကျေးရွာများကိုဖြတ်၍ တာချီလိတ်လမ်းမကြီးသို့ ဖောက်လုပ်မည်ဆိုပါက လမ်းအရှည်(၄/၄)မိုင်ခန့်ရှည်လျားမည် ဖြစ်ပါသည်။ အဆိုပါလမ်းအား မြို့ရှောင်လမ်း အဖြစ်ဖောက်လုပ်မည်ဆိုပါက အကြမ်းဖျဉ်းအားဖြင့် မြေသားလမ်း (၄/၄မိုင်×အကျယ်၃၀ပေ)ဖောက်လုပ်ခြင်းအတွက် လုပ်ငန်းခန့်မှန်းကုန်ကျစရိတ်ငွေကျပ်(၁၁၇၈)သိန်း၊ ကတ္တရာလမ်း(၄/၄မိုင်×အကျယ်၁၈ပေ) ခင်းခြင်းအတွက် လုပ်ငန်းခန့်မှန်း ကုန်ကျစရိတ် ငွေကျပ်(၅၄၀၂)သိန်း၊ (အရှည်၁၀၀ပေ×အကျယ်၁၈ပေ) ကွန်ကရစ်တံတား(၁)စင်း တည်ဆောက်ခြင်းအတွက် လုပ်ငန်းခန့်မှန်းကုန်ကျစရိတ်ငွေကျပ်(၂၇၂၅)သိန်း စုစုပေါင်း လုပ်ငန်းခန့်မှန်းကုန်ကျစရိတ် ငွေကျပ်(၉၁၅၅)သိန်းခန့်ကုန်ကျမည် ဖြစ်ပါသည်။

ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၂-၂၀၁၃ခု ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက်မှာ (၅၇၇၅)သိန်း ဖြစ်ပြီး၊ မြို့ပြလမ်းတံတားတည်ဆောက်ခြင်းလုပ်ငန်းအား ဝင်ငွေ၏ (၂၃%) ငွေကျပ် (၁၃၂၈. ၂၅)သိန်း မြို့ပြလမ်းတံတားမွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းအား

ဝင်ငွေ၏ (၃. ၀၃%) ငွေကျပ်(၁၇၄. ၈၇၅)သိန်း၊ မြို့တွင်းလမ်း(၁၁)လမ်း လမ်းပေါက်ဖာထေးခြင်း လုပ်ငန်း (၄၃၁၀၀)စတုရန်းပေ၊ မြို့ရေပေးရေး တိုးချဲ့အသစ်လုပ်ငန်းအား ဝင်ငွေ၏ (၄. ၄၅%)ငွေကျပ်(၂၅၆. ၈၁)သိန်း၊ မြို့ရေပေးရေး မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းအား ဝင်ငွေ၏ (၃. ၀၅%) ငွေကျပ် (၁၇၆. ၃၁၅)သိန်းဖြင့် ကျေးလက်လမ်းတံတားတည်ဆောင်ခြင်း လုပ်ငန်းအား ဝင်ငွေ၏(၆. ၄၈%) ငွေကျပ်(၃၇၄. ၂၂)သိန်းဖြင့် ကျေးလက် လမ်းတံတားမွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းအား ဝင်ငွေ၏(၃. ၅၂%) ငွေကျပ်(၂၀၃. ၂၈)သိန်း၊ ကျေးလက်ရေပေးရေးတိုးချဲ့လုပ်ငန်းအား ဝင်ငွေ၏(၅%) ငွေကျပ်(၂၈၈. ၇၅)သိန်းဖြင့် လုပ်ငန်းများအား လျာထား အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက်မှာ ငွေကျပ်(၆၀၇၀)သိန်းဖြစ်ပြီး၊ မြို့ပြလမ်းတံတားတည်ဆောက်ခြင်း လုပ်ငန်းအား ဝင်ငွေ၏ (၁၈%) ငွေကျပ်(၁၀၉၂. ၆)သိန်း၊ မြို့ပြလမ်းတံတားမွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းအား ဝင်ငွေ၏ (၇%)ငွေကျပ်(၄၂၄. ၉)သိန်း၊ မြို့ရေပေးရေး တိုးချဲ့လုပ်ငန်းအား ဝင်ငွေ၏ (၃. ၅%)ငွေကျပ်(၂၁၂. ၄၅)သိန်း၊ မြို့ပြရေပေးရေး မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းအား ဝင်ငွေ၏ (၁. ၅%)ငွေကျပ် (၉၁. ၀၅)သိန်း၊ ကျေးလက် လမ်းတံတားတည်ဆောက်ခြင်း လုပ်ငန်းအား ဝင်ငွေ၏ (၁၀%) ငွေကျပ်(၆၀၇)သိန်း၊ ကျေးလက်လမ်းတံတား မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းအား ဝင်ငွေ၏(၄%) ငွေကျပ်(၂၄၂. ၀၈)သိန်း၊ ကျေးလက်ရေပေးရေး တိုးချဲ့လုပ်ငန်းအား ဝင်ငွေ၏ (၃. ၅%) ငွေကျပ်(၂၁၂. ၄၅)သိန်း၊ ကျေးလက် ရေပေးရေး မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းအား ဝင်ငွေ၏(၁. ၅%) ငွေကျပ်(၉၁. ၀၅)သိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် ဖြစ်ပါသည်။ ကျိုင်းတုံမြို့ မြို့ရှောင်လမ်း(၄/၄)မိုင် ဖေါက်လုပ်နိုင်ရေး အတွက် သက်ဆိုင်ရာ ဒေသအာဏာပိုင်များနှင့် အထက် အဖွဲ့အစည်း အဆင့်ဆင့်၏ လမ်းညွှန်မှုကို ခံယူ၍ သက်ဆိုင်ရာ ဌာနများနဲ့ ပူးပေါင်း

ကွင်းဆင်းတိုင်းတာပြီး ခန့်မှန်းခြေကုန်ကျစရိတ်တွက်ချက်၍ နိုင်ငံတော်ထောက်ပံ့ငွေရရှိရေး တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှု အပေါ် မူတည်၍ ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ [ **သြဘာသံများ** ]

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ကြည်ဝင်း က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကြည်ဝင်း၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ကာယသုခနှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ စည်ပင်သာယာရေးနဲ့ ပတ်သက်ပြီးတော့မှ ညောင်ရွှေမြို့နယ်၊ နမ့်ပန်ဈေးအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်းကို မဲဆန္ဒရှင်ပြည်သူများ အကျိုးကိုကြည့်ရှုပြီး မေးမြန်းလိုပါတယ် ခင်ဗျား။

လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ညောင်ရွှေမြို့နယ်၊ နန်းပန်ကျေးရွာအုပ်စုတွင်ရှိသော နန်းပန်ဈေးဟာ ဈေးရုံပေါင်း(၇၈)ရုံ ဆိုင်ခန်းပေါင်း(၁၀၉၂)ခန်းရှိပြီး အလွန်စည်ကားသည့် စည်ပင်သာယာဈေးကြီးတစ်ဈေးဖြစ်ပါတယ်။ နိုင်ငံခြားသားများလည်း စိတ်ဝင်တစား လာရောက်လေ့လာ ကြပါတယ်။ စည်ပင်သာယာမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဈေးအခွန်ငွေကျပ်သိန်း(၁၈၀)ဖြင့် လိုင်စင်ပေးထားသော ဈေးဖြစ်ပါတယ်။ သို့သော်လည်း ဈေးသည်များဟာ ရှေးယခင်က ဈေးဖြစ်သည့်အတွက် -

(က) ဈေးဆိုင်ခန်းများ အလွန်နိမ့်သဖြင့် မကြာခဏ ဦးခေါင်း တိုက်မိခြင်း၊

(ခ) ရေနုတ်မြောင်းများ မရှိသဖြင့် မိုးရာသီတွင် ဗွက်ပေါက်ခြင်း၊

(ဂ) ဆိပ်ကမ်းအတက်အဆင်းမကောင်းမွန်ခြင်း၊

(ဃ) ဈေးအိမ်သာ မလုံလောက်ခြင်း များကြောင့် နိုင်ငံခြားသားများ အပါအဝင် ဈေးသူဈေးသားများ လူမှုဖွံ့ဖြိုးမှု အခက်အခဲများ ကြုံတွေ့ရပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အဆိုပါ နန်းပန်ဈေးအား အဆင့်မြှင့်တင်ပေးပါရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့် အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ ပြန်လည်ဖြေကြား ပေးပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးတူးမောင်၊ စည်ပင်သာယာရေး ဝန်ကြီး။** လေးစား အပ်ပါတော့ လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ကြည်ဝင်း ၏ ညောင်ရွှေမြို့နယ်၊ နန်းပန်ကျေးရွာအုပ်စုတွင်ရှိသော နန်းပန်ဈေးဟာ ဈေးရုံပေါင်း(၇၈)ရုံ၊ ဆိုင်ခန်းပေါင်း(၁၀၉၂)ခန်းရှိပြီး အလွန်စည်ကားသည့် စည်ပင်သာယာရေး ဈေးကြီးတစ်ဈေး ဖြစ်ပါတယ်။ အဆိုပါ နန်းပန်ဈေးအား အဆင့်မြှင့်တင်ပေးပါရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလို ပါသည်ဟု မေးခွန်းနှင့် စပ်လျဉ်းပြီး ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေး ဝန်ကြီး ဦးတူးမောင်မှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ညောင်ရွှေမြို့နယ်တွင် မြို့မဈေး(၁)ဈေးနဲ့ ကျေးလက်ဈေးပေါင်း(၁၀)ဈေးရှိပြီး၊ ၄င်းကျေးလက်ဈေး(၁၀)ဈေးတွင် နမ့်ပန်ကျေးရွာအုပ်စုအတွင်းရှိ နမ့်ပန်ဈေးလည်းပါဝင်ပါသည်။ နမ့်ပန်ဈေးသည် ယခင်စော်ဘွားခေတ်က စတင်တည်ဆောက်ခဲ့သော ဈေးဖြစ်ပြီး ၁၉၇၇ခုနှစ်တွင် ညောင်ရွှေမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကျေးလက် ဈေး(၁)ဈေးဖြစ်သွတ်သွင်းခဲ့သည့် ကျေးလက်ဈေး ဖြစ်ပါသည်။ ဧရိယာ(၉. ၃၅)ဧကအကျယ်အဝန်းရှိ၍ ဈေးရုံပေါင်း(၇၈)ရုံ၊ ဈေးဆိုင်ခန်းပေါင်း(၁၀၉၂)ခန်းရှိဈေး(၁)ဈေး ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် နမ့်ပန်ဈေးအားအဆင့်မြှင့်တင်ပေးရန် အစီအစဉ် မရှိပါကြောင်းနှင့် နမ့်ပန်ဈေးအဆင့်မြှင့်တင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ နမ့်ပန်ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဈေးနှင့် ဆက်နွယ်လျက်ရှိသော ကျေးရွာများမှအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာသူ ကျေးရွာသားများ၊ ရပ်မိရပ်ဖများ၊ ဈေးသူဈေးသားများနှင့် တွေ့ဆုံဆွေးနွေးပြီး ဈေးအဆင့်မြှင့်တင်နိုင်ရေးလုပ်ထုံးလုပ်နည်းနှင့် အညီအဆင့်ဆင့်တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား အပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်တင်မေထွန်း က ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်တင်မေထွန်း၊ တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ် ရှင်။ ကျွန်မကတော့ တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်တင်မေထွန်းဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပထမမေးခွန်းက တာချီလိတ်မြို့ပေါ်တွင် လမ်းဆုံ လမ်းခွနှင့် လူစည်ကားသော နေရာများတွင် မီးပွိုင့်များ တပ်ဆင်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့မေးခွန်းနှင့် ပတ်သက်ပြီးသော မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကန့်သတ်

၂၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့တွင် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့နှင့် နယ်မြေထိစပ်လျက်ရှိသည် နယ်စပ်မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ မြို့ပေါ် (၇)ရပ်ကွက်နဲ့ ကျေးရွာအုပ်စု(၇)အုပ်စုအပြင် တာလေမြို့နယ်ခွဲ၊ ကျိုင်းလပ် မြို့နယ်ခွဲများဖြင့် ဖွဲ့စည်းထားရှိပြီး၊ လူဦးရေအနေဖြင့် စုစုပေါင်း (၁၁၆၆၈၃)ဦးခန့် ရှိသည့် မြို့တစ်မြို့ဖြစ်ပါတယ်။ တာချီလိတ်မြို့အနေနဲ့ ယခုအချိန်တွင် မြို့ပေါ်ရှိ လမ်းမကြီးများမှာ ကောင်းမွန်နေပြီး နေ့စဉ် နှင့်အမျှ ပြည်သူများနှင့် ဝန်ထမ်းများ၏ စက်ဘီးများ၊ ထော်လာဂျီများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်ကြီး/ငယ်များတို့မှာ နေ့စဉ်သွားလာလှုပ်ရှားလျက် ရှိနေပါတယ်။ ၎င်းအပြင် တာချီလိတ်မြို့ ပြည်ထောင်စုလမ်းမကြီးဘေးတွင် ဌာနဆိုင်ရာရုံးများ၊ ပြည်သူ့ဆေးရုံကြီး၊ မကာဟိုခမ်းရပ်၊ ဆန်ဆိုင်းရပ် (အခြေခံပညာအထက်တန်းကျောင်းများ) တည်ရှိနေပါတယ်။ ဝန်ထမ်းများ၊ ကျောင်းသူ/ကျောင်းသားများ၏ ကျောင်းတက်ကျောင်းဆင်းချိန်များတွင်လည်း ယာဉ်များရှုပ်ထွေးများပြား လျက်ရှိနေသည့်အပြင် နယ်စပ်မြို့ဖြစ်နေသည့်အတွက် တစ်ဖက်နိုင်ငံမှ လာသော နိုင်ငံခြားသွား ဧည့်သည်တင်ယာဉ်များလည်း ဖြတ်သန်း ဝင်ရောက်လျက်ရှိသဖြင့် ယာဉ်မတော်တဆထိခိုက်မှုများ မဖြစ်ပွား စေရေးအတွက် ကြိုတင်ကာကွယ်နိုင်မည့် မီးပွိုင့်များတပ်ဆင်ပေးရန် လိုအပ်လျှက်ရှိနေပါတယ်။

သို့ပါသဖြင့် တာချီလိတ်မြို့ပေါ်ရှိ လမ်းဆုံ၊ လမ်းခွနှင့် လူစည်ကားသော နေရာများတွင် မီးပွိုင့်များတပ်ဆင်ပေးနိုင်ပါရန်နှင့် တပ်ဆင်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့မေးခွန်းကို သိရှိလိုပါတယ်ရှင်။ ကျေးဇူးတင်ပါတယ် ရှင် ။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးတူးမောင်၊ စည်ပင်သာယာရေး ဝန်ကြီး။ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်တင်မေထွန်း ၏ တာချီလိတ်မြို့ပေါ်ရှိ လမ်းဆုံလမ်းခွနှင့် လူစည်ကားသော နေရာများတွင် မီးပွိုင့်များ တပ်ဆင်ပေးနိုင်ပါရန်နှင့် တပ်ဆင်ပေးနိုင်ခြင်း ရှိ/မရှိဆိုတဲ့မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေး ဝန်ကြီး ဦးတူမောင်မှ ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

တာချီလိတ်မြို့တွင်းရှိ လမ်းဆုံလမ်းခွများနှင့် လူစည်ကားသော နေရာများတွင် မီးပွိုင့်များတပ်ဆင်နိုင်ရေးအတွက် တာချီလိတ်မြို့ရှိ ယာဉ်ထိန်းတာဝန်ခံနှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများအား ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ရာ အောက်ပါ(၇)နေရာများတွင် မီးပွိုင့် တပ်ဆင်ပေးပါက သင့်လျော်မည်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ် -

(၁) လေယာဉ်ကွင်းလမ်းဆုံ ယာဉ်ကြော ၂ခု ဆုံရာဖြစ်၍ (၄)လမ်းဆုံဖြစ်ပြီး၊ တာချီလိတ်လေဆိပ်လမ်းနေရာ

(၂) တာချီလိတ်-ကျိုင်းတုံလမ်းဆုံ၊ တာချီလိတ်မှ ကျိုင်းတုံဘက်ရှိ မြို့နယ်ခွဲများနှင့် ကျေးရွာအုပ်စုများသို့ သွားသည့် တီပုံလမ်းဆုံနေရာ၊

(၃) အာခါဈေးလမ်းဆုံ၊ ယာဉ်ကြော ၂ခုဆုံရာဖြစ်၍ (၄)လမ်းဆုံနေရာ၊

(၄) ပါလျှံ(၁)လမ်းဆုံ၊ ပါလျှံ(၁)၊ (၂)ကျေးရွာများသို့ သွားသောလမ်းဖြစ်ပြီး တီပုံလမ်းဆုံနေရာ၊

(၅) အမှတ်(၂)တံတားလမ်းဆုံ၊ မြို့တွင်းလမ်းမကြီးပေါ်သို့ ဖြတ်တက်သည့်လမ်းဖြစ်ပြီး တီပုံလမ်းဆုံနေရာ၊

(၆) အားကစားရုံ သွားလမ်းလမ်းဆုံ၊ ယာဉ်ကြော (၂)ခု ဆုံရာဖြစ်၍ (၄)လမ်းဆုံနေရာ၊

(၇) ဆေးရုံရှေ့ ရွှေတိဂုံဘုရားသွားလမ်းဆုံ၊ တီပုံလမ်းဆုံ ဖြစ်သည့် နေရာ စုစုပေါင်း(၇)နေရာအား စိစစ်တွေ့ပြီး မီးပွိုင့်တပ်ဆင်ဖို့ ရွေးချယ်ထားရှိပါတယ်။

၄င်းနေရာများတွင် မီးပွိုင့်တပ်ဆင်ရေးအတွက် ကုန်ကျစရိတ်အား တွက်ချက်ခဲ့ရာ တစ်ဖက်ထိုင်းနိုင်ငံရှိ ကုမ္ပဏီတစ်ခုမှ မီးပွိုင့်တစ်ခုလျှင် မြန်မာငွေ သိန်း(၂၀၀)ခန့်ကုန်ကျမည် ဖြစ်သဖြင့် မြန်မာပြည်တွင်း အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာသည့် ရန်ကုန်မြို့၊ ယုဇန ပလာဇာအနီးရှိ ရိုးမမြန်မာကုမ္ပဏီနှင့် ဆက်သွယ်ခဲ့ရာ (၂၃. ၅. ၂၀၁၂) ရက်နေ့တွင် ကြည့်ရှုစစ်ဆေးခဲ့ပြီး၊ စက်ခလုပ်ထိန်းခုံများထားရန် (၈)ပေ ပတ်လည်ယာဉ်ထိန်းအဆောက်အဦအား ဆောက်လုပ်ရန်အတွက်ကိုပါ ထည့်သွင်းထားသဖြင့် ဘဏ္ဍာရန်ပုံငွေ ရရှိမှုအပေါ် မူတည်ပြီး၊ ဦးစားပေး အစီအစဉ် အလိုက်ဆောင်ရွက်ပေးရန် အစီအစဉ်လျက်ရှိကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူး အားလုံးတင် ရှိပါတယ်။

ဥက္ကဋ္ဌ။ တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်တင်မေထွန်း က ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်တင်မေထွန်း၊ တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်များ ရှင်။ ကျွန်မအနေနဲ့ ဒုတိယမေးခွန်းက တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံကြီးအား ခုတင်(၅၀)မှ ခုတင်(၁၀၀)ဆန့် ဆေးရုံကြီးအဖြစ် တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

တာချီလိတ်မြို့သည် မြို့ပေါ် ရပ်ကွက်(၇)ရပ်ကွက်နှင့် ကျေးရွာအုပ်စု(၇) အုပ်စု၊ လူဦးရေ(၁၁၆၆၈၃)ဦးခန့် ရှိတဲ့ မြို့ဖြစ်ပါတယ်။ တာချီလိတ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် နေ့စဉ်ဆေးကုသခံယူရန်အတွက် လူနာဦးရေ (၇၀)ဦးနှင့် (၁၀၀)ဦးခန့် ဆေးရုံသို့တက်ရောက်လျက်ရှိပါတယ်။ လက်ရှိ

ပြည်သူ့ဆေးရုံကြီးတွင် လူနာကုတင်အလုံး(၅၀)ခန့်သာရှိနေ၍ လူနာများအတွက် ကုတင်လောက်ငှမှုမရှိဘဲ နေရာထိုင်ခင်း အခက်အခဲများဖြင့် ကြုံတွေ့နေရပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူများအား ကျန်းမာရေး ဆေးစစ်ကုသမှုများကို ယခုထက်ပိုမိုဆောင်ရွက်ပေးနိုင်ရေးအတွက် တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံကြီးအား ကုတင်(၅၀)မှ ကုတင်(၁၀၀)ဆန့် ဆေးရုံကြီးအဖြစ် တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလိုပါတယ် ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ် ရှင်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာ မျိုးထွန်း၊ လူမှုရေး ဝန်ကြီး။** လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေး ဝန်ကြီး ဒေါက်တာမျိုးထွန်းမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်မေထွန်း၏ ပြည်သူ့များ၏ကျန်းမားရေးအတွက် ဆေးစစ်ကုသမှုများကို ယခုထက်ပိုမိုဆောင်ရွက်နိုင်ရေးအတွက် တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံကြီးအား ကုတင်(၅၀)မှ ကုတင်(၁၀၀)ဆန့် ဆေးရုံကြီးအဖြစ် တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိဟူသော မေးခွန်းနှင့် ပတ်သက်၍ တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံကြီးအား ကုတင်(၅၀)မှ ကုတင်(၁၀၀)ဆန့် ဆေးရုံကြီးအဖြစ် တိုးမြှင့်ပေးနိုင်ပါရန် ကျိုင်းတုံမြို့ တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနရုံး၏ (၁၅. ၈. ၂၀၁၂)ရက်စွဲပါစာအမှတ်၊ ၁၀၈၉/တာချီလိတ် ဖိုင်/၂၀၁၂ ဖြင့် ကျန်းမာရေးဦးစီးဌာန(နေပြည်တော်)သို့ တင်ပြထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပြင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်း က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပြင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ပဏာမ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပြင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော် တင်ပြမဲ့မေးခွန်းမှာ ပညာရေးနှင့် ပတ်သက်တဲ့ကိစ္စ ဖြစ်ပါတယ်။

မိုင်းဆတ်ခရိုင်၊ မိုင်းပြင်းမြို့နယ်အတွင်းရှိ မိုင်းမန်းကျေးရွာအုပ်စုသည် မိုင်းပြင်းမြို့၏ တောင်ဘက် မိုင်(၃၀)ခန့်အကွာတွင် တည်ရှိပါတယ်။ မိုင်းမန်းအုပ်စုအတွင်းတွင် ကျေးရွာ(၂၂)ရွာရှိပြီး၊ လားဟူအများစုနှင့် ရှမ်းလူနည်းစုတိုင်းရင်းသားများနေထိုင်ကြရာ လူဦးရေ(၃၀၀၀)ကျော်ရှိပါသည်။ စီးပွားရေး မချောင်လည်သော်လည်း ပညာရေးကို အထူးအားပေးရာ အစိုးရမူလတန်းကျောင်း(၇)ကျောင်း ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပါသည်။ ကျေးရွာအုပ်စုအတွင်း လူဦးရေအများဆုံး နေထိုင်သည့် မိုင်းမန်းရွာမှာ အစိုးရမူလွန်ကျောင်းရှိပြီး၊ ယခုနှစ် ကျောင်းသူကျောင်းသား (၂၈၂)ယောက် ရှိနေပြီဖြစ်ပါသည်။ လာမည့်နှစ်များတွင် ပတ်ဝန်းကျင်ရှိ ကျေးရွာမူလတန်းကျောင်းများနှင့် နယ်မြေဆက်စပ်သည့် ကျေးရွာအုပ်စု မူလတန်းကျောင်းများမှ ကျောင်းသူကျောင်းသားများ နှစ်စဉ်နှင့် အမျှ တိုးပွားများပြားလာမည်ဖြစ်ရာ လက်ရှိမူလွန်ကျောင်း၏ အဆောက်အဦနှင့် ဆရာ၊ ဆရာမများ မလုံလောက်သည့် အနေအထားတွေ့ရှိလာမည် ဖြစ်ပါသည်။ မူလွန်အောင်မြင်ပြီး ကျောင်းသူကျောင်းသား မိုင်းပြင်းမြို့နယ်အတွင်းရှိအလယ်တန်းကျောင်းများသို့ ပြောင်းရွှေ့ ပညာသင်ကြား လိုသော်လည်း၊ ကျောင်းသားမိဘပြည်သူအများက ပညာသင်စရိတ်ကျခံသုံးစွဲနိုင်သည့် အနေအထားမရှိကြသဖြင့် အခက်အခဲကြုံတွေ့ကြရပါမည်။

သို့ဖြစ်ပါ၍ မိုင်းမန်းကျေးရွာအုပ်စု၊ မိုင်းမန်းရွာရှိ မူလွန်ကျောင်းကို အလယ်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ပေးနိုင်ပါရန် အလွန်လိုလားတောင်းတကြပါသည်။ သို့ပါ၍ မိုင်းမန်းရွာရှိ အစိုးရမူလွန်ကျောင်းမှ အစိုးရအလယ်တန်းကျောင်းသို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိလိုပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာ မျိုးထွန်း၊ လူမှုရေး ဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းပြင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း၏ မိုင်းမန်းကျေးရွာအုပ်စု၊ မိုင်းမန်းစံအေးရွာရှိ အစိုးရမူလွန်ကျောင်းမှ အစိုးရအလယ်တန်းကျောင်းသို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိလိုပါသည်ဟူ၍ မေးခွန်းနှင့်ပတ်သက်၍ ကျောင်းအဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိပါသည်။ သက်ဆိုင်ရာပညာရေးမှူးမှ ကျောင်းသားဦးရေနှင့် ကျောင်းဆောင်ဦးရေ လက်ရှိစာသင်ခန်းနှင့် မြေနေရာအကျယ်အဝန်းတို့ကို ကွင်းဆင်းစစ်ဆေးပြီး တင်ပြထားသော အမှုတွဲကိုလည်း အမှတ်(၂)အခြေခံပညာဦးစီးဌာနသို့ (၂၅. ၂. ၂၀၁၂)ရက်စွဲပါစာအမှတ်၊ ၁၅၇/ဖြင့် ဆက်လက်တင်ပြထားပြီးဖြစ်ပါသည်။ အမှတ်(၂)အခြေခံပညာဦးစီးဌာန(ရုံးချုပ်)မှ ခွင့်ပြုမိန့်ကျလာပါက ကျောင်းအဆင့်တိုးမြှင့်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ ကျေးဇူးတင် ပါတယ်။

ကန့်သတ်

၂၃၁

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအာပြာဟန် က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအာပြာဟန်၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း နှင့် ပြည့်စုံကြပါစေလို့ ပဏာမ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအာပြာဟန် ဖြစ်ပါတယ်။

ကျွန်တော်မေးလိုသည့် မေးခွန်းနှင့် ပတ်သက်၍ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့နယ်၊ ရီနွဲ့ကျေးရွာအုပ်စုနှင့် ရီလုံရီကန်ကျေးရွာအုပ်စုအကြားတည်ရှိသော ပီကင်းတိုက်နယ်ဆေးရုံသည် ၁၉၉၇-၁၉၉၈ခု ဘဏ္ဍာရေးနှစ်မှစ၍ တိုက်နယ်ဆေးရုံအဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရကာ လိုအပ်သော အဆောက်အဦများကို (၁၀. ၅. ၂၀၁၂)ရက်နေ့တွင် ဆောက်လုပ်ပြီးစီး ခဲ့ပါသည်။ ဖွဲ့စည်းပုံပြည့်စုံသော်ငြားလည်း ယခင်က အကြောင်းအမျိုးမျိုး ကြောင့် တိုက်နယ်ဆေးရုံအဖြစ်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှု မဆောင်ရွက်နိုင်ခဲ့ပါ။ ယခုအခါ ပီကင်းတိုက်နယ်ဆေးရုံအား အမြန်ဆုံး ဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် လက်ရှိ ဖွဲ့စည်းပုံ အရ ရှိနေသော ဝန်ထမ်းများမည်သည့် ဆေးရုံ/ဆေးခန်းများတွင် တွဲဘက်တာဝန်ထမ်းဆောင်ကြောင်းနှင့် တာဝန်ခံဆရာဝန်စေလွှတ်နိုင်ခြင်း ရှိ/မရှိ သိလိုပါသဖြင့် ရှိပါက မည်သည့်အချိန်ကာလတွင် စေလွှတ်မည် ဖြစ်ကြောင်း သိရှိမေးမြန်းလိုပါသည်။ အားလုံး ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ကန့်သတ်

ဒေါက်တာ မျိုးထွန်း၊ လူမှုရေး ဝန်ကြီး။ လေးစား အပ်ပါသော လွှတ်တော် ဥက္ကဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအာဗြာဟန် ၏ ပီကင်းတိုက်နယ်ဆေးရုံအား အမြန်ဆုံး ဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ပါရန်အတွက် လက်ရှိ ဖွဲ့စည်းပုံအရ ရှိနေသော ဝန်ထမ်းများ မည်သည့် ဆေးရုံ/ဆေးခန်းများတွင် တွဲဘက်တာဝန်ထမ်းဆောင်ကြောင်းနှင့် တာဝန်ခံဆရာဝန် စေလွှတ်နိုင်ခြင်း ရှိ/မရှိ ဟူသော မေးခွန်းနှင့် ပတ်သက်၍ ပီကင်းတိုက်နယ်ဆေးရုံ၏ လက်ရှိ ဖွဲ့စည်းပုံအရ ခွင့်ပြုခန့်ထား၊ လစ်လပ်စာရင်းနှင့် ခန့်ထားသောဝန်ထမ်းများအား ဖယ်ခုံမြို့နယ်အတွင်း တွဲဖက်တာဝန်ထမ်းဆောင်မှုအား တင်ပြသွားမှာ ဖြစ်ပါတယ်။

ပီကင်းတိုက်နယ်ဆေးရုံတွင် တိုက်နယ်ဆရာဝန် ခွင့်ပြု ၁ လစ်လပ်လျက် ရှိပါတယ်၊ လက်ထောက်တိုက်နယ်ဆရာဝန် ခွင့်ပြု ၁ လစ်လပ်လျက် ရှိပါတယ်၊ အထက်တန်းသူနာပြု ခွင့်ပြု ၂ဦးမှာ ၂ဦးစလုံး ခန့်အပ်ထားပြီး ဖြစ်ပါတယ်၊ သူနာပြု ၄ဦး ခွင့်ပြုရာမှာ ၄ဦးစလုံး ခန့်အပ်ထားပြီး ဖြစ်ပါတယ်၊ ဆေးစပ်(၄) ၁ဦးခန့်အပ်ရာမှာ ၁ဦးခန့်အပ်ပြီး ဖြစ်ပါတယ်၊ ဓါတ်ခွဲကျွမ်းကျင်(၄)မှာ ခွင့်ပြု ၁ဦး လစ်လပ်လျက် ရှိပါတယ်၊ ဆေးထည့် ခွင့်ပြု ၂ဦး လစ်လပ်လျက် ရှိပါတယ်၊ အထွေထွေလုပ်သား ခွင့်ပြု ၄ဦးမှာ ၄ဦးစလုံးလစ်လပ်လျက် ရှိပါတယ်၊ ညစောင့် ခွင့်ပြု ၁ဦး လစ်လပ်လျက် ရှိပါတယ်။

တွဲဖက်ထားသော ဌာနများမှာ အထက်တန်းသူနာပြု ဒေါ်အေးမြအား ဖယ်ခုံမိခင်နှင့် ကလေးကျန်းမာရေးဌာနမှာ တွဲဖက်ထားပါတယ်။ အထက်တန်းသူနာပြု ဒေါ်မူလဲ့ဝင်း အား မိုးဗြဲတိုက်နယ် ဆေးရုံမှာ တွဲဖက်ခန့်အပ်ထားပါတယ်။ သူနာပြု ဒေါ်အယ်နီတာမှာ သူနာပြုတက္ကသိုလ်တက်ရောက်နေပါတယ်။ သူနာပြု ဒေါ်ခင်သန္တာဦးမှာ ဆီးဘူးတိုက်နယ်ဆေးရုံမှာ တွဲဖက်ထားပါတယ်။ သူနာပြု နန်းဝင်းခင်မှာ မိုးဗြဲတိုက်နယ်ဆေးရုံမှာ တွဲဖက်ထားပါတယ်။ သူနာပြု ဒေါ်လှဝင်းမှာ ဖယ်ခုံ မိခင်နှင့် ကလေးကျန်းမာရေးဌာနတွင် တွဲဖက်ထားပါတယ်။ ဆေးစပ် ဒေါ်မာဒါလေးနာလွယ်မှာ ဖယ်ခုံပြည်သူ့ဆေးရုံမှာ တွဲဖက်ထားပါတယ်။

ပီကင်းတိုက်နယ်ဆေးရုံအတွက် တိုက်နယ်ဆရာဝန်ခန့်ပေးနိုင်ပါရန် ပြည်နယ်ကျန်းမာရေးဦးစီးဌာနရုံး၏ (၁၇. ၉. ၂၀၁၂)ရက်စွဲပါစာအမှတ်၊ ၃/၄/ဆရဝ(၂၅၄၅)ဖြင့် ကျန်းမာရေးဦးစီးဌာန(နေပြည်တော်)သို့ တင်ပြထားပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇေယျ က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲ မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇေယျ ဖြစ်ပါတယ်။ လဲချားမြို့နယ်ရဲ့ ပညာရေး၊ ကျန်းမာရေးကဏ္ဍနဲ့ ပတ်သက်တဲ့ မေးခွန်းနဲ့ မေးမြန်းသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား ။ ယခုကာလတွင် ပြည်နယ်အစိုးရအနေဖြင့် ဘက်ပေါင်းစုံ ပြည်နယ်တိုးတက်လာစေရေးအတွက် အားသွန်ခွန်စိုက်ပြီးမှ ကျိုးစားလျက်ရှိနေပါတယ်လို သိရပါတယ်။ ကျွန်တော်တို့ လဲချားမြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း(၁၉)အုပ်စုနှင့် ရွာပေါင်း(၁၃၅)ရွာ ရှိပါတယ်။ ဒါပေမဲ့ ကျန်းမာရေးအတွက် ကျေးလက်ဆေးခန်းမှာ ပုံတိုက်ကျေးရွာအုပ်စုရှိ ဆုံခွမ်ရွာ၊ ဝမ်ဟိုင့်ကျေးရွာအုပ်စုမှ ဝမ်ပန်ရွာ၊ ဝမ်ယိမ်းကျေးရွာအုပ်စုမှ ဝမ်ကတ်ရွာ၊ ပုံနေကျေးရွာအုပ်စုမှ ဝမ်မိုင်ဆုံဖါဆေရွာ စသည့် (၄)နေရာသာ ရှိသည်ကို တွေ့ရှိရပါတယ်။ နောက် ကျွန်တော်တို့မြို့နယ်ရဲ့ လူဦးရေ(၅)သောင်းခန့်အတွက် ဆေးခန်းတစ်ခုသာ ရှိပြီးမှ ဆရာဝန်(၁)ဦးသာ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဘယ်လိုမှ မမျှတနိုင်တာကို တွေ့နေရပါတယ်။ ကျွန်တော်တို့ လဲချားမြို့နယ်မှာ လူနာများဟာ လမ်းခရီးစရိတ်အကုန်အကျခံပြီးမှ လွိုင်လင်ဆေးရုံသို့ သွားရောက်ကုသမှုကိုခံယူနေရပါတယ်။ ပညာရေး

ကဏ္ဍာမှာလည်း (၁၃၅)ရွာ ရှိသည်အနက် အစိုးရစာသင်ကျောင်းက (၅၀)ကျော်ခန့်သာ ရှိပါတယ်။ ကျွန်တော်တို့ တောစွန်တောင်ဖျား အချို့သော ရွာငယ်များတွေက အိမ်ခြေအလွန်နည်းပါးသောကြောင့် အစိုးရမူလတန်းကျောင်းများ ဖွင့်လှစ်ရန်သတ်မှတ်ထားသည့် စံချိန်စံနှုန်း၊ ဦးရေပြည့်မီနှုန်း မရှိသည်ကိုလည်းတွေ့ရှိရပါတယ်။ ထိုရွာငယ်များကနေ မွေးဖွားကြီးပြင်းလာခဲ့တဲ့ ကျောင်းနေအရွယ်ကလေးများဟာ လက်ရှိကျင့်သုံးနေတဲ့ မသင်မနေရ အခမဲ့ မူလတန်းပညာရေးနဲ့ ကင်းဝေးပြီးမှ ပညာရည် နို့မစို့ခဲ့ရပါဘူး ရွာသူရွာသားများဟာ တဘက်လည်း သူကျွန်ကျပြီးမှ အလွန်ပ`ဆင်းရဲ နေကျပါတယ်။ လက်ရှိ အစိုးရ အကောင်အထည်ဖော်နေတဲ့ ဆင်းရဲမွဲသေမှု လျှော့ချရေးစီမံကိန်းကြီး ဟာလည်း ၎င်းနဲ့ မပတ်သက်သလို သိရှိအကျိုးခံစားခွင့်လည်း မရရှိခဲ့ပါဘူး။ ဒါကြောင့် တောစွန်တောင်ဖျားမှာ ရှိတဲ့ ရွာများရှိ ကျောင်းနေနိုင်ရေး ကလေးများနဲ့ လဲချားမြို့နယ်၏ ကျန်းမာရေးကဏ္ဍာနဲ့ ပညာရေးကဏ္ဍာ ပိုမိုဖွံ့ဖြိုးရေးနဲ့ ယခုလက်ရှိ ပိုမိုတိုးတက်ပြီး ပိုမိုတိုးတက်လာစေမည့် ပြည်သူလူထုများမှ ရွေးကောက်တင်မြှောက်ထားသော ပြည်နယ်အစိုးရ အနေဖြင့် မည်ကဲ့သို့ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရှေ့ဆက် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို ကျေးလက်နေပြည်သူများ ကိုယ်စား လေးစားစွာ မေးခွန်းကို မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာ မျိုးထွန်း၊ လူမှုရေး ဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်များ ခင်ဗျား။ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်ဇေယျ၏ လဲချားမြို့နယ်၏ ကျန်းမာရေး၊ ပညာရေးပိုမို ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရန် ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် မည်ကဲ့သို့ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း ဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။

လဲချားမြို့နယ်၏ ကျန်းမာရေး၊ ပညာရေး ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရန် ကျန်းမာကဏ္ဍအနေဖြင့် လဲချားမြို့နယ် ပြည်သူ့ဆေးရုံတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး(၁)ဦး၊ အထက်တန်းသူနာပြု(၅)ဦး၊ သူနာပြု(၄)ဦး တို့ဖြင့် ကုသရေးလုပ်ငန်းလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပြီး ဆေးရုံတွင် ဓါတ်မှန်စက်ရှိပြီး၊ ဓါတ်မှန်ဝန်ထမ်း ခန့်ထားနိုင်ခြင်း မရှိသေးသည့်အတွက် ဆေးရုံမှ အထွေထွေလုပ်သား(၁)ဦးအား ဓါတ်မှန်ရိုက်နည်းသင်တန်းပေး၍ ဓါတ်မှန်ရိုက်ရန် လိုအပ်သော လူနာများအား ဓါတ်မှန်ရိုက်ပေးလျက်ရှိပါသည်။ ဆေးရုံသည် (၂၅)ခုတင်ဖြစ်၍ တစ်နှစ်လျှင်(၂)ကြိမ် ကျန်းမာရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနမှ ဆေးဝါးများထောက်ပံ့ပေးလျက် ရှိပါတယ်။ မြို့နယ် သူနာပြု (၁)ဦးနှင့် ကျန်းမာရေးမှူး-၁ (၁)ဦးတို့ကိုပါ ခန့်ထားပေးပြီး မြို့နယ်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်လျက် ရှိပါတယ်။ လဲချားမြို့ပေါ်တွင် မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ ကိုယ်ဝန်ဆောင် မိခင်နှင့် ကလေးများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိပါသည်၊ ကိုယ်ဝန်ဆောင် မိခင်များအား ကိုယ်ဝန်ဆောင်ကာလတွင် မေးခိုင်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ တစ်နှစ်အောက်ကလေးများကို ကာကွယ်ဆေး(၆)မျိုး ထိုးနှံပေးခြင်း၊ (၃)နှစ်အောက်ကလေးများအား ကိုယ်အလေးချိန် ချိန်ပေးခြင်း၊ ကိုယ်ဝန်ဆောင် မိခင်နှင့် ကလေးများအာဟာရပြည့်ဝစေရန်အတွက် အာဟာရ လုပ်ငန်းနှင့်ပတ်သက်၍ ကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်၊

လဲချားမြို့နယ်တွင် တီဘီရောဂါတိုက်ဖျက်ရေး အဖွဲ့(၁)ဖွဲ့ ထားရှိပြီး လက်ထောက်ကျန်းမာရေးမှူး(၁)ဦး၊ သူနာပြု(၁)ဦး၊ ဓါတ်ခွဲမှူး(၁)ဦး တို့ဖြင့် တီဘီရောဂါရှာဖွေခြင်း လုပ်ငန်း၊ သလိပ်စစ်ဆေးခြင်း လုပ်ငန်း၊ တီဘီရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးပညာပေးခြင်း လုပ်ငန်း၊ ရောဂါကုသခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါတယ်။ ငှက်ဖျား ရောဂါတိုက်ဖျက်ရေး လုပ်ငန်းအတွက် ငှက်ဖျားအင်စပက်တာ(၁)ဦး၊ ဆေးဖျန်း(၂)ဦးဖြင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ကျေးလက်ဒေသနေပြည်သူများ အတွက် ဝမ်ယန်ကျေးလက်ကျန်းမာရေးဌာနတွင် လက်ထောက်ကျန်းမာရေးမှူး (၁)ဦး၊ အမျိုးသမီးကျန်းမာရေး ဆရာမ(၁)ဦး၊ သားဖွားဆရာမ(၂)ဦးတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး၊ ၎င်းကျေးလက်ကျန်းမာရေးဌာနအောက်ရှိ ဟိုတိကျေးလက်ကျန်းမာရေး ဌာနခွဲနှင့် တပ်မောက်ကျေးလက်ကျန်းမာရေးဌာနခွဲတို့အတွက် သစ်လွင် သားဖွားဆရာမ(၁)ဦးစီ ခန့်ထားပေးပြီး ဖြစ်ပါတယ်။ လဲချားမြို့ မိခင်နှင့် ကလေးကျန်းမာရေးဌာနနှင့် မြို့နယ်ပြည်သူ့ဆေးရုံတွင် လုပ်ငန်းအတွေ့အကြုံများရရှိစေရန် (၁)လသင်တန်းပေးထားပြီး သင်တန်းပြီးပါက သက်ဆိုင်ရာတာဝန်ကျသည့် ကျေးလက်ကျန်းမာရေး ဌာနခွဲများသို့ တာဝန်ထမ်းဆောင်စေမည်ဖြစ်ပါသည်။ ဝမ်ယိမ်းကျေးလက် ကျန်းမာရေးဌာနတွင် အမျိုးသမီးကျန်းမာရေး ဆရာမ(၁)ဦး၊ ကျန်းမာရေး ကြီးကြပ်-၁(၁)ဦး၊ သားဖွားဆရာမ(၅)ဦးတို့ဖြင့် ကျေးလက်နေပြည်သူများ အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကိုယ်ဝန်ဆောင်မိခင် များအား ကိုယ်ဝန်ဆောင် စောင့်ရှောက်ပေးခြင်း၊ အိမ်တိုင်ယာရောက် မွေးဖွားခြင်း၊ လူနာများညွှန်းပို့ခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ တစ်နှစ်အောက်ကလေးများအား ကိုယ်အလေးချိန် ချိန်ခြင်းနှင့် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိပါသည်။

### ရှေ့လုပ်ငန်းစဉ်များ အနေဖြင့်

ရှေ့လုပ်ငန်းစဉ်များအနေဖြင့် လက်ထောက်ဆရာဝန်နှင့် သွားဆရာဝန် ခန့်ထားပေးနိုင်ရန် ကျန်းမာရေးဦးစီးဌာနသို့ တင်ပြထားပြီး ဖြစ်ပါသည်။ လစ်လပ်နေသော သူနာပြုနှင့် သားဖွားဆရာမများအား အသစ်ခန့်အပ်လာပါက ဖြည့်ဆည်း ခန့်ထားပေးသွားမည် ဖြစ်ပါသည်။ ၂၀၁၃ခုနှစ်တွင် ရောဂါသုံးမျိုး ရန်ပုံငွေဖြင့် ငှက်ဖျားရောဂါကာကွယ်ခြင်း အတွက် ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေသွားရန် ရှိပါသည်။ လဲချားမြို့နယ် ဝမ်ပန်ကျေးလက်ကျန်းမာရေး ဌာနခွဲ အဆောက်အဦတို့ကို နိုင်ငံခြား အကူအညီဖြင့် ပြုပြင်ဆောက်လုပ်ရန် ကျန်းမာရေးဦးစီးဌာနသို့ တင်ပြထားပြီး ဖြစ်ပါတယ်။

### ပညာရေးကဏ္ဍအနေဖြင့်

ပညာရေးကဏ္ဍအနေဖြင့် မသင်မနေရ မူလတန်းပညာရေး စနစ်အကောင်အထည် ဖော်ခြင်းနှင့် မူလတန်းပညာရေး စနစ်အကောင် အထည်ဖော်ခြင်းနှင့် မူလတန်းဆင့် ပုံနှိပ်စာအုပ်များ အခမဲ့ဖြန့်ဝေ ပေးခြင်း၊ မူလတန်းဆင့် ကျောင်းသား၊ ကျောင်းသူတစ်ဦးလျှင် လေ့ကျင့်ခန်း စာအုပ်(၆)အုပ်စီ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် ပညာတော်သူများအတွက် အလယ်တန်းဆင့်နှင့် အထက်တန်းဆင့် ပညာသင်ဆုချီးမြှင့်ခြင်း၊ ပညာထူးချွန်၍ ချို့တဲ့သူများအတွက် ပညာသင်ထောက်ပံ့ကြေးများ သူငယ်တန်းမှ ဒသမတန်းအထိ ချီးမြှင့်ခြင်းနှင့် ကျောင်းဥပမိရုပ် ကောင်းမွန်ရေးအတွက် မူလွန်(ဝမ်ဟိုင်း)နှင့် အထက(ခွဲ)နောင်မိန်း တို့တွင် (၆၀ပေ×၃၀ပေ)နှင့် (၁၂၀ပေ×၃၀ပေ)ဆောက်လုပ်ရေးအတွက် ကြီးကြပ်ခြင်း၊ ကျောင်းနေမြဲရေးနှင့် အတန်းကူးပြောင်းနှုန်းမြင့်မားရေး အတွက် ဒေသအာဏာပိုင်များ၊ NGOများ၊ စေတနာရှင် အလှူရှင်များ ပူးပေါင်းဆောင်ရွက်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဌ၊ ဆက်လက်ပြီး တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်တင်မေထွန်း က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်တင်မေထွန်း၊ တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ရှင်။ ကျွန်မကတော့ တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်မေထွန်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ တာလေမြို့နယ်ခွဲတွင် ကျေးလက်ဘဏ်ခွဲ အဖြစ် ဖွင့်လှစ်ပေးနိုင်ခြင်း ကိစ္စနှင့် ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ် ရှင်။

တာချီလိတ်ခရိုင်အတွင်းရှိ တာလေမြို့နယ်ခွဲတွင် တာချီလိတ်မြို့မှ မိုင်(၃၀)ခန့်အကွာအဝေးတွင် တည်ရှိပြီး မြို့ပေါ်(၄)ရပ်ကွက်နှင့် ကျေးရွာအုပ်စု(၃)အုပ်စုတို့ဖြင့် ဖွဲ့စည်းထားရှိပြီး၊ လူဦးရေပေါင်း(၉၀၁၈)ဦး နေထိုင်ကြပါသည်။ တပ်ရင်း(၄)ရင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ အစရှိသည့်ဌာနဆိုင်ရာ(၁၈)ဌာန၊ ပညာရေးဝန်ထမ်း ဦးရေ(၂၀၀)ကျော်နှင့် ပင်စင်စားများ၊ အငြိမ်းစားစစ်မှုထမ်းဟောင်းများ၊ ဦးရေ(၁၀၀)ကျော်ခန့်ရှိပါသည်။ ကျိုင်းလပ်မြို့နယ်ခွဲသည် တာချီလိတ်မြို့နှင့် မိုင်(၆၀)ကွာဝေးပြီး တာလေမြို့နယ်ခွဲနှင့် (၃၅)မိုင်ကွာဝေးကာ ဌာနဆိုင်ရာများ၊ ပညာရေးဝန်ထမ်းများ အပါအဝင် လူဦးရေ(၆၀၀၀)ကျော်ခန့်ရှိပါသည်။

အဆိုပါ တာလေမြို့နယ်ခွဲသည် လွန်ခဲ့တဲ့ ၂၀၁၁ခုနှစ်၊ မတ် လ ၂၄ ရက်နေ့တွင် သဘာဝဘေးအန္တရာယ် ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများစွာ ကြုံတွေ့ခဲ့ရပြီး၊ ယခုအခါတွင် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြင့် စည်ကားသာယာလျက် ရှိပါသော်လည်း ဝန်ထမ်းများလစာနှင့် ပြည်သူများ ငွေစု/ငွေလွှဲခြင်းများ ပြုလုပ်ရန်အတွက် ဝေးလံသည့် တာချီလိတ်မြို့သို့ လာရောက်ခဲ့ကြရပါတယ်။

သို့ဖြစ်ပါ၍ ဝန်ထမ်းနှင့် ပြည်သူ့များ ငွေကြေးဆိုင်ရာကိစ္စများကို ယခုထက်ပိုမိုလျင်မြန်စွာဆောင်ရွက်နိုင်ရေးအတွက် တာလေမြို့နယ်ခွဲတွင် ကျေးလက်ဘဏ်ခွဲအဖြစ် ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါတယ် ရှင်။ ကျေးဇူးတင်ပါတယ် ရှင်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ပါးချမ်းမြေ့ကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ် ခင်ဗျား။ လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား- တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်မေထွန်းမှ ဝန်ထမ်းနှင့် ပြည်သူများ ငွေကြေးဆိုင်ရာကိစ္စများကို ယခုထက်ပိုမို လျင်မြန်စွာဆောင်ရွက်နိုင်ရေးအတွက် တာလေမြို့နယ်ခွဲတွင် ကျေးလက်ဘဏ်ခွဲအဖြင့် ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုကြောင်း မေးခွန်းနဲ့ စပ်လျဉ်း၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီး ဦးခွန်သိန်းမောင်မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

တာချီလိတ်ခရိုင်၊ တာလေမြို့နယ်ခွဲဟာ တာချီလိတ်မြို့နဲ့ မိုင်(၃၀) ခန့်သာ ကွာဝေးပြီး ဝန်ထမ်းလစာများ၊ ပြည်သူများ၏ ငွေကြေးဆိုင်ရာ ကိစ္စများကို တာချီလိတ်ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ တာချီလိတ်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်မှ ငွေသွင်း/ငွေထုတ်ကိစ္စများအား အဆင်ပြေချောမွေ့စေရန် ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ တာလေမြို့နယ်ခွဲ အနေနဲ့ ယခုထက် စီးပွားရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်မှု ရှိလာပြီး၊

(၂၄)နာရီ လျှက်စစ်မီးရရှိခြင်း၊ အော်တိုတယ်လီဖုန်းလိုင်းများ တပ်ဆင်ကောင်းမွန်လာခြင်း ရှိလာပါက ကနဦး ဘဏ်ငွေတိုက်ခွဲ ဖွင့်လှစ်ပေးပါရန် မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)တွင် တင်ပြပေးသွားမှာ ဖြစ်ပါတယ်။ လောလောဆယ်အားဖြင့် '၀'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသဖြစ်တဲ့အတွက် ဟိုပန်မြို့နယ် အစိုးရငွေတိုက်ခွဲအား မြန်မာ့စီးပွားရေးဘဏ်ငွေတိုက်ခွဲအဖြစ် တိုးမြှင့်ပေးဖွင့်လှစ်ခဲ့ပါတယ်။ ဘဏ်ခွဲတစ်ခု ဖွင့်လှစ်ရန် လုံခြုံမှုကောင်းသော နေရာလိုအပ်ခြင်း၊ ဘဏ်ရုံးအဆောက်အဦနှင့် ငွေသိုလှောင်ခန်း ဆောက်လုပ်ရန် လိုအပ်ခြင်းတို့ကြောင်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း တာလေမြို့နယ်ခွဲတွင် မြန်မာ့စီးပွားရေးဘဏ်ခွဲမှ ဘဏ်ခွဲဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ [ သြဘာသံများ ]

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမောင်ကျော် က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်ကျော်၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** မေးခွန်းများကို မနေ့က တစ်ဆက်တစ်ဆက်ထဲ မေးမြန်းပြီး ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

**ဦးရဲနိုင်အောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ အတွင်းရေးမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တကွ လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ဆုတောင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးရဲနိုင်အောင် ဖြစ်ပါတယ်။

လျှန်တော့်အနေနဲ့ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကျော်ရဲ့ ယမန်နေ့က မေးမြန်းသွားတဲ့ထဲမှာပါသွားတဲ့ တအာင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများ သက်တမ်းတိုးကြေး ကျပ်ငါးသိန်းပေးသွင်းခြင်းမှ ကင်းလွတ်ခွင့်ရအောင် ကူညီပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ်၊ ၆/၈၈ဖြင့် (၃၀. ၉. ၁၉၈၈)တွင် ပြဋ္ဌာန်းပေး ခဲ့ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၏ (၂၄. ၁. ၂၀၁၂)ရက်စွဲဖြင့် ထုတ်ပြန်သော အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းမှုအမိန့်အမှတ်၊ ၁/၂၀၁၂ အရ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စများအား အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများမှ ဆောင်ရွက်ရမည်ဟူသော လုပ်ငန်းတာဝန်ပါ ကောက်နုတ်ချက်များအရ အသင်းအဖွဲ့များ ဖွဲ့စည်းလိုပါက မြို့နယ်/ ခရိုင်/ပြည်နယ်တို့မှ အဆင့်ဆင့်သတ်မှတ်ချက်များနှင့် အညီ စိစစ်၍ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့သို့ တင်ပြ ပေးလျက် ရှိပါတယ်။ ရှမ်းပြည်နယ်တွင် ဖွဲ့စည်းခွင့်လက်မှတ် ရရှိထားသော အဖွဲ့(၁၅)ဖွဲ့၊ ဖွဲ့စည်းခွင့်လက်မှတ်လျှောက်ထားသော အဖွဲ့(၂၆)ဖွဲ့ ရှိပါတယ်။

'ပလောင်'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မှ အသင်းအဖွဲ့ (၂)ဖွဲ့ ရှိပါတယ်။ မြို့နယ်ကုန်တင်/ကျန်ချလုပ်သားအဖွဲ့နှင့် မြန်မာနိုင်ငံ တအာင်းစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီတို့ဖြစ်ပါတယ်။ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်ပြုရေးနှင့်ကြီးကြပ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းမှု အမိန့်အမှတ် (၁/၂၀၁၂)နှင့် ပတ်သက်၍ ချပြရှင်းလင်းခြင်း ကြီးကြပ်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန် အပိုဒ်(ဃ)ပါ ဖွဲ့စည်းခွင့်လက်မှတ်သက်တမ်းကာလကို ပြက္ခဒိန်နှစ်(၅)နှစ်ကာလ သက်တမ်းသတ်မှတ်ထုတ်ပေးခြင်း (စ)(ဆ)ပါ ဖွဲ့စည်းခွင့်လက်မှတ်လဲလှယ်ပေးခြင်းအတွက် ငွေကျပ်(၅)သိန်း ပေးသွင်းစေခြင်း

တို့ကိုလည်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ နမ့်ဆန်မြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်ခွဲမှာ မြန်မာနိုင်ငံ တအာင်းစာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီမှ အသင်းအဖွဲ့ သက်တမ်းတိုးလဲလှယ် ပေးခြင်းအတွက် ငွေစာရင်းအမှတ်(MD-02190)ဖြင့် ငွေကျပ်(၅)သိန်း ပေးသွင်းခဲ့ပါကြောင်း တွေ့ရှိရပါတယ်။

'ပလောင်'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တအာင်းတိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ သက်တမ်းတိုးကြေး ကျပ်(၅)သိန်း ပေးသွင်းခြင်းမှာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေး ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များအပိုဒ်(စ)(ဆ)အရ ပေးသွင်းစေခဲ့ခြင်း သာ ဖြစ်ပါကြောင်းနှင့် အဆိုပါ ငွေများမှာလည်း အသင်းအဖွဲ့များမှ နိုင်ငံတော်သို့ တရားဝင် ပေးသွင်းနေရသော ငွေကြေးများသာ ဖြစ်ပါ ကြောင်း၊ ယခင်က သက်တမ်း(၂)နှစ်တွင် ငွေကျပ်(၁)သိန်းပေးသွင်းစေခဲ့ပြီး၊ ယခုအခါတွင် သက်တမ်း(၅)နှစ်တွင် ငွေကျပ်(၅)သိန်းပေးသွင်းစေခြင်း သာဖြစ်ပြီး၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့သို့ လျှောက်ထားလာသော တစ်နိုင်ငံလုံးမှာရှိတဲ့ အသင်းအဖွဲ့အားလုံးမှ သတ်မှတ်ချက်ပါအတိုင်း နိုင်ငံတော်သို့ ပေးသွင်းခြင်းသာ ဖြစ်ပါကြောင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြု ဆောင်ရွက်နေသော အသင်းအဖွဲ့များအနေဖြင့် အထက်ပါ အခွန်ငွေများ ပေးသွင်းခြင်းသည် နိုင်ငံတော်ဘဏ္ဍာသို့ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေခြင်းသာ ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြ က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ကန့်သတ်

၂၄၃

**ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။**
လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ် စာအုပ်ကို ပြည်သူများအတွက် ကျယ်ကျယ်ပြန့်ပြန့် ထပ်မံဖြန့်ဖြူးရေးနှင့် ပတ်သက်သည့် မေးခွန်းကို မေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ် စာအုပ်ကို ပြန်ကြားရေးဝန်ကြီးဌာနမှ ၂၀၀၈ခုနှစ်၊ စက်တင်ဘာ လ မှ အုပ်ရေ(၁၀၀၀၀) ထုပ်ဝေဖြန့်ဖြူးခဲ့ကြောင်း သိရှိရပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ စာအုပ်များမှာ မြို့နယ်ပြန်/ဆက်ရုံးမှာ အုပ်ရေအနည်းငယ်သာရရှိခဲ့ပါသည်။ မြို့ကြီးများမှာ ရှိတဲ့စာအုပ်ဆိုင်တွေမှာလည်း ၂၀၁၂ခုနှစ် ရွေးကောက်ပွဲကာလ လူအများစိတ်ဝင်စားလာတဲ့အချိန်မှာ ဝယ်ယူထားရှိမှု မရှိတော့တာကိုလည်း သိရှိရပါတယ်။ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်များမှာ အခြေခံဥပဒေနဲ့ ပတ်သက်တဲ့ ကိစ္စများ မြန်မြန်ဆန်ဆန် ဆွေးနွေးလာတဲ့နေရာမှာ ပြည်သူများအတွင်း အခြေခံဥပဒေနဲ့ ပတ်သက်ပြီး တော့မှ ယခုအချိန်မှာ စိတ်ဝင်စားမှုအချိန် မြင့်တက်လျက်ရှိပါတယ်။ ဒီလို စိတ်ဝင်စားမှုအချိန်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်များ မည်သည့်နေရာမှ ဝယ်၍မရတော့ပါဘူး မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များထံမှာလည်း အများစုဟာလက်ဝယ်ပိုင်ဆိုင်ခြင်း မရှိသေးကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ် စာအုပ်ကို ပြန်ကြားရေးဝန်ကြီးဌာနမှ ထပ်မံဖြန့်ဖြူးပေးရန် စီစဉ် ရှိ/မရှိ သိရှိလိုကြောင်း လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ကန့်သတ်

**ဦးရဲနိုင်အောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ အတွင်းရေးမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ကြောင်း ဆုတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်အနေနဲ့ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ မေးမြန်းထားတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ် စာအုပ်ကို ပြန်ကြားရေးဝန်ကြီးဌာနမှ ထပ်မံဖြန့်ဖြူးပေးရန် စီစဉ် ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပြီး ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးချိန်မှစ၍ ပြည်သူလူထုကျယ်ကျယ်ပြန့်ပြန့် လေ့လာဖတ်ရှုနိုင်ရန် မြန်မာ/အင်္ဂလိပ် နှစ်ဘာသာဖြစ် မဂ္ဂဇင်းစာအုပ် အရွယ်စာအုပ်ကြီးအဖြစ်လည်းကောင်း၊ နောက်ပိုင်းမှာ တန်ဖိုးသက်သာပြီး လွယ်လွယ်ကူကူသယ်ယူနိုင်မည့် အိပ်ဆောင် အရွယ်အစားဖြင့် မြန်မာလိုနှင့် အင်္ဂလိပ်လိုစာအုပ်များခွဲခြား၍ ပုံနှိပ်ဖြန့်ချပေးလျက်ရှိပါတယ်။ စာအုပ်ကုန်ခါနီးတိုင်းထပ်မံပုံနှိပ်ဖြန့်ချိပေးလျက်ရှိခဲ့ရာ ၂၀၀၈ခုနှစ် ဩဂုတ်လမှ ယနေ့ထိစာအုပ် အကြီးကို (၇)ကြိမ်၊ ပုံနှိပ်ခဲ့ပြီး အုပ်ရေ(၄၁၀၀၀)၊ စာအုပ်ငယ်ဖြင့်မြန်မာလို(၂)ကြိမ် ပုံနှိပ်ခဲ့ပြီး အုပ်ရေ(၂၃၀၀၀)၊ စာအုပ်အငယ် အင်္ဂလိပ်လို(၁)ကြိမ်ဖြင့် အုပ်ရေ(၃၀၀၀)ကို ပုံနှိပ်ဖြန့်ချိပေးခဲ့ပြီးဖြစ်ပါတယ်။ ယခုအခါစာအုပ်ကြီးရေစာအုပ်ငယ်ပါ ဆိုင်တွင် ကုန်ခါနီးနေတဲ့အတွက် စာအုပ်ကြီး(၅၀၀၀)နှင့် စာအုပ်ငယ်(၁၀၀၀၀)ကို ထပ်မံပုံနှိပ်ဖြန့်ဖြူးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ နောင်တွင်လည်း စာအုပ်ကုန်ခါနီးတိုင်း ထပ်မံပုံနှိပ်ဖြန့်ဝေပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွန့် က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ဒီကနေ့ ကျွန်တော်တို့ လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တကွ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ကျွန်တော်အနေနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ဒီနေ့ မေးမြန်းတဲ့ မေးခွန်းကတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့ မြို့တော်ဖြစ်တဲ့ တောင်ကြီးမြို့မှာ အဓိကကျလှတဲ့ မော်တော်ယာဉ် ခရီးသည် ယာဉ်လိုင်းကိစ္စပဲဖြစ်ပါတယ်။ ဒီယာဉ်လိုင်းကိစ္စဟာလည်း ကျွန်တော်တို့ ရပ်စောက်မြို့နယ် ရဲ့ ယာဉ်လိုင်းတစ်ခုဟာလည်း တောင်ကြီးမြို့ကို လာရောက်နေတဲ့ ခရီးသည်ယာဉ်လိုင်းပဲဖြစ်ပါတယ်။ ဒီယာဉ်လိုင်းမှာ တစ်နေ့ကို (၁၂)စီးပြေးဆွဲပြီးတော့ တစ်နာရီကြားတစ်ခါ ကျွန်တော်တို့ တောင်ကြီးမြို့ကို တက်ရောက်နေတာပဲဖြစ်ပါတယ်။ ထိုနည်းလည်းကောင်း မြောက်ဘက်မှာဆိုရင် ဆီဆိုင်၊ ပင်လောင်း ဘက်ကလာတဲ့ ကားတွေဟာလည်း မြောက်ဘက်မှာ ကျွန်တော်တို့ ယာဉ်ရပ်နားစခန်းထားရှိပြီးတော့ ကျွန်တော်တို့ ဟိုင်းဝေးကားတွေဆိုရင် အေးသာယာမှာ ကျွန်တော်တို့ ဟိုင်းဝေးကားကွင်းရှိပါတယ်။ ဒါကြောင့်မို့ အင်မတန်မှ အရေးကြီးတဲ့ မြို့တော်လည်းဖြစ်သည်နှင့်အညီ ဒီလို စနစ်တကျလုပ်ထားတဲ့ ယာဉ်နားစခန်းတွေမှာ ကျွန်တော်တို့ ရပ်စောက်မြို့က ကားများသည် မြောက်ဘက်က မောချယ်ရီ ဂိတ်မှာဒီနေ့ထိ စည်းကမ်းတကျနဲ့ လုပ်ကိုင်လာတာ ဒါ(၁၀)နှစ်ကျော် ပါပြီ။ ဒါကြောင့်မို့ အခုလိုမျိုးရပ်နားနေတဲ့ ကိစ္စနဲ့ပတ် သက်ပြီးတော့ လက်ရှိခရီးသည်များသည် မောချယ်ရီဂိတ်ကနေ တောင်ကြီး မြို့မဈေးကြီးထိ(၁)မိုင်ခွဲလောက်ခရီးကို၊ ကျွန်တော်တို့ အချိန်လည်း ကြန့်ကြာတယ်၊ နောက်ပြီး ကျွန်တော်တို့ ခရီးစရိတ်လည်း ထပ်ကုန်တဲ့အတွက် ကျွန်တော်တို့မြို့မဈေး အနီးသို့ဂိတ်၊ ယာဉ်လိုင်းဂိတ်ပြေးဆွဲခွင့်ရှိ/မရှိဆိုတဲ့ မေးခွန်းကို ကျွန်တော် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနဲ့ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ မေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးမှ ပြည်နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းဝေး ခန်းမတွင် ၇-၉-၂၀၁၂ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် တောင်ကြီးမြို့၊ မြို့မဈေးကြီးတစ်ဝိုက် ယာဉ်ကြောပိတ်ဆို့မှုနှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက်နိုင်ရေး အဓိကထားဆွေးနွေး ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် အထက်ပါဈေးပတ်ပတ်လည်ရှိ ဗိုလ်ချုပ်လမ်း၊ ပင်လုံလမ်း၊ တပင်ရွှေထီးလမ်း စဝ်စံထွန်းလမ်းများပေါ်တွင် ဂိတ်ထိုးပြေးဆွဲနေသော ယာဉ်များအား ၄င်းနေရာများတွင် ဂိတ်ထိုးရပ်နား၊ ခရီးသည် တင်ခြင်းအား ခွင့်မပြု သင့်ပါကြောင်း တက္ကစီယာဉ်များအားလည်း အခြားယာဉ်ကြော ပိတ်ဆို့မှု မရှိနိုင်သည့် နေရာတွင် နေရာရှာပေးသွားသင့်ကြောင်း၊ ၄င်းအပြင် ဈေးပတ်ဝန်းကျင်အနီး အခြားလမ်းရှိ ယာဉ်ဂိတ်များတွင်လည်း ယာဉ် ကြောပိတ်ဆို့မှု မရှိစေရေး၊ ယာဉ်များရပ်နားခွင့်မပြုပဲ အလှည့်ကျ ယာဉ်တစ်စီးသာ ခရီးသည်တင်ထွက်စနစ်ဖြင့် ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲနှင့် ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်စည်ပင်များရော၊ ပို့ဆက်၊ ကညန၊ ယာဉ်ထိန်းများနှင့် ကျွန်တော်တို့ ဆက်လက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များနှင့် ရပ်မိရပ်ဖများပါ စည်းရုံး၍ ဟောပြောပွဲများ ပြုလုပ်ပြီး နားလည်မှုရယူပြီးတော့မှ စည်းကမ်းတကျနဲ့ ပြေးဆွဲသွားရန်ဆက်လက်ဆွေးနွေး ဆောင်ရွက်

သွားပါ့မယ်။ မြို့မဈေးကြီး ပတ်ဝန်းကျင် ယာဉ်ကြော ရှုပ်ထွေးမှုနှင့် ပတ်သက်၍ ပြည်နယ်အစိုးရမှ အစည်းဝေးများခေါ် ယူပြီး ဖြေရှင်းဆောင်ရွက်လျက်ရှိရာ ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေး အလေးထားဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသဖြင့် ရပ်စောက်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်မှ မေးမြန်းသည့် ရပ်စောက်မြို့မှ ယာဉ်လိုင်းများသာမက အခြားမည်သည့်ယာဉ်လိုင်းမှ ဂိတ်ဖွင့်ပြေးဆွဲ ခွင့်မပြုပါကြောင်းနဲ့ ယာဉ်လိုင်းအားလုံးကိုလည်း ယာဉ်စည်းကမ်း ဥပဒေနဲ့အညီ တစ်ပြေးညီဖြစ်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ Myanmar Parlimentary Union တွင် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအား အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းခြင်းကို ရှမ်းပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူခြင်း**

ဥက္ကဋ္ဌ။ ယခုအစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ Myanmar Parlimentary Unionကို ၂၀၁၂ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပါတယ်။ (၁) နာယက ပြည်ထောင်စုလွှတ်တော် ဥက္ကဋ္ဌ၊ ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်/ အမျိုးသားလွှတ်တော် ဒု-ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌအနေနဲ့ ပြည်သူ့ လွှတ်တော်၊ အမျိုးသားလွှတ်တော်အဖွဲ့ဝင် ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ အဖွဲ့ဝင်၊ ဒုတိယနာယက ပြည်ထောင်စုလွှတ်တော် အတွင်းရေးမှူး ဆိုပြီးတော့ ဖွဲ့စည်းခဲ့ပါတယ်။

သို့ပါ၍ အဆိုပါ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အဖွဲ့ဝင် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအား အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းခြင်းကို ရှမ်းပြည်နယ်လွှတ်တော်ရဲ့ သဘောတူညီချက် ရယူသွားမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ လွှတ်တော်ဆိုင်ရာအဖွဲ့ဝင်ကို ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအား အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းခြင်းကို လွှတ်တော်က -

"သဘောတူပါသလား ခင်ဗျား။"

[ ၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ။** လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းသည့် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ Myanmar Parlimentary Union တွင် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအား အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းခြင်းကို ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ [ **သြဘာသံများ** ]

**ဥက္ကဋ္ဌ။** မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့၏ ဖွဲ့စည်းပုံ စည်းမျဉ်းနှင့် မူကြမ်းကို ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီသို့ အကြံပြုချက်များ ပေးနိုင်ပါရန် လွှဲပြောင်းပေးခဲ့ပြီး ဖြစ်ကြောင်း လွှတ်တော်ကို အသိပေးအပ်ပါတယ်။

## ၂၄၉
## ရှမ်းပြည်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ(ပတလ-ရှမ်း) နယ်မြေအတွင်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် ဖွံ့ဖြိုးရေး လုပ်ငန်းများအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ(ပတလ-ရှမ်း)နယ်မြေအတွင်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ရှင်းလင်းတင်ပြပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးကြီး အောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သူ ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ရှမ်းပြည်နယ်အတွင်းမှာ ရှိနေတဲ့ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။

နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ပြီးတော့ ဥပဒေများ၊ ရည်ရွယ်များ၊ ပြဋ္ဌာန်းဆောင်ရွက်ပြီး ဖြစ်ပါတယ်။ အဲဒီလိုပြဋ္ဌာန်းတဲ့အခါမှာ ရည်ရွယ်ချက်အနေနဲ့ တင်ပြပါ (၅)ချက်အတိုင်း ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါသည်။

ဒီနယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်နေတဲ့ ဆောင်ရွက်မှုစနစ်ကို ရှင်းလင်းတင်ပြရမည်ဆိုရင် ကျွန်တော်တို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု ကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး၊ ဒုတိယသမ္မတ နှစ်ဦးက ဒုတိယ ဥက္ကဋ္ဌ၊ နယ်စပ်ရေးဝန်ကြီးက အတွင်းရေးမှူး၊ နယ်စပ်ရေး ဒုဝန်ကြီးက တွဲဖက်အတွင်းရေးမှူး၊ အဖွဲ့ဝင်(၂၆)ဦးနဲ့ ဖွဲ့စည်းဆောင်ရွက်ထားသာ ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်တွေဟာ အဖွဲ့ဝင် ဖြစ်ပါတယ်။ အဲကမှတဆင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို ထပ်မံဖွဲ့စည်းထားပါတယ်။ အဲဒီကော်မတီကတော့ နယ်စပ်ရေးရာဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ပါဝင်ပြီးတော့မှ အတွင်းရေးမှူးအဖြစ် နယ်စပ်ရေးရာ ဒုတိယဝန်ကြီးက တာဝန်ယူဆောင်ရွက်ပါတယ်။ တွဲဖက် အတွင်းရေးမှူး အဖြစ် ညွှန်ကြားရေးမှူးချုပ်က တာဝန်ယူဆောင်ရွက်ပါတယ်။ အဲဒီမှာတော့ အဖွဲ့ဝင်အားလုံး(၃၂)ဦးနဲ့ ဖွဲ့စည်းထားပြီးတော့မှ တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာရှိတဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးများ ပါဝင်မှာ ဖြစ်ပါတယ်။ အဲဒီ လုပ်ငန်းကော်မတီရဲ့အောက်မှာ ဆပ်ကော်မတီ (၁၃)ခုနဲ့ ဒေသဆိုင်ရာလုပ်ငန်းကော်မတီ(၉)ခု ပါရှိပါတယ်။ ဒီလုပ်ငန်း ကော်မတီရဲ့အောက်မှာ လုပ်ငန်းတွေဆောင်ရွက်ဖို့ နယ်စပ်ရေးရာ ဝန်ကြီး၊ နတလဦးစီးဌာန၊ ဒေသကြီးကြပ်ရေးမှူးရုံးများ အဆင့်ဆင့် ဖွဲ့စည်းထားသာ ဖြစ်ပါတယ်။ အဲမှာ ဖွဲ့စည်းထားတဲ့ ဆပ်ကော်မတီ (၁၃)ခုကတော့ လမ်းတံတား၊ သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စွမ်းအင်၊ ပြည်သူ့ဆက်ဆံရေး၊ ဆက်သွယ်ရေး၊ အိမ်ယာ ဆောက်လုပ်ရေး၊ စီမံ/ဘဏ္ဍာစရင်းစစ်ဆေးရေး၊ သသာနာရေး၊ ပြည်ထဲရေးနဲ့ အလုပ်အကိုင်နှင့် အခွင့်အရေးတိုးတက်ရေး ဆိုပြီးတော့မှ ဆပ်ကော်မတီများ ဖွဲ့စည်းထားဆောင်ရွက်လျက်ရှိပါတယ်။ ဒါပြင် ကျွန်တော်တို့ ပြည်နယ်နဲ့ တိုင်းဒေသကြီးများအတွင်း နယ်စပ်ဒေသ

တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဒေသဆိုင်ရာ လုပ်ငန်းကော်မတီကိုသော နိုင်ငံတော်သမ္မတရုံးရဲ့ (၁၉. ၅. ၂၀၁၁)ရက်စွဲပါအမိန့်ကြေညာစာအမှတ်(၆/၂၀၁၁)အရ ရှမ်းပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီကို အဖွဲ့ဝင်(၅၅)ဦးနဲ့ ဖွဲ့စည်း ခဲ့ပါတယ်။ အဲမှာ ဥက္ကဋ္ဌအဖြစ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ယူ ဆောင်ရွက်ပြီးတော့မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ တွေဟာ အဖွဲ့ဝင်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ အဖွဲ့ဝင်၊ ခရိုင် အုပ်ချုပ်ရေးမှူးများ အဖွဲ့ဝင်နဲ့ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးက အတွင်းရေးမှူး၊ ဒေသဆိုင်ရာကြီးကြပ်ရေးမှူးများက တွဲဖက်အတွင်းရေးမှူး အဖြစ် တာဝန်ယူဆောင်ရွက်လျက် ရှိပါတယ်။ အဲမှာ ခုနက ကျွန်တော်တင်ပြခဲ့တဲ့ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ လုပ်ငန်း ကော်မတီ၊ ဒေသဆိုင်လုပ်ငန်းကော်မတီဆိုပြီးတော့မှာ ရှိတဲ့အခါမှာ အတိုကောက်အားဖြစ်တော့ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ ရှမ်းပြည်နယ်အတွက်ကတော့ ရှမ်းပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီ (ပတန-ရှမ်း)ဆိုပြီးတော့မှ ခေါ်ဝေါ်သုံးစွဲနေတာ ဖြစ်ပါတယ်။ သူရဲ့ အရှည်ကောက် ကတော့ ကျွန်တော်တင်ပြခဲ့သလို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ကော်မတီတွေပဲ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်မှုများအနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရှိပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အောက်မှာမှ ရှမ်းပြည်ဒေသ ဆိုင်ရာလုပ်ငန်းကော်မတီ(ပတလ-ရှမ်း)မှ ဆောင်ရွက်ပြီးတော့မှ သူ့အောက်မှာမှ ဒေသကြီးကြပ်ရေးမှူးရုံးနဲ့ ဆက်လက်ဆောင်ရွက်လျက် ရှိပါတယ်။ ဆက်လက်ပြီးတော့မှ ရှမ်းပြည်နယ်ဒေသဆိုင်ရာလုပ်ငန်း ကော်မတီနယ်မြေအတွင်းမှာ ၁၉၉၈ခုနှစ်ကနေစပြီးတော့မှာ ဒီကနေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့တဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများကို

တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းများအနေနဲ့ လမ်းတံတားလုပ်ငန်းမှာ ငွေကျပ်သန်းပေါင်း (၆၁၂၈. ၇၉)သန်း၊ ကျန်းမာရေးလုပ်ငန်းမှာ ငွေကျပ် (၃၃၆. ၀၅)သန်း၊ ပညာရေးလုပ်ငန်းမှာ ငွေကျပ် (၇၃၆. ၃၁)သန်း၊ စိုက်ပျိုးရေးလုပ်ငန်းမှာ ငွေကျပ် (၂၄၉. ၄၉)သန်း၊ စွမ်းအင်လုပ်ငန်းမှာ ငွေကျပ် (၃၃၁. ၆၈)သန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းမှာ ငွေကျပ် (၃၀၁. ၆၈)သန်း၊ မွေးမြူရေးလုပ်ငန်းမှာ ငွေကျပ် (၄၅. ၄၆)သန်း၊ ဆက်သွယ်ရေးလုပ်ငန်းမှာ ငွေကျပ် (၁၃၂. ၄၉)သန်း၊ အိမ်ယာဆောက်လုပ်ရေးမှာ ငွေကျပ် (၅၅၆၉. ၉၂)သန်း၊ သာသနာရေး လုပ်ငန်းမှာ ငွေကျပ် (၁၄၇. ၇)သန်း၊ လူမှုရေးဝန်ထမ်းနှင့် သမဝါယမ လုပ်ငန်းမှာ ငွေကျပ် (၁၅. ၀၅)သန်း၊ သစ်တောလုပ်ငန်းမှာ ငွေကျပ် (၆. ၃၅)သန်း၊ စုစုပေါင်းနေနဲ့ ကျပ်သန်းပေါင်း(၁၄၀၃၈. ၂၅)သန်း သုံးစွဲဆောင်ရွက်ပြီး ဖြစ်ပါတယ်။ အဲမှာ ကျွန်တော်တို့ ရှမ်းပြည်နယ် အတွင်းမှာ (၂၀၁၁ခုနှစ် - ၂၀၁၂ခုနှစ်)ဘဏ္ဍာရေးနှစ်အတွင်းမှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး ရန်ပုံငွေနှင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ဆက်လက်ပြီး တင်ပြပေးသွားမှာ ဖြစ်ပါတယ်။ မန်တုံမြို့ အထကမှာ ရှိတဲ့ကျောင်းသူ/ကျောင်းသားများ အတွက် တစ်လကို တစ်သိန်းနှုန်းနဲ့ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပထမ နှစ်ဝက်ကနေ ဒုတိယနှစ်ဝက်အထိ (၁၀)လစာ ခွင့်ပြုထောက်ပံ့ငွေစုစုပေါင်း တစ်သန်းကို ကျွန်တော်တို့ရာခိုင်နှုန်းပြည့်ထောက်ပံ့လျက်ပြီး ဖြစ်ပါတယ်။ မက်မန်းမြို့ သောက်သုံးရေရရှိရေးကိုလည်းပဲ ဆောက်လုပ်ရေး အင်ဂျင်နီယာ တပ်ခွဲ(၉၄၆)ကလည်း တာဝန်ယူဆောင်ရွက်ခဲ့တာလည်း ရာခိုင်နှုန်းပြည့် ပြီးစီးပြီဖြစ်ပါတယ်။ ခွင့်ပြုငွေအနေနဲ့ (၇. ၉)သန်းဖြစ်ပါတယ်။ တာချီလိတ်မြို့နယ်၊ ဝမ်ပုံကျေးရွာမှာရှိတဲ့ ရုပ်သံမီးစက်ရုံနှစ်ခန်းတွဲနဲ့ ဝန်ထမ်းအိမ်ယာ (၂၄. ၃. ၂၀၁၁)ရက်နေ့မှာ ငလျင်ဒဏ်ကြောင့် ပျက်ဆီးခဲ့ပြီး ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေ (၂. ၅၅)သန်းနဲ့ ဆောက်ရွက်တာလည်းပြီးစီးပြီ ဖြစ်ပါတယ်။ မိုင်းဆတ်မြို့နယ်

လမ်းဆက်အပေါ် ကျေးရွာသောက်သုံးရေရရှိရေး လုပ်ငန်းကိုလည်း ခွင့်ပြု ရန်ပုံငွေ (၂)သန်းနဲ့ ရာနှုန်းပြည့်ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ မိုင်းယောင်းမြို့နယ်၊ ဟွေသန်းသောက်သုံးရေသွယ်ယူခြင်း လုပ်ငန်းကိုလည်း ခွင့်ပြုရန်ပုံငွေ(၂. ၅)သန်းနှင့် ရာနှုန်းပြည့်ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ တာချီလိတ်မြို့နယ်၊ တျိုင်းလပ်မြို့နယ်ခွဲ၊ ကျဗိုလ်ခမ်းကျေးရွာ၊ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေ (၁. ၅)သန်းနှင့် ရာနှုန်းပြည့်ဆောင်လုပ်ပြီးဖြစ်ပါတယ်။မိုင်းဆတ်မြို့နယ်၊ မိုင်းဆတ်-တိုရွှတ်လမ်း(၂၅)မိုင် ပြုပြင်ခြင်းလုပ်ငန်းအတွက်နဲ့လည်း ခွင့်ပြုရန်ပုံငွေ(၈)သန်းနှင် ရာနှုန်းပြည့်ပြီးစီးပြီးဖြစ်ပါတယ်။ မိုင်းတုံမြို့နယ်၊ နားကောင်းမူး-မိုင်းကျွတ်လမ်း(၁၉)မိုင်၊ (၂)ဖါလုံအတွက်လည်း ခွင့်ပြုရန်ပုံငွေ (၃၆. ၃၂)သန်းနဲ့ ရာနှုန်းပြည့်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ မိုင်ဆတ်မြို့နယ်၊ မိုင်းယွန်း-တာကူပြန်လမ်း (၅)မိုင်ပြုပြင်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုရန်ပုံငွေ(၂. ၁၇၉)သန်း၊ မိုင်းခတ်မြို့နယ်၊ နောင်ချို-မိုင်းညင်း-မိုင်းခတ်လမ်း (၆၅)မိုင် ပြုပြင်ခြင်းအတွက် (၁၉. ၀၆၉)သန်း၊ မိုင်းခတ်မြို့နယ်၊ မိုင်းခတ်-မိုင်းနူန်းလမ်း (၁၀)မိုင် ပြုပြင်ခြင်းလုပ်ငန်းအတွက် (၃. ၄၉)သန်း ခွင့်ပြုထားရှိပြီးသော လုပ်ငန်းဆောင်ရွက်မှုများ ပြီးစီးခဲ့ပြီဖြစ်ပါတယ်။ မိုင်းယောင်းမြို့နယ်၊ မိုင်းယောင်း-ဝမ်မိုင်-ကျိုင်းတုံးလမ်း မိုင်(၃၀)ပြုပြင်ခြင်း၊ မိုင်းယောင်းမြို့နယ်၊ မုံးလိုက်-ဖါရှိုးလမ်း (၂၈)မိုင် ပြုပြင်ခြင်း၊ ဟိုပုန်းမြို့နယ်၊ ရွာသစ်အခြားကလွတ်လမ်း (၁၄)မိုင်အတွက် ကျောက်ခင်းခြင်းလုပ်ငန်းအတွက် (၄၂)သန်း သာတွေအားလုံးကိုလည်း ရာခိုင်ပြည့်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ နားပွဲပြည်သူ့စစ်၊ နားပွဲဒေသပြန်လည်ထူထောင်ခြြင်း လုပ်ငန်းမှာလည်းပဲ သွပ်အချပ်(၅၀၀)နဲ့ ဘိလပ်မြေ(၂၀၀)၊ (၅)မူးလုံးသံချောင်းအရှည် တန်(၅၀) ထောက်ပံ့ပေးခြင်း လုပ်ငန်းကိုလည်းပဲ (၃၂. ၅)သန်းနဲ့ ရာနှုန်းပြည့်ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်အတွင်းမှာ ခွင့်ပြုရန်ပုံငွေ စုစုပေါင်း(၁၄၆. ၈၅၈)သန်းနှင့် လုပ်ငန်းများ ရာနှုန်းပြည့်

ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ တင်ပြပါ ပုံတွေအရ ခုနက ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများရဲ့ မှတ်တမ်းဓါတ်ပုံများပဲ ဖြစ်ပါတယ်။ လမ်းဆက်ကျေးရွာ သောက်သုံးရေရရှိရေးအတွက် ကော်မတီကနေ တာဝန်ယူဆောင်ရွက်ခဲ့သည့် လုပ်ငန်းဖြစ်ပါတယ်။ ဟွေယန်းကျေးရွာ သောက်သုံးရေရရှိရေးအတွက် ကော်မတီကနေ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဖြစ်ပါတယ်။ ကျဗိုလ်ခမ်း ကျေးရွာ ဘုန်းတော်ကြီးကျောင်းဆောက်လုပ်ရေးလုပ်ငန်းကော်မတီ အနေနဲ့ ဆောင်ရွက်ခဲ့သည့် လုပ်ငန်း ဖြစ်ပါတယ်။ ဒါကတော့ မိုင်းဆတ်မြို့နယ်၊ မိုင်းယွန်း-တာကူလမ်း ပြုပြင်ခြင်းအတွက် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူး ရုံးကနေ တာဝန်ယူဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ ဖြစ်ပါတယ်။ နားကောင်းမူး-မိုင်းကျွတ်လမ်း ဖြစ်ပါတယ်။ မိုင်းဆတ်-ဟွေရွက်လမ်း ဖြစ်ပါတယ်။ ဟိုဟုန်းမြို့နယ် အခြားပြုလုပ်လမ်း ကျောက်ခင်းခြင်း လုပ်ငန်း ဖြစ်ပါတယ်။ ဒါတွေဟာ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က တာဝန်ယူ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဖြစ်ပါတယ်။ ဝမ်ပန်၊ နားပွဲ ပြည်သူ့စစ်ဌာနေ အဖွဲ့ရဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်မှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ ဆောက်လျက်ရှိတဲ့ လုပ်ငန်းများကို တင်ပြပေးသွားမှာ ဖြစ်ပါတယ်။ ဟိုပန်၊ မိုင်းနော၊ ပန်ဝိုင်၊ ပန်ဆန်းလမ်း (၂၀၉)မိုင်အတွက်ကို ကျောက်ခင်းဖို့အတွက် ခွင့်ပြုရန်ပုံငွေ(၁၁၃. ၅)သန်းနဲ့ ခွင့်ပြုခဲ့ပြီး လက်ရှိဆောင်ရွက်လျက်ရှိပါတယ်။ ဟိုပန်လမ်းသစ်လမ်း ကျောက်ခင်းလမ်း ခင်းခြင်းကိုလည်းပဲ ခွင့်ပြုရန်ပုံငွေ (၁၂)သန်းနဲ့ ဆောင်ရွက်ဆဲ ဖြစ်ပါတယ်။ ပန်ဆန်း-မက်မန်းလမ်း (၄၈)မိုင် ကျောက်ခင်းခြင်းကို (၇၂)သန်းနှင့် ခွင့်ပြုပြီး ဖြစ်ပါတယ်။ လွယ်ခမ်း၊ မိုင်းမော၊ မိုင်းထုံ-မိုင်းထလမ်း (၃၀)မိုင် ရှိသည့်အနက် ကျန်(၇)မိုင်မှာ ကျောက်ခင်းခြင်း လုပ်ငန်းကို ခွင့်ပြုရန်ပုံငွေ (၁၀. ၅)သန်း ခွင့်ပြု ခဲ့ပါတယ်။ ဆီဆိုင်မြို့နယ်၊ မွေတော်-နမ့်စန်-ဆိုက်ခေါင်လမ်း အတွက်လည်း (၅. ၅၂)သန်း ခွင့်ပြုပြီးဖြစ်ပါတယ်။ တောင်ကြီးမြို့နယ်၊

ကတ္တူနောင်း-ဆိုက်ခေါင်လမ်းအတွက်ကို (၁၂)သန်း ခွင့်ပြုခဲ့ပါတယ်။ လင်းခေးမြို့နယ်၊ ဟိုပုန်းမြို့နယ်အတွင်း (၂)မိုင်ကတ္တရာခင်းခြင်းအတွက်ကို ခွင့်ပြုရန်ပုံငွေ (၆)သန်း ခွင့်ပြုပြီးဖြစ်ပါတယ်။ ဒါတွေအားလုံးဟာ ဆောင်ရွက်ဆဲ လုပ်ငန်းပဲ ဖြစ်ပါတယ်။ ခွင့်ပြုခဲ့တာက (၈)လပိုင်းကနေ ခွင့်ပြုခဲ့ပြီးမှ ဆောင်ရွက်ဆဲဖြစ်ပြီးတော့မှ ကျွန်တော်တို့ တစ်လပြီး မြောက်တဲ့အချိန် ဒီလုပ်ငန်းကို ပြန်လည်စိစစ်ပြီးတော့မှ (၆)လပြည့်သည့် အချိန်မှ လုပ်ငန်းရဲ့(၅၀%)ပြည်စီးတဲ့အချိန်မှာ ခွင့်ပြုရန်ပုံငွေ (၅၀%)၊ ယခုခွင့်ပြုထားခဲ့တဲ့ (၅၀%)ကို ကျွန်တော်တို့က ပေးချေပြီးတော့မှ သူတို့ရဲ့ လုပ်ငန်းပေါ်မူတည်ပြီးတော့မှ နောက်ထပ်(၅၀%)ထပ်မံ ထုတ်ပေးသွားမှာ ဖြစ်ပါတယ်။ ဝမ်မိုင်ပြည်သူစစ်ဌာနေတို့ရဲ့ နေအိမ် တွေကိုလည်း ပြန်လည်ပြုပြင်ခြင်း၊ ရိက္ခာနဲ့ စီးပွားများအတွက်လည်း ဖြည့်ဆည်းပေးခြင်းကိုလည်းပဲ (၅)သန်း ခွင့်ပြုခဲ့သည့်အတွက် (၈. ၆. ၂၀၁၂) ရက်နေ့တွင် ထောက်ပံ့ပေးပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့မှ ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်ကနေ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် စီမံကိန်းကာလအတွင်း ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ လျာထားလုပ်ငန်းကို တင်ပြတောင်းခံပြီး ဖြစ်ပါတယ်။ အဲဒီ တင်ပြ တောင်းခံထားသည့် လုပ်ငန်းများ စာရင်းချုပ်ကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ဆောင်ရွက်ဆဲလုပ်ငန်းစာရင်းအနေနဲ့ လမ်းတံတားမှာ မြေသားလမ်း၊ ကျောက်ခင်းလမ်း၊ ကတ္တရာလမ်း၊ ကွန်ကရစ်တံတား၊ ကွန်ကရစ်ရေပြွန် ဒါတွေအားလုံး ပါဝင်တာဖြစ်ပါတယ်။ ပညာရေးလုပ်ငန်းမှာလည်း အမကကျောင်း (၂၀)ကျောင်း၊ အလကကျောင်း (၂)ကျောင်း၊ အထကကျောင်း (၂)ကျောင်း၊ ကျန်းမာရေးလုပ်ငန်းအတွက် ဆေးရုံ၊ ဆေးပေးခန်း၊ ကျန်းမာရေးဌာနခွဲ၊ ကျန်းမာရေးဌာန ဒါတွေပါဝင်တာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းများမှာ မြေယာဖော်ထုတ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေရရှိရေး လုပ်ငန်း၊ သောက်သုံးရေရရှိရေးလုပ်ငန်းများ တင်ပြတောင်းခံပြီးဖြစ်ပါတယ်။ မွေးမြူရေးလုပ်ငန်းအနေနဲ့ ကုသရေးရုံး၊

မွေးမြူရေးခြံ၊ ရေအားလျှပ်စစ်၊ ပြည်သူ့ဆက်ဆံရေးအနေနဲ့ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ စာကြည့်တိုက်၊ ဆက်သွယ်ရေးအနေနဲ့ တယ်လီဖုန်းရုံ စာတိုက်၊ ဘာသာရေးလုပ်ငန်းအနေနဲ့ ဘုန်းကြီးကျောင်း၊ သိမ်၊ ဓမ္မာရုံ အိမ်ယာဆောက်လုပ်ရေးအနေနဲ့ တန်ဖိုးနည်းအိမ်ယာ၊ ဝန်ထမ်းအိမ်ယာ ဒါတွေကို တင်ပြတောင်းထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် တင်ပြတောင်းခံမည့် ငွေပေါင်းအား စုစုပေါင်း ကျပ်သန်းပေါင်း (၈၄၁၆.၈၂)သန်းရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် တင်ပြတောင်းခံထားတာကတော့ (၇၂၇၆.၁၄)သန်းရှိပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက်ကတော့ တင်ပြတောင်းခံထားတဲ့ ငွေကြေးပေါင်း (၆၁၅၈.၂၈)သန်း ဖြစ်ပါတယ်။ ဒါတွေအားလုံးကိုလည်း ကျွန်တော်တို့ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေပေါ် မူတည်ပြီးတော့မှ ဦးစားပေးလုပ်ငန်းအလိုက် ကျွန်တော်တို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယခင်တုန်းကတော့ ကျွန်တော်တို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေ ဖွဲ့စည်းဆောင်ရွက်ခြင်း မရှိခဲ့သည့်အတွက် ရှမ်းပြည်နယ်တစ်ခုလုံး အတွက် ဆောက်ရွက်ခြင်းမရှိသည့်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တွေဖွဲ့စည်းပြီးဖြစ်သည့်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွက် လည်းပဲ ကျွန်တော်တို့ တင်ပြတောင်းခံထားတာ ဖြစ်ပါတယ်။ ဒီမှာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ၂၀၁၃-၂၀၁၄၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွေရဲ့ ဆောင်ရွက်လိုတဲ့ လုပ်ငန်းများကို တင်ပြတောင်းခံ ထားတာ ဖြစ်ပါတယ်။ အဲလုပ်ငန်းတွေမှာလည်း ခုနက တင်ပြသလို လမ်းတံတားလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ အိမ်ယာဆောက်လုပ်ရေးလုပ်ငန်းစသည့်တို့ ပါဝင်တာဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄အတွက် စုစုပေါင်း ကျပ်(၄၄၉၄.၆၁)သန်း၊ ၂၀၁၄-၂၀၁၅ အတွက် (၃၆၃၉.၁၅)သန်း၊ ၂၀၁၅-၂၀၁၆အတွက် (၄၄၀၀.၅)သန်း တင်ပြတောင်းခံထားတာဖြစ်ပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွက်လည်းပဲ ဆက်လက်ပြီး တင်ပြတောင်းခံထားတာ ရှိပါတယ်။

ခုဏက တင်ပြသလိုပဲ လမ်းတံတားလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ အိမ်ယာဆောက်လုပ်ရေးလုပ်ငန်း၊ သာသနာရေးလုပ်ငန်း၊ ရေအားလျှပ်စစ်လုပ်ငန်း ဒါတွေပါဝင်တာဖြစ်ပါတယ်။ အဲမှာ ၂၀၁၃-၂၀၁၄အတွက် စုစုပေါင်း ကျပ်(၅၆၆၇. ၆၆)သန်း၊ ၂၀၁၄-၂၀၁၅အတွက် (၅၂၈၀. ၅)သန်း၊ ၂၀၁၅-၂၀၁၆ အတွက် (၅၄၀၈. ၈၄)သန်း တင်ပြတောင်းခံထားတာ ဖြစ်ပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ၂၀၁၃-၂၀၁၄၊ ၂၀၁၅-၂၀၁၆အတွက် လျာထားလုပ်ငန်းများမှာလည်းပဲ အလားတူ လမ်းတံတားလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ အိမ်ယာဆောက်လုပ်ရေးလုပ်ငန်း၊ သာသနာရေးလုပ်ငန်း၊ ရေအားလျှပ်စစ်လုပ်ငန်း ဒါတွေပါဝင်တာဖြစ်ပါတယ်။ အဲအတွက်လည်း ၂၀၁၃-၂၀၁၄အတွက် စုစုပေါင်း ကျပ်(၃၉၄၉. ၉၇)သန်း၊ ၂၀၁၄-၂၀၁၅အတွက် (၃၀၆၄. ၃၇)သန်း၊ ၂၀၁၅-၂၀၁၆အတွက် (၃၀၆၄. ၃၇)သန်း တင်ပြတောင်းခံထားပြီး ဖြစ်ပါတယ်။ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအနေနဲ့လည်းပဲ လမ်းတံတားလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ အိမ်ယာဆောက်လုပ်ရေးလုပ်ငန်း၊ သာသနာရေးလုပ်ငန်း၊ ရေအားလျှပ်စစ်လုပ်ငန်းတို့ ပါဝင်ပြီးတော့မှာ ၂၀၁၃-၂၀၁၄ အတွက် စုစုပေါင်း ကျပ်(၄၁၈၄. ၄၇)သန်း၊ ၂၀၁၄-၂၀၁၅ အတွက် (၄၀၁၅. ၆၇)သန်း၊ ၂၀၁၅-၂၀၁၆အတွက် (၃၈၉၁. ၆၇)သန်း တင်ပြတောင်းခံထားပြီး ဖြစ်ပါတယ်။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက်လည်းပဲ လမ်းတံတားလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ အိမ်ယာဆောက်လုပ်ရေးလုပ်ငန်း၊

သာသနာရေးလုပ်ငန်း၊ ရေအားလျှပ်စစ်လုပ်ငန်း ဒါတွေပါဝင်တာဖြစ်ပါတယ်။ အဲအတွက်လည်း ၂၀၁၃-၂၀၁၄အတွက် စုစုပေါင်းကျပ်(၄၇၉၀. ၆၂)သန်း၊ ၂၀၁၄-၂၀၁၅အတွက် (၃၂၈၈. ၇၇)သန်း၊ ၂၀၁၅-၂၀၁၆ အတွက် (၁၁၉၀. ၁၇)သန်း တင်ပြတောင်းခံထားတာဖြစ်ပါတယ်။ ဒီလိုကျွန်တော်တို့ တင်ပြတောင်းခံထားတဲ့အခါမှာရရှိတဲ့ငွေကြေးပေါ် မူတည်ပြီးတော့မှ လုပ်ငန်းတွေကို လုပ်ငန်း ဦးစားပေးအလိုက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို တင်ပြလိုတာကတော့ ကျွန်တော်တို့ ဒီနတလလုပ်ငန်းတွေနဲ့ဆောင်ရွက်တဲ့လုပ်ငန်းဟာ သက်ဆိုင်ရာ ပဆငတို့၊ စည်ပင်တို့ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေနဲ့ မတူပါဘူး၊ ကျွန်တော်တို့ကို ခွင့်ပြုတဲ့ရန်ပုံငွေဟာ နှုန်းထားနည်းနေပါတယ်။ နှုန်းထားနဲ့တဲ့အတွက်ကျွန်တော်တို့ ဒီနတလလုပ်ငန်းအနေနဲ့ ဆောင်ရွက်မဲ့ လုပ်ငန်းတွေအားလုံးဟာ သက်ဆိုင်ရာလုပ်ငန်းကော်မတီကနေ ပူးပေါင်းပါဝင်ပြီးတော့ဒေသခံပြည်သူလူထုတွေ ပါဝင်ပြီးတော့မှ ဝိုင်းဝန်းဆောင်ရွက်ပြီးတော့မှရတဲ့လုပ်ငန်းဖြစ်ပါတယ်။ ဒါကျွန်တော်ဆက်လက်တင်ပြမည့်လုပ်ငန်းများတွေကို ကြည့်ခြင်းအားဖြင့် တံတား၊ လမ်းတွေအတွက်ချပေးတဲ့ရန်ပုံငွေတွေဟာ ဆောက်လုပ်ရေးကနေကျပေးထားတဲ့ လုပ်ငန်းထက် (၁၀)ဆထက်မက နည်းနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါတွေ ကျွန်တော်တို့တင်ပြတောင်းခံမည့်ဆိုရင် သက်ဆိုင်ရာ ရေဆိုရင် ရေရရှိရေးကော်မတီ၊ မီးဆိုရင်လည်း မီးရရှိရေးကော်မတီ၊ လမ်းဆိုရင်လည်း လမ်းဖြစ်မြောက်ရေးကော်မတီ ဒါကြောင့်မို့ သက်ဆိုင်ရာဒေသက ပါရှိနေတဲ့ အသင်းအဖွဲ့တွေဒါတွေကနေ ဝိုင်းဝန်းကူညီးပံ့ပိုးလုပ်မည်ဆိုပါက အောင်မြင်မယ့်လုပ်ငန်းတွေ ဖြစ်ပါတယ်။ ဒါပေမဲ့လို့ အခုကျွန်တော်တင်ပြလိုတာကတော့နတလလုပ်ငန်းတွေနဲ့ တင်ပြတောင်းခံဆိုရင်တော့ လုပ်ငန်းဟာမြန်မြန်ဆန်ဆန်ကျလာမဲ့ အနေအထားဖြစ်ပါတယ်။ ဒီနှစ်အတွက်တင်ပြတောင်းခံရင် နောက်တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ ချက်ချင်းကျလာမဲ့အနေအထား ဖြစ်ပါတယ်။ ခွင့်ပြုရန်ပုံငွေကတော့ နည်းပါးပါတယ်။

ဒါတွေကို ကျွန်တော် တွက်ချက်မှုနှုန်းထားများကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ လမ်း၊ တံတားအနေနဲ့ မြေသားလမ်းကို ကျပ်(၆)သန်းပဲ ရပါတယ်။ ကျောက်ခင်းလမ်းအတွက် တစ်မိုင်ကို ကျပ်(၂၅)သန်းပဲ ရပါတယ်။ ကတ္တရာလမ်းတစ်မိုင်အတွက် (၃၅)သန်းပဲ ရပါတယ်။ ကွန်ကရစ်တံတား တစ်ပေအတွက်ကို (၁)သန်းပဲ ရပါတယ်။ ကွန်ကရစ်ရေပြွန် တစ်ပေအတွက်ကို (၀. ၂)သန်းပဲ ရပါတယ်။ သစ်သားတံတား အရှည်တစ်ပေအတွက်ကို(၀. ၃)သန်းပဲ ရပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် မြေယာဖော်ထုတ်ရေးလုပ်ငန်းကို တစ်ဧကကို(၀. ၀၅)သန်း၊ နှစ်ရှည်ပင် ဧက(၁၀၀)အထက်ကို (၃၂. ၇၂)သန်း၊ မွေးမြူရေးလုပ်ငန်းအတွက် မွေးမြူရေးခြံတစ်ခြံအတွက်ကို (၂၅)သန်း၊ တိမွေးကုရုံးတစ်ရုံးကို (၅. ၈)သန်း၊ ဒါဒီမွေကုရုံးနဲ့ မွေးမြူရေးခြံကိုတော့ လက်ရှိဒေသပေါက်ဈေးကို တွက်ချက်ထားခြင်း ဖြစ်ပါတယ်။ ဒါတွေကတော့ အမြဲတန်းလိုအပ်တဲ့ အနေထားရှိပါတယ်။ ပညာရေးလုပ်ငန်း အမကကျောင်း တစ်ကျောင်း အတွက် (ပေ၉၀×ပေ၃၀)ကျောင်းတစ်ကျောင်းအတွက် (၆. ၂)သန်းပဲ ခွင့်ပြုထားတာ ဖြစ်ပါတယ်။ အလကကျောင်း တစ်ကျောင်း(ပေ၁၂၀×ပေ၃၀) ကျောင်းတစ်ကျောင်းကို (၆. ၆)သန်း၊ အထက်တန်းကျောင်း တစ်ကျောင်း (ပေ၁၅၀×ပေ၃၀)ကျောင်း တစ်ကျောင်းကို (၇)သန်းတာပဲ ခွင့်ပြုထားတာ ဖြစ်ပါတယ်။ ကျန်းမာရေးလုပ်ငန်း အနေနဲ့ ဆေးရုံတစ်ရုံ၊ ဒါ ဆရာဝန် နေအိမ်အပါအဝင်၊ ခြံစည်းရိုးအပါအဝင် ဒါကျပ်သန်း(၁၀၀)၊ ကျန်းမာရေးဌာန တစ်ခု၊ ကျန်းမာရေးဆေးခန်း တစ်ခုအနေနဲ့ (၁၀)သန်း တာလည်းပဲ ကျွန်တော်တို့ ဝန်ထမ်းအိမ်ယာတွေ အပါအဝင် ဖြစ်ပါတယ်။ ကျန်းမာရေးဌာနခွဲလည်း (၇. ၅)သန်း တာပဲခွင့်ပြုထားတာ ဖြစ်ပါတယ်။ ရေအားလျှပ်စစ်လုပ်ငန်း ကီလိုဝပ်(၁)သန်းအတွက်ကို (၄၄. ၈၇၅)သန်း၊ မီးသွယ်တန်းခြင်းလုပ်ငန်းအတွက် တစ်မိုင်ကို (၂)သန်း၊ ရေရရှိရေးလုပ်ငန်းနဲ့ သောက်သုံးရေသွယ်ယူ ရရှိရေးကို

တစ်မိုင်အတွက် (၇. ၅)သန်း၊ စိုက်ပျိုးရေးအတွက် သွယ်တန်းခြင်းကို တစ်မိုင်အတွက်ကို (၂)သန်း ခွင့်ပြုထားတာ ဖြစ်ပါတယ်။ အိမ်ယာဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်သူ့ဆက်ဆံခြင်းလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ သာသနာရေးလုပ်ငန်းတွေလည်း သတ်မှတ်ထားပါတယ်။ သာသနာရေးလုပ်ငန်းမှာ ဘုန်းကြီးကျောင်း တစ်ကျောင်းအတွက်ကို (၆)သန်းပဲ ခွင့်ပြုထားတာ ဖြစ်ပါတယ်။ မမွှရုံနဲ့ သိမ်တစ်ခုကို (၃)သန်းပဲ ခွင့်ပြုထားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်အနေနဲ့ တင်ပြလိုတာကတော့ နတလလုပ်ငန်းတွေ တင်ပြတောင်းခံနိုင်တယ်။ ဒါပေမဲ့ ခွင့်ပြုမဲ့ ရန်ပုံငွေက ဒီလောက်ပဲရှိတာဖြစ်တဲ့အတွက် ဒါကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများက မိမိဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်မယ်ဆိုရင် တင်ပြတောင်းခံနိုင်ပါတယ်။ ခွင့်ပြုရန်ပုံငွေကို သတိပြုမိဖို့ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ကျွန်တော်တို့ နတလအနေနဲ့ ရှမ်းပြည်နယ်အတွင်းမှာ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များကို တင်ပြသွားမှာဖြစ်ပါတယ်။ အရင်ဆုံး ကျွန်တော်တို့ WFB နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းရပ်တွေရဲ့ ၂၀၀၄ခုနှစ်ကနေ ၂၀၁၁ခုနှစ်အထိ ရိက္ခာထောက်ပံ့မှုတွေနဲ့ စုစုပေါင်း ဆန် Matricတန်(၆၆၅၅၃. ၅၃၅)Matricတန် ထောက်ပံ့ပေးခြင်း ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ခုနှစ်မှာတော့ ရိက္ခာထောက်ပံ့မှုအနေနဲ့ စုစုပေါင်း Matric တန်(၆၆၁၈၂. ၇၂)Matricတန် ပေးပြီးဖြစ်ပါတယ်။ ဒါအပြင် ကျွန်တော်တို့ KIA နဲ့ ပဋိပက္ခဖြစ်ပွားတဲ့ချိန်ရွာတွေက ခေတ္တသိမ်းစည်းထားတဲ့ ရွာသားတွေကို ဆန်နဲ့ စားနပ်ရိက္ခာထောက်ပံ့မှုအနေနဲ့ ဆန်၊ ပဲ၊ ဆီ၊ ဆားစည့် စားနပ်ရိက္ခာများ ထောက်ပံ့နိုင် ခဲ့ပါတယ်။ ဒီဖောင်ဒေးရှင်းအဖွဲ့အနေနဲ့ ၂၀၀၂ခုနှစ်ကနေ ၂၀၀၇ခုနှစ်အထိ ကျောင်းဆောင်ဆောက်လုပ်မှုအနေနဲ့ စုစုပေါင်း ကျောင်းပေါင်း(၁၆၀)ဆောက်လုပ်ပေးပြီးဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ စီမံကိန်းမှာတော့ စုစုပေါင်း ကျောင်းပေါင်း(၃၀)ဆောက်လုပ်ပေးပြီး

ဖြစ်ပါတယ်။ ၂၀၁၂ခုနှစ်၊ ဇွန်လ ကနေ ဒီဇင်ဘာ လ အထိ ကျောင်းဆောက်လုပ်ဆဲ အနေအထားကတော့ စုစုပေါင်း ကျောင်းပေါင်း(၁၂)ကျောင်း ဆောက်လုပ်ဆဲဖြစ်ကြောင်း တင်ပြလိုပါတယ် ခင်ဗျား။ ဒီဖောင်ဒေးရှင်းအဖွဲ့က ဆောက်လုပ်ပြီးတဲ့ ကျောင်းများ ဖြစ်ပါတယ်။ ဟိုပုန်းမြို့နယ် အထက်တန်းကျောင်း ဖြစ်ပါတယ်။ ဆီဆိုင်မြို့နယ် အထက်တန်းကျောင်း ဖြစ်ပါတယ်။ တောင်ကြီးမြို့နယ်၊ တာညဲအထက်တန်းကျောင်း ဖြစ်ပါတယ်။ ရပ်စောက်မြို့နယ်၊ ဖောင်းပြားအမကကျောင်း ဖြစ်ပါတယ်။ ဒါအပြင် ကမ္ဘာလူသားအဖွဲ့အစည်း DBA နဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ လုပ်ငန်းတစ်ခုလည်းရှိပါတယ်။ ဒီလုပ်ငန်းရဲ့ စီမံကိန်းကာလကတော့ ၂၀၁၃ခုနှစ်ကနေ ၂၀၁၅ခုနှစ်အထိ ဖြစ်ပါတယ်။ စီမံကိန်းနယ်မြေ အနေနဲ့ တောင်ကြီး၊ ညောင်ရွှေ၊ ပင်းတယ၊ ကျောက်တလုံးဒေသ ဖြစ်ပါတယ်။ စီမံကိန်းကာလတွေမှာတော့ ဒေသဖွံ့ဖြိုးရေးကဏ္ဍ၊ လူသားအရင်းအမြစ်နဲ့ ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေး ကဏ္ဍ၊ ယဉ်ကျေးမှုဖယ်လှယ်မှုကဏ္ဍတွေ ပါဝင်တာဖြစ်ပါတယ်။ GDP အနေနဲ့လည်း စီမံကိန်းကာလ မတိုင်ခင်မှာ ၂၀၁၀-၂၀၁၁ ခုနှစ်မှာ ရန်ပုံငွေကျပ် သိန်းပေါင်း(၃၂၀၀)နဲ့ တောင်ကြီးမြို့၊ အေးသာယာထုံးဖိုး ရပ်ကွက်မှာ ရှိတဲ့ ထုံးဖိုးရပ်ကွက်လမ်းစုံကနေ မန်ကျည်းပင်၊ ဘီးလင်းကျေးရွာ အထိ (၆. ၁၂)မိုင် လမ်းကို ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ပြီး ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ခုနှစ်မှာ သံတွဲကျေးရွာအုပ်စု ကီနုတ်ဆည်ပြုန်လည် ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းကို ရန်ပုံငွေ ကျပ်သိန်းပေါင်း(၃၂၀၀)နဲ့ ဆောင်ရွက်ခဲ့ရာမှာ ရာခိုင်နှုန်းပြည့် ပြီးစီးပြီးဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ကျပ်သိန်းပေါင်း(၄၂၀၀)နဲ့ အင်းလေးကန် ဒေသ သန့်ရှင်းတဲ့သောက်သုံးရေသွယ်ယူခြင်းလုပ်ငန်းအတွက်ကို အင်းဖောခုံကျေးရွာအုပ်စု ပတ်ဝန်းကျင်မှာ စီမံကိန်းလုပ်ငန်းများ ဆောက်ရွက်ပေးနေတာလည်း ကွင်းဆင်းတိုင်းတာဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ ဘိလိပ်လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်တဲ့

အချိန်မှာ လုပ်တဲ့မှတ်တမ်းဓါတ်ပုံ ဖြစ်ပါတယ်။ ဒါက ကီနုတ်ဆည်ပြန်လည် ပြုပြင်ခြင်း တည်ဆောက်မှုမှတ်တမ်းဓါတ်ပုံများ ဖြစ်ပါတယ်။ ဒါအပြင် ကျွန်တော်တို့ နတလအနေနဲ့ ငြိမ်းချမ်းရေးအဖွဲ့အစည်းကိုလည်း ကူညီထောက်ပံ့မှု ဆောင်ရွက်တာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ "ဝ"အထူးဒေသ(၂)ကို ထောက်ပံ့ခဲ့တာကတော့ နတလအနေနဲ့ ငွေသားထောက်ပံ့မှု ကျပ် သိန်းပေါင်း(၄၀၀)၊ ဆန်ထောက်ပံ့မှုအနေနဲ့ အိတ်ပေါင်း(၆၀၀၀)၊ ကတ္တရာထောက်ပံ့မှုအနေနဲ့ တန်(၅၀၀)ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း ဒီအထူးဒေသ(၄)ကို ကတ္တရာ တန်(၂၀)ထောက်ပံ့ပေးခဲ့ပါတယ်။ မိုင်းလားအထူးဒေသ(၄)ကိုလည်းပဲ နတလရန်ပုံငွေကနေ ငွေသားကျပ်သိန်းပေါင်း(၆၀၀)၊ ဆန်ထောက်ပံ့မှု အနေနဲ့လည်း အိတ်ပေါင်း(၃၅၀၀)ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ [ ဩဘာသံများ ]

ဥက္ကဋ္ဌ။ ကိုယ်စားလှယ်များ ခင်ဗျား။ ယခု နေ့လည်စာ သုံးဆောင်ရန်အတွက် အစည်းအဝေးကို (၁)နာရီ မိနစ်(၃၀)ခန့် ရပ်နားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွါပါမယ့် ခင်ဗျား။ နေ့ခင်းပိုင်း အစည်းအဝေးကို (၁)နာရီ မိနစ်(၂၀)အချိန်မှာ ပြန်လည် စတင်မှာ ဖြစ်ပါတယ် ခင်ဗျား။ လွှတ်တော် ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွါနိုင်ပါပြီ ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

ကန့်သတ်

၂၆၃

# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(တတိယနေ့)နေ့ခင်းပိုင်းအစီအစဉ်

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး၊ (တတိယနေ့)နေ့ခင်းပိုင်း အစီအစဉ်များကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူ ပေးကြပါရန်လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။ လေစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (တတိယနေ့) နေ့ခင်းပိုင်း အစီအစဉ်များကို ဆက်လက်ဆောင်ရွက်မှာဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။ အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မြို့ပြစနစ်ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မြို့ပြစနစ်၊ ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ပါ၍ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းတင်ပြပေးပါရန် ဖိတ်ခေါ်ပါတယ်။

ကန့်သတ်

ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး၊ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ အားလုံးမင်္ဂလာပါ။ အားလုံးရွှင်လန်းချမ်းမြေ့ပါစေ။ လွှတ်တော် ကိုယ်စားလှယ်များရဲ့ တန်ဖိုးရှိလှတဲ့အချိန်များကို ငဲ့ညှာသောအားဖြင့် ယခင်ကျွန်တော်က မြို့ပြစနစ်စီမံကိန်းမှာ စင်္ကာပူနိုင်ငံဆိုရင် နှစ်(၅၀)၊ အခြားနိုင်ငံများသည် နှစ်(၃၀)၊ (Master Plan) (Future Plan) များကို ကျွန်တော်အစီအစဉ် စာမျက်နှာပေါင်း (၁၄၀)ကျော်ရှိတဲ့နေရာမှာ ကျွန်တော်ဒီကနေ့ အဓိကလိုအပ်တဲ့ (၃၁)မျက်နှာလောက်ပဲ ရှင်းပြပါ့မယ်။(Master Plan) (Future Plan) များကိုလည်း ကျွန်တော် ဆပ်ကော်မတီနဲ့ လွှတ်တော်များကို ပေးပို့ထားပြီး ဖြစ်တဲ့အတွက် (၂)မျိုးစလုံးကို လွှတ်တော်ကိုယ်စားလှယ်များ ရယူသွားနိုင်ပါတယ်။ ကျွန်တော်တို့ အမျိုးသားအဆင့် အိမ်ယာမူဝါဒအနေနဲ့ အိမ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဟာ ကဏ္ဍစုံဆက်နွယ်ပေါင်းစပ်ပြီး ရေရှည် စဉ်ဆက်မပြတ် ပူးပေါင်း ဖြေရှင်းရတဲ့ ကျယ်ပြန့်တဲ့ကဏ္ဍဖြစ်တဲ့ အပြင် နိုင်ငံပိုင်းမှာ ရေရှည်မူဝါဒ၊ မဟာဗျူဟာနဲ့ နှစ်လတ်၊ နှစ်တိုအစီမံများ ချမှတ် ဖြေရှင်းဆောင်ရွက်လျက် ရှိပါတယ်၊ နိုင်ငံရဲ့မြေအရင်းအမြစ်၊ ဘဏ္ဍာအရင်းအမြစ်များနဲ့ နိုင်ငံ၏ပကတိလူမှုစီးပွား အခြေအနေများပေါ် မူတည်ပြီး အမျိုးသားအဆင့် အိမ်ယာမူဝါဒကိုရေးဆွဲ ချမှတ်လေ့ရှိပါတယ်။ အချို့နိုင်ငံများတွင် လူထုအားလုံးအတွက် နေရေးအားမြှင့်တင်ပေးနိုင်မည့် အမျိုးသားအဆင့် အိမ်ယာမူဝါဒကိုချမှတ်ကျင့်သုံးလျက်ရှိသကဲ့သို့၊ အချို့နိုင်ငံများမှာ လူမှုစီးပွားရေးအရ ရည်မှန်းချက်အုပ်စုအလိုက် သတ်မှတ်ဖြည့်ဆီးပေးနိုင်မယ့် အမျိုးသားအဆင့် အိမ်ယာမူဝါဒကို ချမှတ်ကျင့်သုံးလျက် ရှိပါတယ်။ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရေးဆွဲဆောင်ရွက်နေတဲ့ လုပ်ငန်းနေနဲ့ ကျွန်တော်တို့ တောင်ကြီးဒေသမှာဆိုလို့ရှိရင် မြို့ပြစနစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မယ့် အစီအစဉ်၊ တောင်ကြီးမြို့နယ်၊ မြို့ပြစနစ်စီမံကိန်း

အကောင်အထည်ဖော်မည့် အစီအစဉ်ကို အောက်ပါအတိုင်း ရှင်းလင်းတင်ပြ လိုပါတယ်။ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အေးသာယာကားကြီးကွင်း အနောက်ဘက်မှာ သုသာန်နားမှာရှိနေတဲ့ အကွက်ကြီးအမှတ်(၂၃)၊ မြေဧရိယာ(၅၁. ၂၂၀)ဧကရှိမြေလွတ်မြေလပ်မှာ တပ်မတော်မှတာဝန်ထမ်းဆောင်ပြီး တိုက်ပွဲကျဆုံး၊ သေဆုံး၊ ဒဏ်ရာရ အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များ သက်ပြည့်အငြိမ်းစားယူ နှုတ်ထွက်သည့် အရာရှိစစ်သည်များ၏ မိသားစုဝင်များနှင့် တိုင်းရင်းသားပြည်သူများအတွက် နေရာချထားပေးရန် ဆောင်ရွက်လျက် ရှိပါတယ်။ ဖော်ပြပါမြေပုံကတော့ ကျွန်တော်တို့မြို့မြေကွက်ဖော်မယ့်နေရာ ဖြစ်ပါတယ်။ တောင်ကြီးမြို့နယ်၊ ဘန့်ဘွေး ကျေးရွာအုပ်စု၊ မန်ကျည်းပင်ကျေးရွာနယ်မြေအတွင်းမှာ ပလီလင်း၊ အေးသာယာ ကားလမ်းဘေးမှာရှိတဲ့ မြေလွတ်၊ မြေလပ်(၃၄. ၁၄)ဧကအား မြို့မြေအဖြစ် သတ်မှတ်ပြီး စနစ်တကျမြေကွက်ဖော်ထုတ်၍ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ အငြိမ်းစားယူမည့် ပုဂ္ဂိုလ်များအား ချထားပေးရန် ဒုတိယသမ္မတနှင့် ဦးစီးရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြထားပြီးဖြစ်ပါတယ် ခင်ဗျား။ ဖော်ပြပါ မြေပုံကတော့ ကျွန်တော်တို့မြို့မြေကွက်ဖော်မယ့် နေရာပါ။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအနေနဲ့ကတော့ တောင်ကြီးမြို့ ထီဖေါင်းကျေးရွာအုပ်စုမှာရှိတဲ့ ညိုမီးကျေးရွာမှာ စံပြကျေးရွာ အကွက်ချပုံစံနဲ့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ဈေး၊ ထရန်စဖော်မာ စသည်တို့ စနစ်တကျပါဝင်ထည့်သွင်းထားသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် စနစ်ကျသော အကွက်များဖော်ထုတ်ခြင်း၊ ပန်သခွါး-ညိုမီးကျေးရွာချင်းဆက် လမ်းအရှည် ၇၅၀၀ ပေအား ၄၀ပေအကျယ် မြေသားလမ်းနှင့် ပထမအဆင့်အနေဖြင့် ၁၂ပေအကျယ်ကျောက်ချောလမ်း ဖေါက်လုပ်ပြီး၊ ဒုတိယအဆင့်အနေဖြင့် ကတ္တရာခင်းခြင်း လုပ်ငန်းတို့ကို စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ ဟိုတယ်ဇုံအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်မယ့်

အစီအစဉ်အနေနဲ့ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသမှာ ဟိုတယ်ဇုံအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရန် အင်းလေးကန်(အရှေ့ပိုင်း)မှာရှိတဲ့ အင်ကြင်းကုန်းကျေးရွာနဲ့ ချောင်းပါးကျေးရွာကြားမှာရှိတဲ့ ကြိုးဝိုင်းမြေ(၆၂၂)ဧကကို ဟိုတယ်ဇုန်အဖြစ်ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ကျွန်တော်တို့ မြေပြင်ကွင်းဆင်းတိုင်းတာပြီးတော့မှ အသုံးပြုမယ့်ဧရိယာ (Open Space Zone)(Gray Zone) စသည်များကို သတ်မှတ်ပြီးတော့မှ အသေးစိတ်အစီအစဉ် ရေးဆွဲထားပြီးဖြစ်ပါတယ်။ ဖော်ပြပါမြေပုံကတော့ ကျွန်တော်တို့ ဟိုတယ်ဇုံ ဖော်ထုတ်မယ့် (၆၂၂)ဧက ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့၊ တောင်ပေါ်စခန်း မြို့တည်ဆောက်နိုင်ရန် ပဏာမအစီအစဉ် လေ့လာမှုကို တင်ပြပေးပါ့မယ်။ ပင်လောင်းမြို့ဟာ နေပြည်တော်နဲ့ (၆၇)မိုင်ကွာဝေးပြီး အနီးဆုံး တောင်ပေါ်စခန်း မြို့တည်ဆောက်နိုင်ရန်အတွက် သင့်လျော်တဲ့ တောင်ပေါ်မြို့လေး တစ်မြို့ ဖြစ်ပြီး၊ ပင်လယ်ရေမျက်နှာပြင် အထက်(၄၈၂၀)ပေ အမြင့်မှာ တည်ရှိပြီး သာယာလှပတဲ့ မြို့လေးတစ်မြို့ ဖြစ်ပါတယ်။ နေပြည်တော်-တောင်ကြီးကားလမ်းနဲ့ တောင်ကြီး-လွိုင်ကော်ကားလမ်းဆုံရာ လမ်းဆုံမြို့တစ်မြို့ဖြစ်တဲ့ အားလျော်စွာ လွိုင်ကော်-နေပြည်တော် ရထားလမ်းဆုံမြို့ တစ်မြို့လည်း ဖြစ်ပါတယ်၊ ဒေသအတွင်း ရာသီဥတုကောင်းမွန်ပြီး စီးပွားရေး အခြေခံကောင်းများရှိကာ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာတဲ့ အနေအထားမှာ အခြားမြို့နယ်များနှင့် စီးပွားရေးအရ ကူးလူးဆက်သွယ်နိုင်တဲ့ အနေအထားကြောင့် တောင်ပေါ်စခန်းမြို့အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သင့်လျော်တဲ့အနေအထား ပြည့်စုံတဲ့ မြို့လေးတစ်မြို့ ဖြစ်တဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနမှ (Facalities Study)ဦးစွာ ဆောင်ရွက်ထားခြင်း ရှိပါသည်။ ကုန်စည်ဒိုင်များ အနေနဲ့ကတော့ ကျွန်တော်တို့ ပင်းတယမြို့နယ်၊ ကျုံးကျေးရွာရှိ ပင်းတယ၊ ရှာင်၊ အောင်ပန်းသွား ကားလမ်းအနီးမှာ မြေဧရိယာ(၅၂. ၈၅)ဧကမှာ

ကုန်စည်ဒိုင် ဖွင့်လှစ်ရန် ဆောင်ရွက်ထားရှိမှု ၃၅% လောက်ထိ ပြီးစီးနေပါပြီ။ ထပ်မံလျာထားချက် အနေနဲ့ ပင်လောင်းမြို့နယ်၊ ထီဖေါင်းကျေးရွာအုပ်စု၊ မြေဧရိယာ(၆. ၆၅)ဧက ယာမြေနှင့် ဥယျာဉ်မြေအား ကုန်စည်ဒိုင်ဖွင့်လှစ်ရန် လျာထားဆောင်ရွက်နေပါတယ်။ လဲချားမြို့နယ်အနေနှင့်လည်း လဲချားကုန်စည်ဒိုင်ဖွင့်လှစ်ရန် လျာထားပါတယ်။ လဲချားမြို့နယ်ဟာလည်း လမ်းဆုံမြို့ဖြစ်ပြီးတော့ လွိုင်လင်-နမ့်စန် ဒီဘက်လာတဲ့ဘက်ကိုလည်း သီးနှံတွေသယ်ပို့ရာမှာ လွယ်ကူတဲ့အတွက်ကြောင့် လဲချားမှာလည်း ကုန်စည်ဒိုင်ဖွင့်ဖို့ လျာထားပါတယ်။ မိုးနဲမြို့အနေနဲ့ဆိုရင်လည်း ကုန်စည်ဒိုင်ဖွင့်လှစ်ဖို့ မောက်မယ်ကနေလာမဲ့ ဒေသအတွက်ရော၊ လင်းခေးဘက်ကနေလာရာ လမ်းဆုံဖြစ်တဲ့အတွက် မိုးနဲကိုလည်း ကုန်စည်ဒိုင် ဖွင့်ဖို့ လျာထားပါတယ်။ လားရှိုးမြို့မှာရှိတဲ့ အမှတ်(၁)ရပ်ကွက်၊ မောရဝတီမြေကွက်သစ်(၁)နဲ့ (၂)ကို ဖော်ထုတ်ဆောင်ရွက်မယ့် လုပ်ငန်းများ တင်ပြပေးပါ့မယ်။ လားရှိုးမြို့နယ်ကို ရပ်ကွက်(၁၂)ရပ်ကွက်၊ ကျေးရွာအုပ်စု(၇၅)အုပ်စုနဲ့ ဖွဲ့စည်းထားပါတယ်။ မြို့ပေါ်နေလူဦးရေ (၁၁၉၀၀၀)ကျော်နဲ့ အိမ်ထောင်စု(၂၂၀၀၀)ကျော်နေထိုင်လျက်ရှိပြီး မြို့မြေဧရိယာ(၁၉၀၉၀)ဧကမှာ တပ်ရင်း၊ တပ်ဖွဲ့မြေများ ပါဝင်နေပါတယ်။ လားရှိုးမြို့နယ်ဟာ တရုတ်နိုင်ငံနဲ့ စီးပွားရေးဆက်သွယ်ဆောင်ရွက်ကူးလူးရန် အဓိကကျတဲ့မြို့ကြီး ဖြစ်ပြီး လူဦးရေထူထပ်များပြားတဲ့အပြင် ရွှေ့ပြောင်းလုပ်သားများလာရောက် နေထိုင်လျက်ရှိရာ အချို့မှာ အဆင်ပြေသလို နေထိုင်ကြတဲ့အတွက် မြို့ပေါ်မှာကျူးကျော်အိမ်များ များပြားလာပါတယ်။ ယင်းအခက်အခဲများ ပြေပျောက်စေရန်နဲ့ မြို့ပြစည်ပင်ဖွံ့ဖြိုးရေးစနစ်ကျ လှပရေးအတွက် မြို့ကွက်များတိုးချဲ့ ဖေါ်ထုတ်ခဲ့ရာ လားရှိုးမြို့၊ အမှတ်(၁)ရပ်ကွက် ဖော်ထုတ်ဆောင်ရွက်နေတဲ့ မောရဝတီ(၁)ဟာ မြေဧရိယာ(၃၈. ၇၄)ဧကရှိပြီး မောရဝတီ(၂)ကတော့ မြေဧရိယာ (၅၃. ၈)ဧက ရှိပါတယ်။ မြို့ကွက်ဖေါ်ထုတ်ရန်အတွက် မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနမှ အကြံပြုချက်အတိုင်း၊ တိုင်းထွာချက်များ

အတိုင်း ဆောင်ရွက်ပြီးတော့မှ ပထမအနေနဲ့ လမ်းနှင့် ရေနုတ်မြောင်းများ စတင်ဆောင်ရွက်လျက် ရှိပါတယ်။ ဖော်ပြပါမြေ ပုံကတော့ မောရဝတီ ကွက်သစ် ပတ်ဝန်းကျင်မြေပုံ ဖြစ်ပါတယ်။ မောရဝတီကွက်သစ်မှာပါ ဖော်ထုတ်မယ့်မြေကွက်များ ဖြစ်ပါတယ်။ ဖော်ပြပါ မြေပုံကတော့ မောရဝတီကွက်သစ်(၂) ဖြစ်ပါတယ်။ ဖော်ထုတ်မယ့်မြေကွက်များ ဖြစ်ပါတယ်။ မူဆယ်မြို့နယ်၊ ရွှေလီမြစ်ကမ်းဘေးတစ်လျှောက် ခေတ်မီ မြို့ပြစနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကိုလည်း ဆောင်ရွက်လျက် ရှိပါတယ်။ ရှမ်းပြည်နယ် လားရှိုးဒေသ၊ မူဆယ်မြို့နယ်မှာ ရွှေလီမြစ်ကမ်းပါး တစ်လျှောက် (၁၂၀)ပေအကျယ် ခေတ်မီမြို့ပတ်ကမ်းနားလမ်း၊ ကားလမ်း ပါဝင်တဲ့စုစုပေါင်း မြေဧရိယာ(၂၈၈. ၀၆၃)ဧကပေါ်မှာ ခေတ်မီမြို့ပြစနစ် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(၆)ခု တည်ဆောက်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှု ကော်မရှင်သို့ သဘောထားပေးပို့ထားပြီး ဖြစ်ပါတယ်။ တည်ဆောက်မဲ့ စီမံကိန်း(၆)ခု အသေးစိတ်များကိုလည်း ကျွန်တော် ယခင်တင်ပြမယ့် ဆပ်ကော်မတီထဲမှာ အသေးစိတ် ဖော်ပြထား ပါတယ်။ ဖော်ပြပါနေရာကတော့ ကျွန်တော်တို့ ရွှေလီမြစ်ကမ်းဘေး တစ်လျှောက် တည်ဆောက်မယ့် လုပ်ငန်းများ ဖြစ်ပါတယ်။ မူဆယ်ဒေသမှာ ကျွန်တော်တို့ ခေတ်မီ လေယာဉ်ကွင်း တည်ဆောက်ဖို့ကိုလည်း မူဆယ်မြို့ မော်တောင်းကျေးရွာ အနီးပတ်ဝန်းကျင် ဧက(၃၀၀) လျာထားပြီးတော့မှ ဆက်လက် ဖော်ထုတ်ဆောင်ရွက်သွားမှာပါ။ နောက်တစ်ခုအနေနဲ့ ကျွန်တော်တို့ မူဆယ်မြို့နယ်အတွင်း၊ မြန်မာ-တရုတ်နယ်စပ်ဒေသ အတွင်းမှာ ခေတ်မီအဆင့်မြင့် အိမ်ယာစီမံကိန်းနဲ့ စက်မှုဇုံပါဝင်တဲ့ မူဆယ်(Special Economic Zone) တည်ဆောက်ဖို့အတွက် လျာထားပါတယ်။ ရည်ရွယ်ချက်တွေ အနေနဲ့ကတော့ မူဆယ်မြို့နယ်ဟာ အထူးစီးပွားရေးဇုန်၊ (Special Economic Zone) တစ်ခုဖြစ်ပေါ် လာဖို့ရယ်။ နောက်တစ်ချက်အနေနဲ့ နိုင်ငံတကာအဆင့်မှီ အဆင့်မြင့် အိမ်ယာစီမံကိန်းများ၊ ဒေသရဲ့လူနေမှု အဆင့်အတန်းကိုမြှင့်တင်ဖို့ရယ်၊

စက်မှုစီမံကိန်းများဖြင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် ပြည်တွင်း၊ ပြည်ပခရီးသွားလာရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ထွန်းလာစေရန်နှင့် ကျွမ်းကျင်ပညာရှင်များ ရရှိစေရန်၊ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုစီးပွားရေး လုပ်ငန်းများ ဖြစ်ပေါ်လာစေရန်နှင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်၊ ဒါကျွန်တော်တို့ မြို့ပြဖော်ဆောင်မယ့် မန်ဟီးရှိုးမြို့နယ်ခွဲ မြေပုံပဲ ဖြစ်ပါတယ်။ (Special Economic Zone) တည်ဆောက်မယ့် မူကြမ်းပုံ ဖြစ်ပါတယ်။ ကျိုင်းတုံဒေသအနေနဲ့ ကျိုင်းတုံမြို့နယ်၊ မိုင်းဇင်းကျေးရွာမှာလည်း (၃၂၈. ၅)ဧကကို ခေတ်မှီ မြို့ပြစနစ် ဖော်ထုတ်သွားရန်အတွက် ကျွန်တော်တို့ လျာထားပြီးတော့မှ ဆက်လက်ဆောင်ရွက်နေပါတယ်။ တင်ပြပါမြေပုံကတော့ ကျွန်တော်တို့ ဝမ်ပုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းဖြစ်ပါတယ်။ ဝမ်ပုံအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းအား ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ ဝမ်ပုံရွာ၊ မြန်မာ-လာအိုနှစ်နိုင်ငံ နယ်ခြားမြစ်ဖြစ်တဲ့ မဲခေါင်မြစ်ကမ်းမှာ တည်ရှိ ပါတယ်။ တာချီလိတ်မြို့ကနေ(အရှေ့ဘက်) ကုန်းလမ်းအားဖြင့် (၁၈)မိုင် ခန့်ကွာဝေး ပါတယ်။ မဲခေါင်မြစ်အထက်ပိုင်း(၄)နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုဒီမိုကရက်တစ်သမ္မနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ဟာ မဲခေါင်မြစ်အထက်ပိုင်း ကုန်သွယ်ရေးလမ်းကြောင်း၊ သွားလာရေး သဘောတူစာချုပ်ကို ၂၀၀၀ပြည့်နှစ်၊ ဧပြီလ ၂၀ ရက်နေ့မှာ မြန်မာနိုင်ငံ၊ တာချီလိတ်မြို့၌ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ပါတယ်။ စာချုပ်ချုပ်ဆိုအပြီး တစ်နှစ်အကြာ ၂၀၀၀ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှာ မဲခေါင်မြစ် အထက်ပိုင်း ကုန်သွယ် ရေလမ်းကြောင်းအား တရားဝင် ဖွင့်လှစ်ခဲ့ပါတယ်။ (၄)နိုင်ငံ သဘောတူစာချုပ်အရ စာချုပ်ဝင်နိုင်ငံ အသီးသီးအောက်ဖော်ပြပါ ဆိပ်ကမ်းများကို ဖွင့်လှစ်အသုံးပြုရန် ဖြစ်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ စီမော၊ ကျင်းဟုံ၊ မန်ဟာင်းနဲ့ ကွမ်းလီ ဖြစ်ပါတယ်။ လာအိုနိုင်ငံအနေနဲ့

ပန်ဆိုင်း၊ ဆိုင်းကုပ်၊ မောင်မွန်း၊ ပန်ကွန်း၊ ဟွာဆိုင်းနဲ့ လမ်ဘရာဘွန် ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဝမ်ဆန်းနဲ့ ဝမ်ပုံ ဖြစ်ပါတယ်။ လက်ရှိ ကျွန်တော်တို့ နိုင်ငံမှာ ဝမ်ပုံဆိပ်ကမ်းတစ်ခုတည်းသာ ဖွင့်လှစ်ထားနိုင် ပါသည်။ ထိုင်းနိုင်ငံအနေနဲ့ ကျင်းရှဲန်နဲ့ ကျင်းကောင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဝမ်ပုံအပြည်ပြည်ဆိုင်ရာ ပြည်တွင်းဆိပ်ကမ်းအား တည်ဆောက်အသုံးပြုလျက် ရှိပါတယ်။ စာချုပ်ပါ ပြဌာန်းချက်များနှင့် အညီ ဆွတ်ပလေ့ဆိပ်ကမ်းကိုလည်း မြန်မာနိုင်ငံရဲ့ ဆိပ်ကမ်းတစ်ခု အဖြစ် စာချုပ်ဝင်နိုင်ငံများသို့ အသိပေး အကြောင်းကြားခဲ့ပြီး ဖြစ်ပါတယ်။ ဝမ်ပုံဆိပ်ကမ်းကို အဆင့်မြှင့်တင်ရန် လိုအပ်တဲ့အတွက်၊ ပြုပြင်မွမ်းမံရန် လိုအပ်တဲ့ ဆင်ခြေလျှောကျောက်စီနံရံ အစိတ်အပိုင်းနဲ့ ဆိပ်ကမ်းမှာ သစ်လုံးများတင်ရန် ဘတ်ဖိုးနဲ့ တင်ချနေတဲ့ဟာမှာ ကျွန်တော်တို့ ခေတ်မှီတဲ့ နည်းစနစ်တွေနဲ့ တင်ပို့ဖို့အတွက်လည်း ဆောင်ရွက်နေပါတယ်။ တစ်ဆက်တစ်စပ်တည်းမှာပဲ ကျွန်တော်တို့ တာချီလိတ်မြို့၊ ဝမ်ပုံမြို့ပြ စီမံကိန်း ဆိုတာခုနကျွန်တော်တို့ ဝမ်ပုံဆိပ်ကမ်းနဲ့ ဆက်စပ်ပါတယ်။ ရှမ်းပြည်ကျိုင်းတုံဒေသရဲ့ဝမ်ပုံမြို့ရဲ့၊ ဝမ်ပုံ ဆိပ်ကမ်းဟာ အဆင့်မြင့် ဆိပ်ကမ်းဖြစ်လာမယ်ဆိုလို့ရှိရင် ပြည်နယ်ရဲ့စီးပွားရေးတံခါးပေါက်တစ်ခု ဖြစ်လာပါ့မယ်။ အိမ်နီးချင်းနိုင်ငံများနှင့် ယှဉ်ပြိုင်ပြီး ကုန်သွယ်ကူးသန်း ရောင်းဝယ်ရေး ပြုလုပ်နိုင်မှာ ဖြစ်တဲ့အတွက် ဝမ်ပုံဆိပ်ကမ်းနှင့် တစ်ဆက်တစ်စပ်တည်း ခေတ်မှီလှပတဲ့ မြို့ပြစီမံကိန်းကို မြန်မာရောမွန် (Post and Deveploment Company Limited)အား (၅)နှစ် စီမံကိန်း သတ်မှတ်ကာလုပ်ဆောင်ခွင့်ပြုနိုင်ပါရန် ပြည်နယ်အစိုးရအဖွဲ့ရုံးရဲ့ ၁-၆-၂၀၁၂ခုနှစ်ရက်စွဲပါ စာအမှတ်၊ ၄၆၃၃ / ၃-၆၀၆/ အစရ(ရှမ်း)ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားပြီး ဖြစ်ပါတယ်။ ဖော်ပြပါ မြေပုံကတော့ ဝမ်ပုံအဆင့်မြင့်ဆိပ်ကမ်းတည်ဆောက်ရန် နေရာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ [ သြဘာသံများ ]

ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ၏ **“ ပညာရေးဝန်ထမ်းများ မိမိတာဝန်ကို စဉ်ဆက်မပြတ် ကြိုးပမ်း အောင်မြင်နိုင်ရေးအတွက် ဆုပေးဒဏ်ပေးများဖြင့် ပြုလုပ် ဖော်ဆောင်သင့်ကြောင်း”** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏၊ ပညာရေး ဝန်ထမ်းများ မိမိတာဝန်ကို စဉ်ဆက်မပြတ်ကြိုးပမ်း အောင်မြင်နိုင်ရေးအတွက် ဆုပေးဒဏ်ပေးများဖြင့် ပြုလုပ်ဖော်ဆောင်သင့်ကြောင်း အဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၂)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ အဆိုကိုဆွေးနွေးဖို့ မူဆယ်မြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၁)မှ ဒေါ်နန်းငွေငွေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းငွေငွေ၊ မူဆယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် တစ်ကွ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်မကတော့ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းငွေငွေ ဖြစ်ပါတယ်။ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွန့်ရဲ့ အဆိုဖြစ်တဲ့ ပညာရေးဝန်ထမ်းများ မိမိတာဝန်ကို စဉ်ဆက်မပြတ် ကြိုးပမ်းအောင်မြင်နိုင်ရေးအတွက် ဆုပေးဒဏ်ပေးများဖြင့် ပြုလုပ်ဖော် ဆောင်သင့်ကြောင်းဆိုတဲ့ အဆိုကို ကျွန်မ ဆွေးနွေးမှာ ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနကနေပြီးတော့မှ ဒီပညာရေးမြင့်တင်ဖို့ အစီအစဉ်ကို ဆောင်ရွက်နေတယ်ဆိုတာ သိရပါတယ်။ ဒါပေမဲ့ ပညာရေးစီမံကိန်းကို ဆောင်ရွက်တဲ့အခါမှာ ဘယ်လိုပဲ ပညာရေးမြှင့်တင်မှု အစီအစဉ်တွေ ဆောင်ရွက်နေပါစေ ရှမ်းပြည်နယ်ဟာ မြေဧရိယာ ကျယ်ဝန်းတယ်။ လမ်းပန်းလည်းခက်ခဲတယ်။ နောက်သူ့ကိုသွားပြီးတော့ စစ်ဆေးတဲ့အခါမှာလည်း ခက်ခဲတဲ့အတွက်ကြောင့် ကျွန်မတို့ရဲ့ ပညာရေး ဆိုင်ရာ မြှင့်တင်မှုတွေ ဆောင်ရွက်တဲ့အခါမှာ တစ်စိတ်တစ်ဒေသ ပါဝင်တဲ့ စစ်ဆေးရေးဟာ အားနည်းလျက်ရှိကြောင်းကိုလည်း ကျွန်မ တွေ့ရှိရပါတယ်။ ဝန်ထမ်းတွေဟာ မိမိတာဝန်ကျရာဒေသမှာ သွားရောက်ပြီး တာဝန်ထမ်းဆောင်တဲ့အခါမှာ အများအားဖြင့် ဒေသခံတွေ မဟုတ်တဲ့ အတွက်ကြောင့် သင်ကြားတဲ့အခါမှာ ဘာသာစကားခက်ခဲမှုတွေ အများကြီး တွေ့ကြုံနေရတဲ့ အတွက်ကြောင့် သင်ကြားရေးဟာ ကျွန်မတို့ တတ်မြောက်သင့်သလောက်၊ မတတ်မြောက်နိုင်ဘူး ဆိုတာလည်း ကျွန်မတို့ စစ်ဆေးတွေ့ ရှိရပါတယ်။ ဒေသခံ တိုင်းရင်းသားအများစုဟာလည်း မိမိရဲ့မိဘရဲ့ လုပ်ငန်းတွေကိုပဲတစ်ဆင့် လက်ဆင့်ကမ်းလုပ်ကိုင်တဲ့ အတွက်ကြောင့် ကျွန်မတို့ ပညာရေးဝန်ထမ်းတွေဟာ အများအားဖြင့် ဒေသခံ ဝန်ထမ်းဦးရေ နည်းပါးတာကိုလည်း ကျွန်မတို့ တွေ့ရပါတယ်။ ပြီးတော့ ဒီပညာရေးဝန်ထမ်းတွေဟာ သူတို့ တာဝန်ကျရာသွားတဲ့ အခါမှာ သူတို့တွေ့ကြုံရတဲ့ဘာသာစကား အခက်အခဲရယ်၊ နောက်သူတို့ရဲ့ နီးစပ်ရာ အသိုင်းအဝိုင်းတွေမှာ ပြန်လည်တတ်မြောက်မှု သင်ကြားတဲ့ အခါ အများကြီးအခက်ခဲ တွေ့တယ်ဆိုတာလည်း ကျွန်မတို့ ကိုယ်ချင်းစာ ပါတယ်။ အဲ့လိုအခက်ခဲများစွာ ရှုန်းကန်လာတဲ့ ပညာရေး ဝန်ထမ်းတွေဟာ တစ်ချို့တွေကလည်း သူတို့ဒေသတွေမှာ၊ သူတို့ရဲ့မိသားစု လိုပဲ နေထိုင်ပြီး တော့မှ သူတို့ရဲ့ ဘဝတစ်ခုလုံးနှစ်မြှုပ်ပြီးတော့မှ တတ်မြောက်အောင် သင်ကြားပေးတဲ့ ဝန်ထမ်းများ ရှိသလို၊ တစ်ချို့တွေကလည်း ကျွန်မ အမြဲတမ်း ပြောပါတယ်၊ မိုးလင်းရင် ထမင်းချက်စား ပြီးတော့၊ မိုးချုပ်ရင်

အိမ်ပြီး လုပ်သက်ကို စောင့်စားပြီး၊ စောင့်မျှော်ပြီးတော့မှ လုပ်သက်(၃)နှစ်ရှိတာနဲ့ ရာထူးတိုး၊ ပြောင်းရွှေ့ဆိုတဲ့ အဲ့လို ဝန်ထမ်းမျိုးသည်း အများကြီးရှိပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ ပညာရေးဆိုတဲ့ လုပ်ငန်းဟာ အင်မတန်မှ ကျယ်ပြန့်ပါတယ်။ နောက်နက်နဲ့ ကျယ်ပြန့်တဲ့အတွက်ကြောင့် ကျွန်မတို့က အချိန်ပိုင်းအနည်းငယ်မှာပဲ ကျွန်မ ဆွေးနွေးချင်သလောက် ပြည့်ပြည့်စုံစုံ ကျွန်မ ဆွေးနွေးဖို့ အချိန်မရပါဘူး။ ဒါမဲ့ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့ ကျွန်မတို့ ရှမ်းပြည်ကို ရောက်လာတဲ့ ပညာရေးဝန်ထမ်းတွေဟာ သူကျရာဒေသမှာပေါ့၊ သူလုပ်ကိုင်တဲ့အခါမှာ အားနည်းချက် တွေရှိခဲ့မယ်ဆိုရင် ကျွန်မတို့ ပညာရေးဌာနမှာ စစ်ဆေးဖို့ သူသင်ကြားတဲ့အခါမှာ ဘယ်လောက်တတ်မြောက်လဲ၊ ဘယ်လောက်အောင်မြင်လဲဆို စစ်ဆေးတဲ့ အဖွဲ့ကလည်း ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။ အခု အခါမှာဆိုရင် ဒီစစ်ဆေးချက်ဟာ၊ သူသွားနေတဲ့ကျောင်းဟာ အနည်းဆုံး(၃)ခါလောက် သွားရပါတယ်။ သွားပြီးတော့ သူစစ်ဆေးတဲ့ တွေ့ရှိချက်ဟာ ကျောင်းအုပ်ကြီးရဲ့ စီမံခန့်ခွဲမှု အားနည်းသလား၊ ဘာတွေပြုပြင်ပေး ရမလဲ။ နောက် တတ်မြောက်မှု အတိုင်းအတာ စစ်ဆေးပါတယ်။ အဲ့လို စစ်ဆေးတဲ့အခါမှာ ကျွန်မတို့ရဲ့(Chapter)အလိုက် စစ်ဆေးပါတယ်။ နောက်သူတို့ရဲ့ ဘက်စုံဖွံ့ဖြိုးကိုလည်း ကျွန်မတို့ စစ်ဆေးပါတယ်။ အဲ့သလို ဘာကြောင့် ကျွန်မတို့ ပြောနိုင်လဲဆိုရင် လက်တွေ့ ကျွန်မက လက်ထောက်ပြည်နယ် ပညာရေးမှူး စစ်ဆေးနဲ့ ပင်စင် ယူလာတဲ့အတွက်ကြောင့် ဒီစစ်ဆေးရေး အပိုင်းဟာ ကျွန်မက အများကြီး စစ်ဆေးတာတွေ့ရှိ ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ သွားတဲ့အခါမှာ မိဘနဲ့ သူတို့နဲ့ တွေ့ဆုံပေးပြီးတော့မှ အားပေးမှု၊ အကြံပြုမှု၊ နောက်ပြုပြင်စရာရှိတာ ရုပ်ပိုင်း၊ စိတ်ပိုင်း ဆိုင်ရာတွေ ကျွန်မတို့ ပြုပြင်နိုင်ခဲ့ ပေမဲ့လို့ သူကျန်ရစ်ခဲ့တဲ့အချိန်တွေမှာ သူ့ရဲ့ စိတ်ဓါတ်ရေးရာအရ ဒီပညာရေးကဏ္ဍဟာ ကျွန်မတို့ တိုင်းပြည် အတွက် အင်မတန်မှ အရေးကြီးတဲ့ကဏ္ဍပဲဆိုတာ သူက သဘောပေါက်ပြီး တော့မှ ခံယူပြီးတော့မှ သူသင်ကြားပေးမှ ဖြစ်မဲ့ အလုပ်ဖြစ်တဲ့အတွက်ကြောင့်

ကျွန်မတို့က ခေတ္တခဏပဲ စစ်ဆေးပြီးတော့မှ မှာကြားစရာရှိတာ မှာကြားပြီး ပြန်လာတဲ့အခါမှာ ကျန်ရစ်ခဲ့တဲ့ သူ့ရဲ့အချိန်ပိုင်း တွေမှာ အနီးကပ်ရှိနေတဲ့ မိဘ၊ ဆရာတွေက ပိုမိုပြီးတော့မှ သူ့ကို အားပေးသင့်တယ်။ သူဘယ်လောက် တတ်မြောက်အောင် သင်ကြားပေးသလဲ ဆိုတာ ပြန်လည်ပြီးတော့မှ ကျွန်မတို့ရဲ့ အထောက်အပံ့ တွေပေါ့။ လိုအပ်တာ ရှိလည်း ကျွန်မတို့က ပေးရမှာ။ အဲ့ဆိုတဲ့အခါမှာ သူ့ရဲ့ကြိုးစားမှုဟာ၊ စိတ်ပိုင်းဆိုင်ရာ ကြိုးစားမှုဟာ စဉ်ဆက်မပြတ် ဖြစ်လာမှာ ဖြစ်ပါတယ်။ တစ်ကယ်လို့ ကျွန်မတို့က မိဘလည်း မအားပေး ဘူး၊ ပတ်ဝန်းကျင် အနေအထားကလည်း ဘာသာစကား မတတ်တဲ့အခါမှာ သူရဲ့ စဉ်ဆက်မပြတ် ကြိုးစားမှုဟာ အားလျော့ သွားပါတယ်။ အားလျော့သွားတာနဲ့ သူ့ရဲ့ သင်ကြားမှုဟာ ဘယ်တော့မှ မအောင်မြင်နိုင်တော့ဘူး။ ဆိုတော့ ကျွန်မတို့ ပေးချင်တဲ့ စဉ်ဆက်မပြတ် ကြိုးစားအားထုတ်တဲ့ ဝန်ထမ်း တွေကို ကျွန်မတို့က အားပေးချင်ဘယ်ဆိုရင်၊ ချီးမြှင့်ချင်တယ်၊ နောက်သူ့ရဲ့ တာဝန်ကို မကျေလို့ တတ်မြောက်မှု မရှိတဲ့ ကျွန်မတို့ရဲ့ သူရဲ့ တာဝန်ပိုင်း ပေါ့လျော့တာကို ပြစ်ဒဏ်ပေးချင်တယ် ဆိုရင် ကျွန်မတို့ဟာ ကျောင်းစစ်ဆေးရေးသကဲ့သို့ ကျွန်မတို့ ရှမ်းပြည်နယ်မှာ လည်းပဲ ပညာရေးဆိုင်ရာစိစစ်တဲ့ ကော်မတီနော်၊ တစ်ခုလေးများ ကျွန်မတို့ ဖွဲ့စည်းနိုင်ခဲ့ပြီးတော့မှ ဒီပညာရေးပိုင်းဆိုင်ရာမှာ လိုအပ်သော ကျွန်မတို့ (Teaching Age)ခေါ်တယ်ပေါ့နော်။ သင်ကြား သင်ယူမှု အထောက်အကူပြုတဲ့ဟာတွေ နောက်မိဘနဲ့ တွေ့ဆုံပြီးတော့မှ မိဘဆရာပူးပေါင်းတဲ့ လုပ်ငန်းတွေ၊ ကျွန်မတို့ ပိုမို၍ လုပ်နိုင်တယ်ဆိုလို့ ရှိရင်တော့ ကျွန်မတို့ ပေးချင်သော ဆု၊ ကျွန်မတို့ ပေးချင်တဲ့ ဒဏ် ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့ အဓိက ဒီအဆိုကို တင်သွင်းပါသော ဒီပညာရေးဝန်ထမ်းတွေဟာ သူတို့ ကျရာတာဝန်မှာ စဉ်ဆက်မပြတ်တတ်မြောက်မှုကို အောင်မြင်အောင်ကြိုးစားတဲ့အခါမှာ

ဆုလည်း ပေးချင်တယ်။ ဘာကြောင့်လဲ သူ့ရဲ့ ကြိုးစားမှုကြောင့် ဆု ပေးချင်တယ်။ သူ့ရဲ့ တတ်မြောက်အောင် မသင်ကြားနိုင်ဘူး စတာကြောင့် ဒဏ် ပေးချင်တယ်။ ထိထိရောက်ရောက်နဲ့ စည်းကမ်းတကျနဲ့ စည်းစနစ် ကျကျနဲ့ ကျွန်မတို့ ပြန်လည်ပြီးတော့မှ ဒီလိုပေါ့လေ (Work Shop) လိုမျိုးဆွေးနွေးပြီးတော့မှ ကော်မတီတစ်ရပ် အနေနဲ့ ဖွဲ့စည်းရင်အင်မတန်မှပဲ ကောင်းမွန်သော ကျွန်မတို့ရဲ့ နိုင်ငံအတွက် အင်မတန်မှ ကောင်းမွန်သော ပညာရေးအခြေခံကောင်းများကို ရရှိသွားမှာဖြစ်ပါတယ်ဆိုတဲ့ အဆို၊ ဦးအောင်ကျော်မြင့်အဆိုကို ထောက်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံး ကျေးဇူးတင် ပါတယ်။ [ **သြဘာသံများ** ]

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး အဆိုကို ဆွေးနွေးဖို့အတွက် မိုင်းယောင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းမြမြလွင် ကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းမြမြလွင်၊ မိုင်းယောင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်သော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်မကတော့ မိုင်းယောင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ်၊ ဒေါ်နန်းမြမြလွင် ဖြစ်ပါတယ်။ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွန့်၏ ပညာရေးဝန်ထမ်းများ မိမိတာဝန်ကိုစဉ်ဆက်မပြတ် ကြိုးပမ်းအောင်မြင်ရေး အတွက် ဆုပေး၊ ဒဏ်ပေးများဖြင့် ပြုလုပ်ဖော်ဆောင်သင့်ကြောင်းအဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင့်။ ပညာရေးဟူသည့်စကားဟာ အလွန်မြင့်မားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တိုင်းပြည်အနာဂတ်အတွက် လူသားအရင်းအမြစ်ကို မွေးထုတ်ပေးသော ဌာန ဖြစ်ပါတယ် ရှင်။ စာပေအတတ်ပညာကို သင်ကြားပေးရန် တာဝန်ယူထားသော ဆရာ/ဆရာမများ အားလုံး

ကတော့ နာ(၃)နာ ရှိပါတယ်။ ဝါသနာရှိရမယ်၊ စေတနာရှိရမယ်၊ အနစ်နာရှိရမယ်ဆိုတဲ့ နာ(၃)နာကို ကျင့်သုံးပြီးတော့ ကျောင်းသူ/ကျောင်းသားများကို ပညာသင်ပေး ကြပါတယ်။ ဒါပေမဲ့ ပြည်သူလူထုမှာ ကျွန်မတို့ သင်ကြားပေးနေတဲ့ အခါကျတော့ မိဘမျိုးစုံရှိတယ်၊ အလွှာမျိုးစုံရှိတယ်၊ အသိုင်းအဝိုင်းမျိုးစုံ ရှိတယ်။ အဲ့ဒီထဲမှာကလေးတွေက ပညာရည်အနိမ့်၊ အမြင့်မတူကြပါဘူး။ အဲ့ဒါကြောင့်မို့လို့ သင်ကြားမှုဟာ အခက်အခဲမျိုးစုံနှင့် တွေ့ကြုံနေရ ပါတယ်။ သို့ဖြစ်ပါ၍ စဉ်ဆက်မပြတ်ကြိုးပမ်းအောင်မြင်နိုင်ရန် အားပေးလုပ်ဆောင်ပေးမည့် ပတ်ဝန်းကျင် တစ်ခုဖန်တီးပေးရန် လိုအပ်ပါတယ်ရှင့်။ အောင်မြင်မှုကို အသိအမှတ်ပြုဂုဏ်ပြုချီးမြှင့်ရှိသကဲ့သို့ အလုပ်မလုပ်ပဲကြိုးပမ်းမှု အားနည်းပြီးတာဝန်မကျေတဲ့ ဝန်ထမ်းကိုလည်း ဒဏ်ပေးသင့်ပါတယ်။ ဤနေရာမှာဒဏ်ပေးတယ်ဆိုတာ မကောင်းတောပြောင်းဆိုတဲ့ စနစ်ကို မကျင့်သုံးသင့်တော့ပါဘူး ရှင်။ ဘာဖြစ်လို့လဲဆိုရင် အခုဖြစ်နေတာက နိုင်ငံ့ဝန်ထမ်းအချို့ကို မြို့မှာ ပြဿနာတစ်ခုခုဖြစ်လျှင် သွားတော့သောပုံစံနှင့် မကောင်းလာ ခဲ့ပါဘူး ရှင်။ နဂိုက ပျက်နေတဲ့ အကျင့်ဟာ ပိုပြီးတော့ ပျက်သွားပါတယ်။ အဲ့တော့သူက အလုပ်ကမလုပ်တဲ့အတွက်ကြောင့် အလုပ်လုပ်နေတဲ့ ဝန်ထမ်းကိုလည်း ထိခိုက်စေပါတယ်။ ဒါ့ကြောင့်ဆုပေး၊ ဒဏ်ပေးစနစ် ပြုလုပ်မယ်ဆိုလို့ရှိရင် မည်ကဲ့သို့သော စွမ်းဆောင်အောင်မြင်တဲ့ အရည်အချင်းများ ပြည့်စုံအောင် တာဝန်ကျေထမ်းဆောင်သော ဝန်ထမ်းကို စံနမူနာနှင့် ဆုပေးရန် ရွေးချယ်မလဲ။ မည်ကဲ့သို့သောလုပ်ဆောင်ချက် မပြည့်စုံသည့် ဝန်ထမ်းကိုဒဏ်ပေး မလဲဆိုတာကိုပြည်ထောင်စုအဆင့်မှာ ပညာရေးကော်မတီအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ထားသကဲ့သို့ ကျွန်မတို့ ပြည်နယ်မှာလည်း ပညာရေးကော်မတီ၊ ဆပ်ကော်မတီကိုလည်း ဖွဲ့စည်းပြီးတော့ လုပ်ဆောင်မှသာလျှင် ဒီကိစ္စက ညှိနှိုင်းအောင်မြင်စွာ ဆွေးနွေးမှု ရှိလာမှာ ဖြစ်ပါတယ်။ အဲ့ဒါကြောင့်မို့ ဒီဆုပေး၊ ဒဏ်ပေးစနစ်ကို ကျွန်မတို့ ဆပ်ကော်မတီအနေနဲ့ ဖွဲ့စည်းပြီးတော့ ဆွေးနွေးသွားကြပါလို့ ကျွန်မ ဆွေးနွေးရင်း တင်ပြအပ် ပါတယ်ရှင်။

[ သြဘာသံများ ]

ဥက္ကဋ္ဌ။ အဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက ဆွေးနွေးအကြံပြု သွားပါတယ်။ ဆက်လက်ပြီးတော့မှ အဆိုနှင့် စပ်လျဉ်းပြီးတော့မှ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးကနေ ပြီးတော့မှ ထပ်မံ ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးအောင်ကျော်ညွန့်၏ ပညာရေး ဝန်ထမ်းများ မိမိတာဝန်ကို စဉ်ဆက်မပြတ်ကြိုးပမ်း အောင်မြင်နိုင်ရေး အတွက် ဆုပေး၊ ဒဏ်ပေးများဖြင့်ပြုလုပ်ဖော်ဆောင်သင့်ကြောင်း အဆိုနှင့် ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဒေါက်တာ မျိုးထွန်း မှဆွေးနွေးရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

ပညာရေးဝန်ထမ်းများအား မိမိပေးအပ်ထားသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်နှင့် ကျောင်းသား/ကျောင်းသူများ ပညာ ရည်မြင့်မားတက်ရောက်စေရန် ကျောင်းမဖွင့်မီအချိန်မှစ၍ လစဉ် မြို့နယ်ပညာရေးမှူးများမှ မိမိတို့ မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်း တို့များအား ကြပ်မတ်လျက် ရှိပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် မြင့်မားရေးအတွက်လည်း သက်ဆိုင်ရာ တက္ကသိုလ်များနှင့် ပူးပေါင်း၍ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများကို ခရိုင်အလိုက် ကျင်းပပေး ခဲ့ပါတယ်။ လုပ်ငန်းခွင်ရှိ ဆရာ/ဆရာမများအား ၎င်းတို့ရဲ့ကြိုးစားမှု၊ တာဝန်ကျေပွန်သူများအား လက်ရှိရာထူးလုပ်သက် (၂)နှစ်ပြည့်လျှင် မိမိဆန္ဒ အလျောက်လျှောက်ထားသည့် နေရာများတွင် ရာထူးတိုးမြှင့် ခန့်အပ်ပေးလျက် ရှိပါသည်။ ဌာန၏ ညွှန်ကြားချက်များကို လိုက်နာမှု မရှိသည့် ပညာရေး ဝန်ထမ်းများကိုလည်း ရှေးဦးစွာစုံစမ်းစစ်ဆေးခြင်း၊

ဌာနဆိုင်ရာစုံစမ်းစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ပြီး အပြစ်ရှိသူများအား ရာထူး ကူပြောင်းရွှေ့ခြင်း၊ ရာထူး တစ်ဆင့်နိမ့်ပြောင်းရွှေ့ခြင်း၊ သတိပေးခြင်း၊ ပြင်းထန်စွာ သတိပေးခြင်း၊ ရာထူး တိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ရပ်ဆိုင်းခြင်းတို့ကို အမှတ်(၂)အခြေခံ ပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြ၍ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ဦးအောင်ကျော်ညွှန့်၏ ပညာရေး ဝန်ထမ်းများ မိမိတာဝန်ကို စဉ်ဆက်မပြတ် ကြိုးပမ်း အောင်မြင်နိုင်ရေး အတွက် ဆုပေး၊ ဒဏ်ပေးများဖြင့် ပြုလုပ်ဖော်ဆောင် သင့်ကြောင်း အဆိုနှင့် ပတ်သက်၍ ပညာရေးဝန်ကြီးဌာနမှ ပြုလုပ်ဖော်ဆောင်ပေးလျက် ရှိနေပါသဖြင့် အဆိုအား ပြန်လည် သုံးသပ်သင့်သည်ဟု သဘောရရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးက နေပြီးတော့မှ ဦးအောင်ကျော်ညွှန့် တင်သွင်းတဲ့အဆိုကို ပြန်လည်သုံးသပ်ပြီးတော့မှ အကဲဖြတ်ဖို့အတွက်၊ ဆုံးဖြတ်ဖို့အတွက် ဒါတင်ပြသွားပါတယ်။ ဒါ့ကြောင့်မို့လို့ ဦးအောင်ကျော်ညွှန့် အနေနဲ့ ဒီအဆိုနဲ့ စပ်လျဉ်း ပြီးတော့မှ တင်ပြစရာရှိရင် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ညွှန့်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် တစ်ကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)က ဦးအောင်ကျော်ညွှန့် ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပတ်သက်ပြီးတော့ ပညာရေးဝန်ထမ်းများ

မိမိတာဝန်ကို စဉ်ဆက်မပြတ် ကြိုးပမ်းအောင်မြင်နိုင်ရေးအတွက် ဆုပေး၊ ဒဏ်ပေးများဖြင့် ပြုလုပ်၊ ဖော်ဆောင်သင့်ကြောင်း ဆွေးနွေးချက်မှာ ကျွန်တော့်အနေနဲ့ ဒီဆွေးနွေးချက်ကို ခုနက ကျွန်တော်တို့ တာဝန်ရှိ ဝန်ကြီးမှ အခုလို နိုင်ငံတော်က ရှေ့ဆက်ပြီးတော့မှ အရှိန်အဟုန်နဲ့ မြင့်မားစွာ ဆက်လက်ဆောင်ရွက်နေသည်ဆိုလျှင် ကျွန်တော့် ဒီအဆိုကို မေးခွန်းအဖြစ် ပြောင်းပေးပါရန် တောင်းဆိုအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ဦးအောင်ကျော်ညွန့် မှ ပညာရေးဝန်ထမ်းများ မိမိတာဝန်ကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နိုင်ရေးအတွက် ဆုပေး၊ ဒဏ်ပေးများဖြင့် ပြုလုပ်ဖော်ဆောင်သင့်ကြောင်း အဆိုကို တင်သွင်းသွားပါတယ်။ ဒါပေမဲ့လို့ ဒီအဆိုကို မေးခွန်းအဖြစ် ပြောင်းဖို့အတွက် ဦးအောင်ကျော်ညွန့် ကိုယ်တိုင်တင်ပြ လာပါတယ်။ ဒါ့ကြောင့်မို့လို့ အဆိုကို မေးခွန်းအဖြစ် ပြောင်းဖို့အတွက် ပြည်နယ်လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါ့မယ်။ အဆိုကို မေးခွန်းအဖြစ် ပြောင်းဖို့အတွက် လွှတ်တော်က -

"သဘောတူပါသလား ခင်ဗျား။"

**[ ၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

**ဥက္ကဋ္ဌ။** လွှတ်တော်မှ သဘောတူတဲ့အတွက် အဆိုကို မေးခွန်းအဖြစ် ပြောင်းလဲကြောင်း ကြေငြာအပ်ပါတယ်။

**[ သြဘာသံများ ]**

ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ “ **စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများအကြား ဖြစ်ပေါ်လာနိုင်သည့် လူမျိုးရေးအသွင်ဆောင်မည့် ပြဿနာများ၊ ပဋိပက္ခများကို ကြိုတင်ကာကွယ် ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရက စီစဉ်ဆောင်ရွက်ပေးထားနိုင်ပါရန်** ” အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ စီးပွားရေးလုပ်ငန်းများ၊ လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများအကြား ဖြစ်ပေါ်လာနိုင်သည့် လူမျိုးရေးအသွင်ဆောင်သည့် ပြဿနာများ၊ ပဋိပက္ခများကို ကြိုတင်ကာကွယ်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရက စီစဉ်ဆောင်ရွက်ထားပေးနိုင်ပါရန် အဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ဆွေးနွေးဖို့ အမည်စာရင်းပေးထားပါတယ်။

ဒါ့ကြောင့် အဆိုကို ဆွေးနွေးဖို့ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြ ကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း လေးစားဂါရဝပြုပါကြောင်း ဦးစွာပြောကြား အပ်ပါတယ်။ ကျွန်တော်ကတော့ နောင်ချိုမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးကျော်မြ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး

တင်သွင်းသွားတဲ့ စီးပွားရေးလုပ်ငန်းရှင်များနဲ့ ဒေသခံပြည်သူများအကြား ဖြစ်ပေါ်လာနိုင်သည့် လူမျိုးရေးအသွင်ဆောင်သည့် ပြဿနာများ၊ ပဋိပက္ခများကို ကြိုတင်ကာကွယ်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရက စီစဉ်ဆောင်ရွက်ပေးထားနိုင်ပါရန်အဆိုကို ထောက်ခံဆွေးနွေးသွားမှာပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ နယ်မြေကျယ်ဝန်းပြီး မြေပေါ်၊ မြေအောက်သယံဇာတပစ္စည်းတွေ ကြွယ်ဝတဲ့ပြည်နယ်ဖြစ်တာနဲ့အညီ သတ္တုကဏ္ဍ၊ သစ်တောကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍတို့တွေမှာ ရင်းနှီးမြှုပ်နှံလိုတဲ့ ပြည်တွင်း/ပြည်ပ ကုမ္ပဏီများ မျက်စေ့ကျတဲ့ ပြည်နယ်တစ်ခုလည်း ဖြစ်ပါတယ်။ နိုင်ငံတော်က စီးပွားရေးပြုပြင် ပြောင်းလဲရေး မူဝါဒများ ချမှတ်ပြီး ပြည်သူတွေရဲ့ လူမှုစီးပွားရေး ဘဝတိုးတက်လာအောင် ဆောင်ရွက်နေတဲ့ ကာလဖြစ်တဲ့အတွက်ကြောင့် ကုမ္ပဏီများ၊ လုပ်ငန်းရှင်များနှင့် မလွဲမသွေပိုမို ဆက်ဆံလာရမယ့် ကာလလည်း ဖြစ်ပါတယ်။ ကိုယ့်နယ်မြေဒေသအတွင်းမှာ ကုမ္ပဏီကြီး တွေလာရောက် ရင်းနှီးမြှုပ်နှံလာခြင်းဖြင့် စက်ရုံ အလုပ်ရုံတွေ ပေါ်ပေါက်လာခြင်း၊ ဒေသအတွင်းမှာ ရှိတဲ့ လူတွေရဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ လမ်းပန်းဆက်သွယ်ရေးတွေ ပညာရေး၊ ကျန်းမာရေးဘက်မှာလည်း အထောက်အကူ ဖြစ်လာမှာ ဖြစ်တဲ့အတွက် တစ်လက်ကလည်း ကြိုဆိုရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်နယ်တွေ၊ မြို့နယ်တွေ အတွင်းမှာ စည်းမျဉ်း၊ စည်းကမ်းလိုက်နာပြီး ဒေသခံတွေရဲ့ အကျိုးစီးပွားနဲ့ ကုမ္ပဏီရဲ့ အကျိုးစီးပွား အပြန်အလှန် သယံဇာတမျှတတဲ့ ကုမ္ပဏီတွေရှိသလို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး တင်ပြသွားတဲ့ ကိုယ့်အတ္တ အကျိုးစီးပွားကိုပဲ ကြည့်တတ်တဲ့ ကုမ္ပဏီများလည်းရှိနေတာ တွေ့ရပါတယ်။ ကုမ္ပဏီတွေမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ စနစ်တကျ ချုပ်ဆိုထားတဲ့ စာချုပ်များ ရှိတဲ့အတွက် စာချုပ်ပါ စည်းကမ်းဖောက်ဖျက်ရင် ဥပဒေအရ အရေးယူ

နိုင်သလို တရားဥပဒေကို ကျူးလွန်လာရင်လည်း အရေးယူပေးရမှာ ဖြစ်ပါတယ်။ ပုံစံ(၁၀၅)ရှိတဲ့ မြေကို မတရားသိမ်းယူခံရတဲ့အပြင် အမျိုးသမီးတစ်ဦးကို လူမဆန်စွာ လည်ပင်းကြိုးကွင်းစွပ်ပြီး ရထားလမ်း တစ်လျှောက်ဆွဲခေါ်မှုမျိုးကိုလည်း၊ ဆွဲခေါ်သူများကိုလည်း ဥပဒေနှင့် အညီချက်ခြင်း အရေးယူပေး သင့်ပါတယ်။ ဒီလို ထိလွယ်၊ ရှလွယ် ကိစ္စမျိုးတွေကနေကြီးထွားတဲ့ ပြဿနာများဖြစ်လာတတ်တာကိုလည်း ကျွန်တော်တို့ အားလုံး သတိပြုရမယ့်ကိစ္စ ဖြစ်ပါတယ်။ အုပ်ချုပ်ရေး ပိုင်းက မကိုင်တွယ်တတ်ရင် ပြည်သူနဲ့ ကုမ္ပဏီကြားမှာ အချိန် မရွေးပေါက်ကွဲနိုင်တဲ့ကိစ္စ ဖြစ်တဲ့အတွက် ဒီလို မြို့နယ်တွေမှာ အုပ်ချုပ်ရေး ကျွမ်းကျင်သူများကို တာဝန်ပေးဖို့ လိုအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ နောင်ချိုမြို့နယ် မှာလည်း တရားရုံးတွေမှာ မြေယာနှင့် ပတ်သက်ပြီး တော့မှ အငြင်းပွားတဲ့ မြေယာမှုခင်းတွေ လယ်သမားတွေရဲ့ မြေတွေ ကုမ္ပဏီထဲပါသွားရာကနေ တရားဥပဒေရဲ့ အရေးယူခံရမှာပင် မကြောက်တော့ပဲနဲ့ ကုမ္ပဏီရဲ့ မြေထဲကို အုပ်စုဖွဲ့ပြီးတော့မှ အတင်းဝင်ရောက် တွန်းယက်ကြရတဲ့ ပဋိပက္ခတွေ၊ တိုင်စာတွေ၊ ပြဿနာတွေ အများဆုံး ရှိတဲ့ မြို့နယ် ဖြစ်ပါတယ်။ ပြဿနာဆိုတာ ရှောင်လို့ မရပါဘူး။ ပြဿနာကို ဖြေရှင်းနိုင်မယ့် အကောင်းဆုံးနည်းလမ်းတွေ ရွေးချယ်ကြံဆ ပြီးတော့မှ အချိန်မှီ ဆောင်ရွက်ပေးနိုင်မှသာ ပြည်သူတွေရဲ့ အသံ၊ ပြည်သူတွေရဲ့ ဆန္ဒ၊ ပြည်သူတွေရဲ့ မျှော်လင့်ချက်ကို အကောင် အထည်ဖော် ဆောင်ရွက်ပေးရာရောက်မှာ ဖြစ်ပါတယ်။ ပြဿနာ တစ်ခုကို သတ်မှတ်ထားတဲ့ ကာလ၊ သတ်မှတ်ထားတဲ့ နေရာမှာ၊ သတ်မှတ်ထားတဲ့ လုပ်ထုံးလုပ်နည်း ဥပဒေနှင့် အညီ ဖြေရှင်းပေးနိုင်ဖို့ လိုအပ်မှာ ဖြစ်ကြောင်း ဆွေးနွေးရင်း နမ္မတူမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဒေါ်နန်းခမ်းအေး

တင်ပြခဲ့တဲ့ စီးပွားရေးလုပ်ငန်းရှင်များနဲ့ ဒေသခံပြည်သူများအကြား ဖြစ်ပေါ်လာနိုင်မယ့် လူမျိုးရေးအသွင်ဆောင်မည့် ပြဿနာများ၊ ပဋိပက္ခများကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရက စီစဉ်ဆောင်ရွက် ထားနိုင်ပါရန် အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ် အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[ **သြဘာသံများ** ]

**ဥက္ကဋ္ဌ။** အဆိုနဲ့ ပတ်သက်လို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် တစ်ဦးက ဆွေးနွေးသွားပါတယ်။ ဒါကြောင့် ယခု အဆိုနဲ့ စပ်လျဉ်းပြီး ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တစ်ကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဒေါ်နန်းခမ်းအေးရဲ့ စီးပွားရေးလုပ်ငန်းရှင်များနဲ့ ဒေသခံ ပြည်သူများအကြား ဖြစ်ပေါ်လာနိုင်သည့် လူမျိုးရေး အသွင်ဆောင်မည့် ပြဿနာများ၊ ပဋိပက္ခများကို ကြိုတင်ကာကွယ်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရက စီစဉ်ဆောင်ရွက်ပေးထားနိုင်သည့် အဆိုနှင့် စပ်လျဉ်းပြီး ကျွန်တော် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး အောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးမှ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

နမ့်တူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဒေါ်နန်းခမ်းအေးရဲ့ စီးပွားရေးလုပ်ငန်းရှင်များနဲ့ ဒေသခံပြည်သူများအကြား ဖြစ်ပေါ်လာနိုင်သည့် လူမျိုးရေး အသွင်ဆောင်မည့် ပြဿနာများ၊ ပဋိပက္ခများ ကိုကြိုတင်ကာကွယ်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရက စီစဉ်ဆောင်ရွက်ပေးထားနိုင်ရန်ဆိုသည့် အဆိုမှာ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်နေပါသည်။ ဒါကြောင့်မို့လို့ ရဲလုပ်ငန်းရဲ့ အဓိကအချက်မှာ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဖြစ်ပါသည်။ အဆိုပါ တာဝန်နှစ်ရပ်အတွက် သတင်းကြိုတင် ရယူနိုင်ရေးနှင့် ရရှိတဲ့ သတင်းအချက်အလက် ပေါ်မူတည်၍ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ (သို့မဟုတ်) ဌာနဆိုင်ရာများကို တင်ပြပြီးတော့ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်လျက် ရှိပါတယ်။ ဥပဒေ ဖောက်ဖျက် ကျူးလွန်ခြင်း (သို့မဟုတ်) ရာဇဝတ်မှုဖြစ်ပွားခြင်းတို့အတွက်ကို သက်ဆိုင်ရာ ဥပဒေအတိုင်း အရေးယူဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက် ရှိပါတယ်။ ရဲတပ်ဖွဲ့အနေနဲ့ နယ်မြေဒေသအတွင်း ဖြစ်ပေါ်လာနိုင်တဲ့ ဥပဒေဘောင်ကျော်လွန်လာနိုင်သော ပဋိပက္ခပြဿနာများတွင် အခြေအနေ စောင့်ကြည့်သတင်းရယူ၍ အစိုးရအဖွဲ့သို့ တင်ပြကာ အစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်လျက် ရှိပါတယ်။ ကြိုတင်ကာကွယ်မှုအတွက်လည်း ဆောင်ရွက်ထားရှိတဲ့ လုံခြုံရေးစီမံချက်များအရ ဥပဒေနဲ့အညီ ဆောင်ရွက်လျက် ရှိပါတယ်။ ဒါ့အပြင် ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ အလုပ်ရှင်/အလုပ်သမား ဥပဒေ၊ လယ်ယာမြေ ဥပဒေ/နည်းဥပဒေ၊ မြေလွတ်/မြေရိုင်းဥပဒေ/နည်းဥပဒေ အစရှိတဲ့ ဥပဒေ/နည်းဥပဒေများလည်း ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၀၁ အရ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဖွဲ့စည်းထားရှိပြီး ဖြစ်တဲ့အပြင်၊ ပြည်နယ်လုံခြုံရေးကော်မတီ ကိုလည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးရဲ့ (၂၀၁၁ခုနှစ် ဇူလိုင်လ ၄ ရက်)ရက်စွဲပါ အမိန့်အမှတ်၊ ၄၁ / ၂၀၁၁အရ ဖွဲ့စည်းတာဝန်ပေးအပ်ကာ ဆောင်ရွက်လျက်

ရှိပါတယ်။ ပြည်နယ်လုံခြုံရေးကော်မတီ အနေနဲ့လည်း တစ်ပတ်လျှင် တစ်ကြိမ် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ကာ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်လျက် ရှိပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၉ အရ ပြည်ထောင်စု အစိုးရသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်သွားမည်ဟု ပြဋ္ဌာန်း ပါရှိပြီး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၂၅၀ အရ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အစိုးရသည် ပြည်ထောင်စု အစိုးရကနိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကူညီရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားရှိတဲ့အတွက် ရှမ်းပြည်နယ်အစိုးရ အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ဆောင်ရွက်လျက် ရှိပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ ၉၆ အရ ပြည်ထောင်စုဥပဒေပြုစာရင်းဇယား(၁)၌ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍအပိုဒ်(၁)၊ အပိုဒ်ခွဲ(စ)မှာ နိုင်ငံတော် တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အပိုဒ်ခွဲ(ဆ)၌ ရဲတပ်ဖွဲ့ဟူ၍လည်းကောင်း၊ လူမှုရေးကဏ္ဍ အပိုဒ်(၉)၌၊ အပိုဒ်(၉)အပိုဒ်ခွဲ(တ)မှာ ဝါနိစ္စ၊ ပဋိပက္ခဟူ၍ လည်းကောင်းပါဝင် နေပြီးတော့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ၁၈၈ အရ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ် ဥပဒေပြုစာရင်း၊ ဇယား(၂)တွင် ပါဝင်ခြင်း မရှိတဲ့အတွက် ရှမ်းပြည်နယ်အစိုးရ အနေဖြင့် အခြေခံဥပဒေ အရ ပြည်ထောင်စုမှ ပြဋ္ဌာန်းပြီးသော ဥပဒေများနှင့် အညီ လိုက်နာဆောင်ရွက်မည် ဖြစ်ပါသောကြောင့် နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဒေါ်နန်းခမ်းအေး၏ အဆိုကို ပြန်လည်ရုပ်သိမ်း သင့်ပါကြောင်း တင်ပြ အပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါ်နန်းခမ်းအေး တင်သွင်းတဲ့ အဆိုနဲ့ စပ်လျဉ်းပြီးတော့မှ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် လုံခြုံ/နယ်စပ် ဝန်ကြီးက အပြည့်အစုံ ရှင်းလင်းသွားပါတယ်။ ရှင်းလင်းတဲ့နေရာမှာ ဤအဆိုကို အဆိုအဖြစ် တင်သွင်းဖို့ မလိုအပ်ကြောင်း ဆွေးနွေးသွားပါတယ်။ ဒါ့ကြောင့်မို့လို့ အဆိုရှင်ဖြစ်တဲ့ ဒေါ်နန်းခမ်းအေး အနေနဲ့ ထပ်မံဆွေးနွေးဖို့ ရှိရင်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး၊ နမ့်တူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တစ်ကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရှင်။ ခုန ဝန်ကြီး ကျွန်မကို ဖြေကြားသွားတဲ့ အတိုင်းဆိုလို့ရှိရင် ကျွန်မတို့ ရှမ်းပြည်နယ်မှာ အရမ်းကြီးကို လုံခြုံစိတ်ချရတဲ့ အနေအထား တွေ့နေရတဲ့ အတွက်ကြောင့် ကျွန်မ အထူးပဲကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြား လိုပါတယ်။ ဒါပေမဲ့ ဒီလိုကျယ်ပြန့်လှတဲ့ ကျွန်မတို့ ရှမ်းပြည်နယ်မှာ ဆိုလို့ရှိရင် အဲ့ဒီလို အဖွဲ့အစည်းတွေ၊ အုပ်ချုပ်ရေး ပိုင်းတွေမှာ လစ်ဟာမှုတွေ ရှိနိုင်ပါတယ်။ အဲ့ဒါကြောင့် ကျွန်မအနေနဲ့ ဥပဒေတစ်ရပ်အနေနဲ့ မဟုတ်ပဲနဲ့ ကျွန်မ အဆိုတစ်ခု တင်သွင်းသွားတယ်ဆိုတာ၊ အဆိုတိုင်းဟာလည်း ဥပဒေ မဖြစ်နိုင်ဘူးဆိုတာ ကျွန်မ သိနေပါတယ်၊ ဒါ ကျွန်မတို့အနေနဲ့ သတိထားရမယ့် အချက်ဖြစ်တဲ့အတွက်ကြောင့် ကျွန်မ အဆိုကို ဥပဒေတစ်ရပ်အနေနဲ့ မဟုတ်ပဲ ပြန်လည်သုံးသပ်သင့်တယ်လို့ ကျွန်မကတော့ ယူဆပါတယ်။ ကျွန်မတို့ စနစ်ပြောင်းနေတဲ့ ကျွန်မတို့ နိုင်ငံတစ်ခုမှာ ဆိုလို့ရှိရင် ကျွန်မတို့ သမရိုးကျဝါဒဖြစ်စဉ်ကို ကျင့်သုံးနေခြင်းထက်၊ အပြောင်းအလဲ ပေါ်မှာ မူတည်ပြီးတော့ လုပ်ဆောင်နိုင်စွမ်းရှိဖို့ လိုအပ်နေပါတယ်။ ပြဿနာတွေကို ကာကွယ်ဖို့ ဆိုခြင်းထက်ရှိပြီးတဲ့ ပြဿနာတွေကို ထပ်မံပြီးတော့ မဖြစ်ဖို့အတွက် ကျွန်မတို့ ဘယ်လိုကြိုတင်ကာကွယ်ရမယ် ဆိုတာက

ပဲ့ပြီး လိုအပ်နေတယ်လို့ ကျွန်မ မြင်ပါတယ်။ အဲ့ဒါကြောင့် ကျွန်မရဲ့ အဆိုကို ဥပဒေတစ်ရပ်အနေနဲ့ မဟုတ်ပဲနဲ့ ပြန်လည်သုံးသပ်သင့်တယ်လို့ ကျွန်မကတော့ ပြောကြားချင်ပါတယ်။ ကျွန်မရဲ့ တင်သွင်းချက်ဟာ ဒီလွှတ်တော်ထဲမှာ ရှိနေတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ပြည်သူများအပေါ် တန်ဖိုးထားမှုနဲ့သာ တိုင်းတာသင့်တယ်လို့ ကျွန်မ ပြောကြားချင် ပါတယ်။ ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုကို ပြန်လည်ရုပ်သိမ်း၊ မရုပ်သိမ်းကိစ္စနဲ့ ပတ်သက်လို့ လွှတ်တော်ရဲ့ ဆန္ဒကို ရယူဖို့ပဲ ရှိပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီအဆိုကို၊ အဆိုအဖြစ် မဟုတ်ပဲနဲ့ အဆိုကို ရုပ်သိမ်းဖို့အတွက် သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များကို မဲဆန္ဒနဲ့ ပဲခွဲပြီးတော့မှ ရယူမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၃၇)၊ နည်းဥပဒေခွဲ(က) အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အများ၏ ဆန္ဒများဖြင့်သာ ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီအဆိုကို ရုပ်သိမ်းသင့်တယ်လို့ ဆန္ဒပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာမှာ မတ်တပ်ရပ်ပြီးတော့ ဆန္ဒပြုဖို့ ဖြစ်ပါတယ်။ အဆိုကို ပြန်လည်ရုပ်သိမ်းသင့်တယ်ဆိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာမှာ မတ်တပ်ရပ်ပြီးတော့ ဆန္ဒပြုဖို့ ဖြစ်ပါတယ်။ နမ့်တူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေး တင်သွင်းတဲ့ စီးပွားရေးလုပ်ငန်းရှင်များနဲ့ ဒေသခံပြည်သူများအကြား ဖြစ်ပေါ်လာနိုင်မည့် လူမျိုးရေးအသွင်ဆောင်မည့် ပြဿနာများ၊ ပဋိပက္ခများကို ကြိုတင်ကာကွယ်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်ပေးထားနိုင်ရန် အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ ဆန္ဒကို ရယူတဲ့အခါမှာ အဆိုကို ရုပ်သိမ်းသင့်ကြောင်း ဆန္ဒပြုတဲ့ ကိုယ်စားလှယ်ဟာ(၈၅)ဦး ရှိပါတယ်။ ဆန္ဒပြုတဲ့ ကိုယ်စားလှယ်ဟာ အစည်းအဝေးတက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေ ထက်ဝက်ထက်များတဲ့အတွက် အဆိုကိုရုပ်သိမ်းကြောင်း ကြေငြာပါတယ်။

[ ဩဘာသံများ ]

ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " ဖွဲ့စည်းပုံ **အခြေခံဥပဒေ ဇယား (၂) ၁။ (ဃ) တွင် ပါရှိသော ယစ်မျိုးခွန် (အရက်ချက်)လိုင်စင် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်နိုင်ရေး "** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၃) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းစိန်ဝင်း သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂) ၁။(ဃ)တွင် ပါရှိသော ယစ်မျိုးခွန်၊ အရက်ချက်လိုင်စင်လုပ်ထုံးလုပ်နည်းများ ပြင်ဆင်နိုင်ရေး အဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးဖို့ အမည်စာရင်းတင်သွင်းတဲ့ ကိုယ်စားလှယ် မရှိပါဘူး။ ဒါကြောင့်မို့လို့ အဆိုနှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ရှင်းလင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးရဲနိုင်အောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ အတွင်းရေးမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာ ခြင်းနဲ့ ပြည့်စုံပါစေလို့ ဆန္ဒပြုဆုတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော့်အနေနဲ့ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်ဝင်း မေးမြန်းထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂) ၁။(ဃ)တွင်ပါရှိသော ယစ်မျိုးခွန်၊ အရက်ချက်လိုင်စင် လုပ်ထုံး၊ လုပ်နည်းများပြင်ဆင်နိုင်ခြင်း ရှိ/မရှိဆိုတဲ့အဆိုနဲ့ပတ်သက်လို့ ပြန်လည်ပြီးတော့ ရှင်းလင်းဆွေးနွေး၊ တင်ပြသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ယစ်မျိုးအုပ်ချုပ်မှုနှင့် ယစ်မျိုးခွန်ကောက်ခံခြင်း လုပ်ငန်းကို ဗြိတိသျှကို လိုနီခေတ်မှာ စတင်ခဲ့ပါတယ်။ ယစ်မျိုးဌာနကို သီးခြားဖွဲ့စည်းခဲ့ပြီး ၁၉၁၇ခုနှစ်မှာ ယစ်မျိုး အက်ဥပဒေကိုလည်းကောင်း၊ ၁၉၈၂ခုနှစ်မှာ ယစ်မျိုးနည်းဥပဒေများကိုလည်းကောင်း ပြဋ္ဌာန်း

ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေအရ ယစ်မျိုးလုပ်ငန်းများကို ယစ်မျိုးခွန်ကောက်ခံခြင်း အပါအဝင်၊ ယစ်မျိုးအုပ်ချုပ်မှုလုပ်ငန်းနှင့် ယစ်မျိုးအမှုများကို စုံစမ်းထောက်လှမ်းခြင်း၊ ဖမ်းဆီးအရေးယူခြင်း ဟူ၍ (၂)ပိုင်းခွဲခြား နိုင်ပါတယ်။ ထိုလုပ်ငန်းနှစ်ရပ်လုံးကို မြန်မာနိုင်ငံယစ်မျိုး မင်းကြီးက တာဝန်ခံဆောင်ရွက် ခဲ့ပါတယ်။ ၁၉၇၂ခုနှစ် မတိုင်မီ ယစ်မျိုးခွန်စည်းကြပ်ကောက်ခံခြင်း အပါအဝင် ယစ်မျိုးအုပ်ချုပ်ရေးလုပ်ငန်းများကို ယစ်မျိုးမင်းကြီးက တာဝန်ခံ၍ ထိုစဉ်က အခွန်တော်အရာရှိမင်းများ ဖြစ်ကြတဲ့ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများက ဆောင်ရွက်ခဲ့ ကြပါတယ်။ ယစ်မျိုး မှုခင်းများစုံစမ်းထောက်လှမ်းခြင်း၊ ဖော်ထုတ်ခြင်း၊ အရေးယူခြင်း လုပ်ငန်းများကို ယစ်မျိုးမင်းကြီးက တိုက်ရိုက်ကြီးကြပ် အုပ်ချုပ်သည့်ယစ်မျိုးဌာန ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြပါတယ်။ ၁၉၇၂ခုနှစ် အုပ်ချုပ်ရေးစနစ်သစ် အကောင်အထည်ဖေါ်တဲ့အချိန်မှာ ယစ်မျိုးခွန်ကောက်ခံတဲ့ လုပ်ငန်းကို ပြည်တွင်းအခွန်များ ဦးစီးဌာနက လွှဲပြောင်းတာဝန် ယူဆောင်ရွက်ခဲ့တာကို တွေ့ရှိရပါတယ်။ ယစ်မျိုးဌာနခွဲကို ဖျက်သိမ်းရာမှာ ယစ်မျိုးအမှုများကို စုံစမ်းထောက်လှမ်းရန် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနရဲ့ (၂၉. ၁၂. ၁၉၇၂)ရက်စွဲပါအမိန့်ကြေငြာစာ (၁၆၅)အရ ပြည်သူ့ရဲတပ်ဖွဲ့သို့ လွှဲအပ်ခဲ့ပါတယ်။ ၁၉၇၄ခုနှစ်၊ ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့တို့ရဲ့ အဆင့်ဆင့်တာဝန်နှင့် လုပ်ပိုင်ခွင့်ဥပဒေ(၁၃/၇၇) ပြဋ္ဌာန်းခဲ့တဲ့အခါမှာ ပြည်သူ့ကောင်စီအဆင့်ဆင့်ရဲ့ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၈၉ခုနှစ်၊ ဇန်နဝါရီလ ၂၄ရက်နေ့၌ ကျင်းပတဲ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အစည်းအဝေး ဆုံးဖြတ်ချက်အရ ယစ်မျိုးခွန်ကောက်ခံရေး လုပ်ငန်းကို ပြည်တွင်းအခွန်များ ဦးစီးဌာနမှ လွှဲပြောင်း၍ မြေခွန်၊ ရေခွန်၊ တာတမံခွန်နှင့် ဓါတ်သတ္တုခွန်များ ကောက်ခံရေးလုပ်ငန်းနှင့် အတူ (၁. ၄. ၉၈)ရက်နေ့မှ အစပြု၍၊

အတွေ့တွေ့အုပ်ချုပ်ရေးဦးစီးဌာနရဲ့ လုပ်ငန်းတစ်ရပ်အဖြစ် ပြန်လည်သတ်မှတ်ပေးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ယာစ်မျိုးခွန်ကောက်ခံရေးအပါအဝင် ယာစ်မျိုးအုပ်ချုပ်မှုလုပ်ငန်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ယနေ့အထိအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ဒါကတော့ ကျွန်တော့်အနေနဲ့ ခေတ်အဆက်ဆက် ယာစ်မျိုး စီမံခန့်ခွဲရေးနဲ့ ပတ်သက်လို့ ဆောင်ရွက်ခဲ့မှု အခြေအနေများကို (Background History) အနေနဲ့တင်ပြခြင်း ဖြစ်ပါတယ်။ ယခုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်သည် ဇယား(၂)တွင်ဖော်ပြထားသောတိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်တစ်ဝန်း လုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်တစ်စိတ်တစ်ဒေသအတွက် သော်လည်းကောင်း၊ အာဏာသက်ရောက်ခွင့်ရှိစေရန် ဥပဒေသက်ရောက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါတယ်။ သို့ရာတွင် ပုဒ်မ ၁၉၀(ခ)အရ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ဒေသန္တရစီမံကိန်း နှစ်စဉ် အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားတဲ့ နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်ဟု ဖော်ပြထားရှိပါတယ်။ သို့ဖြစ်ပါ၍ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်ဝင်း တင်သွင်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂) ၁။(ဃ)တွင် ပါရှိသော ယာစ်မျိုးခွန်၊ အရက်ချက်လိုင်စင် လုပ်တုံးလုပ်နည်းများ ပြင်ဆင်နိုင်ခြင်း ရှိ/မရှိ အဆိုနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ သင့်လျော်သည့် အချိန်ကာလ၌ ပြည်နယ်အစိုးရအဖွဲ့က ညှိနှိုင်း၊ ဆွေးနွေး၊ ဆုံးဖြတ် တင်သွင်းသွားရန် ရှိပါသောကြောင့် ဦးစိုင်းစိန်ဝင်း တင်သွင်းသောအဆိုအား ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။ [ ဩဘာသံများ ]

ကန့်သတ်

ဥက္ကဋ္ဌ။ အဆိုကို တင်သွင်းတဲ့ ဦးစိုင်းစိန်ဝင်း အနေနဲ့ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ အခုလို ရှင်းပြပေးတဲ့အတွက်လည်း အထူးကျေးဇူး တင်ပါတယ်။ ကျွန်တော့ အဆိုကို အဆိုအတိုင်းပဲ တင်ချင်ပါတယ် ခင်ဗျား။ ဘာကြောင့်လဲဆိုတော့ အခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ ဇယား(၂)မှာ တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်များ ဥပဒေပြုစာရင်း သတ်မှတ်ပေးထားသောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက ဥပဒေလုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းနိုင်ရန် ဖြစ်ပါတယ်။ ကျွန်တော့်၏ အဆိုကို ပြန်ပြင်ရန်၊ မပြင်ဘူးဆိုတာလည်း လွှတ်တော်၏ အဆုံးအဖြတ်ပဲ ဖြစ်ပါတယ်။ လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူက ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ရဲ့ ကိုယ်စားလှယ်ဖြစ်သလို ပြည်သူရဲ့ အသံလည်း ဖြစ်ပါတယ်။ ကျွန်နုပ်၏ အဆိုကိုလည်း ပြည်သူအတွက်၊ ပြည်နယ်အတွက် အကျိုးရှိမည်၊ မရှိဘူးဆိုတာ ကျွန်တော်တို့၏ ရှမ်းပြည်နယ်လွှတ်တော်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များမှ အဆုံးအဖြတ်ပေး နိုင်ပါတယ်။ ထို့ကြောင့် ကျွန်တော့်ရဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်များကသာ ဆုံးဖြတ်ပေးပါရန်နှင့် ကျွန်တော့်ရဲ့ အဆိုကိုလွှတ်တော်သို့ အပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ [ ဩဘာသံများ ]

**ဥက္ကဋ္ဌ။** အဆိုရှင် ဦးစိုင်းစိန်ဝင်း က ၄င်းတင်သွင်းသော အဆိုကို လွှတ်တော်ရဲ့ ဆန္ဒကို ခံယူသွားပါ့မယ်လို့ ဆန္ဒပြု လာပါတယ်။ ဒါ့ကြောင့် အဆိုနှင့် စပ်လျဉ်းပြီး အဆိုကို မှတ်တမ်းတင်သင့်ကြောင်း သဘောရတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၁၇)(က)အရ ခုနကလို ကျွန်တော်မဲနဲ့ပဲ ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အဆိုကို ရုပ်သိမ်းသင့်တယ်လို့ ဆန္ဒပြုတဲ့ ကိုယ်စားလှယ်များ မိမိနေရာမှာ မတ်တပ်ရပ်ပြီးတော့ ဆန္ဒပြုဖို့ ဖြစ်ပါတယ်။ အဆိုကို မှတ်တမ်းတင်သင့်တယ် ဆိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များ မိမိနေရာမှာမတ်တပ်ရပ်ပြီးတော့မှ ဆန္ဒပြုဖို့ ဖြစ်ပါတယ်။ ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂) ၁။(က)တွင်ပါရှိသော ယစ်မျိုးခွန်၊ အရက်ချက်လိုင်စင်လုပ်ထုံး၊ လုပ်နည်းများပြင်ဆင်နိုင်ရေးအဆိုကို မှတ်တမ်းတင်ဖို့ လွှတ်တော်က -

"သဘောတူပါသလား ခင်ဗျား။"

**[ ၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

**ဥက္ကဋ္ဌ။** လွှတ်တော်ကိုယ်စားလှယ်များက သဘောတူသည့် အတွက် ဤအဆိုကို လွှတ်တော်မှာ မှတ်တမ်းတင်ကြောင်း ကြေငြာ ပါတယ်။ [ **သြဘာသံများ** ]

ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ " ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရမိသော သစ်လုံးများ၊ သစ်ခွဲသားများ၊ ကိုင်းဖျားကိုင်းနားများနှင့် သစ်ငုတ်တိုများကို ရှမ်းပြည်နယ်အစိုးရ၏ ဘဏ္ဍာငွေရန်ပုံငွေအဖြစ် ပေးသွင်းရန် " အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၅)ဖြစ်ပါတယ်။ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းတင်ဦးရဲ့ အဆိုကိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တစ်ကွလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး ဖြစ်ပါတယ်။ ကျွန်တော် တင်သွင်းမယ့် အဆိုကတော့ ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရမိသော သစ်လုံးများ၊ သစ်ခွဲသားများ၊ ကိုင်းဖျား၊ ကိုင်းနားများနှင့် သစ်ငုတ်တိုများကို ရှမ်းပြည်နယ်အစိုးရ၏ ဘဏ္ဍာတော် ရန်ပုံငွေအဖြစ် ပေးသွင်းနိုင်ရန် အဆိုကိုတင်သွင်းထားပါသည်။ ရှမ်းပြည်နယ်သည် သစ်တော၊ သယံဇာတအလွန်ပင်ပေါများသော ပြည်နယ်တစ်ခုပင်ဖြစ်ပါတယ်။ သစ်ပေါများသည်နှင့် အညီ သစ်များကို ခုတ်လှဲပြီး သစ်ငုတ်တိုများ၊ သစ်ခွဲသားများအဖြစ် ပြည်တွင်း၌ အသုံးပြုရန်အတွက် သော်လည်းကောင်း၊ ပြည်ပသို့ တင်ပို့ရန်အတွက် သော်လည်းကောင်း၊ သယ်ယူပို့ဆောင် နေကြပါတယ်။ နိုင်ငံတော်အစိုးရထံ ခွင့်ပြုချက်တောင်းခံပြီး

သစ်ပင်ခုတ်လှဲ၊ တောခုတ်၊ သယ်ယူပို့ဆောင်လျက်ရှိသော လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများရှိသကဲ့သို့ မတရားသော ဝိသမလောဘများဖြင့် သစ်ခုတ်၍ သယ်ယူနေလျက် ရှိသည်များကို သိရှိ တွေ့ရှိ နေရပါတယ်။ မှောင်ခိုနည်းလမ်းဖြင့် သစ်များကို ခုတ်ထွင်နေမှုကြောင့် သစ်တောထိန်းသိမ်းမှုကို ပျက်ပြားစေပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်ပျက်စီးစေသည့်အပြင် နိုင်ငံတော်၏ ဘဏ္ဍာတော် ရန်ပုံငွေရရှိမှုကိုလည်း လျော့နည်း စေပါတယ်။ မည်သို့ပင် လုပ်ဆောင်နေစေကာမူ သစ်ခုတ်၊ သစ်ထုတ်၍ သယ်ယူပို့ဆောင်နေခြင်းကြောင့် သစ်တောပြုန်းတီးမှုအကျိုးဆက်များဖြစ်သော ဒေသခံပြည်သူများ၏ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်း၊ လမ်းတံတားများ ပျက်စီးယိုယွင်းခြင်းစသည့် အခက်အခဲများကို မုချဧကန်ကြုံတွေ့ ခံစားနေရသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရမိသော သစ်လုံးများ၊ သစ်ခွဲသားများ၊ ကိုင်းဖျားကိုင်းနားများနှင့် သစ်ငုတ်တိုများကို ရှမ်းပြည်နယ်အစိုးရ၏ ဘဏ္ဍာတော်ရန်ပုံငွေအဖြစ် ပေးသွင်းနိုင်မည်ဆိုလျှင် ရရှိသော ရန်ပုံငွေများဖြင့် ရှမ်းပြည်နယ်အတွင်းရှိဒေသခံပြည်သူလူထုများ၏ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် လူနေမှုဘဝကို ပြန်လည်ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း အလေးအနက် တိုက်တွန်းရင်း ဤအဆိုကို တင်သွင်း လိုက်ရပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။

[ ဩဘာသံများ ]

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တစ်ကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော် ကတော့ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းကျော် ဖြစ်ပါတယ်။ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းတင်ဦး တင်သွင်းသော ရှမ်းပြည်နယ်ထဲတွင် ဖမ်းဆီးရမိသော သစ်လုံးများ၊ သစ်ခွဲသားများ၊ ကိုင်းဖျားကိုင်းနားများနှင့် သစ်ငုတ်တိုများကို ရှမ်းပြည်နယ်အစိုးရ၏ ဘဏ္ဍာတော်ရန်ပုံငွေအဖြစ် ပေးသွင်းရန်အဆို လွှတ်တော်ထဲမှ ဆွေးနွေးဖို့အတွက် ထောက်ခံအပ်ပါတယ်။ အားလုံးကျေးဇူး တင်ပါတယ်။ [ **ဩဘာသံများ** ]

**ဥက္ကဋ္ဌ။** ဦးစိုင်းတင်ဦး တင်သွင်းသော အဆိုကို လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်၊ အဆိုမှာ ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရမိသော သစ်လုံးများ၊ သစ်ခွဲသားများ၊ ကိုင်းဖျားကိုင်းနားများနှင့် သစ်ငုတ်တိုများကို ရှမ်းပြည်နယ်အစိုးအဖွဲ့ရန်ပုံငွေအဖြစ် ပေးသွင်းရန် ဖြစ်ပါတယ်။ ယခုအဆိုကိုလက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါ့မယ်။ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က -

"သဘောတူပါသလား ခင်ဗျား။"

[ **၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။** ]

**ဥက္ကဋ္ဌ။** သဘောမတူသည့်ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးစိုင်းတင်ဦး ရဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေငြာပါတယ်။ [ **ဩဘာသံများ** ]

အဆိုကို ၂၀၁၂ခုနှစ်၊ စက်တင်ဘာလ ၂၈ရက်၊ သောကြာနေ့မှာ ဆွေးနွေးပါ့မယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

# ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (တတိယနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး(စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (တတိယနေ့)ကို ရပ်နားပါ့မယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး(စတုတ္ထနေ့)ကို မနက်ဖြန် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်၊ သောကြာနေ့နံနက် ၁၀နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာ ဖြစ်ကြောင်း ကြေငြာပါတယ်။ [ **သြဘာသံများ** ]

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွါပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွါနိုင်ပါပြီ ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

[ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်
အစည်းအဝေး(တတိယနေ့)ကို
ညနေ(၁၄၂၀)နာရီအချိန်တွင် ရပ်နားပါသည် ။ ]

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး(စတုတ္ထနေ့)မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်

## ( ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက် )

## [ သောကြာနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်ကို နံနက် (၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးရဲနိုင်အောင်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန က ဆောင်ရွက်ပါသည်။ ]

### ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(စတုတ္ထနေ့) နံနက်ခင်းပိုင်း အစီအစဉ်များ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် ကိုယ်စားလှယ်တော်ကြီးများ သတ်မှတ်ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာ ယူပါသည်။ ]

**အခမ်းအနားမှူး။** အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

ကန့်သတ်

၂၉၈

# ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (စတုတ္ထနေ့)မှာ လွှတ်တော်ကိုယ်လှယ်များ စိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ(၁၄၃)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၈)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၈၉. ၅၁%)ရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံ တစ်ပုံ ထက်ကျော်လွန်တဲ့ အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၁၈၀၊ ပုဒ်မခွဲ(က)နဲ့ တိုင်းဒေသကြီး နှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ-၃၄၊ နည်းဥပဒေခွဲ(ခ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ-၃၅၊ နည်းဥပဒေခွဲ(ဂ)တို့ အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

[ သြဘာသံများ ]

# ပြည်နယ်လွှတ်တော်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ ။ တိုင်းဒေသကြီးနှင့် ပြည်နယ်ဆိုင်ရာ နည်းဥပဒေ-၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး(စတုတ္ထနေ့)အစီအစဉ်ကိုပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

ကန့်သတ်

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား - တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄၄)၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးမောင်ကျော်၊ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား- ကျွန်တော်ကတော့ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကျော် ဖြစ်ပါတယ်။ ဟိုပန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ထွန်းလူသည် မိသားစုအရေးကိစ္စကြောင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၈-၉-၂၀၁၂)ရက်နေ့ (၁)ရက်တာအတွက် ကင်းလွတ်ခွင့်ပြုပါပေးပါရန် ဦးခွန်ထွန်းလူ ကိုယ်စားလေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

**ဦးစိုင်းဆာလူ၊ ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား- ကျွန်တော်ကတော့ ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆာလူ ဖြစ်ပါတယ်။ သီပေါမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းနော်ခမ်း(ခ)တင်ထွန်းအောင် ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးသည် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် အစည်းအဝေးတက်ရောက်နေရသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၂၈-၉-၂၀၁၂)ရက်နေ့ (၁)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုင်းနော်ခမ်း(ခ)တင်ထွန်းအောင် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဦးခွန်အေးမောင်၊ ဟိုပုန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား- ကျွန်တော်ကတော့ ဟိုပုန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်အေးမောင် ဖြစ်ပါတယ်။ ဟိုပုန်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်စံလွင် သည် ကိုယ်ရေးကိုယ်တာ ကိစ္စဆောင်ရွက် ရန်ရှိပါသဖြင့် ယခုကျင်းပပြုလုပ်သော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး တက်ရောက်ခြင်းအား(၂၈-၉-၂၀၁၂)ရက်နေ့ (၁)ရက်တာအတွက် ကင်းလွတ်ခွင့်ပြုပေးပါရန် ဦးခွန်စံလွင် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဦးခွန်လှသိန်း၊ ဆီဆိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား- ကျွန်တော်ကတော့ ဆီဆိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်း ဖြစ်ပါတယ်။ ဆီဆိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခွန်မောင်ပယ် သည် ကိုယ်ရေးကိုယ်တာကိစ္စ ဆောင်ရွက်ရန် ရှိပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၂၈-၉-၂၀၁၂)ရက်နေ့အတွက် (၁)ရက် ကင်းလွှတ်ခွင့်ပြုပါရန် ဦးခွန်မောင်ပယ် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

**ဦးခွန်ထွန်း၊ မက်မန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် တစ်ကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ တပ်မတော်မှအရာရှိ အရာခံများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ “ဝ”ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ထွန်း ဖြစ်ပါတယ်။ ဟိုပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဖေသည် ၎င်း၏ မိသားစုကိစ္စကြောင့် ယနေ့ကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတက်ရောက်ခြင်းအား (၂၈-၉-၂၀၁၂)ရက်နေ့ အထိ(၁)ရက် ခွင့်ကင်းလွှတ်ခွင့်ပြုပါရန် ဦးစိုင်းလှဖေ ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ ။ ခွင့်ပန်ကြားဖို့ ကျန်ရှိပါသေးလား ခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုရန် -

"သဘောတူပါသလား ခင်ဗျား။"

[ ၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

ဥက္ကဋ္ဌ ။ သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။ [ ဩဘာသံများ ]

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (စတုတ္ထနေ့)ကို တက်ရောက်ခွင့် ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေဟာ (၁၄၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦး စုစုပေါင်း ခွင့်ပြုထားသူ (၁၅)ဦးရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ တိုင်းဒေသကြီး နှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ-၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ် လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို -

"အတည်ပြုပါသလား ခင်ဗျား။"

[ ၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ [ **သြဘာသံများ** ]

**ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

ဥက္ကဋ္ဌ။ အစီအစဉ်အရ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ လဲချားမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇေယျက ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးသို့ ကြွရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များ၊ ဧည့်သည်တော်များအားလုံး နေကောင်းကျန်းမာကြပါစေလို့ နှုတ်ခွန်းဆက်သရင်း လေးစားဂါရဝပြု အပ်ပါတယ်။

ကန့်သတ်

၃၀၄

ဒီနေ့ ကျွန်တော်မေးမယ့် မေးခွန်းမှာ နမ့်တုတ်ကျေးရွာအုပ်စု၊ ဝမ်ဝုန်ကျေးရွာပိုင်ပြည်သူများ ကွဲနွား စားကျက်မြေများ၊ စိုက်ပျိုးမြေနှင့် မူလကျေးရွာဟောင်း နေရာများအား အိုးအိမ်နေရာချထား ပေးနိုင်ရေးနဲ့ စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ လဲချားမြို့နယ်၊ နမ့်တုတ်ကျေးရွာအုပ်စု၊ ဝမ်ဝုန် ကျေးရွာသည် လဲချား-ပင်လုံကားလမ်းရှိ မိုင်တိုင်အမှတ်(၁၆/၂)မှ မိုင်တိုင် အမှတ်(၂၈/၂)အထိ ကားလမ်းတစ်လျှောက် နေထိုင်ခဲ့ကြပါတယ်။ ၁၉၈၀ ခုနှစ်ကျော်နောင်းပိုင်း တိုင်းပြည်မငြိမ်မသက်မအေးချမ်းမှုများ ကြောင့် ကျေးရွာပြည်သူများ၏ လုံခြုံရေးအရ လမ်း၏ မြောက်ဘက်ခြမ်း အတွင်းပိုင်းသို့ တိမ်းရှောင်နေထိုင် လုပ်ကိုင်စားသောက်ခဲ့ကြပြီး၊ ယခု အခါခေတ်စနစ်၏ အေးချမ်းတည်ငြိမ်ပြောင်းလဲလာသည့် အခြေအနေအရ မိမိတို့၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည်များ အထောက်အကူပြုလွယ်ကူလာစေရန် မူလ မိမိတို့၏ ကျေးရွာပိုင် နယ်နိမိတ်နယ်မြေများဖြစ်သော ကားလမ်းဘေးဝဲယာတစ်လျှောက်တွင် ပြန်လည်ရွှေ့ပြောင်း နေထိုင်လာခဲ့ကြပါတယ်။ မိမိတို့၏ နေအိမ်ခြံများ ပြန်လည်စနစ်တကျတည်ဆောက်နိုင်ရေး ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန သို့ မြေတိုင်းတာပေးနိုင်ရေး တင်ပြခဲ့ပါတယ်။ မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူ(၂)ဦး လာရောက်တိုင်းတာရာ မိမိတို့ ကျေးရွာပိုင် နယ်မြေများ အတွင်း မိမိတို့၏ ရွာသူ/သားများ၏ ဆန္ဒမပါဘဲ မသိရှိလိုက်ဘဲ အခြား သူများသို့ စိုက်ပျိုးမြေအဖြစ် ချမှတ်ပေးထားကြောင်း သိရှိလိုက်ရပါတယ် ခင်ဗျား။ ထို့ကြောင့် မိမိတို့၏ ကျေးရွာပိုင်မြေများ၊ မိမိတို့ကွဲနွားစားကျက်မြေများ၊ မိမိတို့ မိရိုးဖလာစိုက်ပျိုးစားသောက်လာခဲ့သော မြေနေရာနှင့် မူလကျေးရွာ ဟောင်းမြေနေရာများအား အိုးအိမ်နေရာပြန်လည်ချထားပေးနိုင်ရေး အတွက် ရှမ်းပြည်နယ်အစိုးရ အနေဖြင့် မည်ကဲ့သို့ ဖြည့်ဆည်းဆောင်ရွက် ပေးနိုင်မည်နှင့် မည်သည့်အချိန်ကာလတွင် ဖြေရှင်းဆောင်ရွက်ပေး မည်ကို သိရှိလိုပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ကန့်သတ်

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင် ဝန်ကြီး မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ် ခင်ဗျား။

**ဦးရဲနိုင်အောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါကြောင်းနဲ့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် လဲချားမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ဇေယျ ၏ မေးခွန်းနဲ့ပတ်သက်၍ ကျွန်တော် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လဲချားမြို့နယ်၊ နမ့်တုတ်ကျေးရွာအုပ်စု၊ ဝမ်ဝုမ်ကျေးရွာသည် လဲချားမြို့နယ်၊ လဲချား-ပင်လုံကားလမ်းရှိ မိုင်တိုင် အမှတ် (၂၆/၂)မှ မိုင်တိုင်အမှတ်(၂၈/၂)အထိကားလမ်းဘေးတစ်လျှောက်တွင်နေထိုင်ခဲ့ကြသည်။ ထို့ကြောင့် မိမိတို့ကျေးရွာပိုင်မြေများ ကျွဲ၊ နွား စားကျက်မြေများ မိရိုးဖလာ စိုက်ပျိုးလုပ်ကိုင် စားသောက်ခဲ့ကြသော မြေနေရာနှင့် မူလကျေးရွာဟောင်းမြေနေရာအား အိုးအိမ်နေရာပြန်လည် ချထားပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးနိုင် မည်ကို သိရှိလိုပါသည်ဆိုသည့် မေးခွန်းနှင့် စပ်လျဉ်း၍ လဲချားမြို့နယ်၊ လဲချား-ပင်လုံ ကားလမ်းဘေးရှိ မိုင်တိုင်အမှတ် (၂၆/၂)မှ (၂၈/၂)ကြားရှိ မြေသည် နမ့်တုတ်ကျေးရွာအုပ်စု အတွင်းပါဝင်သောမြေဖြစ်ပါသည်။ နမ့်တုတ်ကျေးရွာအုပ်စု၊ ဝမ်ဝုန်ရွာသည် လဲချား-ပင်လုံ ကားလမ်းရှိ မိုင်တိုင်အမှတ်(၂၆/၂)မှ (၂၈/၂)အထိ ကားလမ်းဘေးတစ်လျှောက်တွင် နေထိုင်ခဲ့ကြပြီး (၁၉၈၄-၁၉၈၅)ခုနှစ်မှစတင်၍ လုံခြုံရေး အခြေအနေကြောင့် ရွာအတွင်းပိုင်းသို့ ပြောင်းရွှေ့နေထိုင် ခဲ့ပါသည်။ ယခုအခါ

(၂၄)နာရီ မီးများရရှိနိုင်ခြင်း၊ နယ်မြေအေးချမ်းမှုရှိလာခြင်း၊ မိုးတွင်းအခါတွင် လမ်းများသွားလာမှုခက်ခဲခြင်းများကြောင့် နမ့်တုတ်ကျေးရွာအုပ်စုမှ ဝမ်ဝုန်ရွာနှင့် အတွင်းပိုင်းကျသည့် နမ့်တုတ်ရွာ၊ ဟွေမူရွာ၊ ဟွေလောင်းရွာတို့မှ ပြည်သူများလမ်းဘေးသို့ပြောင်းရွှေ့နေထိုင်လိုကြခြင်းဖြစ်ပါသည်။ ယင်းရွာအမည်များမှာ ပြည်ထဲရေးဝန်ကြီးဌာန အမည်ပေါက်ကျေးရွာများဖြစ်ပြီ အမည်ပြောင်းလဲမှုမရှိသေးဘဲ မူလကျေးရွာဟောင်းမြေနေရာတွင် ပြန်လည်ပြောင်းရွှေ့နေထိုင်လိုခြင်းနှင့် ပတ်သက်၍ ကျေးရွာမြို့နယ်သို့ တင်ပြလာခြင်း မရှိသေးပါ။ အမှန်တကယ် ပြောင်းရွှေ့နေထိုင်လိုပါက ဥပဒေ၊ ညွှန်ကြားချက်၊ လုပ်ထုံး လုပ်နည်းများနှင့်အညီအဆင့်ဆင့်တင်ပြ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ ကျေးဇူး တင်ပါသည်။ [ **သြဘာသံများ** ]

**ဥက္ကဋ္ဌ ။** ဦးစိုင်းကျော်ဇေယျ က ဒုတိယမေးခွန်းကို ဆက်လျက်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ကျွန်တော်ရဲ့ ဒုတိယမေးခွန်းကတော့ ကျွန်တော်တို့ မြို့နယ်မှာ လဲချားမြို့နယ်မှာ ရပ်ကွက်ပေါ်မှာ ငွေကောက်ခံနေတဲ့ အထွေထွေကြေး တို့ မီးကင်းကြေးမှ မြို့သက်သာကြေးနှင့် ပတ်သက်တဲ့ မေးခွန်းနှင့်ဖြစ်ပါတယ် ခင်ဗျား။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ဒီမေးခွန်းကိုမေးမြန်းရခြင်းမှာ ကျွန်တော်တို့ နိုင်ငံတော်၏ တရားဥပဒေစိုးမိုးမှု ပိုမိုအားကောင်းလာစေရန်ရည်ရွယ်ပြီးတော့ မေးမြန်းခြင်း ဖြစ်ပါတယ်။ ပြည်သူများ ဝန်ထုတ်ဝန်ပိုးဖြစ်စေသော ငွေကြေးကောင်ခံခြင်း မပြုလုပ်ရေးကိစ္စဆိုပြီးမှ ကျွန်တော်တို့ ၂၀၁၁ခုနှစ် ဒီဇင်ဘာလ ၁၂ရက်နေ့ ရက်စွဲဖြင့် ပြည်နယ်အစိုးရကနေပြီးမှ စာထုတ်

ထားပါသော်လည်း ကျွန်တော်တို့ လဲချားမြို့နယ်တွင် ရပ်ကွက်( ၁၊ ၂ ၃) နှင့် မြို့မကျေးရွာအုပ်စုများတွင် မီးကင်းကြေး၊ အထွေထွေကြေး၊ မြို့မ သက်သာကြေးစသည့်ဖြင့် ယခုထိကောက်ခံ နေသည်ကိုတွေ့ရှိရပါသည်။ ခေတ်နှင့် မလျော်ညီတော့သည့် ၄င်းကိစ္စများအားလုံး ပပျောက်စေရေး အတွက် တာဝန်ရှိရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သိုဖြေရှင်းပေးမည်နည်း မည်သည့်ကာလတွင်၄င်း ကိစ္စရပ်များအားလုံး ပပျောက်သွားမည်ကို လဲချားမြို့နယ် သူ/သားများ ကိုယ်စားမေးခွန်းမေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးရဲနိုင်အောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနဲ့တကွ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ကျမ်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်းနှင့် နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးရဲနိုင်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လဲချားမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)၊ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇေယျ မေးမြန်းထားတဲ့ လဲချားမြို့နယ်၊ ရပ်ကွက်များတွင် ခေတ်နှင့်မလျော်ညီတော့သည့် မီးကင်းကြေး၊ အထွေထွေကြေး၊ မြို့မသက်သာကြေး စသသည့်ကိစ္စများ အားလုံး ပပျောက်စေရေးအတွက် တာဝန်ရှိရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ ဖြေရှင်းပေးမည်နှင့် မည်သည့်ကာလတွင် ၄င်းကိစ္စရပ်များအားလုံး ပပျောက်သွားမည်ကို သိရှိလိုပါကြောင်းနဲ့ ပတ်သက်ပြီး ပြန်လည် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လဲချားမြို့နယ်မှာ မီးကင်းအား မြို့ပေါ်လေးရပ်ကွက်တွင် တစ်ရပ်ကွက် မီးကင်းတစ်ခုနှင့် မြို့မကျေးရွာအုပ်စုရှိ ဟိုရင်၊ ကုန်းမောက်စံ၊ ဟိုနောင်လုံ၊ ဖွေးဟိုင်းကျေးရွာများတွင် မီးကင်း(၁)ခုစီ ဖြင့် မီးကင်းပေါင်း(၈)ခု ရှိပါသည်။ မီးကင်းအားညစဉ်(၂)ဦးနှုန်းဖြင့် တာဝန်ယူ မီးကင်းစောင့်ရမှာ အချို့ အိမ်များမှ မီးကင်းမစောင့်နိုင်၍ လူငှားစောင့်ရာတွင် လူငှားရရှိရေးငွေကြေးပေးရပါသဖြင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး များမှ စီစဉ်ဆောင်ရွက်ပေး ခြင်းသာ ဖြစ်ပါတယ်။ ရပ်ကွက်(သို့)ကျေးရွာ အုပ်ချုပ်ရေးမှူးများအား လစဉ်ချီးမြင့်ထောက်ပံ့ငွေ(၇၀၀၀၀)ကျပ် နှင့် ရုံးအသုံးစရိတ်(၅၀၀၀၀)ကျပ်ကို ယခုအခါနိုင်ငံတော်မှခွဲဝေ သတ်မှတ် လျာထားပေးပြီး ဖြစ်တဲ့အတွက် ငွေကြေးများ ကောက်ခံမှု မရှိစေရေးအတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်မှ ကြပ်မတ် ဆောင်ရွက် သွားလျက်ရှိပါ ကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ [ **သြဘာသံများ** ]

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားဖာ က ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအားဖာ၊ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ် ခင်ဗျား။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားဖာ ဖြစ်ပါတယ်။ ဒီကနေ့ ကျိုင်းတုံမြို့အတွင်းမှာ လျှပ်စစ်မီးပေးနိုင်တဲ့ အခြေအနေနဲ့ ပတ်သက်ပြီးတော့ ဒီဇယ်သုံးမီးစက်နှင့် အသေးစား ရေအားလျှပ်စစ် စက်ရုံ(၂)ရုံသာရှိပြီး၊ တစ်မြို့လုံးကို (၂၄)နာရီ ပတ်လုံး

လျှပ်စစ်မီးပေးနိုင်ခြင်း မရှိသေးဘူး ဖြစ်နေပါတယ်။ ဒါ့ကြောင့် ကျိုင်းတုံမြို့ကို ကျိုင်းတုံမြို့ကို လျှပ်စစ်မီးအပြည့်အဝပေးနိုင်ရေးအတွက် အကြီးစား ရေအားလျှပ်စစ်ဓါတ်အားပေးစက်ရုံသို့ ကျောက်မီးသွေးဓါတ်အား ပေးစက်ရုံတည်ဆောက်ပေးနိုင်ဖို့ အစီအစဉ် ရှိ/မရှိ သိရှိလိုတာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ ။ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့ဝင်က ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါကြောင်းနဲ့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း မေတ္တာပို့သ အပ်ပါသည်။

ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးအားဖာ ၏ **"ကျိုင်းတုံမြို့အား လျှပ်စစ်မီးအပြည့်အဝ ပေးနိုင်ရန် အကြီးစား ရေအားလျှပ်စစ် ဓါတ်အားပေးစက်ရုံ (သို့မဟုတ်) ကျောက်မီးသွေး ဓါတ်အားပေးစက်ရုံတည်ဆောက်ပေးရန် အစီအမံများ ရှိ/မရှိ သိလိုကြောင်းနှင့် အစီအစဉ်ရှိပါက မည်သည့် အချိန်ကာလတွင် စတင်ဆောင်ရွက်မည် ဖြစ်ကြောင်း"** သိလိုသည့် ကိစ္စကို ကျွန်တော် ရှမ်းပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှု ဝန်ကြီး ဦးစိုင်းထွန်းရင် မှ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် အမှတ်(၂)လျှပ်စစ်ဓါတ်အားဝန်ကြီးဌာနမှ အသေးစား ရေအားလျှပ်စစ်ဓါတ်အားပေးစက်ရုံ(၂)ရုံနှင့် ဒီဇယ် ဓါတ်အားပေးစက်ရုံ(၁)ရုံ ရှိပါသည်။ အသေးစား ရေအားလျှပ်စစ် ဓါတ်အားပေးစက်ရုံ(၂)ရုံမှာ နမ့်ဝုတ်စက်ရုံ တပ်ဆင်အင်အား (၁၀၀၀)

ကီလိုဝပ်(၃)လုံးနှင့် နမ့်လပ်စက်ရုံတပ်ဆင်အင်အား(၁၆၀)ကီလိုဝပ် (၃)လုံးတို့ ရှိပါသည်။ လက်ရှိတွင် အသေးစား ရေအားလျှပ်စစ် ဓါတ်အား ပေးစက်ရုံမှ လျှပ်စစ်ဓါတ်အားဖြင့် ကျိုင်းတုံမြို့အား ဓါတ်အားဖြန့်ဖြူး ပေးထားပါသည်။ ကျိုင်းတုံမြို့၏ လက်ရှိသုံးစွဲဝန်အားမှာ အများဆုံး (၄ . ၈)မဂ္ဂါဝပ်ဖြစ်ပြီး၊ အနိမ့်ဆုံးဝန်အားမှာ (၂ . ၈) မဂ္ဂါဝပ် ဖြစ်ပါသဖြင့် ညပိုင်း အသုံးများသော အချိန်နှင့် နံနက်ပိုင်း အသုံးများသော အချိန်တို့တွင် အလှည့်ကျ ဓါတ်အားဖြန့်ဖြူး နေရပါတယ်။ နှစ်စဉ် ဇူလိုင်လမှ ဇန်နဝါရီလ အထိ အရေးကြီးသော နေရာများအား (၂၄)နာရီ ဓါတ်အားပေးထားပြီး၊ အလှည့်ကျပေးနေရသော နေရာများတွင် တစ်ရက်(၁၈)နာရီခန့် ဓါတ်အား ရရှိပါသည်။ ဖေဖော်ဝါရီလမှ ဇွန်လအထိ အရေးကြီးနေရာများအား (၂၄)နာရီ ဓါတ်အားပေးထားပြီး၊ အလှည့်ကျပေးသော နေရာများတွင် တစ်ရက်ကို (၅)နာရီခန့် ဓါတ်အား ရရှိပါသည်။

ကျိုင်းတုံမြို့အား လျှပ်စစ်မီးအပြည့်အဝပေးနိုင်ရေးအတွက် အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု **(FDI)**စနစ်ဖြင့် ဆောင်ရွက်လျှက်ရှိသော မိုင်းပြင်းမြို့နယ်၊ တာကော်လေးရွာ၏ အထက်ဘက်(၂၆)မိုင်(၅)ဖာလုံ ဝမ်တာခရွာ၏ အထက်ဘက်(၈)မိုင် (၆)ဖာလုံ ခန့်အကွာ နမ့်ခချောင်းပေါ်တွင် ပြုလုပ်မည့် နမ့်ခ ရေအားလျှပ်စစ်စီမံကိန်း ရှိပါသည်။ ၎င်းစီမံကိန်းသည် (၂၀၀)မဂ္ဂါဝပ် ထွက်ရှိမည်ဖြစ်ပြီး၊ လက်ရှိ အခြေအနေတွင် စူးစမ်းတိုင်းတာရေးလုပ်ငန်းများ၊ အကြို တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျှက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးအားဖာ မှ ဒုတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအားဖာ၊ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ကျွန်တော် မေးမြန်းလိုသည့် ဒုတိယမေးခွန်းကတော့ မိုင်းပြင်း-ကျိုင်းတုံ-တာချီလိတ်စသည့် မြို့ကြီးများကို ဖြတ်သန်းသွားသော ပြည်ထောင်စုလမ်းမကြီးရဲ့ လမ်းပိုင်းအချို့နှင့် ကျိုင်းတုံ-မိုင်းလားလမ်းမကြီး လမ်းပိုင်းအချို့တို့သည် အတော်ပြင်ပျက်စီးယိုယွင်းနေပါသဖြင့် အချိန်မှီပြုပြင်ဖာထေးပေးရန် လိုအပ်နေပါသည်။ ဒါကြောင့် အဆိုပါ ပျက်စီးယိုယွင်းနေသောလမ်းပိုင်း အချို့အား ပြုပြင်ဖာထေးပေးရန် အစီအမံများ ရှိ/မရှိ သိရှိလိုပါတယ်။ အစီအမံများရှိပါက မည်သည့်အချိန်ကာလတွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိလိုပါသည်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ စိုင်းနော်ခမ်း ဖြစ်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဖြစ်ပြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနကို တာဝန်ယူစီမံခန့်ခွဲရတဲ့ ပြည်နယ်ဝန်ကြီး တစ်ဦး ဖြစ်ပါတယ် ခင်ဗျား။

အဆိုပါ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ မိုင်းပြင်း-ကျိုင်းတုံ-တာချီလိတ် လမ်းပိုင်းသည် ပြည်ထောင်စုမှ စီမံခန့်ခွဲတဲ့ လမ်းဖြစ်ပါတယ် ခင်ဗျား။ မိတ္ထီလာ-ကျိုင်းတုံ-တာချီလိတ်လို့ ခေါ်တွင်တဲ့ ပြည်ထောင်စုလမ်းမကြီး ဖြစ်ပါတယ် ခင်ဗျား။ တာကော်-မိုင်းပြင်းလမ်းအပိုင်း မိုင်(၂၈၃)မိုင် (၄)ဖာလုံမှာ (၃၃၂)မိုင် (၄)ဖာလုံအထိ (၄၉)မိုင် (၀)ဖာလုံမှာ လက်ထောက်အင်ဂျင်နီယာ(၁)ယောက်၊ အငယ်တန်းအင်ဂျင်နီယာ(၂)ယောက်၊ လမ်းကြိတ်စက်(၃)စီး၊ ကျောက်သယ်ယာဉ်(၄)စီး၊ လုပ်သား (၇၅)ယောက်ဖြင့် ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်း (၁)မိုင်

(၅)ဖာလုံ၊ ကတ္တရာလမ်းပေါက် ဖာထေးခြင်းလုပ်ငန်း(၂၀)မိုင် (၄)ဖာလုံ ဆောင်ရွက်လျက်ရှိပါသည်။ မိုင်းပြင်း-တုံတာလမ်းပိုင်း မိုင်တိုင်အမှတ် (၃၃၂)မိုင် (၄)ဖာလုံမှာ (၃၆၂)မိုင် (၄)ဖာလုံအထိ စုစုပေါင်း(၃၀)မိုင် (၀)ဖာလုံအတွင်း လက်ထောက်အင်ဂျင်နီယာ(၁)ယောက်၊ အငယ်တန်း အင်ဂျင်နီယာ-၂(၂)ယောက်၊ လမ်းကြိတ်စက်(၂)စီး၊ ကျောက်သယ်ယာဉ်(၄)စီး၊ လုပ်သား(၅၀)ယောက်ဖြင့် လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာရေပိတ်လွှာ လုပ်ခြင်း၊ လုပ်ငန်း (၁)မိုင်(၁)ဖာလုံ၊ ကတ္တရာလမ်း လမ်းပေါက်ဖာထေးခြင်း လုပ်ငန်း(၂၆)မိုင် (၇)ဖာလုံ ဆောင်ရွက်လျှက်ရှိပါတယ် ခင်ဗျား။ တုံတာ-ကျိုင်းတုံ လမ်းအပိုင်း မိုင်တိုင် အမှတ်(၃၆၂)မိုင် (၄)ဖာလုံမှာ (၃၉၇)မိုင် (၄)ဖာလုံ၊ စုစုပေါင်း(၃၅)မိုင် (၀)ဖာလုံအတွင်းမှာ လက်ထောက် အင်ဂျင်နီယာ(၁)ယောက်၊ အငယ်တန်းအင်ဂျင်နီယာ-၂ (၃)ယောက်၊ လမ်းကြိတ်စက်(၃)စီး၊ ကျောက်သယ်ယာဉ်(၃)စီး၊ လုပ်သား(၇၅)ယောက်ဖြင့် လမ်းအနိမ့်အမြင့် ဖြေညှိ၍ ကတ္တရာ ရေပိတ်လွှာလျောင်းခြင်း (၄)မိုင် (၄)ဖာလုံ၊ ကတ္တရာလမ်းပေါက်ဖာထေးခြင်း လုပ်ငန်း(၃၀)မိုင် (၄)ဖာလုံကို ဆောင်ရွက်လျှက်ရှိပါတယ်။ ကျိုင်းတုံမှ တာချီလိတ်အထိ လမ်းအပိုင်းအား တော်သာဝင်းဆောက်လုပ်ရေးကုမ္ပဏီမှ စီစဉ်ဆောင်ရွက်နေသော လမ်းဖြစ်ပါတယ်။ ကျိုင်းတုံ-မိုင်းလားလမ်းသည်လည်း ပြည်ထောင်စုမှ တာဝန်ယူစီမံခန့်ခွဲလျှက်ရှိပါတယ်။ ကျိုင်းတုံ-မိုင်းလား လမ်းပိုင်း မိုင်(၀၀)မှ (၅၆)မိုင် (၀)ဖာလုံအထိ ပြည်ထောင်စုမှ တာဝန်ယူသော အပိုင်းဖြစ်ပြီး၊ မိုင်တိုင်အမှတ်(၅)မိုင် (၄)ဖာလုံ နောင်ငေးရွာမှ မိုင်တိုင် အမှတ်(၇)မိုင် (၀)ဖာလုံ ကတ်ဖရွာထိ မိုင်တိုင်အမှတ်(၉)မိုင် (၀)ဖာလုံ၊ ယန်းကျိန်ရွာမှ မိုင်(၁၂)မိုင် (၆)ဖာလုံအထိ ကတ္တရာလမ်းပျက်များအား ကျောက်ရောမြေပါ ဖာထေးခြင်း၊ ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ မိုင်တိုင်အမှတ်(၅)မိုင် (၀)ဖာလုံမှ (၇)မိုင် (၀)ဖာလုံအတွင်း (၂၂)ပေအကျယ် ကတ္တရာလမ်းပျက်အား အဆင့်မြှင့်တင်ခြင်းလုပ်ငန်း

ဖြစ်သည့် ကတ္တရာထပ်ပိုးလွှာတင်ရန် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြည့်စွက် ရံပုံငွေအဖြစ် တင်ပြထားပြီး တောင်းခံထားပါတယ်။ ရံပုံငွေရရှိပြီးပါက ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လားရှိုးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းခမ်းမှတ် ကမေးခွန်း(၃)ခုကို တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းခမ်းမှတ်၊ လားရှိုးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်း နှစ်ဖြာသော သုခပြည့်ဝနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝ ပြုအပ်ပါတယ် ခင်ဗျား။

ကျွန်တော်ကတော့ လားရှိုးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းမှတ် ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော့်ရဲ့ကြယ်ပွင့်မပြမေးထားတဲ့မေးခွန်းကို ထပ်ဆင့်ပြီးတော့ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းခွင့်ရတဲ့အတွက် အထူးကျေးဇူးတင် ရှိပါတယ်။

ကျွန်တော့်ရဲ့ မေးခွန်းက မေးခွန်းအမှတ်စဉ်(၁)နဲ့(၃)ဟာ သဘောချင်းစပ်ဆက်နေတဲ့အတွက် မေးခွန်း(၁)နဲ့ (၃)ကို တစ်ဆက်တည်း မေးမြန်းပြီးတော့ မေးခွန်းနံပတ်(၂)ကို သီးခြားမေးခွင့်ပြုပါရန် လွှတ်တော် ဥက္ကဋ္ဌကို ပန်ကြားအပ်ပါတယ် ခင်ဗျား။

မေးခွန်း(၁)နှင့် ပတ်သက်ပြီးတော့ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံချက်များထားရှိဆောင်ရွက်ခြင်း ရှိ/မရှိ နှင့် ပတ်သက်ပြီးတော့ လားရှိုးမြို့ပေါ် ရပ်ကွက်များအတွင်း ရေကြီးရေလျှံမှုများ ၂၀၁၂ခုနှစ်၊ ဇူလိုင်လပထမပတ်အတွင်းမှာ ဖြစ်ပေါ်ခဲ့ပါတယ်။ ထိုကဲ့သို့ နည်းတူ ဖြစ်ရပ်များ ရှမ်းပြည်နယ်အတွင်း အခြားမြို့နယ်များ၌ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်တားဆီး၍ ရှိနိုင်သည့် သဘာဝဘေးအန္တရာယ်များအား ကြိုတင်ကာကွယ်ရေး စီမံချက် ထားရှိဆောင်ရွက်ခြင်း ရှိ/မရှိကို သိရှိလို၍ မေးမြန်းခြင်း ဖြစ်ပါတယ်။ အကြောင်းကတော့ သဘာဝဘေးအန္တရာယ်ဆိုတာ ကာကွယ်လို့ မရနိုင်မှန်း အားလုံးသိပြီး ဖြစ်ပါတယ်။ ဒါပေမယ့် ကြိုတင်ကာကွယ် ထားလျှင် ဘေးအန္တရာယ်ဖြစ်ပွားမှုနည်းပါးမည်ဖြစ်တဲ့အတွက် ဒီမေးခွန်း ကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင် ပျက်စီး ယိုယွင်းမှုကြောင့် သစ်တောသစ်ပင်ပျက်စီးခြင်း၊ ရေထိန်းများ မရှိခြင်း၊ တကယ်လို့ မိုးရွာလာလို့ရှိရင် သစ်တောသစ်ပင် မရှိသည့်အတွက် ရွာတဲ့ မိုးဟာ သဘာဝမြေဆီလွှာနဲ့ တိုက်ရိုက်ထိတွေ့ပြီးတော့ မြေဆီလွှာ အပါအဝင် မိုးရေဟာ အင်အားကြီးမားတဲ့ ရေစီးဖြစ်သွား နိုင်သည့် အတွက်ကြောင့်၊ ဒီသဘာဝကြောင့်ဖြစ်ပေါ်တယ်ဆိုတာ ယုံကြည် ရပါတယ်။ ကျွန်တော်တို့လွန်ခဲ့သည့်နှစ် (၄၀၊၅၀)တုန်းက လားရှိုးမြို့မှာ မိုးတစ်ပတ်(၁၀)ရက်ရွာမှသာလျှင် ယခုလို ရေကြီးတာမျိုးကြုံရပါတယ်။ အဲဒါဘာကြောင့်လည်းဆိုရင် လွန်ခဲ့တဲ့နှစ် (၄၀)(၅၀)ခန့်က တောသဘာဝ အတိုင်းရှိနေခြင်း၊ မိုးရွာရင်မိုးရေဟာ မြေဆီလွှာကို တိုက်ရိုက် တိုက်စားခြင်း မပြုနိုင်သည့်အတွက် ရေကြီးခြင်း၊ မရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါ့ကြောင့်မို့လို့ မိဘပြည်သူများအနေနဲ့ သဘာဝဘေးအန္တရာယ် မရှိအောင် မိမိတို့မှာလဲတာဝန်ရှိသည်ကို သိရှိဖို့ ဖြစ်လာလို့ရှိရင် အစိုးရသာ တာဝန်ရှိသည်ကို “လက်ညှိုးမထိုးဖို့နဲ့ ကျွေးတင်ရင် ဘုရင်ဆပ်လိုက်မယ်” ဖြစ်လာရင် အစိုးရကလာပြီး ကူညီထောက်ပံ့လိုက်

မည်ဟု မမျှော်လင့်ဘဲနဲ့ မိမိတို့မှာလည်း တာဝန်ရှိသည်ကို သိရှိစေဖို့ အစိုးရနှင့် ပြည်သူကြည်ဖြူပြီး ပူးပေါင်းပါဝင်မှသာလျှင် ဇီဝဘာဝဘေး အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်မယ်လို့ ကျွန်တော် ထင်မြင်ယူဆ ပြီးတော့ ဒီမေးခွန်းကို မေးမြန်းတင်ပြခြင်း ဖြစ်ပါတယ်။

ဆက်လျှက်ပြီးတော့ မေးခွန်းအမှတ်စဉ်(၃)ဖြစ်တဲ့ လားရှိုးမြို့၌ ရေလွှမ်းသည့်ကိစ္စအတွက် ကယ်ဆယ်နေရာချထားရေး၊ ပြန်လည် ထူထောင်ရေးများမည်ကဲ့သို့ စီမံဆောင်ရွက်ထားရှိသည်ကို သိရှိလို ပါသည် မေးခွန်းနှင့် စပ်လျဉ်းပြီးတော့ ၂၀၁၂ခုနှစ်၊ ဩဂုတ်လ(၁၉)ရက် နေ့မှာ လားရှိုးမြို့၌ ရေလွှမ်းသည့်ကိစ္စအတွက် ကယ်ဆယ်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးများ မည်ကဲ့သို့ စီမံထားရှိသည်ကို မေးမြန်းသည့် မေးခွန်း ဖြစ်ပါတယ်။

ဤကိစ္စနှင့် ပတ်သက်ပြီတော့ မြို့ပေါ်မှာ ပြန်လည်ထူထောင်တဲ့ နေရာမှာ ကျွန်တော်တို့ တောရွာမှာ တောရွာကို ပြန်လည်ထူထောင် သည့်ကိစ္စမပါရင် မပြီးနိုင်ဘူးလို့ ယူဆလို့ ဖြစ်ပါတယ်။ မြို့ပေါ်မှာ ဖြစ်နေတဲ့ သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှုဟာ တောက သဘာဝပျက်စီး ယိုယွင်းမှုကြောင့် မြို့ပေါ်ကို လာပြီးတော့ထိခိုက်မှုလည်း ဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ သဘာဝသယံဇာတ ထုတ်ယူမှုနှင့် ပတ်သက်ပြီးတော့ ကျွန်တော် ပြန်ကြည့်မယ်ဆိုလို့ရှိရင် လားရှိုးအတေတံတားနားက ပြည်ထောင်စုလမ်းရေကျော်တာလည်း ကျွန်တော့်အနေနဲ့ သဘာဝ ဘေးအန္တရာယ် ထုတ်ယူမှုကြောင့်လို့ ကျွန်တော် ယူဆပါတယ်။ ဘာကြောင့်လည်းဆိုတော့ အဲဒီချောင်း နမ့်ယောင်ချောင်းဟာ လွန်ခဲ့တဲ့ နှစ်တွေမှာ နွေရာသီဖြတ်ရင် ဒူးခေါင်းလောက်သာရှိပြီးတော့ ဒီနှစ်မှာ ပတ်ဝန်းကျင်ရွာကို မေးကြည့်တော့ နွေရာသီရေနည်းချိန်ဖြစ်ရင် ဒူး၊ ပေါင်လောက်ရောက်သည်ကို သိရှိရပါသည်။ ဘာကြောင့်လဲ ဆိုရင် ကျွန်တော့် ထင်မြင်ယူဆချက်က ဘာဘာဝသယံဇာတကို စနစ်တကျ

## ကန့်သတ်

## ၃၁၆

မထုတ်ယူသည့်အတွက် ရေများ၊ မိုးများ ခုနက ကျွန်တော် ပြောသလို မြေဆီလွှာများ တိုက်စားခြင်း သဘာဝသယံဇာတများ ထုတ်ယူသည့် မြေစာများပို့ချမှုရှိခြင်းကြောင်း ရေချောင်းတိမ်လာတယ် ဆိုတာကို ထင်မြင်ယူဆမိတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ၄င်းနည်းတူ ဖြစ်ရပ်များ ရှမ်းပြည်နယ်အတွင်းရှိ အခြားမြို့နယ်များမှာ မဖြစ်ပေါ်စေရေးအတွက်နဲ့ လားရှိုးမြို့မှာ ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုမှာ မည်ကဲ့သို့သော ကယ်ဆယ်နေရာချထားမှုများ ပြန်လည်ထူထောင်ရေးကိစ္စများ၊ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်ရေးကိစ္စများကို မည်ကဲ့သို့ စီမံဆောင်ရွက် ထားရှိသည်ကို သိရှိလိုပါသဖြင့် မေးမြန်းတင်ပြခြင်း ဖြစ်ပါတယ်။အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။ [ **သြဘာသံများ** ]

**ဥက္ကဋ္ဌ။** မေးခွန်းအမှတ်စဉ် (၁)နှင့် (၃)နဲ့ ပတ်သက်ပြီးတော့ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** အားလုံး မင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ် ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် ပတ်သက်ပြီးတော့ ကျွန်တော် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဒေါက်တာမျိုးထွန်းမှ ဖြေကြား သွားမှာ ဖြစ်ပါတယ်။

ပြန်လည်ထူထောင်ကူညီရေးကိစ္စ၊ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်ရေးများ မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါသည်ဆိုသည့်မေးခွန်းနှင့် စပ်လျဉ်း၍ လားရှိုးမြို့၌ (၁၉-၈-၂၀၁၂)

**ကန့်သတ်**

ရက်နေ့တွင် ရေဘေးဖြစ်ပွားရခြင်းမှာမိုးသည်းထံစွာရွာသွန်းခြင်း၊ တောင်ကျရေများ များပြားစွာ စီးဆင်းလာခြင်း၊ မြစ်ချောင်းများ ရေစီး၊ ရေလာမှုကို ပိတ်ဆို့မှုများပြား၍အောက်ပါကိစ္စရပ်များဖြစ်ပွားရတာကို တွေ့ရှိရပါတယ်။ လမ်းဘေးတွင်ရေမြောင်းလုံးဝမရှိခြင်း၊ ရှိသင့်သည့် သာမန် အကျယ်အနက် မရှိခြင်း စနစ်ကြောင့် ရေစီးဆင်းမှုစနစ် မရှိ၍ ရေလျှံခြင်း၊ ရေစီးကြောင်းများတွင် အဟန့်အတား ဖြစ်စေသည့် လူနေအိမ်တွင် အုပ်တံတိုင်းများ ကျူးကျော်ခြံခတ်ခြင်း၊ ရေစီးကြောင်း ဖြောင့်တန်းမှု မရှိခြင်း၊ ရေစီးကြောင်းအတွင်း အမှိုက်များ စွန့်ပစ်မှု များပြားခြင်းကြောင့် ရေစီးကြောင်းပိတ်ဆို့ခြင်း၊ လမ်းဖြတ်တံတားများ ကျဉ်းမြောင်းခြင်းအတွက် ရေစီးဆင်းမှုအဟန့်အတားရှိခြင်း၊ မိုးရေချိန် လကမ္ဘာထူးကဲစွာများ၍ တောင်ကျချောင်း ရေစီးဆင်းမှုများဖြစ်ပေါ်ခြင်း ကြောင့် ရေကြီးမှုများဖြစ်ပေါ်သည်ကို တွေ့ရှိ ရပါသည်။ လားရှိုးမြို့ ရေဘေးတွင် ရှမ်းပြည်နယ်အစိုးရအနေဖြင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ အောက်ပါအတိုင်းထောက်ပံ့ထားရှိပါသည် -

(က) ရှမ်းပြည်နယ်အစိုးရဖွဲ့မှ လားရှိုးမြို့ ရေဘေးသင့် အိမ်ထောင်စုများနှင့် လယ်သမားများအား (၄၂၆၀၀၀၀ိ/-) ကျပ် ထောက်ပံ့ပေးခဲ့သည်။

(ခ) ကယ်ဆယ်ရေးနှင့်နေရာချထားရေးဦးစီးဌာနမှ ရေဘေးသင့် ပြည်သူ(၄၄၉၆)ဦးအတွက် (၁၀)ရက်စာ ဆန်ဘိုးငွေကျပ် (၁၂၂၁၀၀၀၀ိ/-)၊လုံးဝပျက်စီးအိမ်(၃၇)လုံး အတွက် တစ်အိမ်လျှင်ငွေကျပ်(၅၀၀၀၀ိ/-)နှုန်းဖြင့် (၁၈၅၀၀၀၀ိ/-) နံရံပျက်စီး အိမ်(၂၃)လုံးအတွက် တစ်လုံးလျှင်ငွေကျပ် (၃၀၀၀၀ိ/-)နှုန်းဖြင့်ငွေကျပ်(၆၉၀၀၀၀ိ/-)၊ လယ်ဧက (၁၉၉)ဧကအတွက် တစ်ဧကလျှင် (၁၀၀၀၀)နှုန်းဖြင့် (၁၃၉၀၀၀၀ိ/-)၊ သေဆုံးသူ(၂)ဦးအတွက် တစ်ဦးလျှင်

တစ်သိန်းနှုန်းဖြင့် (၂၀၀၀၀ဝိ/-)၊ ကယ်ဆယ်ရေး ပစ္စည်း(၈)မျိုးပါ အိမ်ထောင်စု (၁၂၉)စုအတွက် ပစ္စည်း ထောက်ပံ့ခြင်း၊ လုံး၀ပျက်စီးသည့်အိမ်(၃၇)လုံးအတွက် တစ်လုံးလျှင် သွပ်(၂၀)ချပ်ဖြင့် သွပ်(၇၄၀)ချပ်တို့အား ထောက်ပံ့ခဲ့ပါသည်။

တွဲဘက်ပြည်နယ်ကျန်းမာရေးဦးစီးဌာန(လားရှိုးမြို့)မှလည်း အောက်ပါအတိုင်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး လျက်ရှိပါသည် -

အရေးပေါ်ယာယီဆေးခန်း ဖွင့်လှစ်ခြင်း။ အရေးပေါ်ယာယီ ဆေးခန်း(၈)ခုကို (၁၉-၈-၂၀၁၂) မှ (၂၄-၈-၂၀၁၂)ရက်နေ့အထိ ဖွင့်လှစ်ပေးခဲ့ပြီး၊ ထိခိုက်ဒဏ်ရာရလူနာ (၅၄)ဦးနှင့် အထွေထွေလူနာ (၄၉၁)ဦးကို ကျန်းမာရေးစောင့်ရှောက်မှု ပေးခဲ့သည်။

နေထိုင်မှုနှင့် ကျန်းမာရေး အထောက်အကူပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ နေထိုင်မှုနှင့် ကျန်းမာရေး အထောက်အကူပစ္စည်း ( Family Kit )တစ်စုံစီအား အိမ်ထောင်စု (၈၅)စု ထောက်ပံ့ခဲ့ပါသည်။ ကူးစက်ရောဂါဖြစ်ပွားပါက အလျင်အမြန်တုံ့ပြန် ဆောင်ရွက်ရန်အတွက် (Repid Response Team )များ ဖွဲ့စည်းထားပြီး၊ ဆေး၀ါးနှင့် ပစ္စည်းများ အရံသင့်စုဆောင်းထားရှိပြီး ဖြစ်ပါသည်။ ကူးစက်ရောဂါဖြစ်ပွားမှု ရှိ/မရှိကို (၁၉-၈-၂၀၁၂)ရက်နေ့မှစပြီး၊ နေ့စဉ် ထောက်လှမ်း စောင့်ကြပ်လျက် ရှိပါသည်။ ပြည်သူလူထုနှင့် ရပ်ကွက် အာဏာပိုင်များကလည်း ရောဂါဖြစ်ပွားမှုရှိပါက အမြန်ဆုံး သတင်းပို့ စနစ်ကို စီစဉ်ထားရှိပါသည်။ ရေကြီးရေလျှံ ရပ်ကွက်များမှ ရေတွင်း (၃၆၄)တွင်း၊ ရေကန်(၁၅)ကန်ကို ကလိုရင်းဆေးခပ်ခြင်းအား(၂၃-၈-၂၀၁၂) ရက်နေ့မှစပြီး ဆောင်ရွက်ခဲ့ပါသည်။သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အတွက် ဖုံး/သွန်/လဲ/စစ် လုပ်ငန်းနှင့် ရေလှောင်ကန်များ ရေစည်များ အား အဘိတ်ဆေးခပ်ခြင်းလုပ်ငန်းကို (၂၆-၈-၂၀၁၂)ရက်နေ့မှ စပြီးဆောင်ရွက်လျက် ရှိပါသည်။

လားရှိုးမြို့သည် အနိမ့်ပိုင်း တောင်ကြားလွင်ပြင်တွင် တည်ရှိပြီး၊ ကျောက်တောင်ချောင်းသည် လားရှိုးမြို့အနောက်ဘက်ခြမ်းရှိ ရပ်ကွက်များအတွင်းသို့ ကွေကောက်ဖြတ်သန်းသွားခြင်း၊ လားရှိုး အရှေ့ဘက်ခြမ်းတွင်လည်းချောင်းငယ်များ ရှိပြီး၊ မြို့ပေါ် ရပ်ကွက်များသို့ ဖြတ်သန်းစီးဆင်း၍ ဒေသအခေါ် အေဒီချောင်းအတွင်းသို့ စီးဝင်ပါသည်။ ၎င်းချောင်းများရှိရေစီးရေလာအား မြို့နေရပ်ကွက်ရှိ ပြည်သူလူထုမှ ကန့်သတ်မှုဖြစ်သည့်ရေချောင်းကျဉ်းစေခြင်း၊ အမှိုက်များစွန့်ပစ်ခြင်းကြောင့် ရေဘေးဖြစ်ပွားရခြင်း ဖြစ်ပါသည်။

တင်ပြပါ ရေဘေးတွင် အိမ်ပျက်စီးမှုများစိစစ်ရာ ကျူးကျော်အိမ်(၂၈)လုံးပါဝင်ကြောင်း၊တွေ့ ရသဖြင့်အလားတူထပ်မံမဖြစ်ပွားရေး တစ်မြို့နယ်လုံးအတိုင်းအတာအရ ရေနုတ်မြောင်းများ တူးဖော်စေခြင်း၊ ရေနုတ်မြောင်းကျူးကျော်မှုဖယ်ရှားခြင်း၊အမှိုက်များအားစည်းကမ်းမဲ့စွန့်ပစ်ခြင်းကို စနစ်တကျသိမ်းဆည်းခြင်းများ ဆောင်ရွက်နိုင်ရေး နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်တွင် လမ်းညွှန်မှုခံယူပြီး ဖြစ်ပါ၍ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါသည်။

[ **ဩဘာသံများ** ]

**ဥက္ကဋ္ဌ ။** ဦးစိုင်းခမ်းမှတ် က ခုဏက ဒုတိယမေးခွန်းကို ပြန်လည်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းခမ်းမှတ်၊ လားရှိုးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ဒုတိယမေးခွန်းကတော့ လားရှိုးမြို့နယ်၊ မိုင်းယော်တိုက်နယ်၌ ဝမ်းရောဂါဖြစ်ပွားပြီး၊ လူသေဆုံးမှုများ ၂၀၁၂ခုနှစ်၊ ဇွန်လ နောက်ဆုံး အပတ်၌ ဖြစ်ပွားခဲ့ပါသည်။ ဤကဲ့သို့ ဖြစ်ရပ်မျိုး ရှမ်းပြည်နယ်အတွင်းရှိ အခြားမြို့နယ်များ၌ ပညာပေးမှုများအခြားရောဂါများ၊ မပြန့်ရေးအတွက် ကာကွယ်ရေးစီမံချက်များထားရှိဆောင်ရွက်ထားခြင်း ရှိ/မရှိ မေးမြန်း တင်ပြထားခြင်းဖြစ်ပါတယ် ခင်ဗျား။

ဤမေးခွန်းနှင့် ပတ်သက်ပြီးတော့ ကျွန်တော် လေ့လာ တွေ့ရှိတာက ဖြစ်ပွားတဲ့ဒေသဟာ တောင်ပေါ်တောရွာဒေသ တိုင်းရင်းသား ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တောင်ပေါ်ဒေသ တိုင်းရင်းသားတွေဟာ အများအားဖြင့် ကျန်းမာရေးအသိပညာနည်းပါးမှုကြောင့် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကာကွယ်ကုသရေး၊ ပညာပေးရေးဆိုတဲ့ကိစ္စနှင့် ပတ်သက်ပြီးတော့ ကျွန်တော် မေးမြန်းထားခြင်း ဖြစ်ပါတယ်။ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ မီဒီယာကနေတစ်ဆင့် မည်မျှပင် ပညာပေး အသိပညာပေးမှု ကြိုတင်ကာကွယ်ဖို့အတွက် ဆောင်ရွက်စေရန် မည်မျှပင် အားကိုးစေကာမူ ကျွန်တော်တို့ တောင်ပေါ်ဒေသ တိုင်းရင်းသား လူမျိုးများဟာ မြန်မာစာမပြောနဲ့ မြန်မာစကားတောင် မတတ်ကြပါဘူး တတ်တဲ့သူ နည်းပါးပါတယ်။ ဒါကြောင့်မို့ အသိပညာနည်းပါတယ်လို့ ကျွန်တော် ယူဆမိပါတယ်။ ယခင်တုန်းက တောရွာမှာဆိုရင် သောက်ရေကို ဒီတိုင်းစိမ့်စမ်းရေကထွက်တဲ့ သဘာဝအတိုင်းပဲ သောက်ကြပါတယ်။ ဒါပေမယ့်အခု သိပ္ပံပညာတိုးတက်လာတဲ့ ခေတ်မှာ စိုက်ပျိုးရေးမှာအသုံးပြုတဲ့ ဓါတုပစ္စည်းတွေ၊ ပိုးသတ်ဆေးတွေ စိုက်ပျိုးရေးမှာ အသုံးပြုတဲ့အတွက် အာနိသင်မပြယ်သေးသည့် ဓါတုပစ္စည်းတွေဟာ မိုးရေတွေနဲ့ မျောပါပြီး စိမ့်စမ်းထဲမှာ ပျော်ဝင်နေပါတယ်။ ဒါကို မသိတဲ့ တောင်ပေါ်ဒေသ တိုင်းရင်းသားတွေဟာ ရေကို သဘာဝအတိုင်း သောက်သုံးခြင်းအားဖြင့် အခုလို ဝမ်းရောဂါဖြစ်လာတယ်။ ဝမ်းနဲ့ ပတ်သက်တဲ့၊ ဝမ်းကို အန္တရာယ်ဖြစ်စေတဲ့ ရောဂါဖြစ်လာတယ်လို့

ကျွန်တော် လေ့လာသိရှိရပါတယ်။ ဒါကြောင့်မို့လို့ ပညာပေးတဲ့နေရာမှာ ထိရောက်ဖို့အတွက် တိုင်းရင်းသားဘာသာစကားများနှင့် ပူးပေါင်းပြီးတော့ ပါဝင်စေလိုတဲ့အတွက် မည်ကဲ့သို့သော ကြိုတင်ကာကွယ်မှု ပညာပေးမှုများ အခြားသော ရောဂါများ မပြန့်ပွားအောင် ကြိုတင်ကာကွယ်ထားရှိသည် ဆိုတဲ့ မေးခွန်းနှင့် ပတ်သက်ပြီးတော့ ကျွန်တော် မေးမြန်းထားခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။
| **သြဘာသံများ** |

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ဝန်ကြီးမှ ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** ဇွန်လ နောက်ဆုံးအပတ်၌ ဖြစ်ပွားခဲ့ပါသည်။ ဤကဲ့သို့ ဖြစ်ရပ်မျိုး ရှမ်းပြည်နယ်အတွင်းရှိ အခြားမြို့နယ်များ၌ ရောဂါကပ်ဆိုးများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်ရေး ပညာပေးမှုများ၊ အခြားရောဂါများ မပြန့်ပွားရေးအတွက် ကာကွယ်ရေးစီမံချက်များ ထားရှိဆောင်ရွက်ခြင်း ရှိ/မရှိနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို သိရှိလိုပါသည်ဟူသော မေးခွန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံး၏ (၂၇-၂-၂၀၁၂)ရက်စွဲပါစာအမှတ်၊ ၄/ဝမ်းပျက်ဝမ်းလျှော/ ညက(၄၄၄)ဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက် ထားရန် ခရိုင်/မြို့နယ် ကျန်းမာရေးဦးစီးဌာနများသို့ အကြောင်းကြားဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

လားရှိုးမြို့နယ်၊ မိုင်းယော်ကျေးရွာနှင့် တန့်ယန်းမြို့နယ် နောင်လိုင်ကျေးရွာအုပ်စု၊ နမ့်ဖတ်ရွာတို့တွင် ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ အခြားမြို့နယ်များတွင်လည်း ဝမ်းပျက် ဝမ်းလျှော

ရောဂါဖြစ်ပွားမှု မရှိစေရေးအတွက် ကျန်းမာရေးပညာ ပေးဟောပြောခြင်းအပြင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရန်နှင့် လိုအပ်သော ဆေးဝါးများ ကြိုတင်စုဆောင်းထားရှိကြရန် မြို့နယ်များသို့ ထပ်ဆင့် ညွှန်ကြားရန် ရှမ်းပြည်နယ်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး၏ (၃၁-၇-၂၀၁၂)ရက်စွဲပါစာအမှတ်၊ ၄(ဝမ်းပျက်/ဝမ်းလျော) ညက(၂၈၆၇)ဖြင့် တွဲဖက်ပြည်နယ်ကျမ်းမာရေးဦးစီးဌာနမှူး ကျိုင်းတုံမြို့ နှင့် လားရှိုးမြို့များသို့ အကြောင်းကြားထားပြီး ဖြစ်ပါသည်။

ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး၏ (၃၁-၇-၂၀၁၂) ရက်စွဲပါစာအမှတ်၊ ၄/ဝမ်းပျက်ဝမ်းလျော/ ညက(၂၀၇၀)ဖြင့် ဝမ်းပျက်ဝမ်းလျောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိရန် ခရိုင်/မြို့နယ် များသို့ ထပ်မံအကြောင်းကြားထားပြီး ဖြစ်ပါသည်။ လားရှိုးမြို့၊ တွဲဖက်ပြည်နယ်ကျမ်းမာရေးဦးစီးဌာန၏ (၃၁-၇-၂၀၁၂)ရက်စွဲပါစာအမှတ်၊ ရမ/ လရ/ ကူးစက်/ ၁၂၀၁/၁၂ဖြင့် သက်ဆိုင်ရာ ဆေးရုံအုပ်ကြီးများ နှင့် ခရိုင်/မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများသို့ ဝမ်းပျက်၊ဝမ်းလျောရောဂါ ကြိုတင်ကာကွယ် နှိမ်နင်းရေးလုပ်ငန်း စီမံချက်ရေးဆွဲ ဆောင်ရွက်ရန် အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ [ ဩဘာသံများ ]

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လင်းခေးမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလွင် က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။**
လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး အပါအဝင် ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို လေ့လာတက်ရောက်လာတဲ့ အမျိုးသားလွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာပါစေလို့ ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော် ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အနေနဲ့ ဒီနေ့အစည်းအဝေးမှာ လျှပ်စစ်ဓါတ်အားထုတ်လုပ်ဖြန့်ဖြူးရေး ဥပဒေကြမ်းအား ရှမ်းပြည်နယ် လွှတ်တော်သို့ တင်သွင်းဆောင်ရွက်မည့် အစီအစဉ် ရှိ/မရှိ ပတ်သက်ပြီးတော့ မေးတဲ့ မေးခွန်းလေး ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်ဓါတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး အတွက်ပြည်တွင်း၊ ပြည်ပပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကို ဖွင့်၍ ဒေသအလိုက်ခွင့်ပြုခြင်းကို ဆောင်ရွက်သွားရန် အတွက် ပြီးခဲ့တဲ့ (၄-၈-၂၀၁၂)ရက်နေ့၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမမှာ သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များနဲ့ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးမှု အနေနဲ့ မဟာဓါတ်အားလိုင်းမှ ဓါတ်အားရယူခြင်း အပြင် ပုဂ္ဂလိက လုပ်ငန်းရှင်များမှ သက်ဆိုင်ရာ လျှပ်စစ်စွမ်းအား အရင်းအမြစ်အမျိုးမျိုးမှ ထုတ်လုပ်ဖြန့်ဖြူးခွင့် ဆောင်ရွက်ခွင့်ရရှိတော့မှာလည်း ဖြစ်ပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်များအား လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် စည်းကမ်းသတ်မှတ်ချက်များထားရှိပြီး အဆိုလွှာများ တင်သွင်းခွင့်ပြုမယ့် အစီအစဉ်ကိုလည်း သိရှိရပါတယ်။ လျှပ်စစ်ဓါတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် ပတ်သက်ပြီးတော့မှ အသေးစား လုပ်ငန်း (၁၀)မဂ္ဂါဝပ်အောက်၊ အလတ်စားလုပ်ငန်း (၁၀) မဂ္ဂါဝပ်မှ (၃၀)မဂ္ဂါဝပ်အတွင်း အကြီးစားလုပ်ငန်း (၃၀)မဂ္ဂါဝပ်အထက်

သတ်မှတ်ဆောင်ရွက်သွားမှာကိုလည်း သိရှိခဲ့ရပါတယ်။ ထိုကဲ့သို့ လုပ်ငန်းရှင်များ ရင်းနှီးမှုကို ဖွင့်၍ဒေသအလိုက် ခွင့်ပြုဆောင်ရွက်စေခြင်းသည် နိုင်ငံတော်အတွက် ဖွံ့ဖြိုးတိုးတက် မှုကို အလျင်အမြန်ရရှိစေမှာ အမှန်ပဲ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၁၈၈၊ ဇယား(၂)ပါ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍ၏ အပိုဒ်ခွဲ(ဂ)တွင် ပြည်ထောင်စုက စီမံခန့်ခွဲရှိသည့် အကြီးစားလျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေးမှအပ မဟာဓါတ်အားလိုင်းနှင့် ဆက်သွယ်ခြင်း မရှိသော တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓါတ်အားထုတ်လုပ်ဖြန့်ဖြူးရေးသည် ရှမ်းပြည်နယ်လွှတ်တော်၏ ဥပဒေပြုစာရင်းတွင် ပါဝင်ပါသော်လည်း ရှမ်းပြည်နယ်၏ အလတ်စား၊ အသေးစား စွမ်းအင်နှင့် လျှပ်စစ်ဓါတ်အားထုတ်လုပ်ဖြန့်ဖြူးရေး ဥပဒေကြမ်းကို ရေးဆွဲတင်ပြ၊ အတည်ပြု၊ ပြဋ္ဌာန်းဆောင်ရွက်ခြင်း မရှိသေးပါဘူး။ ရှမ်းပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်ကျရောက်မည်ဖြစ်သော အသေးစားနှင့် အလတ်စား လျှပ်စစ်ဓါတ်အားထုတ်လုပ်ရေးမှ ပြည်နယ်၏ ဘဏ္ဍာငွေရရှိရေးနှင့် ပြည်နယ်အတွင်း မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံ၍ ဥပဒေကြမ်းတင်သွင်းဆောင်ရွက်ရန် လိုအပ်လာသည်ကိုလည်း ခံယူမိပါတယ်။ ဒါကြောင့် အထက်က တင်ပြခဲ့တဲ့အတိုင်း ပြည်တွင်း၊ ပြည်ပပုဂ္ဂလိက လုပ်ငန်းရှင်များအား ရင်းနှီးမြှုပ်နှံခွင့်ပြုခြင်းအားဖြင့် ရရှိလာမည့် ဘဏ္ဍာ၊ အခွန်ငွေ၊ အခွန်အခများအား ပြည်ထောင်စုနှင့် ပြည်နယ်များသို့ မည်သို့ ခွဲဝေသတ်မှတ်ဆောင်ရွက် ခွင့်ပြုဆောင်ရွက်မည်ကို ဖြေကြားပေးနိုင်ရန်အတွက်သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံ ဇယား(၂)ပါ ရှမ်းပြည်နယ်လွှတ်တော်၏ ဥပဒေပြုစာရင်းမှာပါရှိတဲ့ ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓါတ်အားထုတ်လုပ်ဖြန့်ဖြူးရေးနှင့် ပတ်သက်ပြီးတော့မှ ရှမ်းပြည်နယ်အစိုးရအနေဖြင့် ရှမ်းပြည်နယ်၏ အလတ်စား၊ အသေးစား စွမ်းအင်နှင့် လျှပ်စစ်ဓါတ်အားထုတ်လုပ်ဖြန့်ဖြူးရေး ဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းဆောင်ရွက်မည့် အစီအစဉ် ရှိ/မရှိ ဖြေကြားပေးနိုင်ပါရန် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဧည့်သည်တော်များ ဖြစ်ကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပြီး မင်္ဂလာအပေါင်းနဲ့ ခညောင်းကျပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ မေတ္တာပို့သ အပ်ပါတယ်။ လင်းခေးမြို့နယ်၊ မဲဆန္ဒအမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင် ၏ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်၏ အလတ်စား၊ အသေးစား စွမ်းအင်နှင့် လျှပ်စစ်ဓါတ်အားထုတ်လုပ်ဖြန့်ဖြူးရေး ဥပဒေကြမ်းအား ရှမ်းပြည်နယ်သို့ တင်သွင်းဆောင်ရွက်မည့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်ဆိုသည့် မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှု ဝန်ကြီး ဦးစိုင်းထွန်းရင်မှ ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့် လျှပ်စစ် ဥပဒေ၊ လျှပ်စစ် ဓါတ်အားထုတ်လုပ်ဖြန့်ဖြူးမှုဆိုင်ရာ လုပ်ထုံး၊ လုပ်နည်းများ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ဥပဒေများ ရေးဆွဲလျက်ရှိပြီး ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုချက်ရရှိပြီး ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။ အဆိုပါ လျှပ်စစ် ဥပဒေနဲ့ လုပ်ထုံးလုပ်နည်းများ ထွက်ပေါ်လာပြီးမှသာလျှင် ၎င်း ဥပဒေ အပေါ်မှီငြမ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အသေးစား၊ အလတ်စား လျှပ်စစ်ဓါတ်အားထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာ ဥပဒေပြုခြင်းအား ရေးဆွဲ အတည်ပြုရန် ဖြစ်ပါ၍ လတ်တလော ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းဆောင်ရွက်မည့် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ ( သြဘာသံများ )

ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ " **ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရမိသော သစ်လုံးများ၊ သစ်ခွဲသားများ၊ ကိုင်းဖျားကိုင်းနားများနှင့် သစ်ငုတ်တိုများကို ရှမ်းပြည်နယ်အစိုးရ၏ ဘဏ္ဍာငွေ ရန်ပုံငွေအဖြစ် ပေးသွင်းရန်** " အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** မေးခွန်းများ မေးမြန်းခြင်း အစီအစဉ် ပြီးဆုံးပါပြီ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရမိသော သစ်လုံးများ၊ သစ်ခွဲသားများ၊ ကိုင်းဖျား၊ ကိုင်းနားများနှင့် သစ်ငုတ်တိုများကို ရှမ်းပြည်နယ်အစိုးရ၏ ဘဏ္ဍာငွေ၊ ရန်ပုံငွေအဖြစ် ပေးသွင်းရန် အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ဆွေးနွေးဖို့ အမည်စာရင်း တင်သွင်းထားပါတယ်။ အဆိုကို ဆွေးနွေးဖို့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းခမ်းကျော် ကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းကျော် ဖြစ်ပါတယ်။ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး တင်သွင်းသော ရှမ်းပြည်နယ်ထဲတွင် ဖမ်းဆီးရမိသော သစ်လုံးများ၊ သစ်ခွဲသားများ၊ ကိုင်းဖျားကိုင်းနားများနှင့် သစ်ငုတ်တိုများကို ရှမ်းပြည်နယ်အစိုးရ၏ ဘဏ္ဍာတော်ရန်ပုံငွေအဖြစ် ပေးသွင်းရန် အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

၃၂၇

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဦးစိုင်းတင်ဦး တင်သွင်းသောအဆိုမှာ ဇယား(၁)၊ ဥပဒေပြုခွင့် ပြည်ထောင်စုအစိုးရ၏ စီမံခန့်ခွဲပိုင်ခွင့်တွင် ပါရှိနေပါသောလည်း နိုင်ငံရပ်ခြားနှင့် တိုက်ရိုက်ရောင်းဝယ်ဖောက်ကားခြင်း မဟုတ်သော သစ်တောများကို ပြုစုပျိုးထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ စနစ်တကျခုတ်လှဲ၊ ခွဲစိပ်၊ သယ်ဆောင်ခြင်း ပြည်နယ်အတွင်း အသုံးပြုရန် ဖြန့်ဖြူးရောင်းချခြင်း၊ တရားမဝင်လုပ်ဆောင်နေသော ကိစ္စများကို ဥပဒေနှင့် အညီ တားဆီးခြင်း၊ အရေးယူခြင်း စသောကိစ္စများအား ပြည်နယ်အစိုးရရဲ့ စီမံခန့်ခွဲ ခွင့်များသာ ဖြစ်သင့်သည်ဟု ထင်မြင်မိပါတယ်။ ဘာကြောင့်လဲ ဆိုတော့ မူလအဆိုတွင် ပါဝင်သော သစ်များကို ခုတ်လှဲ၊ ခွဲစိပ်၊ သယ်ယူခြင်း များကြောင့် သစ်တောများပြုန်းတီးခြင်း၊ သဘာဝပတ်ဝန်းကျင်များ ပျက်စီးခြင်း၊ ရာသီဥတုများဖောက်ပြန်ခြင်း၊ လမ်းတံတားများ ပျက်စီးခြင်းစသည့် ဆိုးကျိုးများကို ဒေသခံပြည်သူများကသာ ခါးစည်း၍ ခံစားနေကြရပါတယ်။ အဲ့ဒါကြောင့် ဒေသခံပြည်သူများရဲ့ နစ်နာမှုများကို အစားထိုးပြန်လည်ကုစားပေးနိုင်ရန်အတွက်နဲ့ ၎င်းတို့ရဲ့ လူနေမှု ဘဝများကို ဖွံ့ဖြိုးတိုးတက်အောင် ဖြည့်ဆည်းပေးနိုင်ရန်အတွက် အရေးကြီးလှပါတယ်၊ အဲ့ဒါအပြင် နိုင်ငံပိုင်ပစ္စည်းများခိုးယူ အလွဲသုံးစားခံရခြင်း၊ တရားမဝင် ခုတ်ယူသယ်ဆောင်ရောင်းချခြင်း၊ လာဘ်ပေး၊ လာဘ်ယူမှုများ ပြုလုပ်ခြင်းစတဲ့ နိုင်ငံအတွက် အကျိုးမဲ့ကိစ္စတွေကို ကာကွယ်တားဆီးနိုင်ရန် ဒေသခံပြည်သူလူထုများရဲ့ ပိုင်ရှင်စိတ်ဓါတ်နဲ့ ပူးပေါင်းဆောင်ရွက်လိုတဲ့ စိတ်ဓါတ်ရှိမှသာ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး မျက်မှောက်ကမ္ဘာ့ရေးရာတွင်လည်း ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ တက်လှမ်းနေသော ကမ္ဘာ့နိုင်ငံများ ရဲ့ ထက်ဝက်ကျော်သော နိုင်ငံများမှာ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းဆိုတဲ့ Decentralization ကို ဆောင်ရွက်နေ ကြပါတယ်။ ဗဟိုအစိုးရရဲ့ သိပ်သည်းမှုကို လျှော့ချခြင်း၊

ဒေသန္တရအစိုးရရဲ့ တာဝန်ခံမှုနှင့် လုပ်ပိုင်ခွင့်များကို ပို၍ပေးအပ်ခြင်း၊ လုပ်ငန်းများကို ကိုယ်စားလှယ်အပ်လုပ်ကိုင်စေခြင်းများကို နိုင်ငံရေးဖြေလျှော့မှု၊ စီမံခန့်ခွဲရေး ဖြေလျှော့မှုနှင့် ဘဏ္ဍာရေးဖြေလျှော့မှုများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေကြပါတယ်။ အဲ့ဒီလို ဘာကြောင့် ဆောင်ရွက်နေကြသလဲဆိုတော့ ပြည်သူ့ကောင်းကျိုးချမ်းသာများကို ဆောင်ရွက်ရာမှာ ဒေသခံများရဲ့ ကျေနပ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနဲ့ ထိရောက်ထက်မြက်မှုကို ပိုပြီးရရှိလိုခြင်းသာ ဖြစ်ပါတယ်။ ဆောင်ရွက်နေကြတဲ့အတိုင်း ဖွံ့ဖြိုးတိုးတက်မှု၊ အောင်မြင်မှုများ ရရှိနေကြကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။ အဲ့ဒီလိုပြည်သူ့ ကောင်းကျိုးချမ်းသာများကို ဆောင်ရွက်ရာမှာ ထိရောက်ထက်မြက်မှု ပို၍ပို၍ရှိမှသာ ပြည်သူ့အကျိုး၊ ပြည်နယ်အကျိုး၊ ပြည်ထောင်စုကြီးရဲ့ အကျိုးကို ဆထက်ထမ်းပိုးသယ်ပိုးရာရောက်မှာ ဖြစ်ပါကြောင်း နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး တင်သွင်းတဲ့ ရှမ်းပြည်နယ်ထဲတွင် ဖမ်းဆီးရမိသော သစ်လုံးများ၊ သစ်ခွဲသားများ၊ ကိုင်းဖျား၊ ကိုင်းနားများနှင့် သစ်ငုတ်တိုများကို ရှမ်းပြည်နယ်အစိုးရဘဏ္ဍာတော် ရန်ပုံငွေအဖြစ် ပေးသွင်းရန်အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ [ ဩဘာသံများ ]

ဥက္ကဋ္ဌ။ အဆိုကို ဆွေးနွေးဖို့ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာထွန်းအောင် ကို ဖိတ်ခေါ် ပါတယ်။

**ဒေါက်တာထွန်းအောင်၊ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်**

**အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းအောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား ကျွန်တော့်အနေနဲ့ နမ့်ခမ်းမြို့နယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး တင်သွင်းတဲ့ ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရမိသော သစ်လုံးများ၊ သစ်ခွဲသားများ၊ ကိုင်းဖျားကိုင်းနားများနှင့် သစ်ငုတ်တိုများကို ရှမ်းပြည်နယ်အစိုးရ၏ ဘဏ္ဍာရန်ပုံငွေအဖြစ် ပေးသွင်းရန် အဆိုကို ဆက်စပ်ပြီးတော့မှ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လွှတ်တော် ဥက္ကဋ္ဌနဲ့ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော်တို့ရဲ့ ရှမ်းပြည်နယ်ဟာ မြေဧရိယာကျယ်ဝန်းပြီး သစ်တောဧရိယာ မြောက်များစွာရှိတဲ့ ပြည်နယ်တစ်ခုဖြစ်တဲ့အတွက် သစ်တောနှင့် သစ်တောထွက်ပစ္စည်းများကိုလည်း ပြည်နယ်ထွက်ကုန်တစ်ခုအဖြစ် ထုတ်လုပ်နေပြီး ဖြစ်ပါတယ်။ သစ်တောထွက်ပစ္စည်းများဖြစ်တဲ့ သစ်၊ သစ်ခွဲသားများ၊ ချောတိုင်၊ သစ်စည်း၊ အင်တွဲ၊ ပွဲညက်၊ ထင်းရှူး၊ ထင်းရှူးဆီအစရှိသော ပစ္စည်းများဟာ မရှိမဖြစ် လူသုံးကုန်ပစ္စည်းထုတ်လုပ်ရာမှာ အဓိကကုန်ကြမ်းများ ဖြစ်နေပါတယ်။ ဤကဲ့သို့ သစ်တောနှင့် သစ်တောထွက်ပစ္စည်းများကို ကုမ္ပဏီများအား သစ်တောဥပဒေနဲ့ အညီထုတ်လုပ်ရောင်းချခွင့်ပြုရေး ဘဏ္ဍာငွေအမြောက်အများရရှိစေပြီးလည်း ဖြစ်ပါတယ်။ ထိုကဲ့သို့ သစ်တောနှင့် ပတ်သက်ပြီး သစ်တော ဥပဒေနဲ့ အညီ ထုတ်လုပ်ရောင်းချ ခွင့်ပြုထားသော်လည်း ဝိသမလောဘသားများဟာ သစ်များနှင့် သစ်တောထွက်ပစ္စည်းများကို တရားမဝင် သယ်ယူရောင်းဝယ်ထုတ်လုပ်နေမှုကြောင့် သစ်တောများ များစွာပြုန်းတီးလာခြင်းများ၊ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ၊

များစွာဖြစ်ပေါ်လာခဲ့ပါတယ်။ ဒေသခံကျေးလက် လူထုများကလည်း အသုံးပြုရန်အတွက် သစ်များကို ဝယ်ယူလိုသော်လည်း ဈေးနှုန်းကြီးမြင့်ပြီး ဝယ်ယူရန် ခက်ခဲမှုများကြောင့် ဝယ်ယူနိုင်ခြင်း မရှိပဲ အလွယ်တကူ ရသော ရွာအနီးရှိ သစ်ပင်များကိုသာ ထုတ်ယူသုံးစွဲနေရသဖြင့် ကျေးရွာ အနီးတွင်လည်း သစ်ပင်များ ပြုန်းတီးလာရပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ဤကဲ့သို့ ကျေးလက် ပြည်သူများ သစ်တောနှင့် သစ်တောထွက်ပစ္စည်းများကို ထိုက်သင့်သော ဈေးနှုန်းများဖြင့် ဝယ်ယူသုံးစွဲနိုင်မည့် နည်းလမ်းများကို ရှာဖွေ ဖော်ဆောင်ပေးနိုင်ပါက ကျေးရွာထင်းနှင့် သစ်တောစိုက်ခင်းများ ပိုမို တိုးတက်အောင်မြင်လာမှာ ဖြစ်ပါတယ်။ ထိုကဲ့သို့ ပြည်သူများက သစ်နှင့် သစ်တောထွက်ပစ္စည်းများ အလွယ်တကူဝယ်ယူရရှိနိုင်ရေး၊ သစ်တောပြုန်းတီးမှုလျော့ပါးရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု မည့် နည်းလမ်းတစ်သွယ်ကတော့ ဖမ်းဆီးရမိတဲ့ သစ်သားများ၊ သစ်တောထွက်ပစ္စည်းများကို ရှမ်းပြည်နယ်ဘဏ္ဍာအဖြစ် ထည့်သွင်း ဆောင်ရွက်ပါက ပြည်နယ်ဘဏ္ဍာရန်ပုံငွေ တိုးတက်လာစေမှာ ဖြစ်ပါတယ်။ ဤကဲ့သို့ တရားမဝင်သစ်များ ဖမ်းဆီးရမိမှုများ အောင်မြင်လာစေရန် ပြည်သူ လူထုများကလည်းပဲ တစ်ဖက်တစ်လမ်းမှ သတင်းပေးမှု ကူညီလျက် ရှိပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူလူထုမှ မျှော်လင့်ခြင်းဟာ ခရီးမှပြန်လာတဲ့ မိခင်ကို စောင့်မျှော်နေတဲ့ ကလေးဟာ မိခင်ရဲ့နို့ကို အာသာပြင်းစွာ သောက်စို့လိုတဲ့ ရင်သွေးငယ်ရဲ့ ငိုကြွေးတမ်းတမှုဟာ မိခင်နို့သောက်စို့လိုက်ရတဲ့အခါမှာ ကျေနပ်နှစ်သိမ့်ပြီး မိခင်မှာလည်း ခန္ဓာပီတိ ဂွမ်းဆီထိသကဲ့သို့ အိစက်ညက်ညောတဲ့ ပီတိအဟုန်ကို ခံစားရသလို ပြည်သူများရဲ့ မိခင်သဖွယ်ဖြစ်တဲ့ ကျွန်တော်တို့ရဲ့ ရှမ်းပြည်နယ် အစိုးရအဖွဲ့သည်လည်း ရင်သွေးငယ်ရဲ့ လိုအင်ဆန္ဒကို ဖြည့်ဆီးပြီး ရလာတဲ့ ပီတိအဟုန်များသို့ ခံစားနိုင်စေရန် အစိုးရအဖွဲ့အနေဖြင့် လုပ်ပေးနိုင်သော ကာလတွင် လုပ်နိုင်သလောက် ကောင်းသထက်ကောင်းအောင်

လုပ်ဆောင်ပေးနိုင်ရေးအတွက် ဒီနေ့ နမ့်ခမ်းမြို့နယ်၊ အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး တင်သွင်းသော ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရမိသော သစ်လုံး၊ သစ်ခွဲသားများ၊ ကိုင်းဖျားကိုင်းနားများနှင့် သစ်ငုတ်တိုများကို ရှမ်းပြည်နယ်အစိုးရ ရန်ပုံငွေအဖြစ် ပေးသွင်းနိုင်ရန် အဆိုကို တိုက်တွန်းဆွေးနွေး တင်ပြရင်း ကျွန်တော့်၏ ဆွေးနွေးချက်ကို နိဂုံးကပတ် အဆုံးသတ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ [ သြဘာသံများ ]

ဥက္ကဋ္ဌ။ အဆိုကို ကိုယ်စားလှယ်နှစ်ဦးက ထောက်ခံ ဆွေးနွေးသွား ပါတယ်။ အဆိုနှင့် စပ်လျဉ်းပြီး ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးစိုင်းတင်ဦး တင်သွင်းသော အဆိုနဲ့ ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ် သစ်တောရေးရာလုပ်ငန်း တွဲဘက် တာဝန်ယူရသော စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီး ဦးစိုင်းဆာလူ မှ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် တရားမဝင် ကျွန်း၊ သစ်မာ၊ အခြားသစ်လုံး ၃၃၈၆.၃၂တန်၊ ကျွန်း၊ သစ်မာ၊ အခြားခွဲသား ၁၇၄၇.၃၅တန်ဖမ်းဆီးရမိခဲ့ပါတယ်။ ၂၀၁၂ခုနှစ်၊ သြဂုတ်လကုန်အထိ ရှမ်းပြည်နယ်တွင် ကျွန်း၊ သစ်မာ၊ အခြားသစ်လုံး ၃၅၀၇.၆၇တန်၊ ကျွန်း၊ သစ်မာ၊ အခြားခွဲသား ၉၉၄.၆၂တန် ဖမ်းဆီးရမိခဲ့ပါတယ်။ ဖမ်းဆီးရမိသည့်သစ်လုံးနှင့် သစ်ခွဲသားများအား သစ်တောရေးရာဦးစီးဌာန၊ သစ်တောဦးစီး ဌာန၏

သစ်တောဥပဒေ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် အညီ ပြည်ပရောင်းတန်းဝင် သစ်နှင့် သစ်ခွဲသားများအား မြန်မာ့သစ်လုပ်ငန်းသို့ လွှဲပြောင်းအပ်နှံခြင်း၊ လေလံတင်ရောင်းချခြင်းနှင့် ဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်း များအတွက် သတ်မှတ်ဈေးနှုန်းဖြင့်ရောင်းချခြင်း ဆောင်ရွက်လျက် ရှိပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ- ၂၅၄(က)အရ ဇယား(၅)တွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များက ကောက်ခံသည့် အခွန်အခများအား အောက်ပါအတိုင်း ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။

[ ဇယား(၅)အပိုဒ်၁၂(က)တွင် ကျွန်းနှင့် သတ်မှတ်သော သစ်မာများမှအပ ကျန်သစ်များပေါ်တွင် ကောက်ခံသည့် အခွန်၊ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့၏ ၁၉၉၇ခုနှစ်၊ စက်တင်ဘာလ(၇)ရက်နေ့တွင် ညှိနှိုင်းသဘောတူညီချက်အရ သစ်မာ အုပ်စု၁၌ သစ်မျိုး(၆)မျိုး၊ အုပ်စု(၂)၌ သစ်မျိုး(၂၆)မျိုး၊ အုပ်စု(၃)၌ သစ်မျိုး(၂၃)မျိုး၊ အုပ်စု(၄)၌ သစ်မျိုး(၂၇)မျိုး၊ အုပ်စု(၅)၌ သစ်မျိုး (၁၁)မျိုးနှင့် အခြားသစ်မာမျိုးများတွင် ပါဝင်သည့် သစ်မျိုး(၇၃)မျိုး၊ စုစုပေါင်း(၁၅၅)မျိုးတွင် မပါဝင်သည့် သစ်များကို ကျန်သစ်များဟု သတ်မှတ်ဆိုလိုပါကြောင်း။ ]

သို့ပါ၍ ရှမ်းပြည်နယ် သစ်တောဦးစီးဌာနမှ ဖမ်းဆီးရမိသော ကျွန်း၊ သစ်မာနှင့် အခြားသစ်လုံး၊ သစ်ခွဲသားများအား ဖွဲ့စည်းပုံအခြေခံ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် အညီ ကောက်ခံရရှိသည့် အခွန်အခ များအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းလျက်ရှိပါကြောင်း နှင့် ဦးစိုင်းတင်ဦး နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တင်သွင်းသည့် အဆိုသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ ညီညွတ်မှု မရှိပါဟု ယူဆပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုရှင် ဦးစိုင်းတင်ဦး ကနေပြီးတော့မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။ ဆွေးနွေးဖို့ရှိရင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးပဲ မင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော့်ရဲ့ အဆိုကို ရှင်းလင်းပေးပါသော ပြည်နယ် ဝန်ကြီး ဦးစိုင်းဆာလူ ကို အထူးပဲ ကျေးဇူးတင် ရှိပါတယ်။ ကျွန်တော် ဒီအဆိုကို တင်သွင်းရခြင်းသည် ရှမ်းပြည်နယ်အတွင်း၌ သစ်ခုတ်လှဲ၍ သယ်ယူပို့ဆောင်ကြသည့်အတွက်ကြောင့် မှီတင်းနေထိုင်ကြတဲ့ ဒေသခံ တိုင်းရင်းသား ပြည်သူလူထုတို့ရဲ့ ကြုံတွေ့ခံစားနေကြရသော သစ်တော ပြုန်းတီးမှုရဲ့ အကျိုးရလဒ်ဖြစ်တဲ့ သစ်တောထိန်းသိမ်းမှု ပျက်စီးစေခြင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးဆုတ်ယုတ်စေခြင်းနှင့် လမ်းတံတားများ ပျက်စီးစေခြင်းတို့ကို ပြန်လည် ဖြည့်ဆီးဆောင်ရွက်နိုင်ရန်နှင့် ပြည်နယ် အကျိုးတို့အတွက်သာဖြစ်ပါတယ်။ ဒီအဆိုသည်ခုနက ပြည်နယ်ဝန်ကြီး ရှင်းလင်းထားသည့်အတိုင်း အခြေခံဥပဒေနှင့် မညီညွတ်သည့် အတွက်ကြောင့် ကျွန်တော့်ရဲ့အဆိုကို မှတ်တမ်းတင် ထားသင့်တယ်လို့ ကျွန်တော်ထင်မြင်ယူဆမိပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[ သြဘာသံများ ]

ဥက္ကဋ္ဌ။ ဒီအဆိုဟာ ဆိုလို့ရှိရင် ကျွန်တော်တို့ တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများ၊ ဇယား(၅) မှာလည်းပဲ တိကျစွာ ဖော်ပြထားပြီးဖြစ်တဲ့အပြင် အဆိုရှင်က နေပြီးတော့မှ ဒီအဆိုကို မှတ်တမ်းတင်ဖို့အတွက် တင်ပြတဲ့အတွက် ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရမိတဲ့ သစ်လုံးများ၊ သစ်ခွဲသားများ၊ ကိုင်းဖျားကိုင်းနားများနှင့် သစ်ငုတ်တိုများကို ရှမ်းပြည်နယ်အစိုးရ၏ ဘဏ္ဍာရန်ပုံငွေအဖြစ် ပေးသွင်းရန် အဆိုကို ရှမ်းပြည်နယ် လွှတ်တော်က မှတ်တမ်းတင်ရန် -

"သဘောတူပါသလား ခင်ဗျား။"

**[ ၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် အဆိုကို မှတ်တမ်းတင်ကြောင်း ကြေငြာပါတယ်။

[ ဩဘာသံများ ]

## ရှမ်းပြည်နယ် ကျေးရွာထင်းစိုက်ခင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပြင်ဆင်ချက်အဆိုများ တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (ပဥ္စမနေ့)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော ရှမ်းပြည်နယ်ကျေးရွာထင်းစိုက်ခင်း ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အဆိုပြု ပြဋ္ဌာန်းချက်နှင့် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက် အဆိုများအား တစ်ခုချင်း လွှတ်တော်ရဲ့ဆန္ဒကို ရယူသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အဲဒီမှာ အမှတ်စဉ်(၁၉)ခု ရှိပါတယ်။ ကျွန်တော့် အနေနဲ့ တစ်ချက်ချင်း တင်ပြသွားပါ့မယ်။ စာမျက်နှာ(၁)အပိုဒ်(၂)(က)က စာသားကို ဥပဒေပြုရေးဆိုင်ရာ ကော်မတီက သစ်တောနယ်မြေဆိုသည်မှာ သစ်တောဥပဒေအရ ဖွဲ့စည်းသတ်မှတ် ကြေငြာထားသည့် ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောတို့ကို ပါဝင်သည်ဟုလည်း ဆိုသည် ဆိုတာကို ကျွန်တော်တို့ ဥပဒေပြုရေးဆိုင်ရာကော်မတီက အဆိုပြုထားပါတယ်။ ပြည်နယ်အစိုးရရဲ့ သဘောထားကို ပြောပါ။

**ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးစိုင်းဆာလူ ။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား၊ ပြင်ဆင်ရန် အဆိုပြုချက်နဲ့ ပတ်သက်လို့ သဘောတူပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သဘောတူသည့်အတွက် ပြင်ဆင်ရန် အဆိုပြုချက်သည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေငြာပါတယ်။[ **ဩဘာသံများ** ]

ဆက်လက်ပြီး စာမျက်နှာ(၂)၊ အပိုဒ်(၂)၊ (က)စာသားကို ဥပဒေပြုရေးဆိုင်ရာကော်မတီက ထင်းစိုက်ခင်းဆိုသည်မှာ ထင်းအဖြစ် အသုံးပြုနိုင်ရန်အတွက် သစ်တောဦးစီးဌာနကဖြစ်စေ၊ ကျေးရွာလူထုကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ သက်ဆိုင်ရာ၏ ခွင့်ပြုချက်အရ စိုက်ပျိုးတည်ထောင်ထိမ်းသိမ်းထားသော ထင်းစိုက်ခင်းဆိုပြီးတော့ ဒါကျွန်တော်တို့ အဆိုပြုထားပါတယ်။ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးရဲ့ သဘောထားကိုသိရှိလိုပါတယ်။

**ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးစိုင်းဆာလူ ။** ပြင်ဆင်ရန် အဆိုပြုချက်နဲ့ ပတ်သက်၍ သဘောတူပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သဘောတူသည့်အတွက် ပြင်ဆင်ရန် အဆိုပြုချက်သည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေငြာပါတယ်။[ **ဩဘာသံများ** ]

စာမျက်နှာ(၂)၊ အပိုဒ်(၂)(င)ဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာ ကော်မတီက စာသားကိုကျေးရွာပိုင် ထင်းစိုက်ခင်းဆိုသည်မှာ သစ်တော ဦးစီးဌာနက နှစ်အကန့်အသတ်အလိုက် စိုက်ပျိုး ထိမ်းသိမ်းပေးခြင်းကြောင့် ကျေးရွာပိုင်အဖြစ် ဆက်လက်ထိမ်းသိမ်း သုံးစွဲရန် လွှဲပြောင်းပေးသည့် ထင်းစိုက်ခင်း(သို့မဟုတ်)သက်ဆိုင်ရာ၏ ခွင့်ပြုချက်အရ ကျေးရွာလူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးသုံးစွဲထိန်းသိမ်းခဲ့သော ကျေးရွာပိုင် ထင်းစိုက်ခင်းဆိုတဲ့ဟာကို ဥပဒေပြုရေးအဖွဲ့က ပြင်ဆင်ရန် အဆိုပြု ထားပါတယ်။ ဒါနဲ့ စပ်လျဉ်းပြီး ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီး သဘောထားကို သိရှိလိုပါတယ်။

**ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးစိုင်းဆာလူ ။** ပြင်ဆင်ရန် အဆိုပြုချက်နှင့် ပတ်သက်၍ သဘောတူပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သဘောတူသည့်အတွက် ပြင်ဆင်ရန် အဆိုပြုချက်သည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေငြာပါတယ်။[ ဩဘာသံများ ]

အမှတ်စဉ်(၄)ဖြစ်ပါတယ်။ စာမျက်နှာ(၂)၊ အပိုဒ်(၂)(ဈ)ပါ စာသားမှာ ဥပဒေပြုရေးဆိုင်ရာကော်မတီက ညွှန်ကြားရေးမှူးဆိုသည်မှာ ရှမ်းပြည်နယ်သစ်တောဦးစီးဌာန၏ ညွှန်ကြားရေးမှူးကိုဆိုသည်လို့ ပြင်ဆင်ထားပါတယ်။ ဒါကြောင့် ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီး၏ သဘောထားကို သိရှိလိုပါတယ်။

**ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးစိုင်းဆာလူ ။** ပြင်ဆင်ရန် အဆိုပြုချက်အား သဘောတူပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သဘောတူသည့်အတွက် ပြင်ဆင်ရန် အဆိုပြုချက်သည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေငြာပါတယ်။[ ဩဘာသံများ ]

အမှတ်စဉ်(၅)ဖြစ်ပါတယ်။ စာမျက်နှာ(၃)၊ အခန်း(၃)၊ ပုဒ်မ(၄)မှာ ဥပဒေပြုရေးဆိုင်ရာကော်မတီက ထင်းစိုက်ခင်း(သို့မဟုတ်) ကျေးရွာပိုင်ထင်းစိုက်ခင်း ထူထောင်လိုသူသည် သစ်တောဥပဒေပါ အခြေခံမှုများအရ သစ်တောဦးစီးဌာန၏ သတ်မှတ်ချက်များနှင့် မြို့နယ်သစ်တောဦးစီးဌာနမှူးမှ တစ်ဆင့်ညွှန်ကြားရေးမှူးထံ လျှောက်ထားရမည်လို့ ပြင်ဆင်ထားပါတယ်။ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးရဲ့ သဘောထားကို ပြောပါ။

**ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးစိုင်းဆာလူ ။** ပြင်ဆင်ရန် အဆိုပြုချက်အား သဘောတူပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သဘောတူသည့်အတွက် ပြင်ဆင်ရန် အဆိုပြုချက်သည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေငြာပါတယ်။
[ **သြဘာသံများ** ]

အမှတ်စဉ်(၆)ဖြစ်ပါတယ်။ စာမျက်နှာ(၃)၊ အပိုဒ်(၆)(ခ)မှာ ဥပဒေပြုရေးဆိုင်ရာကော်မတီက ထင်းစိုက်ခင်း(သို့မဟုတ်)ကျေးရွာပိုင် ထင်းစိုက်ခင်း တည်ထောင်လိုသော နယ်မြေဒေသတွင် အစိုးရ စီမံခန့်ခွဲ ပိုင်ခွင့်ရှိသော မြေတွင်ဖြစ်ပါက ကော်မတီ၏ စီစစ်ချက်၊ သဘောထား မှတ်ချက်နှင့် အတူပြည်နယ်ဝန်ကြီးထံသို့ တင်ပြပါမည်။ ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောအတွင်း လျှောက်ထားခြင်း ဖြစ်ပါက ပြည်ထောင်စု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးဝန်ကြီးဌာန၏ သဘောတူညီချက်ကို ကြိုတင်ယူရမယ်လို့ ပြင်ဆင်တင်ပြလာပါတယ်။ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးရဲ့ သဘောထားကို ပြောပါ။

ကန့်သတ်

၃၃၈

**ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးစိုင်းဆာလူ ။** ပြင်ဆင်ရန် အဆိုပြုချက်အား သဘောမတူပါဘူး ခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်နဲ့ ညှိသည်တော်များ ခင်ဗျား။ ပြည်ထောင်စု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အခေါ်အဝေါ် မရှိသဖြင့် အဆိုပြု ပြဋ္ဌာန်းချက် အတိုင်း ပတ်ဝန်းကျင်ထိမ်းသိန်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနဟု ပြင်ဆင်ပေးပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဥပဒေပြုရေးဆိုင်ရာကော်မတီက တင်ပြဖို့ ဖြစ်ပါတယ်။

**ဥပဒေပြုရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ။** အားလုံးမင်္ဂလာပါ ခင်ဗျား။ ရှမ်းပြည်နယ် ကျေးရွာထင်းစိုက်ခင်း ဥပဒေကြမ်းပါ စာမျက်နှာ (၃)၊ ပုဒ်မ(၆)(ခ)မှာ ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောအတွင်း လျှောက်ထားခြင်း ဖြစ်ပါက ပြည်ထောင်စု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောတူညီချက်ကို ကြိုတင် ရယူရမည်ဟု ပြင်ဆင်ရန် အဆိုပြုချက်အစား လက်ရှိ သုံးနှုန်း နေသည့်အတိုင်း ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောအတွင်း လျှောက်ထားခြင်း ဖြစ်ပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၏ သဘောတူညီချက်ကို ကြိုတင်ရယူရမည်ဆိုသည့် အချက်အား ဥပဒေပြုရေးကော်မတီအနေဖြင့် သဘောတူကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** မူလအဆိုပြုချက်ကို ဥပဒေပြုရေးဆိုင်ရာကော်မတီက သဘောတူသည့်အတွက် မူလအဆိုပြုချက်သည် ဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်းကြေငြာပါတယ်။ [ သြဘာသံများ ]

ကန့်သတ်

ကန့်သတ်

၃၃၉

အမှတ်စဉ်(၇)၊ စာမျက်နှာ(၄)၊အပိုဒ်(၉) ဖြစ်ပါတယ်။ ဥပဒေပြုရေး ဆိုင်ရာကော်မတီက ညွှန်ကြားရေးမှူးသည် ပြည်နယ်ဝန်ကြီး ထံမှ အစိုးရအဖွဲ့၏ ခွင့်ပြုသည့်(သို့မဟုတ်)ခွင့်မပြုသည့် အမိန့်ကို ရရှိလျှင် ရက်ပေါင်း(၃၀)အတွင်း ထင်းစိုက်ခင်း (သို့မဟုတ်)ကျေးရွာပိုင် ထင်းစိုက်ခင်း တည်ထောင်ခွင့်လျှောက်ထားသူနှင့် သက်ဆိုင်ရာကော်မတီသို့ အကြောင်းကြား ရမည်လို့ ပြင်ဆင်ဖြည့်စွက်ထားပါတယ်။ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီး၏ သဘောထားကို တင်ပြပေးဖို့ ဖြစ်ပါတယ်။

**ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးစိုင်းဆာလူ ။** ပြင်ဆင်ရန် အဆိုပြုချက်အား သဘောတူပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သဘောတူသည့်အတွက် ပြင်ဆင်ရန် အဆိုပြုချက်သည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေငြာပါတယ်။ [ ဩဘာသံများ ]

အမှတ်စဉ်(၈)ဖြစ်ပါတယ်။ စာမျက်နှာ(၄)၊ အပိုဒ်(၁၀)(က)၊ ပြည်နယ်အတွင်း ရှိသင့်လျော်သည့်ခရိုင်(သို့မဟုတ်) မြို့နယ်များတွင် ထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီများက ဖွဲ့စည်းပေးရမယ်လို့ ဖြည့်စွက်ထားပါတယ်။ နောက်တစ်ခါ မြို့မိ၊ မြို့ဖများကိုယ်စားကို ကျေးရွာဒေသခံ တိုင်းရင်းသားကိုယ်စားလှယ် (၃)ဦး(သို့မဟုတ်)(၅)ဦးလို့ ပြင်ဆင်ထားသလို အပိုဒ်(ခ)တွင်ဖော်ပြထားသည့် ပုဂ္ဂိုလ်များနှင့် အတွင်းရေးမှူးတို့ကို ကြီးကြပ်ရေးမှူး ကော်မတီဝင်ပုဂ္ဂိုလ်များထဲမှ ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။ ပြည်နယ် အစိုးရအဖွဲ့ရဲ့ သဘောထားကို ပြောပါ။

**ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးစိုင်းဆာလူ ။** ပြင်ဆင်ရန် အဆိုပြုချက်အား သဘောတူပါတယ် ခင်ဗျား။

ကန့်သတ်

၃၄၀

ဥက္ကဋ္ဌ။ သဘောတူသည့်အတွက် ပြင်ဆင်ရန် အဆိုပြုချက်သည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေငြာပါတယ်။ [ **သြဘာသံများ** ]

စာမျက်နှာ(၅)၊ အပိုဒ်(၁၃)၊ သစ်တောအရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်။(က)နေပြီးတော့(ဈ)အထိ။ ပြင်ဆင်ထားတာက ဤတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် ၁၉၉၂ခုနှစ်၊ သစ်တောဥပဒေနှင့် ၁၉၉၅ခုနှစ်၊ သစ်တောနည်းဥပဒေပါ ကျေးရွာထင်း စိုက်ခင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်လည်း လျော်ညီမှု ရှိရမည်လို့ ဖြည့်စွက်ထားပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီး၏ သဘောထားကို ပြောပါ။

**ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးစိုင်းဆာလူ ။** ပြင်ဆင်ရန် အဆိုပြုချက်အား သဘောတူပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ပြင်ဆင်ရန် အဆိုပြုချက်ကို သဘောတူသည့်အတွက် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေငြာပါတယ်။ [ **သြဘာသံများ** ]

အမှတ်စဉ်(၁၀)၊ စာမျက်နှာ(၇)၊ အပိုဒ်(၁၉)ဖြစ်ပါတယ်။ ထင်းစိုက်ခင်း(သို့မဟုတ်)ကျေးရွာပိုင် ထင်းစိုက်ခင်းထူထောင်သူနှင့် အသုံးပြုသူများအဖွဲ့သည် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည်လို့ ပြင်ဆင်ထားပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောထားကို ပြောပါ။

**ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးစိုင်းဆာလူ ။** ပြင်ဆင်ရန် အဆိုပြုချက်အား သဘောတူပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သဘောတူသည့်အတွက် ပြင်ဆင်ရန် အဆိုပြုချက်သည် ဥပဒေ၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေငြာပါတယ်။[ **သြဘာသံများ** ]

စာမျက်နှာ(၈)၊ အပိုဒ်(၂၄)(က)၊ ပြင်ဆင်ထားတာက ဤဥပဒေ၊ ဤပုဒ်မအရ ကော်မတီ(သို့မဟုတ်) သစ်တောအရာရှိကချမှတ်သော အမိန့်(သို့မဟုတ်) ဆုံးဖြတ်ချက်ကိုမကျေနပ်သူသည် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း ညွှန်ကြားရေးမှူးထံ သတ်မှတ်သည့်အတိုင်း အယူခံဝင်နိုင်သည်လို့ ပြင်ဆင်ထားပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောထား ပြောပါ။

**ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးစိုင်းဆာလူ ။** ပြင်ဆင်ရန် အဆိုပြုချက်အား သဘောတူပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သဘောတူသည့်အတွက် ပြင်ဆင်ရန် အဆိုပြုချက်သည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေငြာပါတယ်။ [ **သြဘာသံများ** ]

စာမျက်နှာ(၈)၊ အပိုဒ်(၂၅)(က)၊ ဤဥပဒေအရ ညွှန်ကြားရေးမှူးက ချမှတ်သောအမိန့်(သို့မဟုတ်) ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ချမှတ်သည့်နေ့မှ ရက်ပေါင်း(၆၀)အတွင်း ဝန်ကြီးထံသို့ အယူခံဝင်နိုင်သည်လို့ ပြင်ဆင်ဖြည့်စွက်ထားပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောထားကို တင်ပြပေးပါ။

**ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးစိုင်းဆာလူ ။** ပြင်ဆင်ရန် အဆိုပြုချက်အား သဘောတူပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သဘောတူသည့်အတွက် ပြင်ဆင်ရန် အဆိုပြုချက်သည် ဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေငြာပါတယ်။ [ **သြဘာသံများ** ]

အမှတ်စဉ်(၁၃)၊ စာမျက်နှာ(၉)၊ အပိုဒ်(၂၆)ဖြစ်ပါတယ်။ မည်သူမဆိုထင်းစိုက်ခင်း(သို့မဟုတ်) ကျေးရွာပိုင်ထင်းစိုက်ခင်းအတွင်း၌ သစ်ပင်များကိုခွင့်ပြုချက်မရှိဘဲ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖျက်စီးခြင်း၊ စိုက်ခင်းသုံးရေကို တူးဆွခြင်းနှင့် မီးပေါ့စွာအသုံးပြုခြင်းများဆိုပြီးတော့ ဖြည့်စွက်ထားပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဝန်ကြီးရဲ့သဘောထားကို တင်ပြပေးပါ။

**ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးစိုင်းဆာလူ ။** ပြင်ဆင်ရန် အဆိုပြုချက်အား သဘောတူပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သဘောတူသည့်အတွက် ပြင်ဆင်ရန် အဆိုပြုချက်သည် ဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေငြာပါတယ်။ [ **သြဘာသံများ** ]

စာမျက်နှာ(၉)၊ အပိုဒ်(၃၀)၊ မည်သူမဆို ပုဒ်မ(၂၆)ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ်(၁)နှစ်အထိဖြစ်စေ၊ (၂) ငွေဒဏ်ကျပ်(၁၀၀၀၀၀ိ/)ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်လို့ ပြင်ဆင်ထားပါတယ်။ ပြည်နယ်အစိုးရ အဖွဲ့ရဲ့ သဘောထားကို ပြောပါ။

**ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးစိုင်းဆာလူ ။** ပြင်ဆင်ရန် အဆိုပြုချက်အား သဘောတူပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သဘောတူသည့်အတွက် ပြင်ဆင်ရန် အဆိုပြုချက်သည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေငြာပါတယ်။ [ **သြဘာသံများ** ]

အပိုဒ်(၁၅)၊ ပြင်ဆင်ချက်။ မည်သူမဆို ပုဒ်မ(၂၈)ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ်(၁)နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ်(၁၀၀၀၀၀/-)ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်လို့ ပြင်ဆင်ထားပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောထားကို ပြောပါ။

**ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးစိုင်းဆာလူ ။** ပြင်ဆင်ရန် အဆိုပြုချက်အား သဘောတူပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သဘောတူသည့်အတွက် ပြင်ဆင်ရန် အဆိုပြုချက်သည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေငြာပါတယ်။ [ ဩဘာသံများ ]

စာမျက်နှာ(၉)၊ အပိုဒ်(၃၃)ဖြစ်ပါတယ်။ မည်သူမဆိုပုဒ်မ(၂၉)ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ်(၁)နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ်(၁၀၀၀၀၀/-) ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်လို့ ဥပဒေပြုရေးဆိုင်ရာကော်မတီအဖွဲ့က ပြင်ဆင်ထားပါတယ်။ ပြည်နယ်အစိုးရ အဖွဲ့ရဲ့ သဘောထားကို ပြောပါ။

**ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးစိုင်းဆာလူ ။** ပြင်ဆင်ရန် အဆိုပြုချက်အား သဘောတူပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သဘောတူသည့်အတွက် ပြင်ဆင်ရန် အဆိုပြုချက်သည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေငြာပါတယ်။ [ ဩဘာသံများ ]

အမှတ်စဉ်(၁၇)၊ အပိုဒ်(၃၆)(ခ)ဖြစ်ပါတယ်။ ဤဥပဒေ၏ အခန်း(၁၀)ပါ ပြစ်ဒဏ်များအရ ထပ်ရိုက်သည့် ငွေဒဏ်အားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆုံးရှုံးနစ်နာသူတို့ကို နစ်နာကြေး အဖြစ်ထုတ်ပေးနိုင်ရန် သစ်တောဦးစီးဌာနသို့ ထုတ်ပေးနိုင်သည်လို့ ပြင်ဆင်ထားပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောထားကို ပြောပါ။

**ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးစိုင်းဆာလူ ။** ပြင်ဆင်ရန် အဆိုပြုချက်အား သဘောတူပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သဘောတူသည့်အတွက် ပြင်ဆင်ရန် အဆိုပြုချက်သည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေငြာပါတယ်။ [ **ဩဘာသံများ** ]

အမှတ်စဉ်(၁၈)ဖြစ်ပါတယ်။ မူလအဆိုပြုချက်မှာ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ဖြစ်ပြီးတော့မှ ပြင်ဆင်တဲ့ အဆိုပြုချက်ဟာ စိုက်ပျိုးရေးဦးစီးဌာနလို့ ပြင်ဆင်ထားပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောထားကို ပြောပါ။

**ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးစိုင်းဆာလူ ။** ပြင်ဆင်ရန် အဆိုပြုချက်အား သဘောတူပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သဘောတူသည့်အတွက် ပြင်ဆင်ရန် အဆိုပြုချက်သည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေငြာပါတယ်။ [ **ဩဘာသံများ** ]

နောက်ဆုံးအမှတ်စဉ် ဖြစ်ပါတယ်။ စာမျက်နှာ(၁၁)၊ အပိုဒ်(၃၉)။ အဲ့ဒီမှာ မူလအဆိုပြုပြဋ္ဌာန်းချက်မှာ ပြည်သူ့ရဲတပ်ဖွဲ့ အစား ပြင်ဆင်ထားတာကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လို့ပြင်ဆင်ထားပါတယ်။ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးရဲ့ သဘောထားကို ပြောပါ။

ကန့်သတ်

၃၇၅

**ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးစိုင်းဆာလူ ။** ပြင်ဆင်ရန် အဆိုပြုချက်အား သဘောတူပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သဘောတူသည့်အတွက် ပြင်ဆင်ရန် အဆိုပြုချက်သည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေငြာပါတယ်။ [ ဩဘာသံများ ]

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (ပဉ္စမနေ့)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ကျေးရွာထင်းစိုက်ခင်းဥပဒေကြမ်းကို အတည်ပြုရန်အတွက် အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။ အဆိုတင်သွင်းဖို့ ပြည်နယ်အစိုးရအဖွဲ့အား ဖိတ်ခေါ်ပါတယ်။

**ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးစိုင်းဆာလူ ။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော ရှမ်းပြည်နယ်ထင်းစိုက်ခင်းဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်မှ အတည်ပြုပေးပါရန် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်ကျေးရွာထင်းစိုက်ခင်း ဥပဒေကြမ်းနဲ့ စပ်လျဉ်းလို့ ဥပဒေပြုရေး ဆိုင်ရာကော်မတီရဲ့ ပြင်ဆင်ရန်အဆိုပြုချက်များကို လွှတ်တော်ရဲ့အဆုံး အဖြတ်ရယူခဲ့ပြီးဖြစ်ပါတယ်။ ဒါ့ကြောင့်တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ(၁၃၈)၊ နည်းဥပဒေခွဲ(က)အရ ဥပဒေကြမ်း တစ်ရပ်လုံးကို အတည်ပြုနိုင်ရန် လွှတ်တော်ရဲ့ဆန္ဒကို ရယူမှာ ဖြစ်ပါတယ်။

ကန့်သတ်

၃၄၆

လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်ကျေးရွာ ထင်းစိုက်ခင်း ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အတိုင်း အတည်ပြုရန်-

"သဘောတူပါသလား ခင်ဗျား။"

[ ၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

သဘောတူတဲ့အတွက် ရှမ်းပြည်နယ် ကျေးရွာထင်းစိုက်ခင်း ဥပဒေကြမ်းအား ပြင်ဆင်ထားတဲ့ အတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေငြာပါတယ်။ [ **သြဘာသံများ** ]

**ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီနှင့် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာ ကော်မတီဝင် ပြောင်းလဲဖြည့်စွက် တာဝန်ပေးအပ်ခြင်းအား လွှတ်တော်၏ သဘောတူညီချက် ရယူခြင်း**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေး ဆိုင်ရာကော်မတီ အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ထားသူ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွန့်အား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ရန် ရှမ်းပြည်နယ်လွှတ်တော်မှ သဘောတူအတည်ပြုပြီး ဖြစ်သဖြင့် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်တစ်နေရာ လစ်လပ်လျက် ရှိပါတယ်။ လစ်လပ်လျက်ရှိသော ၎င်း၏နေရာတွင်အစားထိုးတာဝန်ပေး အပ်နိုင်ရန်အတွက် အောက်ပါ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသော လွှတ်တော်ကော်မတီ အသီးသီးတွင် ပြောင်းလဲဖြည့်စွက်တာဝန်ပေးအပ်ရန် ရှိပါသဖြင့် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ကို ရယူပါ့မယ်။

ကန့်သတ်

အမှတ်စဉ်(၁) ဦးမြတ်စိုး၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ မူလတာဝန် ဥပဒေပြုရေးဆိုင်ရာ ယခုပေးအပ်မည့်တာဝန်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ အတွင်းရေးမှူး၊ အမှတ်စဉ်(၂) ဒေါ်အေးချိုစိန်၊ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ မူလတာဝန် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၊ ယခုပေးအပ်မည့်တာဝန် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်၊ အမှတ်စဉ်(၃) ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ယခုပေးအပ်မည့် တာဝန် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီဝင်တို့ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီတွင် အထက်ပါ ပြောင်းလဲဖြည့်စွက်တာဝန်ပေးအပ်ခြင်းကို လွှတ်တော်က -

"သဘောတူပါသလား ခင်ဗျား။"

**[ ၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ဦးမြတ်စိုး ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)အား ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ ဒေါ်အေးချိုစိန်၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)အား ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်အဖြစ်လည်းကောင်း၊ အမှတ်စဉ်(၃) ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)အား တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီဝင်အဖြစ်လည်းကောင်း၊ တာဝန်ပေးအပ်ခြင်းကို လွှတ်တော်က အတည်ပြုကြောင်းကြေငြာပါတယ်။ [ သြဘာသံများ ]

ဥက္ကဋ္ဌ။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ကိုယ်စားလှယ်များကို နှုတ်ဆက်ရင်းနဲ့ တင်ပြစရာရှိတာတွေကို တင်ပြခွင့်ပြုပါလို့ တောင်းဆိုပါတယ်။ ယခုလို ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်များ ကျန်းကျန်းမာမာပြည့်ပြည့်စုံစုံ ပြန်လည် တွေ့ဆုံကြပြီး အစည်းအဝေးကြီးကို အောင်မြင်စွာကျင်းပနိုင်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဝမ်းမြောက်ကြည် နူးပါကြောင်းနဲ့ ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်း အပ်ပါတယ်။ စတုတ္ထပုံမှန်အစည်းအဝေးရဲ့ ဆောင်ရွက်ချက်ကို အကျဉ်းချုံးပြီးတော့ တင်ပြရမယ်ဆိုလို့ရှိရင် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၁၈)ဦးတို့က မေခွန်းပေါင်း(၄၃)ခု မေးမြန်းခြင်းနဲ့ သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း၊ ကိုယ်စားလှယ်(၅)ဦးက အဆို(၆)ခုတင်သွင်းခြင်းနဲ့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ အစည်းအဝေးကြီးရဲ့ ပထမနေ့မှာ ပြောကြားတဲ့ ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း အပါအဝင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဥပဒေ မူကြမ်း(၂)ခု ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီး(၃)ဦးတို့က မိမိတာဝန်ယူရသောဌာနများနှင့် စပ်လျဉ်းပြီး ဆောင်ရွက်ချက်များကို လွှတ်တော်ကိုယ်စားလှယ်များအား ရှင်းလင်း တင်ပြ ခဲ့ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းကိစ္စ၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းကိစ္စ၊ ရသုံးခန့်မှန်းခြေ ငွေစာရင်းများ ပြုစုတင်ပြခြင်းကိစ္စနဲ့ သုံးစွဲခဲ့သော အသုံးစရိတ်များ အတွက် နောက်ကြောင်းပြန် ခွင့်ပြုမိန့်တောင်းခံခြင်းကိစ္စတို့ကို လွှတ်တော်က အတည်ပြုပေးနိုင်သလို တတိယပုံမှန်အစည်းအဝေးက တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ်ကျေးရွာအုပ်စု ထင်းစိုက်ခင်းဥပဒေကြမ်းကိုလည်း အတည်ပြုနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် လစ်လပ်လျက်ရှိသော ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးအား

လွှတ်တော်၏ သဘောတူညီချက်ဖြင့် အတည်ပြုခန့်ထားနိုင်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး လွှတ်တော်ကော်မတီရေးရာ အဖွဲ့ဝင်များကိုလည်း ပြောင်းလဲဖြည့်စွက်ခန့်ထားနိုင်ခဲ့ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်းနှင့် အဆိုများ တင်သွင်းခြင်း တကွအတွက် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပါပြဋ္ဌာန်းချက်များနှင့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေများကို သေချာစွာလေ့လာပြီး ဆောင်ရွက်ခြင်းအားဖြင့် ဆောင်ရွက်မှုနည်းနာများ မှန်ကန်ခိုင်မာပြီး အရည်အသွေးမြင့်မား တိုးတက်လာမှာ ဖြစ်ပါတယ်။ လွှတ်တော် ခိုင်မာရေးအတွက် လွှတ်တော် ကိုယ်စားလှယ်များ၏ စိတ်ဓါတ်ကောင်းမွန်မှန်ကန်ရေး၊ အရည်ချင်း ရှိအောင် တည်ဆောက်ကြရေးနှင့် ဒီမိုကရေစီကျင့်စဉ်များကို မှန်မှန်ကန်ကန် နှင့် စနစ်တကျ ကျင့်သုံးဆောင်ရွက်ရေးတို့ဟာ အဓိကကျပါတယ်။ ဒါကြောင့် လွှတ်တော်၏ လုပ်ငန်းတာဝန်များကို ဥပဒေနှင့် အညီ စနစ်တကျ ဆောင်ရွက်ကြရင်း တိုင်းရင်းသားပြည်သူများအားလုံး၏ ကိုယ်စားကို ကိုယ်စားပြုသည့် အဖွဲ့အစည်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြပါစို့လို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ [ ဩဘာသံများ ]

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ကျင်းပပြီးစီးခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး၊ (စတုတ္ထနေ့) အစီအစဉ် ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေငြာပါတယ်။ [ ဩဘာသံများ ]

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွါပါပြီ ခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွါနိုင်ပါပြီ ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ် ခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မနက်ဖြန်မှာ ကျွန်တော်တို့ စက်တင်ဘာ ၂၉ ရက်နေ့ ညောင်ရွှေမြို့မှာ ကျင်းပပြုလုပ်မယ့် ရွှေပါရမီကျွန်းမာရေးဖောင်ဒေးရှင်း ဖွင့်ပွဲအခမ်းအနားကို တက်ရောက်မယ့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ အဆင်ပြေဖို့အတွက် ကျွန်တော်တို့ ယာဉ် စီစဉ်ထားပါတယ်။ လိုက်ပါမဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ မနက်ဖြန်မနက် (၇)နာရီမှာ အစိုးရအဖွဲ့ရုံးမှ စတင်ထွက်ခွါမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**[ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး(စတုတ္ထနေ့)ကို နေ့လည်(၁၁၃၀)နာရီအချိန်တွင် အောင်မြင်စွာပြီးမြောက်ပါသည်။ ]**

ကန့်သတ်

၃၅၁

# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

## ဆုံးဖြတ်ခြင်း

| | |
|---|---|
| ဆုံးဖြတ်ခြင်းအမှတ် ။<br>(၂၃-၁/၂၀၁၂) | ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသော စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးအား ခန့်အပ်နိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုပေးပို့ထားသည့် ပြည်နယ်ဝန်ကြီး၏ အမည်စာရင်းအား လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်ခြင်း |

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက် (၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသော စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးအား ခန့်အပ်နိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုပေးပို့ထားသည့် ပြည်နယ်ဝန်ကြီး၏ အမည်စာရင်းအား လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်သည်။

ကန့်သတ်

ဆုံးဖြတ်ချက်အမှတ် ။ (၂၄–၁/၂၀၁၂)

“ မြန်မာနှင့် တရုတ်သဘာဝ ဓာတ်ငွေ့ သွယ်တန်းရာတွင် ရှမ်းပြည်နယ်အတွင်း ဖြတ်သန်းသွားသော Gas ပိုက်လိုင်းအတွက် Gas ရောင်းရငွေ၏ အမြတ် ၅%ကို ရှမ်းပြည်နယ်ဘဏ္ဍာသို့ နှစ်စဉ်ပေးပါရန်နှင့် Gas မှ ဖြစ်ပေါ်လာမည့် အကျိုးအပြစ်များအတွက် နိုင်ငံတော်မှ မည်သို့ဆောင်ရွက်ထားသင့်သည်ကို ရှမ်းပြည်နယ်အစိုးရမှ တိကျစွာ တောင်းဆိုပေးပါရန်” အဆိုအား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက် (၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ “ မြန်မာနှင့် တရုတ်သဘာဝဓာတ်ငွေ့ သွယ်တန်းရာတွင် ရှမ်းပြည်နယ်အတွင်း ဖြတ်သန်းသွားသော Gas ပိုက်လိုင်းအတွက် Gas ရောင်းရငွေ၏ အမြတ် ၅% ကို ရှမ်းပြည်နယ်ဘဏ္ဍာသို့ နှစ်စဉ်ပေးပါရန်နှင့် Gas မှ ဖြစ်ပေါ်လာမည့် အကျိုးအပြစ်များအတွက် နိုင်ငံတော်မှ မည်သို့ ဆောင်ရွက်ထားသင့်သည်ကို ရှမ်းပြည်နယ်အစိုးရမှ တိကျစွာ တောင်းဆိုပေးပါရန် ”အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ကန့်သတ်

၃၅၃

ဆုံးဖြတ်ချက်အမှတ် ။ (၂၅-၁/၂၀၁၂)

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်း၊ ၂၀၁၂- ၂၀၁၃ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်း ပြုစုတင်ပြခြင်းနှင့် အကျဉ်းဦးစီးဌာန၏ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းထက် ကျော်လွန်၍ သုံးစွဲခဲ့သော အသုံးစရိတ်များအတွက် နောက်ကြောင်း ပြန်ခွင့်ပြုမိန့် တောင်းခံခြင်း တို့အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက် (၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်း များ၏ ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ် အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်း ပြုစုတင်ပြခြင်းနှင့် အကျဉ်းဦးစီးဌာန၏ ၂၀၁၁၂၀၁၂ ခု ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းထက် ကျော်လွန်၍ သုံးစွဲခဲ့သော အသုံးစရိတ်များအတွက် နောက်ကြောင်း ပြန်ခွင့်ပြုမိန့် တောင်းခံခြင်းတို့အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ကန့်သတ်

ဆုံးဖြတ်ချက်အမှတ် ။ (၂၆-၁/၂၀၁၂)

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အဖွဲ့(Myanmar Parliamentary Union)တွင် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ အား အဖွဲ့ဝင် အဖြစ် ထည့်သွင်း ဖွဲ့စည်းခြင်းကို လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက် (၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့၌ မြန်မာနိုင်ငံလွှတ်တော် ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union )တွင် ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌအား အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းခြင်းကို လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ချက်အမှတ် ။ (၂၇-၁/၂၀၁၂)

" ပညာရေးဝန်ထမ်းများ မိမိတာဝန်ကို စဉ်ဆက်မပြတ် ကြိုးပမ်းအောင်မြင်နိုင်ရေး အတွက် ဆုပေးဒဏ်ပေးများဖြင့် ပြုလုပ်ဖော်ဆောင်သင့်ကြောင်း" အဆိုကို မေးခွန်းအဖြစ် ပြောင်းလဲ မေးမြန်းခွင့်ပြုရန် ဆုံးဖြတ်ခြင်း

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက် (၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့၌ ဦးအောင်ကျော်ညွန့် ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ " ပညာရေး ဝန်ထမ်းများ မိမိတာဝန်ကို စဉ်ဆက်မပြတ် ကြိုးပမ်းအောင်မြင်နိုင်ရေးအတွက် ဆုပေးဒဏ်ပေး များဖြင့် ပြုလုပ်ဖော်ဆောင်သင့်ကြောင်း" အဆိုကို မေးခွန်းအဖြစ် ပြောင်းလဲမေးမြန်းခွင့်ပြုရန် ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် ။ (၂၈–၁/၂၀၁၂)

" စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ အကြား ဖြစ်ပေါ်လာနိုင်သည့် လူမှုရေး အသွင်ဆောင်မည့် ပြဿနာများ၊ ပဋိပက္ခများကို ကြိုတင်ကာကွယ် ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ် အစိုးရက စီစဉ်ဆောင်ရွက်ပေးထား နိုင်ပါရန် " အဆိုအား ပြန်လည် ရုပ်သိမ်းခွင့်ပြုကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက် (၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့၌ ဒေါ်နန်းခမ်းအေး နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ အကြား ဖြစ်ပေါ်လာနိုင်သည့် လူမှုရေးအသွင်ဆောင်မည့် ပြဿနာများ၊ ပဋိပက္ခများကို ကြိုတင်ကာကွယ်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရက စီစဉ် ဆောင်ရွက် ပေးထားနိုင်ပါရန်" အဆိုအား ပြန်လည်ရုပ်သိမ်းခွင့်ပြုကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် ။ (၂၉–၁/၂၀၁၂)

ရှမ်းပြည်နယ်ကျေးရွာထင်းစိုက်ခင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပြင်ဆင်ချက် အဆိုများ တင်သွင်းခြင်းကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက် (၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ ရှမ်းပြည်နယ်ကျေးရွာထင်းစိုက်ခင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပြင်ဆင်ချက် အဆိုများ တင်သွင်းခြင်းကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

| | |
|---|---|
| ဆုံးဖြတ်ခြင်းအမှတ် ။<br>(၃၀–၁/၂၀၁၂) | ရှမ်းပြည်နယ်ကျေးရွာထင်း<br>စိုက်ခင်း ဥပဒေကြမ်း တစ်ရပ်လုံးကို<br>အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း |

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက် (၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ ရှမ်းပြည်နယ်ကျေးရွာထင်းစိုက်ခင်း ဥပဒေကြမ်း တစ်ရပ်လုံးကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

| | |
|---|---|
| ဆုံးဖြတ်ခြင်းအမှတ် ။<br>(၃၁–၁/၂၀၁၂) | ရှမ်းပြည်နယ်လွှတ်တော် ဥပဒေ<br>ပြုရေးဆိုင်ရာ ကော်မတီနှင့်<br>တိုင်းရင်းသားလူမျိုးများ အရေး<br>ဆိုင်ရာကော်မတီဝင် ပြောင်းလဲ<br>ဖြည့်စွက်တာဝန်ပေးအပ်ခြင်း<br>အား လွှတ်တော်မှ သဘောတူ<br>ကြောင်း ဆုံးဖြတ်ခြင်း |

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက် (၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး အဖြစ် တာဝန်ပေးအပ်ထားသူ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွန့် အား ရှမ်းပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ရန် ပြည်နယ်လွှတ်တော်မှ သဘောတူအတည်ပြုသဖြင့် လစ်လပ်သွားသော ကော်မတီ အတွင်းရေးမှူးနေရာတွင် ကော်မတီဝင် ဦးမြတ်ဖိုး၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)အား လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီဝင် ဒေါ်အေးချိုစိန်၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)အား ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်အဖြစ် လည်းကောင်း၊ ဦးမြင့်ထိုနိုင်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)အား တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာ ကော်မတီဝင် အဖြစ်လည်းကောင်း အသီးသီးပြောင်းလဲ ဖြည့်စွက် တာဝန်ပေးအပ်ခြင်းအား လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်သည်။

# မှတ်တမ်းတင်ခြင်း

မှတ်တမ်းတင်ခြင်းအမှတ် ။ ရှမ်းပြည်နယ်လွှတ်တော်
(၂၉–၁/၂၀၁၂) ကိုယ်စားလှယ်များ အစည်းအဝေး
တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက် (၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ
(၃၀–၁/၂၀၁၂) ပြည်နယ်လွှတ်တော်သို့ ပြောကြား
သည့် မိန့်ခွန်းအား မှတ်တမ်း
တင်ခြင်း

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက် (၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းအား မှတ်တမ်းတင်သည်။

ကန့်သတ်

၃၅၈

မှတ်တမ်းတင်ခြင်း ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်
အမှတ်(၃၁-၁/၂၀၁၂) များ အစည်းအဝေးတက်ရောက်မှု
ကို မှတ်တမ်းတင်ခြင်း

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက် (၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ။ " ရှမ်းပြည်နယ်အတွင်း ဆင်းရဲမှု
(၃၂-၁/၂၀၁၂) လျှော့ချပြီး လူနေမှု အဆင့်အတန်း မြင့်မားလာရေးအတွက် တစ်ဖက် တစ်လမ်းမှ အထောက်အကူပြု ပေးနိုင်မည့် နည်းလမ်းများ၊ ရှာဖွေ ဖော်ထုတ်လုပ် ကိုင်ပေးနိုင်ရန် လိုဦးမည်ဟု ယုံကြည်ယူဆမိသည် နှင့်အညီ သက်ဆိုင်ရာ ပြည်နယ် အဆင့်အဖွဲ့အစည်းမှ အခြေခံဥပဒေ ပုဒ်မ (၁၈၈)အရ ဇယား (၂)ပါ ပြဋ္ဌာန်းထားသည့် ကဏ္ဍကြီး(၈) ရပ်မှ ပြည်သူ့အကျိုးပြု လုပ်ငန်း ဖော်ဆောင်ပေးမည့် ဥပဒေကြမ်းများ ရေးဆွဲ၍ ပြည်နယ်လွှတ်တော်သို့ တင်သွင်းသွားသင့်ကြောင်း "အဆို ကို မှတ်တမ်းတင်ခြင်း

ကန့်သတ်

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်(၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ဦးစိုင်းလှဝင်း၊ မိုင်းပြင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ “ ရှမ်းပြည်နယ်အတွင်း ဆင်းရဲမှု လျော့ချပြီး၊ လူနေမှု အဆင့်အတန်းမြင့်မားလာရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေး နိုင်မည့် နည်းလမ်းများ၊ ရှာဖွေဖော်ထုတ်လုပ် ကိုင်ပေးနိုင်ရန် လိုဦးမည်ဟု ယုံကြည်ယူဆမိသည်နှင့်အညီ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းမှ အခြေခံဥပဒေပုဒ်မ (၁၈၈)အရ ဇယား (၂)ပါ ပြဋ္ဌာန်းထားသည့် ကဏ္ဍကြီး(၈)ရပ်မှ ပြည်သူ့အကျိုးပြု လုပ်ငန်း ဖော်ဆောင်ပေးမည့် ဥပဒေကြမ်းများ ရေးဆွဲ၍ ပြည်နယ်လွှတ်တော်သို့ တင်သွင်းသွားသင့်ကြောင်း ”အဆိုကို မှတ်တမ်းတင်သည်။

| | |
|---|---|
| **မှတ်တမ်းတင်ခြင်း ။** | **ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်** |
| **အမှတ်(၃၃–၁/၂၀၁၂)** | **များ အစည်းအဝေးတက်ရောက်** |
| | **မှုကို မှတ်တမ်းတင်ခြင်း** |

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက် (၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

| | |
|---|---|
| မှတ်တမ်းတင်ခြင်းအမှတ် (၃၄–၁/၂၀၁၂) ။ | “ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၂) ၁။(ဃ)တွင် ပါရှိသော ယစ်မျိုးခွန် (အရက်ချက်)လိုင်စင် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်နိုင်ရေး ” အဆိုကို မှတ်တမ်းတင်ခြင်း |

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်(၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့၌ ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ “ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၂) ၁။ (ဃ) တွင် ပါရှိသော ယစ်မျိုးခွန် (အရက်ချက်)လိုင်စင် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်နိုင်ရေး ”အဆိုကို မှတ်တမ်းတင်သည်။

| | |
|---|---|
| မှတ်တမ်းတင်ခြင်း အမှတ် (၃၅–၁/၂၀၁၂) ။ | ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း |

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက် (၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ။ “ ရှမ်းပြည်နယ်အတွင်း ဖမ်းဆီး
(၃၆–၁/၂၀၁၂) ရမိသော သစ်လုံးများ၊ သစ်ခွဲ
သားများ၊ ကိုင်းဖျား ကိုင်းနားများ
နှင့် သစ်ငုတ်တိုများကို ရှမ်းပြည်နယ်
အစိုးရ၏ ဘဏ္ဍာရန်ပုံငွေအဖြစ်
ပေးသွင်းရန် ” အဆိုကို
မှတ်တမ်းတင်ခြင်း

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက် (၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏ “ ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရမိသော သစ်လုံးများ၊ သစ်ခွဲသားများ၊ ကိုင်းဖျားကိုင်းနားများနှင့် သစ်ငုတ်တိုများကို ရှမ်းပြည်နယ်အစိုးရ၏ ဘဏ္ဍာရန်ပုံငွေအဖြစ် ပေးသွင်းရန် ” အဆိုကို မှတ်တမ်းတင်သည်။

## ရှင်းလင်းတင်ပြခြင်း

**အမှတ် ၅–၁/၂၀၁၂။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ၂၀၁၁–၂၀၁၂ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၁၂–၂၀၁၃ ဆောင်ရွက်မည့် လုပ်ငန်းများအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက် (၂၀၁၂ ခုနှစ်၊ စက်တင်ဘာ လ ၂၅ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ၂၀၁၁–၂၀၁၂ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၁၂–၂၀၁၃ ဆောင်ရွက်မည့်လုပ်ငန်းများအား ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်း (ခ)တင်ထွန်းအောင်မှ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၆–၁/၂၀၁၂။ ရှမ်းပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ (ပတလ–ရှမ်း) နယ်မြေအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက် (၂၀၁၂ ခုနှစ်၊ စက်တင်ဘာ လ ၂၇ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့၌ ရှမ်းပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ (ပတလ–ရှမ်း) နယ်မြေအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူမှ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ကန့်သတ်

၃၆၃

အမှတ် ၇–၁/၂၀၁၂။ မြို့ပြစနစ် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက် (၂၀၁၂ ခုနှစ်၊ စက်တင်ဘာ လ ၂၇ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့၌ မြို့ပြစနစ် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအား ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်း (ခ)တင်ထွန်းအောင်မှ လွှတ်တော်သို့ ရှင်းလင်း တင်ပြသည်။

စိုင်းလုံးဆိုင်

ဥက္ကဋ္ဌ

ရှမ်းပြည်နယ်လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရက်စွဲ၊ ၂၀၁၂ခုနှစ်၊ အောက်တိုဘာ လ ရက်

ကန့်သတ်